
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ


## ဘာသာရေးဘုရားသမိုင်း

- ဘုရားဖူးရင်း ဝင့်ကြွေးတော်ဖြေ ... သက်နှင်းဆွေ(ပုပ္ပါး) ၇
- ဆင်ဖြူကျွန်းရိပ်သာနှင့် နတ်တံခါးတောရကျောင်း ... ဗေဒသုတေသီဆရာမျိုး ၃၈
- ဖူးမြော်ပြည့်စုံ ရုံလေးရုံ (၂) ... မင်းတိုင်ပင်(မြရောင်မြေ) ၆၇
- မကွေးမြသလွန် မန်းရွှေစက်တော် ရှင်ပင်စက္ကိန်းတဲနှင့် ... မြနန်းရှင် ၉၂
- ဓမ္မဒီပါ မြို့ဦးစေတီတော်သို့ ... မြမဥ္ဇူဝေ(ကျုံမငေး) ၁၀၉
- သမိုင်းဝင် ရွှေအင်းတိန်မြတ်စွာဘုရား ... ဝင်းကိုဇော် ၁၇၂

## ဘာသာရေးသုတ/ရသဆောင်းပါး

- မုတ္တမတောင်တန်း တောင်ဘက်စွန်းထိပ်မှ. . . . . ... ဆရာကြီးဦးအောင်မြိုင် ၁၅
- တမလွန်ဘဝခရီးနှင့် ဘဝလွတ်မြောက်ရေး ... ဓမ္မာစရိယဦးဌေးလှိုင် ၁၉
- တံခွန်တိုင်တောရကျောင်းတိုက်အောင်စေတီဆရာတော်. . . ... ဂမ္ဘီရဆရာလှမျိုး ၂၅
- တစ်ရာထက်မြတ်သောတစ်ရက် ... မေတ္တာရှင်ရွှေပြည်သာ ၄၈
- ဩကာသကန်တော့ချီး (၄) ... ဆန်းဝင်းအောင်မြေ ၅၇
- သိကြားမင်း၏ခံယူချက် မမ္ဗဒေသနာ ... တက္ကသိုလ်သျှင်သီရိ ၁၆၇
- သားဖြစ်သူက ဖခင်အား. . . . . ... မင်းဖေမြင့်(မုဒုံ) ၁၇၇
- ကွမ်းမန်းဆရာတော်ဘုရားကြီး. . . . . ... ဂမ္ဘီရဆရာလှမျိုး ၁၈၉
- ဓားသွေးကျောက်လေး အကူအညီပေးကြရအောင် ... ညွှန့်ညွှန့်(ပညာရေး) ၂၁၈
- လကဆုန် ညောင်ရေသွန်းချိန်မို့. . . . . ... သန်းဝင်း(ဘဏ်) ၂၃၂
- လားရှိုးမြို့နယ် ကောင်းခါးရွာက နတ်ပြဒ္ဒ ... ကိုအေးမြင့်(ရှေး/သု) ၂၄၈

## မန္တန်၊ ဂါထာ၊ ကျင့်စဉ်

- လိုတရဂါထာ ... အောင်ဘုန်းမြင့်(ကချင်မြေ) ၃၂
- စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားရှိခိုးဂါထာ ... စမအောင် ၆၁
- အရပ်လေးမျက်နှာ စည်းချဂါထာတော် ... မင်းမောင်ကျော် ၇၆
- မနသိဒ္ဓိနက္ခတ်နှင့် မနသိဒ္ဓိဂါထာတော် ... ဓမ္မာရာဆရာကျော် ၈၆
- တောင်တန်းသာသနာပြုဆရာတော်၏. . . . . ... ဝသုန်ဟိန်းထက် ၁၀၃
- ဘေးရန်ပယ်ဖျက် အသက်ရာကျော်. . . . . ... ပဥ္စသိ ၁၉၄
- ကျွန်ုပ်၏တစ်သက်တာကျင့်စဉ် ... သစ္စာဝါဒီမြတ်စောလင်း ၂၀၇

## တိုင်းရင်းဆေး

- ကမြင်းမနီ ပျောက်ပါသည် ... ကန့်ဘလူကံတင်အောင် ၁၁၄
- လေရောဂါအတွက် ဆေးတော်ကြီး ... နတ်မောက်မှတ်ကျောက် ၁၇၀
- ဆေးစွမ်းထက်တဲ့ ခံတက်ပင် ... သျှင်ထွေး(သန်လျင်) ၂၀၁
- မြွေပတုတ်နှင့်မီးယပ်ဆေးနည်း ... ရဲရဲထွန်း(ဟသ်ာတ) [illegible]၇
- သွားကိုက်သွားနာ ... မျိုးမင်းအေး(ဒီးကုန်း[illegible] ၂၇၁
- အဆိပ်ရှိသတ္တဝါ ... မောင်တင်ကြ[illegible](ပြည်) ၂၈၀


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဖုန္ဒဝင်ရသ


- သိကြားမင်း၏ ဆွမ်းအလှူတော် ... စိတ်မိုး ၃၃
- သေဘေးမမြင် မန္တန်ရှင် ... ဇွဲလုလင်(မအူပင်) ၅၃
- ပြစ်မှားမိမှားရိုင်းစိုင်းစကား ... စိကြဲအောင် ၆၃
- စေတဒဂ်ဘွဲ့ငါးခုပိုင်ရှင် ... ပေါ်လွင်ဦး(ရေး) ၈၃


## အထွေထွေသုတ၊ ရသဆောင်းပါး


- ထူးဆန်းသောတိုက်ဆိုင်မှု. . . . ... တင်နိုင်တိုး ၈၉
- သံလျင်မှ ဂန္ထိရပုံပြင်များ ... စိန်ဝင်းမော် ၁၀၆
- အမြင့်စိတ်မြတ် ... ဒိပဲယင်းမောင်နိုး ၁၂၃
- လက်အစားတိုးကုသခြင်း ... မြယာငြေ ၁၅၂
- နက္ခတ်သိပ္ပံရှုထောင့်အမြင်နှင့်. . . . ... ဦးဇေယျာကို ၂၀၃
- သတင်းပုံရိပ်များ ... မောင်ဝေအေး ၂၀၉
- စာအုပ်စင် ... သုတအုံ ၂၃၀
- ထူးဆန်းထွေလာ၍ကမ္ဘာ ... မောင်လင်းအောင် ၂၆၀
- အောင်သိဒ္ဓိရှင်မှ စိတ်ဝင်စားစရာ. . . . ... ဦးကျော်(ပြည်) ၂၇၈


## ဂန္ထိရဆန်းကြယ်ဝတ္ထုများ


- ကျောင်းနီကြီးနှင့်. . . . ... မောင်အေးနှစ်(ပညာရေး) ၇၈
- လူတွေပြောတဲ့သံယောဇဉ် ... ဝေး(ဓနုဝတီ) ၁၁၆
- ကျောက်ကြွင်းနဂါးနှင့်. . . . ... ဂါဦးနွန်းကို ၁၃၂
- ဘွိုရဓား ... လွမ်းသျှင်နောင်(မဟာရွာသာ) ၁၄၆
- နှလုံးသွေးပျက်သော တေးတစ်ပုဒ် ... သုခ ၁၅၆
- နတ်စည်းကိုကျော်မိသူ ... ညီလေးငယ်(လယ်တော်) ၁၆၂
- ချေရာဟောင်းများ ခြောက်လှန့်ခြင်း၏. . . . ... မင်းဟိန်းထိဝ် ၁၈၂
- ဒိုက်စာ ... တင့်ထူး(ဇေယျဝတီ) ၁၉၆
- ရှုံးမေတွတ်တဲ့စုန်း ... ပန်းတနော်နောင်လတ် ၂၀၂
- ကျောင်းစေသာ. . . . ... ကောင်းသော် ၂၂၅
- ဘူးဘူး-အငီ ... တောင်တွင်းကိုရင်ဩ ၂၃၉
- ဆိုးသည်းသားကောင်ဖြစ်တတ်သည် ... အောင်ကျော်စွာ ၂၅၃
- ကိုယ်တွေ့ကြုံတစ္ဆေပုံပြင်များ ... ကိုပိုက် ၂၆၇
- လည်တူလား လူတူလား ... မြရာပင်မောင်တင်ယုံ ၂၈၁
- ချိုချစ်သူ ... ခရာ(ကေတ) ၂၉၅
- အကြွေးဆပ်မောင်ဒုံး ... ဇလွှန်ကျော်ဦး ၃၀၀
- ချိုးအေးသိမ်မှ ဆန်းကြယ်သောဖြစ်ရပ်တစ်ခု ... ရိရိဌေး ၃၀၉












www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အပဲ့ ဝန္ဒာမိ

**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ပြည့်စုံ (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စကျူ၊ ကျော်စိုးညိန်း၊ ဆုထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(တောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီးလျှံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ


- (၇)ရက်အတွင်း ဥစ္စာပျောက်ပြန်ရစေသောနည်း ... မောင်ရဲလေး(ဟင်္သာတ) ၂၁၆
- အကြံပြုစာမျက်နှာ ... ဓေဿရာဆရာကျော် ၂၃၆
- ရသေ့ဆရာဦးမြတ်သာ ... ဦးကျော်(ပြည်) ၁၂၈
- သစ်တံခါးဆရာတော်၏..... ... ကိုရွှေမြသန်း(သမိုင်း) ၂၄၃
- စိတ်ကောက်သပေါ့ ဒါနဲ့ချော့ ... သုတေသီဆရာငြိမ်း ၂၄၅
- ရတနာအဆောင်ရွေးရအောင် ... အောင်ကျော်ဇော ၂၄၇
- အိုအောင်မင်းအောင် ပေါင်းရမလား ... ညွန့်လွင်(စက်မှုတက္ကသိုလ်) ၂၉၉
- ဘေးဘယာဝေးကွာ၍ ... အေးရွှေ(ဗိုးကုန်း) ၃၀၄

## အသုံးချပညာရပ်များ

- ၂၀၁၄၊ ဇွန်လ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၁၃၆
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၄၅
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၅၈
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အထိတ်အောင်နိမိတ်ဆရာ ၂၈၆
- ၂၀၁၄၊ ဇွန်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၃၀၅
- ၂၀၁၄၊ ဇွန်လအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွန်းခေါင် ၃၀၅

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဘုရားဖူးရှင်း ဝဋ်ကြွေးတော်ပြေ

။ သက်နှင်းဆွေပုပ္ပါး ။

29 APR 2014




(၁)

ဘဝတွင် "အချိန်အခါ" ဆိုသည့်စကားကို ကျွန်တော် ကြာလေ လက်ခံလာရလေ ဖြစ်နေသည်။ အထူးသဖြင့် ဘာသာရေးနှင့် ပတ်သက်သည့် စရဏလမ်းတွင် "အချိန် အခါကျပြီ၊ အချိန်အခါမကျသေး" ဆိုသည့်ကိစ္စက လွန်စွာ အရေးပါလှကြောင်း လက်မခံလို့ မဖြစ်လောက်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘဝတွင် ဖြစ်စေ၊ စရဏလမ်းတွင် ဖြစ်စေ အချိန်အခါကိုချည်း ထိုင်စောင့်နေ၍လည်း မဖြစ်သေး။ ကိုယ်လုပ်စရာရှိတာတွေကိုတော့ ဇွဲလုံ့လ ဝီရိယဖြင့် စိုက်လိုက်မတ်တတ် ဆောင်ရွက်နေ၊ ကျင့်လှမ်းနေရမည်သာ ဖြစ်သည်။

(၂)

မန္တလေးမှ မဟာမြတ်မုနိဘုရားကြီးတွင် သံဃာ့အဓိဋ္ဌာန်ဝင်ဖို့ ရည်စူးနေခဲ့တာ ကြာခဲ့လေပြီ။ လွန်ခဲ့သည့် ဆယ်ငါးနှစ်လောက်ကတည်းက ရည်စူးနေခဲ့တာဖြစ်သည်။ အကြောင်းအမျိုးမျိုးဖြင့် အထမမြောက်ခဲ့ဘဲ ဖြစ်နေသည်။ ၂၀၁၂-ဖေဖော်ဝါရီနှင့် ၂၀၁၃-ဖေဖော်ဝါရီလတို့တုန်းကလည်း ကားတစ်စီးဖြင့် အညာဘက်က ဘုရားတော်တော်များများကို လှည့်ပြီး အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့သည်။ ထိုအဓိဋ္ဌာန်ခရီးတွေတုန်းကလည်း မန္တလေးကို အရောက်သွားပြီး မဟာမြတ်မုနိမှာ အဓိဋ္ဌာန်ဝင်ဖို့ အစီအစဉ်ဆွဲထားခဲ့သည်။ သို့သော် မန္တလေးဘက်သို့ ဦးတည်လိုက်တိုင်း အကြောင်းတစ်ခုခုပေါ်လာကာ ဆက်မသွားဖြစ်ဘဲ လှည့်ပြန်ခဲ့ရသည်ချည်းပင်။


ယခု ၂၀၁၄ မှာတော့ ထိုရည်ရွယ်ချက်က အထမြောက် အောင်မြင်သွားလေပြီ။

(၃)

နွေဦးမနက်ခင်းက ဆောင်းအငွေ့အသက်လေးတွေ ကျန်ရှိနေသေးသည်။ အေးအေးမြမြပင် လှပသာယာနေသည်။ မနက် ၇နာရီလောက်တွင် ကျွန်တော်တို့နှစ်ယောက်က ရှစ်မိုင်မှ "လပ်ကီးဆဲဗင်း"လက်ဖက်ရည်ဆိုင်ကြီးသို့ ရောက်နေကြပြီ။ ကျွန်တော့်မိတ်ဆွေကြီး ဦးတင်မောင်သန်းက အိမ်အထိ ကားဖြင့် လာခေါ်ပြီး လပ်ကီးဆဲဗင်းမှာ မနက်စာစားကြသည်။ ကျွန်တော် ခရီးသွားတိုင်းလိုလို သည်ဆိုင်မှာ ဝင်စားဖြစ်သည်။ သည်ဆိုင်မှာက စားသောက်သူများလှုပေမယ့် သန့်ရှင်းသပ်ရပ်မှု ရှိသည်။ အစားအသောက်ကောင်းသည်။ စည်းကမ်းလည်း ကောင်းကာ၊ ဝန်ဆောင်မှုအပြည့်အဝရရှိ၍ စိတ်ချမ်းသာရသည်။

ထို့ထက်ပိုပြီး စိတ်ချမ်းသာရသည့်အကြောင်း တစ်ခုမှာ ဆိုင်ထဲတွင် စနစ်တကျ ပြင်ဆင် ချိတ်ဆွဲထားသည့် အဆုံးအမဆောင်ပုဒ် စာတန်းလေးတွေပဲ ဖြစ်သည်။ ဆရာတော်ကြီးအချို့၏ အဆုံးအမစကားတွေကို ကျကျနန ချိတ်ဆွဲထားသည်။ အထူးသဖြင့် ကျွန်တော် ကြည်ညိုလေးမြတ်လှသည့် ဆရာတော် ဦးဇောတိက (မဟာမြိုင်တောရ)၏ အဆုံးအမ တရားစကားတွေကို စားရင်းသောက်ရင်း ဖတ်ကာ ကျွန်တော့်စိတ်ထဲ ကြည်နူးနေရတတ်သည်။


*စိတ်ရှင်းရင် အသိဉာဏ်ရှင်းပြီး ဘဝလည်း ရှင်းပါတယ်။ စိတ်မရှင်းရင် အသိဉာဏ်မရှင်းလို့ ဘဝလည်း မရှင်းဘူး။ ဘဝဆိုတာ ကိုယ့်စိတ်နဲ့ တန်သလိုပဲ ဖြစ်ကြရတာပါ။*





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အကြိမ်ကြိမ် အထပ်ထပ် ဖတ်မှတ်နာကြားဖြစ်ခဲ့ဖူးသည့် ဆရာတော် ဦးဇောတိက (မဟာမြိုင်တောရ)၏ ထိုတရားစကားတော်ကို စူးစူးနစ်နစ် အာရုံပြုရင်း မနက်စာကို စားနေဖြစ်သည်။

လပ်ကီးဆဲဗင်းမှ ထွက်လာတော့ ရှစ်နာရီထိုးတော့မည်။ ကျွန်တော့်မိတ်ဆွေကြီး ဦးတင်မောင်သန်းသည် ကားကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ထိန်းထိန်းသိမ်းသိမ်း မောင်းနှင်နေ၏။ ရန်ကုန်မြို့ကြီးက နွေဦး၏ မနက်ခင်း လေပြည်ထဲတွင် လတ်ဆတ်လှပနေသည်ဟု ကျွန်တော် ခံစားရသည်။

ကိုးမိုင် နီးဘုရား၊ မင်းဓမ္မကုန်းမှ ကျောက်တော်ကြီးဘုရား၊ မင်္ဂလာဒုံမှ ကျိုက္ကလဲ့၊ ကျိုက္ကလို့ဘုရားတွေကို တစ်ဆူပြီးတစ်ဆူ ကားပေါ်မှပင် ဦးတင်ဖြစ်ခဲ့သည်။

ထောက်ကြံ့ကို ကျော်လာပြီး အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်လာချိန်တွင် မြင်ကွင်းတွေ ရှင်းလင်းသွားသလို ကျွန်တော့်စိတ်အာရုံတွေလည်း ထူးထူးခြားခြား လွတ်လပ်ပေါ့ပါးသွားခဲ့တာ အသေအချာပါပဲ။

*"စိတ်ရှင်းရင် ဘဝရှင်းတယ်"*

ကျွန်တော်သည် တရိပ်ရိပ်ပြေးနေသည့် ကားပေါ်မှာ စိတ်လွတ်ကိုယ်လွတ်နှင့် သက်သောင့်သက်သာထိုင်ပြီး လိုက်ပါလာရင်း ဆရာတော် ဦးဇောတိက၏ တရားစကားကို အထပ်ထပ်ပြန်လည် နှလုံးသွင်းဆင်ခြင် သုံးသပ်နေမိပြန်သည်။

စိတ်ရှင်းရင် ဘဝရှင်းတယ်ဆိုတာ အမှန်ပါပဲ။ သို့သော် ရှုပ်ထွေးသည့် လူမှုဘဝတောထဲ ရှင်သန်နေရသည့် စိတ်ကလည်း တော်ရုံဖြင့် ရှင်းရှင်းလင်းလင်းဖြစ်ဖို့ မလွယ်တာ သေချာပါသည်။ စိတ်သည် ပတ်ဝန်းကျင်မှ ဘဝလှိုင်းတွေနှင့် အမြဲလိုလို ရောနှောပတ်သက်နေကြရသည် မဟုတ်ပါလား။


ထိုသို့ ရှုပ်ထွေးမှုအာရုံတောကြီးထဲမှာ စိတ်ကို ရှင်းလင်း ကြည်လင်နေအောင် ဘယ်လိုထားရမှာတဲ့လဲ။

**"သတိပဋ္ဌာန်"**

စိတ်ကို ရှင်းလင်းကြည်လင်နေအောင် သတိပဋ္ဌာန် အကျင့်မြတ်နှင့် ဝိပဿနာအကျင့်မြတ်တို့ဖြင့် ရှင်သန်ခြင်း မှတစ်ပါး အခြားနည်းလမ်း မရှိ။ ထိုသို့ ဆရာတော်က အကြိမ်ကြိမ် အထပ်ထပ် ဟောမိန့်ထားခဲ့သည်။

"ပဲခူးနားက ဘုရားကြီးရောက်ရင်တော့ ကျွန်တော့် တပည့်တစ်ယောက်ကို ဝင်ခေါ်ခဲ့ဦးမယ် ဆရာ။ ကျွန်တော်တို့အတွက် အဖော်ရတာပေါ့"

ကျွန်တော့်မိတ်ဆွေကြီး ဦးတင်မောင်သန်းက ကားကို ဂရုတစိုက်မောင်းနေရင်းမှ ပြောသည်။ သည်လူက ကျွန်တော့်အတွက် အမာခံ ပါရမီဖြည့်ဖက် မိတ်ဆွေကောင်းတစ်ဦးဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီးတွေနှင့် မအားလပ်ရအောင် အလုပ်များနေသည့်ကြားမှ ကျွန်တော်လိုအပ်တိုင်း ဘုရားသွား ကျောင်းတက် ပါရမီဖြည့်ပေးခဲ့တတ်သည်။






www.burmeseclassic.com


www.burmeseclassic.com

ကားက တရိပ်ရိပ်ပြေးနေသလို၊ နေရှိန်ကလည်း တရိပ်ရိပ်တက်လာသည်။ အပြင်တွင် နွေဦး၏ အပူလှိုင်းက တဖြည်းဖြည်းမြင့်တက်လာပြီ။ ပဲခူးအနီးက ဘုရားကြီး ရောက်တော့ ဦးတင်မောင်သန်း၏ တပည့် ကိုသန်းစိုးက အစေးပြေးလမ်းမကြီးဘေးမှ အဆင်သင့် စောင့်နေလေသည်။

ကျွန်တော်တို့ သုံးယောက်သည် စကားတပြောပြော နှင့် ခရီးဆက်ခဲ့ကြသည်။ မိုင်တိုင်အမှတ် ခြောက်ဆယ်ကျော် လောက်အရောက်တွင် ကျွန်တော်က ကားကို လမ်းဘေး သစ်ရိပ်မှာ ခဏရပ်နိုင်းလိုက်သည်။ ကားထဲမှာ အဲယားကွန်း ဖြင့် အေးအေးလူလူရှိနေပေမယ့် အပြင်မှာ အပူရှိန်က အတော်မြင့်နေလေပြီ။ သို့သော် ကျွန်တော်တို့ ရပ်နားသည့် နေရာက စိမ်းစိမ်းစိုစို လယ်ကွင်းပြင်တွေအနားမှာဖြစ်သည်။ လမ်းဘေး သစ်ပင်က သိပ်ကြီးကြီးမားမား ဝေဝေဆာဆာ မရှိလှသေးပေမယ့် စပါးခင်းတွေဘက်မှ တသုန်သုန်တိုက် ခတ်နေသည့် လေပြည်ညင်းကြောင့် အေးမြ လန်းဆန်းနေ သည်။

နွေစပါးခင်း စိမ်းမြက တမျှော်တခေါ်ဖြစ်သည်။ ဟိုး ခပ်လှမ်းလှမ်းမှာ ရွာလေးနှစ်ရွာကိုလည်း အုပ်ဆိုင်းညို့ဆိုင်း စွာ မြင်နေရသည်။ လယ်ကွင်းပြင်ထဲတွင် ထန်းပင်တစ်ပင်က လည်း ထီးထီးမားမားရှိနေသည်။ စပါးခင်းထဲမှာ ငှက်ဖျင်းဖြူ လေးတွေ အစာစောင့်နေတာကိုလည်း လှမ်းမြင်နေရသည်။ စပါးခင်းထဲမှ ရေမြောင်းလေးထဲမှာ ရေတသွင်သွင်စီးနေသည်။





ကျွန်တော်သည် ရေမြောင်းလေးဘေးအထိ ဆင်းသွားကာ ရေကြည်အေးမြလေးကို လက်ခုပ်ဖြင့် ခပ်ပြီး အားပါးတရ မျက်နှာသစ်လိုက်မိပြန်သည်။

ပြီးမှ လယ်ကန်သင်းရိုးမှာ ရပ်ပြီး ရေငွေ့ရောစွက်နေ သည့် လေပြည်ညင်းကို အားပါးတရရှူရှိုက်ရင်း စိမ်းစိမ်း လွင်လွင်ရှိနေသည့် လယ်ကွင်းပြင်ဘက်ကို ငေးမောကြည့် နေမိသည်။ သည့်ရှုခင်း။ သည်အရသာမျိုးကို ရန်ကုန်မြို့ကြီး ထဲမှာ ဘယ်လိုမှ ရှာမရ။ တိတ်ဆိတ်အေးချမ်းလိုက်တာ၊ လတ်ဆတ် ကြည်လင်လိုက်တာ။

ကျွန်တော်တို့သည် ထိုသို့ စိမ်းစိုလန်းဆန်းနေသည့် နေရာတွေရောက်တိုင်း ကားကို ခဏရပ်ကာ အေးအေးလူလူ ခရီးဆက်ခဲ့ကြသည်။ (၁၁၅)မိုင်တွင် မနားဖြစ်။ နေပြည်တော် လမ်းဆုံရောက်တော့ နေ့ခင်းတစ်နာရီထိုးတော့မည်။ နေရှိန် ကလည်း အပြင်းဆုံးအချိန်။ နေပြည်တော်လမ်းဆုံမှ စား သောက်ဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားဖြစ်ကြသည်။

ထိုသို့ နားလိုက်၊ စားလိုက်ဖြင့် ခရီးဆက်ခဲ့ကြရာ မြစ်သားဘက်ရောက်တော့ ညနေစည်းဆာချိန်ဖြစ်သည်။ ကျွန်တော်တို့ လမ်းဘေးမှာ ကားကို ရပ်ကာ အညာနွေဦး၏ နေဝင်ချိန်အလှ ရှုခင်းကို အေးအေးဆေးဆေးပင် ငေးကြည့် နေမိပြန်သည်။ ည ရှစ်နာရီထိုးချိန်တွင်မှ မန္တလေးမြို့ကြီးထဲ သို့ တိုးဝင်နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

မန်းမြို့ထဲရောက်သည်နှင့် ဟိုတယ်ကြီးတစ်ခုမှာ အခန်းယူ၊ ပစ္စည်းတွေ နေရာချ၊ ရေမိုးချိုးပြီး ကားဖြင့်ပင် အပြင်ပြန်ထွက်ခဲ့ကြသည်။

"ကျုံးဘက်ကို မောင်းဗျာ"

ဆိုင်ကယ်တွေ၊ ကားတွေဖြင့် ရှုပ်ထွေးလွန်းသည့် မန်းမြို့ထဲတွင် ကျွန်တော်က ကျုံးရေပြင်၊ ကျုံးရှုခင်းကို ငေးကြည့်ချင်နေပြန်သေးသည်။

"ဆရာ ကျွန်တော် လမ်းသိပ်မကျွမ်းဘူးနော်"

ဦးတင်မောင်သန်းက ခပ်စမ်းစမ်းဖြင့် မောင်းသည်။ ရှုပ်ထွေးသည့် ဆိုင်ကယ်တွေ၊ ကားတွေကြားမှာ ကျွန်တော်တို့ကားက ကိုးလိုးကန့်လန့်ဖြစ်နေသည်။ မီးပွိုင့်နီနေတာကိုလည်း အကြိမ်ကြိမ်မှားပြီးဖြတ်ဖြစ်သည်။ ဆိုင်ကယ်တွေ ရှေ့မှာလည်း အမှားမှားအယွင်းယွင်းဖြတ်မိသည်။


"မန္တလေးက လူတွေ ယဉ်ကျေးတယ်ဆိုတာ ဆရာ တွေ့ပြီလား။ ကျွန်တော်တို့ ဒီလောက် အမှားလုပ်နေတာ တောင် ဆဲဆိုအော်ငေါက်သွားတယ်ဆိုတာ မရှိဘူး။ ယာဉ် ထိန်းရဲတွေကတောင် ရန်ကုန်က ကားဆိုတာ သိပြီး နားလည်မှုထားပြီး လမ်းညွှန်ပေးနေသေးတယ်"

ကျွန်တော်တို့ ဟိုမေး သည်မေးနှင့်ပင် ကျုံးဘက်ကို ရောက်သွားသည်။ ဘယ်က လာမှန်းမသိသည့် ညမွှေးပန်း ရနံ့က သင်းပျံ့နေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ကျုံး၏ အနောက်ဘက် ပလက်ဖောင်းတွင် ကျွန်တော်ခြေစုံရပ်မိချိန်မှာ လထွက်စ အချိန်ဖြစ်သည်။ နွေည၏ ဝင်းဝင်းဝါဝါ လပြည့်ဝန်းလေးက အရှေ့ဘက် ကောင်းကင်မှာ ဖြည်းဖြည်းချင်း ပေါ်ထွက်လာသည်။ ကျုံးရေပြင်နှင့် သစ်ပင်တွေက အမှောင်ထဲမှာ ရှိနေသည်။

နန်းမြို့ရိုးနှင့် ပစ္စင်ပြအိုးတွေကလည်း အမှောင်ထဲမှာ ရှိနေသည်။ နန်းမြို့ရိုးမှ ပြာသာဒ်တစ်ဆောင်၏ နောက်တွင် လမင်းဝါဝါဝင်းဝင်းက ရပ်တန့်နေသည်။ လုလိုက်သည့် ညချမ်းပါပဲ။

သို့သော် ကျွန်တော်သည် ထိုရှုခင်းကို ကြာကြာ ငေးနေခွင့်မရှိ။ ဗိုက်က သိသိသာသာဆာနေပြီ။ ဟိုတယ်ပေါ် မှာ ထမင်းမစားချင်။ ဆိုင်ကြီးတစ်ဆိုင်ဆိုင်မှာလည်း မစားချင်။ ကျုံးနှင့် နီးသည့် လမ်းဘေး တစ်နေရာရာမှ လမ်းဘေးဆိုင် လေးတစ်ဆိုင်ဆိုင်မှာ ထမင်းသုပ်လိုမျိုး တစ်ခုခုကို ပေါ့ပေါ့ ပါးပါးလေး စားချင်သည်။

ကျွန်တော်ပူဆာတာကို ဦးတင်မောင်သန်းက စိတ်






www.burmeseclassic.com

www.burmeseclassic.com







ရှည်လက်ရှည် အလိုလိုက်ရှာသည်။ ကျုံးကို ပတ်ပြီး ဆိုင်ရှာသည်။ ဟိုမေး သည်မေး မေးသည်။

"တွေ့လား ဆရာ။ မန္တလေးက လူတွေက ဧည့်သည်တွေအပေါ် ကူညီတယ်ဆိုတာ စိတ်လိုလက်ရ ကူညီကြတာ။ လိုက်မပို့ရုံတမယ်ပဲ"

ကျွန်တော်တို့ ဟိုမောင်း သည်မောင်းနှင့်ပင် နာရီဝက်လောက် ရှာလည်နေကြပြန်သည်။ ဟိုမေး သည်မေးနှင့် ည ၁၀နာရီကျော်လောက်မှ ဆိုင်တစ်ဆိုင်ကို ရှာတွေ့ကာ ထိုဆိုင်မှာပဲ ညစာစားဖို့ အဆင်ပြေသွားခဲ့သည်။

မန်းရွှေမြို့၏ နွေဦးညက ဆောင်ကူးပန်းရနံ့လေး တသင်းသင်းနှင့် တကယ့်ကို မြန်မာဆန်ဆန် လှပနေပါသည်။

(၅)

နံနက် ၇နာရီမထိုးမီ ဘုရားကြီးကို ကျွန်တော်တို့ ရောက်နေပြီ၊ ဟိုတယ်တွင် ရေမိုးချိုး၊ မနက်စာစား၊ အခန်းပြန်အပ်ပြီးမှ ထွက်ခဲ့ကြခြင်းဖြစ်သည်၊ ဘုရားကြီးမှာ အဓိဋ္ဌာန်ဝင်ပြီးတာနှင့် မန္တလေးမှ ပြန်ပြီးထွက်ခွာကြမည်။ ကျွန်တော်ကလည်း အချိန်သိပ်မရ။ ဦးတင်မောင်သန်းကလည်း မအားလပ်။ လုံးဝ မအားလပ်သည့်ကြားမှ အရောက်လာခဲ့ကြခြင်းဖြစ်သည်။

"ဘုရားကြီးမှာ ခင်ဗျားတို့ ဆရာတပည့် ဘုရားဖူး၊ ရွှေကပ်ပြီးတာနဲ့ သွားချင်တဲ့နေရာ သွားကြပါဗျာ။ ကျွန်တော့်ကို ဘုရားကြီးမှာပဲ ထားခဲ့ပါ။ နေ့ခင်း တစ်နာရီခွဲတိတိမှာ ပြန်ဆုံမယ်"

ကျွန်တော်က ဦးတင်မောင်သန်းကို ပြောရင်း ဘုရားကြီးထဲသို့ ဝင်ခဲ့သည်။ ကျွန်တော်သည် နှစ်ပေါင်းများစွာ ဖူးတွေ့ချင်လှသည့် ဘုရားကြီးကို စောင်းတန်းတစ်နေရာမှ လှမ်းပြီး ဖူးမြင်လိုက်ရကတည်းက ရင်ထဲမှာ ပြောပြနိုင်စွမ်းမရှိအောင် ကြည်နူးသွားသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သက်တော်ထင်ရှားလာရောက်ဖူးမြော်နေရသည်ဟုလည်း စိတ်တွင် ယုံကြည်စွဲမှတ်နေမိသည်။


ဘယ်လောက်ကြာခဲ့ပြီလဲ။

ဟိုး လွန်ခဲ့သည့် ၂၄နှစ်ခန့် ကျောင်းသားအရွယ်က နှစ်ကြိမ်လောက်သာ လာရောက် ဖူးမြော်ခဲ့ရဖူးသည်။ ထို့နောက်တွင် လုံးဝ မရောက်ဖြစ်တော့။ ပထမပိုင်း ဆယ်စုနှစ်တစ်စုလုံးကတော့ ဘဝပေးအခြေအနေအရ လာပြီး မဖူးနိုင်ခြင်းဖြစ်သည်။ နောက်ပိုင်း ဆယ်စုနှစ်ကတော့ ဘဝအခြေအနေက သွားရောက်ဖူးမြင်ခွင့်ရှိနေပါလျက် မရောက်ဖြစ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ နေရာတော်တော်များများက တန်ခိုးကြီးဘုရားတွေကို လှည့်လည်ပြီး သစ္စာအဓိဋ္ဌာန်ဝင်ဖြစ်ပါလျက် မန္တလေးကို မရောက်ဖြစ်။ သည်ဘုရားကြီးကို မဖူးဖြစ်။ သည်ဘုရားကြီးမှာ အဓိဋ္ဌာန်မဝင်ဖြစ်။ ဤသို့ မဖူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြင်း၏ အကြောင်းရင်းကတော့ အချိန်အခါမကျသေးလို့ ပဲဟုသာ ဖြေတွေးရမည် ထင်သည်။

ကျွန်တော်သည် ဦးတင်မောင်သန်းတို့ကိုလည်း စိတ်ထဲမှ ထုတ်ထားလိုက်သည်။ အလုပ်ကိစ္စ၊ မိသားစုကိစ္စ သည့် ထွေထွေရာရာတွေကိုလည်း စိတ်ထဲမှ ထုတ်ထားလိုက်မိပြီဖြစ်၏။ ရွှေဆိုင်းတစ်သောင်းဖိုးကို လက်မှာ ကိုင်ပြီး ဘုရားကြီး၏ ရှေ့မှောက်သို့ တစ်လှမ်းချင်း လှမ်းဝင်လာခဲ့သည်။ ဘုရားကြီး၏ ဝင်းစင် ကြည်လဲ့နေသည့် မျက်နှာတော်ကို ငေးမျှော် ဖူးမြင်ရင်း ဘုရားကြီး၏ ရှေ့လူအုပ်ကြီးထဲမှ တစ်နေရာတွင် ဒူးတုပ်ကာ ထိုင်ချလိုက်သည်။

သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ရှေ့တော်မှောက်အရောက် လာရောက် ဖူးမြော်ကန်တော့ သည့်အလား ဘုရားကြီးအား ရိုသေကိုင်းညွတ်စွာ အားပါးတရ ဦးတိုက်ကန်တော့နေမိလေသည်။

အတုမရှိ မြင့်မြတ်လှစွာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်ကြီးအား အကြွင်းမဲ့ ယုံကြည်စိတ်၊ ကြည်ညိုစိတ်တို့ နဖူးမြေစိုက် ဦးတိုက်ကန်တော့ပါသည် ဘုရား"

အားပါးတရ ဖူးမြော်ကန်တော့ပြီးမှ ဘုရားကြီး၏ ဘေးဘက် လှေကားမှတစ်ဆင့် ပလ္လင်တော်ပေါ်သို့ တက်ခဲ့သည်။ လူတွေက ကျိတ်ကျိတ်တိုး စည်ကားနေသည်။ ရွှေတွေ ကပ်လှူ ပူဇော်နေကြသည်။

ကျွန်တော်သည် ကျဉ်းကျပ်လှသည့် ပလ္လင်တော်တွင် ကိုယ်ကို ကျုံ့ကာရို့ကာဖြင့် လူတွေကြားမှဝင်ရင်း ရှေ့တော်မှ၊ နောက်တော်မှ၊ လက်ဝဲ-လက်ျာတော်တို့မှ လှည့်ပတ်ကာ ဖူးမြော်ကြည်ညိုနေမိသည်။ ပြီးတော့ ရှေ့တော်တည့်တည့်တစ်နေရာမှာ တိုးဝင်ပြီး ဒူးထောက်ထိုင်ချလိုက်သည်။ ဘုရားကြီး၏ မျက်နှာတော်က ဓာတ်ပုံထဲမှာနှင့် လုံးဝ မတူ၊ ခြားနားစွာ ကြည်လင်ဝင်းလက်ပြီး အထူးသပ္ပာယ်နေသည်။ ကြည်ညို၍ မဝ။ ကျွန်တော်သည် သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ရှေ့တော်မှောက်ရောက်သွားသည်ဟု အပြည့်အဝ ခံစားကြည်နူးနေရပြီဖြစ်၏။ ဘုရားရှင်၏ ခြေတော်အစုံအား ရည်စူးကာ ရွှေစင်ရွှေသားတို့ကို နဖူးဖြင့် တို့ထိ ကန်တော့နေမိသည်။ ပြီးတော့ ဟမ်းဖုန်းကို အမြန်ထုတ်ပြီး မျက်နှာတော်ကို အနီးကပ် ရိုက်ယူဖို့ ပြင်လိုက်သည်။

"အစ်ကို··အစ်ကို။ ဒီအပေါ်မှာ ဓာတ်ပုံရိုက်ခွင့်မရှိပါဘူးခင်ဗျာ"

www.burmeseclassic.com

ကျွန်တော် တစ်ချက်ပြုံးပြလိုက်ပါသည်။ ကျွန်တော့် အပြုံးကို ဘယ်လိုအဓိပ္ပာယ်မှတ်ယူလိုက်သည် မသိ။

"ရိုက်လိုက်ပါ အစ်ကို၊ တစ်ပုံလောက်တော့ အမြန် ရိုက်လိုက်ပါ"

ထိုလူငယ်ကပဲ လိုလိုလားလား ခွင့်ပြုလိုက်ပြန်သည်။ ကျွန်တော့်လက်က သည်လိုနေရာမျိုးမှာ လွန်စွာသွက်တတ်၏။ ကျွန်တော့်ဖုန်းကင်မရာထဲတွင် ဘုရားကြီး၏ မျက်နှာတော်ပုံရိပ် သုံးပုံတိတိ ရောက်ရှိသွားလေပြီ။

"အဝေးက ခုနစ်ရက်သားသမီးတွေ ဖူးမြော်နိုင်ရန် တန်ခိုးတော်မေတ္တာရင်ငွေ့ဖြင့် ချီးမြှင့်တော်မူပါ ဘုရား"

ကျွန်တော်ရိုက်ယူသည့် ပုံတော်တို့တွင် ဘုရားရှင်၏ တန်ခိုးတော်၊ မေတ္တာတော်၊ ရင်ငွေ့တော်တို့ သက်ဝင်နေမည် အမှန်။


ကျွန်တော်သည် ရွှေဆိုင်းတွေကို ထုတ်လိုက်သည်။ ကျွန်တော့်သဒ္ဓါစိတ်က တဖျတ်ဖျတ်ပျံသန်းနေသည်။ "ငါ့အတွက် ဦးစားမပေးနဲ့။ အဝေးက မိဘတွေ၊ ဆွေမျိုးတွေကို ဦးစားပေးရမယ်" သဒ္ဓါအတွေးတွေက ရင်ထဲမှာ ကြည်ကြည်နူးနူး ပွင့်လန်းနေသည်။

"အနန္တကျေးဇူးရှင် မိဘနှစ်ပါး၏ကိုယ်စား ဤရွှေသင်္ကန်း ကပ်လှူပူဇော်ပါသည် ဘုရား။ ဤကုသိုလ်ကောင်းမှုကို မိဘနှစ်ပါး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ကိုယ်တိုင် ဖူးမြင်လှူဒါန်းရဘိသည့်အလား ထပ်တူထပ်မျှ အပြည့်အဝ ရရှိကြပါစေသတည်း"

ကျွန်တော့်စိတ်မှ၊ နှုတ်မှ တိုင်တည်လှူဒါန်းနေမိသည်။ မိဘနှစ်ပါး၏ ကိုယ်စား၊ မိဘဘိုးဘွား ဆရာသမားတွေ၏ ကိုယ်စား၊ မိတ်ဆွေ သူငယ်ချင်းတွေ၏ ကိုယ်စား၊ စာဖတ်ပရိသတ်၏ ကိုယ်စား၊ ပရိသတ်အားလုံး၏ ကိုယ်စား၊ လူအားလုံး၏ ကိုယ်စား၊ နတ်အားလုံး၏ ကိုယ်စား၊ ဗြဟ္မာအားလုံး၏ ကိုယ်စား၊ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော) အပါယ်ဘုံသားအားလုံး၏ ကိုယ်စား ကျွန်တော်သည် ရွှေဆိုင်းတွေကို ကျကျနန ကပ်လှူ ပူဇော်နေမိ၏။ ပူဇော်ရင်းလည်း ကုသိုလ်ဝေမျှနေမိ၏။ ကုသိုလ်ဝေမျှရင်းလည်း ဘုရားရှင်အား အားပါးတရ ဖူးမြင်ကြည်ညိုနေမိ၏။ တန်ခိုးတော် မေတ္တာတော်တို့ကိုလည်း ခိုလှုံ ခံယူနေမိ၏။

ကျွန်တော့်စိတ်အစဉ်တွင် ကြည်နူးမှုပီတိ[illegible]ဟုန်ဖြင့် အေးချမ်းနေ၏။ လွတ်လပ်ပေါ့ပါးနေသည်။ ကြည်လင် ငြိမ်းချမ်းနေလေတော့သည်။

ကျွန်တော့်မိတ်ဆွေကြီး ဦးတင်မောင်သန်းတို့လည်း



ဘယ်အချိန်က ဘုရားမှ ပြန်သွားကြသည် မသိ။ ကျွန်တော် ဘုရားကြီး၏ ပလ္လင်ထက်မှ ဆင်းလာခဲ့သည်။ လွန်စွာ ကြည်လင်အေးချမ်းလှသည့်စိတ်ဖြင့် ဆင်းလာခဲ့သည်။ ပြီးလျှင် တန်ဆောင်း၏ တောင်ဘက်ရှိ ခေါင်းလောင်းကြီးတစ်ခုဆီသို့လာကာ ဥဒ္ဒေသဘုံသားအားလုံးကို ခေါင်းလောင်းထိုးကာ ကျကျနန အမျှပေးဝေလိုက်ပါသည်။ ကျွန်တော့်ခေါင်းလောင်းထိုးသံသည် စကြဝဠာတံတိုင်း၏ အပြင်ဘက်သို့တိုင်အောင်ပင် ရောက်ရှိ ပျံ့နှံ့သွားသည်ဟု ထင်မှတ် ခံစားရလေသည်။ ဘုရားရှင်အား ဖူးမြင် ဦးတင်ရသည့် ကုသိုလ်မှ အစ ကျွန်တော်ပြုသမျှ ကုသိုလ်အစုစု၏ အဖို့ဘာဂကို နတ်လူ သာဓု ခေါ်စေသောဝ် ■

*(ဆက်လက်ဖော်ပြပါဦးမည်။)*

*အားလုံးသတ္တဝါ ချမ်းသာပါစေ*


* * *

သက်နှင်းဆွေ(မှုပွါး)



www.burmeseclassic.com

www.burmeseclassic.com



## မုတ္တမတောင်တန်း တောင်ဘက်စွန်းထိပ်မှ

# စိတ်ဝင်စားဖွယ် ကျိုက်ဖျင်ကူ

ဆရာကြီး ဦးအောင်မြိုင်
**(လက်ရာဟောင်းပညာသုတေသီ)**

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ရက်၊ နှစ်တစ်နှစ်၏ နောက်ဆုံးရက်တွင် ကျွန်ုပ်သည် မွန်ပြည်နယ်ဒေသကြီးသို့ အဓိဋ္ဌာန်ခရီးထွက်စဉ် ရောက်ရှိခဲ့သော စိတ်ဝင်စားဖွယ်ရာ ဒေသတစ်ခုမှာ မုတ္တမမြို့ဟောင်း၏ တောင်တန်းပေါ်မှ ရှေးဟောင်း စေတီဘုရားများရှိရာ ရှေးဟောင်း နေရာထူးတစ်ခု ဖြစ်ပါသည်။

တောင်တန်း၏ အရှေ့ဘက်တောင်ခြေ ကားလမ်း တစ်နေရာတွင် ကျိုက်ဖျင်ကူဘုရားသို့ တောင်တက် ကားလမ်း(အင်္ဂတေလမ်း)အစကို လမ်းညွှန် ဆိုင်းဘုတ်ဖြင့် ညွှန်ပြထားသဖြင့် ထိုတောင်တက်ကားလမ်းအတိုင်း တက်ခဲ့ရာ မုတ္တမတောင်တန်း၏ တောင်ဘက်စွန်း တောင်ထိပ်မှာ စေတီတော်ကြီးတစ်ဆူကို ဖူးမြင်ရပါသည်။

စေတီတော်ပတ်လည် လှည့်၍ဖူးသော်လည်း စေတီတော်၏ ဘွဲ့အမည်ကို မမြင်တွေ့ရပါ။ သို့သော်လည်း ထိုစေတီတော်ရင်ပြင်တွင် ဖူးမြင်ရသော ရဟန်းတစ်ပါးက ကျိုက်ဖျင်ကူဘုရားဖြစ်ကြောင်း မိန့်ကြားသဖြင့် သိရှိခဲ့ရသည်။

ကျိုက်ဖျင်ကူဘုရား၏ အရှေ့ဘက် တောင်တက် ကားလမ်းဘေး၊ အရှေ့ဘက်စွန်းတွင် "မဟာ ရန်ကြီးအောင် အကျွတ်အလွတ်စေတီ"ဟု ဘွဲ့မည်ရေးထိုးထားသော စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုနေရာမှ အရှေ့ဘက် ခပ်လှမ်းလှမ်းကို ကြည့်လိုက်ရာ တောင်တန်းအောက်ခြေ မြစ်ကမ်းဘေးရှိ မုတ္တမမြို့ဟောင်း တစ်စိတ်တစ်ဒေသနှင့် ရှေးဟောင်းဘုရား ကျိုက္ကမော့(ယခု မြသိန်းတန်)စေတီတော်ကြီးကို ဖြူဖြူဖွေးဖွေး လှမ်း၍ဖူးမြင်ရသည်။ ထိုမှ မြစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

များဆုံနေသောနေရာ ခေါင်းဆေးကျွန်း၊ သံလွင်တံတား၊ မော်လမြိုင်၊ ဘီလူးကျွန်း စသည်တို့ကိုပါ ဆီး၍ မြင်နေရသည်။ ရှုခင်းကောင်းလှသော ဗျူးပွိုင့်နေရာဖြစ်သည်။

လွန်ခဲ့သော အနှစ် ၂၀ ကျော်က "မုတ္တမ ဗျာဒိတ်တော် စာတန်း"ဟု ခေါင်းစဉ်တပ်ထားသော ရှေးဟောင်းပေစာမှ ကူးယူထားသည့် မှတ်တမ်းဟောင်းကို ကျိုက္ကဗာ ဆရာတော်ထံမှ ကျွန်ုပ် ဖတ်ရှုမှတ်သားထားခဲ့ရာ၊ ကျိုက်ဖျင်ကူ စေတီတော်နှင့် ပတ်သက်သော သမိုင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

◈◈◈


မြတ်စွာဘုရားသည် ကျိုက်ပြာထွတ်မှ တစ်ခုသော တောင်ထိပ်သို့ ကြွတော်မူပြီး ရဟန္တာတို့နှင့် ခြံရံ၍ ခေတ္တ သီတင်းသုံးတော်မူ၏။ နတ်တို့သည် လာရောက်၍ မြတ်ဘုရားကို လွန်စွာပူဇော်ကြကုန်၏။ ဘုရားသခင်သည် နေပူသောအရပ်၌ နေတော်မူ၏။ ထိုအခါ "အသုမန" ယက္ခဘီလူးသည် ဘုရားသခင်၏ ဂုဏ်တော်ကို သိ၍ သဒ္ဒါတရားဖြစ်ပြီးလျှင် မိမိအခြံအရံ နတ်ဘီလူးပေါင်း ရှစ်ယောက်တို့က အရွက်ရှစ်ခုရှိသော အင်ကိုင်းတစ်ခုကို ယူ၍ ဘုရား နေပူခြင်းမှ ကင်းလွတ်စေရန် ကာထားပြီး ပူဇော်ကြကုန်၏။ ၎င်းနတ်ဘီလူး ရှစ်ယောက်တို့သည် ကျောက်ဖြူတစ်ချပ်ကို ယူ၍ ဘုရားရှင်ပုံ ပြုလုပ်ကြ၏။ ထိုအရပ်၌ "ဆံတော်ရှစ်ဆူ တည်လတ္တံ့"ဟု ဗျာဒိတ်ထားတော်မူ၏။

နောင်အခါ ရသေ့တို့သည် ဆံတော်ကို ရ၍ ပတ္တမြားကြုတ်၌ ထည့်ပြီးလျှင် ဌာပနာ၍ စေတီတည်ကြကုန်၏။ နေပူသောအရပ်၌ ရဟန္တာများနှင့်တကွ မြတ်ဘုရား သီတင်းသုံးရာဖြစ်သောကြောင့် မွန်ဘာသာဖြင့် "ကျိုက်ပလွှင်ပူ"ဟု ခေါ်၏။ နောင် ကာလရွေ့လျော၍ "ကျိုက်ဖျင်ကူ"ဟု ခေါ်၏။ မြန်မာလိုအဓိပ္ပာယ်မှာ "နေပူပြင်းဘုရား" ဖြစ်သည်။

◈◈◈

ကျွန်ုပ်သည် "နိုင်ပန်းလှ" ဘာသာပြန်ဆိုထားသော "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း"ကို ဖတ်ရှုခဲ့စဉ် စာမျက်နှာ (၁၃၊ ၁၄)တို့တွင် "မဂဒူးဘဝ"ဟူသော ခေါင်းစဉ်အောက်၌ အောက်ပါအတိုင်း ဖတ်ရှုမှတ်သားရပြန်သည်။

"မာဂဒူး၏ အတိတ်ဘဝတစ်ခုသည်ကား "သုမဏ" မည်သော ဘီလူးကြီးဘဝဖြစ်သည်။ ရှေးအခါက အရှင်ဂေါတမမြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးမှ ဒေသစာရီကြွချီလာ၍ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ရောက်လျှင် မွန်ဘုရင် သီရိမာသောကမင်းမှစ၍ ပြည်သူ





www.burmeseclassic.com

www.burmeseclassic.com

တို့ကို တရားဓမ္မဟောကြားတော်မူသည်။ မင်းနှင့်တကွ ပြည်သူအပေါင်းတို့သည် မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါပွားများကြသဖြင့် ခုနစ်ရက်တိုင်တိုင် အလှူကြီးပေး၍ တရားနာကြကုန်၏။

မြတ်စွာဘုရားသည် သထုံမှတစ်ဖန် ဒေသစာရီဆက်ပြန်ရာ ဘီလူးတို့နေသည့် မုတ္တမသို့ ရောက်လျှင် အစတွင် ဘီလူးတို့က ရန်ပြုမည် ကြံကြကုန်၏။ သို့သော် မြတ်စွာဘုရား၏ မေတ္တာဓာတ်ကြောင့် ဘီလူးတို့မှာ နှလုံးနူးညွတ်လာကြ၏။ ထို့နောက် သုမဏ မည်သော ဘီလူးကြီးသည် မြတ်စွာဘုရားအား ပင့်ဖိတ်၍ ဖြူစင်သော ကျောက်ဖျာကို ခင်းပေး၏။ အင်ဖက်များဖြင့် နေကာပေး၏။ ချိုသော သစ်သီးတို့ဖြင့် ယမကာပြု၍ ကပ်လှူ၏။ မွှေးကြိုင်သော ပန်းတို့ဖြင့် ပူဇော်၏။ မြတ်စွာဘုရားလည်း ဉာဏ်ဖြင့် ရှုသော်-

"ဤသုမဏဘီလူးသည် ငါ့အား ပြုရသော ကုသိုလ်ကောင်းမှုကြောင့် ငါ၏ သာသနာ ၁၈၂၅ ခုနှစ်ရောက်လျှင် မုတ္တမအရပ်တွင် ဆင်ဖြူရှင်မင်းဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးလေသည်။

◈◈◈

"မုတ္တမ ဗျာဒိတ်တော်စာတန်း"တွင် ပါရှိသော "ကျိုက်ဖျင်ကူဘုရားသမိုင်း"နှင့် ယခုသမိုင်းကို ဆက်စပ်ကြည့်လျှင် ဝါရီရူဘွဲ့ဖြင့် မုတ္တမ၌ မင်းပြုခဲ့သော "မဂဒူ"နှင့် ဤ "ကျိုက်ဖျင်ကူ စေတီတော်"တို့၏ ပဋ္ဌာန်းဆက်ကို သိမြင်နိုင်ပေသည်။

ကျိုက်ဖျင်ကူသမိုင်းနှင့် ဆက်၍ မုတ္တမ မင်းဆက်မှ သမိုင်းတစ်ပိုင်းတစ်စကို ဖော်ပြလိုပါသေးသည်။

သက္ကရာဇ် ၆၇၂ ခုနှစ်ခန့်တွင် မုတ္တမ၌ ဝါရီရူမင်း၏ ညီတော် "စောသင်မောင်"ဘွဲ့ဖြင့် နန်းတက်သည်။ ဝါရီရူမင်း၏ ညီမအရင်း နှင်းဥရိုင်နှင့် သမိန်မြောင်းမြတို့၏ သားကြီးဖြစ်သည်။ တိုင်းပြည်၏ အရေးကိစ္စများကို သမိန်မြောင်းမြကပင် စီမံခန့်ခွဲသည်။ သမိန်မြောင်းမြ နေထိုင်ရန် စံနန်းတစ်ဆောင်ကို "ဘင်ပူတောင်"ပေါ်၌ ဆောက်လုပ်ထားသည်။

တစ်နေ့တွင် သမိန်မြောင်းမြသည် အခြွေအရံများနှင့် ချောကန်သို့ ရေကစားထွက်၏။ ကိုယ်လုပ် မောင်းမများကို နန်းဆောင်ထဲမှာ ထားခဲ့ပြီး နန်းတံခါးကို အပြင်မှ ပိတ်ထားခဲ့သည်။ သမိန်မြောင်းမြနှင့် အခြွေအရံများ ရေကစားနေစဉ် ကျီးတစ်ကောင်သည် ညှပ်နှင့် အသားကင်ကို ချီ၍ နန်းဆောင် စုလစ်တွင် နားရာ၊ ညှပ်တွင် ပါလာသော မီးကျီခဲမှ တစ်ဆင့် နန်းပြာသာဒ်ကို မီးစွဲလောင်လေသည်။ ကိုယ်လုပ်မောင်းမများမှာ နန်းဆောင်အပြင်သို့ ထွက်မရဘဲ မီးလောင်၍ သေကုန်သည်။ သမိန်မြောင်းမြ ရေကစားရာမှ ပြန်ရောက်သောအခါ နန်းဆောင်နှင့်အတူ မီးလောင်ကျွမ်းသွားသော ကိုယ်လုပ် မောင်းမများ၏ အရိုးကို စုပြီး စေတီတစ်ဆူတည်ခဲ့သည်။ ထိုစေတီတော်ကို မွန်ဘာသာဖြင့် "ကုံဗန်ဗင်ပူ"၊ မြန်မာဘာသာဖြင့် "ကလွန်ဖွန်ဘင်ပူ"ဟု ခေါ်ကြသည်။ (ဘင်ပူတောင်မှာ ယခု ကျိုက်ဖျင်ကူရှိသောတောင်ဖြစ်ပါသည်။)

ကျွန်ုပ်အနေဖြင့် ကျိုက်ဖျင်ကူစေတီတော်ကြီးအနီးတွင် ဗုဒ္ဓစေတီတော်ကြီးနှင့် ရွှေဂူစေတီတော်တို့ကိုလည်း ဖူးမြင်ခဲ့ရသည်။ သမိန်မြောင်းမြ၏ ကိုယ်လုပ်တော် မောင်းမများ အရိုးအိုးစေတီမှာ မည်သည့်စေတီတော်ဖြစ်ကြောင်းကို ကျွန်ုပ် မခွဲခြားနိုင်ခဲ့ပါ။ ရွှေဂူစေတီတော်သာ ဖြစ်နိုင်ကြောင်း ယေဘုယျ ခန့်မှန်းနိုင်ခဲ့ပါသည်။ (သမိုင်းအတိအကျသိသူများ ဖော်ထုတ်ပေးစေချင်ပါသည်။)


မုတ္တမတောင်ခြေ ကမ်းစပ်အနီးရှိ မြသိန်းတန်စေတီတော်ကို သွားရောက်ဖူးမြော်ခဲ့စဉ်က ကျိုက်ဖျင်ကူစေတီတော်မှ ကြေးခေါင်းလောင်းကြီးကို တွေ့ရှိခဲ့ရသည်။ ရှေးဟောင်း မွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင် အပိုင်း(၂)၊ စာမျက်နှာ(၁၀၀)၌ ထိုခေါင်းလောင်းကြီးအကြောင်း ဘာသာပြန် ဖော်ပြထားသည်။

*"သက္ကရာဇ် ၇၅၅ ခုနှစ်၊ နတ်တော်လဆုတ် တစ်ရက်၊ သာသနာပြည့်၊ ဟုရာ၊ ၇-ဖဝါ။ မိန်လဂ် ပုဏ္ဏတိထိ၌၊ ဆင်ဖြူရှင်မင်း၏ ကျွန်ဖြစ်သော "သမိန် လဂွန်းဖြဲ"မည်သော မြို့စားမင်းတစ်ပါးသည် ဤမုတ္တမမြို့၌ နေတော်မူသောအခါဝယ်၊ ထိုမင်းသည် သူရဲကောင်းများနှင့် ဆွေးနွေးတိုင်ပင်အားထုတ်တော်မူပြီးလျှင် တပည့်တပန်း ဆွေမျိုးညာတိတို့နှင့်တကွ "မဟာဗိဇ္ဇာ(မဟာဝိဇ္ဇာ) သိရီသုဒ္ဓဗိဇ္ဇာ"မည့်သော ဆရာတော်တစ်ပါးသည် ဤကျိုက်ဖျင်ကူမည်သော ဘုရားခြေတော်ရင်း၌ ကုသိုလ်ကို မျက်မှောက် အာရုံပြုစိမ့်သောငှာ၊ ဤခေါင်းလောင်းကို သွန်းလုပ်တော်မူသည်။"*

ထိုခေါင်းလောင်း လှူဒါန်းသော ကာလမှာ မုတ္တမသည် မင်းနေပြည်တော် မဟုတ်တော့ဘဲ၊ လက်အောက်ခံ မြို့ငယ်တစ်ခုမျှသာ ဖြစ်ကြောင်း သိရှိရပေသည်။

ဤကျိုက်ဖျင်ကူသမိုင်းအရ သုမဏမည်သော နတ်ဘီလူးကြီးက မြတ်စွာဘုရားနှင့် ရဟန္တာများကို ပင့်ဖိတ်၍ နေရာထိုင်ခင်းပေးခြင်း၊ နေပူဒဏ်မှ ကာကွယ်ပေးခြင်း၊ ဆွမ်းကပ်လှူခြင်းဆိုသော ကုသိုလ်ကြောင့် နောင်တစ်ဘဝတစ်ခုတွင် ဤမုတ္တမဒေသမှာ ဝါရီရူဘွဲ့ဖြင့် ရှင်ဘုရင်ဖြစ်ခဲ့

www.burmeseclassic.com



ရသော၊ အောင်မြေ ဗျာဒိတ်အရ နေရာထူးဖြစ်သော ကျိုက်ဖျင်ကူ စေတီတွင် ကျွန်ုပ်လည်း အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းလှူခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းများ ပြုခဲ့ပါသည်။

စာဖတ်သူများ မုတ္တမဒေသသို့ ရောက်ခဲ့လျှင် တစ်ခါတစ်ခေါက် သွားရောက်နိုင်ကြစေရန် လမ်းညွှန်ပေးလိုက်ရပါသည်။ ■

* * *

ဆရာကြီး ဦးအောင်မြိုင်
(လက္ခဏာဗေဒင်ပညာ
သုတေသီ)




www.burmeseclassic.com

www.burmeseclassic.com

# တမလွန်ဘဝခရီးနှင့် ဘဝလွှတ်မြောက်ရေး (၂)

ဓမ္မာစရိယ ဦးဓွေးရှိုင်



www.burmeseclassic.com

www.burmeseclassic.com

## လယ်တီ၊ ညောင်လွန့် ဆရာတော်နှစ်ပါးနှင့် ဘုန်းကြီးပြိတ္တာများ

"ဥစ္စာစုကို မဆိုထားလွတ်၊ ကိုယ်ဝတ်ခြုံလွှမ်း ပုဆိုး နွမ်းက၊ သင်္ကန်းမျှ၌ လောဘဉ်ဟိတ်၊ ငဲ့သည်စိတ်ကြောင့်၊ ဘုတ်၊ ပြိတ်၊ သန်းဖျ ဖြစ်ကုန်ကြ၏။

ပြင်ပဥစ္စာ မဟုတ်စွာသေး၊ အင်္ဂါအဆင်း ကိုယ်အတွင်း ဝယ်၊ မွေးညင်းဆံစု ရုပ်ဝတ္ထု၌၊ တစ်ခုခုတပ် စွဲကပ်စွန်းငြိ၊ ဇောစီထိဖြင့် စုတိပုဂ္ဂိုလ်၊ မိမိကိုယ်တွင် ထိုထိုပိုးလောက်၊ စားသောက်ပြန်က ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ ဤသို့ ပြ၏။" (မယဒေဝ - ၄၀၅)

အထက်ပါ စကားကို ကြည့်လျှင် ရှင်ရှင်,လူလူ စွဲလမ်းတပ်မက် ငဲ့ကွက်တွယ်တာမှု တစ်ခုခုရှိနေပါက အပါယ်ဘေးကြီးသည် ဤခန္ဓာကိုယ်ထဲ၌ပင် ရှိနေကြောင်း သတိပြုအပ်ပေသည်။

ပုထုဇဉ် ရဟန်းတော်များကား လူဒကာ၊ ဒကာမတို့ အတွက် ဒက္ခိဏေယျ - အလှူခံ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်စေကာမူ၊ ဘဝအာမခံချက် မရှိသေးသဖြင့် အပါယ်ဘေးကြီးမှ စိတ် မချရသေးပေ။ မီးပြသမား တွင်းထဲ ကျရသည်မှာ ပို၍နစ်နာ လှသည်။

ထို့ကြောင့် မိမိတစ်ရံထားသော သင်္ကန်းကို တပ်စွဲမိ ၍ ထိုသင်္ကန်း၌ပင် (ဥပပတ်)သန်း ပြန်၍ဖြစ်ရဖူးသည်။ မိမိကိုယ်ကို တွယ်တာ နှစ်သက်သောစိတ်ဖြင့် သေလွန်၍ မိမိအလောင်းကိုယ်၌ပင် ပြန်၍ စားသောက်နေရသော ပိုး လောက်လည်း ဖြစ်ရဖူးသည်။ တစ်စုံတစ်ခုသော စွဲလမ်းမှု နှင့် သေလျှင် မိမိအိမ်၌ပင် တိရစ္ဆာန်၊ ပြိတ္တာဖြစ်ရကြောင်း (မဟာဝဂ္ဂ မဟာသုဒဿနသုတ်အဖွင့် ၂၂၆၌)ပါရှိလေသည်။

ကံတရားသည် မျက်နှာကြီးငယ် မလိုက်ချေ။

ဤနေရာ၌ မပြောပလောက်သော သေခါနီးကာလ အာရုံအထားလွဲသဖြင့် သရဲ၊ တစ္ဆေ၊ ပြိတ္တာဖြစ်ရသော ဘုန်းကြီးများနှင့် ချွတ်လွှဲ ကယ်မသော ဆရာတော်ကြီးများ အကြောင်း လက်တွေ့ ဖြစ်ရပ်များကို ပြဆိုပါဦးမည်။

ပထမဆုံး လယ်တီဆရာတော် ကယ်မပေးတော်မူပုံ ကို အောက်ပါအတိုင်း သိမှတ်ရပေ၏။

ဆရာတော် ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ၌ နေစဉ်က ဖြစ်၏။ ကျောင်းဒကာကြီး ဦးထွန်းလှိုင်ဆိုသူက မိမိကိုးကွယ်သော ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူရာ ပြိတ္တာ ဖြစ်နေ၍…

"မောင်ထွန်းလှိုင်…ငါ့မှာ မစားရ၊ မဝတ်ရဘူး။ ကုသိုလ်လုပ်ပြီး အမျှပေးဝေစမ်းပါ"

ဟု မကြာခဏ အိပ်မက် မက်သည်ဟု ဆို၏။

တစ်နေ့တွင် ဦးထွန်းလှိုင်က ဆရာတော်အား ဆွမ်း သင်္ကန်းများ ကပ်လှူပြီးနောက် အမျှအတန်းပေးဝေလိုက်ရာ ထိုနေ့ညဉ့်၌ပင် ဘုန်းကြီး ပြိတ္တာသည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ဦးထွန်းလှိုင်အား ကျေးဇူးတင်စကားလာ ပြောသည်ဟု အိပ်မက်လိုလို၊ တကယ်လိုလို မြင်တွေ့ရ ကြောင်း ဦးထွန်းလှိုင်က ဆရာတော်အား ဝမ်းသာအားရ လျှောက်ထားသည်။ ထိုအခါ လယ်တီဆရာတော်က…

"မောင်ထွန်းလှိုင်…တို့များသီလ ဒီလောက်တော့ ကယ်နိုင်ပါသေးတယ်ကွယ်"

ဟု မိန့်တော်မူလေသည်။ (ဦးထွန်းလှိုင်ကား ကမ္ဘာ အေး မဇ္ဈိမ်တိုက်သစ် အစ်မ ဒေါ်ရင်မြ၏ အဖိုးပင်တည်း။)

ထို့နောက် တစ်ပါးကား "ရဟန္တာ"ဟု ကျော်ကြားသော ညောင်လွန့်ဆရာတော်ဖြစ်သည်။

ဆရာတော်သည် ညောင်လွန့်တောရရှိ ဝတ်ရုံကျောင်း ကြီးပေါ်၌ တရားရှုမှတ်တော်မူစဉ် ကျောင်းလှေကား ဖိနပ် ချွတ်၌ ပြိတ္တာတစ်ဦး လာရောက်ပေကပ်နေသဖြင့်…

"သင်…ဘယ်သူလဲ"

ဟု မေးတော်မူရာ…

"နန္ဒိယပါ ဘုရား၊ ကယ်တော်မူပါ"

ဟု လျှောက်သံကို ကြားရ၏။

နန္ဒိယဟူသည် မကြာမီက ပျံလွန်သွားသော တိုက် အုပ်ဘုန်းကြီး ဦးနန္ဒိယဖြစ်ကြောင်း သိတော်မူသဖြင့် သေချာ စွာ ကြည့်တော်မူရာ စားရမဲ့၊ သောက်ရမဲ့ဖြစ်က အဝတ် အစားမရှိ၊ ညှိုးနွမ်းပိန်ချုံးနေသည်ကို မြင်တော်မူ၍ များစွာ သနားကရုဏာဖြစ်တော်မူ၏။

ထိုရက်အတွင်း၌ပင် ဒကာ၊ ဒကာမများအား အလှူ အတန်းပြုစေ၍ အမျှပေးဝေရာ ထိုနေ့ညဉ့်၌ပင် နတ်ဝတ် တန်ဆာဖြင့်…

"တပည့်တော်…အထက်နတ်ပြည်သွားရပါတော့ မည်။ ကျေးဇူးရှင် ဆရာတော်ဘုရား"

ဟု လျှောက်ထား ပျောက်ကွယ်သွားတော့သည်။

### အလှူခံပုဂ္ဂိုလ် ရွေးချယ်ဦးမှ

အထူးသတိပြုသင့်သည်မှာ ထိုသို့သော အလှူဒါနမျိုး ကို ပြုလုပ်သောအခါ "တို့များ သီလ ဒါလောက်တော့ ကယ်နိုင်ပါသေးတယ်"ဟု မိမိကိုယ်ကို ယုံကြည်နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com

ရဟန်း သံဃာများကို ရွေးချယ် ပင့်လှူသင့်ကြ၏။

အချို့ဆရာတော်များကား မည်သည့်အလှူဒါနမျိုးအတွက် ဖြစ်စေ၊ အလှူပွဲသို့ ကြွရောက်ခါနီး သင်္ကန်းမရုံမီ ရဟန်းတော်အချင်းချင်း ဒေသနာကြားပြီးမှ(သီလဆေးကြောပြီးမှ) ကြွလေ့ရှိကြပေသည်။

"တို့က သူတို့ လှူတာတွေ စားပြီး၊ သူတို့ အားကိုးရာရောက်အောင် တတ်နိုင်သလောက် လုပ်ရတာကွ။ ရှေးက မုဆိုးတစ်ယောက်သေလို့ ကျန်တဲ့ ဆွေမျိုးတွေက သူ့ကို ရည်စူးပြီး နှစ်ကြိမ်တိုင်တိုင် အလှူပေးကြသတဲ့။ ဒါပေမယ့် မုဆိုးပြိတ္တာကြီးမှာ ကုသိုလ်အဖို့မရဘဲ ဖြစ်နေရှာသတဲ့။ သုံးကြိမ်မြောက် အလှူပေးကြပြန်တော့ ပြိတ္တာကြီးက ပြောတယ်။ "ငါ့ဥစ္စာတွေ ဒုဿီလကြီး လှယူထားတယ်လို့ အော်ပြောသတဲ့။ ပင့်ထားတဲ့ ဘုန်းကြီးက သီလမရှိတဲ့ ဘုန်းကြီးဖြစ်နေတာကိုး"

ဤသို့ စသည်ဖြင့်လည်း (ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ လာသည့်အတိုင်း) တပည့် ရဟန်းများကို ဩဝါဒပေးတော်မူလေ့ရှိကြသည်။

ရှင်ရော လူပါ လိုက်နာရမည့် မှတ်သားဖွယ်များပေတည်း။

**အမတ်ကြီး ဦးပေါ်ဦးနှင့် သုံးဘဝကူး ဆရာတော်**

ရုပ်ကို အားထားလွန်းသော နိုင်ငံကြီးတို့၌ လူဝင်စားဖြစ်ကြရသည်မှာ အလွန်ကံဆိုးကြရရှာ၏။ ထိုလူဝင်စားဆိုသူကို မည်သူကမျှ အဖက်မလုပ်လိုကြ။ လူဝင်စားကလေး၏ မိဘများလည်း ငွေကြေးကုန်ကြရသည်။ လူဝင်စားများကို "ဦးနှောက်ချွတ်ယွင်းသူများ"ဟု သတ်မှတ်ထားကြသဖြင့် ထိုကလေးမျိုးကို မည်သည့်ကျောင်းကမျှ လက်မခံလိုကြ။ ဒေါက်တာအမျိုးမျိုးနှင့် ဆေးကု၍လည်း မဆုံးနိုင်ရတော့ပြီ။

မြန်မာနိုင်ငံကဲ့သို့ တမလွန်ဘဝကို ခံယူသော နိုင်ငံများအတွက် လူဝင်စားပြဿနာ မရှိ။ တစ္ဆေသရဲအကြောင်းသည်း မဆန်းကြယ်တော့ချေ။

လူဝင်စားပြဿနာ၏ နောက်ဝယ် တစ္ဆေသရဲကိစ္စသည်း ရှောင်၍မရ။ မင်းတုန်းမင်းလက်ထက်တွင် "ဝေါဟာရလီနတ္ထဒီပနီ"ကျမ်းပြုသူ "လေသင်းအတွင်းဝန်မင်း"က တစ္ဆေ သရဲ၊ ပြိတ္တာများအကြောင်းကို "တဇ္ဇတ္ထဒီပနီ"ဟု ရေးသား၍ ပုံနှိပ်ခဲ့ဖူးသည်။

ဤနေရာ၌ သက္ကရာဇ် ၁၂၁၃ ခုနှစ်၊ "မင်းလှသီရိသီဟသူ"မှတ်တမ်းပြုထားသော "ဆရာတော်ကြီး တစ်ရာ့ငါးပါးအတ္ထုပ္ပတ္တိမှတ်တမ်း" လက်ရေးမူမှ ထုတ်နုတ်၍ ဘိုးတော်လက်ထက် သုံးဘဝကူး ဆရာတော်အကြောင်းကို ဖော်ပြပါအံ့။

**မုံတောဆရာတော်**

ယင်းဆရာတော်မှာ "မုံတောဆရာတော်"ဖြစ်၍ မင်းတရားကြီးက ထိုဆရာတော်အကြောင်း တစ်စွန်းတစ်စ ကြားသိ၍ စိတ်ပါဝင်စားဟန်ရှိပေ၏။ ထို့ကြောင့် အမတ်ကြီး ဦးပေါ်ဦးအား ဆရာတော်အား သွားရောက်လျှောက်ထားနိုင်းဟန် တူလေသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် အမိန့်ရှိချက်ကို "မင်းလှသီရိသီဟသူ"က အောက်ပါအတိုင်း မှတ်တမ်းပြုခဲ့လေသည်။ (မူရင်းအတိုင်း)

[ ၃၄-မုံတောဆရာတော်၊ ၁၁၀၂-ဖွား၊ နံ-ဗုဒ္ဓဟူး၊ သက်တော် ၈၂ ဘွဲ့-ရှင်ဝရ၊ အမည်-ဦးပျော်၊ ဇာတိ-အင်းယဉ်မုံတောရွာ။ အမရပူရမြို့တည်မင်းလက်ထက် သားတော်အိမ်ရှေ့မင်းက ကိုးကွယ်သည်။ "ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"တံဆိပ်တော်ဖြင့် အဝမြို့ အရှေ့တောင်ထောင့် "မဟာမင်္ဂလာရွှေဘုံမိုးထိ"ကျောင်း တင်လှူတော်မူသည်။ ၁၀နှစ်သား ကျောင်းထား၊ ၁၃နှစ် ရှင်ပြု၊ သာမဏေရှစ်ဝါအရတွင် ရဟန်းခံသည်။

၁၁၃၈-ခုနှစ်၊ မုံတောဆရာတော်ကျောင်းသို့ ဘဝရှင်မင်းတရားကြီး ထွက်တော်မူစဉ် ဆရာတော်ဘုရားကြီးအကြောင်းကို လျှောက်ရမည် အမိန့်တော်နှင့် မြေတိုင်းအတွင်းဝန် မင်းကြီး "မင်းလှနော်ရထာ"ဘွဲ့ခံ ဦးပေါ်ဦးက လျှောက်ထားရာ ဆရာတော်မိန့်သည်ကား...

"ဟံသာဝတီရောက် မင်းလက်ထက် မိဘတို့နှင့် အတူနေ၍ အသက် ဆယ်နှစ်တွင် "ကျောင်းသို့ ပို့ပါ"အကြိမ်ကြိမ်တောင်းပန်သည်နှင့် ဆရာဘုန်းကြီးထံ ပို့သ၊ စာပေသင်ကြား၊ ဆယ့်နှစ်နှစ်အရွယ်ရှိရာ ကျောင်းဆင်ကပ်တွင် ရပ်နေစဉ် လူတစ်ဦး ခဲမအများ ဝန်လေးစွာ ထမ်းပိုးသယ်ဆောင်ယူလာသည်ကို "မည်သည့်အတွက် ထမ်းယူခဲ့သည်"ဟု ကျောင်းသားက မေးမြန်းလျှင် "သားမယား စားသောက်ရန် ထမ်းပိုးလုပ်ကျွေးရသည်"ဟု ပြန်ပြောသောအခါ ထိုနေ့ပင် မိဘတို့ကို တောင်းပန်၍ ထိုဆရာရင်းထံ ရှင်ပြုလျက်၊ တစ်ဝါရ ဆွမ်းခံသွားရာ ခွေးနက်ရူးကိုက်၍ ကုသ မရ။ ဘဝပြောင်းသွား။

သုသာန်မှာ သင်္ဂြိုဟ်ပြီးနောက် သုသာန်၌ မတာကဘတ်(သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်း) ဆွမ်းကျွေး တ...



www.burmeseclassic.com

www.burmeseclassic.com



နာ လာရောက်ပြီး မြေမြှုပ်နှံသည့် မြေပုံကို ကြည့်ရှု ငိုကြွေးပြီး ပြန်သွားကြရာ အမိတစ်ယောက်ကို ဆွဲငင်လိုက်ပါသွား၊ ပင့်သနွေယူ၍ ဖွားမြင်။

ရှစ်နှစ်အရွယ်ရောက်လျှင် "ငါ့ဆရာကျောင်းပို့ပါ" ပြောဖန်များသဖြင့် မိဘတို့က မေးကြရာ အလုံးစုံ ပြန်ပြော။ ဆယ်နှစ်အရွယ်တွင် ဆရာရင်းကျောင်းသို့ ပို့သ သင်ကြားနေသည့်အတွင်း သီတင်းနေ့တစ်နေ့တွင် ကျောင်းအနီးလှစင်သို့ ကျောင်းသားတို့နှင့် သွားရောက် လှတိုက်သည်ကို မြင်၍ "မည်သို့ကြောင့် ပင်ပန်းကြီးစွာ လုပ်ရသည်" မေးမြန်း။ အထက်နည်း ပြန်ပြောသည်တွင် မိဘတို့ကို တောင်းပန်၍ ၂၂နှစ်တွင် ရှင်ပြု။

နှစ်ဝါရကာလ ကုဋီအဝင်တွင် မြွေခဲ၍(မြွေကိုက်)ကာလ မရ။ ဘဝပြောင်းသွား။ အထက်နည်း သုသာန်မှာ သင်္ဂြိုဟ်။ မတကာဘတ် လုပ်ကျွေးပြီးနောက် နှစ်ရက် အဝမြို့နောက်ဘရန်းပေါက် လက်ဆောင်ယူ ရွာများက ဟင်းရွက်ဟင်းသီး ထမ်းယူပြန်လာကြသောသူများ နေဝင်ကျော်တွင် သုသာန်သို့ ဆိုက်ရောက်။ အထက်သင်္ဂြိုဟ်သည့် မြေပုံအနီး မိဘတို့က "ငါ့သား မောင်ရှင်ကို အမျှပေးဝေပါ၏" ဆိုစဉ်ခဏ ဝမ်းမြောက်လှ၍ အမိတွင် ကိုယ်ဝန်စွဲနေ။

အမိလည်း သားရောက်လာကြောင်း အိပ်မက်ထင်မြင်။ နေ့လစေ့၍ ဖွားပြီးနောက် သုံးဘဝတိုင် ယောကျ်ားကောင်းဖြစ်၍ "ဤမိခင်ဝမ်း၌ ပျော်ပေသည်" ဟု "မောင်ပျော်" အမည်ပေး။ ရှစ်နှစ် ကိုးနှစ် အတူနေပြီးမှ "ဆရာရင်းကျောင်းသို့ ပို့ပါ" ဟု အထက်နည်း ပြန်ပြော။ ဆရာရင်းထံ ပို့အပ်စာဒဇင်။ ဆယ့်သုံးနှစ်အရွယ် ရှင်ပြု။ ငါးဝါရ ဆရာဘုန်းကြီး ဘဝပြောင်း။ နောက် အသက် နှစ်ဆယ် ရဟန်းပြု၊ အဝမြို့တွင် စာသင်။ ဝါ ၆၁၊ အသက် ၈၂နှစ်ရှိကြောင်း။

မိဘတို့ ရှိသေးလျှင် ဤအမိဝမ်း၌သာ အောင်း၍ ယောကျ်ားကောင်းစစ်စစ် ဖွားမြင်၍ သာသနာတော်၌ ရဟန်းသာမဏေပြုချင်ကြောင်း။ (စွဲလမ်းမှုကို သတိပြုပါ။)

သုံးဖြစ်သော သူငယ်ဘဝ၌ မိခင်တဘက်မှ တစ်ပါးပုဆိုး မဝတ်ခဲ့ရဘူးကြောင်း၊ သုံးဘဝလုံး သတိရကြောင်းများ မိန့်ဆိုတိုင်းပင် လျှောက်ရ၏။ ]

## မိန်းမဖြစ်ရသော ရာဇဂုရု ဆရာတော်

ရန်ကုန်မြို့ ကြည့်မြင်တိုင်၏ အနောက်ဘက်၌ လှိုင်မြစ်ဟူ၍ ရှိသည်။ ထိုလှိုင်မြစ်မှ ဖြာ၍ထွက်လာသော ပန်းလှိုင်မြစ်ဝနှင့် ၇မိုင်ကျော်ကွာဝေးသောအရပ်၌ "မငေးရွာ" ဟူ၍ ရှိသည်။ ထို မငေးရွာ၌ တိုင်ပေါင်း ၂၃၈ တိုင်ရှိသော ကျောင်းကြီးမှာ အဆောင်ဆောင် အခန်းခန်းဖြင့် အလွန်ခမ်းနား၍ သာသနကျက်သရေရှိလှပေသည်။

ထိုကျောင်း၌ သီတင်းသုံးသော ငါးဆက်မြောက် ဆရာတော်မှာ "ဦးအရိယ" ဖြစ်၏။ သက်တော် ၇၈၊ ဝါတော် ၅၉ဝါ အရ၊ ၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက်နေ့၊ ည ၉နာရီ ၃၅မိနစ်တွင် ပျံလွန်တော်မူခဲ့၏။

ဆရာတော် ဦးအရိယကား ထို မငေးရွာ ကျောင်း၌ နှစ်ကြိမ်တိုင် ဆရာတော်ဖြစ်ခဲ့ဖူး၍ ထူးခြားစိတ်ဝင်စားဖွယ်ကောင်းလှသည်။

မငေးထိန်ကုန်းရွာ အရှေ့ဘက်ကမ်း၌ ဦးဘိုးခက်၊ ဒေါ်နှင်းဥတို့မှ ၁၂၅၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ရက်တွင် မွေးဖွားခဲ့သည်။ ငယ်မည် မောင်ဘိုးချစ်။ သုံးနှစ်အရွယ်ရောက်လျှင် အိမ်ရှေ့မှ ဦးအုန်းဆီဆိုသူ လာသည်ကို မြင်၍ "ဟေ့…အုန်းဆီ" ဟု ခေါ်သဖြင့် ဦးအုန်းဆီက စိတ်ဆိုးပြီး ရိုက်မည်ပြု၏။

"ဟေ့…အုန်းဆီ၊ မင်း ငါ့ကို ရိုက်မယ်မကြံပါနှင့်ကွ။ မင်းခေါင်းမှာ ငါရိုက်ထားတဲ့ ဒဏ်ရာ ပြန်ကြည့်စမ်းပါဦး" ဟု မောင်ဘိုးချစ်က ဆက်၍ပြောသဖြင့် ဦးအုန်းဆီမှာ အံ့အားသင့်ကာ သူ၏ ငယ်ဆရာ ဘုန်းကြီး ဦးလှိုင်ကို ပြေး၍ သတိရမိပြီး စိတ်မကောင်းဖြစ်နေရာ၏။

ဦးလှိုင်ကား လှိုင်မြစ်သား ဇာတိဖြစ်၏။ ဘွဲ့ - ဦးသီလာစာရ။ ၁၂၄၇၊ တပို့တွဲလတွင် တောင်ခွင် သာသနာပိုင် ဆရာတော်က "မာလာလင်္ကာရ ဇေဋ္ဌိနိပဝရ မဟာဓမ္မရာဇာ



www.burmeseclassic.com

www.burmeseclassic.com

မိ ရာဇဂုရု"ဘွဲ့တံဆိပ်ပေးအပ်၍ ကိုးဂိုဏ်းချုပ်ဆရာတော် အဖြစ် ခန့်အပ်သည်။ မငေးကျောင်းကြီး၌ ပထမ ဦးမဲ၏ နောက်၊ ဒုတိယ ဆက်ခံရသော ဆရာတော်ပင်တည်း။

"ဟော့…အုန်းဆီ၊ မင်း ငါ့ကို ကျောင်းလိုက်ပို့ပေးပါကွာ"ဟု မောင်ဘိုးဖိုးချစ်ကလေးက ပူဆာ၍ ဦးအုန်းဆီမှာ ကလေးကို ချိုပိုးပြီး ကျောင်းသို့ လိုက်ပို့ပေးရသည်။ ထိုအချိန်ကား ဦးလှိုင်၏ တပည့်ဖြစ်သူ ဆရာတော် ဦးပု သီတင်းသုံးလျက်ရှိ၏။ ဆရာတော် ဦးပုကား "ရာဇဂုရု"တံဆိပ်တော် နှစ်ထပ်ရ ဆရာတော်ဖြစ်၏။

(သာသနသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု နှင့် နန္ဒသာရ သီရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ ဘွဲ့မည်ရင်း ဦးဝိမလ။)

ထိုအချိန်၌ ဦးဝိမလနှင့်အတူ ဦးလှိုင်၏ တပည့်ဖြစ်သူ ဆရာတော် "ဦးတ"ခေါ် "ဦးသုနန္ဒ"ပါ သီတင်းသုံးလျက်ရှိ၏။

မောင်ဘိုးချစ်သည် ကျောင်းသို့ ရောက်လျှင် ဦးလှိုင်ဘဝက သီတင်းသုံးခဲ့သော ကျောင်းအခန်းတွင်းသို့ စွတ်၍ ဝင်သွား၏။ ဦးလှိုင်ဘဝက သုံးစွဲခဲ့သော စာအုပ်၊ တောင်ဝှေးစသော အသုံးအဆောင်များကို ဆရာတော်နှစ်ပါးအား မေးမြန်း တောင်းဆိုရာ ဆရာတော်နှစ်ပါးက အခြားပစ္စည်းများနှင့် ရောထွေးပြသကြသော်လည်း မောင်ဘိုးချစ်သည် ပစ္စည်းအမှန်ကိုသာ ရွေးချယ်ယူပြလိုက်၏။

"သာလွန်းတို့၊ ဘိုးမောင်တို့ ရှိကြသေးရဲ့လား"ဟု မေး၍ မငေးအလယ်ရွာမှ ဦးလွန်းနှင့် ဦးဘိုးမောင်တို့ကို ဆရာတော်များက ခေါ်ပေးကြရသည်။

ရောက်လာသောအခါ မောင်ဘိုးချစ်က "မင်းတို့ ကြီးကြမှကိုးကွ"ဟု ဆိုလေသည်။ ဦးသာလွန်းနှင့် ဦးဘိုးမောင်တို့ နှစ်ဦးမှာ မျက်ရည်မဆည်နိုင်ရှာကြပေ။

ပြန်ချိန်သင့်ပြီဖြစ်၍ ဦးအုန်းဆီက အိမ်ပြန်ခေါ်ရာ မောင်ဘိုးချစ်က ငြင်းဆန်နေသဖြင့် ဆရာတော် ဦးပုက သက်န်းစကလေးဖြင့် လက်ကို ချည်ပေး၍ ချော့မော့ပြန်လွှတ်လိုက်ကြရသည်။ မကြာမီ သုံးနှစ်သားအရွယ်၌ပင် ကျောင်းအပ်ကြရ၏။

ကျောင်းသားများနှင့်အတူ ထမင်းကျွေးရာ "ငါ ဒီလိုစားတာမဟုတ်ဘူး။ သီးသန့်ပွဲနဲ့ စားလာတာ"ဆို၍ ဆရာတော်များရော၊ ဒကာများကပါ မောင်ဘိုးချစ်အကြိုက် လိုက်လျောခဲ့ကြရသည်။

ထိုသတင်းကို ကြားရသဖြင့် တပည့်တစ်ပါးဖြစ်ခဲ့ဖူးသူ စလင်းဇာတိ ဖျာပုံ ကဇောင်းရွာ ဘုန်းကြီး ဦးအာလောက လာရောက်စုံစမ်းရာ မောင်ဘိုးချစ်က "ဟိုမှာ မောင်အာလောကကြီးလား"ဟု အဝေးကပင် လှမ်း၍ ပြောပြနိုင်၏။

ဦးအာလောကသည် မောင်ဘိုးချစ်အသက်နဲ့ ဆရာတော် ဦးလှိုင် ပျံလွန်သည့် နှစ်၊ လ၊ ရက်၊ နေ့ကို ပြန်၍ စစ်ကြည့်ရာ အတန်ငယ် ကွာခြားနေသဖြင့်…

"မင်း ဒီဘဝမရောက်ခင်က ဘယ်မှာ ဘာဖြစ်သေးသလဲ"

ဟု မေးတော်မူရာ…

"အလယ်ရွာက ဦးကြာညို၊ ဒေါ်ပုတို့အိမ်မှာ မိန်းကလေးဖြစ်ခဲ့တယ်။ ခြောက်နှစ်သမီးရှိတော့ ဝက်သက်ပေါက်လို့ ဝမ်းတွေသွားပြီး သေရော"

ဟု ကြားတစ်ဘဝကိုပင် မောင်ဘိုးချစ်က ပြောပြ၏။ မိန်းကလေးဖြစ်ခဲ့စဉ်ကမူ ဦးလှိုင်ဝင်စားကြောင်း ပြောဆိုခြင်း မရှိဟု ဆိုလေသည်။

မောင်ဘိုးချစ်သည် ကိုးဂိုဏ်းချုပ်ဆရာတော် ဝင်စားသူ ပီပီ ဇာတိမာန်ကြီးလှသဖြင့် ဦးအာလာက,က "ကိုယ့်ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ရိုသေလေးစားမှ ကြီးပွားကြောင်း"တိတ္တိရဇာတ်ကို ပြောပြ၍ မာန်ချရလေသည်။

မောင်ဘိုးချစ် ၁၁နှစ်တွင် ရှင်ပြုသည်။ ၁၆နှစ်အရွယ်၌ ရှင်အရိယအမည်ဖြင့် မန္တလေးမြို့အနောက်ပြင် ချမ်းသာကြီး မြောက်တိုက် ရတနာပုံကျောင်းဆရာတော် ဦးဇာဂရထံ ပညာသင်ခဲ့၏။ ပိဋကကို လေးဝါအရတွင် ကောင်းစွာ ကျွမ်းကျင်တော့သည်။

မငေးကျောင်းကြီး၌ တတိယ၊ စတုတ္ထ ဆရာတော်များ ဖြစ်ကြသော ဦးပု၊ ဦးတတို့ ပျံလွန်တော်မူသဖြင့် "ဦးအရိယ" သည် မန္တလေးမှ ပြန်ကြွလာကာ ပဥ္စမမြောက် ဆရာတော် အဖြစ် ဆက်လက် လက်ခံတော်မူရသည်။ မငေးဂိုဏ်းချုပ် နှစ်ကြိမ်ပင် ဖြစ်တော်မူခဲ့၏။

## သုံးဘဝ ဇာတ်ကြောင်းလှန်

| ဆရာတော်သည် လေးနှစ်သား၊ ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ မိမိ၏ မွေးသမိခင် ကျောင်းအမကြီး ဒေါ်ဖွားလေးအား "ငါ့ကို မိဆိုးအိမ်လိုက်ပို့"ဟု ပူဆာသဖြင့် တစ်နေ့သောအခါ မိခင်က "နင့်မိဆိုးအိမ် ဘယ်မှာလဲ"မေးလေသည်။ ထိုအခါ တောင်ဘက် ကွက်ငယ်ရပ်သို့ လက်ညှိုးထိုး၍ ပြန်ပြောသည်။

နောက်တစ်ကြိမ် အပူခိုင်းရာ "နင့်မိဆိုး ငါ မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com

နင့်ဟာနင် သွား"ဟု ပြောသောအခါ ဆရာတော်လောင်းလျာသည် ကွက်ငယ်ရပ်သို့ သွားရာ မိခင်ကြီးက နောက်မှလိုက်ပါသွားလေသည်။ ဒေါ်ဆိုးအိမ်သို့ ရောက်လျှင် ဒေါ်ဆိုး၏ ကျောပေါ်သို့ ခွစီးလျက် "ဟဲ့ . . . မိဆိုး"ဟု ခေါ်လျှင် ဒေါ်ဆိုးမှာ အံ့အားသင့်နေ၏။

ရုတ်တရက် စကားမပြောနိုင်ဘဲ နောက်မှ "နှင် ဘယ်သူလဲ"ဟု ဒေါ်ဆိုးက မေးသောအခါ "ငါ ရွှေအုံဟာ"ဟု ပြောလျှင် ဒေါ်ဆိုးသည် သူ၏ ဖခင်ကို သတိရ လွမ်းဆွတ်၍ ငိုကြွေးလေ၏။

ဒေါ်ဆိုး၏ ဖခင်ကြီး ဦးရွှေအုံ၏ အိုးအိမ်နေရာ ဥစ္စာပစ္စည်း၊ သားချင်း စသည်တို့ကို မေးသောအခါ အလုံးစုံမှန်ကန်အောင် ပြောပြနိုင်သဖြင့် လေးငါးနှစ်သားအရွယ်မှစ၍ ရဟန်းသုံးဝါအထိ ဒေါ်ဆိုးက ပစ္စည်းလေးပါး ထောက်ပံ့ခဲ့၏။

ဆရာတော်သည် ဖခင်ကြီး ဦးရွှေအုံဘဝက ကျောင်းပင် မနေခဲ့ရ။ သင်္ကန်းလည်း မဝတ်ခဲ့ရ။ သားများကိုသာ ရှင်ပြုခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုများကိုမူ ပြုခဲ့ရ၏။ သာမန် အမှတ်တမဲ့ လုပ်ကိုင်စားသောက်၍ နေခဲ့ရာမှ ကိုယ်ရောင်ရောဂါဖြင့် သေလွန်ခဲ့ရာ၊ ယခုဘဝတွင်လည်း ထိုအစွဲအလမ်းကြောင့် ဝါ (၂၀)ရသည့်တိုင်အောင် ကိုယ်ရောင်လျှင် သေလိမ့်မည်ဟု ထင်ခဲ့လေသည်။

ဦးရွှေအုံဘဝမှ သေလွန်သောအခါ တစ်ခုသော နေပြောက်မထိုးသည့် သစ်ပင်ကြီးတစ်ပင်အောက်၌ ၄ပေခန့်အရပ်ရှိသောသူတစ်ယောက်ဖြစ်လေ၍၊ ၎င်းသစ်ပင်ကြီးအောက်၌ ထိုထို၌၌ တောင်မြောက်လေးပါး သွားလာနေစဉ်၊ တစ်ချိန်သောအခါ၌ ထိုသစ်ပင်ကြီး၏ အရိပ်အပြင်ဘက်သို့ ထွက်လိုက်လေသည်။

၎င်းနောက် ဒုတိယဘဝကို ဘာမျှ ပြန်မသိတော့ဘဲ တတိယဘဝ "မောင်ကြယ်"အမည်ဖြင့် ဖြစ်လာသောအခါမှ လွန်ခဲ့သော နှစ်ဘဝမှ ဖြစ်ပျက်မှု အလုံးစုံကို အကုန်အစင် သိမြင်လေသည်။ ]

ဆရာတော် ဦးကြယ်ဟု ထင်ရှားလာသောအခါ ယခုဘဝ၌ ဆရာတော်၏ ပရိယတ္တိ သာသနာပြုလုပ်ငန်း အရပ်ရပ်မှာ အလွန်ထင်ရှား လူသိများဆဲဖြစ်၍၊ အထူး မရေးတော့ပြီ။ သုံးဘဝအကြောင်း ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သည်မှာ ဤမျှသာဖြစ်သည်။

**ဇာတိဿရဉာဏ်၏ အကျိုးနှင့် အပြစ်**

ဤ၌ "လူဝင်စားများအကြောင်း ဖော်ပြနေခြင်းသည် မနိုင်မြသော ဘဝနှင့် တမလွန်ဘေးကြီးကို ညွှန်ပြလိုခြင်းသာဖြစ်၏။ ရှေ့နောက် သိမြင်နိုင်စွမ်းမှု-ဇာတိဿရဉာဏ်ကို အမွှမ်းတင်နေခြင်း မဟုတ်ပေ။ (ဇာတိ-ဖြစ်ခဲ့ရသော ဘဝများကို + သရ-သတိရသောဉာဏ်)

မိမိတို့ ကျင်လည်ခဲ့ရသော ဘဝများကို သိမြင်ကြရာ၌ တစ်ဘဝ၊ နှစ်ဘဝလောက်ကိုသာ ပြန်လည်သိမြင်သူကများ၏။ ဆယ်ဘဝ၊ ဆယ့်တစ်ဘဝအထိလည်း မြင်နိုင်ကြ၏။ ဘဝရာထောင် မြင်နိုင်စွမ်းသော ဉာဏ်အထူးများလည်း ရှိကြလေသည်။

ဇာတိဿရဉာဏ်ကို ရသည်ဆိုရာ၌ ဘဝများကို အစဉ်လိုက်၊ အဖြစ်စုံကို အမှန်အတိုင်း သိမြင်နိုင်သူကား အရိယာများမှတစ်ပါး မရှိနိုင်ပေ။ လောကီအဘိဉာဏ်ရ ပုဂ္ဂိုလ်များ၏ ရှေ့နောက် အမြင်ရမှုကိုပင် သာသနာတော်၌ အကျိုးထက် အပြစ်သာ များစေသည်ဟု ဆိုရ၏။ ပြည့်စုံ မှန်ကန်စွာ မသိမြင်ကြသောကြောင့်ဖြစ်သည်။

မိမိ သိမြင်သလောက်ကိုသာ အခိုင်အမာစွဲယူတတ်ကြသဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်သွားနိုင်လေသည်။ မြင်သည်မှာ အမှန်ပင် ဖြစ်စေဦး၊ အမြင် မပြည့်စုံနိုင်ချေ။ ထို့ကြောင့် အယူဝါဒများကို ရှင်းလင်းဖော်ပြရာ (ဗြဟ္မဇာလသုတ်နှင့်) ကံ၊ကံ၏ အကျိုးကို ဝေဖန်ပြရာ(မဟာကမ္မ ဝိဘင်္ဂသုတ်)တို့ဖြင့် ထိန်းချုပ်ပေးထားတော်မူခဲ့ရသည်။

သို့မဟုတ်ပါက ရှေ့နောက် ကမ္ဘာလေးဆယ်ကိုပင် မြင်နိုင်သူများ ရှိနေတတ်ရာ၊ ထို မပြည့်စုံ၊ မမှန်ကန်သော အကြားအမြင်ကြောင့် သတ္တဝါအများ မိစ္ဆာဒိဋ္ဌိဘေးကြီးမှ လွတ်မြောက်နိုင်ကြမည် မဟုတ်တော့ချေ။

ဇာတိဿရဉာဏ်မျှဖြင့် လေးငါးဆယ်ဘဝလောက်ကိုသာ မြင်နိုင်သူတို့ အသိအမြင်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ(ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသူဖြစ်၍ အမှန်မြင်သူ)ဖြစ်ရန်အတွက် အနှောင့်အယှက်ဖြစ်လာတတ်ပေသည် ■

(ရှေ့လ ဆက်ပါဦးမည်)

* * *

မွှာစရိယဦးဒွေးလှိုင်




www.burmeseclassic.com

www.burmeseclassic.com

## တံခွန်တိုင်တောရကျောင်းတိုက်
# အောင်စေတီဆရာတော်ဘုရားကြီး၏
# အန္တိမ ဈာပန ပူဇော်ပွဲအခမ်းအနား

ဝဏ္ဏိရ ဆရာလှမျိုး(B.Sc)






၂၀-၃-၂၀၁၄၊ ကြာသပတေးနေ့နံနက်တွင် တံခွန်တိုင်တောရကျောင်းတိုက်သို့ ရောက်ရှိသွားပါသည်။ ထိုကျောင်းတိုက်တွင် ၅ရက်တိုင်တိုင် ကျင်းပသော ပဋ္ဌာန်းပွဲအောင်ပွဲအခမ်းအနားကျင်းပပြီး သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း သင်္ကန်း၊ အလှူဝတ္ထုငွေ ကပ်လှူမည့် သတင်းရယူရန်ဖြစ်ပါသည်။


၂၂ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပူဇော်ပွဲနှင့် ၂၉ကြိမ်မြောက် ပဋ္ဌာန်းဖွင့်ပွဲကို အောင်စေတီဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com


www.burmeseclassic.com


ဆရာတော်ကြီးသည် ဆေးရုံ၊ ဆေးခန်းသွားပြလေ့မရှိသလို၊ သွားချင်စိတ်လည်း မရှိပေ။ ဒကာ၊ ဒကာမများမှာလည်း မိမိတို့ဆရာတော် ကျန်းမာရေးအမြန်ကောင်းစေလိုသော စိတ်စေတနာ့ကြောင့် ပြုမူဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးကလည်း သူ့အခန်းသူ ပြန်ပို့ခိုင်းသည်ဟု ကြားသိရသည်၊ သူနာပြု ဆရာမတစ်ဦးနှင့် ဆရာဝန်တစ်ယောက်ခေါ်ထားတာ တွေ့ရသည်။ ညဘက်မှာ အထူးကု ဆရာဝန်ကြီးတစ်ဦးပင့်၍ ပြသရန် စီစဉ်ပြီး ကားတစ်စီးဖြင့် ရန်ကုန်မြို့ ပတ်ဝန်းကျင်ရှိ ဆေးရုံ၊ ဆေးခန်းများ လှည့်ပတ် ပင့်ဆောင်သော်လည်း မရခဲ့ပေ။ ၁၁နာရီမှ ပြန်













ကိုယ်တိုင် ဖွင့်လှစ်ခဲ့ပြီး ပိတ်ပွဲနေ့တွင် ကျန်းမာရေးမကောင်းသောကြောင့် မကြွနိုင်ဟု သိရသည်။ ဆရာတော်ကြီး သီတင်းသုံးသော ကျောင်းတိုက်သို့ ဝင်ရောက်ဖူးမြော်ကန်တော့လိုက်သည်။ အသက်ရှူကျပ်ပြီး မောနေ၍ အောက်စီဂျင်ပိုက် တပ်ထားတာ တွေ့မြင်ရသည်။ ရောဂါကြီးကြီးမားမားဖြစ်သံ မကြားရ၍ ပြန်လည်ကျန်းမာလာမည်ဟု ယုံကြည်နေမိသည်။ ကြာသပတေးနေ့ ညနေတွင် ဆရာတော်၏ တပည့်အချို့မှ ဆရာတော်ကြီး အခြေအနေကောင်းကြောင်း ဖုန်းဆက်အကြောင်းကြားသည်။ ဆေးရုံတင်ဖို့ လုပ်ကြကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



လာကြရသည်။ ဆရာဝန်ကို ပြန်ပို့ပြီး ဆရာမကိုသာ စောင့်ကြည့်စေသည်။ ဆရာဝန်တွေကတော့ ဆေးရုံပို့ရန်သာ တိုက်တွန်းကြပါသည်။

ဆရာတော်ကြီးမှာ ညာဘက်သို့ စောင်းအိပ်၍ ပါးစပ်ဖြင့်သာ အသက်ရှူနေတာ တွေ့ရသည်။ လွန်ခဲ့သော သုံးလေးရက်ကတည်းက နေမကောင်းသည့်ပုံ ဖြစ်နေသော်လည်း တပည့်တွေက မေးလျှင် "ကောင်းတယ်၊ ဘာမှ မဖြစ်ဘူး" ဟုသာ ပြောဆိုလေ့ရှိသည်။ အသက်ရှူနေပုံမှာ သတိအမှတ်ဖြင့် ရှူနေပုံရသည်။ ဝါကျွတ်ပြီးကတည်းက ပဋ္ဌာန်းတရားနှင့် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး တရားကိုသာ အပတ်စဉ် ဟောကြားပေးနေသည်။ ဟော[...]
သော ဝိပဿနာတရားမှာ "ကိုယ်တွေ့တရား" တွေသာ ဖြ[...]
ကြောင်း ထင်ရှားလျက်ရှိသည်။

ဤ အောင်စေတီကျောင်းတိုက်ကလေးမှာ ဆရာတော်[...]
အဓိဋ္ဌာန်ကျင့်စဉ်တွေ အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် မိ[...]
အောင်မြေဓာတ်တွင်သာ ခန္ဓာဝန်ချမည်ဟု ဆုံးဖြတ်ထား[...]
ရသည်။

ကြာသပတေးနေ့ည ၁၁နာရီခွဲတွင် ဆရာတော်အ[...]
မေတ္တာပို့ ဆုတောင်း၍ ပြန်လာခဲ့သည်။ နံနက် ၇နာရီခွဲတွ[...]
ဆရာတော် ပျံလွန်တော်မူကြောင်း ကြားရ၍ စိတ်မကော[...]









www.burmeseclassic.com

www.burmeseclassic.com





ဖြစ်ကာ၊ နံနက်စာပင် မစားနိုင်တော့တဲ့ စက်ဘီးဖြင့် ချက်ချင်း ပြေးသွားမိသည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ဆရာတော် ရုပ်အလောင်းပြင်ဆင်ထားတာ တွေ့မြင်ရပါသည်။


မိမိ မဖြစ်ချင်လိုသော ဆန္ဒ၊ မထင်မှတ်သော ကိစ္စ၊ မရေးချင်သော သတင်းဆောင်းပါး ရေးနေရပေပြီ။ တပည့် ဒါယကာ၊ ဒါယိကာမတို့အားလုံး မျက်ရည်စတွေနှင့် တွေ့ရသည်။

အောင်စေတီဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝဏ္ဏသာရ သည် သက်တော် ၈၅နှစ်၊ ဝါတော် ၆၁ ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသည်။ ပဋ္ဌာန်းပွဲမဏ္ဍပ်ကြီးမှာ ပွဲဆက် သွားရသည်။ ဆရာတော်မှာ ပဋ္ဌာန်းတရားကို ပြီးဆုံးအောင် နာကြားသွားပုံရသည်။ ပဋ္ဌာန်းပွဲပြီးပြီးချင်း မဏ္ဍပ်ကြီးဖျက် လိုက်လျှင် ကောင်းမည်။ အောင်စေတီဆရာတော်ကြီးသည် မေတ္တာဓာတ်ကြီးမား၍ ရပ်ဝေးရပ်နီးမှ သတင်းကြားသူတိုင်း အပြေးအလွှားရောက်ရှိလာပြီး ပူဇော်ကြသည်။

၂၂-၃-၂၀၁၄ စနေနေ့နံနက်မှာ စံကျောင်းတော်ချ သည်။ ကျောင်းရှေ့မဏ္ဍပ်ကြီးမှာ ယာယီ စံကျောင်းတော် ဖြင့် ခုနစ်ရက်တိုင်တိုင် ပူဇော်ထားရန် ဆုံးဖြတ်ကြသည်။ ဆရာတော်ဘုရားကြီး၏ ဇာတိဖြစ်သော ထားဝယ်ခရိုင်၊



www.burmeseclassic.com










၂၆-၃-၂၀၁၄ ဗုဒ္ဓဟူးနေ့ညတွင် ဒေါက်တာ အရှင်ကောဝိဒ(မင်္ဂလာမဂုဏ်ရည်ဆရာတော်)မှ "ဘယ်လိုပူဇော်ကြမလဲ" ခေါင်းစဉ်ဖြင့် တရားဟောကြားပေးတော်မူပါသည်။ တပည့် ဒါယကာ၊ ဒါယိကာမများမှ ဆရာတော်ဘုရားကြီးအတွက် ရည်စူး၍ အလှူငွေ ဆယ်သိန်းလှူဒါန်းကြသည်။ မိမိတို့ဆရာတော်ဘုရားကြီး၏ ကျေးဇူးကို ဆပ်လိုပါက ဒါန၊ သီလ၊ ဘာဝနာဖြင့် ပူဇော်ကြရန် သတိပေး ဟောကြားတော်မူပါသည်။

၂၇-၃-၂၀၁၄ ကြာသပတေးနေ့(တော်လှန်ရေးနေ့)၊ ၁၃၇၅ ခု၊ တပေါင်းလပြည့်ကျော် ၁၂ရက် နံနက်တွင်







လောင်းလုံမြို့နယ်၊ ကျောက်နီမော်ရွာမှ ကျောက်နီမော် ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များ၊ ဆွေမျိုးသားချင်းများ ရောက်ရှိလာကြသည်။ နေ့စဉ် နံနက်၊ ည ထမင်းကျွေးသည်။ အလှူငွေလက်ခံဌာနဖွင့်ပြီး အလှူခံကြသည်။ သိန်းပေါင်းများစွာရသည်။ သန်လျင်မြို့နယ်၊ ထမလုံ-လက်ယက်စမ်းကျေးရွာရှိ အောင်မြေဗောဓိကုန်းတော်မှာ ဂူသွင်းသင်္ဂြိုဟ်မည်ဟု စီစဉ်ကြသည်။ နာရေးကူညီမှုအသင်းမှ မှန်ခေါင်းနှင့်ပူဇော်ပြီး မှန်ခေါင်းအသစ်ဝယ်ကာ အပြီးပူဇော်ရန် ဆောင်ရွက်ကြသည်။ နေ့စဉ်နံနက်တိုင်း ဆရာတော်တစ်ပါးကြွပြီး သီလပေး၊ ရေစက်ချ အမျှအတန်းပေးဝေသည်။




www.burmeseclassic.com

www.burmeseclassic.com

သံဃာတော်အရှင်မြတ်များကို အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ကြသည်။ သံဃာတော် ၁၀၈ ပါးအား သင်္ကန်းတစ်စုံ၊ အလှူငွေတစ်သောင်းစီ ကပ်လှူကြသည်။ ညီ့ပရိသတ်တွေကိုလည်း နံနက်စာ ထမင်းကျွေး ဒါနပြုကြသည်။

နံနက် ၁၀နာရီခွဲတွင် ဈာပနအခမ်းအနားကျင်းပသည်။ အောင်စေတီကို ဆက်လက်ထိန်းသိမ်းမည့် ကျောက်နီမော် ဆရာတော်ကြီးမှ ပရိသတ်များကို ငါးပါးသီလ ချီးမြှင့်ပေးတော်မူပါသည်။ ထို့နောက် ရွှေမန်း ဦးသောဘိတ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ ဇမ္ဗူအေးဆရာတော်၊ အောင်ခြင်း ဆရာတော်တို့မှ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ တော်ကြားခြင်း၊ အပြစ်ရှိက ကျေအေးရန် တောင်းပန် ကန်တော့ချီး တိုင်ကြားပေးခြင်း စသည့် အစီအစဉ် ဇရပ်ဖြင့် အခမ်းအနားကျင်းပပါသည်။ ဇမ္ဗူအေးဆရာတော်မှ ရေစက်ချ တရားဟောကြားပေးသည်။ ဆရာတော်ကြီး ကောင်းရာသုဂတိဘုံရောက်ရှိစေရန် ဆုတောင်းမှု ပြုကြသည်။

မွန်းတည့် ၁၂နာရီတွင် တံခွန်တိုင်တောရကျောင်းတိုက်မှ အောင်မြေ ဗောဓိကုန်းတော်သို့ စည်ကားခမ်းနားစွာ ပင့်ဆောင် ပူဇော်ကြပါသည်။ အောင်မြေဗောဓိ စေတီတော်ကို လက်ယာရစ် သုံးပတ်လှည့်၍ တပည့် သံဃာတော်









အရှင်မြတ်များမှ လှည့်လည်ပူဇော်ကြသည်။ တစ်နာရီခွဲတွင် ဂူသွင်းပူဇော်ကြသည်။ တော်လှန်ရေးနေ့ ပိတ်ရက်လည်းဖြစ်၊ တပည့် ဒါယကာ၊ ဒါယိကာမများလည်း များပြား၍ ကားအစီး (၂၀၀)နီးပါး လိုက်ပါပို့ဆောင်ပြီး ပရိသတ်မှာ ကြက်ပျံမကျ စည်ကားတာ တွေ့မြင်ရသည်။

ညနေ သုံးနာရီတွင် ဂူပိတ်လိုက်သော်လည်း ဦးခေါင်းတော်နှင့် ခြေတော်ကို အပေါက်ဖောက်၍ မှန်ကြည်တပ်ထားမည်ဟု သိရှိရသည်။ အောင်စေတီဆရာတော်ဘုရားကြီး ဂူဗိမာန်နှင့် စံကျောင်းတော်ကို အချိန်မရွေး သွားရောက်ပူဇော်နိုင်ကြပါသည်။ ဆရာတော်ကြီး ခန္ဓာဝန်ချသွားသော်လည်း ဆရာတော် ဆောင်ရွက်ခဲ့သော သာသနာပြု လုပ်ငန်းနှင့် အဓိဋ္ဌာန်ပါရမီစခန်းများကို ကျောက်နီမော် ဆရာတော်၊ အောင်ဓမ္မရိပ်သာ ဆရာတော်တို့မှ ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ပါသည် ■

* * *

ဂန္ဓာရီဆရာလှမျိုး(B.Sc)




www.burmeseclassic.com

www.burmeseclassic.com

# လိုတရဂါထာ

အောင်ဘုန်းမြင့် (ကချင်မြေ)



လူ့လောကကြီးတွင် လူသားအဖြစ်ရရှိလာလျှင် ကျန်းမာအသက်ရှည်စွာ နေထိုင်သွားနိုင်ရေးသည် အဓိကဖြစ်လေသည်။ ကျန်းမာအသက်ရှည်ခြင်းဟူသော ဆုလာဘ်ကြီးပြီးလျှင် ကံကောင်းကံတက် စန်းပွင့်၍ လာဘ်ပေါများခြင်း၊ အဆွေခင်ပွန်းကောင်း၊ မိတ်သဟာမွန်များနှင့် နေထိုင်သွားရခြင်း၊ ဥစ္စာပစ္စည်း စီးပွားခနေ ပြည့်စုံပေါကြွယ်ဝခြင်း၊ ဘဝခရီးတစ်လျှောက်လုံးတွင် အလုပ်ရာထူးမှအစ အရာရာတိုင်း၌ အောင်မြင်ကျော်လွှားနိုင်ခြင်း၊ ဂုဏ်ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့် ခညောင်းပြည့်စုံခြင်း၊ စိတ်ရောရုပ်ပါ သုခချမ်းသာများနှင့် ပြည့်စုံခြင်းတည်း ဟူသော အရာများသည်လည်း လိုအပ်လှပါသည်။

သို့ဖြစ်ပါ၍ မိမိတို့အတွက် အမျိုးမျိုးသော အလိုဆန္ဒများကို မလွဲမသွေရရှိပြည့်စုံစေနိုင်မည့် အစွမ်းထက်သော လိုတရဂါထာကို အကျိုးဖြစ်စေနိုင်ရန် တင်ပြလိုက်ရပါသည်။

ဟေဠီလာဘံ ဟေဠီမိတ္တံ
ဟေဠီခနံ ဟေဠီဇေယျံ
ဟေဠီသုဘံ ဟေဠီသုခံ
တည်စေးသတည်း။

အထက်ပါ လိုတရ ဂါထာကို မိမိတို့၏ မွေးနေ့မှစ၍ နံနက်ဘုရားဝတ်ပြုပြီးလျှင် ရွတ်ဆိုဆုတောင်းနိုင်သည်။ တနင်္ဂနွေ သားသမီးဖြစ်လျှင်တနင်္ဂနွေနေ့မှ စတင်ပြုလုပ်ကြရ ပါမည်။

တနင်္ဂနွေသားသမီးဖြစ်လျှင် ရွှေဝါရောင်ဖယောင်းတိုင်၊ တနင်္လာသားသမီးဖြစ်လျှင် အဖြူနောက်နောက် ဖယောင်းတိုင်၊ အင်္ဂါသားသမီးဖြစ်လျှင် အနီရဲရဲဖယောင်းတိုင်၊ ဗုဒ္ဓဟူးနှင့်ရာဟုသားသမီးဖြစ်လျှင် အစိမ်းရောင်ဖယောင်းတိုင်၊ ကြာသပတေးသားသမီးဖြစ်လျှင် အဝါနုရောင်ဖယောင်းတိုင်၊ သောကြာသားသမီးဖြစ်လျှင် အဖြူကြည်ကြည်ဖယောင်းတိုင်၊ စနေသားသမီးဖြစ်လျှင် နီညိုရောင်ဖယောင်းတိုင် စသည်ဖြင့် နေ့တူနံကိုက်ဖယောင်းတိုင်ထွန်းညှိပူဇော်၍ လိုတရဂါထာကို ယုံယုံကြည်ကြည်လေးလေးနက်နက် (၇)ခေါက်ရွတ်ဆိုပေး ပါ။ ဖယောင်းတိုင် တစ်တိုင် (သို့) သုံးတိုင်ထွန်းပူဇော်နိုင် သည်။

ထို့နောက် လာဘ်ရွှင်ကံကောင်း စီးပွားတက်ကြောင်း ဆုတောင်းပတ္ထနာပြုပါ။ မိမိတို့ လိုရာဆန္ဒများ ပြည့်စုံပြီးမြောက် စေနိုင်ပါလိမ့်မည်။

ပန်းလိုစမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ

* * *

အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# ဓိတ်ဒိုး
## သိကြားမင်း၏ ဆွမ်းအလှူတော်



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ ဗုဒ္ဓဘုရားရှင် သီတင်းသုံးတော်မူလျက်ရှိသဖြင့် ရာဇဂြိုဟ်မြို့သည် အခြားသော နေ့ရက်အချိန်အခါတို့ထက် ပိုမိုလင်းလက်သော ရာဇဂြိုဟ်အဖြစ် ရှိနေသည်။

ဗုဒ္ဓနှင့်အတူ မဟာသာဝကကြီး အရှင်မဟာကဿပလည်း အတူရှိကြောင်း ကျော်စောသတင်း သင်းပျံ့လျက်ရှိသည်။

မထင်ရှားသော နေ့တစ်နေ့၏ နံနက်စောစောဝယ် အရှင်မဟာကဿပ မထေရ်သည် နိရောဓ သမာပတ်ဝင်စားရာမှ ခုနစ်ရက်လွန်လျှင် ထတော်မူ၍ ရာဇဂြိုဟ်မြို့တွင်း အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်အံ့ဟု နှလုံးပြုလျက် ကြွချီတော်မူသည်။

ထိုအခါ သိကြားမင်း၏ အခြွေအရံ ခိုခြေအဆင်းကဲ့သို့ နီမြန်းသော အဆင်းရှိသည့် နတ်သမီး ငါးရာတို့သည် အရှင်မဟာကဿပ မထေရ်အား ဆွမ်းလောင်းလှူအံ့ဟု စိတ်တူ၊ အပြုတူ အားထုတ်ကြလျက် မွှေးကြိုင်သင်းပျံ့စွာ စီရင်အပ်သော နတ်သုဓာ ဆွမ်းအာဟာရတို့ကို ယူဆောင်ပြီးလျှင် လူ့ပြည်သို့ ဆင်းသက်ကာ အရှင်မဟာကဿပ မထေရ် ကြွချီရာ လမ်းခရီးတွင် ရောက်ရှိ စောင့်ကြိုနေကြသည်။

အရှင်မဟာကဿပ ကြွချီလာလျှင် ဆွမ်းအလှူရှင် နတ်သမီးတို့သည် ရိုသေစွာ လက်အုပ်ချီလျက်···

"အရှင်မြတ်ဘုရား···ဤဆွမ်းဘောဇဉ်တို့ကို အလှူခံ၍ တပည့်တော်မတို့အား ချီးမြှောက်တော်မူပါ ဘုရား"

ဟု လျှောက်ထားကြသည်။ ထိုအခါ အရှင်မဟာကဿပ မထေရ်သည်···

"သင်တို့ ဖယ်ရှောင်ကြ၊ ဆုတ်နစ်ကြလော့။ ငါကား ဆင်းရဲပင်ပန်းသူတို့ကို ချီးမြှောက်အံ့"

ဟု မိန့်မြွက်တော်မူသဖြင့်···

"အရှင်မြတ်ဘုရား···တပည့်တော်မတို့အား မဖျက်ဆီးပါလင့်၊ ချီးမြှောက်တော်မူပါ ဘုရား"

ဟု ထပ်မံ လျှောက်ပြန်သော် အရှင်မဟာကဿပ မထေရ်လည်း ···

"နတ်သမီးများ"

ဟု သိပြီးဖြစ်၍ ရည်ရွယ်ချက်နှင့် အကျုံးမဝင်သဖြင့် ဆွမ်းအလှူမခံဘဲ ပယ်မြစ်ပြန်သည်။

နတ်သမီးတို့ကား ရှောင်ဖယ်သွားလိုဟန် အမူအရာမရှိ။ ဆွမ်းလှူဒါန်းခွင့်ရရန်သာ ကြိုးစားသည့်အသွင်သဏ္ဍာန်ရှိသဖြင့် အရှင်မဟာကဿပမထေရ်လည်း···

"သင်တို့···ကိုယ့်ပမာဏ ကိုယ်မသိကြ၊ ဖယ်ရှားကြလော့"

ဟု မိန့်မြွက်၍ လက်ဖျစ်တီးသည်။ ယင်းသို့ မထေရ်မြတ်မှ လက်ဖျစ်တီး၍ ခြိမ်းခြောက်ခြင်းကြောင့် နတ်သမီးတို့သည် တည်ငြိမ်စွာ ရပ်တည်ရန် မစွမ်းနိုင်ရကား တာဝတိံသာ နတ်ပြည်သို့ ကတိုက်ကရိုက် ရှောင်တိမ်းပြေးခဲ့ကြရသည်။ နတ်တို့၏ တန်ခိုး အာနိသင်ကြောင့် လျင်မြန်စွာ သိကြားမင်းထံ ရောက်ရှိလာကြသည်။

လူ့ပြည်နှင့် နတ်ပြည်ကား အနှစ်သာရအားဖြင့် ခြားနားသည်။ နတ်ပြည်ရှိ နတ်သား၊ နတ်သမီးတို့သည် စည်းစိမ်ချမ်းသာ အလျှံပယ် ခံစားရသည်။ ဘုံဗိမာန် နေရာထိုင်ခင်း ကြီးကျယ်ခမ်းနားသည်။ သို့သော် နတ်ပြည်၌ ဗုဒ္ဓမပွင့်။ ရှင်ပြု ရဟန်းခံ မရှိ။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်ကို ဖူးမြော် ပူဇော်ရဖို့၊ လှူဒါန်းရဖို့ ခဲယဉ်းသည်။ ထို့အတူ ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းတို့ကိုလည်း ဖူးမြော်ပူဇော်ရဖို့၊ လှူဒါန်းရဖို့ အလွန်ခဲယဉ်းသည်။ ရံဖန်ရံခါမှသာ ဗုဒ္ဓဘုရားရှင်သည် လည်းကောင်း၊ တန်ခိုးကြီးသော တပည့်သာဝက ရဟန်းတော်တို့သည် လည်းကောင်း နတ်ပြည်သို့ ကြွချီလာလျှင်သာ ဖူးမြော် ပူဇော်ခွင့်၊ တရားနာခွင့်၊ လှူဒါန်းခွင့် ရကြသည်။

လူ့ဘဝကား စင်ကြယ်မြင့်မြတ်သည်။ ကောင်းခြင်း မင်္ဂလာနှင့် ပြည့်စုံသည်။ "မနုဿတ္တဘာဝ ဒုလ္လဘာ"ဟု ဂုဏ်ပြု အမွှမ်းတင်ခြင်း ခံရသည်။ မိမိဘဝ ကောင်းမွန်စေရန် စီမံတတ်ဖို့သာ လိုသည်။

◈◈◈

လူ့ပြည်ဆင်းသက်၍ အရှင်မဟာကဿပ မထေရ်အား ဆွမ်းလောင်းလှူရန် ကြိုးစားကြသော နတ်သမီးတို့သည် မျက်နှာညှိုးငယ်စွာဖြင့် သိကြားမင်း၏ ရှေ့မှောက် ရောက်ကြလျှင် သိကြားမင်းက "အဘယ်အရပ်သို့ သွားကြသနည်း"ဟု မေးသော် နိရောဓ သမာပတ်မှ ထတော်မူပြီး ဆွမ်းခံကြွလာသော အရှင်မဟာကဿပ မထေရ်အား ဆွမ်းလောင်းလှူရန် လူ့ပြည်သို့ သွားခြင်းဖြစ်ကြောင်း လျှောက်ထားကြသည်။ ထိုအခါ သိကြားမင်းက···

"သင်တို့···ဆွမ်းလောင်းလှူကြရ၏လော"

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆွမ်း မလှူဒါန်းကြရပါ။ မထေရ်မြတ်ကား ဆွမ်းအလှူ ခံယူလိုခြင်း မရှိပါ"

ဟု လျှောက်တင်ကြသည်။ တစ်ဖန် သိကြားမင်းက-

"မထေရ်မြတ်က အဘယ်သို့ မိန့်တော်မူသနည်း"

ဟု မေးမြန်းသည်။

"မထေရ်မြတ်သည် ပင်ပန်းဆင်းရဲသူတို့အား ချီးမြှင့်ခြင်း ပြုအံ့"

ဟု မိန့်ကြားကြောင်း လျှောက်တင်ကြသည်။

တစ်ဖန် သိကြားမင်းက···

"သင်တို့···အဘယ်သို့ တန်ဆာဆင်ယင်၍ သွားကြသနည်း"

ဟု မေးပြန်သည်။ နတ်သမီးတို့က···

"ဤအသွင်ပုံသဏ္ဌာန်ဖြင့်သာ တန်ဆာဆင်ယင်၍ သွားကြကြောင်း"

လျှောက်ကြသည်။

"သင်တို့··· ဤသို့ အရောင်အဆင်း ဝင်းလက်တောက်ပစွာ တန်ဆာဆင်ယင်၍ သွားခြင်းကြောင့် မထေရ်မြတ်အား ဆွမ်းမလှူရခြင်းဖြစ်သည်"

ဟု ပြောပြီး သိကြားမင်းသည် မိမိကိုယ်တိုင် အရှင်မဟာကဿပ မထေရ်အား ဆွမ်းလှူဒါန်းလိုသဖြင့် အိုမင်းထိုယွင်း ဆင်းရဲပင်ပန်းသော ဆံဖြူသွားကျိုး၊ မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်းသည့် အဘိုးအိုကြီးအဖြစ် ဖန်ဆင်း၍၊ ကြင်ယာတော် သုဇာနတ်သမီးကိုလည်း အမယ်ကြီးအသွင် ဖန်ဆင်းစေလျက်၊ ဝမ်းရေးအတွက် ရက်ကန်းရက်လုပ်ကြရသော ရက်ကန်းသည် အဘိုးအို၊ အမယ်အို ဇနီးမောင်နှံ ယူကာ အရှင်မဟာကဿပ မထေရ် ကြွချီလာလျှင် မြင်သာရာ၌ ရက်ကန်းသည်အိမ် သွားရာလမ်းကဲ့သို့ စီမံ၍ ရက်ကန်းချည်တို့ကို ဖြန့်လျက် တုန်တုန်ယင်ယင်ဖြင့် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်နေကြရဟန် ပုံဖော်ထားသည်။

◈◈◈

နိရောဓ သမာပတ်ဝင်စားရာမှ ထ၍ အထူးတင့်တယ်သပ္ပာယ်သော အရှင်မဟာကဿပ မထေရ်သည် ဆင်းရဲပင်ပန်းသူတို့အား ချီးမြှောက်အံ့ဟု နှလုံးပြုလျက် ရာဇဂြိုဟ်မြို့သို့ ရှေးရှု ကြွချီတော်မူသည်။

ရာဇဂြိုဟ်မရောက်မီ တစ်နေရာတွင် ရက်ကန်းသည်အိမ် သွားရာလမ်းကို တွေ့မြင်ရလျှင် အဘိုးအို၊ အမယ်အိုတို့နှစ်ယောက်ကို မြင်ရသဖြင့် ဆင်းရဲပင်ပန်းသူတို့၏ နေရာထင်တည်းဟု နှလုံးသွင်းကာ ရက်ကန်းသည်လမ်းအတွင်းသို့ ဝင်ရောက် ကြွချီလာသည်။

ထိုအခိုက် ရက်ကန်းသည်ဟန် ဆောင်ထားသော အဘိုးအို သိကြားမင်းသည် မထေရ်မြတ်ကို မြင်လျှင် စိတ်ဖြင့် အလျင်အမြန် ဖူးမြော် ပူဇော်သည်။ သို့သော် လက်အုပ်ချီ ရှိခိုးခြင်းကား မပြု။ ယင်းသို့ မပြုသင့်သေးဟု ယူဆသဖြင့် မပြုခြင်းဖြစ်သည်။ စိတ်အာရုံတွင်ကား အလွန်ပီတိဖြစ်လျက်ရှိသည်။

ထို့နောက် မိဖုရားချော သုဇာအား···

"ချစ်နှမ···မထေရ်မြတ် ကြွလာပြီ၊ မကြည့်နှင့်၊ မမြင်ဟန်ပြု၍ ရက်ဖောက်ရက်ဟန် ဆောင်နေပါ"

ဟု သတိပေးရသည်။

မထေရ်မြတ်သည် အဘိုးအို၊ အမယ်အိုတို့ကို မြင်လျှင် "ဤအဘိုးအို၊ အမယ်အိုတို့ကား အိုမင်းခွေ့ပါးခွန်အားကုန်ခန်း မောပန်းရသည့်အရွယ်တိုင်အောင် ဝမ်းရေးအတွက် ဆောင်ရွက်ကြရရှာသည်။ ဤမြို့၌ ဤအဘိုးအို၊ အမယ်အိုတို့ လှူဒါန်းသော တစ်ဇွန်း တစ်ယောက်ချိုမှုပင်ဖြစ်စေ ဆွမ်း၊ ဟင်းရွက်ပြုတ် အာဟာရကို ခံယူသုံးဆောင်၍ ချီးမြှောက်အံ့"ဟု ဆင်ခြင်ပြီးလျှင် သူဆင်းရဲအယောင်ဆောင် သိကြားမင်း ဇနီးမောင်နှံတို့၏ အိမ်သို့ ကြွချီ၍ တံခါးဝ၌ ရပ်တော်မူသည်။

သိကြားမင်းသည် မထေရ်မြတ်အား မမြင်ဟန်ပြုကာ ခေတ္တမျှ အချိန်လွန်စေသည်။

တစ်မုဟုတ်မျှ အချိန်လွန်သော် သိကြားမင်းသည် မထေရ်မြတ် ရပ်တော်မူရာဆီသို့ မျက်နှာမူကာ လက်ဝဲဖြင့် အလင်းရောင်ကာကွယ်သည့်ဟန်ပြုလျက် မျက်စိမှုန်သော အဘိုးအိုကြီးကဲ့သို့ ကြည့်ရှု ဖူးမြော်ပြီးလျှင်···

"အို···ရှင်မ၊ အိမ်ရှေ့ တံခါးဝမှာ ရဟန်းတော်တစ်ပါး ဟု ထင်ရသည်၊ စူးစမ်းပါဦးလော့"

ဟု မထေရ်မြတ်ကြားရုံမျှ အသံသဲ့သဲ့ပြု၍ ဇနီးသည်အား စကားအစပျိုး ပြောကြားသည်။

ထိုအခါ ဇနီး သုဇာနတ်သမီးက···

"အရှင်သာလျှင် သွား၍ စူးစမ်းပါလော့"

ဟု ချိုသာစွာ တုံ့ပြန်စကားဆိုသည်။

သိကြားမင်းသည် မထေရ်မြတ်ရှိရာသို့ ချဉ်းကပ်သွားရောက်ပြီးလျှင် မထေရ်မြတ်အား ရိုသေ လေးမြတ်စွာ ရှိခိုး၍ လက်နှစ်ဖက်ဖြင့် ဒူးနှစ်ဖက်တို့၌ ထောက်ကာ ညည်းတွားလျက်···

"အရှင်မြတ်···အဘယ် မထေရ်ဖြစ်လိမ့်မည်နည်း"

ဟု မျက်စိမှုန်သည့်အသွင် နဖူးပြင်ထက် လက်ကိုတင်၍ အထက်မော့ကြည့်ပြီးနောက်···



www.burmeseclassic.com

www.burmeseclassic.com

"ဩော်···အိုမင်းဆင်းရဲလှဘိတကား။ ငါတို့အရှင်ဖြစ်သော အရှင်မဟာကဿပ မထေရ်သည် ကြာမြင့်စွာသော အခါမှ ငါတို့၏ အိမ်တံခါးဝသို့ ကြွလာတော်မူ၏။ အိမ်၌ ဆွမ်းအလို့ငှာ တစ်ခုခုလှူဖွယ်ရာ ရှိပါ၏လော"

ဟု အမယ်အိုအား လှမ်းမေးသည်။

ထိုအခါ အမယ်အိုက တဲအိမ်လေးအတွင်း အတန်ငယ် ဟိုဟိုသည်သည် ရှာဖွေဟန်ပြုပြီးလျှင်···

"ရှိပါသေး၏။ ဆွမ်းအလို့ငှာ လှူဖွယ်ရာ ရှိပါသေး၏"

ဟု အသံတုန်တုန်ယင်ယင်ဖြင့် ပြောသည်။

အဘိုးအိုက···

"အရှင်မြတ်ဘုရား··· ရှန့်ရင်းကြမ်းတမ်း၊ မွန်မြတ်ခြင်းဟူ၍ ကြံစည် နှလုံးသွင်းခြင်းမပြုဘဲ အကျွန်ုပ်တို့အား သနားသောအားဖြင့် ချီးမြှောက်တော်မူပါ ဘုရား"

ဟု လျှောက်ထား၍ သပိတ်ယူရန် လက်ကမ်းသည်။

အရှင်မဟာကဿပ မထေရ်လည်း ပကတိစိတ်၊ ပကတိအမြင်၊ ပကတိ နှလုံးသွင်းမှုဖြင့်သာ ကြည့်ရှု ဆင်ခြင်၍ ဤအဘိုးအို၊ အမယ်အိုတို့ လှူအပ်သော ဟင်းရွက်ပြုတ်၊ ဆန်ကွဲမုန့်ဆုပ်ပင် ဖြစ်စေ၊ ထိုလူမွဲ လူဆင်းရဲတို့အား ချီးမြှောက်အံ့ဟု နှလုံးသွင်းကာ သပိတ်ကို ပေးတော်မူသည်။

သိကြားမင်းသည် တဲအိမ်အတွင်းဝင်၍ ဆွမ်းတို့ဖြင့် သပိတ်ကို ပြည့်စေပြီးလျှင် မထေရ်မြတ်၏ လက်၌ ဆက်ကပ် လှူဒါန်းသည်။ မထေရ်မြတ်မှလည်း လက်ခံ ချီးမြှောက်တော်မူသည်။

သိကြားမင်း လှူသည့်ဆွမ်းကား မွန်မြတ်သော စမဲဟင်းလျာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ရာဇဂြိုဟ်တစ်ပြည်လုံး မွှေးကြိုင်သင်းပျံ့ ရန့်ထုံလျက်ရှိသည်။

သိကြားမင်းကား ဤဆွမ်းလှူဒါန်းရခြင်းကြောင့် မကြုံဘူး၊ မဖြစ်ဘူးသော ပီတိဖြင့် လွှမ်းခြုံခံစားရသည်ဖြစ်၍ ကြည်နူးရွှင်ပျ ဝမ်းမြောက်ရခြင်းအထွဋ်အထိပ်သို့ ရောက်ရှိ မွေ့လျော်ရသည်။

ဘဝ၌ လိုအပ်သော တန်ခိုးတောက်ပမှု ရရှိသဖြင့် ရှေ့ခရီးတွင် နတ်သဘင်၌ ဘုန်းတန်ခိုးကြီးသော နတ်သားတို့နှင့် ကြုံတွေ့ရသော ရှောင်တိမ်း ထွက်ပြေးရခြင်းဒုက္ခမှ ကင်းလွတ်ရ၍ အထူးရွှင်လန်း ဝမ်းမြောက်ခြင်းဖြစ်သည်။

တကယ်တမ်းတွင်မူ သိကြားမင်းသည် မထေရ်မြတ်အား လှည့်စား၍ ဆွမ်းလှူရခြင်းကို နှစ်သက် ရွှင်ပျခြင်း မဖြစ်ရှာပါ။ ဆွမ်းလှူခွင့်ရရန် အခြားနည်းလမ်း မရှိ၍သာ ဤသို့ပြုရခြင်းဖြစ်သည်။ အကယ်၍ ရှင်မဟာကဿပ မထေရ် သိပြီး ခွင့်မလွှတ်လျှင်တော့ သိကြားမင်း မျက်နှာငယ်ရရှာမည်။

◈◈◈

ထို့နောက် ရှင်မဟာကဿပ မထေရ်လည်း အဘိုးအိုတို့ ဇနီးမောင်နှံ လှူဒါန်းသောဆွမ်းအား ဘုဉ်းပေးရင်း အဘိုးအိုကြီးကား ဆင်းရဲ၏။ ဘုန်းကံနည်း၏။ သို့သော် ဆွမ်းမှုကား မွှေးကြိုင်သင်းပျံ့၏။ ဘုန်းကံကြီးမြတ်သူတို့၏ သုံးဆောင်ဖွယ်ရာဖြစ်၏။ သိကြားမင်း ဘောဇဉ်နှင့် တူ၏။ ဤယောကျ်ား အဘိုးအိုအား အဘယ်သို့နည်းဟု အထူးဉာဏ်ဝင်စား၍ ဆင်ခြင်သော် သိကြားမင်းဖြစ်ကြောင်း သိတော်မူသည်။

သို့သော် မထေရ်မြတ်၏ အထူးဉာဏ်ဝင်စားမှုကား နောက်ကျသွားပေပြီ၊ သိကြားမင်းသည် ပရိယာယ်ဖြင့် ဟန်ဆောင်လှည့်စား၍ မထေရ်မြတ်အား အရသာအထူးရှိသော ဆွမ်းဘောဇဉ်တို့ကို ကိုယ်ထိလက်ရောက် ကာယကံမြောက် လှူဒါန်းရာ မထေရ်မြတ်မှ လက်ခံသဖြင့် ဆွမ်းလှူဒါန်းမှု အောင်မြင်ခဲ့ချေပြီ။

ရှင်မဟာကဿပ မထေရ်ကား သိကြားမင်း၏ ထောင်ချောက်အတွင်း အမှတ်မထင် ဝင်မိခြင်းဖြစ်သည်။ ဤ၌ "ပညာရှိ သတိဖြစ်ခဲ"ဟူသောစကား အမှတ်ရဖွယ်ဖြစ်သည်။

မထေရ်မြတ်၏ ရည်ရွယ်ချက်ကား ဆင်းရဲနွမ်းပါးသူတို့အား ချီးမြှင့်ရန်ဖြစ်သဖြင့် အလွန်စင်ကြယ် မြင့်မြတ်သည်။

သို့သော် မထေရ်မြတ်၏ ထိပ်တန်းလျှို့ဝှက် ရည်ရွယ်ချက်ကို သိကြားမင်း၏ အခြွေအရံ နတ်သမီးတို့အား ထုတ်ဖော် မိန့်ကြားမိခြင်းသည် မထေရ်မြတ်၏ ရည်ရွယ်ချက် မအောင်မြင်ရခြင်း၏ အကြောင်းရင်းဖြစ်သည်။

သိကြားမင်းသည် မထေရ်မြတ်၏ ထိပ်တန်းလျှို့ဝှက်သတင်းကို နတ်သမီးတို့ထံမှတစ်ဆင့် သိခွင့်ရခဲ့သည်။ သိကြားမင်းကား ဆင်ခြင်ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံသော ပညာရှိဖြစ်သည်။ နိရောဓ သမာပတ်မှ ထတော်မူသော အရှင်မဟာကဿပ မထေရ်အား ဆွမ်းလှူဒါန်းဆက်ကပ်လိုခြင်းမှာ သိကြားမင်းသည် နတ်သမီးတို့ထက် များစွာလွန်ကဲသည်။

မထေရ်မြတ်သည် သိကြားမင်းဖြစ်ကြောင်း သိလျှင်သိချင်း···

"ဟယ်··· သိကြားမင်း၊ သင်ကား သူဆင်းရဲတို့ ရထိုက်သော စည်းစိမ်ချမ်းသာကို လုယက်ဖျက်ဆီး၍ ငယ်လေးသော အမှုကို ပြု၏။ ငါကား ဆင်းရဲပင်ပန်းသောသူတို့


www.burmeseclassic.com

www.burmeseclassic.com

အား ချီးမြှင့်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယနေ့ ငါ့အား ပေးလှူရသော သူဆင်းရဲသည် စစ်သူကြီးအရာသော် လည်းကောင်း၊ သူဌေးကြီးအရာသော် လည်းကောင်း၊ တစ်ခုခု မလွဲကေန် ရရှိအံ့တည်း"

ဟု မိန့်မြွက်ကာ သိကြားမင်းအား ပြစ်မှုကျူးလွန်သူ အဖြစ် ရွတ်ချကာ ပြစ်တင်ကြိမ်းမောင်းသည်။ ထိုအခါ သိကြားမင်းက…

"အရှင်မြတ်ဘုရား… တပည့်တော်ကား အလွန်ဆင်းရဲပါသည်။ တပည့်တော်အောက် ဆင်းရဲသူဟူ၍ ရှိအံ့မထင်ပါ ဘုရား"

ဟု လျှောက်ထားသည်။ ဤတွင် မထေရ်မြတ်က -

"သင် သိကြားမင်း၊ နတ်ပြည်မှာ နတ်မင်းစည်းစိမ် ချမ်းသာ ခံစားရပါလျက် ဆင်းရဲရသလော"

ဟု မေးမြန်းသည်။ သိကြားမင်းက…

"အရှင်မြတ်ဘုရား… နတ်မင်းစည်းစိမ် ခံစားရသော်လည်း တပည့်တော်ကား ဗုဒ္ဓမပွင့်မီ သာသနာပအခါ၌ ကုသိုလ်ကောင်းမှု ပြုခဲ့ခြင်းဖြစ်၍ ဘုန်းတန်ခိုးမကြီးပါ ဘုရား။ ဗုဒ္ဓပွင့်ချိန် ကုသိုလ်ကောင်းမှု ပြုခဲ့ကြရသော စူဠရထ၊ မဟာရထ၊ အနေကဝဏ္ဏ နတ်သားတို့သည် တပည့်တော်၏ အနီး၌ ဖြစ်ပေါ် တည်ရှိကြပါသည်။ တပည့်တော်ထက် လွန်စွာ တန်ခိုးအာနုဘော်ကြီးကြပါသည်။ ထိုနတ်သားတို့ နက္ခတ်သဘင် ကစားရန် အခြွေအရံတို့နှင့် ခရီးလမ်းမ ထွက်ကြသည့်အခါ တပည့်တော်ကား ထွက်ပြေး၍ နေအိမ် ဘုံဗိမာန်အတွင်း ဝင်ရောက် ပုန်းခိုနေရပါသည်။ ထိုနတ်သားတို့ကိုယ်မှ ထွက်သော အရောင်အလင်းတို့၏ လွှမ်းမိုး ဖိစီးခြင်း ခံရပါသည်။ တပည့်တော်၏ တန်ခိုးအရောင်အလင်းတို့သည် ထိုနတ်သားတို့အား မလွှမ်းမိုးနိုင်ပါ။ သို့အတွက် အလွန်ဆင်းရဲဒုက္ခ ခံစားရပါသည်။ ထို့ကြောင့် တပည့်တော် အောက် ဆင်းရဲပင်ပန်းသူဟူ၍ မရှိနိုင်ပါ ဘုရား"

ဟု လျှောက်ထားသည်။ ထိုအခါ မထေရ်မြတ်သည်-

"ဒါယကာ သိကြားမင်း၊ ထိုသို့ဖြစ်သော်လည်း နောင်အခါ ငါ့အား ဤသို့ လှည့်စား၍ မလှူလင့်"

ဟု မိန့်ကြားတော်မူသည်။

ဤတွင် သိကြားမင်းက…

"အရှင်မြတ်ဘုရား… အရှင်မြတ်တို့အား လှည့်စား၍ လှူသဖြင့် ကုသိုလ်ရရှိအံ့လော၊ မရရှိအံ့လော ဘုရား"

ဟု လျှောက်ထားပြန်သည်။

"ကုသိုလ်ကား ရရှိပါ၏"

ဟု မထေရ်မြတ်မှ မိန့်ဆိုသည်ရှိသော်…

"ကုသိုလ်ပြုမှုကား ဒါယကာ၏ တာဝန်ပါ ဘုရား"

ဟု လျှောက်ထားပြီးလျှင် သိကြားမင်းသည် နှစ်သက်ခြင်းပီတိတို့ဖြင့် တစ်ကိုယ်လုံး လွှမ်းခြုံ ခံစားရလျက် ကြင်ယာတော် မိဖုရား သုဇာနှင့်အတူ ရှင်မဟာကဿပ မထေရ်မြတ်အား လက်ယာရစ် လှည့်လည် ရှိခိုးပူဇော်ပြီးနောက် ကောင်းကင်သို့ လုမ်းကြွ ပျံတက်ကာ…

**"အဟောဒါနံ ပရမဒါနံ ကဿပေ၊ သုပတိဋ္ဌိတံ"**

"ဒါနံ - ငါ၏ ဆွမ်းအလှူသည်၊ ပရမဒါနံ - မြတ်သော အလှူဒါနဖြစ်ပေစွတကား။ ကဿပေ - နိရောဓ သမာပတ်မှ ထတော်မူသော အရှင်မဟာကဿပ မထေရ်မြတ်ကြီး၌၊ သုပတိဋ္ဌိတံ - ကောင်းစွာ တည်လတ်ပြီဖြစ်၍၊ အဟော- အံ့ချီးဖွယ်အလှူ၊ စင်ဖြူစာဂ၊ မြတ်ဒါနဖြစ်ရပြီတကား"

ဟု ဥဒါန်းကျူးရင့်သည်။

◈◈◈

ဤတွင် ခဲရာခဲဆစ် လှူဒါန်းရသော "သိကြားမင်း၏ ဆွမ်းအလှူတော်"ကား အံ့ဖွယ်ထူးခြား ထင်ရှားပေါ်လွင် အောင်ပွဲဆင်ခဲ့ပါပြီ။

ဤဆွမ်းလှူရ၍ ဝမ်းမြောက်စွာ ကျူးရင့်သော သိကြားမင်း၏ ဥဒါန်းကျူးရင့်သံသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဝယ် ဝေစည်သံလွင် ပဲ့တင်ထပ်မျှ လွှမ်းပက်သွားလေသည်။

ယခု တာဝတိံသာ နတ်ပြည်သို့ ပြည်တော်ပြန်ခရီးကား သိကြားမင်း၏ ပြည်တော်ဝင် အောင်ပွဲခရီးဖြစ်သည်။ ပုန်းလျှိုကွယ်လျှိုး လျှို့ဝှက်၍ မဝင်ရ။ တန်ခိုးအရှိန်အဝါတောက်ပစွာဖြင့် ခမ်းခမ်းနားနားဝင်ရခြင်းဖြစ်သည်။ တန်ခိုးကြီးသော နတ်သားတို့နှင့် တွေ့ကြုံရလျှင်လည်း ငွက်ပြေးရန်၊ ကြောက်ရွံ့ရန်၊ ပုန်းကွယ်ရန် မလိုဘဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သော ဘဝရခဲ့ပြီ။

အကယ်၍ တာဝတိံသာနတ်သဘင်တွင် "အရှင်မဟာကဿပ မထေရ်အား ဆွမ်းအလှူဆင်နွှဲ၍ အောင်ပွဲ သရဖူ အောင်လံထူသော သိကြားမင်း"ဟု ကြွေးဝါးလျှင်မူ လူ့ပြည် ကပင် ကြားရလိမ့်မည်တည်း ■

* * *

စိတ်မိုး

ကျမ်းကိုး-

- မဟာကဿပတ္ထေရပဝိဏ္ဍပါတိဒိန္န ဝတ္ထု၊ ဓမ္မပဒ (၄-၁)။




www.burmeseclassic.com

www.burmeseclassic.com

# ဆင်ဖြူကျွန်းရိပ်သာ နှင့် နတ်တံခါးတောရကျောင်း

■ ဗေဒသုတေသီ ဆရာမျိုး ■



စာရေးသူ၏ "ရွှေဟသာမှသည် စစ်ခံဆီသို့"ဆောင်းပါး မဂ္ဂဇင်း၌ ပါရှိလာသောအခါ စစ်ခံတောင် တောရကျောင်းမှ ဦးပညာသာမိ (ဦးဇင်း ကိုတွတ်)မှ အောက်ပါအတိုင်း အမိန့်ရှိလာပါလေ၏။

"ဒကာကြီး ဦးမျိုး... ကျုပ်တို့ရွာက ဆင်ဖြူကျွန်း ဆရာတော်ကြီးနဲ့ နတ်တံခါးကျောင်းအကြောင်းကိုလည်း အများကြည်ညို သဒ္ဓါပွားနိုင်အောင် ရေးဖွဲ့ ပူဇော်ပေးပါဦး"

သို့ဖြစ်ပါ၍ ဦးပညာသာမိနှင့် စာရေးသူတို့သည် နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စုတွင် ရှိသော သုဝဏ္ဏဘူမိ ဇေတဝန် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်(ဆင်ဖြူကျွန်းရိပ်သာ)သို့ ရောက်ရှိခဲ့ကြရပါလေ၏။ ဆင်ဖြူတော်နှစ်ကောင် က,သော အဝင်မုခ်ဦးကြီးမှာ လုပ



www.burmeseclassic.com


www.burmeseclassic.com





တင့်တယ်လှပါပေစွ။ ဆင်ဖြူကျွန်းရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော်မှာ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘဏ သက်တော် (၈၂)နှစ်၊ ဝါတော် (၆၂)ဝါဖြစ်ပါလေ၏။ ဆင်ဖြူကျွန်းရိပ်သာကို မူလဆရာတော် ဦးစန္ဒိမ(သထုံ) မှ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်နေ့တွင် စတင် တည်ထောင်ပါသည်။ ၁၀နှစ် ကျောင်းထိုင်ပြီး ၁၃၃၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်နေ့တွင် ဆရာတော် ဦးစန္ဒိမ ပျံလွန်တော်မူသောအချိန်မှစ၍ လက်ရှိ ဆရာတော် ဦးသောဘဏမှ ဤဓမ္မရိပ်သာကို ဆက်လက်တာဝန်ယူခဲ့ပါသည်။


ဆရာတော်လောင်းလျာကို ၁၂၉၃ ခုနှစ်၊ ကဆုန်လဆန်း ၂ရက်၊ သောကြာနေ့တွင် နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဝဲကြီးအုပ်စု၊ ဝဲကြီးကျေးရွာတွင် ခမည်းတော် ဦးစာရံ+မယ်တော် ဒေါ်အေးမယ်တို့မှ ဖွားမြင်ပါသည်။ သားသမီး ၅ဦးတွင် စတုတ္ထမြောက် သားရတနာဖြစ်၏။ အသက် ၁၂နှစ်သားအရွယ်၊ ဂျပန်ခေတ်၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်နေ့တွင် ဝဲကြီးကျောင်းဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟာဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၁၄ ခုနှစ်မှ စတင်၍ နေပြည်တော် ပျဉ်းမနားမြို့ ရွာတော်မြောက်ကျောင်းတွင် ၅နှစ်တိတိ ပညာသင်ကြားခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



၁၃၁၉ ခုနှစ်၊ ရဟန်း ၇-ဝါရသောအခါ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ နတ်တံခါးတောရ ကျောင်းသို့ ပြောင်းရွှေ့ပြီး ကမ္မဋ္ဌာန်းနည်းနာများကို သင်ကြားခဲ့သည်။ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်နေ့တွင် ဆရာဖြစ်သော ဘဒ္ဒန္တ စန္ဒရနှင့်အတူ ဤ "သုဝဏ္ဏဘူမိ ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် (ဆင်ဖြူကျွန်းရိပ်သာ)"ကို တည်ထောင်ခဲ့၏။

ဆင်ဖြူကျွန်းဟု ခေါ်ဆိုအပ်သော ဤသာသနာ့ရိပ်သာသည် နေပြည်တော် တပ်ကုန်းမြို့မှ တောင်ဘက် ၁၂မိုင်အကွာ၊ ဆင်ဖြူကျွန်းဘူတာတောင်ဘက် သံလမ်း၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ ကျောင်းမြေကေ (၁.၆၅)ကေအား ကျောင်းဒါယကာ ဦးပုံ + ကျောင်းအမ ဒေါ်အေးမြတို့မှ ၁၃၂၂ခုနှစ်တွင် လှူဒါန်းခဲ့ပြီး၊ ဒုတိယအကြိမ် မြေ(၁.၂၅)ကေအား မန္တလေး-စေ့းချို "မိတ်မေတ္တာ ခြင်ထောင်လုပ်ငန်း" ပိုင်ရှင် ဦးသန်းထွန်း+ဒေါ်ကြည်ကြည်တို့မှ ထပ်မံလှူဒါန်းခဲ့ပါသည်။

ဆရာတော်ကြီးက အောက်ပါအတိုင်း ရှင်းလင်းမိန့်ကြားပါသည်။


"ဒီကျောင်းတိုက်မှာ မင်းကွန်းနည်းကို ကျင့်သုံးပြီး တစ်ချိန်လျှင် ၂နာရီနှုန်းနဲ့ တစ်နေ့ ၈ကြိမ် ထိုင်ရပါတယ်။ ဘုန်းကြီးကိုယ်တိုင် တာဝန်ယူ တရားပြပါတယ်။ ဒီနှစ်နောက်ဆုံး စာရင်းအရ ယောဂီဦးရေ (၂၉၂၆၉)ဦး ဖြစ်ပါတယ်။ ဒီမှာ သာသနာ့အဆောက်အအုံပေါင်း (၁၅၀) ရှိပါတယ်။ ယောဂီတစ်ဦးစာ အဆောင်ပေါင်းက (၁၄၀) ရှိပါတယ်။ ကျောင်းမှာ သံဃာ ၃၄ပါး ရှိပါတယ်။ အဂ္ဂမဟာကမ္မဌာနာစရိယဘွဲ့ကို ၂၀၀၃ ခုနှစ်မှာ ရရှိခဲ့တာပါ။ ကျောင်းစ,တည်တဲ့ ဒကာကတော့ ပုဇွန်ဆိတ်အုပ်စု၊ သံပုရာကုန်းကျေးရွာက ဦးလော့+ဒေါ်ပုံဖြစ်ပါတယ်။

ကျောင်းမှာ ယောဂီ စောင့်ရှောက်ရေးအကျိုးဆောင်အဖွဲ့အနေနဲ့ ဥက္ကဋ္ဌ(၁) ဦးသိန်း(အောင်ဇေယျ)၊ ဥက္ကဋ္ဌ(၂) ဦးချစ်(ကျောင်းကုန်း)၊ ဥက္ကဋ္ဌ(၃) ဦးလှသိန်း(ရွာသစ်)၊ အတွင်းရေးမှူး ဦးမြအောင်(ရွာသစ်)၊ ထောက်ပံ့ရေး(၁) ဦးတင်မောင်(ဘုရင့်နောင်)နဲ့ ထောက်ပံ့ရေး(၂) ဦးမြဝင်း(ကျောင်းကုန်း) တို့ ဦးဆောင်ပါဝင်တဲ့ အဖွဲ့ဝင် ၂၀ ဦးဖြစ်ပါတယ်။ ကျူပ်င်းနှစ်သားအရွယ်လောက်က ရွာအရှေ့ဘက် ဆင်သေချောင်းမှာ မနက် ၇နာရီလောက်က ရေကစားရင်း ဝဲထဲမှာ နစ်မြုပ်သွားခဲ့တယ်။ နေ့လယ် ၁၂နာရီလောက်မှ ဝင်ပြန်ရွာက ဦးပေါ်လေးက ပြန်လည်ဆယ်ယူခဲ့တယ်။ တစ်ညနေးပုံး သတိ




www.burmeseclassic.com

www.burmeseclassic.com



သစ်နေခဲ့တာ နောက်တစ်နေ့နံနက် ဇနာရီကျမှ အသက်မသေဘဲ သတိပြန်လည်လာခဲ့ပါတယ်။ ကျုပ်က လောက,ဂါထာတွေကို မရွတ်ဘူး။ ပရိတ်ကြီးနဲ့ မေတ္တာသုတ်ကိုပဲ ရွတ်ပါတယ်။ နှစ်စဉ် တန်ခူးလတိုင်း သိင်္ကြာထပ်ပွဲရှိပါတယ်။ နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း မွေးနေ့ပွဲ ကျင်းပပါတယ်။ တပို့တွဲလပြည့်နေ့တိုင်း ထမနဲပွဲ ကျင်းပပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပွဲကြီး ကျင်းပပါတယ်။ တရားနိုပ်သာကို တစ်နှစ်ပတ်လုံး အချိန်ပြည့် ဖွင့်ထားပါတယ်။ နတ်တံခါးကျောင်းက ကျုပ်တို့ ကျောင်းသားအရွယ်ကတည်း





က ရှိတာဆိုတော့ ဒီကျောင်းထက် ဝါရင့်ပါတယ်။ ပထမဆရာတော် ဦးကုမာရဖာ ၁၃၁၆ ခုနှစ်မှာ ကင်းသာကနေ နတ်တံခါးမှာ ကျောင်းထိုင်ပြီး ဘုရားတည်ခဲ့ပါတယ်။ ကဲ-ကိုတွတ်က စာရေးဆရာကြီးကို ကျောင်းဝင်းထဲ လိုက်ပြပေးလိုက်ပါဦး"


ဦးပညာသာမိက ရှေးဦးစွာ ဆရာတော်ကျောင်းရှေ့မှ အလှူရှင် ကမ္ပည်းကျောက်စာတိုင်များကို ပြသပေးပါတယ်။ ထို့နောက် မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းထားပေသော သိမ်တော်ကြီးကို တွေ့မြင်ရပါလေ၏။ ထို့နောက် မျက်နှာချင်းဆိုင်တွင် ရှိသော အဂ္ဂဆောင်အတွင်း





www.burmeseclassic.com

www.burmeseclassic.com



မှာ မြတ်စွာဘုရားရှင်မှ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာ တရားဦး ဟောကြားဟန်နှင့် မူလ ဆရာတော်ကြီး ဦးစန္ဒရ ပုံတော်တို့ကို ဖူးမြော်ရပါသည်။ ထို့နောက် ကျောင်းဝင်းအတွင်းမှ စိုက်ပျိုးပင်များကို လှည့်လည် ကြည့်ရှုပါသည်။ ယောဂီကျောင်းများသည် အတန်းလိုက်ရှိပြီး တစ်ဖက်တစ်ချက် မျက်နှာမူ၍ ဆောက်လုပ်ထားသည်။ အလယ်တည့်တည့်မှ စကြံလမ်းသည် အုတ်ခင်းလမ်းဖြစ်၍ ဆရာတော်ကြီးကျောင်းသို့ တစ်ဆက်တည်းပေါက်သည်။ အစားအစာ သီးပင်များနှင့် သစ်ပင်ပန်းပင်များကို လမ်းဘေးဝဲယာ၌ ဖူးပွင့်ဝေဆာ တင့်တယ်လှပစွာ တွေ့မြင်ရသည်။ ထပ်မံ၍ ရှာမှ ဝိဝိတ္တဒါန အဖြစ် လာလှူတ်ကြသော ငါးမွေးကန်နှင့် အကျိုးဆောင် ရဟန်းတော်များကို ဓာတ်ပုံမှတ်တမ်းတင်ဖြစ်ပါသည်။

"ကဲ - ဒကာကြီး၊ ကျုပ်တို့ တရားစခန်းကို လေ့လာကြဦးစို့"

တရားထိုင် ဓမ္မာရုံကို တပ်ကုန်းမြို့ ဗိုလ်မင်းရောင် ရပ်ကွက် ဦးဖိုးစိန်+ဒေါ်ပြုံးတို့ကို အမှူးထား၍ သမီးများဖြစ်ကြသော ဘေဘီနွဲ့၊ ဘေဘီလှ၊ ခင်စန်းရီတို့၏ ကောင်းမှုအဖြစ် ၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လ၊ (၁၀-၁၀-၉၇)က လှူဒါန်းထားခြင်းဖြစ်ပါသည်။ သုဝဏ္ဏဘူမိ ဇေတဝန် ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆင်ဖြူကျွန်းရိပ်သာ ယောဂီစောင့်ရှောက်ရေးအဖွဲ့၏ ဩဝါဒ စရိယ ဆရာတော်ကြီးများကတော့ . . .

(၁) ဦးပညာသီရိ (ငွေတောင်တောရ စာသင်တိုက်)၊

(၂) ဦးစန္ဒာသီရိ (ရွာသစ်ရွာဦးကျောင်း)၊

(၃) ဦးအာဒိစ္စဝံသ (ဝဲကြီးကျောင်း). . .တို့ ဖြစ်ကြပြီးလျှင် ပဓာန နာယက ဆရာတော်မှာ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဦးသောဘဏ ဖြစ်ပါလေ၏။

ထို့နောက် နံနက်စာ စားသုံးကြပြီးလျှင် ဆရာတော်ကြီးအား ထပ်မံ ပူဇော်၍ ဩဝါဒ ချီးမြှင့်ပေးသနားပါရန် လျှောက်ထား တောင်းပန်လေသောအခါ အောက်ပါအတိုင်း မိန့်တော်မူပါလေ၏။

"တရားကျင့်တဲ့အခါမှာ -

(၁) တရားပြ ဆရာသမားကို ဆည်းကပ်ရမယ်။

(၂) ဟောတဲ့ တရားကို နာခံ မှတ်သားရမယ်။

(၃) ရုပ်နာမ်နှစ်ပါး ပရမတ္ထတရားကို နှလုံးသွင်းရမယ်။

(၄) ပြီးရင် မြင်အောင်ကြည့်ရမယ်။

(၅) လူဖြစ်သော်လည်း မမြတ်သေး၊ ရဟန်းဖြစ်သော်လည်း မမြတ်သေး၊ ဝိပဿနာတရားကို တစ်ရက်မျှ အား



www.burmeseclassic.com

www.burmeseclassic.com

ထုတ်လျှင် မြတ်တယ်။

ဒကာကြီး…အသေးစိတ် အချက်အလက်တွေကို အကျယ်လေ့လာချင်ရင် ဒီစာအုပ်မှာ ကြည့်ပါ"


ဆရာတော်ကြီး ချီးမြှင့်တော်မူသော စာအုပ်ကို ဖတ်ရှုလေ့လာရသောအခါ ဆရာတော်ကြီး၏ မိန့်တော်မူချက် ဆိုလိုရင်းကို ထပ်မံ နားလည်သဘောပေါက်ပြီးလျှင် ဆရာတော်ကြီး ဦးသောဘဏ အရှင်သူမြတ်အား လေးစားရိုသေမြတ်နိုးစွာဖြင့် ဂါရဝပြု ကန်တော့ပန်းဆင်မိပါလေ၏။


◈◈◈


**ယော စ ဝဿ သတံ ဇီဝေ၊**
**အပဿံ ဥဒယ ဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊**
**ပဿတော ဥဒယဗ္ဗယံ။**

(အနှစ် ၁၀၀-ကျော်အောင် နေရပေမယ့် ရုပ်နာမ်ဖြစ်ပျက်တွေကို မသိဘဲ၊ တုံးလုံးပက်လက် အသက်ထွက်ပြီး သေရမယ်ဆိုရင် လူဖြစ်ရကျိုးမနပ်သေးဘူး။ တစ်နေ့တစ်ရက်၊ တစ်ဗီဇ၊ တစ်ခဏမျှ ရုပ်နာမ်ဖြစ်ပျက်တွေကို သိပြီး သေရမယ်ဆိုရင် လူဖြစ်ကျိုးနပ်တယ်။ သေရကျိုးနပ်တယ်။)

**အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊**
**ကောဇညာ မရဏံ သုဝေ။**







**န ဟိ နော သင်္ဂရံ တေန၊**
**မဟာသေနေန မစ္စုနာ။**

(သေခြင်းတရားသည် ယနေ့လား၊ မနက်ဖြန်လား အချိန်းအချက်မရှိ၊ သူ ရောက်လာချင်တဲ့အခါ ရောက်လာလိမ့်မည်။)

**ကျေးငှက်ရှင် ဆရာတော်ကြီး၏ ဩဝါဒ ကထာ ကောက်နုတ်ချက်များ**

(၁) အားကိုးမများစေနဲ့၊ မိမိကိုယ်ကို အားကိုးရမယ်။

(၂) ခန္ဓာရှိနေသရွေ့ အမြဲတမ်း ဆင်းရဲနေမှာပဲ။ ဆင်းရဲတွင်းက လွတ်ဖို့ တရားအားထုတ်ပါ။

(၃) ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် တရားအားထုတ်ရမယ်။ အားထုတ်ခွင့်ကြုံတုန်း အားထုတ်ရမယ်။ သာသနာပပြီဆိုတော့ ဝိပဿနာနဲ့ တွေ့ရမှာမဟုတ်။ ဒီတော့ ကိုယ်နစ်နာမယ်။

(၄) တရားအားထုတ်ဖို့ မအားဘူး…မအားဘူးလို့ ပြောကြပေမယ့်၊ သေချိန်ကျလာလို့တော့ မသေချင်ဘူးလို့ ပြောလို့ မရ။ မအားဘူးလို့ ပြောလို့ မရပေ။


(၅) မိမိစိတ်ကို မိမိဆုံးမနေဖို့ လိုတယ်။ မိမိစိတ်ကို ဆုံးမနေတဲ့လူဟာ မိမိကိုယ်ကို စောင့်ရှောက်နေသလို၊ လောကကြီးကိုလည်း စောင့်ရှောက်ပြီးသားဖြစ်တယ်။

(၆) တချို့က တရားအားထုတ်ရမှာကို ကြောက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာမလိုဘူး။ အားထုတ်ကြည့်စမ်းပါ။ အားမထုတ်ဘဲ ကြောက်တယ်လို့ ပြောတော့ တရားကို ပယ်ရာရောက်တယ်။ မဟုတ်တာ လုပ်ရမှာကိုပဲ ကြောက်ကြပါ။

(၇) လောကီချမ်းသာက တစ်ဘဝ တစ်နပ်စာ၊ လောကုတ္တရာချမ်းသာကမှ တစ်သံသရာလုံး အေးမှာ။ တစ်ဘဝ၊ တစ်နပ်စာ မလုပ်နဲ့။ တစ်သံသရာစာ လုပ်ကြပါ။

(၈) မကောင်းတာ လုပ်ရတာသာ ကြောက်ရမှာ၊ ကောင်းတာ လုပ်တာ ကြောက်စရာမလိုဘူး။ မကောင်းတာတောင် ရဲရဲလုပ်ရဲရင်၊ ကောင်းတာလုပ်တာ ဘာမလုပ်ရဲစရာရှိသလဲ။

(၉) လူတွေဟာ ကိုယ့်အတွက်လိုလိုနဲ့ သူများအတွက်လုပ်နေကြတာ။ ကိုယ့်အတွက်ကိုကျတော့ မလုပ်ချင်ကြဘူး။ ကိုယ့်အတွက် ကိုယ်လုပ်ရင် တရားအားထုတ်ပါ။ ကိုယ့်အတွက် ကိုယ်သာပူ၊ သူများအတွက် မပူနဲ့။

**ဒိဋ္ဌိမှော်ဝင် ရန်အောင်မြင် ပရမတ်ကို မြင်ပြီလား**

(၁) ငါစွဲ အတ္တ မသတ်ကြဘဲ၊ ဒါနလောကသာ လျှုဒါန်းကာဖြင့်၊ လေးရွာအပါယ် အေးပါတယ်ဟု၊ ခင်တွယ် အားရမနေကြနဲ့။

(၂) ငါစွဲအတ္တ မသတ်ကြဘဲ၊ သီလလောကသာ လျှုဒါန်းကာဖြင့်၊ လေးရွာအပါယ် အေးပါတယ်ဟု၊ ခင်တွယ် အားရမနေကြနဲ့။

(၃) ဒိဋ္ဌိကိလေ သိမချေဘဲ၊ စာပေပညာ တတ်သိကာဖြင့်၊ လေးရွာအပါယ် အေးပါဟယ်ဟု၊ ခင်တွယ် အားရမနေကြနဲ့။

(၄) ဒိဋ္ဌိလုံ့မီး သတ်မပြီးဘဲ၊ တောကြီးရိပ်သာ ဝင်နေကာဖြင့်၊ လေးရွာအပါယ် အေးပါတယ်ဟု၊ ခင်တွယ် အားရမနေကြနဲ့။

(၅) ဒိဋ္ဌိမသတ် သမာပတ်ကို၊ မပြတ်ဖန်ခါ ဝင်စားကာဖြင့်၊ လေးရွာအပါယ် အေးပါတယ်ဟု၊ ခင်တွယ် အားရမနေကြနဲ့။

(၆) အောက်အောက်အရိယာ ဖြစ်ရုံသာဖြင့်၊ သံသရာဘေးပြယ်အေးပါတယ်ဟု၊ ခင်တွယ် အားရမနေကြနဲ့။

(၇) တရားဆိုတာ ကိုယ်ထဲသာမို့၊ ကိုယ်မှာ တည်တည့်ဉာဏ်ဖြင့်ကြည့်က၊ ဖြစ်သမျှ ဓာတ်ပရမတ်ကို အတတ်ထင်ထင် တွေ့မြင်လျှင်ဖြင့်၊ လေးအင်အပါယ်လွတ်ပြီတဲ့။

◈◈◈

ထို့နောက်တစ်ဖန် ဦးပညာသာမိမှ ဆရာတော်ကြီးမူလ သီတင်းသုံးခဲ့သော နတ်တံခါးတောရကျောင်းသို့ လိုက်လံ ပို့ဆောင်ပေးပါလေ၏။ နတ်တံခါးတောရကျောင်းသည် ဆင်ဖြူကျွန်းဘူတာအနောက်ဘက် တစ်မိုင်အကွာတွင် တည်ရှိပြီး နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးအုပ်စုတွင် ပါဝင်သော ဆင်ဖြူကျွန်းရိပ်သာ၏ ကျောင်းခွဲဖြစ်ပါလေ၏။ ကျောင်းသို့သွားရာ သီးခြားလမ်းမရှိဘဲ၊ ဘူတာအနောက်ဘက်မှ ၂ဖာလုံအကွာ စိုက်ခင်းများကို ဖြတ်သန်း၍ ရွှံ့ထဲဗွက်ထဲတွင် နာရီဝက်မျှ ရုန်းကန်ခဲ့ရပါလေ၏။ ထိုမှတစ်ဖန် တောင်ကုန်းမြင့်ပေါ်သို့ တက်ရောက်ခဲ့ရပေသည်။ ကျောင်းထိုင်ဆရာတော်မှာ ဦးကောသလ္လဖြစ်၍ သက်တော် ၇၆နှစ်၊ ဝါတော် ၁၆ဝါဖြစ်ပြီး ဤကျောင်းတိုက်၏ စတုတ္ထမြောက်ကျောင်းထိုင်ဆရာတော်ဖြစ်ပေသည်။ စာရေးသူတို့ ရောက်ရှိသွားချိန်တွင် ကျောင်းထိုင်ဆရာတော်ကြီးအား မဖူးမြင်ခဲ့ရဘဲ၊ သက်တော် ၅၅နှစ်ရှိ ခန်းနေ ဆရာတော် ဦးဩဘာသနှင့်သာလျှင် တွေ့ဆုံရပေသည်။ ဦးဩဘာသ၏ ကျောင်းဆောင်ဒါယိကာမမှာ ဒေါ်အေးသာ ဖြစ်ပါသည်။

နတ်တံခါးတောရကျောင်းကို ပထမ မူလ ဆရာတော်






www.burmeseclassic.com


www.burmeseclassic.com

ဦးကုမာရမှ ၁၃၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဒုတိယ ဆရာတော်အဖြစ် ဦးနုရိန္ဒ သီတင်းသုံးခဲ့၍ တတိယ ဆရာတော်မှာ လက်ရှိ ဆင်ဖြူကျွန်းရိပ်သာ ဆရာတော် ဦးသောဘဏ ဖြစ်၏။ ရှေးအခါက နတ်တံခါးတောရကျောင်း ၏ အရှေ့မြောက်အရပ်တွင် ဒခင်းပတ်လက်အင်း၊ အိုင် ပြောက်အင်းနှင့် အရှေ့ဘက်တွင် သင်နီးအင်းဟူ၍ အင်းသုံး အင်းရှိပေရာ၊ အဆိုပါ အင်းသုံးအင်းစလုံး ရေဆက်အောင် ပြည့်သွားလျှင် သုံးနှစ်တစ်ကြိမ်ကျ မြွေနဂါးကြီးပေါ်လာသည် ဟူ၍ အယူရှိပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဤဒေသ ကို နတ်နဂါးကြီးက တာဝန်ယူ စောင့်ရှောက်သဖြင့် "နတ် နဂါးတောင်" ဟူ၍လည်း ခေါ်ဆိုကြပေသည်။

ယင်း အင်းနေရာများတွင် ယခုအခါ ကြခင်းနှင့် စပါး ပဲ၊ နှမ်း၊ ပြောင်းစိုက်ခင်းများကို တွေ့မြင်ရပေသည်။ ၎င်း နတ်နဂါးကြီး ထွက်ပေါ်ရာ နေရာတွင် နတ်နဂါးစေတီကို တည်ထားခဲ့ပေသည်။ နတ်နဂါးဘုရားကျောင်းဝိုင်း ပရဝဏ် ဧရိယာသည် ၅ဧကခန့် ကျယ်ဝန်းပေသည်။ တောင်ကုန်းပေါ် သို့အတက် အဝင်လမ်းထိပ်တွင် ဆရာတော်များ တရား ထိုင်သော လိုဏ်ဂူတိုက်ငယ်ကို စတင်တွေ့ မြင်ရသည်။ ထိုမှ အရှေ့ဘက်တွင် နိမိတ်ကြီးလေးပါး ရုပ်ထုများကို တွေ့မြင်ရသည်။ ၎င်း၏ ရှေ့တွင် ဗုဒ္ဓဂယာမှ ဗောဓိပင်အစစ် အား မျိုးပွားထားသည်ကို တွေ့မြင်ရ၏။ ၎င်း၏ အရှေ့ဘက် တွင် ဗောဓိပင်စေတီတော်သည် ဂူအထက် ဉာဏ်တော် ၁၀ တောင်ရှိ၍ မြေမှ ၁၈တောင်အမြင့်ရှိသည်။ ရှေးခေတ် လက်ရာဖြစ်၍ ထီးတော်မှာ သဘာဝဘေးဒဏ်ကြောင့် ဖောင်း ရစ်မှ ပြုတ်ကျခဲ့သည်ကို ဝမ်းနည်းစွာ ဖူးမြော်ရပေ၏။ ဗောဓိ ပင်စေတီတော်အတွင်း၌ လျောင်းတော်မူ ရုပ်ပွားတော်ငယ် နှင့် ထူးခြားသော တောင်ဘိုကို တွေ့မြင်ရ၏။

နတ်တံခါးကျောင်းတွင် သီတင်းသုံးတော်မူကြသော ရဟန်းနှစ်ပါးနှင့် ကိုရင်ကြီးနှစ်ပါးတို့အား မူလ ဆရာတော်





ဦးကုမာရလက်ထက်ကတည်းက တည်ရှိသော သံပုရာကုန်း ရွာမှ ဒေါ်အေးတင်နှင့် သားသမီးများမှ တည်ဆောက်လှူဒါန်း ထားသည့် လေးပင် ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး၊ ရေကျောင်း တော်ကြီးနှင့်အတူ ဓာတ်ပုံမှတ်တမ်းတင်ဖြစ်ပါသည်။ ကျောင်း မှ ဆက်လျှောက်လှမ်းသောအခါ ဉာဏ်တော် သံတောင် ၂၀ ရှိသော ရုပ်တော်မူဘုရားကြီး သီတင်းသုံး စံမြန်းရာ ကျောင်းတော်ရာကို မြဝတီရပ်ကွက်မှ ဒေါ်အေးသာ၏ အလှူ အဖြစ် ဖူးမြော်ရပါသည်။ ဘုရားကြီးမှ ဒေသစာရီ ကြွချီဟန် ဖြစ်ပြီးလျှင် အလွန်တရာ သပ္ပာယ်၍ ဉာဏ်တော်မြင့်မားလှ ပေရာ၊ အာရုံခံ ကျောင်းတော်၏ အမိုးနှင့် ထိလုနီးပါးရှိနေ ပေရာ စာရေးသူမှာ ကျဉ်းမြောင်းလှသော နေရာအကွက် အကွင်းတွင် ရုပ်ပွားတော်မြတ်ကြီး ကိုယ်လုံးတော်အပြည့် ပါဝင်နိုင်ရန်အတွက် ကြိုးစားပမ်းစား ရိုက်ကူးခဲ့ရပေ၏။ ဘုရားရှင်၏ ရှေ့မှောက်၌ အလုပ်အကျွေးအဖြစ် ညီတော် အာနန္ဒာပုံတော် ရှိသည်။

ထိုမှ ရှေ့ဆက်လျှောက်သော် ရှေးနှစ်ပေါင်း ၇၀ ကျော် ကတည်းက တည်ရှိခဲ့သော ရှေးဟောင်း ဇရပ်ကြီးနှင့် ပြည့် လုံးချမ်းသာစေတီတော်ကို ဖူးမြင်ရပါသည်။ ဇရပ်အလှူရှင် မှာ သရက်ပင်ကျေးရွာမှ ဦးမြမောင် ဖြစ်ပါသည်။ ၎င်း၏ အရှေ့ဘက်ကပ်လျက်တွင် စက်လက္ခဏာ အပြည့်အစုံပါရှိ သော ဗုဒ္ဓခြေတော်ရာကို လူနတ်ဗြဟ္မာ သတ္တဝါအများက ဖူးမြော်ပူဇော်နေဟန် ဖြစ်ပေသည်။ ၎င်း၏ ရှေ့တွင် ဆု တောင်းပြည့်စေတီတော်၊ တောင်ပိုင် နတ်နန်းနှင့် အစောင့် အရှောက် ပုဂ္ဂိုလ်တို့ကို တွေ့မြင်ရပေသည်။ ၎င်း၏ ရှေ့တွင် ဓာတ်သုံ့ည တံခွန်တိုင်နှင့် ဥ ၊တီတော်ကို ၁၉၈၅ ခုနှစ်က တည်ထောင်ပူဇော်ထားပြီး အနောက်ဘက်တွင် ဆင်ဖြူတော် ပူဇော်နေဟန် ပါရှိပေရာ ဆင်ဖြူတော်ရုပ်မှာ ပျက်စီးလျက် ရှိပေပြီ။ ထို့နောက် ဦးသြဘာသမှ···

"ဒကာကြီး··· ဟိုဘက်တောင်ကို လှမ်းမျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်စမ်းပါ"

"အားပါး..."

ဤတောင်ကုန်းထက် မြင့်သော အတန်ငယ်လှမ်းသည့် တစ်ဖက်တောင်ကုန်းပေါ်တွင် ထိုင်တော်မူ ရုပ်ပွားတော်သုံးဆူကို ခပ်ပြုပြုသာလျှင် ဖူးမြော်ရပေ၏။

"ကဲ - ကျုပ်တို့ အဲဒီဘက်ကို ရောက်အောင် သွားဖူးကြမလား ဒကာကြီး"


"မှန်ပါ့ ဘုရား။ ဒီကနေ ဖူးရတာ ရိုက်ကွင်းဝေးနေတယ်။ သွားကြတာပေါ့"

ဦးပညာသာမိက ရှာခံ ကိုယ်တော်ဖြစ်၍ ထိုတောင် လေ၏။ အလယ်ရုပ်ပွားတော်ကြီးမှာ ရှေ့မျက်နှာတော်တစ်ခြမ်းပြတ်ကျလျက်ရှိ၏။ ထို ပြတ်ကျနေသော ဦးခေါင်းမျက်နှာတော်တစ်ခြမ်းကို ရာဇဝင်မှတ်တမ်းတင်ဖြစ်ပါလေ၏။

"ကဲ - ဒီကနေ ဟိုဘက်က မျှော်တောင်ကို လှမ်းကြည့်လိုက်ပါဦး ဒကာကြီး"

မျှော်တောင်မှာ အလွန်ဝေးကွာ၍ ဓာတ်ပုံ ကင်မရာနှင့် လှမ်းဆွဲသော်လည်း ထင်ထင်ရှားရှားမရှိပေ။

"အဲဒီ မျှော်တောင်ပေါ်မှာ လျောင်းတော်မူ ဘုရားပျက်ကြီးရှိတယ် ဒကာကြီး။ အဲဒီကို ဆက်သွားရင်တော့ မှောင်သွားလိမ့်မယ်။ လမ်းလည်း အင်မတန်ကြမ်းတယ်။ မျှော်



ကုန်းအနေအထားကို သိသဖြင့် အပင်ပန်းခံ မလိုက်တော့ဘဲ နေခဲ့ပေသည်။ စာရေးသူနှင့် ဦးဩဘာသတို့မှာ ကျောက်သား ကျောက်ဆောင်များကို ခဲရာခဲဆစ် ဖြတ်ကျော်၍ တစ်ဖက် လွမ်းတောင်ပေါ်သို့ အပင်များကို ရှင်းလင်းဖယ်ရှားရင်း လေးဖက်ထောက် ဂုတ်ကပ်တက်ရောက်ခဲ့ကြရပေ၏။

တောင်ထိပ်ရောက်ခါနီးအချိန်တွင် ပျက်စီးလျက်ရှိသော လွမ်းတောင်နှစ်ဦး စေတီကို စတင်ဖူးမြော်ရပါ၏။ တောင်ထိပ်တွင် ပျက်စီးယိုယွင်းနေသော ရှေးလက်ရာ ထိုင်တော်မူ ရုပ်ပွားတော်သုံးဆူကို ဝမ်းနည်းဖွယ်ရာ ဖူးမြော်ရပါ ကြည့်တာတောင် ပြုပြုပဲ မြင်ရလို့ "မျှော်တောင်"လို့ ခေါ်ပေတာပဲ။ သွားဖို့ မလွယ်ကူတော့ဘူး"

ဦးဩဘာသ၏ မိန့်တော်မူချက်ကြောင့် စာရေးသူလက်လျှော့လိုက်ရပြီး လာရာလမ်း၏ အခြားတစ်ဖက်မှ လမ်းကြောင်းထပ်ရှာပြီးလျှင် ခဲရာခဲဆစ် ပြန်လည်ဆင်းသက်လာခဲ့ကြရပေသည်။ မိုးရွာထားသဖြင့် အောက်ရောက်ချိန်တွင် ဗွက်တောကို ဖြတ်ကျော်ခဲ့ရပေသည်။ ထို့နောက် ဦးဩဘာသ၏ အဆောင်သို့ ပြန်ရောက်သောအခါ မောပန်းဆာလောင်လာသဖြင့် မအောင့်နိုင်တော့ဘဲ မည်သည့်အစားစရာရှိကြောင်းကို မေးမြန်းလျှောက်ထားရာ ကျောင်းဒါယကာ



www.burmeseclassic.com

www.burmeseclassic.com

ဝစ္စအကျိုးတော်ဆောင် မောင်အောင်မင်းမှ စာရေးသူအား ထမင်းချူးခပ်ကျွေးပါသည်။

အပြန်ခရီးတွင် ဦးပညာသာမိမှ အမိန့်ရှိသည်မှာ -

"ဒကာကြီး ရောက်ခဲ့တဲ့ လွမ်းတောင်နဲ့ မျှော်တောင်ပေါ်က ဘုရားစေတီရုပ်ပွားတော်တွေဟာ ဒီနတ်တံခါးတောရကျောင်းကြီး မတည်ထောင်ခင်ကတည်းက တည်ရှိတာမို့လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်နဲ့အထက် ရှေးမင်းလက်ထက်က ဖြစ်လိမ့်မယ်လို့ ခန့်မှန်းရတယ် ဒကာကြီး"

အပြန်ခရီးတွင် ဦးပညာသာမိနှင့် စာရေးသူတို့သည် နတ်နဂါးတောင်ပေါ်မှ ဆင်း၍ ဗွက်တောလမ်းကို တစ်ဖန်



ဖြတ်ကျော်ပြီးလျှင် စိုက်ခင်းများကို ဖြတ်သန်း၍ ဘူတာအနောက်ဘက်မှ လယ်တဲဆီသို့ အရောက်တွင် တဲရှင်ကို ခွင့်တောင်း၍ ခြေထောက်များ ဆေးကြောပြီးလျှင် ခေတ္တအမောအပန်းဖြေကြပြီး ဘူတာအတွင်းမှ ဖြတ်ကာ လှည်းလမ်းအတိုင်း ဝဲကြီးရွာထဲသို့ ရောက်သောအခါ ဆိုင်ကယ်ဖြင့် ကူတို့ဆိပ်သို့ ဆင်းကြပါသည်။ ထိုမှတစ်ဖန် ကူတို့လှေဖြင့် တစ်ဖက်ကမ်းသို့ ကူးပြီးနောက် ဝင်ပြန်ရွာသို့ ရောက်ရှိကြလေ၏။ ဝင်ပြန်ရွာမှတစ်ဆင့် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမပေါ်သို့ ရောက်ရှိကြပြီးလျှင် မိတ္ထီလာကားဖြင့် နေပြည်တော် တပ်ကုန်းမြို့သို့ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

စာရှုသူများအနေဖြင့် နတ်တံခါးတောရကျောင်းမှ ရှေးဟောင်း စေတီပုထိုးများကို ဖူးမြော်ပြင်ဆင် လှူဒါန်း ပူဇော်လိုကြလျှင် ဖြစ်စေ၊ သက်တော်ဝါတော် ကြီးမားသော ဆင်ဖြူကျွန်းဆရာတော်ကြီးကို ဖူးမြော် ပူဇော်လိုလျှင် ဖြစ်စေ၊ အေးချမ်းဆိတ်ငြိမ်ရာအရပ်တွင် ဗုဒ္ဓ၏ တရားတော်များကို ပွားများအားထုတ် ဘာဝနာစီးဖြန်းလိုလျှင် ဖြစ်စေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးအုပ်စု၊ ဆင်ဖြူကျွန်းရိပ်သာနှင့် နတ်တံခါးတောရကျောင်းသို့ ရန်ကုန်-နေပြည်တော်-မန္တလေး လမ်းမှ ကားဖြင့်လာလျှင် ဝင်ပြန်မှတ်တိုင်၌ ဆင်း၍ ရှေ့ခရီးဆက်ခြင်းဖြင့် ဖြစ်စေ၊ နေပြည်တော် ပျဉ်းမနားမှ ကား၊ ရထားဖြင့် စီးနင်းလိုက်ပါလျှင်လည်း ဆင်ဖြူကျွန်းဘူတာမှာ ဆင်းပြီး လမ်းဆက်လျှောက်လာလျှင် ရောက်ရှိနိုင်ပါကြောင်း ဖြင့် လမ်းညွှန်ပြလိုက်ရပေသည် ■

* * *

ဗေဒသုတေသီဆရာမျိုး

**ကိုးကား**

- ရမည်းသင်းခရိုင်၊ သာသနာဝင်သမိုင်း။ ဆင်ကျုံးဆရာတော်
- ဆင်ဖြူကျွန်းဆရာတော်ကြီး၏ ဓမ္မပူဇာ-စာစောင်။
- ကိုယ်တိုင်သွားရောက်လေ့လာမှုများ။

www.burmeseclassic.com

ယခင်လမှ အဆက်…

## ဆယ်နှစ်သက်တမ်းအချိန်

ရဟန်းတို့… ဤလူတို့၏ သားသမီးတို့သည် ၁၀နှစ်ခန့်သာ အသက်ရှည်သောအခါမျိုးသို့ ရောက်ကြလိမ့်မည်။ ထိုအခါမျိုးတွင် ငါးနှစ်အရွယ်ရှိသော သတို့သမီးတို့သည် လက်ထပ်ထိမ်းမြားကြလိမ့်မည်။ ရဟန်းတို့ ၁၀နှစ်အသက်ရှည်သော လူတို့၌ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျား၊ တင်လဲ၊ ဆား၊ ဤမွန်မြတ်သော အရသာတို့သည် ကွယ်ပျောက်ကြလိမ့်မည်။ ဤ ၁၀နှစ်သက်တမ်းရှိသောခေတ်၌ ယခုခေတ်အဆင်းရဲဆုံး လူတန်းစားများ စားရသော လူးထမင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်။

ရဟန်းတို့… ယခုနှစ်တစ်ရာတန်းတွင် အသားရောသော သလေးထမင်း(ကြက်သားဒံပေါက်)သည် အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်သကဲ့သို့ ၁၀နှစ် အသက်ရှည်သော လူတို့၏ခေတ်၌ လူးထမင်းသည် အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်လိမ့်မည်။

ရဟန်းတို့…ဆယ်နှစ် အသက်ရှည်သော လူတို့၌ ကုသိုလ်ကမ္မပထ တရားဆယ်ပါးတို့သည် အကြွင်းမဲ့ ကွယ်ပျောက်လိမ့်မည်။ အကုသိုလ် ကမ္မပထ တရားဆယ်ပါးတို့သည် အလွန်လျှင် ထွန်းပနေလိမ့်မည်။

ရဟန်းတို့… ဆယ်နှစ် အသက်ရှည်သောသူတို့၌ ကုသိုလ်ကောင်းမှုဟူသော အမည်ပင် ပျောက်သွားလေရာ ကုသိုလ်ကောင်းမှုကို ပြုသူ အဘယ်မှာ ရှိပါတော့မည်နည်း။


### ကုသိုလ်ကမ္မပထ တရားဆယ်ပါး

| | |
|---|---|
| ဒါန | - ပေးကမ်းစွန့်ကြဲခြင်း။ |
| သီလ | - ကိုယ်၊ နှုတ်ကို စောင့်ထိန်းခြင်း။ |
| ဘာဝနာ | - သမထဝိပဿနာ ပွားများခြင်း။ |
| အပစာယန | - ကြီးသူကို အရိုအသေပြုခြင်း။ |
| ဝေယျာဝစ္စ | - ဝတ်ကြီးဝတ်ငယ်ပြုခြင်း။ |
| ပတ္တိဒါန | - မိမိပြုသော ကုသိုလ်ကို ပြောပြ၍ ဝေ… သား၍ အမျှဝေခြင်း။ |



www.burmeseclassic.com

www.burmeseclassic.com



# မေဓာဝီ (ရွှေပြည်သာ)

# တစ်ရာထက် မြတ်သော တစ်ရက်

ပတ္တာနုမောဒနာ - သူတစ်ပါးပေးသော အမျှကို သာဓုခေါ်ခြင်း။

ဓမ္မသဝန - တရားနာခြင်း။

ဓမ္မဒေသနာ - တရားဟောခြင်း။

ဒိဋ္ဌုဇုကမ္မ - အယူ၏ ဖြောင့်မတ်ခြင်း။

အကုသိုလ်ကမ္မပထ တရားဆယ်ပါး

ပါဏာတိပါတ - သူ့အသက်သတ်ခြင်း။'

အဒိန္နာဒါန - သူတစ်ပါး မပေးသောဥစ္စာကို ယူခြင်း။

ကာမေသုမိစ္ဆာစာရ - သူတစ်ပါးသားမယားကို ပြစ်မှားခြင်း။

မုသာဝါဒ - လိမ်ညာပြောခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ပိသုနဝါစာ - ကုန်းတိုက်စကားပြောခြင်း။
ဖရုသဝါစာ - ကြမ်းတမ်းသောစကားကို ပြောခြင်း။
သမ္ဖပ္ပလာပ - အပြိန်အဖျင်းစကားကို ပြောခြင်း။
အဘိဇ္ဈာ - သူတစ်ပါးဥစ္စာကို မတရားကြံစည်ခြင်း။
ဗျာပါဒ - သူတစ်ပါးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းကို တွေးမြင်ခြင်း။
မိစ္ဆာဒိဋ္ဌိ - အယူမှားခြင်း။

ရဟန်းတို့ . . . ၁၀နှစ် အသက်ရှည်သောလူတို့၌ အမိကြီး၊ မိထွေး၊ အရီးကြီး၊ အရီးလေး၊ ဆရာ့မယားဟူ၍ ရှိသေလေးမြတ်သောစိတ် မဖြစ်ဘဲ တိရစ္ဆာန်ကဲ့သို့ ကျင့်ကြံကြလိမ့်မည်။

ရဟန်းတို့ . . . ၁၀နှစ် အသက်ရှည်သော လူတို့၌ အချင်းချင်း ပြင်းထန်သော အမျက်ထွက်ခြင်း၊ ပြင်းထန်သော ပျက်စီးစေလိုခြင်း၊ ပြင်းထန်သော မလိုမုန်းထားခြင်း၊ ပြင်းထန်သော သတ်လိုသည့်စိတ်တို့ ဖြစ်ကြလိမ့်မည်။

အမိကလည်း သားအပေါ်၊ သားကလည်း အမိအပေါ်၊ အဖကလည်း သားအပေါ်၊ သားကလည်း အဖအပေါ်၊ မောင်ကလည်း နှမအပေါ်၊ နှမကလည်း မောင်အပေါ် စသဖြင့် ပြင်းထန်သော အမျက်ထွက်ခြင်းဖြင့် သတ်ဖြတ်လိုသော စိတ်များ ဖြစ်ပေါ်ကြလိမ့်မည်။

ရဟန်းတို့ . . . ၁၀နှစ် အသက်ရှည်သောလူတို့၌ ခုနစ်ရက်ပတ်လုံး သတ္ထန္တရကပ် လက်နက်ဘေးကြီးဆိုက်လိမ့်မည်။ ထိုအချိန်၌ လူတို့သည် အချင်းချင်း သားကောင်ဟူသော အမှတ်ဖြင့် ခုတ်ထစ် သတ်ဖြတ်ကြလိမ့်မည်။

ရဟန်းတို့ . . . ထိုလူတို့တွင် သူတော်ကောင်းစိတ်ရှိသော လူတို့သည် ငါတို့သည် မည်သူကိုမျှ မသတ်။ ငါတို့ကိုလည်း မည်သူကမှ မသတ်ပါစေလင့်ဟူသော စိတ်ကူးဖြင့် လူသူရောက်နိုင်ခဲသော တောထဲသို့ ဝင်ရောက်၍ သစ်သီးစားကာ နေကြလိမ့်မည်။ လက်နက်ဘေးဆိုက်သော ခုနစ်ရက်ပတ်လုံး သစ်သီးဖြင့်သာ မျှတ၍ နေကြသည်။ ထိုခုနစ်ရက်အတွင်း ကမ္ဘာပေါ်၌ ရှိသမျှ လူတို့သည် လူသားများ ကုန်သည်အထိ ခုတ်ထစ် သတ်ဖြတ်ကြလိမ့်မည်။ ခုနစ်ရက်ပြည့်သောအခါတွင်မှ သူတော်ကောင်းစိတ်ရှိသော သူတို့သည် တောထဲမှ ထွက်လာပြီး ဝမ်းသာအားရ အချင်းချင်း ပွေ့ဖက်နှုတ်ဆက်ကြလိမ့်မည်။

ရဟန်းတို့ . . . ထိုအခါ လူတို့သည် ဤသို့ အကြံဖြစ်ကြလိမ့်မည်။

ငါတို့သည် အကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ဆွေမျိုးအားလုံး သေဆုံးခြင်းသို့ ရောက်ကြပြီ၊ ငါတို့သည် ကုသိုလ်ပြုကြရမှု ကောင်းလေစွ။ အဘယ်ကုသိုလ်ကို ပြုကြရမည်နည်း။ ငါတို့သည် သူတစ်ပါးတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်လျှင် ကောင်းလေစွဟု စိတ်ကူးပြီး ပါဏာတိပါတကံမှ ရှောင်ကြဉ်ကြ၏။ ထိုသို့ သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သောကြောင့် ၁၀နှစ် အသက်ရှည်သော မိဘတို့၏ သားသမီးတို့သည် အသက် အနှစ် (၂၀)ရှည်ကြကုန်၏။

(မှတ်ချက်။ ဤဒေသနာကို ထောက်၍ လူသားတို့ အသက်ရှည်အောင်၊ တိုအောင် မည်သည့် တန်ခိုးရှင်ဘုရားကမှ ဖန်ဆင်းသည်မဟုတ်၊ လူသားတို့ကိုယ်တိုင် ဖန်ဆင်းကြခြင်းဖြစ်သည်။ လူသားတို့ကိုယ်တိုင် ပြုလုပ်ကြခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာသည် သဘာဝဘာသာဖြစ်သည်။ အခြားဘာသာများကဲ့သို့ စိတ်ကူးယဉ်ဘာသာမဟုတ်။ သဘာဝတရားဟူသည် မည်သည့်အခါမျှ ပြောင်းလဲခြင်း မရှိ၊ ဥပမာ-ကြက်ဟင်းခါးသီး၌ ရှိသော ခါးသော အရသာသည် သဘာဝတရားဖြစ်သည်။ ထို့ကြောင့် မည်သည့်ဘာသာဝင်က စားစား ခါးမည်သာဖြစ်သည်။ ဘာသာပြောင်းသောကြောင့် ခါးသော သဘာဝ ပြောင်းမည် မဟုတ်ပေ။

ထို့အတူ သူတစ်ပါးအသက်ကို သတ်သူအား အသက်တိုခြင်း၊ အနာရောဂါများခြင်းသည် သဘာဝတရားသာ ဖြစ်သည်။ ထို့ကြောင့် သူတစ်ပါးအသက်ကို မည်သည့်ဘာသာဝင်က သတ်သတ်၊ အသက်တိုမည်သာ ဖြစ်သည်။ သကြား၌ ချိုသော အရသာသည် သဘာဝတရားဖြစ်သည်။ ထို့ကြောင့် မည်သည့်ဘာသာဝင်က စား,စား ချိုမည်သာဖြစ်သည်။ ဘာသာပြောင်းသည့်အတွက်ကြောင့် ချိုသော သဘာဝက ပြောင်းလိမ့်မည်မဟုတ်ပေ။

ထို့အတူ အသက်ကို မသတ်သည့်အတွက် အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်းသည် သဘာဝတရားဖြစ်သည်။ ထို့ကြောင့် သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်လျှင် မည်သည့်ဘာသာဝင်မှ ရှောင်ကြဉ်သည်ဖြစ်စေ အသက်ရှည်မည်။ အနာရောဂါကင်းမည်သာ ဖြစ်သည်။

စာရေးသူသည် ထိုဓမ္မဒေသနာကို ရေဝတီတိုင်း၊ မအူပင်မြို့နယ်၊ လေးအိမ်စုရွာ ဆရာလေး နော်သန်းသန်းဝင်း၏ သာသနာ့ခြံမြေ ဓမ္မာရုံ၌ တစ်နာရီခန့် ဟောပြောခဲ့သည်။ ထိုရွာသည် အိမ်ခြေ နှစ်ထောင်ခန့်ရှိသော ကရင်တိုင်းရင်းသားများ နေထိုင်သည့်ရွာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင် တစ်ဝက်စီ ရှိသည်။ အားလုံး ဆွေမျိုးတော်



www.burmeseclassic.com

www.burmeseclassic.com

စ်သူချည်းဖြစ်သောကြောင့် ဘာသာကွဲသော်လည်း စိတ်ဝမ်းကွဲကြပေ။

ဗုဒ္ဓဘာသာ ဘာသာရေးအခမ်းအနားသို့ ခရစ်ယာန်ဘာသာဝင်များ လာရောက်ကူညီသလို၊ ခရစ်ယာန်ဘာသာရေးအခမ်းအနားသို့လည်း ဗုဒ္ဓဘာသာဝင်များ သွားရောက်ကူညီကြသည်။ အခုလည်း ထိုလေးအိမ်စုရွာသား ဆရာတော်ဦးဝိစိတ္တ၊ ဆရာလေး နော်သန်းသန်းဝင်း၊ စာရေးသူတို့ သုံးဦးဦးဆောင်ပြီး မအူပင်ခရိုင်လုံးဆိုင်ရာ ဆရာ၊ ဆရာမများအား ဆရာဖြစ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း သုံးရက်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထိုသင်တန်းတွင် စာရေးသူက တစ်ကြိမ်ခန့် (ထိုတစ်ကြိမ်တွင်လည်း တစ်နာရီခန့်သာ) ဟောပြောခဲ့ခြင်းဖြစ်သည်။ ထိုဟောပြောချက်ကို နားထောင်ပြီး "နော်လင်းလင်းမြတ်ထွေး"အမည်ရှိ ခရစ်ယာန်မလေးသည် ဗုဒ္ဓဘာသာဖြစ်သွားခဲ့သည်။ ယခုအခါ မော်တီမြို့ သုဒ္ဓဝိပဿနာ ဓမ္မရိပ်သာတွင် စာရေးသူ သီတင်းသုံးသော ထေရာသနအဆောင်ကို သူ့ဒါန်းသော ကျောင်းအမတစ်ယောက်ပင် ဖြစ်နေပေပြီ။)

◈◈◈

ရဟန်းတို့··· လူသားတို့သည် သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် သက်တမ်းရှည်လာသည်ကို လက်တွေ့ကြုံကြရသဖြင့်···

* သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* မဟုတ်မမှန်ပြောခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* ကုန်းချောခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* သူတစ်ပါးစည်းစိမ်ကို ရှေ့ရှု ကြံစည်ခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။
* သူတစ်ပါးကို ပျက်စီးစေခြင်းမှလည်း ရှောင်ကြဉ်ကြကုန်၏။ မှားသောအယူကိုလည်း စွန့်ကြကုန်၏။
* မတရားသော တပ်မက်ခြင်း၊ အဓမ္မရာဂ အလွန်အကြူး တပ်မက်ခြင်း ဝိသမလောဘ၊ မှားသောအကျင့်တရား မိစ္ဆာဓမ္မဟူသော တရားသုံးမျိုးတို့ကို စွန့်ကြကုန်၏။
* အမိ၌ ကောင်းစွာ ပြုသင့်သောဝတ်ကိုလည်း ပြုကြကုန်၏။
* အဖ၌ ကောင်းစွာ ပြုသင့်သောဝတ်ကိုလည်း ပြုကြကုန်၏။
* သမဏတို့၌ ကောင်းစွာ ပြုသင့်သောဝတ်ကိုလည်း ပြုကြကုန်၏။
* ဗြဟ္မဏာ၌ ကောင်းစွာ ပြုသင့်သောဝတ်ကိုလည်း ပြုကြကုန်၏။
* အမျိုးတို့၌ ကြီးသောသူတို့ကိုလည်း ရိုသေကြကုန်၏။

ထိုကုသိုလ်ကြောင့် အနှစ် ၂၀ အသက်ရှည်ကုန်သော မိဘတို့၏ သားသမီးတို့သည် အနှစ် ၈၀ အသက်ရှည်ကြလိမ့်မည်။ အနှစ် ၈၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၁၆၀ အသက်ရှည်ကြလိမ့်မည်။

အနှစ် ၁၆၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် (၃၂၀)အသက်ရှည်ကြလိမ့်မည်။ အနှစ် ၃၂၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၆၄၀ အသက်ရှည်ကြလိမ့်မည်။

အနှစ် ၆၄၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၂၀၀၀ အသက်ရှည်ကြလိမ့်မည်။ အနှစ် ၂၀၀၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၄၀၀၀ အသက်ရှည်ကြလိမ့်မည်။

အနှစ် ၄၀၀၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၈၀၀၀ အသက်ရှည်ကြလိမ့်မည်။ အနှစ် ၈၀၀၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၂၀၀၀၀ အသက်ရှည်ကြလိမ့်မည်။

အနှစ် ၂၀၀၀၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၄၀၀၀၀ အသက်ရှည်ကြလိမ့်မည်။

အနှစ် ၄၀၀၀၀ အသက်ရှည်ကြသော မိဘတို့၏ သားသမီးတို့သည် အနှစ် ၈၀၀၀၀ အသက်ရှည်ကြလိမ့်မည်။

ရဟန်းတို့··· အနှစ် ၈၀၀၀၀ အသက်ရှည်ကြသော လူတို့၌ ထိမ်းမြားလက်ထပ်နိုင်သော သတို့သမီး၏ အသက်သည် အနှစ် ၅၀၀ ဖြစ်လိမ့်မည်။

## သင်္ခစကြာဝတေးမင်းဖြစ်ခြင်း

ရဟန်းတို့···အနှစ် ၈၀၀၀၀ အသက်ရှည်ကုန်သော လူတို့၌ တပ်မက်ခြင်း၊ ဆာလောင်ခြင်း၊ အိုခြင်းဟူသော



www.burmeseclassic.com

www.burmeseclassic.com

အနာရောဂါသုံးမျိုးသာ ဖြစ်ကြလိမ့်မည်။

ရဟန်းတို့… အနှစ် ၈၀၀၀၀ အသက်ရှည်ကုန်သော လူတို့၌ ဤဇမ္ဗူဒီပါတစ်ကျွန်းလုံးသည် ပြည့်စုံ ကြွယ်ဝ စည်ကားကြလိမ့်မည်။ ကျူတော၊ မြက်တောကဲ့သို့ လူများ အကြားမလပ် ပြည့်နှက် စည်ကားကြလိမ့်မည်။

ရဟန်းတို့…အနှစ် ၈၀၀၀၀ အသက်ရှည်သော လူတို့ခေတ်၌ ဤဗာရာဏသီပြည်သည် ပြည့်စုံ ကြွယ်ဝ အစားအစာပေါများသော "ကေတုမတီ"အမည်ရှိသည့် မင်းနေပြည်ဖြစ်လိမ့်မည်။ ထို ကေတုမတီ မင်းနေပြည်ကို ဝန်းရံသော မြို့ပေါင်း ၈၀၀၀၀ ဖြစ်ကြလိမ့်မည်။ ထိုပြည်တွင် ရတနာခုနစ်ပါးနှင့် ပြည့်စုံသော သင်္ခစကြဝတေးမင်းသည် အုပ်ချုပ်လိမ့်မည်။ ထိုမင်းသည် လက်နက်၊ တုတ်၊ ဓား မဆောင်မူ၍ တစ်ကမ္ဘာလုံးကို အုပ်ချုပ်လိမ့်မည်။

## မေတ္တေယျဘုရားရှင် ပွင့်တော်မူခြင်း

သင်္ခစကြဝတေးမင်း အုပ်စိုးသောအချိန်တွင် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မေတ္တေယျဘုရားရှင် ပွင့်ထွန်း ပေါ်ပေါက်တော်မူလိမ့်မည်။ ထိုသင်္ခစကြဝတေးမင်းသည် မိမိ နေထိုင်သော ပြာသာဒ်ကို ပေးစွန့်၍ ရဟန်း၊ ပုဏ္ဏား၊ အထီးကျန်သူ၊ ခရီးသွားဧည့်သည် ဖုန်းတောင်းယာစကာတို့အား အလှူကို ပေးလျက် မေတ္တေယျဘုရားရှင်ထံတွင် ရဟန်းဝတ်ကာ ရဟန္တာဖြစ်လိမ့်မည်။

ရဟန်းတို့…မိမိသာလျှင်၊ တရားသာလျှင် ကိုးကွယ်အားထားရာရှိ၍ နေကြကုန်လော့။ ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟု အဖန်ဖန်ရှုလျက် နေကြကုန်လော့။

ရဟန်းတို့… အသင် ချစ်သားတို့သည် အဖဘုရားမှ လာသော မိမိတို့၏ ကျက်စားရာ အာရုံ၌ပင် ကျက်စားကြကုန်လော့။ မိမိတို့၏ ကျက်စားသင့်ရာ အာရုံ၌ ကျက်စားကြကုန်သော သင်တို့အား အသက်အားဖြင့်လည်း တိုးပွားကြကုန်လိမ့်မည်။ အဆင်းအားဖြင့်လည်း တိုးပွားကြကုန်လိမ့်မည်။ ချမ်းသာအားဖြင့်လည်း တိုးပွားကြကုန်လိမ့်မည်။ စည်းစိမ်အားဖြင့်လည်း တိုးပွားကြကုန်လိမ့်မည်။ ခွန်အားဖြင့်လည်း တိုးပွားကြကုန်လိမ့်မည်။

ရဟန်းတို့၏ အသက်တိုးပွားခြင်းအကြောင်းသည် အဘယ်နည်း။

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ ဟူသော ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်းပင်တည်း။

ရဟန်း၏ အဆင်းတိုးပွားခြင်းအကြောင်းသည် အဘယ်နည်း။

ပါတိမောက္ခသံဝရ သီလကို စောင့်ထိန်း၏။ အကျင့်အာစာရကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုသည်ဖြစ်၍နေ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ဤကား ရဟန်း၏ အဆင်းတိုးပွားခြင်းအကြောင်းပေတည်း။

ရဟန်း၏ ချမ်းသာတိုးပွားခြင်းအကြောင်းသည် အဘယ်နည်း။

ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍၊ အကုသိုလ်တို့မှ ဝေးကွာ၍ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ဤကား ရဟန်းတို့၏ ချမ်းသာတိုးပွားခြင်းအကြောင်းပေတည်း။

ရဟန်း၏ စည်းစိမ်တိုးပွားအကြောင်းသည် အဘယ်နည်း။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လေးပါးတို့ဖြင့် အရပ်ဆယ်မျက်နှာတို့၌ ပျံ့နှံ့၍ နေခြင်းပေတည်း။ (မေတ္တာပွား၍ နေခြင်း စသည်တို့ကို ဆိုလိုသည်။)

ရဟန်း၏ ခွန်အားတိုးပွားခြင်းအကြောင်းသည် အဘယ်နည်း။

ရဟန်းသည် အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော၊ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက်နေခြင်းပေတည်း။

ရဟန်းတို့… နှိမ်ကွပ် အောင်မြင်နိုင်ခဲသော ဤဒေဝပုတ္တ စသော မာရ်၏ ခွန်အားနှင့်တူသော အခြားတစ်ခုသော ခွန်အားကိုမျှလည်း ငါမြင်တော်မမူ။ အရဟတ္တဖိုလ်ခွန်အားသည်သာလျှင် ဒေဝပုတ္တ စသော မာရ်၏ ခွန်အားကို နှိမ်ကွပ် အောင်မြင်နိုင်သည်။

ရဟန်းတို့… ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ဤဆိုခဲ့သည့်အတိုင်း ကုသိုလ်၏ အကျိုးသည် တိုးပွား၏။

မြတ်စွာဘုရားသည် ဤစက္ကဝတ္တိသုတ္တန်ကို ဟောတော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

(စက္ကဝတ္တိသုတ် ပြီး၏။)■

* * *

မေတ္တာရှင်နှုံပြည်သာ



www.burmeseclassic.com

www.burmeseclassic.com

ဇွဲလုလင်(မအူပင်)

# သေဘေးမမြင် မန္တန်ရှင်.....



www.burmeseclassic.com

www.burmeseclassic.com

ပြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံသော ဗာရာဏသီတိုင်းရှေ့ပြည်ကြီးသည် လွန်စွာစည်ကား သိုက်မြိုက်၏။ ကျယ်ဝန်းလှသော နယ်နိမိတ်လည်း ရှိ၏။ ထိုအထဲမှ ရွာငယ်တစ်ရွာတွင် ပုဏ္ဏားဆရာကြီးတစ်ဦးသည် ဝေဒအတတ်ပညာကို များစွာတတ်မြောက်သလို၊ ဆေးဝါးမန္တန်တို့ကို အသုံးပြုရသော ကုထုံးများကိုလည်း တတ်သူဖြစ်၏။ သူ၏ ထံပါး၌ သုံးနှစ်သုံးမိုး ပညာသင်ယူကာ၊ သူ့အား ဝတ်ကြီးဝတ်ငယ်ပြုစုရင်း အတူနေထိုင်သော အလိမ္မာဆုံး တပည့်အား လျှို့ဝှက်ဆန်းကြယ်သော မန္တန်ကြီးတစ်ခု သင်ကြားပေးလေ၏။

"ငါ့တပည့်··· နက္ခတ်တာရာ၊ ဂြိုဟ်သွား ဂြိုဟ်လာများကို ကြည့်တတ်ပြီမဟုတ်တုံလော"

"ဆရာကြီး သင်ကြားပေးသမျှ ကြွင်းကျန်ခြင်းမရှိအောင် တတ်မွန်ခဲ့ပါပြီခင်ဗျာ"

"အေးအေး။ ကောင်းပါပေ့ကွယ်။ အခု သင်ကြားပေးမယ့် မန္တန်ကိုတော့ ငါ့တပည့်တစ်ဦးတည်းကိုသာ လက်ဆင့်ကမ်း အမွေပေးမှာဖြစ်လို့ အထူးတလည်ပင် လျှို့ဝှက်ထားရမကွဲ့၊ ဟုတ်ပြီလား"

"ရာသက်ပန်လုံး လိုက်နာကျင့်သုံးပါ့မယ် ဆရာကြီး"

ဤသို့သော ကတိကဝတ်များဖြင့် သင်ကြားပေးခဲ့လေသည့် မန္တန်ကြီးသည် သုံးနှစ်လျှင် တစ်ကြိမ်ကျ ပေါ်ထွန်းသော ဓနသိဒ္ဓိနက္ခတ်ကို မြင်တွေ့ရချိန်ကျမှ ရွတ်ဆို ထုံမွမ်းရ၏။ ထိုသို့ ရွတ်ဆိုချိန်သည် အရဏ်တက်၊ မွန်းတည့်ချိန်ဖြစ်ဖို့ လို၏။ ကာလအကိုက်၊ အချိန်ကိုက် ရွတ်ဆိုလိုက်လျှင် ရတနာရွှေမိုးငွေမိုးတို့သည် ထက်ကောင်းကင်ဝဠာမှ ရွာစွေသွန်းဖြိုးကာ ကျလာမည်ဖြစ်သည်။ ထိုမန္တန်၏ လျှို့ဝှက်သော အနက်အဓိပ္ပာယ်နှင့် သဘောတရားများ မရွတ်ဆိုမီ ဆောင်ရွက်လုပ်ကိုင်ရမည့် အကျင့်စရဏများပါ မကျန်အောင် ဆရာစားမချန်ဘဲ တတ်မြောက်အောင် သင်ကြားပေးခဲ့လေသည်။

တပည့်ဖြစ်သူ ပုဏ္ဏားလေးလည်း သုံးလပြည့်မြောက်သည့်နေ့၌ ထိုမန္တန်ကြီးကို စ၊ လယ်၊ ဆုံးပင် တတ်မြောက်သွားလေသည်။ ရတနာခုနစ်ပါးပါသော မိုးတို့ ရွာစွေတတ်သည့် အကျိုးတရားကြောင့် ထိုမန္တန်ကြီးကို "ဝေဒဗ္ဗဓနသိဒ္ဓိမန္တရား"ဟု အမည်မှည့်ခေါ်လိုက်ကြတော့၏။

◈◈◈

အချိန်ကာလတစ်ခု၌ ပုဏ္ဏားဆရာကြီးနှင့် တပည့်တို့သည် ဆေးဝါးဖော်စပ်ရန်အလို့ငှာ မြို့ရွာနှင့် လွန်စွာဝေးကွာလှသော တောမြိုင်တန်းကြီးတစ်ခုသို့ ဆေးပင်နှင့် ဆေးမြစ်များ ရှာဖွေတူးဖော်ရန် ခရီးထွက်ခဲ့ကြလေသည်။ "စေတတိုင်း"အစပ်ရှိ ထိုတောမြိုင်တန်းကြီးအလယ်သို့ ရောက်ရှိကြချိန်၌ မိုးသည်လည်း စုန်းစုန်းချုပ်တော့မည်ဖြစ်၍ ညအိပ်စခန်းချ ရပ်နားဖို့ရာ ပြင်ဆင်နေခိုက်တွင် ဘယ်အချိန်ကတည်းက သူတို့ဆရာတပည့်အား မြင်တွေ့သွားသည် မသိ ထိုတောတန်းကြီးအတွင်း သောင်းကျန်းနေသော ဓားပြလူဆိုးအုပ်စုကြီးသည် အင်အားအလုံးအရင်းနှင့် ညာသံပေး၍ ဝိုင်းဝန်းဖမ်းဆီးခြင်းကို ခံကြရလေတော့သည်။

ထိုပုဏ္ဏားဆရာတပည့်နှစ်ဦးကို ကြိုးတုပ်ကာ စစ်ဆေးကြ၏။ ဗာရာဏသီပြည်မှ ဆေးဆရာကြီးမှန်း သိရှိသောအခါ တွင် ဓားပြခေါင်းဆောင်သည် ထိုဆရာကြီးအား ဆက်လက်ဖမ်းဆီးခေါ်ဆောင်ထားကာ၊ တပည့်ဖြစ်သူအား ရွေးရွေးအသပြာ သုံးပိဿာတိတိဖြင့် လာရောက်ရွေးယူရန် နေရပ်ရွာသို့ ပြန်စေခိုင်းတော့၏။ ပြန်မလာခဲ့သော် ထိုဆရာပုဏ္ဏားကြီးအား ခေါင်းနှင့် ခန္ဓာ အိုးစားကွဲအောင် သုတ်သင်ပစ်မည်ဟု ကျိန်းဝါးပြီး တပည့်ဖြစ်သူကို ကြိုးဖြည်ပေးကာ ပြန်စေလွှတ်လိုက်၏။

လိမ္မာရေးခြားရှိသော တပည့် ပုဏ္ဏားလေးသည် ဆရာ ထံပါးသို့ သွားရောက်ကာ ရိုသေစွာ ရှိခိုးကန်တော့၏။ မ မနေ ပြန်လာ၍ ဆရာ့အသက်ကို ရွေးချယ်ပါမည်၊ မစိုး ရန် ကတိပေးပြီးလျှင် ဆရာကြီးအနားသို့ တိုးကပ် တိုးတိုးတိတ်တိတ်မှာကြား၏။

"ဆရာကြီးခင်ဗျာ··· ယခုပြောမည့် ကျွန်တော် စကားကိုသာ နားစိုက်ထောင်ပါ။ ယနေ့ည ကောင်းကင် ကို ကြည့်ရင် သိမြင်ပါလိမ့်မည်။ မနက်မိုးသောက် မွန်းတည့် ချိန်တွင် ဓနသိဒ္ဓိနက္ခတ်ပေါ်ထွန်းပါလိမ့်မည်။ ထိုအချိန်အ ကျရင် မန္တရားကို မန်းမှုတ်ပြီး ရတနာမိုးများ မရွာပါစေလ ဤအမှုကို ဆရာကြီးပြုခဲ့ပါရင် အကျိုးမရှိနိုင်ပါ။ ဆရာ သာ ပျက်စီးမှုအန္တရာယ်နှင့် ကြုံတွေ့ပါလိမ့်မည်။ သတိ စွာ ဆင်ခြင်ပါလော့"

ဟု အသိပေး မှာကြားပြီးလျှင် သူပြန်လာ အကြောင်း စိတ်ချယုံကြည်စွာ စောင့်ဆိုင်းနေပါဟု ပြော ထားခဲ့လေသည်။

◈◈◈

တိုင်ငုတ်စိုက်ထားသော ကုန်းကမူတစ်ခုပေါ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်မပြေးနိုင်အောင် ခြေလက်တို့ တုပ်နှောင်ခံထားရသော ဆရာ ပုဏ္ဏားကြီးမှာ ညဥ့်နက်လာလေ မှက်၊ ခြင်ယင်များ ကိုက်ခဲမှုကို ခံစားနေရလေဖြစ်၏။ ထိုသို့သော် ဒုက္ခဝေဒနာကြားမှ လနှင့် ယှဥ်၍ ထွက်လာသော နက္ခတ်တာရာများကို မော့၍ ကြည့်၏။ ဤတွင် ရတနာခုနစ်ပါးမိုး ရွာစေတတ်သော ဓနသိဒ္ဓိနက္ခတ်နှင့် ယှဥ်နေကြောင်း မိမိ၏ ပညာအလေ့အကျင့်ဖြင့် သိလိုက်ရပြန်၏။ တစ်စတစ်စ အချိန်အားဖြင့်လည်း အရဏ်တက်ချိန် လွန်မြောက်၍ မွန်းတည့်ဖို့ရာ နီးကပ်ချိန်လည်း ဖြစ်နေ၏။ နာကျင်ကိုက်ခဲသည့် ဝေဒနာဖြင့် ကြိုးတုပ်ခံထားရသည့် ဒုက္ခတို့အပေါ် သည်းမခံနိုင်အောင် လွန်ဆွဲနေတော့၏။ ထိုခဏ၌ အသိ၊ သတိကင်းမဲ့စွာ စဥ်းစားပြီး တပည့်ဖြစ်သူ ပြန်အလာကို စောင့်စရာမလိုဟု ဆုံးဖြတ်ကာ လူဆိုးဓားပြခေါင်းဆောင်ကို အော်ခေါ်လိုက်ပြီး • • •

"သင်တို့ ငါ့အား ကြိုးဖြည်ပေးပါ။ မွှေးနံ့သာရည်များဖြင့် ရေချိုးပေးပါ။ ပြီးလျှင် ဆန်ပန်းပေါက်ပေါက်တို့ကို လော့်ပြီးပေးပါ။ ငါတတ်စွမ်းတဲ့ မန္တန်နဲ့ သင်တို့လိုရာ ငွေရွှေ ရတနာများ သင်တို့ရှေ့တွင် မိုးရွာသလို ရွာစေ့အောင် ငါ ဆောင်ရွက်ပေးမည်။ ထိုအတတ်ကို ငါတတ်သည်။ ငါ့စကားကို ယုံကြည်ကြ"

ဟု ပြောဆို ကတိပေးကာ လျှို့ဝှက်ချက်ကို ဖွင့်အန်ပြောပြလိုက်သည်နှင့် အလိုလောဘကြီးနေသော ဓားပြခေါင်းဆောင်နှင့် တပည့်အပေါင်းတို့က ဆရာကြီး လိုအပ်သောကိစ္စများကို အမြန်ပင် ဆောင်ရွက် ပြုလုပ်ပေးကြ၏။

ပုဏ္ဏားဆရာကြီးလည်း သူ၏ စရဏကျင့်စဥ်များကို အဆင့်ဆင့်ပြုလုပ်စီရင်ပြီးသော် ဓနသိဒ္ဓိနက္ခတ် မွန်းတည့်ချိန်ကောင်းကင်သို့ ဆန်ပန်းပေါက်ပေါက်များ ကြဲမြောက်ပြီး နှုတ်မှလည်း ထိုမန္တန်ကြီးကို ဌာန်ကျမာန်ကျ ရွတ်ဆိုလိုက်တော့၏။ မျိုးမကြာမီပင် သူတို့၏ အနီးအနားတစ်ဝိုက်သို့ ရတနာခုနစ်ပါး ပါရှိသည့်မိုးသည် ဖြိုးဖြိုးဖြောက်ဖြောက် ရွာသွန်းကျလာလေတော့သည်။ လူဆိုးဓားပြအုပ်စုလည်း ထိုရတနာများကို သူထက်ငါ လုယက်ကောက်ယူ သိမ်းဆည်းကြ၏။ အထုပ်အထည်များဖြင့် ထုပ်ပိုးပြီးသော် ဓားပြခေါင်းဆောင်နှင့် နောက်လိုက်တို့သည် ဆရာကြီးအား ကျေးဇူးတင်စကားနှင့် ဉာဏ်ပညာမဲ့သော နှုတ်ထွက်စကားတို့ကို တစ်ယောက်တစ်ပေါက်ဆိုသလို ပြောကြဆိုကြတော့၏။

"ဆရာကြီးနှယ် • • • ဒုက္ခခံလို့ နေရသေးတယ်ဗျာ၊ အဖမ်းခံရချိန်ကတည်းက ဒီဂွကိစ္စပြောရင် ကျွန်တော်တို့လည်း ရတနာဥစ္စာတွေ ရ၊ ဆရာကြီးတို့ ဆရာတပည့်လည်း ဒုက္ခဘယ်ရောက်လိမ့်မလဲ၊ မဟုတ်ဘူးလား။ ကဲ - ကျုပ်တို့သွားပြီဗျို့။ ဆရာကြီးလည်း နေရပြန်ပေတော့"

ဟု ပြောပြောဆိုဆိုဖြင့် အထုပ်အထည်များ ထမ်းပိုး၍ ထွက်ခွာသွားကြလေတော့၏။

◈◈◈

ဤလောက၌ ဖြစ်တည်လေ့ရှိသော ကံကြမ္မာဖြိုဟ်ဆိုးသည် အတိုးနှင့် အရင်းပါ ပေါင်းစပ် တောင်းခံလာသလိုပင်၊ သံသယနှင့် သံသရာကို ဆက်နွယ်လမ်းဖောက်ပေးခဲ့လေပြီ။ ဆရာ ပုဏ္ဏားကြီးထံမှ ရတနာများစွာရရှိသွားသော ထိုဓားပြအဖွဲ့သည် တခြားသော တောမြိုင်တန်းတစ်ခုသို့ အရောက်တွင် အခြားလူဆိုးဓားပြအဖွဲ့တစ်ခုနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြတော့၏။ ခေါင်းတုံးပေါ် ထိပ်ကွက်မည့်အနေအထား။ သူ့ခိုးပေါ် သဝက်လုကိန်း ဆိုက်ရောက်နေပြန်သဖြင့် ဒီမနက်ပိုင်း ရရှိထားခဲ့သော ဆန်းကြယ်မှုအဖြစ်သနစ်ကို ဖောက်သည်ချ၍ သူခိုးဖော် သရေညိုကာ အိတ်သွန်ဖာမှောက် လမ်းညွှန်ပေးလိုက်ကြပြန်၏။ မကောင်းမှု ကြံစည်သူအချင်းချင်းစကားသည် အောင်၏။ နောက် ဓားပြအဖွဲ့ကလည်း အချိန်မဆိုင်းဘဲ ထိုဆရာပုဏ္ဏားကြီး အပြန်လမ်းသို့ လိုက်ကာ ဖမ်းဆီးကြပြန်သည်။

အကုသိုလ် ကံကြမ္မာဆိုးသည် တစ်ယောက်တည်း မလာပေ။ အပေါင်းအဖော်နှင့် လာသည်ဟု ဆိုရပေတော့မည်။ ဒုတိယမြောက် ရောက်ရှိလာသော ဓားပြအဖွဲ့အား ရတနာမိုး ရွာသွန်းဖြိုးစေနိုင်သည့် မန္တန်သည် အချိန်အခါမရွေး ရွတ်ဆိုလို့ မရနိုင်ကြောင်း ရှင်းပြ၏။ သုံးနှစ် တစ်ကြိမ်ကျ ဓနသိဒ္ဓိနက္ခတ်ကြုံမှသာလျှင် ရရှိနိုင်ကြောင်း ပြောဆိုသော်ငြား မယုံကြချေ။ လုပ်မပေးချင်၍ လိမ်ညာမှုသာဆိုသည်ဟု အထင်ရောက်ကာ တစ်ယောက်တစ်ချက် ညှင်းပန်းနှိပ်စက်ပြီး မရမက စေခိုင်းကြရာ လက်လွန်ခြေလွန်ဖြင့် ပုဏ္ဏားဆရာကြီးခမျာ ဒုက္ခကြီးစွာ ကြုံလျက် သေဆုံးသွားလေတော့သည်။ နောက်တစ်ဖွဲ့မှ ဓားပြခေါင်းဆောင်သည် ပို၍ဒေါသကြီးသူဖြစ်၏။

"ကဲဟေ့ • • • ဒီပုဏ္ဏားငြ့် သေလည်း အေးတာပဲကွာ။ လာ၊ အချိန်ကုန်တယ်။ ဟိုကောင်တွေကို အမီလိုက်ပြီး သတ်ဖြတ်လုယူရုံပဲ။ သွားကြစို့"

အင်အားသာသော ဓားပြအဖွဲ့သည် ရှေ့အဖွဲ့ထံသို့ ပြန်လိုက်ပြီးလျှင် ချောင်းမြောင်းလုပ်ကြံကြတော့၏။ ဒီနောက်



www.burmeseclassic.com

www.burmeseclassic.com

ရရှိလိုက်သော ပစ္စည်းဥစ္စာရတနာများအပေါ် လောဘဇော တိုက်ပြီး အချင်းချင်းပင် စိတ်ဝမ်းကွဲကာ ပြန်လည်တိုက်ခိုက် ကြပြန်ရာ နှစ်ဦးသော အဖွဲ့ခေါင်းဆောင်တို့သာ ကျန်ရစ်၏။

"ကဲ - မင်းနဲ့ ငါ နှစ်ယောက်ပဲ ကျန်တော့တယ်။ ဘယ်လိုသဘောရလဲ၊ တို့နှစ်ယောက်သား အသေအကြေ တိုက်ခိုက်ဦးမလား"

ဟု တစ်ဦးသော ဓားပြက မေး၏။

အမေးခံရသော တခြား ဓားပြတစ်ဦးကလည်း အတန် ငယ် စဉ်းစားပြီးသော် ဤသို့ အဖြေစကားကို ပြုလေသည်။

"ဒီဥစ္စာရတနာတွေကို တို့နှစ်ဦးသား အညီအမျှခွဲဝေ ယူကြမယ်ဆိုရင် မင်းလည်း ကျေနပ်မယ်မဟုတ်လား။ ဘာ လို့ အသက်လုရဦးမှာလဲ"

ဟု ပြန်ပြောလိုက်၏။

ဤသို့ဖြင့် နှစ်ဦးသား ကျေကျေနပ်နပ်ဖြစ်သွားကာ ဆောင်ဓားများကို ကိုယ်စီ ပြန်သိမ်းလိုက်ပြီးလျှင် ရှိသမျှ ရတနာထုပ်များကို ဝေခွဲယူငင်ကြလေသည်။ ယာယီ မဟာ မိတ်ဖွဲ့ပြီး အောင်ပွဲခံ၍ ထမင်းချက်စားကြရန် သဘောတူ ခဲ့ကြ၏။ သို့သော် တစ်ဦးနှင့် တစ်ဦး စိတ်ထဲတွင် အကောက် ကြံနေကြပြန်၏။ ထမင်းဟင်းများကို ခူးခပ်ပြင်ဆင်နေသူ သည် သူ့စိတ်ထဲက အကြံအစည်အတိုင်း နောက်တစ်ဦး စားမည့် ထမင်းပန်းကန်ထဲတွင် အဆိပ်ခတ်ထားလိုက်၏။ အဆိပ်မပါသော ထမင်းကိုတော့ လက်ထဲတွင် ကိုင်ကာ-

"ဟေ့…သူငယ်ချင်း၊ ငါဆာနေပြီကွာ၊ စားနှင့်တော့ မယ်။ မင်း ရေချိုးပြီးရင် ဒီမှာ လာစား၊ ငါခူးခပ်ထားပြီးပြီ ဟေ့"

ဟု ပြောပြောဆိုဆိုနှင့် ခပ်တည်တည်ပင် ထမင်းထိုင် စားနေ၏။ မလှမ်းမကမ်းတွင် ရေချိုးပြီး ပြန်လာသူက ရုတ်တရက်ဆိုသလို နောက်မှနေ၍ ဓားဖြင့် ခုတ်ပိုင်းချလိုက် လေရာ တစ်ချက်တည်းနှင့်ပင် သေပွဲဝင်ရလေသည်။ ကျန် လူသည် အောင်ပွဲခံသည့်ပမာ၊ အဆိပ်ပါရှိသော ထမင်းနှင့် ဟင်းကို မြိန်ယှက်စွာ စားသောက်ပြန်ရာ များမကြာမီပင် အဆိပ်သင့်၍ ထိုနေရာ၌ပင် လဲကျသေဆုံးသွားတော့သည်။

◈◈◈

တပည့်ဖြစ်သူ ပုဏ္ဏားလေးလည်း နေရပ်ရွာမှ ရွှေငွေ ဥစ္စာ သုံးပိဿာကို ယူဆောင်လာပြီးဖြစ်၍ သူ့ဆရာအား ရွေးယူရန် ထိုတောတန်းသို့ ဝင်ရောက်လာခဲ့တော့၏။ တော တန်းတစ်နေရာတွင် သွေးသံရဲရဲဖြင့် သေဆုံးနေရှာသော ဆရာပုဏ္ဏားကြီး၏ အလောင်းအား ကြေကွဲဖွယ်ရာ တွေ့ရှိ လိုက်ရလေ၏။ ဆရာဖြစ်သော်လည်း မိမိ၏ အမှာစကားကို နားမထောင်လေခြင်းဟု ပညာရှိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မိ ပြီးလျှင် ယူကျုံးမရ သံဝေဂ ဖြစ်လေ၏။ ဆရာသမား၏ ရုပ်အလောင်းအား ထိုတောတန်းနှိက်ပင် ကောင်းမွန်စွာ သင်္ဂြိုဟ်၍ ကန်တော့ပြီးသော် ခြေရာကောက်၍ ရှေ့တော တန်းရှိရာသို့ လိုက်လံကြည့်ရှုရာတွင် လူဆိုးဓားပြအဖွဲ့များ မျိုးပြုတ် သေဆုံးနေကြပုံကို မျက်ဝါးထင်ထင် တွေ့မြင် လိုက်ရတော့သည်။ တစ်ဝက်စီ ခွဲဝေ၍ စုပုံထားသော ရတနာ ထုပ်များကိုလည်း အစီအရီတွေ့ရှိလိုက်ရပြန်၏။

"ဩော်…ဆရာကြီး…ဆရာကြီး၊ သူတော်ကောင်း ပညာရှိ မှန်ပါရက်နဲ့ တပည့်ရဲ့ စကားကို နားမထောင်၊ ရှေ့ ဖြစ်မယ့် အန္တရာယ်ကို ထည့်မတွက်ဘဲ လျှို့ဝှက်ချက်ကို အန်ထုတ်ပြလိုက်တော့ ပညာမဲ့ ဓားပြတွေရဲ့ လက်ချက်နဲ့ အသက်သေဆုံးရတာပါကလား"

လို့ သတိ သံဝေဂတွေ အထပ်ထပ်ရရှိပြီးလျှင် ဓားပြ စခန်းက လှည်းတစ်စီးကို ကောက်ကာ၊ နွားတစ်ရှဉ်းတပ် ဆင်၍ ရတနာများကို သယ်ဆောင်ပြီး မိမိ၏ နေရပ်ရွာသို့ ပြန်လာခဲ့လေ၏။ ပြီးနောက် သူ့ဌေးဘွဲ့ ခံယူပြီး ဆရာကြီး အတွက် ရည်စူး၍ အလှူအတန်းပြုလုပ်ပေး၏။ ရပ်ရွာကို လည်း ပေးကမ်းစွန့်ကြဲ၏။ နေ့စဉ်နှင့်အမျှ ဒါနမှု၊ သီလမှု ဘာဝနာအမှုတို့ကို ကြိုးပမ်းအားထုတ်ရင်း သက်ဆုံးတိုင် အောင် နေထိုင်သွားနိုင်ခဲ့လေတော့သည်။

◈◈◈

မြတ်ဗုဒ္ဓဘုရားရှင်သည် ထိုသို့သော အတိတ်ဇာတ် တော်ကို ဆောင်ယူ၍ ဆုံးမရ ခက်ခဲသော ရဟန်းတော် တစ်ပါးကို အကြောင်းပြုကာ သွန်သင်ဆုံးမမှုအဆုံးတွင် အနုသန္ဓေစပ်လျက် တရားဇာတ် နိဂုံးချုပ်ရာ၌ ထိုစဉ်က ဝေဒဗ္ဗ ပုဏ္ဏားဆရာကြီးသည် ယခု ဆုံးမရ ခက်ခဲသော ရဟန်းတော်ပင် ဖြစ်ပြီး၊ ထိုပုဏ္ဏား၏ တပည့် အလိမ္မာသည် ငါဘုရားပင် ဖြစ်တော်မူခဲ့ပြီ၏ဟု တရားဇာတ်ကို အဆုံးသတ် ဟောကြားပေးတော်မူခဲ့လေသတည်း ■

* * *

ဖွဲ့လှလင်(မအူပင်)

ကျမ်းကိုး

- ဝေဒဗ္ဗဇာတ် (ငါးရာ့ငါးဆယ် နိပါတ်တော်)။



www.burmeseclassic.com

www.burmeseclassic.com

# ဩကာသ ကန်တော့ချိုး (၄)

ဆန်းဝင်း (အောင်မြေ)



ယခင်လမှ အဆက်・・・

"မောင်သောင်း・・・ပြီးခဲ့တဲ့လက ဘယ်ရောက်ပြီလဲဟ"

"မိစ္ဆာဉာဏ်ရှိ ဆိုတဲ့ အပုဒ်ရောက်ပြီ ဆရာဆန်း"

### ဉာဏ်မရှိသား

ဉာဏ်မရှိသား၊ ဘုရားပွင့်ဆဲအခါ တရားတော်ကို နားလည်လောက်သော ဉာဏ်မရှိသူများ။ (ဤ ပြီးခဲ့သော ၇မျိုးမှာ ဘုရားပွင့်ဆဲအခါ၌ ဖြစ်သူများတည်း။)

### ဉာဏ်ရှိငြားလည်း ဘုရားမဖြစ်

ဉာဏ်ရှိငြားလည်း ဘုရားမဖြစ်။ မိစ္ဆာဉာဏ်မရှိ တရားတော်ကို တတ်သိနားလည်လောက်သော ဉာဏ်ရှိသော်ငြားလည်း ဘုရားမပွင့်သောအခါ လူဖြစ်ရသူများ ဖြစ်ပါတယ်။

ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှာ အထူးအထွေ ရှင်းပြရန် မလို၍ အောက်ပါအတိုင်း မှတ်သားပါရန်။

### ရန်သူမျိုးငါးပါး

ရေ၊ မီး၊ မင်းဆိုး၊ ခိုးသူနဲ့ အမွေခံ သားသမီးဆိုးဖြစ်ပါတယ်။ မချစ်မနှစ်သက်သူ ၎ ရန်သူမျိုးငါးပါး၌ အသွင်းများကြပါတယ်။ မိမိက မုန်းနေရုံမျှနှင့် ရန်သူမဟုတ်နိုင်။ အမွေခံ သားဆိုး၊ သမီးဆိုးသာလျှင် မိဘကို မကြာခဏ ဒုက္ခပေးတတ်၊ စုဆောင်းထားသော ပစ္စည်းများကို သုံးဖြုန်းပစ်တတ်သောကြောင့် ရန်သူအစစ်ဟု မှတ်ယူရမယ်။ အမွေခံ သား

www.burmeseclassic.com

ဆိုး၊ သမီးဆိုးတို့ ဖြစ်ပါတယ်။

ရေ၊ မီး၊ သူခိုး၊ အမွေဆိုးနှင့် မင်းဆိုးအပြား၊ ရန်မျိုးငါး၊ မှတ်သားကြပါလေ။

## ဝိပတ္တိတရားလေးပါး

ဖောက်ပြန်ချို့ယွင်း ပျက်စီးခြင်းကို ဝိပတ္တိဟူ၍ ခေါ်ပါတယ်။

(၁) မင်းဆိုးမင်းညစ်တို့ အုပ်စိုးသော ကာလဖြစ်ခြင်း (ကာလဝိပတ္တိ)။

(၂) အပါယ်လေးဘုံ၌ ဖြစ်ရခြင်း (ဂတိဝိပ္ပတ္တိ)။

(၃) ရုပ်ဆင်းအင်္ဂါချို့တဲ့ရခြင်း (ဥပဓိ ဝိပတ္တိ)

(၄) မှန်ကန်သော ကြိုးစားအားထုတ်မှု မရှိခြင်း (ပယောဂ ဝိပတ္တိ)။

ဖောက်ပြန်ချို့ယွင်း ပျက်စီးခြင်းခေါ်လျှင်းဝိပတ္တိ၊ မင်းစိုးအုပ်ခါ၊ ပါယ်လေးရွာနှင့် အင်္ဂါချို့ယွင်း အားထုတ်ကင်း၊ လေးသင်းမှတ်လေဘိ။

## ဗျသနတရားငါးပါး

ပျက်စီး ဆုံးပါးခြင်းကို ဗျသနဟု ခေါ်ပါတယ်။

(၁) ဆွေမျိုးများ ပျက်စီးခြင်း (ဉာတိဗျသန)။

(၂) စည်းစိမ်ပျက်စီးခြင်း (ဘောဂဗျသန)။

(၃) အနာရောဂါဖြစ်၍ ပျက်စီးခြင်း (ရောဂဗျသန)။

(၄) မှားသောအယူ ယူသဖြင့် အယူမှန် ပျက်စီးခြင်း (ဒိဋ္ဌိဗျသန)။

(၅) ကိုယ်ကျင့်သီလ ပျက်စီးခြင်း (သီလဗျသန)။

◈◈◈

"ဒီအထိ တော်တော်ရှင်းသွားပါပြီ ဆရာဆန်း။ ဟိုး အပါယ်မကျမီ ယမမင်းထံမှာ အစစ်ခံရတယ်ဆိုတာ ကြားဖူးတယ်ဗျ။ အဲဒါလေးလည်း ဆွေးနွေးပေးပါ။ တိတိကျကျ မသိရပေမယ့် လူတော်တော်များများက ယမမင်းဆိုတာကို ကြားဖူးနေကြပါတယ်။ တချို့ ယမမင်းဆိုတာ ရုပ်က အင်မတန်ဆိုးတယ်။ လူတွေကိုလည်း ငရဲမရောက်ရောက်အောင် ပို့ပေးနေတဲ့ ငရဲသားကြီးလို့ပဲ ထင်နေပါကြပါတယ်"

"အင်း… အမှန်ကတော့ ယမမင်းဆိုတာ စတုမဟာရာဇ်နတ်အမျိုးအစားမှာ ပါဝင်ပြီး "ဝေမာနိက"ပြိတ္တာမင်းကို "ယမမင်း"လို့ ခေါ်ဆိုနေကြခြင်းဖြစ်ပါတယ်။ သူတို့ဟာ တစ်ခါတစ်ရံ နတ်စည်းစိမ်ခံစားရပြီး တစ်ခါတစ်ရံမှာတော့ မကောင်းမှုအကျိုးကို(ရိုးရိုးပြိတ္တာများလို) ခံစားရရှာသေးတယ်လို့ ဆိုတယ်။ ယမမင်းဆိုတာ တစ်ယောက်မက၊ များစွာရှိပါတယ်။ လူ့ပြည်မှာ အစိုးရအမှုထမ်းတွေ ရုံးထိုင်ကြသလို ယမမင်းတွေကလည်း ငရဲဘုံ တံခါးလေးဘက်မှာ ရုံးထိုင်ကြရပြီး ငရဲသို့ ရောက်လာသူတွေကို စစ်ဆေးမေးမြန်းကြရပါတယ်။ ငရဲသို့ ရောက်လာသူတိုင်း စစ်ဆေး မေးမြန်းခံရတာ မဟုတ်ပါဘူး။ အကုသိုလ်ကြီး၍ ပြစ်မှုထင်ရှားသူတွေကတော့ ငရဲသို့ တစ်ခါတည်း ကျရပါတယ်။ အကုသိုလ်နည်းပါးသူတွေအတွက်တော့ လွှတ်လိုလွှတ်ငြား ယမမင်းထံ အစစ်ဆေး အမေးမြန်းခံရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် အခုလူတွေ ထင်ကြသလို၊ ယမမင်းက ငရဲသို့ တွန်းပို့နေခြင်းမဟုတ်ဘဲ၊ အပြစ်ရှာတာ မဟုတ်ဘဲ၊ လွှတ်သင့်က လွှတ်ခွင့်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စစ်ဆေးမေးမြန်းခြင်းသာ ဖြစ်ပါတယ်။ ယခုအခါ လူ့ပြည်က အယူခံ ရုံးတွေလိုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယမမင်းဆိုတာ လူတော်တော်များများ သိထားကြသလို၊ လူဆိုး နတ်ဆိုးကြီး မဟုတ်ပါဘူး။ တရားစောင့်တဲ့ မင်းကောင်းမင်းမြတ်တစ်ပါးသာ ဖြစ်တယ်လို့ မှတ်ရပါမယ်။ ဒါ့ပြင် ငရဲထိန်းဆိုတာ ရှိသေးတယ်။ သူတို့တွေဟာလည်း စတုမဟာရာဇ်နတ်မျိုးမှာ ပါဝင်တဲ့ နတ်ဘီလူး၊ နတ်ရက္ခိုက်တွေ ဖြစ်တယ်။ ၎င်းတို့အလုပ်က အနည်းငယ်သော အပြစ်အကုသိုလ်ကြောင့် က ရောက်လာတဲ့သူတွေကို ယမမင်းထံ ပို့ပေးခြင်းနဲ့ ငရဲသို့ ရောက်ပြီးသူတွေကိုတော့ လူ့ပြည်က လက်မရွံ့ အာဏာသားတွေလို သတ်ပုတ် ရိုက်နှက်ခြင်းတို့ကို ဆောင်ရွက်ကြရပါတယ်။ ဒီနေရာမှာ ငရဲမီး စတဲ့ ဘေးအန္တရာယ်တွေဟာ ကံကြောင့်ဖြစ်ရတဲ့ ကမ္မပစ္စယ ဥတုဇရုပ်များဖြစ်တဲ့အတွက် ငရဲခံရမယ့်သူတွေသာ ပူလောင်မှုဒဏ် ခံကြရပြီး၊ ငရဲထိန်းတို့မှာ ပူလောင်ခြင်း မရှိကြပါ။

ဒေဝဒူတသုတ်တော်လာ ယမမင်းစစ်တမ်းကို လိုရင်းတင်ပြရပါလျှင် လူ့ပြည်မှာ ရှိနေတဲ့ ကလေး၊ သူအို၊ သူနာ သူသေ၊ အကျဉ်းသမားဆိုတဲ့ ငါးမျိုးကို ယမမင်း စေလွှတ် အပ်တဲ့ တမန်တွေနဲ့ တူတဲ့အတွက် "ဒေဝဒူတ"လို့ ခေါ် တယ်။ ယမမင်းဟာ မိမိထံမှောက် ရောက်လာကြတဲ့ ငရဲ သားတွေကို ဖော်ပြခဲ့တဲ့ ဒေဝဒူတ ငါးမျိုးကို ဖော်ပြ အောက်ပါအတိုင်း စစ်ဆေးလေ့ရှိပါတယ်။

**ယမမင်း။** လူ့ပြည်တုန်းက မိမိရဲ့ ကျင်ကြီး ကျင်ငယ်ကိုမှ မနိုင်သေး၊ ကျင်ကြီးကျင်ငယ်တို့နဲ့ လူး လိမ့်ကာ နေကြရတဲ့ ကလေးတွေကို မတွေ့ခဲ့သူဘူး။

**ငရဲသား။** တွေ့ခဲ့ပါတယ် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

**ယမမင်း။** မိမိကိုယ်တိုင် နားလည်သောအရွယ်သို့ ရောက်တဲ့အခါ ထိုကလေးတွေကို ကြည့်ရှုပြီး ငါသည် ဘာမှ နားမလည်ရှာသော ဤကလေးသူငယ်ဖြစ်ဖို့ရာ နောက်အခါ ပဋိသန္ဓေနေခြင်းသဘောကို မလွန်မြောက်နိုင်သေးပါတကား။ ယခုကတည်းက ကိုယ်၊ နှုတ်၊ စိတ်များကို စောင့်စည်းလျက် ကောင်းကောင်းကြီးနေမှ တော်တော့မည်ဟူ၍ အကြံအစည်များ မဖြစ်ခဲ့ဘူးလားဟု အလွန်ကြင်နာစွာ မေးမြန်းပါတယ်။

**ငရဲသား။** ကျွန်တော်မေ့လျော့နေတဲ့အတွက် ကုသိုလ်ကောင်းမှု၌ စိတ်မဝင်စားနိုင်ခဲ့ပါ။

**ယမမင်း။** မောင်မင်း··· မကောင်းမှုကို ဆွေမျိုး ဉာတိ ဆရာမိဘတို့က ပြုပေးခဲ့ကြတာ မဟုတ်ပါ။ မောင်မင်းကိုယ်တိုင်ပြုခဲ့တာဖြစ်လို့ မိမိပြုခဲ့တဲ့ အပြစ်ဒဏ်ကို မေ့လျော့သူတို့ထုံးစံအတိုင်း မောင်မင်း ခံရပေတော့မည်။

ဒီနည်းအတိုင်း သူအို၊ သူနာကို ညွှန်ပြ၍ ဒုတိယအကြိမ်၊ တတိယအကြိမ် သူသေကို ညွှန်ပြပြီး စတုတ္ထအကြိမ် အကျဉ်းသားကို ညွှန်ပြ၍၊ ပဉ္စမအကြိမ်၊ ငါးကြိမ်တိုင် မေးလို့မှ ကုသိုလ်ကောင်းမှုပြု မပြု သတိမရသေးရင်၊ ယမမင်းကိုယ်တိုင် ထိုသူ ကုသိုလ်ကောင်းမှုပြုစဉ်က မိမိအား အမျှဝေဖူးသလားဟု စဉ်းစား၍ရလျှင် ထိုကုသိုလ်ကို ဖော်ပြခြင်း၊ ယမမင်းက ဖော်ပြခြင်းကြောင့် ဖြစ်စေ၊ မိမိဘာသာ သတိရ၍ ဖြစ်စေ၊ ကုသိုလ် သတိရတာနဲ့ တစ်ပြိုင်နက် ငရဲမှ လွတ်မြောက်၍ နတ်ပြည်သို့ ရောက်ကြသူတွေလည်း အများပင် ရှိကြပါပေတယ်။ ထိုနေရာမျိုးကျမှ မိမိရဲ့ ကုသိုလ်ကိုသာ အားထားရကြောင်း ထင်ရှားလှပါတယ်။ ယမမင်းကိုယ်တိုင် စဉ်းစားမရရင်တော့ ယမမင်းက ဆိတ်ဆိတ်သာ နေပါတော့တယ်။ ထိုအခါ ငရဲသားတွေကို ငရဲထိန်းတို့က ယူဆောင်ကာ အမျိုးမျိုးနှိပ်စက်ကြပါတော့တယ်။

ဖော်ပြခဲ့တဲ့ အချက်တွေကို ထောက်ထားပြီး ယခုအခါ ပြုသမျှ ကုသိုလ်တွေကို ယမမင်းတို့အား အမျှပေးဝေခြင်းဖြစ်ပါတယ်။

စာရေးသူငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝတုန်းက ရေးသူ မမှတ်မိတော့တဲ့ ယမမင်းစစ်တမ်းတချို့ကို ဖတ်ဖူးပါတယ်။ ထိုစစ်တမ်းထဲတွင် ဥပုသ်စောင့်သုံးတာနဲ့ ပတ်သက်တဲ့ မေးမြန်းချက်များကို နမူနာအဖြစ် တင်ပြပါမည်။

**ယမမင်း။** အမောင်လူသား··· သင်တို့ လူ့ပြည်တွင် ဥပုသ်နေ့များ၌ သီတင်းသီလ စောင့်သုံးကြ၏။ သင်လည်း ဥပုသ်များ စောင့်သုံးဖူးပါသလား။

**ငရဲသား။** ဟုတ်ကဲ့၊ စောင့်ဖူးပါတယ်။

**ယမမင်း။** အေး၊ စောင့်ဖူးရင် ကောင်းပါတယ်။ ဒီလို ဥပုသ်စောင့်သုံးတဲ့အခါ သင်ရဲ့ ဥပုသ်သီလ မကျိုးမပေါက်အောင် စောင့်ခဲ့ပါသလား။

**ငရဲသား။** ဟုတ်ကဲ့၊ အဲဒီလို စောင့်ရမယ်ဆိုတာ ကျုပ် နားမလည်ခဲ့ပါဘူး။ ကျွက်ကျွက်ညံအောင် စကားပြောခဲ့ကြတာကိုပဲ မှတ်မိပါတော့တယ်။

**ယမမင်း။** အေး၊ လူစုံတဲ့အခါ စကားတော့ ပြောဖြစ်ကြတာပါပဲ။ ကျောင်းကန်ဘုရားမှာ ဥပုသ်စောင့်နေကြတာဆိုတော့ တရားနဲ့ စပ်၊ ဘုရားနဲ့ စပ်တဲ့ စကားတွေကို ပြောခဲ့ကြတာလား။

**ငရဲသား။** စကားပြောတာကတော့ စုံလို့ပါပဲ။ တရားနဲ့ စပ်တဲ့ စကားတော့ မပြောဖြစ်ခဲ့ပါဘူး။ လယ်ယာကျွဲနွား၊ သားမယား၊ အကြောင်းစုံပါပဲခင်ဗျာ။ နေဝင်လို့ အိမ်သာ ပြန်လာခဲ့ရတယ်၊ ပြောတဲ့ စကားတွေကတော့ မပြီးသေးပါဘူး။ နောက် ဥပုသ်ကျမှ ဆက်ပြောကြတာပေါ့ ဆိုပြီး စကားဖြတ်ခဲ့ရတယ်။

ဒီအခါ ယမမင်းကြီးက ပြုံးစိစိလုပ်ပြီး "မင်းတို့စောင့်တဲ့ ဥပုသ်က ထမင်းဆာတာ နဲ့မြောဖို့ ကောင်းသကွာ"လို့ ပြောလိုက်ပါတယ်။

အလားတူ၊ အခြားကုသိုလ်ကောင်းမှုတွေ ပြုရာမှာ မတော်မတည့်ဖြေခဲ့ပုံတွေကိုလည်း အများအပြားတွေ့ရဖတ်ရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များ ကုသိုလ်ကောင်းမှုပြုရာတွင် သတိရှေ့ထား၍ ပြုနိုင်ကြဖို့ လွန်စွာ အရေးကြီးပါတယ်။

◈◈◈

"မောင်သောင်းရေ··"

"ဗျာ··· ဆရာဆန်း"

"တို့ ဩကာသ ကန်တော့ချိုးရဲ့ နောက်ဆုံးပိုင်းနားကပ်လာပြီနော်"

"ဟုတ်ကဲ့၊ အရေးကြီးဆုံးလို့ ကျွန်တော်လည်း ယူဆပါတယ်။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက် သိနားလည်ဖို့ အလိုအပ်ဆုံးလို့ သဘောပေါက်ပါတယ်။ ဒါကြောင့် အသိချင်ဆုံး အရာဖြစ်လို့ အတတ်နိုင်ဆုံး ရှင်းပြပေးစေချင်ပါတယ် ဆရာဆန်းရေ"

"အင်း··· ဒီ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဆိုတာ စာတွေအရသာ သိရတာ ဖြစ်ပါတယ်။ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ခံစားသိမြင်ပြီးမှ ရှင်းပြရတာမျိုး မဟုတ်လို့ မောင်ရင်တို့ ကျေလည်ချင်မှ ကျေလည်မှာပါ။

ဗုဒ္ဓဘာသာဝင်တွေထဲမှာ အချို့က နိဗ္ဗာန်ကို မလိုချင်ပါဘူး။ နတ်ပြည်လောက်ရရင် တော်ပါပြီလို့ ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားရဖူးပါတယ်။ သူတို့အမြင်အရ နိဗ္ဗာန်မှာ ရုပ်လည်း မရှိ၊ နာမ်လည်း မရှိ၊ သန္တိသုခ သဘောပဲ ရှိတယ်ဆိုတာကို သဘောမကျကြပါဘူး။

မြတ်စွာဘုရားရဲ့ တရားတော်ဟာ အစမ်းသပ်ခံ၊ အစစ်ဆေးခံနိုင်ပါတယ်။ တရားဂုဏ်တော် ၆ပါးမှာ ဧဟိပဿိက ဂုဏ်ဆိုတာ ရှိပါတယ်။ လာလှည့်၊ ရှုလှည့်ပါ။ လက်တွေ့လုပ်ကြည့်ပါ။ တရားတော်ရဲ့ အရသာကို မုချမသွေ ခံစားရမှာကို ပြထားပေမယ့် ကိုယ်တိုင်ကြိုးစား အားထုတ်ပြီး တရားတော်ရဲ့ အရသာကို ခံစားခြင်းမပြုဘဲ စာတွေ့အရလေး ကြည့်ပြီး နိဗ္ဗာန်မလိုချင်ဘူး ပြောကြတဲ့ လူတွေကို ဘယ်လိုပြောရမလဲ။

တချို့ဆိုရင်လည်း ဗုဒ္ဓဘာသာဟာ ဘာမှမသိတဲ့ အဝိဇ္ဇာလို့ ခေါ်တဲ့ မောဟ,က စပြီး၊ ရုပ်တရား၊ နာမ်တရား ဘာမှမရှိဘူးဆိုတဲ့ နိဗ္ဗာန်မှာ အဆုံးသတ်ထားတာ ဘာအဓိပ္ပာယ်ရှိမှာလဲ။ မသိတာက စပြီး မရှိတာမှာ ဆုံးလို့ ယုံချင်စရာ မကောင်းဘူးလို့ အမျိုးမျိုးပြောကြဆိုကြပါတယ်။ ဒါတွေဟာ ဗုဒ္ဓရဲ့ အနှစ်သာရတွေကို တကယ်လက်တွေ့ မလေ့လာဘဲနဲ့ မှန်းတုတ်ရမ်းတုတ်နေကြသူတွေသာ ဖြစ်တယ်။ နိဗ္ဗာန်မဂ်ဖိုလ်အရသာကို တကယ့်လက်တွေ့လုပ်ကြည့်ပါ။ အမှန်တကယ် အရသာခံစားနိုင်မှာ အသေအချာဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေရဲ့ လွတ်မြောက်ရေးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်တို့အကြောင်းကို နောက်တစ်ပတ်မှာ အကျဉ်းမျှ တင်ပြပါဦးမယ်။ အခုတော့ အချိန်စေ့သွားပြီ ဖြစ်လို့. . ."

"ကောင်းပါပြီဗျား"

"ကဲ - ရေနွေးသောက်လိုက်ဦး" ■

ရွှေလ ဆက်ပါဦးမည်

* * *

ဆန်းဝင်း(အောင်မြေ)


" အာစရိယဂုဏ် အပဟံ ဝန္ဒာမိ "

**ဂမ္ဘီရဆရာလှမျိုး** (B.Sc) လယ်ပြ(ငြိမ်း)

**ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)**

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဖက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရုပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

*ဟောခန်းလိပ်စာ*

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။

၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။





www.burmeseclassic.com

www.burmeseclassic.com

# စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားရှိခိုးဂါထာ

စမအောင်



ဒီကာလတွေက နွေရာသီ ကျောင်းပိတ်ရက်ရှည်တယ်။ ပြည်တွင်း ဘုရားဖူးတွေများတဲ့ ကာလပေါ့။ အုပ်စုလိုက်၊ မိသားစုလိုက် ဘုရားဖူးထွက်တဲ့ ရာသီပေါ့။

မင်းဘူး ရွှေစက်တော်ဘုရားဖူးရင်းကနေ စန္ဒကူးနံ့သာကျောင်းတော်ရာကို အရောက်သွားခဲ့ကြမှာ သေချာတယ်။ စန္ဒကူးနံ့သာ ကျောင်းတော်ရာကို အရောက်သွားခဲ့ရင်းက ပု၊ ညာ၊ ခေ၊ တွံ့ ဘွဲ့တံဆိပ်တော်ရ လယ်ကိုင်း ကျောင်းတော်ရာ ဘုရားရှိခိုးနဲ့ ဂါထာတစ်ပုဒ်ကို ကူးယူရေးမှတ်ခဲ့ပါတယ်။


ကူးယူရေးမှတ်ရုံတင် မကပါဘူး။ စန္ဒကူးနံ့သာ ကျောင်းတော်ရာမှာပဲ ဂါထာကို ရွတ်ပွားပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ဖြစ်ခဲ့ပါတယ်။

အများသူငါ ကြည်ညို ပူဇော်နိုင်ဖို့ ဝေမျှပေးလိုက်ပါတယ်။ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားဖူးသွားမယ့်သူတိုင်း သိထားသင့်သလို၊ ဘုရားဖူးမသွားနိုင်သေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာကျောင်းတော်ရာကို အာရုံပြုရင်း ကြည်ညို ပွားများနိုင်ပါတယ်။ အကျိုးထူးတွေကိုလည်း ရရှိခံစားစေမှာ ပါ။

**ပု၊ ညာ၊ ခေ၊ တ္တံ ဘွဲ့တံဆိပ်တော်ရ လယ်ကိုင်း ကျောင်းတော်ရာ ဘုရားရှိခိုးဂါထာ**

ပုဏ္ဏထေရ နိမန္တိတော၊
ဥ တွာ လောကဟိတံ စိရံ။
ခေမဝါသ မကာသိ ယော၊
တံ ဝန္ဒေ လောကနာထံပိ။
ပုညေနာ နေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။ ။

**ယောဗုဒ္ဓေါ** - အကြင်မြတ်စွာဘုရားသည်၊ **ပုဏ္ဏထေရ နိမန္တိတော** - မဟာပုဏ်မထေရ် ပင့်ဖိတ်အပ်သည်ဖြစ်၍၊ **စိရံ** - မြင့်ရှည်စွာသော၊ **လောကဟိတံ** - လူတို့စီးပွားကို၊ **ဥတွာ** - သိတော်မူ၍၊ **ခေမဝါသ** - ဘေးမဲ့ရာ စန္ဒကူးနံ့သာ တန်ဆောင်းကျောင်း၌ နေခြင်းကို၊ **မကာသိ** - ပြုတော်မူလေပြီ၊ **လောကနာထံ** - လူတို့ကိုးကွယ်ရာဖြစ်သော၊ **တံ ဗုဒ္ဓံ** - ထိုမြတ်စွာဘုရားကို၊ **ဝန္ဒေ** - ရှိခိုးပါ၏။




**အနေန ပုညေန** - ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် **သဗ္ဗမ္ပိ** - အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ** - အလိုရှိတိုင်း၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း။

သူတော်ကောင်းတရား မေတ္တာထားနိုင်၍ ကုသိုလ်ပွား များနိုင်စေသော်... ■

* * *

စမအောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရှင်ပစ္စေကဗုဒ္ဓါမထေရ်မြတ်သည် ဆွမ်းခံပြီး ပြန်လာစဉ်ဖြစ်သည်။ ထိုသို့ ဆွမ်းအလို့ငှာ လှည့်လည်ဆွမ်းခံပြီး ပြန်ကြွလာနေစဉ် လမ်းခရီး၌ "သုမနတ္တ"အမည်ရှိ "ကိတဝ"မင်းကြီး၏ သားတော်နှင့် ဥယျာဉ်ကစားပြီး ပြန်လာခဲ့စဉ် ဆုံတွေ့ကြခြင်းဖြစ်သည်။ မင်းသားငယ်မှာ ငယ်ရွယ်ပျိုမျစ်သူဖြစ်သည့်အားလျော်စွာ မိမိဖခင်ဖြစ်သူ ဗာရာဏသီပြည့်ရှင်မင်း ကိတဝ၏ သားတော်တစ်ပါးအနေဖြင့် မာန်မာနထောင်လွှားလျက်ရှိနေလေသည်။

"မင်းချင်းတို့ . . . ဟိုရှေ့က သပိတ်ပိုက်ပြီး လျှောက်လာနေတဲ့ ဦးပြည်းကတုံး(ခေါင်းတုံး)က ငါ့ကဲ့သို့သော ပြည့်ရှင်မင်း၏ သားကို ခရီးဦးကြိုမပြုဘဲ ဘာ့ကြောင့်လျှောက်လှမ်းသွားနေခဲ့ရတာလဲ"ဟု ပြစ်မှားလိုသောစိတ်ဖြင့်မေးမြန်းပြီး မိမိစီးလာနေသော ဆင်ကျောကုန်းပေါ်မှ ဆင်းသက်လာလေသည်။ နောက် ရှင်ပစ္စေကဗုဒ္ဓါ လာရာ ခရီးလမ်းမရှေ့မှ ပိတ်ဆို့ကာ မေးမြန်းနေသည်။

"ဦးပြည်းကတုံး . . . ဘယ်ကနေ ပြန်လာလို့ ဘယ်နေရာမှာ ဆွမ်းခံကြွလာခဲ့တာလဲ။ ဆွမ်းများရော အလုံအလောက်ရရှိခဲ့ပါရဲ့လား"

ဟု ကြမ်းတမ်းရင့်သီးလွန်းသော စကားများဖြင့် မေးမြန်းရင်း ရှင်ပစ္စေကဗုဒ္ဓါ၏ လက်ထဲမှာ ပိုက်ထားသော သပိတ်တော်ကို ဆွဲယူလျက် မြေကြီးပေါ်သို့ သွန်မှောက်ချပစ်ခဲ့လေသည်။

ထိုကဲ့သို့ ဘုရင့်သားတော် မင်းသားငယ်၏ မောက်မာရိုင်းစိုင်းသည့် အပြုအမူကို သည်းခံစိတ်မွေးကာ မေတ္တာရှေ့ထားလျက် အမျက်မသိုဘဲ လှမ်းလင့်လို့သာ ကြည့်နေရာသည်။ သည်လိုကြည့်ရှုနေသော အပြုအမူအပေါ် မကျေနပ်သော မျက်နှာမျိုးဖြင့် ကြည့်ရှုတော်မူနေသည်ဟု စိတ်ထဲမှာ ထင်မှတ်သွားကာ -

"ငါ့ကို အသို့ထင်သနည်း။ ငါ့ကဲ့သို့သော ကိတဝမင်း၏ သားတော်ကို အမျက်သို ရန်လိုသည့်ပုံစံဖြင့် လှမ်းလင့်ကြည့်ရှုနေခဲ့သည်မှာ သင့်အနေဖြင့် မကျေနပ်သောကြောင့်လော။ မည်သို့ တုံ့ပြန်လိုသော ဒေါသတရားများ ရှိနေလို့လား"ဟု ပြောပြောဆိုဆို ရှင်ပစ္စေကဗုဒ္ဓါမထေရ်ကို စိန်ခေါ်စကားဖြင့် ပြောဆိုပြီး ထိုနေရာမှ ထွက်ခွာသွားနေလေသည်။

မင်းသားငယ်သည် မိမိဆင်တော် ရပ်နားထားရာ နေရာဆီသို့ ပြန်လည် ကြွမြန်းနေစဉ်ခဏမှာပဲ ငရဲမီးတမျှ အပူမီးသည် ဟုန်းခနဲ ထတောက်ကာ ယင်းနေရာမှာပင် တစ်ကိုယ်လုံး လောင်ကျွမ်းသွားသည့်အဖြစ်သို့ ရောက်ရှိသွားလေသည်။ ယင်းကဲ့သို့ မီးများ လောင်ကျွမ်းခံရသည့် ဒဏ်ရာဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားလေသည်။ ချက်ချင်း အဝီစိငရဲရှိရာ မဟာအဝီစိသို့တိုင်အောင် ရောက်ရှိခံစားသွားရသည်။

ဤကဲ့သို့ ရှင်ပစ္စေကဗုဒ္ဓါမထေရ်မြတ်အပေါ် နှုတ်ဖြင့်ပြစ်မှားသော ဝစီကံမှုကို ကျူးလွန်မိခြင်း၊ ကိုယ်ထိ လက်ရောက်ဖြစ်သော ဆွမ်းသပိတ်ကို မြေကြီးပေါ် သွန်မှောက်ပစ်ခြင်း။ ကာယကံမှုကို ကျူးလွန်မိခြင်း။ မိမိစိတ်ထဲမှနေ၍ ရိုသေသမှုမပြုဘဲ နေခြင်း၊ မနောကံမှုကို ကျူးလွန်မိခြင်းကြောင့် ကံသုံးပါးကို ဖောက်ဖျက်မိခဲ့လေတော့သည်။ ယင်းသို့ ပြစ်မှားမိခဲ့ခြင်းအပြစ်ကြောင့် မဟာအဝီစိငရဲ၌ နှစ်ပေါင်းရှစ်သောင်းလေးထောင်ထိတိုင် ကာလပတ်လုံး ငရဲခံစားနေရသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူလာသောအခါမှ မြို့တစ်မြို့အနီးရှိ တံငါရွာလေးတစ်ရွာတွင် လူ့ဘဝသို့ ပြန်ရောက်လာခဲ့လေသည်။ ထိုတံငါသည်မှာ ဘဝဟောင်းမှ အဖြစ်အပျက်များကို ပြန်လည်သတိရအောက်မေ့ခြင်းဖြစ်သော ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်လာလေသည်။ မိမိကိုယ်တိုင် အတိတ်ဘဝမှ ဒုက္ခဝဋ်အပေါင်းကို ခံစားလာခဲ့ရသည့် ဆင်းရဲပင်ပန်းခြင်း ဝဋ်ဒုက္ခအပေါင်းကို အဖန်တလဲလဲ ရှုမြင်ခံစားလျက် သတိရလာလေသည်။ ထို့နောက် အရွယ်ရောက်လတ်သော် ယခုကဲ့သို့သော မိမိ မှားယွင်းခဲ့ဖူးသည့် အကုသိုလ်ကံ ဝဋ်ကြွေးကို ကြောက်ရွံ့ထိတ်လန့်လျက် မကောင်းမှုကံကို မကျူးလွန်မိစေရန် ဆင်ခြင်နေထိုင်လာခဲ့သည်။


ယင်းမှာ မိဘညီအစ်ကို ဆွေမျိုးဉာတိများသည် တံငါသည်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေကြသူများပီပီ ဝမ်းစာရေးအတွက် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ကြရလေသည်။ ထိုသို့ ငါးဖမ်းသွားခြင်းကို မလုပ်လိုသောကြောင့် လိုက်ပါသွားခြင်းမရှိဘဲ ပုန်းရှောင်နေခဲ့သည်။ မတတ်သာ၍ ဖွတ်အတင်းခေါ်ဆောင်သွားပါကလည်း လှေပေါ်မှာ ပါရှိလာသော ငါးဖမ်းပိုက်ကွန်များကို တစ်နည်းနည်းဖြင့် ခုတ်ထစ်ဖျက်ဆီးပစ်ခဲ့လေသည်။ တစ်ဖန် ဖမ်းမိလာသော ငါးများကို အသက်ရှင်လျက် ပင်လယ်ပြင်ထဲသို့ ပြန်လည်လွှတ်ပေးခဲ့လေသည်။

ထိုကဲ့သို့ ငါးဖမ်းလုပ်ငန်းအပေါ်တွင် စိတ်ပါဝင်စားမှုမရှိဘဲ အမျိုးမျိုးအနှောင့်အယှက်ပေးနေသောကြောင့် မိဘ



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးဒေသပိုင်းအဝိုင်းမှ လူများသည် မကြိုက်နှစ်သက်ဘဲ မနှစ်မြို့သောကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြသည်။ နောက်ဆုံး ယင်းတံငါသည် မိသားစုထဲမှ ထိုသူငယ်ကို မောင်းထုတ် နှင်ချပစ်ခဲ့လေတော့သည်။ သို့သော်လည်း ညီအစ်ကိုရင်းဖြစ်သော အစ်ကိုကြီးတစ်ဦးကသာ ကရုဏာ သက်ဝင်ချစ်ခင်မိသော သံယောဇဉ်ဖြင့် ပစ်ပစ်ခါခါမလုပ်ဘဲ ကျွေးမွေးထောက်ပံ့နေလေသည်။

ထိုအချိန်ကာလဝယ် ရှင်အာနန္ဒာမထေရ်မြတ်သည် "သာမဏ"မည်သော တောတောင်ကြီးထဲမှာ သီတင်းသုံး နေခိုက်ဖြစ်လေသည်။ တံငါသည်သားမှာ မိဘတို့က အိမ်ပေါ်မှ နှင်ချလိုက်သောကြောင့် စားစရာ၊ နေစရာမရှိဘဲ အတိဒုက္ခရောက်နေခဲ့လေသည်။ မိမိခြေဦးတည့်ရာဆီ လှည့်လည် သွားလာနေရာမှ ရှင်အာနန္ဒာမထေရ်ရှိရာ တောအုပ်အတွင်း သို့ မျက်စိလည်ပြီး ရောက်ရှိလာလေသည်။

ထိုစဉ် လူငယ်မှာ ဗိုက်ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာဖြစ်ပေါ် ခံစားနေရသဖြင့် ကျောင်းသင်္ခမ်းအနီးအနား သို့ ရောက်ရှိလာပြီး ဆွမ်းစားနေသည်ကို ငေးမောကြည့်နေ သည်။ ထိုအချင်းအရာကို ရှင်အာနန္ဒမထေရ် ရှုမြင်လတ် သော် လူငယ်ကို အနီးသို့ ခေါ်စေလျက် အကြောင်းစုံကို မေးမြန်းစုံစမ်းနေခဲ့သည်။ လူငယ်ကလည်း မိမိဘဝအခြေ အနေမှန်ကို မရှက်မကြောက်ဘဲ မဆိုင်းမတွ ပြန်လည်ဖြေ ကြားခဲ့လေသည်။

ထိုအခါ ရှင်အာနန္ဒာမထေရ်မြတ်သည် သပိတ်ထဲမှာ ရှိသော ဆွမ်းများကို ထုတ်ယူ၍ လူငယ်ကို ကျွေးမွေးနေ တော့သည်။ လူငယ်၏ ဘဝအခြေအနေမှန်ကို သိရှိပြီး နောက် သနားကရုဏာသက်ဝင်စိတ်ဖြစ်ပေါ်ကာ ဤသို့ မေးမြန်းလေသည်။

"အသင်သည် ရဟန်းပြုချင်စိတ်ရှိပါသလား"

"အရှင်ဘုရား ခွင့်ပြုမည်ဆိုပါက ရဟန်းဘောင်သို့ ဝင်လိုပါသည်"

ဟု ဖြေကြားသည်ကို ကြားလိုက်သည်နှင့် ရှင်သာမဏေ အဖြစ် သွတ်သွင်းစေသည်။ နောက် ဇေတဝန်ကျောင်းတော် ဝယ် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံမှောက် သို့ ခေါ်ဆောင်သွားလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုသာမဏေကို ရှင်အာနန္ဒာထံ စောင့်ရှောက်ရန် အပ်နှံထားလေသည်။ သာမဏေသည် အတိတ်ဘဝက ပြုခဲ့သော အကုသိုလ်ကံ ကြွေးကြောင့် ဆွမ်းခံကြွသော်လည်း လာဘ်လာဘအလွန် နည်းပါးရှာလေသည်။ မြတ်စွာဘုရားရှင်သည် ထိုအချင်းအရာ ကို ရှုမြင်လတ်သည်ရှိသော် ချီးမြှင့်မြှောက်စားလိုသော စိတ်စေတနာဖြင့် သံဃာတော်များ သောက်သုံးသည့် သောက် ရေအိုးကို နေ့စဉ် ရေဖြည့်ရန် တာဝန်ပေးခဲ့လေသည်။

ဤကဲ့သို့ ရဟန်းသံဃာတော်များအတွက် သောက် သုံးရေကို နေ့စဉ်ဖြည့်ပေးနေသော သာမဏေအား ဥပါသကာ များက မြင်တွေ့နေသည်။ ယင်းကြောင့် များစွာသော ဆွမ်း ဘောဇဉ်ဖြစ်သည့် နိစ္စပါတ်ဆွမ်းကို တည်ထားပေးကြလေ သည်။

ယင်းနောက် သာမဏေသည် အသက်အရွယ် ၂၀နှစ် ခန့်ရောက်လာသောအခါ ရှင်အာနန္ဒာမထေရ်မြတ်သည် ရဟန်းဘောင်သို့ ဝင်စေပြီး ရဟန်းတရားများကို ကျင့်ကြံ ပွားများအားထုတ်စေသည်။ နောက်ဆုံးမှာ အရဟတ္တမဂ်ဖိုလ် တိုင်အောင် ဆိုက်ရောက် အောင်မြင်သွားလေတော့သည်။

ထိုအချိန်ဝယ် မထေရ်၏ မိဘညီအစ်ကို ဆွေမျိုး သားချင်းတို့သည် ပြုအပ်သော ကုသိုလ်ကောင်းမှုများကို မပြုလုပ်ခဲ့ကြဘဲ၊ မကောင်းသော အကုသိုလ်အလုပ်များကို သာ တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ကြသောကြောင့် ကွယ်လွန်သည့်အချိန်တွင် ပြိတ္တာဘုံသို့ ကျရောက်သွားခဲ့ကြ လေသည်။

ထိုသို့ မထေရ်၏ မိဘညီအစ်ကိုဆွေမျိုးဉာတိတို့သည်



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့သား ရဟန်းဖြစ်နေသည်ကို ကြားသိခဲ့သောအခါ မိမိတို့ ဘဝများအတွက် အကူအညီတောင်းခံလိုသော ဆန္ဒများ ဖြစ်ပေါ်လာလေသည်။ သို့သော် လူ့ဘဝနေခဲ့စဉ်ကာလမှာ မိမိတို့သားကို အိမ်ပေါ်မှ နှင်ချပစ်ခဲ့သော အပြစ်ရှိနေသောကြောင့် အနားမကပ်ဝံ့ဘဲ စိုးရွံ့နေခဲ့ကြလေသည်။

ထိုအခါ မထေရ်အပေါ် ကောင်းစွာ ဆက်ဆံခဲ့ဖူးသော သံယောဇဉ်ရှိနေသည့် သားကြီး ပြိတ္တာသည် မထေရ်မြတ်ရှာထဲဆီသို့ ဆွမ်းခံကြွလာနေခဲ့စဉ် မြေပြင်ပေါ်ဝယ် ပုဆစ်ဒူးတုပ်ထိုင်လျက် လက်အုပ်ချီမိုးပြီး တိုးလျှိုးတောင်းပန်ခယဟန်ဖြင့် ကိုယ်ထင်ပြပေးလေသည်။ ထိုသည်ကို မထေရ်မြတ်သည် မသိကျိုးကျွံပြုကာ ရှေ့သို့ ဆက်လက်ကြွမြန်းသွားလေသည်။

"အရှင်ဘုရား…တပည့်တော်ကို မမှတ်မိပါ၍လော။ ကျွန်ုပ်သည် အရင်ဘဝက အရှင်၏ နောင်တော်ကြီးဖြစ်ခဲ့ဖူးလေသည်။ တပည့်တော်၏ မိဘများနှင့်တကွ ဆွေမျိုးဉာတိအပေါင်းတို့သည် မကောင်းမှု အကုသိုလ်ကံကို ကျူးလွန်ခဲ့ကြသောကြောင့် ငတ်မွတ်ခေါင်းပါးသည့် ဘဝမျိုးဖြင့် ဆင်းရဲပင်ပန်းကြီးစွာ ပြိတ္တာဘဝသို့ ရောက်ရှိနေခဲ့ကြပါသည်။ အရှင့်မိဘနှစ်ပါးမှာ သားအပေါ် ပြုမှုခဲ့မိသော အမှားများကြောင့် အနီးသို့ ချဉ်းကပ်ရန် မဝံ့မရဲဖြစ်နေသောကြောင့် တပည့်တော်မှ ယခုလို လာရောက်အကူအညီတောင်းခံရခြင်း ဖြစ်ပါသည် ဘုရား"

ဟု လျှောက်ထား တောင်းပန်သည်ကို မထေရ်မြတ်သည် မည်သို့မျှ တုံ့ပြန်ပြောကြားခြင်းမရှိဘဲ ဆိတ်ဆိတ်နေရန် ဝန်ခံကတိတောင်းပြီး တစ်ကျိပ်နှစ်ပါးသော သံဃာတော်တို့ ဆွမ်း ပြန်ကြွလာချိန်ကို စောင့်နေခဲ့လေသည်။ မကြာမီ-

"တပည့်တော်အား အလှူခံ ပေးသနားတော်မူပါ သံဃာတော်အပေါင်းတို့။ တပည့်တော်နှင့် ဆွေမျိုးရင်းချာတော်စပ်ခဲ့ဖူးသော ပြိတ္တာတို့သည် ဆွမ်းဒါနအလို့ငှာ လိုအပ်နေသောကြောင့် သနားကရုဏာရှေ့ထားပြီး ပေးလှူစေလိုပါသည်။ သံဃာတော်များကို ရည်စူး၍ ဆွမ်းလောင်းလှူပေးကြစေလိုပါသည် ဘုရား"

ဟု မထေရ်မြတ်က အလှူခံသည်ရှိသော် ရဟန်းတော် တစ်ကျိပ်နှစ်ပါးတို့သည် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ခေါ်ပြီး ရလာသမျှသော ဆွမ်းတို့ကို လောင်းလှူတော်မူကြလေသည်။

ထိုအခါ မထေရ်မြတ်သည် ထိုဆွမ်းဘောဇဉ်ချိုချဉ် အရသာတို့ကို သံဃာတော်များအား ပင့်ဖိတ်ကြားပြီး လှူဒါန်းဒါနပြုလုပ်နေစဉ် မိဘ၊ ညီအစ်ကို၊ ဆွေမျိုးဉာတိအပေါင်းအား ရည်စူး၍ အမျှပေးဝေခဲ့လေတော့သည်။

ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်ခဲ့ပြီးနောက် ပြိတ္တာအပေါင်းတို့သည် အရသာနှင့် ပြည့်စုံသော အာဟာရတို့ကို ရရှိခံစားကြရလေသည်။ ယင်းနောက် အဝတ်ဗလာကိုယ်ထီးဖြစ်နေရခြင်းများ၊ နေထိုင်စရာဘုံ မရှိသည့်အကြောင်းများ၊ သောက်သုံးစရာရေ မရှိသည့် အခက်အခဲများ၊ သွားလာရာတွင် လွယ်ကူစေရန်များကို မထေရ်မြတ်ထံ တင်ပြလျှောက်ထားခဲ့ပြန်လေသည်။ မထေရ်မြတ်သည် အတိတ်ဘဝမှာ တော်စပ်ခဲ့ဖူးသော မိဘ၊ ညီအစ်ကို၊ ဆွေမျိုးဉာတိတို့အတွက် လိုအင်ဆန္ဒအဝဝကို တစ်လုံးတစ်ဝတည်း ပြည့်စုံစေကြရန် စီစဉ်ဆောင်ရွက်ပေးခဲ့လေသည်။

ယခုလို မထေရ်မြတ်၏ ကူညီပံ့ပိုးစောင့်ရှောက်ခဲ့ခြင်းအပေါ် ပြိတ္တာအပေါင်းသည် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ပြီး လာရောက် ဂါရဝပြုကာ ကျေးဇူးတော်ကို အသိအမှတ်ပြုခဲ့ကြလေသည်။

ဤသို့ ပြုဖွယ်သောကိစ္စများကို ဆောင်ရွက်ပေးခဲ့သော မထေရ်မြတ်၏ အကြောင်းကို ဘုရားရှင်ထံမှောက်သို့ ရဟန်းများက ဝိုင်းဝန်းလျှောက်ထားခဲ့ကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် မထေရ်မြတ်အား သာဓုအနုမောဒနာ ကောင်းချီးပေးပြီးလျှင် တရားနာသို့ လာရောက်ကြကုန်သော တရားနာ ပရိသတ်အပေါင်းကို ထိုမထေရ်မြတ်နှင့် ပြိတ္တာအပေါင်းတို့၏ အဖြစ်အပျက်အကြောင်းစုံကို သိရှိနားလည်အောင် ဟောပြောဆုံးမပေးတော်မူလေသည်။

များစွာသော တရားနာ ပရိသတ်အပေါင်းတို့သည် ယင်းတရားတော်ကို နာကြားကြပြီးသောအခါ ထိတ်လန့်ကြောက်ရွံ့ခြင်းကြီးစွာ ဖြစ်ပေါ်လျက် သံဝေ တရားရရှိသွားကြလေသည်။ မိမိတို့အတွက် တမလွန်ဘဝကူးကောင်းမွန်စေရန် ကုသိုလ်ကောင်းမှုအစုစုကို တတ်နိုင်သမျှပြု၍ အထူးကြိုးစားဆောင်ရွက်ခဲ့ကြလေတော့သတည်း။

* * *

စိုးကြဲအောင်



www.burmeseclassic.com

www.burmeseclassic.com

# ဖူးမြော်ပြည့်စုံ ရုံလေးရဲ့ ဝဏ်ဆင်ညီတွာ ကျောင်းစေတော်ရာ

အပိုင်း (၂)

မင်းတိုင်ပင် (မြရောင်မြေ)



ခင်လမှ အဆက်…

ဒုတိယ မဟာဃောသိတာရုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရန်အတွက် စာရေးသူတို့ ဘုရားဖူးအဖွဲ့မှ ဆရာ အောင်တည်အေး၊ ဆရာကြီး စလင်း ခင်မောင်ရည်၊ ဆရာ အောင်နှင်းခိုင်(ပွင့်ဖြူ)တို့ ဘုရားရင်ပြင်တော်ပေါ်ရှိ ဂန္ဓာကုဋီ တိုက်တော်ကြီးအတွင်း ဝင်ရောက်ဖူးမြော်ကြရ၏။ ထိုအတွင်း ၌ ဆုတောင်းပြည့် မြတ်စွာဘုရားနှင့် မယ်တော် ဂေါတမီ၏ သီလရှင်ဝတ် ရုပ်ထုတော်ကို ဖူးကြရသည်။ နံရံပေါ်၌ ပန်းချီကားချပ်များနှင့် ကောသလမင်းအိပ်မက် တစ်ဆယ့်ခြောက်ချက်ကို ရေးထားပါသည်။ ထို့နောက် ရင်ပြင်တော်တစ်ပတ်လည် ဖူးမြော်ကြည့်သိကြပြီး ဂေါပက ရုံးခန်းသို့ သွားရောက်ကာ အလှူငွေများ လှူဒါန်းကြပါသည်။

"ဟုတ်ကဲ့၊ ကျွန်တော်က ဥက္ကဋ္ဌ ဦးတင်အောင်ပါ။ အတွင်းရေးမှူးက ဦးအောင်ထွန်းပါ။ အဖွဲ့ဝင် ၂၇ယောက် ရှိပါတယ်။ အားလုံး စုပေါင်းဆောင်ရွက်နေပါတယ်။ ဆရာတို့ လိုအပ်တာရှိရင် ပြောပါခင်ဗျာ"



www.burmeseclassic.com


www.burmeseclassic.com

"ဥက္ကဋ္ဌကြီး…ယောသိတာရုံဘုရားသမိုင်း သိလိုပါတယ်။ ရှင်းပြပေးပါခင်ဗျာ"


"သမိုင်းဆိုတာကတော့ လက်ဆင့်ကမ်း သိခဲ့ ကြားခဲ့ရတာဆိုတော့ ကေန် မှန်မယ်လို့တော့ မပြောလိုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ သမိုင်းပြုစုထားတဲ့အတိုင်း ပြန်ပြောပြပါရစေခင်ဗျာ"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ယခု ဆရာတို့ ဖူးမြော်ရောက်ရှိနေတဲ့ နေရာက ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းမြို့နှင့် ရောက်တောမြို့အကြား ရွာနိုင်အုပ်စု၊ ရွာနိုင်ရွာပါ။ ယခုစေတီတော်က ဒုတိယရုံဖြစ်တဲ့ မဟာယောသိတာရုံဘုရားဖြစ်ပါတယ်။ အမြင့်က ၉၀ ပေ၊ ရင်ပြင်တော် ဖိနပ်တော်အကျယ် ၇၆ပေနဲ့ အရန်စေတီက ၁၇ဆူပါ။ သိမ်ကျောင်းနဲ့ နားခိုရာ ဇရပ် ၅ဆောင်ရှိပါတယ်။ ယခု သောကဝတီပြည်၌ သောကမင်းကြီး အုပ်ချုပ်စဉ် ခမည်းတော် ယညဒတ္တပုဏ္ဏားနှင့် မယ်တော် ဥတ္တရာပုဏ္ဏေးမတို့မှ ကောဏဂုံမြတ်စွာဘုရားအလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူပါတယ်။ ဖလကြာ ဒုက္ကရစရိယာကျင့်သုံးပြီး သစ္စာကို သိမြင်လို့ အမြင့်မြတ်ဆုံးသော ဘုရား













www.burmeseclassic.com

www.burmeseclassic.com

















www.burmeseclassic.com


www.burmeseclassic.com




ရှင်အဖြစ် ရောက်တော်မူပါတယ်။ ထို ကောဏဂုံမြတ်စွာဘုရားလက်ထက်တော်က ဒီနေရာကို ဟတ္ထလုလ်တိုင်း၊ မိတ္ထီလာပြည်ဖြစ်ခဲ့ဖူးတယ်။ အုပ်ချုပ်စိုးစံတဲ့ မင်းက ဂေါတမမြတ်စွာဘုရားအလောင်းတော် ပဗ္ဗတမင်း ဖြစ်ပါတယ်"


"ဟုတ်ကဲ့၊ ဆက်ပါဦး"

"ဘုရားမြတ်စွာ မိတ္ထီလာပြည်သို့ ဒေသစာရီ ကြွချီတဲ့သတင်းစကားကို ပဗ္ဗတမင်းကြီး ကြားတဲ့အခါမှာ တိုင်းသူပြည်သားများနှင့် သောင်းသောင်းဖြဖြ ကြိုဆိုကြပါတယ်။ အလှူကိုလည်း ဘုရားရှင်နှင့် သံဃာတော်များကို လှူဒါန်းရတာ မတင်းတိမ်နိုင်ဘဲ မိတ္ထီလာပြည်ကြီးမှာပဲ ဝါဆိုဝါကပ်ရန် လျှောက်ထားပြီး ခွင့်ပြုတဲ့အတွက် ကျောင်းတော်ကြီး





ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ အမည်က "ပဗ္ဗတာရာမ" ပါ
မြတ်စွာဘုရားရှင်နှင့် ရဟန်းတော်တို့ ဝါတွင်းသုံးလကာလ
သီတင်းသုံးတော်မူရာ ပဉ္စလ္လာတိုင်းဖြစ် အဝတ်အထည်၊ စိ
တိုင်းဖြစ် အဝတ်အထည်၊ ပိုးထည်တို့၊ ကမ္ဗလာ၊ ရွှေခြေနင်း
စသော အလှူအဖြာဖြာ လှူဒါန်းခြင်း စတဲ့ ဒါနဝတ္ထုကို
လှူဒါန်းပြုစု လုပ်ကျွေးပါတယ်။ ပဗ္ဗတာရာမ ကျောင်းတိုက်
မှာ သင်္ကန်းရောင်ဝင်းထိန်လို့၊ ကောဏဂုံ မြတ်စွာဘုရား
ပရိနိဗ္ဗာန်ပြုသည့်တိုင် သာသနာတော်ကြီး ထွန်းလင်း
တောက်ပတော်မူပါတယ်။ ဒီတော့ ပဗ္ဗတမင်းကြီး ဆောက်
လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတော်ကြီးရဲ့ နေရာမှာ တည်ထား
ကိုးကွယ်ခဲ့တဲ့ စေတီကို မဟာဃောသိတာရုံစေတီတော်တဲ့







www.burmeseclassic.com


www.burmeseclassic.com























www.burmeseclassic.com


www.burmeseclassic.com


“မှန်ပါတယ်။ ကောဏာဂုံမြတ်စွာဘုရားဟာ ကျော င်း
တိုက်ကြီးအတွင်း တစ်ဝါသာဆိုရုံမက၊ ပရိနိဗ္ဗာန်ဝင်စံတော်
မူတဲ့အထိ သီတင်းသုံးနေခဲ့ပါတယ်။ ဒါ့ကြောင့် မဟာယော
သိတာရုံစေတီတော်ကြီးဟာ အလွန်မှ ထူးကဲပါတယ်ခင်ဗျာ”


“ဥက္ကဋ္ဌကြီးခင်ဗျာ… မဟာယောသိတာရုံကျော င်း
တော်ကြီး စတင်ဖြစ်ပေါ်လာတာ ဘာကြောင့်ပါလဲ၊ ရှင်းပြ
ဦး”

“ဒီ မဟာယောသိတာရုံကျောင်းတော်ကြီး နှစ်ပရိစ္ဆေ
ကြာလာတော့ ပျက်စီး ယိုယွင်းလာတယ်။ နောက် ဂေါတ
ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးတဲ့အချိန်၊ ပထမ ဘုရာ











တွင်ခဲ့ပါတယ်”

“ဗျာဒိတ်ပေးတယ်ဆိုတာကရောဗျာ”


“ကောဏာဂုံမြတ်စွာဘုရားက အလောင်းတော် ပဗ္ဗတ မင်းကို “ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ပဗ္ဗတမင်းသည် ဂေါတမ အမည်ရှိသော ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့”ဟူ၍ ဗျာဒိတ် ပေးခဲ့ပါတယ်။ အလောင်းတော် ပဗ္ဗတမင်းလည်း ပါရမီဆယ် ပါးတို့ ဖြည့်ကျင့်လျက် သဗ္ဗညုတ ရွှေဉာဏ်တော်ကို မရ မနေကြိုးစားပြီး ကောဏာဂုံမြတ်စွာဘုရားအား ကြီးကျယ် ခမ်းနားသော အလှူပေး၍ မင်းစည်းစိမ်ကို စွန့်ပြီး ရဟန်းပြုပါ တယ်”


“ကောဏာဂုံမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတာ ဒီကျောင်း တိုက်မှာပဲလားခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com





ဒါယိကာမှာ သီရိဓမ္မာသောကမင်း ဖြစ်ပါတယ်။ ပါဌလိပုတ်ပြည်၌ သက္ကရာဇ် ၂၁၈ ခုနှစ်တွင် ဘိသိက်ကို ခံယူ၍ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော စေတီတော်တို့ကို သက္ကရာဇ် ၂၂၅ခုနှစ်မှာ တည်ထား ကိုးကွယ်ခဲ့တာ။ ယခု မဟာယောသိတာရုံစေတီတော်လည်း ပါဝင်ခဲ့ပါတယ်"

"နောက် သာသနာပြု ပုဂ္ဂိုလ်များရော ဆက်လက်ပြုပြင်ကြပါသလားခင်ဗျာ"

"ကျွန်တော် သမိုင်းအရပြောပါ့မယ်။ သက္ကရာဇ် ၄၂၁ ခုနှစ်မှာ အနော်ရထာမင်းရဲ့ သားတော် စောလူးမင်းက သရီရဓာတ်တို့ကို ဌာပနာပြုပြီး မဟာယောသိတာရုံစေတီတော်ကြီးကို အသစ်တစ်ဖန် ထပ်မံ ပူဇော်ထားပါတယ်။ သက္ကရာဇ် ၁၂၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်နေ့မှ စတင်၍ ရွာခိုင် ရွာသူကြီး နေမျိုးသီရိသီဟသမန္တ ကျော်ခေါင်ဘွဲ့ရ ဘုရားဒါယကာကြီး ဦးကျွန်း + သူကြီးကတော် ဘုရားဒါယိကာမ ဒေါ်ဒါန်းဦး(နေမျိုးကျော်ထင်ဂဏ်ဘွဲ့ခံ မြို့ပြန်ဟသာ်လေ့တော်ပဲ့နှင်း ဦးသာဒွန်းအောင်၏ သမီး)တို့က မြတ်စွာဘုရားဓာတ်တော် ၁၅ဆူ၊ သတ္တဌာနရုပ်ပွားတော်အစုံ၊ မြတ်စွာဘုရားဆင်းတုတော်ရုပ်ပွား ၃၇ဆူ၊ ရွှေအုတ်ချပ် ၂၂ချပ်၊ ငွေအုတ်ချပ် ၂၂ချပ်တို့ကို ဌာပနာပြု မွမ်းမံပြုပြင်ပါတယ်။


သက္ကရာဇ် ၁၂၄၆ ခုနှစ်၊ ကဆုန်လဆန်း ၅ရက်နေ့မှာ အပြီးသတ်ပါတယ်။

ထီးတော်ကြီးကို ၁၃၆၆ခုနှစ်၊ တပို့တွဲလဆန်း ၁၅ရက်၊ ဗုဒ္ဓဟူးနေ့ ရွာခိုင်ဆရာတော် ဦးသုန္ဒရကို ဦးစီး နာယကပြုပြီး မိုးကုတ်မြို့ မင်္ဂလာစိန်ကျောင်းဆရာတော် ဦးဝိမလ၊ မိုးကုတ်မြို့မဈေးပောင်းရပ် ဦးထွန်းထွန်း+ဒေါ်မြသိန်း မိသားစုတို့နဲ့ ရွာခိုင်ရွာ ဘုရားဒါယကာ၊ ဒါယိကာမများ၊ နယ်အသီးသီးမှ အလှူရှင်များက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို အသစ်တစ်ဖန် လှူဒါန်းပူဇော်နိုင်ခဲ့ပါတယ်ခင်ဗျာ"

"ဒါဆို စေတီတော်ကြီးရဲ့ ထီးတော်က အသစ်ပြန်တင်ထားပြီးဖြစ်တော့ ထူးခြားတဲ့ ဖြစ်ရပ်တွေရော တွေ့ရပါသေးလားခင်ဗျာ"

"ထူးခြားတာက အဘဥအကြောင်းပါ။ အဲဒါကို ဦးသောင်းငွေက ပိုသိတဲ့အတွက် သူ ပြောပြပါလိမ့်မယ်"

"ကျွန်တော် ဦးသောင်းငွေပါ။ ဒီရွာမှာ မွေးပါတယ်။ အဘဥဆိုတာ ကျွန်တော်တို့ အဘိုးတော်ပါတယ်။ ဘုရားကြီးရဲ့ ဝေယျာဝစ္စတွေ နေ့စဉ် အရုဏ်တက်ချိန်ဆို အမြဲတမ်းလုပ်ပါတယ်။ ဘုရားဝတ်တက်, ဝတ်ကပ်လုပ်၊ ပန်း, ရေချမ်း, ဆီမီးထွန်းပေါ့ဗျာ။ အဲဒါ အဘဥက ဒီရင်ပြင်တော်မှာ ပေါက်







www.burmeseclassic.com

www.burmeseclassic.com

တဲ့ မြက်တွေကို သံကော်ပြားနဲ့ အမြတ်တမ်းထိုးပြီး ရှင်းပါတယ်။ ဒါလည်း နေ့စဉ်ပါပဲခင်ဗျာ။ တစ်နေ့မှာ နံနက်မိုးမလင်းခင် ဘုရားကြီးအရှေ့ဘက်က သံခမောက်ဆောင်း စစ်သားလိုလို ချပ်ဝတ်တန်ဆာတွေနဲ့ ကျိုင်းကိုင် နတ်မင်းကြီးလေးပါးက ဘုရားကို လက်ျာရစ်လှည့်ပြီး မြင်းကိုယ်စီစီးပြီး ဖူးမြော်သွားတာကို မြင်လိုက်ရပါတယ်။ ဒီတုန်းက အဘဥအသက်ဟာ ၉၀ လောက် ရှိနေပါပြီ။ သိပ်ထူးဆန်းပါတယ်"

"ဦးသောင်းငွေ··· ဒီမှာ ရေပေါ်ဆရာတော် သီတင်းသုံးတဲ့အကြောင်း ပြောပြပါဦး"

"ဟုတ်ပါတယ်။ ဒီသိမ်တော်ကြီးထဲမှာ ဆရာတော်ခြေတော်ရာရှိပါတယ်ခင်ဗျာ။ နောက် ဒီတန်ဆောင်းထဲမှာ ရုပ်ပွားတော်မြတ်တစ်ဆူကို ဓာတ်ပုံရိုက်ရင် ပုံတော် မထင်တာတို့၊ ဖလင်ပျက်တာတို့ ရှိပါတယ်။ အဓိဋ္ဌာန်ပြုပြီးမှ ရိုက်ရပါတယ်။ နောက်ပြီးတော့ ဟိုတံခွန်တိုင်တော်ကြီးက လှုပ်တယ်လို့ ပြောကြပါတယ်။ အဲဒါတော့ ကျွန်တော်လည်း အတိအကျတော့ မပြောလိုပါဘူး။ ဒါပေမယ့် ထူးခြားတာတော့ အမှန်ပါ"

"ဒါဆိုရင် ရုံလေးရုံအမည်တွင်တာက ကုက္ကုဋ္ဌာရုံ ယောဇဘာဂုံ မြတ်စွာဘုရား သီတင်းသုံးရာအရပ် ယောသက သူဌေး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတော်၊ ကဿပ



တစ်ပါးလာပြီး သီတင်းသုံးပါတယ်။ ဦးကံလှဆိုတဲ့ ပုဂ္ဂိုလ်က ကျောင်းသားလုပ်ပါတယ်။ ဆရာတော်က ဟို ရေဝတီမြစ်ထဲမှာ ရေထဲကို ကြွပြီး ရေပေါ် လျှောက်ကြွခဲ့ပါတယ်။ နောက်တော့ ဟိုးအနောက်ဘက်မှာ သီတင်းသုံးသွားခဲ့ပါတယ်။ ဘွဲ့တော်က ဦးသိရီ။ နောက်တော့မှ ဦးသိရိမ္မလို့ ခေါ်ပါတယ်"

"နောက် ထူးခြားတာရော ရှိပါသေးသလားခင်ဗျာ"

"ဟို တောင်ဘက် ကုန်းစောင်းမှာ ယောဇဘာဂုံဘုရားရဲ့ မြတ်စွာဘုရား သီတင်းသုံးရာအရပ်မှာ ပါဝါရိက သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ပါဝါရိက ရုံကျောင်းတော် အသီးသီးမှာ ဂေါတမမြတ်စွာဘုရားဟာ ဒီယောသိတာ ကျောင်းတော်မှာ ကိုးဝါ၊ ခြောက်ဝါကပ်ပြီး ဝါတွင်းသုံး သီတင်းသုံးတယ် ဆိုလိုတာပေါ့နော်"

"မှန်တာပေါ့ ဆရာရယ်။ ကျွန်တော်ရေးခဲ့တဲ့ ရုံလေး စုံလင်အောင် ဖူးရင်လာ-ခါ ဂုံ့ ခေါင်းစဉ်နဲ့ ရေးခဲ့တာ

"မှန်ပါတယ် ဆရာကြီး မောင်နှင်းခိုင်ရေး ဆရာ့သ

www.burmeseclassic.com



ဲ အားကိုးရမှာပါဗျာ"။

"ဥက္ကဋ္ဌကြီး…ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဘယ်အချိန် ကျင်းပပါသလဲခင်ဗျာ"

"ဗုဒ္ဓပူဇနီယပွဲတော်က ကဆုန်လပြည့်နေ့က စပြီး ဗုဒ္ဓာန်းဒေသနာတော်များ ခုနစ်ရက်တိုင်တိုင် ရွတ်ပွား ပူဇော်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ ဝတ်ရွတ်စဉ် ခုနစ်ရက် ပြုလုပ်ကျင်းပပြီး အမျိုးသား၊ အမျိုးသမီးများအားလုံး နေ့စဉ် ရွတ်ပွားကြပါတယ်"

"ဥက္ကဋ္ဌကြီး အခုမြင်နေရတဲ့ ကျောင်းတော်ကြီးက အလှူရှင် ဘယ်သူများပါလဲခင်ဗျာ"

"ဟုတ်ကဲ့၊ ဆရာတို့ အဲဒီကျောင်းပေါ်ကို ကြွပြီးတော့ ရှင်းပြတာ ပိုကောင်းပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

စာရေးသူနှင့် ဆရာကြီး စလင်း ခင်မောင်ရည်၊ ဆရာ မောင်နှင်းမိုး(ပွင့်ဖြူ)၊ ဆရာ မောင်တည်အေးနှင့် ဂေါပက အကျိုးတော်ဆောင်အဖွဲ့များ ဘုရားကြီး ရင်ပြင်တော်မှ ဆင်း၍ နှစ်ထပ်ကျောင်းတော်ကြီးဆီသို့ လှေကားမှတက်ခဲ့ကြ၏။

"ဆရာ…ဒီလှေကားက ဆင်နဲ့တက် ပဒေသာပင် လှူနိုင်ပါတယ်။ အခုမြင်နေရဲ့ ဓာတ်ပုံက ယခင် ဒကာကြီး ဦးကျွန်း-ဒေါ်ခိန်းဦးတို့က ဆောက်လုပ်လှူဒါန်းပါတယ်။ အခု လူဝင်စား ဒေါ်ခင်စိန်(ဗိုလ်ကြီးငြိမ်း)တို့က ထပ်မံ ပြုပြင် လှူဒါန်းထားပါတယ်ခင်ဗျာ"

"လူဝင်စားဆိုတော့ ပိုတောင် စိတ်ဝင်စားပါတယ်"

"ဆရာတို့ သိချင်ရင် ရန်ကုန်မှာ နေပါတယ်။ လိပ်စာ ရရင် ဆက်သွယ်ပေးပါ့မယ်ခင်ဗျာ"

စာရေးသူတို့အား ဥက္ကဋ္ဌကြီး ဦးတင်အောင်မှ ကျောင်း တော်ကြီးအပေါ်ထပ်ရှိ ရှေးဟောင်း ကမ္ပည်းများ၊ ဗီရိုကြီးများ နှင့် ဓာတ်ပုံများကို လိုက်၍ရှင်းပြပါသည်။ မဟာဃောသိတာ ရုံသမိုင်းလည်း ရှင်းလင်းသင့်သလောက် ရှင်းပြီဖြစ်လို့ ရုံ တစ်ရုံတော့ ပြီးဆုံးသွားပြန်ပါပြီ။

ကျန်နေတာက ပါဝါရုံ၊ ဂန္ဓာရုံစေတီတော်မြတ်ကြီးများ ဖူးမြော်ရန်အတွက် သစ်ပင်ရိပ်အောက်၌ ကားဆရာ ကိုတိုး မောမောနှင့် အိပ်နေမှာဖြစ်လို့ နိုးပြီး ပြန်ရပါဦးမည်။ အားလုံး မဟာဃောသိတာရုံစေတီမြတ်ကြီးအား ထပ်မံ ဦးတင်ကာ ပရဝုဏ်အတွင်းမှ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့အား နှုတ်ဆက်ကာ ပါဝါရုံစေတီတော်ဆီသို့ ဖူးမြော်ရန် ကားပေါ်တက်ခဲ့ပါတော့ သည်■

(ဆက်လက်ဖော်ပြပါဦးမည်)

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

* * *

မင်းတိုင်ပင်(မြဲရောင်မြေ)

ကျမ်းကိုး

- ဘုရားသမိုင်းအကျဉ်း
- ရုံလေးရုံ စုံလင်အောင် ဖူးရင်လ (မောင်နှင်းခိုင် (ပွင့်ဖြူ)၏ ပြောပြရှင်းလင်းချက်)။
- ကိုယ်တွေ့ဖူးမှတ်တမ်း။

www.burmeseclassic.com

မင်းမောင်ကျော်

# အရပ်လေးမျက်နှာ စည်းချဂါထာတော်

၁။ ပုရတ္ထိ မသ္မိံ ဒိသာဘာဂေ၊
သန္တိဘူတာ မဟိဒ္ဓိကာ၊
တေပိအမှေ နုရက္ခန္တု
အရောဂေန သုခေနစ။

၂။ ဒက္ခိဏာသ္မိံ ဒိသာဘာဂေ၊
သန္တိဒေဝါ မဟိဒ္ဓိကာ၊
တေပိအမှေ နုရက္ခန္တု
အရောဂေန သုခေနစ။

၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊
သန္တိနာဂါ မဟိဒ္ဓိကာ၊
တေပိအမှေ နုရက္ခန္တု
အရောဂေန သုခေနစ။

၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိယက္ခာ မဟိဒ္ဓိကာ၊
တေဗိအမှေ နုရက္ခန္တု
အရောဂေန သုခေနစ။

၁။ ပုရတ္ထိ မသ္မိံ ဒိသာဘာဂေ - ရွှေ၊ ငွေ၊ မြ၊ ဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့် တောင်မေရုမြတ် အရှေ့အရပ်၌၊ မဟိဒ္ဓိကာ - တန်ခိုးအာဏာ ဘုန်းသမ္ဘာနှင့် အံ့ချီးလောက်အောင် ကြီးမားသော ဘုန်းတန်ခိုးရှိကြကုန်သော၊ ဘူတာ - နတ်ဂန္ဓဗ္ဗ ဟူသမျှတို့၏ စိုးရပိုင်နင်း ဓတရဋ္ဌ နတ်မင်းကြီးနှင့်တကွ၊ ဂန္ဓဗ္ဗနွယ်ဖွား နတ်ကောင်းများတို့သည်၊ သန္တိ - ထင်ရှားမသွေ ရှိကြလေ၏။ တေပိ-ထိုဂန္ဓဗ္ဗနွယ်ဖွား နတ်သူတော်များတို့သည်လည်း၊ အမှေ - ကျွန်ုပ်တို့ကို၊ အရောဂေနစ - ဇဖြော ဘေးရောဂါတို့မှ လွတ်ကင်းချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ အနုရက္ခန္တု-ရှေ့ရင်နှစ်အား မခြားထပ်တူ နှလုံးမူလျက် ကြည်ဖြူနေ့ည ကောင်းစွာ စောင့်ရှောက်တော်မူကြပါစေသတည်း။

၂။ ဒက္ခိဏာသ္မိံ ဒိသာဘာဂေ - ရွှေ၊ ငွေ၊ မြ၊ ဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့် တောင်မေရုမြတ် တောင်မျက်နှာအရပ်၌၊ ဒေဝါလက်ရုံးအာဏာ ဘုန်းသမ္ဘာနှင့် ကြီးမားသော ဘုန်းတန်ခိုးရှိကြကုန်သော၊ ဒေဝါ - နတ်ကုမ္ဘဏ်ဟူသမျှတို့၏ စိုးရပိုင်နင်း ဝိရုဠှက နတ်မင်းကြီးနှင့် တကွ ကုမ္ဘဏ်နွယ်ဖွား နတ်သူတော်များတို့သည်. . .၊

၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ - ရွှေ၊ ငွေ၊ မြ၊ ဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့် တောင်မေရုမြတ် အနောက်မျက်နှာအရပ်၌၊ နာဂါ - နတ်နဂါးဟူသမျှတို့၏ စိုးရပိုင်နင်း ဝိရူပက္ခ နတ်မင်းကြီးနှင့်တကွ နဂါးနွယ်ဖွား နတ်သူတော်များတို့သည်. . .၊

၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ - ရွှေ၊ ငွေ၊ မြ၊ ဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့် တောင်မေရုမြတ် မြောက်မျက်နှာအရပ်၌၊ ယက္ခာ - နတ်ဘီလူး ဟူသမျှတို့၏ စိုးရပိုင်နင်း ကုဝေရ နတ်မင်းကြီးနှင့်တကွ ဘီလူးနွယ်ဖွား နတ်သူတော်များတို့သည်. . .

အမှေ - ကျွန်ုပ်တို့ကို၊ အရောဂေနစ - ဇဖြော ဘေးရောဂါတို့ မကပ်ငြိဘဲ၊ သုခေနစ - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ အနုရက္ခန္တု - ရှေ့ရင် နှစ်သား မခြားထပ်တူ နှလုံးကြည်ဖြူ နေ့ညစောင့်ရှောက် တော်မူကြပါစေကုန်သတည်း။

သာသနာကို မကြည်ညိုကုန်သော နတ်မိစ္ဆာတို့သည် အရပ်မျိုးစုံတို့၌ နှောင့်ယှက် ဖျက်ဆီးလေ့ရှိကြ၏။ ထို ကြောင့် ခနစ်ရက်သားသမီးများအနေဖြင့် မိမိတို့ သွားလေ ရာအရပ်တွင် ဘေးဥပါဒ်အန္တရာယ် ကင်းစင်ကြရန် လိုအပ် လာပေသည်။ ထိုအခါ ဤဂါထာတော်အား ယုံကြည်စွာဖြင့် တစ်နေ့လျှင် သုံးခေါက်ရွတ်ဖတ်ပါ။ မည်သူမျှ နှောင့်ယှက် ဖျက်ဆီး၍ မရနိုင်ပါ။ သမ္မာဒေဝနတ်များက လာရောက် စောင့်ရှောက်ပေးပါလိမ့်မည်။

ရွတ်ဖတ်သည့်အခါတွင် ပထမဂါထာကို အရှေ့ မျက်နှာကို အာရုံပြု၍ ရွတ်ပါ။ ဒုတိယဂါထာကို တောင်အရပ်၊ တတိယ ဂါထာကို အနောက်၊ စတုတ္ထဂါထာကို မြောက် အရပ်သို့ အာရုံပြု၍ ရွတ်ဖတ်ပါ။ ပြီးပါက ပထမ ဂါထာ ကို ပြန်ရွတ်ဖတ်ပါ။ သို့မှ စည်းလုံကာ အကျိုးသက်ရောက် ပါမည်။

* * *

မင်းမောင်ကျော်

မှီငြမ်း ။ ။ မန္တန်ပုရပိုက်။



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

## ဆရာဦးအောင်မိုးဇော်

### EX-စာပေပဒိမာန်

### အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

### သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆောင်အကုန်၊ နွေအကူး၊ လေညှာ တသုန်သုန်၊ မြူမှုန်က တဝဲဝဲ၊ အသဲသဲ ရွက်ဝါကြွေ၊ ရွက်သစ်ဝေခြင်တစ်ကြောမှာ၊ ဥဩငှက်တွန်သံသည့် နွေဦးကာလ အခါသမယဖြစ်သသည်။

ယနေ့ဆိုလျှင် မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများ တစ်ပြိုင်တည်း၊ တစ်နှစ်တည်း ပွဲဦးထွက် မြန်မာဘာသာရပ်ကို စတင်ဖြေဆိုသည့်နေ့ ဖြစ်ပေသည်။

ထိုစဉ်က ကျွန်တော်သည် ဧရာဝတီတိုင်း၊ မော်လမြိုင် မော်ကျွန်းအထက(၁)တွင် အထက်တန်းပြဆရာအဖြစ်နှင့် တာဝန်ထမ်းဆောင်နေခြင်းဖြစ်ပါသည်။ မော်လမြိုင်ကျွန်းမြို့ပေါ်တွင် အထက(၁)၊ အထက(၂)နှင့် မြို့မှ အလက-ဆိုပြီး စာဖြေဌာန သုံးခုရှိရာ အထက(၁) စာဖြေဌာနသည် စာဖြေသူ အများဆုံးရှိပြီး နယ်မှ တွဲဖက်အထက်တန်းကျောင်း၊ အထက(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်သည်။

ကျွန်တော်နှင့် ဆရာ ဦးစိုးထွန်း ကြီးကြပ်ရသော စာဖြေခန်းသည် ကျောင်းဆောင် သုံးဆောင်အနက် အနောက်ဘက် ကျောင်းဆောင်အပေါ်ထပ် အခန်း(၁)ဖြစ်သည်။ အပြင်စောင့်အရန်ဆရာက ဆရာ ဦးစောဦးဖြစ်သည်။ အချိန်မှာ နံနက် ၉နာရီကျော်စပြုနေသည်။ ကျောင်းသား ကျောင်းသူများ ခေါင်းငုံ့ပြီး ငြိမ်သက်စွာ စာဖြေနေကြသည်။ ကျွန်တော်တို့ ဆရာနှစ်ယောက်က စာဖြေခွင့် ကတ်ပေါ်ရှိ ခုံနံပါတ်နှင့် စာဖြေခုံပေါ်တွင် ရေးထားသော ခုံနံပါတ်၊ အဖြေစာအုပ်ပေါ်တွင် ခုံနံပါတ် မှန်,မမှန်ကို လိုက်စစ်နေကြသည်။

"ဆရာ ဦးဟန်သိန်း… ဆရာမကြီးက အရန်ဆရာ ဦးစောဦးကို ဆရာ့နေရာမှာ ထားခဲ့ပြီး ရုံးခန်းလိုက်ခဲ့ပါတဲ့"

ကျောင်းရုံးအကူ မောင်ကျော်အောင်က အခန်းပေါက်ဝမှ လှမ်းပြောသည်။

"ဩော်…အေးအေး၊ အဲဒါဆို ဆရာ ဦးစောဦးကို သွားခေါ်ပြီး ပြောလိုက်ကွာ"

ကျွန်တော်က ပြောလိုက်သဖြင့် မောင်ကျော်အောင် ထွက်သွားသည်။ ချက်ချင်းဆိုသလို မောင်ကျော်အောင်နှင့် ဆရာ ဦးစောဦးရောက်လာသည်။ ဆရာ ဦးစိုးထွန်းကို အကျိုးအကြောင်းပြောပြပြီး ဆရာ ဦးစောဦးကို ထားခဲ့ကာ၊ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းရှိရာသို့ မောင်ကျော်အောင်နှင့်အတူ ထွက်လာခဲ့သည်။ ဘယ်လို အရေးတကြီးကိစ္စများ ရှိလို့ပါလိမ့်ဟူသော အတွေးက ခေါင်းထဲ ဝင်လာသည်။

"ဆရာမကြီး…ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ် ဆရာရေ၊ အပေါ်ထပ် အခန်း(၁)မှာ ထိဆိပ်ဘုရားစု တွဲဖက်ကျောင်းက ကျောင်းသူမလေး သုံးယောက်က စာမဖြေဘဲ ထိုင်နေကြတယ်။ အခန်းစောင့် ဆရာမတွေက ဖြေနိုင်းလည်း မဖြေဘူးတဲ့၊ အဲဒါ သတင်းပို့လို့ ဆရာသွားကြည့်ပေးပါဦး"

"ဟုတ်ကဲ့ ဆရာမကြီး၊ နေများ မကောင်းကြလို့လား"

"နေလည်း ကောင်းတယ်တဲ့၊ ဒါပေမယ့် ထူးဆန်းသလိုဖြစ်နေလို့ ဆရာ့ကို သွားကြည့်ခိုင်းတာ၊ ဆရာက အစွမ်းထက်တဲ့ ဂမ္ဘီရဆရာကြီးမဟုတ်လား"

"ဆရာမကြီးကလည်း ကျွန်တော့်ကို ပြောက်နေပြန်ပြီ၊ ကျွန်တော် သွားကြည့်လိုက်မယ်"

စာဖြေခန်းရှိရာ အပေါ်ထပ်သို့ တက်သွားလိုက်သည်။ အခန်းစောင့် ဆရာမများက ဟန်အမူအရာနှင့် ပြလိုက်သဖြင့် ကျွန်တော်က ကျောင်းသူမလေး သုံးယောက်နားသို့ သွားလိုက်သည်။ ရှေ့နောက် အစဉ်လိုက် ထိုင်နေကြသည်။ ကျွန်တော် အနားသို့ရောက်သည်နှင့် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ခေါင်းငုံ့နေကြသည်။ ကျွန်တော် ချက်ချင်း သဘောပေါက်သွားသည်။ ဂိုဏ်းတော်မှ ဆရာတော်ကြီးများကို အာရုံနှင့် ကန်တော့လိုက်ပြီး နှုတ်မှ မတိုးမကျယ် အမိန့်ပေးလိုက်သည်။

"မင်းတို့သုံးယောက် စာမေးပွဲကို အခုချက်ချင်းဖြေပါ"

ဟု ပြောပြီး သုံးယောက်စလုံး၏ ခေါင်းကို တစ်ချက်စီ ပုတ်လိုက်သည်။ သုံးယောက်စလုံး ဘောလ်ပင်ကို ကိုင်ပြီး ငိုင်နေကြသည်။

"ဘာငိုင်နေတာလဲ၊ မေးခွန်းဖတ်ပြီး အခုဖြေ၊ ပြီးတဲ့အထိ ဖြေ၊ ဘယ်သူမှ ပိတ်ပင်တားဆီးထားခြင်း မရှိစေရဘူး၊ ပိတ်ပင်တားဆီးထားရင် ငါနဲ့တွေ့မယ်"

အသံမာမာဖြင့် အမိန့်ပေးလိုက်မှ မေးခွန်းကို ယူဖတ်ပြီး ဖြေကြသည်။ ၁၀မိနစ်ခန့် ဆက်ကြည့်နေလိုက်သည်။ စိတ်ပါလက်ပါ ဖြေနေကြသဖြင့် ဆရာမကြီး ရုံးခန်းသို့ ပြန်လာခဲ့သည်။

"ဖြေနေကြသလား ဆရာ"

"ဟုတ်ကဲ့၊ ဖြေနေကြပါတယ်"

"ကျွန်မထင်တဲ့အတိုင်းပဲမဟုတ်လား"

"ဟုတ်တာပေါ့ ဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com

ရယ်"

"အဲဒါကြောင့် ဆရာ့ကို အားကိုး တကြီးခေါ်လိုက်တာပေါ့။ ဆရာနဲ့ တွေ့ လိုကတော့ သိကြားနဲ့ တွေ့ပြီလို့ မှတ် ပေါ့"

ဆရာမကြီးက ရယ်ကာ မော ကာနှင့် ပြောလိုက်သည်။

"ဒါပေမယ့် နောက်ရက်တွေ အတွက် စိတ်မချရသေးဘူး။ ကင်းသွား အောင် အပြတ်ရှင်းမှ ဖြစ်မယ်။ သူတို့ ကျောင်းအုပ်ကြီးနဲ့ တွေ့ချင်တယ်"

"ကောင်းတာပေါ့။ ကျောင်းအပြင် မှာ စောင့်နေကြမှာပါ။ မောင်ကျော် အောင်ကို ခေါ်ခိုင်းလိုက်လေ"

"ဟုတ်ကဲ့ ဆရာမကြီး"

မောင်ကျော်အောင်က ကျောင်း ပြင်ပတွင် စောင့်နေသော ထီးဆိပ်ဘုရား စု တွဲဖက် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးကို ရှာပြီး ခေါ် လာသည်။ ကျွန်တော်က ဆရာကြီးကို အကျိုးအကြောင်းပြောပြလိုက်သည်။

"တော်သေးတာပေါ့ ဆရာရယ်။ ဆရာမကြီးနဲ့ ဆရာ့ကို သိပ်ကျေးဇူးတင် တာပဲ။ အဲဒီကလေးမလေး သုံးယောက် က ကျောင်းမှာ အတော်ဆုံး သုံး ယောက် ဆရာ၊ ကံကောင်းလို့ပေါ့"

ကျောင်းအုပ်ဆရာကြီးက ကျေးဇူး တင်ကြောင်း လှိုက်လှိုက်လှဲလှဲပြော နေသည်။

"သူတို့ကို ဒီအတိုင်းထားလို့ မဖြစ်သေးဘူး။ စိတ်မချရသေးဘူး။ ကင်းကင်းရှင်းရှင်းဖြစ်အောင် လုပ်ရ မယ်။ နေရာက သန့်ပုံမပေါ်ဘူး။ ဆရာ ကြီးတို့ ဘယ်မှာ တည်းကြသလဲ"

"ကျွန်တော်တို့ ဘုရားကြီးတိုက် ကျောင်းဝင်းထဲက ကျောင်းဆောင်ကြီး မှာ တည်းပါတယ်"

"သိပြီ...သိပြီ၊ ညနေကျရင် ကျွန်တော် အဲဒီကို လာခဲ့မယ်"

"ကျေးဇူးတင်လိုက်တာ ဆရာ ရယ်။ ကျွန်တော်လာခေါ်ရမလား"

"ရပါတယ်၊ လာမခေါ်ပါနဲ့။ ကျွန် တော် လာခဲ့ပါ့မယ်။ ဆရာကြီးပြန်လို့ ရပါပြီ။ ညနေသာ စောင့်နေပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ဆရာမကြီး ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ကောင်းပါပြီရှင်"

ထီးဆိပ်ဘုရားစုကျောင်းမှ ဆရာ ကြီး နှုတ်ဆက်ပြီး ကျောင်းအပြင်သို့ ထွက်သွားသည်။

◈◈◈



ဘုရားကြီး တိုက်ကျောင်းသည် ကျောင်းပရဝုဏ် အလွန်ကျယ်သော ရှေးဟောင်း ကျောင်းတိုက်ကြီးဖြစ် သည်။ ကျောင်းဆောင်လည်း များ သည်။ ကျောင်းဆောင်များထဲတွင် ရှေး အလွန်ကျယ်သော နှစ်ထပ်ကျောင်းဆောင် ကြီးတစ်ခုရှိသည်။ ဆေးနီညိုရောင် သုတ်ထားသဖြင့် "ကျောင်းနီကြီး"ဟု အလွယ်တကူခေါ်နေကြသည်။ အခြာ ကျောင်းဆောင်များနှင့်လည်း အလှမ်း ဝေးသည်။ သစ်ပင်များကလည်း အု ဆိုင်းနေသည်။ ကျောင်းနီကြီး၏ နောက် ဘက်တွင် အလွန်ကြီးမားသော ကုက္ကို ပင်ကြီးတစ်ပင် ရှိသည်။

ထိုကျောင်းဆောင်ကြီးတွင် သံဃာတော်များ သီတင်းသုံး မနေထို ကြပါ။ အလှူအတန်းရှိမှ ထိုကျောင်း ဆောင်ကြီးတွင် ညှော်ခံ ကျွေးမွေးသည် ကျန်အချိန်များမှာ တံခါးပိတ်ထားပြီး တိတ်ဆိတ်နေသည်။ ထီးဆိပ်ဘုရားစု ကျောင်းသား ကျောင်းသူများမှာ ထို ကျောင်းနီကြီးတွင် တည်းကြခြင်းဖြစ် သည်။

ညနေတွင် ကျွန်တော်၏ ပုံမှန် လုပ်ငန်းဖြစ်သော ဘုရားရှိခိုး၊ ပုတီးစိပ် တရားထိုင်ပြီးသည်နှင့် ကျောင်းနီကြီး ဆီသို့ စက်ဘီးလေး စီးပြီး ထွက်ခဲ့ သည်။ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမအချို့က ဆီးကြိုနေကြသည် ကျောင်းသားများနှင့် ဆရာများက အောက်ထပ်မှာ နေကြပြီး ဆရာမများ နှင့် ကျောင်းသူများက အပေါ်ထပ်မှာ နေကြသည်။ ကျွန်တော့်ကို အပေါ်ထပ် သို့ ခေါ်သွားကြသည်။

ကျောင်းသူလေးများမှာ မိမိတို့ အိပ်ရာပေါ်မှာ ကိုယ်စီ စာကျက်နေကြ သည်။ မနက်က ကျောင်းသူလေး သုံးယောက်သည် စာကျက်နေရာမှ ကျွန်တော့်ကို မြင်သည်နှင့် အိပ်ရာပေါ် သို့ ပစ်လှဲချပြီး စောင်ခေါင်းမြီးခြုံနေကြ သည်။ ကျွန်တော်က မသိတန်ဆောင် ပြီး ဘုရားခန်းသို့ သွားကာ၊ ဘုရား ကန်တော့လိုက်သည်။ ပြီးတော့ ထွက် ရပ်ပေါက် ဆရာတော်ကြီး သုံးပါး အာရုံနှင့် ရည်စူး ကန်တော့လိုက်သည် ပြီးသည်နှင့် ဘုရားခန်းရှေ့တွင် ထိုင်



www.burmeseclassic.com

www.burmeseclassic.com

ကိုက်သည်။

"ဟော့ . . . စောင်ခေါင်းမြီးခြုံ ယောက် အခု ထထိုင်လိုက်ပါ"

ကျွန်တော်က အသံမာမာပြတ်ပြတ်နှင့် အမိန့်ပေးလိုက်သည်။ သုံးယောက်စလုံး စောင်ခြုံခွာပြီး ငေါက်ခနဲ ထထိုင်ကြသည်။

"သုံးယောက်စလုံး ငါ့ရှေ့ကို လေးဘက်ထောက်လာခဲ့၊ ချက်ချင်းနော်၊ ကြာနေရင် အခေါ်လွှတ်လိုက်မယ်"

သုံးယောက်စလုံး လေးဘက်ထောက်လာကြသည်ကို ကျန်လူများက ကြည့်ပြီး အံ့အားသင့်နေကြသည်။

"ငါ့ရှေ့မှာ ထိုင်၊ လက်အုပ်ချီထား။ မင်းတို့ရဲ့ အသက်နဲ့ ခန္ဓာကို အပ်ပါ"

"အပ်ပါတယ်"

သုံးယောက်စလုံး ပြိုင်တူအပ်ကြသည်။

"အေး၊ မင်းတို့ဟာ ငါ့သမီးတွေဖြစ်သွားပြီ။ ဒီတော့ ဟောဒီထိပ်က ထိုင်နေတဲ့ သမီးဆီကို သက်ဆိုင်ရာ အောင် လာခဲ့ကွာ၊ ပေကပ်ကပ်လုပ်ရင် ငါ့အကြောင်း သိသွားမယ်နော်။ အခု ချက်ချင်းဝင်လာခဲ့"

မကြာလိုက်ပါ။ တစ်ကိုယ်လုံး တုန်ခါယိမ်းထိုးဝင်လာသည်။ ကျန် နှစ်ယောက်ကတော့ လက်အုပ်ချီပြီး မှန်အတိုင်း ထိုင်နေကြသည်။

"အေး၊ မင်းရောက်လာပြီ။ မင်း ဘယ်သူလဲဆိုတာရယ်၊ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာကို အားလုံးသိအောင် အမှန်အတိုင်းပြောလိုက်စမ်းကွာ"

"ကျုပ်က ဒီကျောင်းနိုကြီးမှာ စောင့်နေတဲ့ သရဲကြီးပါ"

"အေး၊ ဟုတ်ပြီ။ ဘာဖြစ်လို့ အခုလိုလုပ်ရတယ်ဆိုတာ ပြောပြကွာ"

"သူတို့ရောက်လာတော့ ကျုပ် နေစရာ မရှိလို့။ ကျောင်းနောက်က သစ်ပင်ကြီးမှာ သွားနေရတယ်။ အဲဒီ ကောင်မလေး သုံးယောက်က ညဘက်ဆို ကျုပ်နေတဲ့ သစ်ပင်အောက်မှာ သေးလာ,လာပေါက်တယ်"

သရဲကြီးစကားကြောင့် ကြည့်နေသော ကျောင်းသား·ကျောင်းသူများက ဝိုင်းရယ်ကြသည်။

"အိမ်သာက ဝေးတော့ မသွားရဲလို့ ပေါက်တာပဲ။ မင်းက ခွင့်ပြုရမှာပေါ့ကွ"



"နံတယ်"

အားလုံးက ဝိုင်းရယ်ကြသည်။

"မင်းက ကျောင်းရှင်ပဲကွာ၊ သည်းခံရမှာပေါ့။ သူတို့က စာမေးပွဲလာဖြေတာ မင်းက အကူအညီတောင် ပေးရမှာ။ ဒါနဲ့ မင်း ဘယ်လိုခြောက်လိုက်သလဲကွ"

"သူတို့ ပေါက်နေကြတုန်း ကျုပ်က သစ်ကိုင်းချိုးပြီး ပေါက်လိုက်တော့ သူတို့ လန့်ပြီး ထွက်ပြေးသွားကြတယ်"

"ဟာ . . . မင်း အတော်ဆိုးတဲ့ကောင်ပဲ။ သူတို့ကိစ္စမပြီးခင် တိုးလိုးတန်းလန်းနဲ့ ပြေးရတာပေါ့"

ကျွန်တော့်စကားကြောင့် အားလုံးက ဝိုင်းရယ်ကြသည်။ သရဲက မကျေနပ်သလိုနှင့် ဝိုင်းရယ်ကြသူများကို မျက်စောင်းထိုးကြည့်နေသည်။ လောလောဆယ် သူ့ကို ဒီမှာထားလို့ မဖြစ်။ တစ်နေရာရာကို ခေတ္တသွားနေခိုင်းရမည်။ သို့မှသာ ကျောင်းသားကျောင်းသူလေးများ စိတ်အနှောင့်အယှက်ကင်းပြီး စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြမည်ဖြစ်သည်။

"မင်း ငါပြောတာကို နားထောင်၊ လောလောဆယ်၊ မင်း ဒီက နေပြီး တခြားတစ်နေရာမှာ ခေတ္တသွားနေပေးပါ။ သူတို့ စာမေးပွဲပြီးလို့ ပြန်မှ မင်းပြန်နေပါ"

"ကျုပ် ဒီမှာပဲ နေချင်တယ်။ သူတို့ကို မနှောင့်ယှက်ပါဘူး"

"မင်း မနှောင့်ယှက်ပေမယ့် မင်း ဒီမှာ ရှိနေတာ သိကြတော့ ကြောက်မှာပေါ့ကွ။ စာဖတ်လို့ ဘယ်ရကြမလဲ။ ငါပြောတာကို နားထောင်ပါ။ ကလေးတွေကို ကူညီဖို့ မေတ္တာရပ်တာပါ"

သရဲက တော်တော်နှင့် ပြန်မပြော။ အင်းမလှုပ် အဲမလှုပ်နှင့် ကျွန်တော့်ကိုသာ စိုက်ကြည့်နေသည်။ သရဲဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ မိမိနေထိုင်သည့် အရပ်ဒေသကိုတော့ စွန့်ခွာမသွားချင်ကြသည်ကို ကိုယ်ချင်းစာပြီး နားလည်သဘောပေါက်ပါသည်။ မလွှဲသာ မရှောင်သာမို့သာ ပြောရသည်။ သူ ဒီကျောင်းနိုကြီးမှာ နေလာသည်မှာ ဆယ်စုနှစ် လေးခုနီးပါးရှိပြီ

www.burmeseclassic.com

ဟု သိရသည်။

"ငါပြောတာ ဘယ်လိုလဲ၊ မင်း လက်ခံသလား"

"ကျုပ်က လက်မခံလည်း ဆရာက နှင်ထုတ်ရင် ကျုပ်သွားရမှာပါ။ ဆရာပြောတဲ့အတိုင်း လူတို့နဲ့ ဝေးတဲ့ တစ်နေရာသွားနေပါ့မယ်။ သူတို့ပြန်လာရင်သာ ကျုပ်ကို ပြန်နေခွင့်ပြုပါ"

"ပြုမယ်လေ၊ ဒါ မင်းနေရာပဲ။ ဒီမှာ အခြားကောင်တွေရော ရှိသေးလားကွ"

"မရှိပါဘူး၊ ကျုပ်တစ်ကောင်တည်း နေတာပါ"

ကျောင်းဆောင်အပေါ်ထပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျွန်တော်နှင့် သရဲကြီး စကားအပြန်အလှန်ပြောနေသည်ကိုလည်း စိတ်ဝင်တစား နားစွင့်ထောင်နေကြသည်။ ပတ်ဝန်းကျင်မှာလည်း မှောင်စပြုလာသဖြင့် ကြောက်လာကြဟန်လည်း တူနေသည်။ ဒီသရဲကြီး လောလောဆယ် ဒီကျောင်းမှာ မရှိမှ ကလေးများ မကြောက်မလန့် စိတ်အေးချမ်းစွာ စာကျက်နိုင်ကြမည်မဟုတ်ပါလား။

"လေ့ကားဝမှာ ထိုင်နေကြတဲ့ သားတို့၊ သမီးတို့ လမ်းပေါက်ဖွင့်ပေးကြပေ့၊ သရဲကြီး တက်နင်းသွားဦးမယ်"

ကျွန်တော် လှမ်းပြောလိုက်သော စကားကြောင့် လှေကားထိပ်တွင် ထိုင်နေကြသော ကျောင်းသား ကျောင်းသူများ ဝရန်းသန်းကားနှင့် ထပြေးပြီး တစ်နေရာတွင် သွားစုထိုင်နေကြသည်။

"ကဲ - မင်း ဒီလှေကားက ဆင်းပြီး ဒီကျောင်းနိုကြီးနဲ့ ဝေးရာကို ထွက်သွားကြောင်း အားလုံး ထင်သာမြင်သာအောင် ပြသွားပါ။ ထိတ်လန့်တကြား ဖြစ်အောင်တော့ မလုပ်နဲ့နော်၊ ကဲ - သွားပေတော့"

သရဲကြီး ပူးကပ်နေသော ကျောင်းသူလေး၏ ထိပ်ကို ပုတ်ကာ အမိန့်ပေးလိုက်သည်။ လှေကားထိပ်မှ တစ်ထစ်ချင်း ဒုန်း…ဒုန်း…ဒုန်းဟူသော အသံများကို အားလုံးကြားနေကြရသည်။ အောက်ထပ်မှ ဆရာနှင့် ကျောင်းသားအချို့ အော်သံကိုလည်း မရေးမနှောင်းကြားရသည်။

"နီနီလုံးကြီး ထွက်သွားပြီ၊ ဟိုမှာ နီနီလုံးကြီး"

ဟု အော်ပြောနေကြသည်။ အပေါ်ထပ်မှ ကလေးများကလည်း ပြတင်းပေါက်ဖွင့်ပြီး နီနီလုံးကြီး ထွက်သွားသည်ကို အံ့သြစွာ ကြည့်နေကြသည်။

ကျောင်းသူလေး သုံးယောက်ကိုလည်း ဘုရားခန်းမှ ရေချမ်းခွက်ကို ယူပြီး တိုက်လိုက်သည်။ ခေါင်းနှင့် မျက်နှာကိုလည်း ပွတ်သတ်လိမ်းပေးပြီး မနောနှင့် အမိန့်ပေးလိုက်သည်။ သုံးယောက်စလုံး ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားကြသည်။

"ကဲ - သားတို့ သမီးတို့ အမြင် အကြားပဲ၊ ဘာမှ ထိတ်စရာ လန့်စရာ မရှိတော့ဘူး။ စိတ်အေးချမ်းစွာနဲ့ စာကျက်ကြနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်ပါတယ်"

ကျောင်းသား ကျောင်းသူများက ထိုင်ကန်တော့ကြသည်။ ကျွန်တော်လည်း အားလုံးကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

◈◈◈

အပြင်မှာ အတော်မှောင်နေသည်။ လမ်းမီးများကလည်း မှိန်ပျပျ။ မျက်စိအားကလည်း မကောင်းသဖြင့် စက်ဘီးကို မစီးဘဲ တွန်းလာရင်း အတွေးများ ဝင်လာမိပါသည်။

ခရီးသွားလာရင် တပိုတပါးသွား ရန် ကြုံလာပါက မိမိရောက်နေသော နေရာသည် လယ်ကွင်းစပ်၊ တောစပ်၊ တောင်စပ်၊ သစ်ပင်ကြီးငယ်အောက် စသည်ဖြင့် တစ်နေရာရာဖြစ်နေပါက ထိုနေရာဒေသကို ပိုင်ဆိုင်သူအား ခွင့် တောင်း မေတ္တာရပ်ခံပြီးမှ သွားပါက အန္တရာယ်ကင်းပေမည်။

ခရီးသွားရင်း အချိန်မရတော သဖြင့် ညအိပ်ညနေ ခေတ္တတည်းခို မည်ဆိုပါက မိမိတည်းခိုမည့် အဆောက်အအုံ၊ တောတောင်၊ လိုဏ် ဂူ စသည်တို့ကို ပိုင်ဆိုင်သော တော စောင့်နတ်၊ တောင်စောင့်နတ်၊ အစောင့် အကြပ်များကို ခွင့်တောင်းခြင်း၊ မေတ္တာ ပို့ခြင်း ပြုလုပ်ရပါမည်။ မေတ္တာသုတ်ကို များများရွတ်ပေးရပါမည်။ ပရလော သားများသည် မေတ္တာသုတ်ကို အလွ သဘောကျသည်။ မေတ္တာသုတ်ရွတ် ကြားလျှင် နားထောင်ကောင်းပြီး က ပျော်ရွှင် မြူးတူးကြသည်။ ရွတ်ဆို ကိုလည်း အလွန်ချစ်ခင် နှစ်သက်သည် ဟု ဆိုကြသည်။ သို့အတွက်ကြော လူ့လောကနှင့် ပရလောကသည် ဆ စပ်နေပါသည်။ လူအချင်းချင်းသော် လည်းကောင်း၊ ပရလောကသားများ သော် လည်းကောင်း၊ လိုက်လျော ထွေ အဆင်ပြေစွာ ဆက်ဆံနေထိ ခြင်းသည် အလွန်ကောင်းမွန်သော လုပ်ငန်းတစ်ရပ်ဟူ၍… ■

(မှတ်ချက်။ ကျွန်တော် ကုပေးလိုက်သော ကျောင်းသူ သုံးယောက်မှာ ဂုဏ်ထူး တစ်ဘာသာ နှင့် အောင်သွားကြပါသည်။)

* * *

မောင်အေးနှစ်(




www.burmeseclassic.com

www.burmeseclassic.com

# တေဒင်္ဂဘွဲ့ ငါးဆိုပိုင်ရှင်

ပေါ်လွင်ဦး(ရေး)



www.burmeseclassic.com

www.burmeseclassic.com

သုမနကုမာရမင်းသားသည် ပစ္စန္တရစ်ဒေသရှိ သူပုန်တို့ကို အောင်မြင်စွာ တိုက်ခိုက်ပြီး နေပြည်တော်သို့ ပြန်လာရာ လမ်းတွင် အနုရာယူနေစဉ် နေပြည်တော်မှ ခမည်းတော်မင်းကြီး စေလွှတ်သော ဆက်သား ရောက်လာ၏။ သုမနကုမာရမင်းသားသည် ဆက်သားအား ဘာအကြောင်းကိစ္စကြီးငယ်ရှိသနည်းဟု မေးမြန်းရာ ဖခမည်းတော်မင်းကြီးက အောင်ပွဲနှင့်အတူ ပြန်လာသော သားတော် သုမနကုမာရမင်းသားကို ဂုဏ်ပြုဆု ချီးမြှင့်ရန် နေပြည်တော်သို့ အံမြန်လာရန် အမိန့်တော်ဖြစ်ကြောင်း ဖတ်ပြ တင်လျှောက်ရာ ဆက်သားအား သတင်းကောင်းပေးသောကြောင့် ဆုတော် ချီးမြှင့်ပြီး ပြန်လွှတ်လိုက်သည်။

ထို့နောက် မင်းသားသည် အမတ်တို့အား မည်သည့်ဆုကို တောင်းသင့်သနည်းဟု မေးမြန်းရာ အမတ်များတို့သည် ဆင်ဖြူတော်ကို တောင်းသင့်ကြောင်း၊ နယ်စားပယ်စားရာထူးကို တောင်းသင့်ကြောင်း စသည်ဖြင့် အသီးသီးတင်လျှောက်ကြလေသည်။

မင်းသားသည် အမောပြေလောက်သောအခါ နေပြည်တော်သို့ ပြန်လာခဲ့လေသည်။ ခမည်းတော်ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဆီးကြိုပြီး "အလိုရှိရာဆုကို တောင်းလော့" ဟု ပြောရာ မင်းသားက ပဒုမုတ္တရမြတ်စွာဘုရား၏ ခြေတော်ရင်းတွင် သုံးလပတ်လုံး အလုပ်အကျွေးပြုရန် တောင်းဆိုလေသည်။

သားတော်၏ လျှောက်ထားချက်ကြောင့် မင်းကြီးသည် အလွန်အံ့ဩသွားလေသည်။ မင်းကြီးသည် သားတော်အား "အခြားဆုကိုသာ တောင်းလော့"ဟု မိန့်တော်မူသည်။ ထိုအခါ သုမနကုမာရမင်းသားက အခြားဆုကို မလို၊ ပဒုမုတ္တရမြတ်စွာဘုရားကိုသာ အလုပ်အကျွေးပြုလိုကြောင်း လျှောက်ထားရာ မင်းကြီးသည် တားမရသည့်အဆုံး သုမနကုမာရကို ဘုရားရှင် သီတင်းသုံးရာ ကျောင်းတော်သို့ သွားခွင့်ပြုလိုက်သည်။

◆◆◆

သုမနကုမာရသည် ဘုရားရှင်၏ စံကျောင်းသို့ ရောက်သော် မြတ်စွာဘုရားသခင်အား ရှာလေသည်။ မြတ်စွာဘုရားကို မတွေ့ရသောကြောင့် ရဟန်းတော်များရှိရာသို့ သွားပြီး ရှိခိုးကန်တော့ကာ မြတ်စွာဘုရားထံ ဖူးတွေ့လိုကြောင်း လျှောက်ထားရာတွင် ရဟန်းတော်တို့က သုမနမထေရ်သာလျှင် ဘုရားရှင်အား အချိန်မရွေး ဖူးတွေ့နိုင်ကြောင်း ပြောသော် သုမနမထေရ်ကို ပြပါဟု ဆိုရာ ရဟန်းတော်တို့က သုမနမထေရ်ရှိရာသို့ ပို့ဆောင်ပေးလေသည်။

သုမနမထေရ်နှင့် သုမနကုမာရသည် ဘုရားရှင်ရှေ့မှောက်သို့ ရောက်လာခဲ့၏။

သုမနကုမာရမင်းသားသည် ဘုရားရှင်ကို ရှိသေစွာကန်တော့ပြီး သုံးလပတ်လုံး ဆွမ်းအလှူခံရန် လျှောက်ထားသော် ဘုရားရှင်က ဆိတ်ဆိတ်နေတော်မူလေသည်၊ ပဒုမုတ္တရဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သူ၏ အလှူကို လက်ခံတော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် နန်းတော်သို့ ပြန်လာခဲ့၏။ သုမနကုမာရမင်းသားသည် နန်းတော်သို့ ပြန်ရောက်သော် ခမည်းတော်မင်းကြီးအား လျှောက်ထား၍ ခုနစ်ရက်လုံး ပူဇော်သက္ကာရပြုပြီး မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်အပေါင်းတို့အား မိမိနေထိုင်သောအရပ်၌ ဝါဆို ဝါကပ်ရန် လျှောက်ထားသော် ဘုရားရှင်က လက်ခံတော်မူ သဖြင့် မြတ်စွာဘုရားရှင် သီတင်းသုံးရန် သူကြွယ်တစ်ဦး၏ ဥယျာဉ်ကို ဝယ်ယူတော်မူပြီး ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးရန် အဆောက်အဦတို့ကို အလျင်အမြန်ဆောက် လုပ်စေသည်။

အဆောက်အဦများ ပြီးစီးသွားသော် မြတ်စွာဘုရား အား ပင့်ဆောင်စေပြီး ဘုရားအမှူးပြုသော သံဃာတော် အပေါင်းအား သုမနကုမာရမင်းသားကိုယ်တိုင် ဆီးကြိုပြီး ဆောက်လုပ်ပြီးစီးသည့် ကျောင်းတော်ကို ဘုရားရှင်အား လှူဒါန်းခဲ့သည်။

သုမနကုမာရသည် သီလဆောက်တည်ပြီး ဝါတွင်း သုံးလလုံး မြတ်စွာဘုရားကို ဝတ်ကြီး ဝတ်ငယ်ပြုစု သံဃာတော်များကိုလည်း တစ်ပါးစီ သက်နှင်းသုံးထည်လှူ ၍ မိမိသည် ဤကောင်းမှုကုသိုလ်အကျိုးကြောင့် သုမနမထေ ကြီးကဲ့သို့ ဘုရားရှင်အား အလုပ်အကျွေးပြုရပါစေဟု ဆု တောင်းသော် ပဒုမုတ္တရမြတ်စွာဘုရားက လိုအင်ဆန္ဒပြည့် ဟု ဗျာဒိတ်ပေးခဲ့လေသည်။

◆◆◆

မြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင် တွင် အာနန္ဒာမင်းသားကိုလည်း ဖွားတော်မူခဲ့လေသည် သိဒ္ဓတ္ထမင်းသားသည် တောထွက်ပြီး ၇နှစ်တာမျှ ကျင့် ကြီးစားအားထုတ်ပြီး လောကထိပ်ထားမြတ်စွာဘုရားအ သို့ ရောက်တော်မူလေသော် အာနန္ဒာမင်းသားသည်လည်း ဂေါတမမြတ်စွာဘုရားထံ ရဟန်းပြုခဲ့ပြီး မြတ်စွာဘုရား တ ဟောတော်မူရာ သောတာပတ္တိဖိုလ်တည်ခဲ့သည်။

◆◆◆

တစ်နေ့တွင် မြတ်စွာဘုရားက "ချစ်သား ရဟန်း ငါဘုရားရှင်အတွက် အလုပ်အကျွေးပြုရန် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

အပ်သည်"ဟု မိန့်ကြားရာ ရှင်သာရိပုတ္တရာ အစရှိသော သာဝကမထေရ်များက "အလုပ်အကျွေးပြုပါရစေ"ဟု လျှောက်သော်လည်း ဂေါတမဘုရားရှင်က လက်မခံချေ။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား အလုပ်အကျွေး ပြုနိုင်မလားဟု မေးတော်မူရာ အရှင်အာနန္ဒာက -

"ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား··· တပည့်တော်အား -

(၁) ဘုန်းတော်မြတ်ဘုရားရှင် ရအပ်သော ကောင်း မြတ်သည့် သင်္ကန်းကို မစွန့်လျှင် လည်းကောင်း၊
(၂) ဘုန်းတော်မြတ်ဘုရားရှင် ရအပ်တဲ့ ဆွမ်းကို မစွန့်လျှင်သော်လည်းကောင်း။
(၃) ဂန္ဓကုဋီတိုက်တွင် တပည့်တော် တစ်ပါးတည်းသာ နေခွင့်ပြုလျှင်သော်လည်းကောင်း၊
(၄) ဘုန်းတော်ကြီးမြတ် ဘုရားရှင်အား ဆွမ်းပင့်၍ သွားရာနေရာသို့ တပည့်တော်အား မခေါ်သွားလျှင်သော်လည်းကောင်း၊ အလုပ်အကျွေးပြုပါမည်"ဟု လျှောက်ထားရာ မြတ်စွာဘုရားရှင်က -

"အာနန္ဒာ··· ဘာအတွက်ကြောင့် ဤဆု ၄ခုကို ယ်ရသလဲ"ဟု မေးတော်မူလေသည်။

အရှင်အာနန္ဒာက -

"မှန်လှပါ အရှင်ဘုရား။ တပည့်တော်သည် အရှင်မြတ် ထံမှ ကောင်းသော သင်္ကန်း၊ မွန်မြတ်သော အရသာနှင့် ညီသော ဆွမ်း၊ ဂန္ဓကုဋီတိုက်တွင် အရှင်ဘုရားနှင့် နှစ်ပါး တူနေရပြီး ဘုရားရှင် သွားလေရာသို့ ဆွမ်းလိုက်ဘုဉ်းပေး ည်ရှိသော် ကျန် ရဟန်းတို့က လာဘ်ကို ပေါ်များစေ၍ နန္ဒာသည် မြတ်စွာဘုရားအား အလုပ်အကျွေးပြုသည်ဟု တော်မူသောကြောင့် ဖြစ်ပါသည် ဘုရား"

မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာ တောင်းဆိုသော လေးပါးဆုကို လက်ခံပြီး ပန်လေးပါးဆုကို ဆက် လျှောက်ထားစေသော် အရှင်အာနန္ဒာက -

ဘုရားရှင်အား ဆွမ်းပင့်ရာတွင် တပည့်တော် ခံသော တပည့်တော်နှင့် သင့်လျော်သော ဆွမ်းပင့်ရာ ကို အရှင်မြတ်ကြွပါက အရှင်ဘုရားအား အလုပ် ကျွေးပြုပါမည်။

ဘုရားရှင်အား ဝေးလံသောအရပ်မှ ဖူးမြော်ရန် လာသော ညှို့ပရိသတ်ကို ခဏသာ အရှင်မြတ်ဘုရား ဖူးမြော်ခွင့်ပေးခြင်းကိုသာ ပေးလျှင်သော်လည်းကောင်း။

တပည့်တော်၏ မရှင်းလင်းသော ပုစ္ဆာမှန်သမျှ လျှောက်ခွင့်ပြုလျှင်သော်လည်းကောင်း၊

(၄) တပည့်တော်၏ နောက်ကွယ်တွင် အရှင်ဘုရား ဟောကြားသော တရားတော်ကို တပည့်တော်အား ပြန်လည် ဟောကြား နာကြားခွင့်ပြုလျှင် အလုပ်အကျွေးပြုပါမည်ဟု လျှောက်ထားသော် မြတ်စွာဘုရားက ဤပန်ဆုလေးပါးကို ပြောစေခဲ့သည်။

အရှင်အာနန္ဒာက -

"ဘုန်းတော်ကြီးမားလှသော မြတ်စွာဘုရား···အရှင် ဘုရားအား ကြည်ညိုသော ပုဂ္ဂိုလ်တို့သည် အရှင်ဘုရားအနီး သို့ ကပ်ခွင့်မရသောအခါ အရှင်အာနန္ဒာနှင့်အတူ ဆွမ်းစား ကြွတော်မူပါဟု လျှောက်ထားရာတွင် တပည့်တော်က ထို အိမ်ကို လက်ခံလျက် အရှင်ဘုရားက ဆွမ်းစား မကြွခဲ့သော် အရှင်ဘုရားအနီး၌ နေပါလျက် ဤမျှလောက်သော ချီးမြှင့် ခြင်းကိုပင် မရဟု ကဲ့ရဲ့ခံရပါလိမ့်မည်။ ဝေးလံသော တိုင်း တစ်ပါးက အရှင်ဘုရားအား ဖူးမြော်ခွင့်မရပါက ဘုရား တပည့်တော်အား ကဲ့ရဲ့ပါလိမ့်မည် ဘုရား။

ဘုရားတပည့်တော် မျက်ကွယ်ရာအရပ်၌ ဟောပြော သော တရားတော်ကို တပည့်တော် မေးမြန်းခွင့်မရပါက အာနန္ဒာသည် ဘုရားရှင်နောက် အရိပ်ပမာ လိုက်ပါသော် လည်း ဘုရားရှင်၏ ဒေသနာတော်ကို မသိရကောင်းလားဟု ကဲ့ရဲ့ခြင်း ခံရပါလိမ့်မည်။ တပည့်တော် ယုံမှားသံသယ မကင်း သိလိုသော ပြဿနာများကို မေးမြန်းခွင့်မရပါက အာနန္ဒာသည် ဘုရားရှင်ထံ ဤမျှလောက် မေးမြန်းခွင့်ကို မရရှိပါတကားဟု ကဲ့ရဲ့ခြင်း ခံရပါလိမ့်မည် ဘုရား။ ထို့ ကြောင့် တပည့်တော်သည် ဤဆုလေးပါးကို ပန်ကြားရခြင်း ဖြစ်ပါတယ် ဘုရားဟု လျှောက်ထားသော် ဂေါတမမြတ်စွာ ဘုရားရှင်က ဤရှစ်ပါးသောဆုကို ခွင့်ပြုတော်မူပြီး တရားနာ ပရိသတ်များအလယ်တွင် အရှင်အာနန္ဒာအား -

(၁) အကြားအမြင်အရာ၌ အမြတ်ဆုံးဘွဲ့ကို လည်း ကောင်း။
(၂) သတိအရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို လည်း ကောင်း၊
(၃) ပညာအရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို လည်း ကောင်း၊
(၄) လုံ့လပြုသောအရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို လည်းကောင်း၊
(၅) အလုပ်အကျွေးပြုရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ ကိုသော် လည်းကောင်း၊

အမြတ်ဆုံး ဧတဒဂ်ဘွဲ့ ငါးဆုပိုင်ရှင်ဖြစ်သည်ဟု ဟောကြားတော်မူခဲ့လေသည်။

* * *

ပေါ်လွင်

www.burmeseclassic.com

# ဓနသိဒ္ဓိ နက္ခတ်နှင့် ဓနသိဒ္ဓိဂါထာတော်

ဓေတ္တာရာဆရာကျော်

ဓနသိဒ္ဓိနက္ခတ်ဟာ နက္ခတ် ၂၇လုံးမှာ ၂၃လုံးမြောက် နက္ခတ်ဖြစ်ပါတယ်။ "ဓနသိဒ္ဓိ"ဟုလည်း ဖော်ပြကြပါတယ်။ "အထင်ရှားဆုံး ဓနစည်းစိမ်"လို့ အဓိပ္ပာယ်ရတဲ့ နက္ခတ်ဖြစ်ပါတယ်။ တချို့ကျမ်းများမှာတော့ အဓိပ္ပာယ်နှစ်မျိုးဖော်ပြကြပါတယ်။ တစ်မျိုးမှာ ဓနဉစ္စာ၊ ရွှေငွေရတနာဖြစ်ပြီး နောက်တစ်မျိုးမှာတော့ အသံဖြစ်ပါတယ်။

ဓနသိဒ္ဓိနက္ခတ်ဟာ တောက်ပပါတယ်။ ကြယ်လေးလုံး ပါဝင်ပြီး ဖွဲ့စည်းထားပါတယ်။ ကျမ်းတချို့မှာတော့ ကြယ်ငါးလုံးအဖွဲ့အစည်းလို့ ဆိုပါတယ်။ ပုံသဏ္ဍာန်မှာ လေးထောင့်မှန်ကူကွက်သဏ္ဍာန်ရှိပါတယ်။

ဓနသိဒ္ဓိနက္ခတ်ဟာ ဒေဝီမိဖုရားနက္ခတ်အုပ်စုဝင် ဖြစ်ပါတယ်။ နက္ခတ်များကို အရပ်များ ခွဲဝေပါက ဓနသိဒ္ဓိနက္ခတ်ဟာ မြောက်အရပ်ဖြစ်ပါတယ်။ ဓနသိဒ္ဓိနက္ခတ်နှင့် စပ်ပြီး အတွေးအကြံများကို ဖော်ပြပါက မကာရနှင့် ကုမ်ရာသီနှစ်ခုကျရောက်သောအခါ ရာသီ၏ အတွေးအကြံများကို ပေးကြောင်း ဆိုပါတယ်။

ဓနသိဒ္ဓိနက္ခတ်ဟာ ကြွယ်ဝချမ်းသာစေသော ရတနာ ရွှေ ငွေ ကျောက်သံပတ္တမြား၊ စိန်၊ ငွေဘဏ္ဍာကို ပိုင်စိုးခြင်း သိဒ္ဓိမြောက်ပြီးစီးခြင်းနှင့် အင်္ဂါရက်တို့တွင် ဓနသိဒ္ဓိပေါက်ခြင်းကို ညွှန်းပြပြန်ပါတယ်။ ထို့ကြောင့် ထိုနက္ခတ်ချိန်ခါကောင်း ရွေးချယ်ပြီး ဂါထာရွတ်ခြင်း၊ အကြံအစည်ပြု စီရင်ခြင်းမှာ အကျိုးများနိုင်ကြောင်း ယုံမှားသံသယရှိရန်ပင် မလိုအပ်ပါချေ။





www.burmeseclassic.com

လက်တွေ့အားဖြင့်လည်း ခနသိဒ္ဓိနက္ခတ်လက်ဖြတ်၊ နေ့ဖြတ်များကို ကြည့်ပြီး မဟာဝေဒဗ္ဗမန္တန်ရွတ်ပွားခဲ့၍ ဆိုတစ်ကြိမ်မက ပေါက်ခဲ့ဖူးသူကို ကျွန်တော်၏ နယ်လှည့် အယ်ဒီတာဘာဝ ခရီးများ ထွက်ခဲ့စဉ်က တွေ့ခဲ့ဖူးပါတယ်။ ဒီရက်ပိုင်းတွင်လည်း ဝါသနာပါသော မိတ်ဆွေတချို့မှာ မဂ္ဂဇင်း စာစောင်များ၌ ပါရှိသော ခနသိဒ္ဓိစန်းဖြတ်၊ လက်ဖြတ် ကာလများကို ကြည့်ပြီး ရွတ်ပွားသရဇ္ဈာယ်ကြသည်ကို တွေ့နေရပါတယ်။ ဘာပဲပြောပြော ဝမ်းသာစရာကောင်းလှ ပါတယ်။

ယခု စာရေးသူ တင်ပြပေးလိုသည်မှာ ဖော်ပြပါ မဂ္ဂဇင်း စာစောင်တို့တွင် ပါရှိသော ပညာရှင်တို့ တွက်ချက် ထားသည့် ခနသိဒ္ဓိနက္ခတ်ပေါ်ချိန် အချိန်အခါတွင် ရွတ်ပွား သရဇ္ဈာယ်သင့်သော ဂါထာတစ်ပုဒ်ကို ရှာဖွေတင်ပြပေးလို ပါတယ်။ ဂါထာတော်၏ နာမည်မှာ "ခနသိဒ္ဓိဂါထာတော်"ဟု ခေါ်ပါတယ်။ ကျွန်ုပ်အား ပြည်မြို့ ဝေပုလ္လာရာမ ဆရာတော် ကြီးက ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်သည် ၂၀၀၆၊ အောက်တိုဘာလအတွင်းက ကျေးဇူးရှင်ဖြစ်သော ပြည်မြို့ ဝေပုလ္လာရာမ ဆရာတော်ကြီး အား သွားရောက်ဖူးမြော်ဖြစ်ခဲ့ပါတယ်။ ထိုနေ့က ဆရာ တော်ကြီးသည် သရဏဂုံကျေးဇူးများကို ပောကြားရင်း ပြန်ခါနီးတွင် "ဝိဇ္ဇာရေပကာသနီကျမ်း"ကို ချီးမြှင့်ပါတယ်။ ထိုကျမ်း၏ စာမျက်နှာ (၃၀၇)တွင် ခနသိဒ္ဓိဂါထာတော်ကို တွေ့ရပါတယ်။ စုစုပေါင်း ဂါထာတော် ၈ပိုဒ်ရှိပါတယ်။ မှတ် သားစရာများ ဖော်ပြထားသည်ကို ပြန်လည်တင်ပြပေးရလျှင်-

"နေ့စဉ် အရုဏ်တက်ချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားနှင့် တကွ ရတနာသုံးပါးတို့အား ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်မီးများဖြင့် ကပ်လှူပူဇော်၍ (ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းများ၊ ပညာရှိ ပုဂ္ဂိုလ်များ ၏ မကြိုက်မနှစ်သက်သော အကျင့်များ၊ အလုပ်များကို ရှောင်ကြဉ်စေ၍) အရှေ့အရပ် လောကဓာတ်မှ အရုဏ် တက် ရောင်ခြည်သမ်းနေရာဘက်သို့ မျက်နှာမူ၍ ဤဂါထာ ကို တစ်ထိုင်တည်းဖြင့် ၂၇ခေါက်စေ့အောင် ရွတ်ဖတ်ရာ၏။

အမြင်နက္ခတ် နားလည်သောပုဂ္ဂိုလ်ဖြစ်ပါက ညဘက် တွင် ကောင်းကင်၌ ခနသိဒ္ဓိနက္ခတ်ကို ရှာပါလေ။ တွေ့ပါ လျှင် ထိုခနသိဒ္ဓိနက္ခတ်ကို မျက်စိဖြင့် စူးစူးစိုက်စိုက်ကြည့် ၍ ၅၄ခေါက်ရအောင် ရွတ်ရာ၏။ ထို့အပြင် အသက်လွတ် စား၍ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ် ကို လုံခြုံစွာ ခံယူဆောက်တည်ပြီး ဗုဒ္ဓမြတ်စွာဘုရား၏ မျက်နှာတော်ကို စူးစိုက်ကြည့်ရှု ဖူးမြော်လျက် (၁၀၈)ခေါက် ရအောင် ရွတ်ဖတ်ရာ၏။

ရွတ်ဖတ်ရာတွင် ပီပီသသ အဖြတ်အတောက်မှန်စွာ ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ ထို့အပြင် ရှင်သီဝလိပုံတော် ကို ကြည့်၍ ၂၇ခေါက် ရွတ်ပေးနိုင်၏။ သူရဿတီ နတ် သမီးပုံတော်ကို ကြည့်၍ ၂၇ခေါက် နေ့စဉ်ရွတ်ပေးနိုင်၏ ဟူ၍ ပါရှိပါတယ်။ ဂါထာတော်မှာ -

(က) ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မောမေ သရဏံ အညံနတ္ထိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃောမေ သရဏံ အညံနတ္ထိ သံဃံသရဏံ ဂစ္ဆာမိ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုဇယမင်္ဂလံ။

(ခ) ဒိဝါတပတိ အာဒိစ္စော ရတ္တိမာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ ဈာယီ တပတိ ဗြာဟ္မဏော၊
အထသဗ္ဗာ မဟောရတ္တိံ ဗုဒ္ဓေါ တပတိ တေဇသာ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုဇယမင်္ဂလံ။

(ဂ) သိရသ္မိံ မေ ပဉ္စဗုဒ္ဓါ နလာဋေ ဗြဟ္မဒေဝတာ၊
စက္ခုကနေ့ ဣန္ဒောရာဇာ မုခေဒေဝီ သူရဿတီ၊
ဟဒယေ နရာယနဉ္စ ဟတ္ထေစ ပရမေသွာရော၊
ဥရေ ဝိဿနုဒေဝါစ ဧတေဒေဝါ မဟိဒ္ဓိကာ၊
မဟာဒေဝါနုဘာဝေန သဗ္ဗကမ္မာနိ သိဒ္ဓိမေ၊
မေတ္တာစိတ္တေန မံသဗ္ဗေ ဩလောကေတု ဒိနေ-ဒိနေ။

(ဃ) ဟေဝိမိတ္တံ ဟိတံပုညံ ယထာ ယာဝီ ကတံ ဖလံ၊
ဟေဝိန္နာ ဝိယာပုတ္တာ ဝိယာသိရိ ဝိယာ-ဝိယာ၊
သုဝဏ္ဏဟာရ ဒွေဖလံ ဩဇာကာယမနသိ မာမတ္တာယ၊
သဟာဿ ပရိဝါရာယ ဝိသာခါယ တေဝိသတ္တာယ၊
သဗ္ဗနာဂရေ သဗ္ဗဇနာနံ စိတ္တံ ဘဝတိ မမသန္တိကေ ဟေဝိ - ဟေဝိ၊
ဩဇာ ဗုဒ္ဓံဝါ ဓမ္မံဝါ သံဃံဝါ ရာဇိရာဇဿ ကုမာရီ- ကုမာရဿ၊
ဩဇာဖေဟိ - ဟေဝိဖလံကပ်၊
အယောရံ ယောရရူပေန သိရသာ ဗုဒ္ဓ ဝန္ဒနာ၊
သဗ္ဗဒုက္ခါ အဟံမုတ္တာ အယောရာဇာ အနမောဒနာ။

(င) ဥမ် • • •သူရဿတီဒေဝါနံ ရက္ခါဒေဝါနံ အာကာသ၊
ဒေဝါနံ အာလောကဒေဝါနံ၊
အမစ္စရာဇာနံ သမဏာဗြာဟ္မာနံ သဗ္ဗကုလ္လိနံ သဗ္ဗပုရိ သာနံ သဗ္ဗဘောဂိနံ၊
သဗ္ဗလာဘာနံ သဗ္ဗဓနာနံ ဟေဝိ-ဟေဝိ-ဖလံကပ်။

(စ) သူရဿတီဒေဝီစ မေမာတာ မာတာစမေ၊
သူရဿတီဒေဝီ အနုကမ္ပံ၊
ဥပါဒါယ လာဘံဒေဟိ ဓနံဒေဟိ ပိယံဒေဟိ မေ၊
သရဿတီဒေဝီ။



www.burmeseclassic.com

www.burmeseclassic.com

(ဆ) ဥမ်…တုဋ္ဌေဟိ တုဋ္ဌေဟိ မမတုဋ္ဌေဟိ ပီယေဟိ၊
ပီယေဟိ မမပီယေဟိ၊
သိနေ့ဟံ သိနေ့ဟံ မမသိနေ့ဟံ ရာဇစိတ္တံ၊
ပီယံမ္ဗိုင်းမ္ဗိုင်း အမစ္စ ရာဇစိတ္တံ၊
ပီယံမ္ဗိုင်းမ္ဗိုင်း ဒေဝစိတ္တံ ပီယံမ္ဗိုင်းမ္ဗိုင်း ဒေဝီစိတ္တံ ပီယံ မ္ဗိုင်းမ္ဗိုင်း။
ဣတ္ထိစိတ္တံ ပီယံမ္ဗိုင်းမ္ဗိုင်း ပုရိသစိတ္တံ ပီယံမ္ဗိုင်းမ္ဗိုင်း မနုဿစိတ္တံ ပီယမ္ဗိုင်းမ္ဗိုင်း။
သဗ္ဗစိတ္တံ ပီယံမ္ဗိုင်းမ္ဗိုင်း ဥမ်ဖော်-ဖော် ခြင်းခြာခြင်း ကပ်ခြာကပ်။

(ဇ) သဗ္ဗဟိတ မင်္ဂလာနိ ပုညာဘိ သိရိသောဘဏီ၊
သူရဿတီစ မေမာတာ နိစ္စံ ရက္ခန္တု မံသဒါ ဟူ၍ ဖြစ်ပါတယ်။

အကျိုးကျေးဇူးကို ဖော်ပြထားရာ၌လည်း "အလုပ်မရှိလျှင် အလုပ်ရှိလာရ၏။ တစ်ရက်ထက် တစ်ရက်၊ တစ်ပတ်တစ်ပတ်၊ တစ်လထက် တစ်လ စည်းစိမ်ဥစ္စာရတနာရွှေငွေတို့သည် တိုးတက်ဝင်ရောက်လာကြပေကုန်၏။ အလုံးစုံသော လူနတ်တို့သည် မိမိအား ချစ်ခင်လေးစားလာကြကုန်၏။ အလုံးစုံသော သမ္မာဒေဝနတ်တို့သည်၎်လည်းကောင်း၊ သူရဿတီနတ်သမီးနှင့် ဒေဝီ ဂုပါးတို့သည် လည်းကောင်း မိမိအား ကူညီစောင့်ရှောက်ပေးကြလေကုန်၏။

ကျိုကျာဘဏ္ဍာ ဆန်ရေစပါး ဥစ္စာပစ္စည်း လိုအပ်သမျှ အကုန်ပြည့်စုံလာရတော့၏။ ရန်ဟူသမျှ ပြေငြိမ်းရ၏။ မိမိဘဝသည် ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ တိုးတက်ခြင်း၊ အောင်မြင်ခြင်းများဖြင့် ပြီးစီးနေတော့၏။ တောင့်တသမျှအားလုံး ရောက်ရှိလာကြကုန်၏။ ရွှေငွေဥစ္စာငွေကြေးလာဘ်လာဘတို့သည် ဝင်လာမစဲ တဖွဲဖွဲရောက်လာကုန်တော့၏။

စီးပွားရေး အရောင်းအဝယ်၊ ငွေရေးကြေးရေးကိစ္စများ လျင်မြန်စွာ အဆင်ပြေ အောင်မြင်လာရတော့၏။ ထင်ပေါ်၏။ ကျော်ကြား၏။ ဣစ္ဆာသယသိဒ္ဓိကဲ့သို့ ဖြစ်စေတော့၏ ဟူ၍ တွေ့ရပါတယ်။

သို့ဖြစ်လေရာ မနုသိဒ္ဓိဂါထာတော်မြတ်ကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ပွားသရဇ္ဈာယ်ကြခြင်းဖြင့် လောကီလောကုတ္တရာများ တိုးပွားအောင်မြင်နိုင်ကြမည်သာ ဖြစ်ပါတယ်။ အကယ်၍ နေသိဒ္ဓိ နက္ခတ်ပေါ်ချိန်တွင် အဓိကထား ရွတ်ပွားခြင်းဖြင့် ထူးခြားသော အကျိုးကျေးဇူးများ ကေန်လက်ငင်းရနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြရပါတယ်။

* * *

ခေတ္တာရာဆရာကျော်


သင့်ဘဝကို မြန်နှုန်းမြင့် အောင်မြင်ချင်တယ်ဆိုရင်

**ခေတ္တာရာဆရာကျော်**

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်….
သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း၊
အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။
သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ အမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၈၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄၊ ၀၉-၂၅၀၂၇၃၆၈၇




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော တိုက်ဆိုင်မှု

တင်နိုင်တိုး



တစ်ခါတစ်ရံ လူ့လောကတွင် ထူးဆန်းသော တိုက်ဆိုင်မှုမျိုး ကြုံတွေ့ရတတ်ပါသည်။ တစ်ချိန်က ရန်ကုန်မြို့လယ်တွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်သည် ထူးဆန်းသော တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ပါသည်။ ဤအဖြစ်အပျက်က မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုနှင့်လည်း ပတ်သက်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့မှ ဖွားမြင်သော သားလတ် အောင်ဆန်းလင်းသည် ၁၆၊ ဇန်နဝါရီ၊ ၁၉၅၃ ခုတွင် ရေနစ် ကွယ်လွန်ခဲ့သည်။ အသက် ၈နှစ်အရွယ်သာ ရှိသေးသော အောင်ဆန်းလင်းသည် ထိုနေ့ညနေ ၅နာရီအချိန်က တာဝါလိမ်းလမ်း၊ အမှတ် (၂၅)နေအိမ်ရှိ ရေကန်အနီး ကစားနေရာမှ ရေနစ်ခဲ့ရခြင်းဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှသည့် အဖြစ်ပါပေ။

အောင်ဆန်းလင်းသည် နမဖြစ်သူ အောင်ဆန်းဦးကြည် (၇နှစ်)နှင့်အတူ ကစားနေရာမှ ရေကန်ထဲသို့ ဖိနပ်ကျသွားသည်ကို ဆယ်ယူရင်း ရေနစ်ခဲ့ရခြင်းဖြစ်သည်။ သိလျှင်သိချင်း အနီးရှိ လူများက ဝိုင်းဝန်းကာ ကြိုးစားဆယ်ယူခဲ့ကြသည်။ ထို့နောက် ဆေးရုံကြီးသို့ ပို့ခဲ့သော်လည်း လမ်းခရီး၌ပင် အသက်ပျောက်ခဲ့ရသည်။ ယင်းအဖြစ်အပျက်ဖြစ်ပွားစဉ်အခါ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်မှာ နေအိမ်၌ မရှိဘဲ မြို့တော်ခန်းမအပေါ်ထပ်၌ အခမ်းအနားတစ်ခုသွားရောက်နေခဲ့ရာ ပြန်လာမှ သိရတော့သည်။

ရန်ကုန် မြို့မရဲအဖွဲ့က ၉၉၉-ဝိုင်ယာလက် ကားများဖြင့် ရန်ကုန်မြို့အနှံ့ ဒေါ်ခင်ကြည်ကို လိုက်ရှာခဲ့ကြသေးသည်။ ည ၈နာရီခွဲမှ ဒေါ်ခင်ကြည် အိမ်သို့ ပြန်ရောက်လာခဲ့သည်။ လူမှုရေးကိစ္စ၊ အသင်းအဖွဲ့ကိစ္စများကို တတ်နိုင်သလောက် ဆောင်ရွက်လျက်ရှိသော ဒေါ်ခင်ကြည်သည် သားသမီးများအား နေအိမ်၌ အဒေါ်များဖြင့် ထားပစ်ခဲ့ရသည်သာ များပေသည်။

ထူးခြားသော တိုက်ဆိုင်မှုက အောင်ဆန်းလင်း ရေနစ်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူ ပန်းချီကားကြီးတစ်ချပ်လည်း ရန်ကုန်မြစ်လယ်၌ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

၁၈-၁-၁၉၅၃ ရက်စွဲပါ "ဗမာ့ခေတ် သတင်းစာ"တွင် အောက်ပါ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။

***"အောင်ဆန်းလင်း ရေနစ်သွားချိန်၌ ဗိုလ်ချုပ် ပုံတူကားကြီး ရေနစ်ခြင်း"***

*ဗိုလ်ချုပ်အောင်ဆန်း၏ သားအလတ် အောင်ဆန်းလင်း ရေနစ်သေဆုံးသည့် ထိုအချိန်မှာပင် ဗိုလ်ချုပ်အောင်ဆန်း၏ ဆီဆေးရုပ်ပုံကားချပ်ကြီးသည် ရန်ကုန်မြစ်အလယ်တွင် ရေနစ်သွားခဲ့သည်ဟူသော သတင်းမှာ ကြားရသူတိုင်းအဖို့ တအံ့တသြ ပြောမဆုံးနိုင်အောင် ဖြစ်နေကြသည်ကို တွေ့ရ၏။*

*ဖြစ်ပျက်ပုံမှာ အောင်ဆန်းလင်း ရေနစ်နေသည့် ဇန်နဝါရီလ ၁၆ရက်နေ့ ညနေ ၅နာရီ ၄၅မိနစ်ခန့်တွင် ရန်ကုန်တစ်ဖက်ကမ်း ဒလ ခနောင်တိုတွင် ဗမာပြည်အလုပ်သမား အစည်းအရုံးခွဲ ဖွင့်လှစ်ရန်အတွက် ခင်မောင်သက် ကုမ္ပဏီမှ ငှားသွားသော ဗိုလ်ချုပ်အောင်ဆန်း၏ ဆီဆေးရုပ်ပုံကားချပ်ကြီးကို လူလေးယောက်က သမ္ဗာန်ဖြင့် သယ်ယူသွားကြသည် ဆို၏။*

*ထိုသမ္ဗာန်သည် ရန်ကုန်မြစ်အတွင်း ခနောင်တိုကမ်းဘက် ဆိပ်ကမ်းသို့အရောက်တွင် ရုတ်တရက် တိမ်းမှောက်သွားရာ လူလေးယောက်စလုံးနှင့် ဗိုလ်ချုပ်ရုပ်ပုံကားအချပ်ကြီးပါ ရေထဲရောက်သွားသည် ဆို၏။*

*အနီးသော် နီးရာ သမ္ဗာန်များက ဝိုင်းဝန်းကယ်ဆယ်လိုက်ကြသည် ဆို၏။ ဗိုလ်ချုပ်ရုပ်ပုံကြီးကိုလည်း ရေ... တွင် ပေါ်သောပေါ်နေခိုက် ဆယ်ယူလိုက်ကြပြီး ခနောင်... သို့ ယူသွားကြသည်ဟု သိရ၏"*

ဟူ၍ ဖြစ်ပါသည်။

ယင်းသတင်းဖော်ပြချက်အရ အောင်ဆန်းလင်း ကွယ်လွန်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ပန်းချီကားကြီး သယ်ဆောင်လာသောလှေ နစ်မြုပ်ခဲ့ပုံမှာ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးကြသကဲ့သို့ ဗိုလ်ချုပ်၏ သားသမီးများအပေါ်လည်း သံယောဇဉ်ရှိခဲ့ကြသည်။ ဗိုလ်ချုပ်၏ သားလတ် အောင်ဆန်းလင်း ကွယ်လွန်သွားကြောင်း သိရှိရသောအခါ လူထုတစ်ရပ်လုံးက စိတ်မကောင်းဖြစ်ခဲ့ကြရသည်။

မည်သို့ဆိုစေကာမူ၊ အောင်ဆန်းလင်း ကွယ်လွန်ချိန်တွင် ဗိုလ်ချုပ် ပန်းချီကားကြီး ရေထဲ ပြုတ်ကျကာ၊ လှေပေါ်တွင် အတူပါလာသူများ ရေနစ်ခဲ့ကြရပုံမှာ နားလည်ရခက်လှသော တိုက်ဆိုင်မှုတစ်ရပ်ဟု ဆိုနိုင်ပါသည် ■


* * *

တင်နိုင်...



www.burmeseclassic.com

www.burmeseclassic.com




ကျောင်းတော်ရာစေတီတော်ကြီး
ဝါဏိဇ္ဇဂါမရွာကြီး၊ စကုမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

# မကွေး မြသလွန်၊ မန်းရွှေစက်တော် ရှင်ပင်စက္ကိန်းတဲ နှင့် ကျောင်းတော်ရာ

မြနန်းရှင်



မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားစာရင်းဝင်ထဲတွင် မင်းဘူးမြို့ ရွှေစက်တော်ဘုရား၊ မကွေး မြသလွန်၊ ရှင်ပင်စက္ကိန်းတဲ၊ စန္ဒကူးကျောင်းတော်ရာ သာသနာ့နယ်မြေများ ပါဝင်လေသည်။ စာရေးသူဘဝမှာ ဘုရားဖူးရောက်ရှိခဲ့သမျှ နေရာများကို တစ်ခေါက်ရောက်ပြီးလည်း နောက်တစ်ခေါ် နှစ်ခေါက်ပြန်ရောက်စမြဲပင်။

ဘဝကံထူးသူများမှာ မြန်မာပြည်အနှံ့သာမက၊ က အနှံ့ ရောက်ခွင့်ကြုံကြရသည်။ သာမန် စာရေးဆရာ




www.burmeseclassic.com

www.burmeseclassic.com

များအတွက် မြန်မာပြည်အနှံ့ မရောက်နိုင်သလို၊ နေလ ယ်အဖွဲ့နှင့် သွားလျှင်တောင်မှ ဝင်ငွေ၊ ထွက်ငွေ ချိန်ဆ လိုက်နိုင်ကြပါသည်။

ယခုနှစ် ၂၀၁၄ ခုနှစ်မှာ နေလဂျာနယ်၏ ဘာသာရေး ဉ်အား မင်းဘူး၊ ရွှေစက်တော်ခရီးစဉ် ရွေးချယ်ထားကြ ည်။ ကျွန်မ ဝမ်းသာသွားရသည်။

လွန်ခဲ့သော ၁၉၈၇ ခုနှစ်ကာလဆီက မင်းဘူး ရွှေစက် ဘုရားဖူးသွားခဲ့ရာ လွန်စွာပင်ပန်းခဲ့ဖူးသည်။ ရန်ကုန်မြို့မှ ွား-အောင်လံကားကို စီး၊ ပြီးလျှင် မင်းဘူးသို့ စက်လှေ င်းစီး၊ ပြီးလျှင် ရွှေစက်တော်သို့ ကားစင်းလုံးငှားပြီး လမ်း ဖုန်တထောင်းထောင်းနှင့် သွားခဲ့ရသည်။ တည်းခို ကလည်း ယခုလိုမဟုတ်။ ဝါးကြမ်းခင်း တည်းခိုဆောင်မှာ



ကာက်အခြမ်းက နင်း၊ ဟိုဘက်အဖျားက ထောင်နှင့်၊ ည်းရတာလည်း စိတ်မချမ်းသာခဲ့ရ။

နားပြီးနောက် အောက်စက်တော်ရာသို့ သွားရောက် မြော်ခဲ့ရာ ယခု ဖူးတွေ့ရသော အောက်စက်တော်ရာ ပါဒ ခြေတော်ရာပုံကို ဖူးတွေ့ရလေသောအခါမှာ ကျွန်မစိတ်မနော ွင် "အောင်းမလေး၊ ခြေတော်ရာအစစ်ဆိုလို့ လာဖူးပါ တယ်၊ ရန်ကုန် ရွှေတိဂုံဘုရားမှာလည်း ဒီပုံစံ ခြေတော်ရာ ဖူးလို့ ရတာပဲ။ တော်ပြီး နောက် ဘယ်တော့မှ လာမဖူး တော့ဘူး"လို့ ကိုယ့်စာသာ စိတ်မှာ စကားပြောပြီး ခင်ပွန်း သူအား "နောက်ကို ရွှေစက်တော်ဘုရားဖူးမယ်ဲ မပြော ခဲ့တော့၊ လမ်းကလည်း ပင်ပန်း၊ ကားငှားရ ခက်ခဲ၊ ဖူးရတဲ့ ခြေတော်ရာက ဘာမှမထူးခြားဘူး"ဟု နှုတ်ကလည်း ပြော ပါသည်။

ကလေးတွေနှင့် ခင်ပွန်းကတော့ မန်းချောင်းရေ ချိုး ကြနှင့် ပျော်နေကြသည်။ သူတို့ ရေချိုးနေစဉ် ကျွန်မ ထုန်ရပ်ခဲ့ပြီး မောမောနှင့် မေးစက်နားနေခဲ့သည်။ ထိုစဉ်

အဘိုးအိုတစ်ဦးရောက်လာပြီး…


"သမီး… မြတ်စွာဘုရားရဲ့ ခြေတော်ရာအစစ် ဖူးချင် တာလား"


"ဟုတ်ကဲ့"

"ဘုရားရှင်ရဲ့ ခြေတော်ရာအစစ်က အထက်စက်တော် ရာမှာ ရှိသေးတယ်"

"တကယ်ရှိတာလား။ ခုနက ဖူးခဲ့တဲ့ ပုံစံမျိုးဆို မဖူး ချင်ပါဘူး"

ကျွန်မရဲ့ စိတ်မကျေနပ်မှုကို အဘိုးအိုက သိနေသည် ထင်ပါရဲ့။ ဖြူဖွေးသော လူသာမန်ထက် ကြီးသော ခြေရာ တစ်ဖက်ကို အထင်အရှားပြလေသည်။ တောင်ထိပ်သို့ လိုက်ပါဖူးခဲ့ရသည်။ ကျွန်မက သေချာအောင် စိတ်နှင့် တိုင်း








www.burmeseclassic.com


www.burmeseclassic.com



စိတ်မြန်ကိုယ်မြန် ကျွန်မစကားကြောင့်…

“မနက်စောစောမှ ထပြီး သွားဖူးကြမယ်။ အထက်
စက်တော်ရာ ခေါ်တယ်။ တောင်ပေါ် တက်ရမှာ။ အ
မိုးချုပ်နေပြီ” (ထိုအချိန်ကာလက တောင်တက်ကားလ
မပေါ်သေးပါ။)


မနက်စောစောထပြီး ဝီရိယကောင်းသော ကျွန်မ ဆ
အတိုင်း အထက်စက်တော်ရာသို့ သွားရောက်ဖူးမြော်ကြ
အိပ်မက်ထဲမှာ ဖူးခဲ့ရသည့် ခြေတော်ရာအစစ်ကို ဗွာပန
၍ တည်ထားသည့် ရွှေစေတီအား မျက်ဝါးထင်ထင် ဖူးမြ



တွေ့ကြည့်ခဲ့သည်။ ကျွန်မလက်နှင့် နှစ်တောင်ကျော်မျှ ရှိနိုင်သည်။ ကျွန်မ ပြုသမျှ အဘိုးအိုက ငြိုးကြည့်လို့နေသည်။ ပြီးမှ ထိုဖူးတွေ့ရသော ခြေတော်ရာပေါ်သို့ သံမဏိအုပ်ဆောင်းကဲ့သို့ မိုးအုပ်စေပြီးနောက် စေတီငယ်တစ်ဆူ ဖုံးအုပ် ပူဇော်ထားပုံအဆင့်ဆင့်ကို မြင်တွေ့ခဲ့ရသည်။


အချိန်ကား ညနေ မိုးချုပ်စ ပြုလေပြီ။ ရေကူးရာက ပြန်ရောက်လာသော ခင်ပွန်းဖြစ်သူအား…

“တောင်ပေါ်မှာ ခြေတော်ရာအစစ်ရှိတယ် ပြောတယ်။ အခုပဲ အိပ်မက်နဲ့ ဖူးခဲ့ရတယ်။ သွားကြရအောင်”



www.burmeseclassic.com

www.burmeseclassic.com




တွေ့ရှိလေတော့သည်။

ကျွန်မလည်း စိတ်ကျေနပ်လောက်အောင် လှူဒါန်း တော်ရှိခိုး ကုသိုလ်ပြုခဲ့ပါသည်။ သို့သော် တစ်ကြိမ်မျှပင်။ မန်းရွှေစက်တော်သို့ မရောက်ဖြစ်ခဲ့တာ နှစ်သုံးဆယ်နီးပါးရှိပြီ။

သို့သော် အသက်အရွယ်အရရော၊ အဓိဋ္ဌာန်ကျင့်စဉ်များ ဝင်ရင်း ရွှေတိဂုံမြောက်ဘက်မုခ်ရှိ ခြေတော်ရာအား သွားရောက်ဖူးမြော်ရင်း မန်းရွှေစက်တော် ပါဒစေတီအား သွားရောက်ဖူးချင်စိတ် ဖြစ်တည်လာပြန်သည်။ ဖူးခွင့်ကြုံရန် ဆုတောင်းခဲ့ပါသည်။

ခုတော့ ဆန္ဒပြည့်ဝခဲ့ပါပြီ။ နေလ အယ်ဒီတာချုပ် ဆရာ နွယ်ဦးလှိုင် ဦးဆောင်မှုဖြင့် ဆရာ အုံးချစ်မြိုင်နှင့် ဆရာမ ဝင်းမာအေးတို့ ဇနီးမောင်နှံမှ ဟွန်ဒါဗင်ကားလေးဖြင့် ပို့ဆောင်ပေးရန် စီစဉ်ကြသည်။

လမ်းခရီးကျွမ်းကျင်သော ဆရာ အုံးချစ်မြိုင် ခေါ်ဆောင်မှုနှင့် အသွားမှာ အာဟာရဖြည့် ဒါနကို တိုက်ကြီးမှာ ဆရာ နေလှိုင်မင်းက ဒါနပြုသည်။ တစ်ညလုံး မောင်းသူတော့ သေး၊ ဘုရားစာဆိုရင်း လိုက်ပါလိုက်၊ ငိုက်မြည်းလိုက်နှင့် တောင်တွင်းကြီးသို့ နံနက်စောစောရောက်ခဲ့ကြသည်။ လွန်





ခဲ့သော ကာလက နေလဂျာနယ်အဖွဲ့သားများ တောင်တွင်း ကြီးခရီးစဉ်ကို လွမ်းမောဖိရင်း ဆရာမ ဝင်းမာအေးတို့၏



www.burmeseclassic.com

www.burmeseclassic.com





"အလင်းအိမ်"စာသင်ကျောင်းမှာ ခေတ္တဝင်နားခိုပြီး ရေမိုးချိုး နံနက်ခင်းစာစားပြီး တစ်ညလုံး ကားမောင်းလာရသည့် ဆရာ အုံးချစ်မြင့်ကိုလည်း အိပ်စက်ချိန်ပေးရလေသည်။ ဆရာတွေ အုပ်စုကို တောင်တွင်းကြီးမှ ကဗျာဆရာ "နေပန်ဦး"ရောက် လာပြီး ခေါ်ဆောင် ဧည့်ဝတ်ပြုလေသည်။

နေ့လယ် ၁၂နာရီမှာ အရင်ဆုံး မကွေးမြို့သို့ ခရီး ဆက်ရန် သွားကြစဉ် ဗိုသနိုးမြို့ဟောင်းနှင့် ရန်ပယ်ချောင်း ကို ဖြတ်ကျော်ရတော့မည်ဟု သိစဉ် စိတ်က စက္ကန့်ပိုင်း အတွင်းမှာ ဗိသနိုးမြို့ဟောင်း၊ အဘ ပထမံ ဘိုးဘိုးအောင် ၏ လက်ပံရှည်ရွာရှိ ဖူးပြည့်အောင်ဘုရားတို့သို့ ရောက်ရှိ သွားသည်။

မကွေးမြို့သို့ ရောက်လျှင် မြသလွန်ဘုရားကို ဖူးရ တော့မည်။ ငယ်စဉ်က သူငယ်တန်း၊ သင်ပုန်းကြီးဖတ်စာမှ မောင်ရေခဲ ကဗျာကို မှတ်မှတ်ရရ သတိရနေမိသည်။

မကွေး မြသလွန်ဘုရားစောင်းတန်း ရောက်တာနှင့် ဘုရားဒါယကာ၊ ဘီလူးညီနောင် ဘောသောနှင့် ဘောကျော် တို့အား မေတ္တာပို့ အမျှဝေ၍ ဓာတ်ပုံမှတ်တမ်းယူခဲ့သည်။

မကွေးမြို့ စွန် မြသလွန်သည် (မင်းဘူးမြို့ အမှတ်-၁ ရပ်ကွက်) စက္ကိန်းတဲ တောင်ပေါ် ကေလာသဖတောင်သို့ ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင်တိုင်း ကြွတော်မူရာ နေရာထူးဖြစ်သည်။ ဂေါတမဘုရားရှင် ကြွတော်မူပြီး ကိန် စက်တော်မူစဉ် တခြားမြစ်တစ်ဖက်ကမ်းရှိ တောတွင်း ဘောသော၊ ဘောကျော်၊ ဘောသူရ၊ ဘောရသ ညီအစ်ကို လေးဦးနှင့် ယက္ခဒါလီ ယက္ခသာကီ အမည်ရှိသည့် မောင်နှ ဘီလူးများ နေထိုင်ကြရာ မြတ်စွာဘုရား ကြွလာ၍ တရား ဟောကြားသော သတင်းကြား၍ တရားနာသွားစဉ် ဘုရား ရှင်အား ကြစုဖန်ခါသီး ကပ်လှူသဖြင့် သီလပေး၍ တရား ရေအေးတိုက်ကျွေးစဉ် ဘီလူးညီနောင်တို့ အကျွတ်တရား ရခဲ့ကြသည်။ ဘုရားရှင်အား ကြွရောက်ရန် လျှောက်ထားရာ ရှေးက နောင်တော်ဘုရားများ မကြွခဲ့သဖြင့် ဇာက်မခံဘ နေခဲ့သည်။









www.burmeseclassic.com

www.burmeseclassic.com






ထိုကြောင့် ဘုရားရှင်ကိုယ်စား ကိုးကွယ်ရန် လျှောက်ထားသဖြင့် ယခု ကိန်းစက်သော နေရာနှင့် မြသလွန်ရှိသော နေရာတွင် သာသနာပွင့်ထွန်းပေလိမ့်မည်ဟု မိန့်လေသည်။ ဘုရားရှင်၏ သာသနာ့အမွေအဖြစ် မြသလွန်တော်နှံခဲ့ရာ ဘီလူးညီနောင် လေးဦးတို့က ရောဝတီမြစ်ကမ်းတစ်ဖက်သို့ သယ်ဆောင်လာစဉ် ခေတ္တချထားရာ နေရာအား “မြသလွန်ချ စေတီ”ဟု စက္ကိန်းတဲတောင်ခြေမှာ ဖူးတွေ့နိုင်သည်။

ဘီလူးမောင်နှမ မြသလွန်အား ဌာပနာ၍ စေတီတည်အား ပူဖော်ရာ သိကြားမင်းမှ ဗျာဒိတ်တော်အတိုင်း မမှန်ဟန်ဟု ဆိုသဖြင့် စေတီဖြို၍ မကွေးမြို့သို့ ပင့်ဆောင်ပြီး ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗယာန ရသေ့သုံးဦးထံ မြသလွန်အား အပ်နှံထားခဲ့သည်။

မြသလွန်စေတီတည်ရန် ဘီလူးညီနောင်နှစ်ဦး ဘဝကူး၍ လူသားစင်စစ်ဘဝရောက်မှ ဘုရားဒါယကာအဖြစ် ခံယူစေပြီးမှ စေတီတည်ရန် သိကြားမင်းက လျှောက်ထားခဲ့သည်။

ရသေ့သုံးပါး သီတင်းသုံးရာအနီးတွင် မဟာဂါမရွာကြီးတည်ရှိသည်။ ထိုရွာမှ သူဌေးကြီး သုဘောဂမှာ ရသေ့သုံးပါးနှင့် ဆရာရင်း ဒကာရင်းဖြစ်၍ မြသလွန်အား ဌာပနာပြီး စေတီတည်ရန် လျှောက်ထားရာ ဘီလူးညီနောင်မှာ လူ့ဘဝသို့ ရောက်ရှိနေသဖြင့် ကုသိုလ်အတူပြုပြီး စေတီတည်ရန် ပြောသဖြင့် ပညာဉာဏ်ပြည့်စုံသော သမီးတော် ပုဏ္ဏဝတီနှင့် တိုင်ပင်ကာ ရှာဖွေစုံစမ်းခဲ့ကြ၏။









www.burmeseclassic.com

www.burmeseclassic.com






ကုန်သွယ်အလုပ်ဖြင့် ပန်းရစ်တောင်ပေါ်သို့ ရောက်ရှိလာသော ဘောသော၊ ဘောကျော် ညီနောင်နှစ်ဦးမှာ သူဌေးသမီး၏ ရွှေပေလွှာနှင့် ပန်းကုံးတို့အား တွေ့ရှိပြီး အကြောင်းစုံ သိရှိရန် သူဌေးကြီးထံ သွားတွေ့ခဲ့၏။

အစ်ကိုဖြစ်သူ ဘောကျော်အား သမီးဖြစ်သူနှင့် လက်ဆက်စေပြီး ညီဖြစ်သူ ဘောသောအား ရွှေသားတစ်တင်း၊ ငွေသားတစ်တင်း လက်ဆောင်ပေးလိုက်၏။

မြသလွန်စေတီတည်ရန် ရသေ့သုံးပါးထံ လျှောက်တင်ပြီး မြသလွန်တော်ကို ဌာပနာအဖြစ် တည်၏။ သိကြားမြဟ္မာများသာမက၊ လောကပါလစောင့် နတ်အပေါင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ယက္ခ၊ ဒေဝီ၊ ဇော်ဂျီ၊ တပသီ ရသေ့အပေါင်းတို့က စေတီတော်ကြီး ပြီးစီးအောင် ဝိုင်းဝန်း

ကူညီခဲ့ကြသဖြင့် မဟာသက္ကရာဇ် ၁၂၈ ခုနှစ်၊ တပေါင်း
ပြည့်နေ့၊ ရောဝတီမြစ်ရေနှင့် တည့်တည့်ချိန်၍ ရွှေလှေကြီး
နှစ်စင်းတွင် ပတ္တမြားမြာသာဒ်ပေါက်လျက်၊ တစ်စင်း
ကဿပဘုရားရှင်၏ ရွှေအတိပြီးသော ရွှေသလွန်၊ နော
တစ်စင်း၌ မြသားအတိပြီးသော မြသလွန်တော်ကို တင်
ကျောက်ဖျာကြီးများ ကာရံအုပ်မိုး ဌာပနာပြု ပူဇော်ပြီး
တောင် ၃၅တောင်အမြင့်ဆောင်သော မြသလွန်စေတီတော်
အား သူဌေးကြီး သုဘောဂနှင့် သူဌေး ဘောကျော်မိသားစု
မှ ဒါယကာပြုပြီး ဝေနေယျအပေါင်း စုပေါင်းတည်ထားခဲ့
သည်။


မကွေး မြသလွန်စေတီတော်အား ပုဂံမင်းဆက်၊
လူးမင်း၊ ကျန်စစ်သားမင်းတို့ ပြုပြင်ခဲ့သလို၊ ယနေ့တိုင်





www.burmeseclassic.com

www.burmeseclassic.com




ခေတ်အဆက်ဆက်မင်းများ ပူဇော်ခဲ့သဖြင့်သာ ကျွန်မတို့ မြင် ကုသိုလ်ပြုခွင့်ရခြင်းပေတည်း။

မြသလွန်ဘုရားဖူးအပြီးမှာ နေ့လယ်စာကို မကွေးမြို့ရှိ "ပိတောက်မြိုင်(၁)"မှာ စားခဲ့ကြသည်။

နွေနေ့လယ်အပူကို အန်တုရင်း မင်းဘူး၊ ရှင်ပင်စက္ကိန်းတဲ၊ နဂါးပွက်တောင်သို့ သွားရောက်ခဲ့သည်။

တောင်တော်ဝင်ပေါက် နဂါးရုံရုပ်ပွားတော် တည်စဉ်မြတောင်ညီုဆရာတော်ဘုရားကြီး၏ ဩဝါဒဖြင့် ဝင်ပေါက်ဘယ်ဘက်တွင် နဂါးဦးခေါင်းပိုင်းတစ်ပိုင်းနှင့် ကိုယ်ထည်ပိုင်း




ကို တည်ထားပေးစေသည်။

၁၉၉၄ ခုနှစ်က နဂါးပွက်တောင်တော်မှ ရွှံ့ချော်ရည်များ ပွက်ခြင်း လုံးဝ ရပ်တန့်သွားခဲ့ဖူးကြောင်း သိရသည်။ သိပ္ပံနည်းပညာအရ ပြုလုပ်လည်း မရပါ။ ရှမ်းပြည်နယ်မှ မချိုချိုဆိုသူအား ပူးကပ်၍ ရွှေပေါ်ကျွန်းဆရာတော်ထံ ဩဝါဒခံယူရန် ပြောသဖြင့် ဆရာတော်အား လျှောက်ထားပြီး ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ သတ်မှတ်ထားသော နေ့ရက်၊ အချိန်တို့မှာ ကန်တော့ပွဲ၊ လှူဖွယ်များကို ရတနာသုံးပါးအား လှူဒါန်းပူဇော်ရန် ထားရှိပေးပြီး ညလုံးပေါက် မေတ္တာပို့ အမျှဝေ သာဓုခေါ်ဆိုခဲ့ကြသည်။

နံနက် ၃နာရီ ၅မိနစ်မှာ ဒင်္ဂါးစေ့အရွယ် ရွှံ့ရည်များ စို့တက်လာကာ၊ နဂါးပွက်တောင်တော် အသံမြည်ဟီးလာတော့သည်။ နံနက် ၅နာရီ ၄မိနစ်တွင် နတ်ဒိုးများပေး၍ တီးမှုတ်ကြသောအခါ နဂါးပွက်တောင်တော်မှ အသံများပေးပြီး ရွှံ့ရည်များ ပွက်လာရုံမက၊ အမြင့်သို့ ပန်းထွက်လာလေတော့သည်။

ရွှေပေါ်ကျွန်းဆရာတော်ကြီးအား မေတ္တာပို့သကြ၊ နဂါး



ပွက်တောင် ဘိုးဘိုးကြီးအား မေတ္တာပို့ အမျှဝေကြ၊ တောင်တော် မောင်နှမအား အရိုအသေပေး၊ မေတ္တာပို့ အမျှဝေကြတော့သည်။

နတ်နဂါးနှင့် ဆက်နွယ်သော ပဋ္ဌာန်းဆက် ဘုရားဖူးများ ကုသိုလ်အကြောင်းဆက်လာကြတာ မပြတ်တွေ့ကြရသည်။

◈◈◈


နေလအဖွဲ့ ရွှေစက်တော်ရောက်ချိန်မှာ ညနေစောင်းနေပါပြီ။ တည်းခိုခန်းခ နှစ်သောင်းငါးထောင်ကျပ်ပေးပြီး တည်းကြရသည်။ မန်းချောင်းရေကို မြင်တာနှင့် သဘာဝရေ






www.burmeseclassic.com

www.burmeseclassic.com






ချိုးရန် ပြင်ဆင်ကြတော့သည်။ ရေချိုးလိုက်တော့ ပင်ပန်းသမျှ လန်းသွားရသည်။ ပြီး အောက်စက်တော်ရာကို သွားဖူးပြီး ရွှေဆိုင်းကပ်လှူကြသည်။ သည်တစ်ခါတော့ နောက်တစ်ခါထပ်၍ ဖူးခွင့်ရရန် ဆုတောင်းခဲ့သည်။

မြတ်စွာဘုရားရှင် စန္ဒကူးနံ့သာကျောင်းက ပြန်ကြွလာသည့် ခရီးလမ်းမှာ (မန်းချောင်း) နမ္မဒါမြစ်ကမ်းရောက်စဉ် နမ္မဒါ နဂါးမင်းက ကြိုဆိုပင့်ဆောင်သဖြင့် နဂါးပြည်သို့ ကြွခဲ့သည်။ လူ့ပြည်သို့ ပြန်ကြွစဉ် နဂါးမင်း တောင်းပန်မှုကြောင့် ဘုရားရှင်၏ သာသနာတည်သရွေ့ သတ္တဝါအားလုံး ကောင်းကျိုးချမ်းသာ ရည်မျှော်ပြီး မြင်တော်မူသဖြင့် နမ္မဒါမြစ်ကမ်း (ယခု မန်းချောင်း)နံဘေးတွင် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်နှင့် ပြည့်စုံသော ဘယ်ဘက်ခြေတော်ရာတစ်ဆူ ချပေးတော်မူခဲ့သဖြင့် "အောက်စက်တော်ရာ"ဟူ၍ ပွင့်ပေါ် ခဲ့ပေသည်။

အထက်စက်တော်ရာကား နမ္မဒါမြစ်တစ်ဖက်ကမ်းရှိ သစ္စဗန္ဓတောင်ရှိ "သစ္စဗန္ဓ ရသေ့"မှ ဘုရားရှင် ကြွလာစဉ် ပူဇော်ကိုးကွယ်ရန် တောင်းခံသဖြင့် တစ်ရာ့ရှစ်ကွက် စက် လက္ခဏာတော်ရှိ ဘယ်ခြေတော်ရာတစ်ဆူကို ချပေးတော်မူ ခဲ့သည်။ ယခု ရွှေစေတီငုံကာ ပူဇော်ထားပါသည်။

မနက်စောစော တောင်တက် ဘုရားဖူးကားနှင့် အထက်စက်တော်ရာသို့ လိုက်ပါပြီး ပန်း၊ ရေချမ်း၊ ဆီမီး ရွှေသင်္ကန်းကပ်လှူ၊ ပဌာန်းအကျယ်နှင့် မဟာသမယသုတ် ရွတ်ဆိုပူဇော် မေတ္တာပို့ အမျှဝေပေးခဲ့မှပဲ လူလည်း စိတ်ရော ကိုယ်ပါ လန်းဆန်းပေါ့ပါးသွားရသည်။








www.burmeseclassic.com

ဗုံးထားသော အဆောင်က လူ ၉ဦး မဆံ့သဖြင့် ဆရာ အုံးချစ်မြိုင်တို့ ဇနီးမောင်နှံ ကားပေါ်မှာ အိပ်ကြရ ည်။ မန်းစက်တော်အနီးဝန်းကျင် ကျေးရွာသူရွာသားများက မင်း၊ ရေနွေး၊ အရက်ဆွမ်း ရောင်းသူ၊ လက်တို လက် ောင်း အကူညီလိုက နိုင်းနိုင်ရန် စောင့်ဆိုင်းနေကြသည်။ ထိုလျှင် "အနှိပ်သည်"ဆိုင်းဘုတ်လေးများ ကိုင်၍ ဝင်ငွေ ရှာကြသည်။

ကျွန်မတို့အဖွဲ့ ဘုရားတွေ့ဖူး၊ အမှတ်တရ ဓာတ်ပုံများ ရိုက်ပြီး ခရီးဆက်ဖို့ ကားပေါ် တက်ကြရသည်။ ဆရာ အုံးချစ်မြိုင်တို့ ဇနီးမောင်နှံအား နိဗ္ဗာန်ကူးတို့ စေတနာထား ကို ကျေးဇူးတင်ပြီးရင်း တင်မိပါသည်။

◈◈◈





အပြန်မှာ ရွှေစက်တော်မှ မိုင် ၃၀ ကွာဝေးသော စန္ဒကူးကျောင်းတော်ရာသို့ ပို့ဆောင်ပေးပြန်သည်။ ခရီးလမ်း က အတွင်းတောလမ်း၊ တော်တော်သွားရသည်။ လမ်းက ညည်ဘေး လမ်းကျဉ်းမို့ သတိထား မောင်းရသည်။ ဖရဲခင်း၊ ခင်း၊ တောင်ယာခလေ့တွေကို တစ်ဝကြီး ခံစားခွင့်ရစေ သည်၊

ဘုရားရှင်လက်ထက် ဝါဏိဇ္ဇဂါမရွာ၏ သူဌေးကြီး ၏ သား မဟာပုဏ္ဏနှင့် စူဠပုဏ္ဏသားနှစ်ဦးရှိသည်။ သာဝတ္ထိ ပြည်သို့ ကုန်ရောင်းသွားရင်း ဂေါတမဗုဒ္ဓမြတ်ဘုရားနှင့် ဖူး ခွင့်ကြုံ၍ ဘုရားရှင်ထံမှာ ရဟန်းပြုကာ မဟာပုဏ္ဏ ကျန်ခဲ့ သည်။ အချိန်ကာလကြာသောအခါ မိမိနေရပ်ပြန်၍ သာသနာပြုလိုကြောင်း ဘုရားရှင်အား ခွင့်ပန်လျှောက်ထား ခဲ့သည်။ သာသနာကင်းဝေးသော ဒေသဖြစ်၍ မဟာပုဏ္ဏ၏ နှလုံးသွင်းမှန်မမှန် စစ်ဆေးပြီးမှ ပြန်လွှတ်ခဲ့သည်။ မဟာ ပုဏ္ဏမထေရ်သည် ဝါဏိဇ္ဇဂါမရွာသို့ မရောက်မီ အဇ္ဈဟတ္တ တောင်မှာ သီတင်းသုံးခဲ့သည်။ ယခု ကျောင်းတော်ရာနှင့် ၅မိုင်အကွာ၊ ရေပုတ်ရွာမှာ ရွှေမြင်တင်စေတီတည်ထားခဲ့ သည်။ "အထက်ကျောင်း"ဟု ခေါ်သည်။

ထို့နောက် မင်းဘူးမှ ၂မိုင်ခွဲအလယ်ကြားရှိ မန်းရေနံ မြေအတွင်း "အောက်ကျောင်းစေတီ"တည်ထားခဲ့သည်။ ထိုမှ "သကုမြို့"၊ ယခု စကုမြို့ ကျောင်းတော်ရာနှင့် ၁၀မိုင်ကွာ ဝေးပြီး မင်းဘူးမြို့မှလည်း ၁၀မိုင်ကွာဝေးသည်။ စကုမြို့ဦး ထိပ်တွင် "ထေရ်ကြီးစေတီ"တည်ထားတော်မူပါသည်။ ယခု အခါ စန္ဒကူးနံ့သာကျောင်းတော်ရာအဝန်းအဝိုင်းသို့ ပြောင်း ရွှေ့သီတင်းသုံး၍ "မဟာပုဏ္ဏမထေရ်၏ ကျောင်းတော်ရာ စေတီ"ဟုလည်း တည်ထားတော်မူပါသည်။

မဟာပုဏ္ဏမထေရ်အား စူဠပုဏ္ဏသူဌေးမှ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စပြုသဖြင့် အေးချမ်းစွာ နေ့ညမပြတ် အားထုတ်ခွင့် ရသဖြင့် ဈာန်အဘိညာဉ်ရ ရဟန္တာဖြစ်တော်မူခဲ့သည်၊ ရဟန္တာ ဖြစ်တော်မူသော အရပ်သည် (ကျောင်းတော်ရာမြို့သစ်၊ ပွင့် ဖြူမြို့နယ်) စန္ဒကူးနံ့သာကျောင်းတော်ရာနေရာ(သုရာပရန္တ တိုင်း) မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သည်။ မြန်မာပြည်၏ ပထမဦးဆုံး ရဟန္တာဖြစ်ပါသည်။


ညီတော်သူဌေး စူဠပုဏ္ဏနှင့် ကုန်သွယ်သင်္ဘောသား များ ပင်လယ်တွင်း ရွက်လွှင့်သွားရင်း "မာလာယု"မည်သော ကျွန်းတွင် ဆိုင်ကပ်ရင်း စန္ဒကူးနီပင်များ တွေ့ရှိပြီး၊ အနှစ်ရှိ သော အပင်များအား ခုတ်လှဲ တင်ဆောင်ကြရာ စန္ဒကူး တောစောင့် နတ်ဘီလူးတို့ထံ ခွင့်တောင်းပန်ခြင်း မရှိသဖြင့် ဒေါသထွက်ကာ ပုံသဏ္ဍာန်အမျိုးမျိုးပြ ခြောက်လှန့်ခံကြရ စဉ် စူဠပုဏ္ဏသည် ရဟန္တာ မဟာပုဏ္ဏအား တိုင်တည် လျှောက်ထားသဖြင့် အရှင်မဟာပုဏ္ဏ ရဟန္တာသည် သင်္ဘော ဦးထိပ်သို့ ကြွရောက်လာပြီး ဘီလူးတို့အား နှစ်သိမ့် တရား စကားဆိုခြင်း၊ ဒကာများအား တောင်းပန်စေခြင်းဖြင့် ဘေး အန္တရာယ်ကင်းစွာ ဝါဏိဇ္ဇဂါမသို့ ရောက်ရှိစေသည်။ ထို

www.burmeseclassic.com

အချိန်က စ၍ တစ်ရွာလုံး အရှင်မဟာပုဏ္ဏမထေရ်ထံမှာ သရဏဂုံတည်၍ ဆည်းကပ်ကိုးကွယ်ကြတော့သည်။

စန္ဒကူးအနှစ်သားတို့အား ကျောင်းဆောက်၍ မထေရ်ကို လှူရာ အရှင်မဟာပုဏ္ဏမထေရ်မှ သူ၏ ဆရာ ဂေါတမ မြတ်စွာဘုရားအား လှူဒါန်းရန် မိန့်မြွက်ပြီး ဘုရားရှင်အား သွားရောက်လျှောက်ထားခဲ့သည်။

သာသနာပွင့်မည့် အရပ်ဒေသဖြစ်၍ ဘုရားရှင်မှ ဝါဏိဇ္ဇဂါမရွာသို့ ကြွတော်မူခဲ့ရာ သိကြားမင်း သိတော်မူပြီး ဝိသကြုံနတ်သားအား ဘုရားရှင်နှင့် သံဃာငါးရာ ဒေသစာရီ ခရီးကြွချီရန် ပြာသာဒ်ယာဉ်ပျံ ငါးရာ ဖန်ဆင်းစေသည်။ မြတ်စွာဘုရား အမှူးပြုသော သံဃာအပေါင်းသည် ပြာသာဒ် ယာဉ်ငါးရာဖြင့် ကြွလေရာ နောက်ဆုံး ပြာသာဒ်ယာဉ်တစ်စင်း



တွင် စီးသူမဲ့ဖြင့် ရှိလေရာ၊ ယခု အထက်စက်တော်ရာရှိ ကောင်းကင်ယံမှာ ရပ်တော်မူ၍ မြတ်စွာဘုရားမှာ တောင်ပေါ်သို့ ဆင်းတော်မူပြီး သစ္စဗန္ဓရသေ့အား တရားဟောတော်မူသည်။ သစ္စဗန္ဓ ရသေ့သည် ရဟန္တာဖြစ်တော်မူလေ၏။

အရှင် သစ္စဗန္ဓ ရဟန္တာမြတ်အား အလွတ်ပါလာသော ပြာသာဒ်ယာဉ်ပျံပေါ်တွင် စီးနင်းစေလျက် ဝါဏိဇ္ဇဂါမရွာသို့ ခရီးဆက်ကြရာတွင် ရွာသားတို့ မမြင်စေရန် ပြာသာဒ်ယာဉ် အားလုံးကို တန်ခိုးဖြင့် ကွယ်စေပြီး ကြွတော်မူခဲ့၏။

ဝါဏိဇ္ဇဂါမရွာမှ ပူဇော်လှူဒါန်းသော စန္ဒကူးနံ့သာ ဂန္ဓာရုံ ကျောင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူစဉ်အတွင်း ဘုရားရှင်မှာ ဖူးမြော်ရန် ရောက်လာသော ဝေနေယျတို့အား တရားဟောကြားခြင်းကြောင့် ရှစ်သောင်းလေးထောင် ခုနစ်လီသော ပရိသတ်အပေါင်းတို့ ကျွတ်တမ်းဝင်ကုန်၏။

ခုနစ်ရက်ပြည့်မြောက်သောအခါ မြတ်စွာဘုရားမှ မဟာပုဏ္ဏမထေရ်အား ဝေနေယျတို့အတွက် ဤအရပ်မှာ သာသနာပြုရန် ကျန်ရစ်စေတော့ဟု မိန့်ကြားခဲ့သည်။

အရှင်မဟာပုဏ္ဏမထေရ် ပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ အမိဋ္ဌာန်အတိုင်း စန္ဒကူးနံ့သာရုံကျောင်းတော်ကြီး ကွယ် ပျောက်ပြီး "သောလာမယ"ကျောက်စေတီနှင့် အကျယ် အဝန်းအတိုင်း တိုင်လေးတိုင်၊ ထောင့်လေးထောင့်မှာ ပေါ် ပေါက်လာစေ၏။ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးမှ ကျောက်စေတီအား ဖုံး၍ စေတီတော်ကြီး တည်ထားကိုးကွယ် ခဲ့ရာမှ "စန္ဒကူးနံ့သာကျောင်းတော်"ဟု ဘွဲ့အမည်ထင်ရှား ပါသည်။

ကျွန်မတို့အဖွဲ့အား လိုက်လံရှင်းပြသူ ကလေးမလေး က စန္ဒကူးတောအတွင်း တစ်ပင်တည်းသာ ထူးခြားစွာ မွှေးပျံ့သော စန္ဒကူးအနှစ်ပင်ကို လိုက်ပြပါသည်။ လူအများ တို့ နှိုက်လွန်းသဖြင့် ချက်ပမာ တွင်းနက်လို့နေရာသည်။



အချုပ်ဆိုရပါလျှင် မြတ်စွာဘုရားရှင် သက်ရှိထင်ရှား ရှိစဉ်ကာလ ခြေရာချ ရွှေပါဒ မြေမဟာ၊ ရဟန္တာများ ပွင့်ပေါ် ထွန်းရာ သာသနာ့နယ်မြေသို့ ဦးခိုက် ကုသိုလ်ပြုခွင့်ရစေ ဦးဆောင်သော ဆရာ နွယ်ဦးလှိုင်၊ "ကား"ကုသိုလ်ရှင် ဆရာ အုံးချစ်မြိုင်နှင့်ဇနီး ဆရာမ မဝင်းမာအေး၊ အာဟာရကုသိုလ် ရှင် ဆရာ နေလှိုင်မင်း၊ ဘုရားသမိုင်းများအား ပြောပြသော ဂမ္ဘီရ ဆရာလုမျိုးတို့အား ကျေးဇူးအထူးတင်ပါသည်။

ရွှေစက်တော်ဘုရားသို့ တစ်ခေါက်သွားတိုင်း တစ် ဆုတောင်းပြည့်ဝသည့် ဆရာ အုံးချစ်မြိုင်တို့၏ အကျိုးဆော ပုံကား အံ့မခန်းလောက်စရာ လက်တွေ့ဖြစ်၍ စာဖတ်သူ များအနေဖြင့် ရွှေစက်တော်ဘုရားဖူးသွားဖြစ်လျှင် ပဌာန်းရွတ် ပွား၍ အမိဋ္ဌာန်ပြု ဆုတောင်းကြည့်ကြပါဟု ကုသိုလ်လက် ဆင့်ကမ်းလိုက်ရပါတော့သည် ■

* * *

မြနန်း



www.burmeseclassic.com

www.burmeseclassic.com

တိုင်းသိပြည်သူ နိုင်ငံကျော် တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရ၏ လက်စွဲဂါထာတစ်ပုဒ်ဖြစ်ပါသည်။ ပရိတ်ရေများကို ဆူပွက်စေ၍ "ရေဆူဆရာတော်"ဟု ထင်ရှားပါသည်။

ဆရာတော်သည် ခက်ခဲကြမ်းတမ်းသော ချင်းတောင်တန်းများ၌ အနေဆင်းရဲ အစားဆင်းရဲဖြင့် သာသနာပြုခဲ့သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးပင် ဖြစ်ပါသည်။ သက်တော်ကို မထောက်၊ ကျန်းမာရေးကို မငဲ့ကွက်ဘဲ ဗုဒ္ဓသာသနာစည်ပင်ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ခဲ့ပါသည်။

# တောင်တန်းသာသနာပြု ဆရာတော်၏ လက်စွဲဂါထာ

**ဝသုန်ဟိန်းထက်**

DESIGN KYAW OO





www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယာန်ဘာသာအများစုနှင့် နတ်ကိုးကွယ်မှုတို့ဖြင့် ပြည့်လျှမ်းနေသော ချင်းတောင်တန်းဒေသ၊ နာဂတောင်တန်း ဒေသတို့တွင် ဆရာတော်သည် နှစ်ပေါင်းများစွာ သည်းခံ မေတ္တာနှင့် ခန္တီကို ရင်ဖယ်ပိုက်ကာ ဗုဒ္ဓသာသနာအလင်းတိုင်ကို ထွန်းညှိပေးခဲ့ပါသည်။

ဘုရားရှင်၏ ကျေးဇူးတော်ကို တရားဓမ္မဖြင့် ဆပ်မည် ဟူသော အသိစိတ်ဓာတ်ဖြင့် ရပ်တည်ခဲ့သော ဆရာတော် ဦးဥတ္တမသာရသည် ဂါထာတော်တစ်ပုဒ်ကိုလည်း နေ့စဉ် လက်စွဲဂါထာဖြင့် ထုံမွမ်း ပူဇော်ခဲ့ပါသည်။

ထိုဂါထာမှာ လူ၊ နတ်၊ ဗြဟ္မာတို့ ချစ်ခင်နှစ်သက်စေခြင်း၊ ကြည်ညိုစောင့်ရှောက်ခြင်း စသော ဂုဏ်အင်တို့နှင့် ပြည့်စုံစေနိုင်ပါသည်။ နံနက်ပိုင်းတွင် ပို့လွှင့်လျက်ရှိသော မြန်မာ့အသံမှ တရားတော်တွင်လည်း ဆရာတော် ဦးဥတ္တမသာရ၏ ဂါထာတော်ကို မကြာခဏ ထုတ်လွှင့်ပေးလျက်ရှိကြောင်းကိုလည်း သတိပြုမိကြပါလိမ့်မည်။ မိမိဩဇာပျံ့နှံ့ခြင်း၊ မိမိပြောစကား အမှန်ယူခြင်း၊ ပြောသမျှ အရာထင်စေခြင်း၊ မိမိဝန်းကျင်၌ ထင်ပေါ်ကျော်ကြားခြင်း၊ အတားအဆီးများကို ဖယ်ရှားကျော်လွှားနိုင်စေခြင်း စသော ဂုဏ်ထူးတို့နှင့် ပြည့်စုံသော ဂါထာမြတ်တစ်ပုဒ်ဖြစ်၍လည်း ရှိသေစွာ လက်ကိုင်ပြုထားသင့်လှပေသည်။

ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**လူနတ်ဗြဟ္မာတို့ ချစ်ခင်စောင့်မသော**

**သတသဟာသရဟ ဂါထာတော်**

သကိံဒေဝ မဟာရာဇ၊ သဗ္ဗိဟောထိ သမသာဟော၊
သဗ္ဗိရော သမာသေထ၊ သဗ္ဗိကုဗ္ဗေထ၊ သန္တတံ။
သတံ သဒ္ဓမ္မ မညာယ၊ ဇိရန္တိဝေ ရာဇရထာ သုဒိတ္တာ၊
အထော သရီရမ္ပိ. ဇရံ ဥပေတိ၊ သတဉ္စ ဓမ္မော နဇရံ ဥပေ
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ၊ နာဘိဒူရေ ပထဝီ စဒူ
ပါရံ သမုဒ္ဒဿ တဒါ ဟုဒူရေ၊ တတောဟဝေ ဒူရတရံ ဝ
သတဉ္စ ဓမ္မော၊ အသေတဉ္စ ရာဇ။

စစ်မှန်သော ပုဂ္ဂိုလ်၊ စစ်မှန်သော ဂါထာ၊ စစ်မှန်သော အကျိုးတရားတို့နှင့် ပြည့်စုံအောင်ပန်းကို ကေန်အ ဆွတ်ယူနိုင်သည့် "သတ သဟာသရ ဂါထာတော်"ကို နေ့ ရွတ်ဖတ်ပွားများ ပူဇော်၍ လောကဥ္စ မရှိဟူသော စကား နားမျှပင် မကြားရသောသူများ ဖြစ်ကြပါစေဟု ဆုပန် လျက်···■

* * *

ဝသုန်ဟိန်း







www.burmeseclassic.com

www.burmeseclassic.com

# သန်လျင်မှ ဂန္ဓိရ ပုံပြင်များ

စိန်ဝင်းမော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က သန်လျင်သားမဟုတ်။ ရန်ကုန်-ပုဇွန်တောင် ရေကျော်ဇာတိဖြစ်သည်။ ပုဇွန်တောင်မြို့နယ်၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ကိုခင်အောင်နှင့် ငယ်ပေါင်းကြီးဖော်ဖြစ်သည်။ သို့သော် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အငြိမ်းစားယူပြီး မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါတွင် အလုပ်ဝင်ခဲ့ရာမှ နားအေးပါးအေး ကျယ်ကျယ်ဝန်းဝန်းနေထိုင်လိုသဖြင့် ၁၉၉၆ ခုနှစ်ခန့်တွင် သန်လျင်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပါသည်။

သန်လျင်ကား ရှေးဟောင်းမြို့တော်။ သမိုင်းကြောင်းရှည်လျား၏။ သချိုင်းများလည်း ပေါများလှပေသည်။ ရတုဘုရင် နတ်သျှင်နောင်၊ ဝန်ကြီး ပဒေသရာဇာ၊ ဒါရ်ဂါငါးပါးသခင် စသူတို့၏ ဂူဗိမာန်များလည်း ရှိသည်။ သို့အားလျော်စွာ ဂမ္ဘီရဇာတ်လမ်းများလည်း အတော်များများရှိသည်။

ဂမ္ဘီရဇာတ်လမ်းများ ရေးသားလိုစိတ် ဖြစ်ပေါ်မိသဖြင့် ကျွန်တော် နာယကတစ်ဦးအဖြစ် တာဝန်ယူ လုပ်ကိုင်လျက်ရှိသော သန်လျင်-နာရေးကူညီမှုအသင်းသို့ သုတေသနပြုရန် ရောက်ရှိခဲ့သည်။ အသင်း၏ နာရေးလမ်းကြောင်းများပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် လက်ထောက်ကိုထွန်းထွန်းနိုင်တို့နှင့် တွေ့ခဲ့ရာ သန်လျင်မြို့ရှိ သချိုင်းများစာရင်း(အဟောင်းနှင့် လက်ရှိ)ကို ညှိနှိုင်းဖော်ထုတ်ခဲ့ကြပါသည်။ မှန်းဆချက်အရ သချိုင်းပေါင်း ၇၀ ကျော်ကျော်ရှိကြောင်း ပြောကြသော်လည်း၊ အတိအကျ စာရင်းချမှတ်တမ်းပြုကြည့်ရာ ၄၁ ခုမျှသာ အမည်ဖော်ထုတ်နိုင်ခဲ့ပါသည်။

အလွမ်းဆွတ်သချိုင်း၊ အလယ်ရွာ၊ မြယာရိုး၊ သံတံတား၊ ဗိုလ်ချုပ်ရွာ၊ တာဝ၊ ပိတုန်းစမ်း၊ ညောင်သုံးပင်၊ အုတ်ဖိုစု၊ ငွေသန်းဝင်း၊ မြို့ဟောင်းအရှေ့ ငပ၊ အမိုးနီ(ယခုအခါ သိန်းပေါင်း ခြောက်ထောင်မျှ အကုန်အကျခံလျက် မီးသင်္ဂြိုဟ်စက်နှစ်လုံးဖြင့် ကျယ်ဝန်းခမ်းနား ထည်ဝါစွာ ရပ်တည်လျက်ရှိသည်။) ငါးပြေမ၊ သနပ်ပင်၊ ကုလားဝဲ၊ ညောင်လေးပင်၊ ထော်သွန်၊ ဘယက်၊ စစ်ပင်ကွင်း၊ သူဌေးကွင်း၊ ကရင်ဆိပ်၊ ဆေးလုံးကြီး၊ ချောင်းစောက်၊ သပြေကုန်း၊ သပြေကန်၊ စီကုန်း၊ ကုတက်ဖြာ၊ အေးဇတ်၊ ဖားကူး၊ ညောင်တန်းကန်၊ ရုံးသပြေကန်၊ ဘော့သပြေကန်၊ ပျဉ်ထောင်ကျောင်း၊ လက်ယက်စမ်း၊ ဘုရားကုန်း၊ ရှမ်းသချိုင်း၊ အမှုထမ်းရပ်ကွက်ခရစ်ယာန်သချိုင်း၊ တရုတ်သချိုင်း၊ ဟိန္ဒူသချိုင်း၊ ဗိုလ်ချုပ်ရွာ ဟိန္ဒူသချိုင်း၊ ဒါရ်ဂါ မူဆလင်သချိုင်းတို့ ဖြစ်၏။

ထိုမျှ သချိုင်းပေါများလှလေရာ ဂမ္ဘီရဇာတ်လမ်းတို့ကလည်း ပေါများလှပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က သန်လျင်တွင် ဟိုးလေးတကျော်ဖြစ်ခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရှေ့ရှိ သောက်တော်တွင်းအရပ်(ရှေးဘုရင် သောက်တော်တွင်းဟောင်း၊ ယခုထိ ရှိနေသည်)တွင် ဖြစ်၏။

တစ်နေ့သော် လူတစ်ယောက်က နေဝင်ရီတရောအမှောင်ပျိုးစအချိန်တွင် ခေါက်ဆွဲထုပ်လေး လက်မှ ဆွဲလျက်လမ်းလျှောက်ပြန်လာသည်။ ထိုအခါ နောက်မှနေ၍ ခေါက်ဆွဲထုပ်ကို တစ်စုံတစ်ယောက်က ဆွဲနေသည်။ လှည့်ကြည့်ရာတွင်လည်း ဘာမျှမတွေ့ရ။ သန်လျင်သားက သိလိုက်ပေပြီ။

"အေး၊ မင်းစားချင်ရင် ငါကျွေးမယ်။ ဒါပေမယ့် ငါ့ကို နှစ်လုံးဂဏန်းတော့ ပေးရမယ်နော်"

ဟုဆိုကာ ခေါက်ဆွဲထက်ဝက်ကို ခွဲ၍ချကျွေးခဲ့သည်။

ထိုညတွင် သူလိုချင်နေသော နှစ်လုံးဂဏန်းကို သူ့အား အိပ်မက်လာပေးသည်ဟု ဆို၏။ ထိုဂဏန်းအတိုင်း ကံစမ်းလိုက်ရာ ကွက်တိဝင်သွားတော့သည်။ ထိုမှစ၍ "သရဲဂဏန်း" ဟု ပြောစမှတ်တွင်ခဲ့လေသည်။

အလားတူပင်၊ သန်လျင်မြို့၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဗိုလ်ချုပ်ရွာ ဇာတ်လမ်းကလည်း ရှိခဲ့သည်။ ဗိုလ်ချုပ်ရွာအဝင် ကတ္တရာလမ်းလေးမှာ ကုန်းမော့မော့ သစ်ရိပ်ဝါးရိပ်တို့ဖြင့် သာယာလှပေသည်။ ထိုအဝင်လမ်းတွင်လည်း ညအချိန် ခေါက်ဆွဲကြော်၊ ထမင်းကြော် စသည်တို့ကို အထုပ်ဆွဲ၍ ပြန်လာပါက နောက်မှလိုက်၍ ဖင်ကို ဆိတ်တတ်သည်ဟု ဆိုသည်။ ပါလာသည်ကို ချကျွေးလိုက်မှ အေးရတော့သည်။ ထိုရွာအဝင်လမ်းကို "ဖင်ဆိတ်ကုန်း"ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

နောက်တစ်ပုဒ်ကတော့ အတော်ဂမ္ဘီရဆန်နေပါသည်။ ယုံသော်ရှိ၊ မယုံသော်ရှိ ဖော်ပြလိုက်ရပါသည်။

သန်လျင် ကျိုက်ခေါက်ဘုရားလမ်းရှိ သရက်နှစ်ပင်အရပ်တွင် ညအချိန် သရဲအလွန်ခြောက်သည်ဟု နာမည်ကြီးခဲ့သည်။

တစ်နေ့သော် မှောင်ရီပြိုးဖျအချိန်တွင် လူတစ်ယောက်က ဆေးလိပ်ဖွာလျက် အေးအေးလူလူ လမ်းလျှောက်လာခဲ့သည်။ သရက်နှစ်ပင်သို့အရောက်တွင် ရုတ်တရက် လူတစ်ယောက်ပေါ်လာကာ "မီးတစ်တို့လောက်"ဟု မေတ္တာရပ်ခံသည်။ လမ်းလျှောက်လာသူလည်း ၎င်း၏ ဆေးလိပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကမ်းပေးကာ ထိုလူ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်မိသည်။ သူ့မျက်နှာမှာ အိုးမဲများ သုတ်ထားဘိသို့ မည်းမှောင်နေသည်။

"ခင်ဗျားမျက်နှာ ဘာတွေ ပေနေတာလဲ"ဟု မေးလိုက်ရာ ထိုသူ ပြန်လည်ဖြေကြားချက်ကို ကြားရသောအခါ မိမိ၏ ဆေးလိပ်တိုကိုပင် ပြန်မယူတော့ဘဲ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့လေတော့သည်။ ဆေးလိပ်မီးတောင်းသူ၏ အဖြေကား "ကျုပ်ကို ဒီနေ့လယ်ကပဲ မီးသင်္ဂြိုဟ်ခဲ့တာလေ"တဲ့။

◈◈◈

နောက်ဆုံး ဇာတ်လမ်းတစ်ပုဒ်ကတော့ စာရေးသူ၏ ကိုယ်တွေ့ဟု ဆိုနိုင်ပါသည်။ ၁၉၉၀ ပြည့်နှစ်က စာရေးသူ အနေဖြင့် သန်လျင်ကို ဓာတ်ကျကာ မြေကွက်ဝယ်ရန် လိုက်လံကြည့်ရှုခဲ့သည်။ နောက်ဆုံးတွင် သောက်တော်တွင်း ရပ်ကွက်၊ ဘုရားလမ်းမကြီးအတွင်းပိုင်းရှိ (ယခု ဂျပန်-မြန်မာ ဘီယာဆိုင်နှင့် ချမ်းမြေ့မေတ္တာအထူးကုဆေးခန်းကြားလောက်ရှိ) ပေ(၇၀×၇၀)မြေကွက်ကို (၁.၄၅)သိန်းဖြင့် ဝယ်ယူခဲ့သည်။ ထိုစဉ်က စာရေးသူမှာ ဝန်ထမ်းဘဝတွင်ပင် ရှိရာ ရန်ကုန်-မနော်ဟရီလမ်းရှိ အရာထမ်းအိမ်ရာတွင် နေထိုင်လျက် ရှိသေးသည်။

သို့နှင့် ထိုမြေကွက်တွင် တဲလေးတစ်လုံးဆောက်ကာ တပည့်ငယ်တစ်ဦးနှင့် မိသားစုကို အစောင့်သဘောဖြင့် နေထိုင်ခွင့် ပြုထားခဲ့ပါသည်။ မကြာပါချေ။ ဂမ္ဘီရဇာတ်လမ်းကို ကြားရပါတော့သည်။

ညနေစောင်းအချိန်များတွင် ခြံစည်းရိုးတစ်လျှောက်၌ ဖြူဖြူအလုံးကြီး ရွေ့လျားနေသည်ကို မကြာခဏ မြင်တွေ့ရသည်ဟု ဆို၏။ တပည့်လေး၏ ဇနီးမှာ ခြင်ထောင်တွင် အိပ်နေခိုက် ခေါင်းရင်းမှ ရေဖြင့် ပက်လောင်းခဲ့ရာ ဆံပင်များ ရွှဲရွှဲစိုသွားခဲ့သည်။ သို့သော် ခြင်ထောင်ကား မစို။ သို့နှင့် သယ်န်းကျွန်းမှ နာမည်ကျော် အကြားအမြင်ဆရာမ တစ်ဦးထံ မြေပုံစံကို ပြ၍ မေးရာ၊ ထိုနေရာမှာ ကျတ်ကုန်းကြီးဖြစ်၍ ကျတ်များ ရှိကြောင်း၊ မိမိအနေဖြင့် နှင်ရန် မစွမ်းသာကြောင်း ပြောပါသည်။

ထိုအခိုက်မှာပင် ဆိပ်ကမ်းမှ မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိရာ တောင်ငူ မြတ်စောညီနောင် ဆရာတော်ဘုရားကြီးသည် ထိုကိစ္စမျိုးတွင် စွမ်းကြောင်း။ မိမိလျှောက်ထား အကူအညီတောင်းပေးမည်ဟု ဆိုသဖြင့် မြေပုံစံ မိတ္တူကို ပေးလိုက်ပါသည်။

ထိုအချိန်မှာ ဆရာတော်ဘုရားကြီးက ပြင်ဦးလွင်မြို့ရှိ နွေရာသီ စံကျောင်းတွင် ခေတ္တ သီတင်းသုံးနေခိုက်ဖြစ်သည်။ ဆရာတော်ဘုရားကြီးက မြေပုံစံစာရွက်ကို ကိုင်ကြည့်လျက် မြေနေရာမှာ ကျတ်ကုန်းကြီးဖြစ်ကြောင်း၊ နှင်လိုက နှင်ပေးမည်ဖြစ်ကြောင်း၊ သို့မဟုတ် ပြန်လည်ရောင်းချရန်လည်း မိန့်ကြားပါသည်။ စာရေးသူလည်း လောလောဆယ် မြေသန့်သွားစေလိုသဖြင့် နှင်ရန်သာဆုံးဖြတ်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ အစီအမံဖြင့် စာရေးသူသည် ကြာသပတေးနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန်မှ သန်လျင်သို့ သီတာသဘော်ကြီးဖြင့် ကူးလာခဲ့ပါသည်။ (ထိုစဉ်က သန်လျင်တံတားမှာ သုံးလေးခန်းမျှသာ ပြီးပါသေးသည်။) ထို့နောက် စာရေးသူ၏ မြေကွက်သို့ ရောက်သောအခါ ဆရာတော်ဘုရားကြီး ချီးမြှင့်လိုက်သည့် ဆေးဖယောင်းတိုင်ကို ပန်းကန်တွင် ထည့်ထားသော ဆန်ပေါ်၌ စိုက်ကာ ဘုရားစင်တွင် မီးပူဇော်လိုက်သည်။ ထို့အပြင် အင်းချထားသော စာရွက်ငယ်ကို ထိုပန်းကန်အတွင်း မီးရှို့ပြာချလျက် ပြာများကို ဆန်နှင့် ရောသမမွှေပြီး ခြံစည်းရိုးတစ်လျှောက် လိုက်လံ ပက်ဖျန်းပါသည်။ နှုတ်မှလည်း မဆိုင်သူများ ဖယ်ရှားကြကုန်ရန် မေတ္တာရပ်ခံ၍ ထွက်ခွာသွားစေခဲ့ပါသည်။ ခဲလုံးလေးများကိုလည်း ခြံ၏ ထောင့်လေးထောင့်တွင် တွင်းတူး၍ မြှုပ်နှံလိုက်ပြီး ဆရာတော်ဘုရားကြီး ချီးမြှင့်လိုက်သော အင်းလက်ဖွဲ့ကို ကြာသပတေးထောင့်ရှိ သစ်ပင်တွင် ချိတ်ဆွဲကာ အမျှပေးဝေလိုက်ပါသည်။

ထိုသို့ပြုလုပ်ပြီး တစ်ပတ်ခန့်အကြာတွင် တပည့်လေးထံမှ သတင်းထူးကြားရသည်။

နေဝင်ရီတရောအချိန်များတွင် ဘာမျှ မမြင်တွေ့တော့ဘဲ၊ ၎င်းတို့၏ အိမ်သို့ အလည်လာသော ဆွေမျိုးမိန်းကလေးငယ်ကို တစ်နေ့တွင် ဝင်ပူးကာ...

"ငါတို့က နင်တို့ကို ဒုက္ခမပေးဘူး။ နင်တို့က ငါတို့နေမရအောင် နှင်လွှတ်တယ်"

ဟု-ပြောသည် ဆို၏။

စာရေးသူလည်း ထိုမြေကွက်တွင် နေထိုင်ရန် လမ်းသဖြင့် ၁၉၉၈ ခုနှစ်ခန့်တွင် ပြန်လည်ရောင်းချခဲ့ရာ (၁၀) သိန်းရခဲ့ပါသည်။ ထိုအမြတ်ငွေဖြင့် VIP ရပ်ကွက်ဟု လူသိများသော "ရုံးတော်ကွက်"တွင် ပေ (၅၅×၈၀)မြေကွက်ကို (၉.၅)သိန်းဖြင့် ဝယ်ကာ တိုက်ဆောက်လျက် (ထိုစဉ်က အုတ်တစ်ချပ်လျှင် နှစ်ကျပ်၊ ဘိလပ်မြေတစ်အိတ်လျှင် ၇၅၀ ကျပ်သာ ပေးရသည်။) ယနေ့တိုင် နေထိုင်လျက် ရှိပါကြောင်း ■


* * *

နှန်ဝင်းဆော်



www.burmeseclassic.com

www.burmeseclassic.com



# သာပေါင်းမြို့ဦး ထွန်စက်ကုန်းမြေမှ ဇမ္ဗူဒီပါမြို့ဦးစေတီတော်သို့ ရောက်ခဲ့စဉ်

မြဝဏ္ဏဝေ (ကျုံ့မငေး)




www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံသည် သာသနာရောင်ဝါ နေလပမာ ထွန်းလင်းဖြာသော ဗုဒ္ဓဘုရားရှင်၏ အမွေခံကောင်း စေတီ၊ ဘုရား၊ ရုပ်ပွား၊ ဆင်းတုများဖြင့် အလွန်တင့်တယ်သော အေးချမ်းသာသာသည့် ထေရဝါဒနိုင်ငံတော်ဖြစ်ပါသည်။

ဘိုးစဉ်ဘောင်ဆက် ခေတ်အဆက်ဆက် မင်းနှင့်ပြည်သူ စိတ်တူညီစွာ တည်ထား ကိုးကွယ်ခဲ့ပြီးသော ရှေးဟောင်းသမိုင်းဝင် စေတီဘုရားများနှင့် သဒ္ဓါစိတ်ဖြူစွာ စေတနာအားဖြင့် တည်နေဆဲ၊ တည်ထားပြီး၊ ယနေ့ယခု ဟူသော ကာလများဆီမှ အသစ်တည်ထား ဘုရားများဖြင့်



သာသနာကြွယ်သော နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပါသည်။

စာရေးသူအနေဖြင့် ဘုရားဖူးခရီးများမှ အပြန် ရေးသားခဲ့မိသော စေတီဘုရားများအတွက် ဂုဏ်တက်စွာ ကြည်နူးခဲ့ရသောစိတ်သည်လည်း အခါခါဖြစ်နေရပါသည်။ ဆက်လက်ရေးသားရမည့် စေတီဘုရားများလည်း ရှိနေပါသေးသည်။ ကိုယ်တိုင်ရောက်ရှိ ဖူးတွေ့ခဲ့ရသော ရှေးဟောင်းအမွေအနှစ် သမိုင်းဝင် ဘုရားများကို အဆင်ပြေစွာ ရေးသားနိုင်ခဲ့သော်လည်း၊ အသစ်တည်ထား စေတီဘုရားများကိုမူ ရေးသားရန် အခက်အခဲရှိပါသည်။ သို့သော်လည်း အနီးစပ်ဆုံး စေတီတည်ထား ခုနှစ်များနှင့် ကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမများကို အမှူးထား၍သာ ရေးသားခဲ့ရပါသည်။

ယခုနှစ် ရောက်ခဲ့ရသော ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့မှ "မြို့ဦးစေတီ" ဟု အမည်ရသော သာသနိက မြေထူးတွင် တည်ရှိ ကိန်းဝပ်နေသည့် စေတီဘုရားသို့ လွန်ခဲ့သော ၂နှစ်ခန့်က တစ်ခေါက်နှင့် ယခုတစ်ခေါက်ပေါင်း နှစ်ခေါက်ရောက်မှ ပြည့်စုံသင့်သလောက် ပြည့်စုံစွာ သိ သော မှတ်သားမှုဖြင့် ရေးသားပူဇော် ဖော်ပြအပ်ပါသည်။


သာပေါင်းမြို့သည် ရောဝတီတိုင်းဒေသကြီး၏ မြို့နယ် တစ်မြို့နယ်ဖြစ်ပါသည်။ မြို့ဦးမြို့ထိပ်တွင် ကုန်းမို့မို့မြေပြ ၌ အသစ်တည် ဘုရားတစ်ဆူမှာ "ဓမ္မဒီပါစေတီတော်" ဟု ဘွဲ့မည်ရပါသည်။ ဝေန်မြစ်ကို မျက်နှာမူနေသော သာ မြို့တွင် ဤကဲ့သို့ ကုန်းမြေမြင့်မြင့်ရှိသည်မှာ အလွန် သည်။ မြို့ဦးအဝင်မှာ ကုန်းမြေတစ်ခု၊ မြို့အစွန် အ အရပ်မှာ ကုန်းတစ်ခုရှိနေပြီး၊ ဓမ္မဒီပါစေတီ၏ အ အရပ် ကုန်းမြေမြင့်မှာ ရှေးဟောင်းသမိုင်းဝင် "တော တောင်စေတီ" ဟူသော 'သာသနိက နယ်မြေနှစ်ခု "သာပေါင်းမြို့" ဖြစ်ပါသည်။


ဓမ္မဒီပါစေတီတည်ရာ ကုန်းမြေကို ဒေသ "ထွန်စက်ကုန်း" ဟု ခေါ်ကြပါသည်။ စေတီတည် ဒါ



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com


မှာ ဗမာနှင့် တရုတ်လူမျိုး နှစ်မျိုးစပ်သော ဗုဒ္ဓဘာသာကို အလွန်ရိုသေကိုင်းညွတ်ကာ၊ ဘာသာရေးသမားဟု အများက လေးစားသည့် "ဦးချိုလေး"မိသားစုဖြစ်ပါသည်။ သို့ပါ၍ ဒေသခံများက "ကိုချိုလေး ဘုရား"ဟုလည်း အလွယ်တကူ ခေါ်နေကြပါသည်။

ဘုရားတည်မြေအကျယ်မှာ တစ်ဧကခန့်သာ ဖြစ်သော်လည်း အဝန်းအဝိုင်းထဲ၌ စေတီ၊ ဘုရား၊ ရုပ်ပွား၊ ဆင်းတုကျောင်း၊ ဇရပ်၊ ဓမ္မာရုံများ၊ ဇာတ်နိပါတ်လာ ပုံပြရုပ်တုများ၊ မင်္ဂလာလာဘ်ခေါ် ရုပ်များနှင့် တင့်တယ်လှပါသည်။ ဤသာသနိက နယ်မြေဖြစ်ပေါ်လာမှုကို မေးမြန်းစုံစမ်းမိသမျှ ရေးသားအပ်ပါသည်။

တို့တွင် စတင်၍ တည်ခဲ့ကြပါသည်။

စေတီတော်နှင့်အတူ ရှိအပ်သော ရုပ်ပွားဆင်းတု ကျောင်း၊ ဇရပ် စုံနိုင်အောင် တည်ဆောက်နေစဉ် ဤမြေ မြတ်တွင် ပဋ္ဌာန်းဆက်ရှိသူ အဘ အောင်မင်းရှင်ကလည်း နေ့ညမပြတ် လမ်းညွှန် ကူညီခဲ့ပါသည်။ စေတနာအား လူအား၊ ပဋ္ဌာန်းဆက်အားများဖြင့် သက္ကရာဇ် ၂၀၀၈ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၇၀ ခုနှစ်တွင် စခဲ့သော ဘုရားတည် သည် အလွန်အဆင်ပြေလှပါသည်။

တောင်ညိုတောင်တွင် မွမ်းမံတည်ထားခဲ့သော စေတီ တည် ပန်းရံဆရာ ဦးသန်းဇော်မှ ဦးစီး၍ စေတီတော်၏ အချိုးအစားကျနမှုကို တလေးတစား စေတနာထား၍ တည်



ဘုရားဒါယကာ ဦးချိုလေး (ခေါ်) ဦးသိန်းဝင်းသည် ဘာသာရေးကို လိုက်စားသူဖြစ်၍ မြို့တိုင်း၌ ရှိလေ့ရှိထဖြစ်သည့် စေတီတစ်ဆူကို တည်ထားနိုင်ရန် ဆန္ဒရှိနေခဲ့သဖြင့် ယခု ထွန်စက်ကုန်း၊ ရေးအခေါ် ဝန်ထောက်ကြီးကုန်း၏ ပိုင်ရှင် ဦးကြည်ထံမှ ဝယ်ယူခဲ့၏။ မိတ်ဆွေ ဦးလှဦး (ဦးစီးမှူး၊ မြေစာရင်းဌာန-ငြိမ်း)နှင့် ဦးကံထူး(တပ်မတော်အငြိမ်းစား) တို့နှင့် တိုင်ပင်ကာ ကိုယ်တိုင် ဦးစီး၍ ဘုရားတည်မည့် အတ်ကို ဖုတ်ခဲ့ပါသည်။ ဘုရားတည်ရန် အသင့်ဖြစ်ချိန်မှာ သက္ကရာဇ် ၂၀၀၈ ခုနှစ်ဖြစ်၍၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ခုနှစ်

ခဲ့ပါသည်။ စေတီတည်နေဆဲအချိန်၌ သာသနာပြု ပုဂ္ဂိုလ် အဘ အောင်မင်းရှင်၏ တပည့်သား သူတော်စင်များ စေတီမြေသားနှင့် ဆက်စပ်သော မြေကို ဝယ်ကာ လှူ ခဲ့သဖြင့် ပိုမိုပြည့်စုံသော သာသနိက,ကုန်းမြေဖြစ်ခဲ့ သည်။

စေတီတော်ကြီးကိုလည်း စေတီရန်များနှင့် ဝန်း "ဓမ္မဒီပါစေတီ"ဟု ဘွဲ့မည်တွင်ကာ၊ သက္ကရာဇ် ၁၃၇၁ တွင် တပို့တွဲလပြည့်နေ့တွင် အနေကဇာတင် မင်္ဂလာ ပါသည်။ ထိုနှစ် တပေါင်းလကွယ်၊ တနင်္ဂနွေနေ့(၁၄-



www.burmeseclassic.com

www.burmeseclassic.com


၂၁၀)နေ့ နံနက်အရုဏ်ဦးအချိန်၌ ရွှေထီးတော်တင် မင်္ဂလာ အခမ်းအနားကျင်းပခဲ့ပါသည်။ နှစ်စဉ် ဘုရားပွဲတော်ကို သာပေါင်းလပြည့်နေ့တွင် စည်ကားစွာ ကျင်းပနေပါသည်။


"သာပေါင်းရောက်လျှင် တောင်ညိုရောက်မှ ခရီးပေါက် ပါ ဟူသော ဒေသစကားရှိသဖြင့် စာရေးသူ ကျွန်မ မြို့ဦး ဘုရားဖူးအပြီး နောက်တစ်ရက်မှာ တောင်ညိုတောင်သို့ ဘုရား ဖူးပါဦးမည်။ သာသနာပွင့်လန်းသော သာပေါင်းမြို့မှ စေတီ ဘုရားများ ဖူးခဲ့ရသော ကျွန်မအဖို့ ဒေသခံများ၏ ကျေးဇူးကို အပြန်စွာဖြင့် ဆက်လက်၍ ရေးသား ပူဇော်ပါဦးမည်ဟု ကျေးဇူးစကားဆိုအပ်ပါသည်။

(ကျေးဇူးစကား။ ။ လိုက်ပါပို့ဆောင်ပေးကြသော သာပေါင်းမြို့မှ စာရေးလေး ကိုထွန်းလှိုင်ဝင်း၊ တူမလေး မစန်းမျိုးခိုင်၊ သာပေါင်းမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းမှ ကိုကြီး စော(သာပေါင်း)နှင့် စာပေမိတ်ဆွေများအား ကျေးဇူးအထူး တင်ပါသည်။)

* * *

မြမဒုံစေ(ကျုံမဆေး)







www.burmeseclassic.com

www.burmeseclassic.com

# ကမြင်းမနီ ပျောက်ပါသည်

## ကန့်ဘလူ ကံတင်အောင်

"ကမြင်းမနီ"ဆိုသည် အနီရောင်ရှိ ပိုးကောင်တစ်မျိုး ဖြစ်သည်။ နှမ်းစေ့တစ်စေ့ ၁၀ခါစိတ်ပါက တစ်စိတ်ခန့်သာ ရှိပါသည်။ အသေးဆုံး ပိုးမွှားတစ်မျိုးဟုပင် ဆိုနိုင်ပါသည်။

"ကမြင်းမနီ"ရှိနေတတ်သည့် နေရာသစ် မြက်ပင်များနှင့် သစ်ပင်များတွင် ဖြစ်ပါသည်။ မိုးရာသီမှ ဆောင်းရာသီ ကူးပြောင်းတော့မည့် အချိန်ကာလတွင် ကမြင်းမနီများ ပေါ များတတ်ပါသည်။

ကမြင်းမနီတို့သည် လယ်ယာခွင် လုပ်ကိုင်ကြသူများ၊ သစ်ပင် သစ်ရွက်များကြား သွားလာနေထိုင် အိပ်စက် ထိတွေ့သူများအား တွယ်ကပ်နေလေ့ရှိပါသည်။ ကမြင်းမနီ တွယ်ကပ်ပြီဆိုလျှင် လူတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်း မည်သည့်နေရာတွင်မဆို လူတို့၏ အသားထဲ တိုးဝင်၍ အထိမခံနိုင်လောက်အောင် နာကျင်စွာ ခံစားရပါသည်။

ကမြင်းမနီတို့မှာ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းထဲ တိုးဝင် တွယ်ကပ်ရင်း သေရသည်ဟု ဆိုပါသည်။ အသေခံပြီး တွယ်ကပ်တိုးဝင်ကြပါသည်။

ကမြင်းမနီရှိသည့် နေရာကို ကြည့်လိုပါက မမြင်နိုင်ပေ။ အသေအချာ စူးစူးစိုက်စိုက်ကြည့်မှသာ နီနီရဲရဲ သေးသေးမွှားမွှားကလေးသာ တွေ့ရပါသည်။ အကောင်းသေးသလောက် တွယ်ကပ်တိုးဝင်ခံရပြီဆိုလျှင် လွန်စွာမှ နာကျင်လှပေသည်။

ကျွန်တော့်သူငယ်ချင်း မောင်ဦးလင်းမှာကား လယ်တော ယာတောထဲမှာ သစ်ပင်များစွာအောက်၊ မြက်ခင်းများစွာတို့အပေါ်မှာ နေထိုင်လုပ်ကိုင်နေရ၍ ကမြင်းမနီများ တွယ်ကပ်တိုးဝင်ခံစားနေရကြောင်း ဆိုပါသည်။

သူ၏ ခန္ဓာကိုယ်အား အမှတ်တမဲ့သွား၍ ထိမိလျှင် မခံမရပ်နိုင်ဖြစ်ကာ အလန့်တကြားအော်ပါသည်။ ဤအတိ ခံစားနေရသည်ကို ကြည့်ကာ ကျွန်တော့်မှာ စိတ်မချမ်းသာ ကမြင်းမနီ တွယ်ကပ်နေမှုကို ခွာချရန် အမွေးပါသော မြ (နယား)ဖြင့် ခြစ်ချယူခြင်း ပြုရပါသည်။ ကမြင်းမနီမှာ မြ များတွင် ကျက်စားနေ၍ ကပ်ပါလာတတ်ပါသည်။

မြက်တွင် ကမြင်းမနီ ကပ်ပါလိုက်ခဲ့ပြီဆိုပါက တွ ကပ်ခံရသူမှာ သက်သာသွားရပါသည်။ လူ၏ အသားထဲအ စိမ့်ဝင်ရောက်ရှိနေပါက မြက်(နယား)ဖြင့် ခြစ်ယူခွာချ မရတော့ပေ။

ကျွန်တော်မှ မောင်ဦးလင်းအား ကမြင်းမနီရှိသ နေရာကို ဒဏ်ကျေလိမ်းဆေးလိမ်းပေးကြည့်ပါဟု ကြည့်ရာ မရကြောင်းဆိုပါသည်။ ရွာထဲမှ ဦးပိုင်၏သ ကျွန်တော်၏တပည့် မောင်သိန်းထိုက်ဆိုသူက ကမြင်းမ တွန်းလှန်လိုပါက ကမြင်းမနီ တွယ်ကပ်တိုးဝင်နေသ နေရာအား ဓာတ်ဆီသာ သုတ်လိမ်းပေးပါက ကမြင်း သေပြီး ချက်ချင်းသက်သာကြောင်း ဆိုပါသည်။

မောင်ဦးလင်းလည်း သိလျှင် သိချင်း ဆိုင်ကယ်ထဲ ဓာတ်ဆီကို အသုံးပြု၍ ကမြင်းမနီတွယ်ကပ်တိုးဝင်နေသ နေရာများပေါ်တွင် သုတ်လိမ်းကြည့်လိုက်ပါသည်။

အံ့ဩစရာပင်ကောင်းလောက်အောင် ကမြင်းမနီ ၏ ရန်ကို တော်လှန်နိုင်ခဲ့ရတော့သည်။ ကမြင်းမနီများ တွ ကပ်တိုးဝင် ခံစားရဖူးပါက ဓာတ်ဆီကိုသာ သုံးကြည့် ရန် စေတနာမှန်ဖြင့်…□

* * *

ကန့်ဘလူ ကံတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# နေ့စေး

## စာပေမှ

### သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် ...င်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ...ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား ...နေ့စေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ...သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း ...တ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ...ဘာစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ ...နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

...ခိုင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

...ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

...ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊
တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

...ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၀၆၄

www.burmeseclassic.com

www.burmeseclassic.com

"[illegible]×××မေးတာက×××
[illegible] ရွှေတာ ××× သာသနာ
[illegible]×××ကောင်းခြင်း×××ခချိန်
ခါ×××"

မင်္ဂလာတေးသီချင်းသံက သပြေစမ်းရွာတစ်ရွာလုံး လွှမ်းခြုံသွားအောင် အသံချဲ့စက် လေးလုံးကို မန်ကျည်းပင်အမြင့်မှ အရပ်လေးမျက်နှာတက် လှည့်၍ ဖွင့်ထားသည်။ ဒါကြောင့်လည်း သပြေစမ်းရွာတင်မက၊ အနီးပတ်ဝန်းကျင်ရွာများကပါ ကြားကြသည်မို့ အလှမ်းဝေး၍ ဖိတ်စာမပေးမိသည့် ရပ်ဝေး အသိမိတ်ဆွေများပင် လာကြသောကြောင့် "သစ္စာဝါ"၏ မင်္ဂလာ



# ဝေး(ရေဝတီ)

# လူတွေ ပြောတဲ့ သံယောဇဉ်

ဆောင်မှာ လူစည်းကား[illegible]
မင်္ဂလာဆောင်လာ မိတ်ဆွေ[illegible]
ဖိတ်ထားသည်ထက် ပိုနေတာ [illegible]
ဦးချစ်ဦး၊ ဒေါ်အမာတို့၏ လူ[illegible]
တတ်မှုကြောင့်လည်း ဖြစ်မည်[illegible]


ပန်းနုရောင် မင်္ဂလာ[illegible]
က ထည်ထည်ဝါဝါ။ [illegible]ရောင်စုံ [illegible]
လေးများ အစီအရီနှင့် အခ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်ထားပုံက လှပလွန်းပါသည်။ မင်္ဂလာပွဲလာ ဧည့်ပရိသတ်များကလည်း သူ့ထက်ငါ အလှချင်းပြိုင်၊ ဂုဏ်ချင်းပြိုင် လို့ရယ်။ ဒီပွဲမှာ ပန်းနုရောင် မင်္ဂလာဝတ်စုံလေး ဝတ်ထားသော သတို့သမီးလေး သစ္စာဝါ၏ အလှက ပရိသတ်အလယ်မှာ အပေါ်လွင်ဆုံးရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အရောင်တွေ ဆေးနေသော သစ္စာ
ဝါ၏ မျက်နှာချောချောလေးမှာ အပြုံး
ချိုချိုလေးများနှင့် သတို့သားလေး နေ
မင်းထက်လက်ကို ချိတ်ဆွဲ၍ ညှော့ခံ
နေပုံမှာ ဖျတ်လတ် တက်ကြွလွန်းနေ
သည်။ ချစ်သူနှင့် လက်ထပ်ရ၍ သစ္စာ
ဝါ ပျော်နေပုံ မြင်ရ၍ "ခရေဝါ"လည်း
ကျေနပ်လှပါသည်။

ဦးချစ်ဦးတို့ ဇနီးမောင်နှံက
လိုက်လှဲသော အပြုံးတွေ ဝေဆာလို့။
နေမင်းထက်ကလည်း သစ္စာဝါကို
အရိပ်တကြည့်ကြည့်နှင့် ကြင်နာရှာသူ
မို့ ညီမငယ်အတွက် စိတ်အေးရပြီဖြစ်
၍ ခရေဝါလည်း စိတ်ချမ်းမြေ့ရပါသည်။
အရွယ်တူ၊ အချစ်တူ၊ ဥစ္စာနေပါ ထပ်
တူမို့ မင်္ဂလာပွဲလာ ပရိသတ်များ အား
ကျစရာ။ ရွှေချင်းထပ်တော့ မြတ်သတဲ့။
ချီးမွမ်းစကားတွေ တဝေဝေ။

ညှော့သည်များလွန်း၍ ဖေဖေ၊
မေမေနှင့်အတူ ခရေဝါလည်း ညှော့ခံ
ပေးနေရသည်။ စကားဝါရောင် ဝတ်စုံ
လေးဖြင့် ခရေဝါလည်း လှနေပါသည်။
လူအများကြား ခေါင်းထဲ ရီဝေဝေဖြစ်
လာ၍ မဏ္ဍပ်နှင့် မနီးမဝေး ညမွှေးပန်း
ရုံလေးအောက်က ထိုင်ခုံလေးမှာ
ခေတ္တ အနားယူထိုင်နေမိစဉ် ချစ်ညီမ
လေးကို နှမြောသည့်စိတ်က ဝင်လာ
သေးသည်။ အမြွှာညီအစ်မမို့ တစ်ဦး
နှင့် တစ်ဦး အသက်လောက် ချစ်ကြ
သည်။

ခရေဝါက သစ္စာဝါထက် ၅မိနစ်
ကြီးသည့် အစ်မ။ ဒါကြောင့်လည်း
အကြီးစိတ်ကလေး ထားရသည်။ ညီမ
ငယ် လျှောက်သောလမ်းမှာ သာယာ
ဖြောင့်ဖြူးစေချင်သည်။ အပေါင်းအသင်း
တွေက စ,ကြသည်။

"ခရေဝါ…ကားကလေး တက်
မယ်၊ လမ်းဖယ်"

"အပျိုကြီး…အပျိုကြီး"

ဘယ်လိုပင် စ,ကြ နောက်ကြ
ပါစေ၊ ခရေဝါ အပြုံးမပျက်ခဲ့ပါ။ ဖေဖေ၊
မေမေတို့၏ မေတ္တာရိပ်က သူ့အတွက်
အေးချမ်းလှပြီဖြစ်သည်။ တစ်ထောင့်
ငါးရာအချစ်သည် အရေအတွက်များ
သော်လည်း ကိလေသာအချစ်မီးမို့
ပူလောင်မှုရှိမှန်း သိ၏။ အရွယ်ရောက်
သူမို့ အချစ်နှင့် ကြုံတွေ့ဖူးခဲ့တာ
အကြိမ်ကြိမ်။ လှုပ်ရှားလာမည့် နှလုံး
သားကို အသိတရားနှင့် တားခဲ့တာ
အပူမရှာချင်၍ပါ။ အိမ်ထောင်ရေးကို
စိတ်မဝင်စားပါ။ ညီမလေးနှင့် သူ အမြွှာ
ပေမယ့် စိတ်ချင်း မတူပါ။ ခရေဝါက
အေးအေးလေးနှင့် တည်ငြိမ်သလောက်၊
သစ္စာဝါက သွက်သွက်လက်လက်နဲ့
ဘဝကို စူးစမ်းချင်သည်။ အချစ်ကို
လက်တည့်စမ်းချင်သည်။ နှလုံးသားကို
အခြေပြု၊ ချစ်ခြင်းကို ကိုးကွယ်ပြီး
ဘဝတစ်ခုကို တည်ဆောက်ခဲ့ပေပြီ။

"ဂလုံ…ဂလွမ်"

"ဟဲ့…ဟဲ့…ဒီဝက်၊ အမလေး
တော့…လုပ်ကြပါဦး"

"ဟာ…ဒီဝက်၊ ရှူး…ရှူး"

ချက်ပြုတ်ရေးတာဝန်ခံ အမျိုး
သမီးခေါင်းဆောင် မစန်းရီတို့ဘက်ဆီ
မှ အိုးသံ၊ ပန်းကန်သံ၊ တိုးတိုက်သံ၊
အော်ဟစ်သံများကြောင့် ခရေဝါ
အတွေးလွန်နေရာမှ သတိဝင်လာပြီး
လှမ်းကြည့်လိုက်တော့ ဖြူလုံး။ ဝက်မ
ဖြူလုံးက သူ့ကိုယ်ကြီးနှင့် ပြေးရင်း
လွှားရင်း မင်္ဂလာအခမ်းအနားထဲ
ရောက်လာသည်။ လူတွေ လန့်ကုန်
သည်။

"ဟာ…ဒီဝက်၊ ဘယ်လိုဖြစ်
တာတုန်း။ အိမ်က လူတွေ ဖမ်းကြစမ်း
ပါဦး"

သတို့သမီး၏ ဖခင်က လှမ်း
အော်သည်။ ဝက်ဖမ်းမည့်သူများ…
ဝရုန်းသုန်းကား လိုက်သဖြင့် ဝက်…
ဖြူလုံးက လမ်းမဘက် စွတ်ပြေးသွာ…
သည်။ ဖြူလုံး လွတ်ပါက ဖမ်း…
မလွယ်။ သူ့သခင်မ သစ္စာဝါမှ လွဲ…
မည်သူ့မှ အကောင်မခံ။ သူ့သခင်မှာလည်…
မင်္ဂလာသတို့သမီးဖြစ်နေ၍ ဖြူလုံးအာ…
ဖမ်းဖို့ မဖြစ်နိုင်။ ထိုအဖြစ်ကို ငေးရင်…
ခရေဝါ၏ စိတ်အစဉ်က ညီမလေ…
သစ္စာဝါနှင့် သူ့အချစ်တော် ဝက်မလေ…
ဖြူလုံးတို့အကြောင်းဆီ တွေးမိပြ…
သည်။

◈◈◈

"ဖြူလုံး"ဆိုသည်က ခရေဝါ…
ဝက်ခြံမှ ဝက်မလေးတစ်ကောင်…
ဖေဖေ ဦးချစ်ဦးနှင့် မေမေ ဒေါ်အ…
ဆိုလျှင် သပြေစမ်းတစ်ရွာလုံးက "ဝ…
သူဌေး"ဟု ခေါ်ရလောက်အောင် စီးပွာ…
ဖြစ် မွေးကြသူတွေပါ။ လယ်ယာ…
လုပ်ငန်းကို လုပ်ကိုင်ပေမယ့် အကျ…
မပေး။ ရေကြီး၊ မိုးခေါင်၊ ပိုးမွှားဖျက်…
မို့ လယ်ယာအလုပ် အနည်းအကျ…
သာ လုပ်တော့သည်။

မွေးမြူရေးကို အဓိကထား လု…
သည်။ ကြက်၊ ဘဲ၊ ဝက် မွေးသည်…
ဝက်မွေးခြင်းက အကျိုးပေးလွန်းသည်…
သူတစ်ပါးထံမှ ကြုံလိုသော ဝက်သ…
ပင် သူတို့ခြံရောက်လျှင် အကြီး…
သည်။ ဝက်မွေးခြင်းဖြင့် စီးပွားဖြစ်သည်…
ဇနီးမောင်နှံနှစ်ယောက်လုံးက လူမှု…
လည်း ရှိ၊ စိတ်သဘောထားလည်…
ကောင်းမို့ သာရေး နာရေးတွင် ရှေ…
အားထားရသော ကြွယ်ဝသူစာ…
ဝင်လာသည်။

ခရေဝါနှင့် သစ္စာဝါ ဟူသော…
အမြွှာသမီးလေး နှစ်ယောက်ကြော…
လည်း ရွှေလမ်းငွေလမ်းဖောက်…
တွေ ရှိသည်။ သမီးနှစ်ယောက်ငယ်…





www.burmeseclassic.com

www.burmeseclassic.com

အပင် ဝက်မွေးခြင်းဖြင့် စီးပွားတက်လာရာ ယခု အသက် ၂၀ အရွယ်ရောက်ချိန်မှာ စီးပွားရေးပြည့်စုံနေပြီဖြစ်သည်။ ဝက်မွေးမြူရေးကို လက်လွှတ်ချင်သေး။ သားဖောက်၍လည်းကောင်းသည်။

နှစ်ဖက်မိဘတွေက ဘာသာရေးသမားများမို့ အကုသိုလ်အလုပ်ဖြစ်၍ သိပ်မနှစ်မြို့။ ဒီအလုပ်ကို ရပ်စေချင်၏။ အိမ်စီးပွားရေးအနေဖြင့် တိရစ္ဆာန်မွေးခြင်းကို အားလည်း မပေး၊ စိတ်လည်းဝင်စားသူမှာ ခရေဝါ ဖြစ်သည်။

ပင်ကိုယ်က စကားနည်းပြီးအနေအေးသည်။ ဘုရားတရားမြဲသည်။ အတိုးအဘွားများနှင့် အနေများပြီးဥပုသ်သီလစောင့်ခြင်း၊ တရားစခန်းဝင်ခြင်းတို့ကို စိတ်ထက်သန်သည်။ ဘယ်အရာကိုမဆို တရားသဘောနှင့် တွေးသော ဆင်ခြင်တတ်သည်။

ညီအစ်မနှစ်ဦးစလုံး ဆယ်တန်းအောင်ပြီး စာပေးစာယူဖြင့် အဝေးသင်တက်နေကြသူများဖြစ်သည်။ ခေတ်မီသွက်လက်သော စရိုက်ရှိသူ သစ္စာဝါက စီးပွားဖြစ်သော ဝက်မွေးခြင်းကိုအားပေးသည်။ သူတို့ ဝက်ခြံတွင် ဝက်မကြီး မိတိုးမှ သား (၁၀)ကောင်ပေါက်သည်။ အထီး ၉ကောင်၊ အမတစ်ကောင်ဖြစ်သည်။

"ကိုချစ်ဦးရေ… ဝက်ထီး သုံးကောင်ယူမှာနော်၊ အလျားရှည်ရှည်ကောင် ပါပစေနော်"

"အမာရေ… ဝက်ထီး နှစ်ကောင်၊ အစားကောင်းတဲ့ အကောင်ချန်နော်"

"ဝက်မချောချောလေး ချန်ပါဆော့"

ထိုသို့ ဝက်မှာသူတွေက မနည်းပါ။ အကောင်အားလုံးလည်း ချောပါသည်။ ထိုအထဲ ဖြူဖြူလုံးလုံး၊ နှာတံတိုတို၊ အမြီးတုတ်တုတ်လေးနှင့် ဝက်မလေးကို သစ္စာဝါက "ဖြူလုံး" ဟု နာမည်ပေးကာ၊ ချစ်သည်ဆို၍ မရောင်းရ။

"ဖေဖေ… သမီးငယ် ဒီဝက်မလေး မွေးချင်တယ်၊ အပိုင်နော်"

"သမီးငယ်သဘော"

ဖြူလုံးကို အပိုင်ရ၍ သစ္စာဝါပျော်နေပုံကို ကြည့်ပြီး ခရေဝါ ဝမ်းမသာနိုင်ပါ။ သစ္စာဝါက ဝက်မွေးခြင်းဘက်မှာ ကူညီသည်။ ခရေဝါကတော့ လယ်လုပ်ငန်းနှင့် အိမ်တွင်းအလုပ်အပေါ် ကူညီသည်။ တစ်ခါတစ်ရံ မေမေနှင့် ညီမလေး မအား၍ သူ ဝက်စာကျွေးရသည့်အခါ ရှိသည်။ ထိုသို့အစားကျွေးရတိုင်း သတိ သံဝေဂ ရမိသည်။

ဝက်တို့မည်သည် သားစားသတ္တဝါဖြစ်၍ မည်သူကမှ စေတနာသဒ္ဒါတရားဖြင့် အစာကျွေးမည်မထင်။ အစားကောင်းမှ မြန်မြန်ကြီးမည်။ ကြီးမှ အသားထွက်မည်။ တွက်ကိန်းနှင့် မွေးကြခြင်းပါ။ ဝက်တစ်ကောင် ကြီးလာလေ သေဖို့ နီးလေပင်။ အကုသိုလ်အလုပ်မှန်း သိကြပေမယ့် တစ်ဘဝချမ်းသာရေးအတွက်သာ လုပ်နေကြခြင်းဟု တွေးမိသည်။

မိဘများကို မပြောရဲ၍သာ ခရေဝါ ကြည့်နေရခြင်းပါ။ ညီမလေးကတော့ ဘာမှ မဝေဖန်။ ဝက်မြန်မြန်ကြီးအောင် ဂရုတစိုက်ကျွေးသည်။ ဝက်ရောင်းရလျှင် ရွှေလုပ်ဖို့ စိတ်ကူးကြသည်။ မိဘနှစ်ပါးက ညီအစ်မနှစ်ယောက်စလုံးကို ရွှေတွေ ညွှတ်နေအောင် ဆင်ပေမယ့် ခရေဝါ မမက်မောပါ။ ဝက်တို့မည်သည် အသားစား သတ္တဝါပေမယ့် အသက်ရှိသည်ပဲ မဟုတ်လား။

◈◈◈

"မမ…ဟိုနောက်ဖေးမှာ ဘာလုပ်နေတာလဲ၊ လူတွေ တရုန်းရုန်းနဲ့"

စာကြည့်စားပွဲမှာ စာထိုင်ကြည့်နေသော ခရေဝါကို ညီမငယ်က လာမေးနေခြင်းပါ။

"ဝက်ပေါ်မလို့လား မသိဘူးနော်"

ညီမငယ်စကားကြောင့် လှမ်းကြည့်လိုက်တော့ နောက်ဖေး အင်းစောင်း ရေမန်ကျည်းပင်အောက်မှာ ဖေဖေနှင့် ဦးကုလားတို့လူစု တစ်စုံတစ်ခုလုပ်ကိုင်နေကြသည်။

"ဝူး…ဝူး…ဝူး…"

အော်ဟစ်သံနှင့်အတူ ဝက်မလေး ဖြူလုံး ထွက်ပြေးသည်။ ကြိုးတန်းလန်းနှင့်မို့ မလွတ်သောအခါ ကြောက်လန့်စွာ အော်ဟစ်သံက ဆူလို့ရယ်။

"မမရေ…ဖြူလုံးအသံ"

သစ္စာဝါက အိမ်ပေါ်မှ ဆင်းပြေးရင်း…

"ဖေဖေ…ဖြူလုံးကို မသတ်ပါနဲ့။ မေမေရေ…ကယ်ပါဦး၊ ဟင့်… အီး…"

ဖခင်ကို တားရင်း သစ္စာဝါ အော်ငိုသံကြောင့် ခရေဝါလည်း မနေသာဘဲ ကသုတ်ကရက် ဆင်းလာခဲ့ရသည်။

"ဟဲ့…သမီးငယ်၊ နင့်ဝက်ကို သတ်မလို့ မဟုတ်ဘူး။ သားတင်ပေးမလို့။ တကတည်း…ဖြစ်နေလိုက်တာ၊ ဟိုဘဝက အမျိုးတော်ခဲ့သလားမသိဘူး"

ဖေဖေက မကျေမနပ်ပြောသည်။ မသတ်ဘူးဆိုတော့ သစ္စာဝါ အငိုရပ်ည်၊ ခရေဝါက ချော့မော့ခေါ်၍ အိမ်ပေါ်ပါသွားရပေမယ့် နောက်ဆံတငင်ငင်။

"မမ"

"ဘာတုန်း ညီမလေး"

"ဟို ဝက်သိုးကြီးနဲ့ ဖြူလုံးကို ပေးစားဖို့ပေါ့နော်"

ကလေးဆန်သော အပြောကြောင့် ခရေဝါ ပြုံးပြီး...

"သားစပ်တာပေါ့ ညီမလေးရဲ့ ဒါမှ ဝက်မျိုးတွေ ပွားမှာလေ"

"ဟင်...ဖြူလုံးကို အနိုင်ကျင့်တာပေါ့နော်၊ ဖြူလုံးက အော်နေတဲ့ဟာကို"

တိရစ္ဆာန်ဆိုပြီး အလိုမတူဘဲ အတင်းအကျပ်ပြုမှုမျိုးတွေနဲ့ နှိပ်စက်မှုမျိုးလည်း ရှိတတ်ပါသည်။ ရှေးလူကြီးများ ပြောသည့် "တစ်ဘဝစ်"ဆိုသည်မှာ တိရစ္ဆာန်မွေး၍ ညှင်းဆဲသူများ၊ ရက်စက်စွာ စေခိုင်းသူများပင် ဖြစ်ပေလိမ့်မည်။

ဒီအဖြစ်တွေကို မြင်ရတိုင်း ခရေဝါ မနှစ်မြို့။ စိတ်ထဲမှာ အလိုမကျမှုတွေနှင့် ကြုံတိုင်း လောကီအလုပ်တွေကို ရှုမုန်းလာသည်။ စိတ်ပြေစေရန် ဘုရားရှင်ကို ရည်မှန်း၍ ဂုဏ်တော်ရွတ်သည်။ သရဏဂုံသုံးပါးဆောက်တည်သည်။ လူတွေက ချမ်းသာအတုတွေနှင့် ပျော်နေကြတာ စိတ်ပျက်စရာပါ။ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ကို ရဖို့ ကြိုးစားကြရန် လိုသည်။

အဘိုးအဘွားနှင့် အနီးကပ် နေသော ခရေဝါမှာ တရားအသိ၊ တရားအမြင်တွေက အရွယ်နှင့် မမျှပါ။ သစ္စာဝါမှာမူ ဖြူလုံးမည်သော ဝက်မလေးကို သံယောဇဉ်ဖြစ်နေပါသောအဖြစ်၊ အစာကျွေးတိုင်းလည်း ဂရုတစိုက်ကျွေးသည်။

"မေမေရေ...ဝက်စာထဲ ငါးရိုးတွေ မထည့်ပါနဲ့၊ ဖြူလုံး အရိုးစူးပါမယ်"

"ဟဲ့...ဝက်က အရိုးစူးမလား"

မေမေက အမြင်ကတ်စွာ ပြန်ပြောသည်။ မေမေ့အပြောကို ခရေဝါကတော့ ဘဝင်မကျပါ။ ဝက်က အရိုးမစူးရတော့ဘူးတဲ့လား။ လူတွေတောင် စူးကြသေးတာ၊ အသွေးအသားနဲ့ တည်ဆောက်ထားကြခြင်းမဟုတ်လား။ လူတွေလို ပြောပြနိုင်စွမ်း မရှိလို့သာ။ ဝေဒနာကို ခံစားရသည့် အသိတော့ ရှိပေမပေါ့။ ဖြူလုံးကလည်း လူ့ဘဝက လာသည် ထင်စရာပါ။ မိုးရွာ၊ လေတိုက်လျှင် သူ့မှာ နေစရာမရှိ၊ ကြောက်လန့်တကြား ဟိုတိုး ဒီတိုးနှင့်၊ ချမ်း၍ တုန်တောင်နေတတ်သည်။

"ဟယ်...ဖြူလုံး ချမ်းနေပြီ၊ စောင်ခြုံပေးရမယ်"

အိမ်မှာ ရှိသမျှ စောင်အစုတ်တွေကို ထပ်၍ခြုံပေးတတ်သည့် သစ္စာဝါပါ။ အရင်ဘဝက အမျိုးတော်ခဲ့တယ် ပြောလည်း ပြောစရာပါ။ ဝက်ဝယ်မည့်သူတွေက ဖြူလုံးကို မျက်စိကျသည်။ သူ့သခင်မကြောင့် သားမတင်ဖြစ်ဘဲ ဝကစ်လုံးထွတ်နေသည်။

သမီးနှစ်ယောက် စာပေးစာယူ ဖြေဖို့ မြို့သွားနေချိန်တွင် ဝက်ဝယ်သူများက ကြိုက်ဈေးပေးသဖြင့် ဦးချစ်ဦးက ရောင်းလိုက်သည်။ သမီးတွေ ပြန်လာတော့ ဖြူလုံး မရှိတော့၍ သစ္စာဝါငိုသည်မှာ ဘယ်သူမှ ချော့မရ။ ကြောင်ကလေး၊ ခွေးကလေးလို အိမ်အလှမွေး တိရစ္ဆာန်ကို သံယောဇဉ်ထားသည်ဆိုဟုတ်သေးသည်။ အခုတော့ စီးပွားဖြစ်မွေးသည့် သားစားသတ္တဝါကို ခင်တွယ်ပုံက သြချလောက်သည်။

ဦးချစ်ဦးမှာ သမီးငယ်က တကျိုကျိုလုပ်နေ၍ စိတ်ရှုပ်နေစဉ် ဖြူလုံးကို ဝယ်သွားသူနှင့် တွေ့သည်။

"ခင်ဗျားဝက်ဗျာ... ရှင်းလိုက်တာ၊ ဘယ်သူမှ အနားကပ်မခံဘူး။ စိတ်ညစ်စရာဗျာ"

"ဟာ...မပေါ်ရသေးတာ ကျေ[...] ပါဗျာ"

ရောင်းလိုက်သည့်ဈေးထက် [...] ပေး၍ ပြန်ယူရသည်။ ဖြူလုံးကလည်[...] သူ့ ဒုက္ခရောက်တော့မည့်ဆဲဆဲ လ[...] ကယ်သော သခင်မကို မော့တကြည့်[...] ကြည့်နှင့် သခင်မလက်ထဲမှာ ညင်ညင်[...] သာသာနေပြသည်။ ခရေဝါကတော့ ဘာမှ ဝင်မစွက်ဖက်။

အချိန်တွေ ကြာလာသည်နှင့်[...] အမျှ ဖြူလုံးမှာ ဝက်မကြီးဖြစ်လာ[...] ပြီ။ သစ္စာဝါကြောင့် မရောင်းရသော ဖြူလုံးကို ဘေးမဲ့ပင် လွှတ်ရပေမည်[...] လား မသိ။ သမီးငယ်ကိုသာ ဦးချစ်ဦး[...] စိတ်တိုမိတော့သည်။

မြို့မှာ ကျောင်းတက်ရင်း ချစ်သူ[...] တွေ့နေပြီဖြစ်သော သစ္စာဝါက အစ်မ[...] ဖြစ်သူကို ဖွင့်ဟ တိုင်ပင်သည်။ ခရေ[...] ဝါကိုယ်တိုင်ကလည်း အိမ်ထောင်ရေး[...] စိတ်မဝင်စားသူမို့ မိဘတို့ထံ အသိပေး[...] ရသည်။ "နေမင်းထက်"၏ မိဘများက[...] လည်း လူကြုံထံတွေမို့ သမီးငယ်ဆ[...] ကို လက်ခံခဲ့ရသည်။ ဤသို့ဖြင့် မင်္ဂလာ[...] ပွဲ ဆင်နွှဲခဲ့ရလေပြီ။

◈◈◈

ခရေဝါမှာ အနားယူရင်း စိတ်ကူ[...] က ဖြန့်ကျက်နေမိသည်ပါ။

ညော့်သည်က လာခဲ့၊ ဝက်သာ[...] ဟင်းက ပြတ်ပြီ။ ချက်ပြုတ်ရေးအဖွဲ့[...] က သတင်းပို့သည်။ "ဟင်းပြတ်ပြီ"တဲ့[...]

ဒေါ်အမာက ခင်ပွန်းသည်ကို[...] ဖွင့်တိုင်ပင်ရသည်။

"ကိုချစ်ဦး... ဆယ့်နှစ်မျိုးဟင်း[...] ချိုနဲ့ ငါးခြောက်ထောင်းပဲ ရှိတော့တယ်[...] ကြက်ကလည်း လောက်အောင်ဝယ်[...] လို့ မရဘူး။ ဝက်သားက လုံးဝ မ[...] တော့ဘူးတဲ့။ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်ဦး စဉ်းစားသည်။ သူ့ခြံမှာ ကြီးတွေက သားတင်ထားသည်။ ဖြန်းတွေကလည်း ဆယ့်ငါး နှစ် ယ်ထွက်နှင့် မလောက်ငနိုင်။ နောက် တော့ စဉ်းစားစရာ ဖြူလုံးပဲ ရှိသည်။ မင်းငယ်ကို တိုင်ပင်တော့ "လုပ်သာ လိုက်တော့ ဖေဖေ" တဲ့။

သူချစ်သော ဖြူလုံးကို သူ့မင်္ဂလာ ဆောင်တွင် ကျွေးဖို့ သတ်ခိုင်းသော စ္စာဝါ။

ဒီအကြောင်းကို ခရေဝါ သိတော့ စောက ပြေးလွှားနေသော ဝက် လေး ဖြူလုံးကို နားလည်မိရပြီ။ ရှုးသွေးတန်းပြေးနေရသော ဖြူ တိရစ္ဆာန်ပေမယ့် သူ့ကို ရန်မူမည့် နေအထားကို သိနေပြီ။ သူ့သခင်မ ကြောင့် သူ့အသက်ဆုံးရတော့မည်ဟု ချမသိပေမယ့် အန္တရာယ်ရှိနေတာ တော့ သိပုံရသည်။

သူ့ဘဝဆုံးခါနီးတိုင်း ကယ်တင် ရှိသော သခင်မကို သူ အားကိုး သည်။ လွတ်သွားလျှင် ဖမ်းမိဖို့ မလွယ် သော ဖြူလုံးမှာ...

"ဖြူလုံး...လာ...လာ...ယို့ ယို့"

မင်္ဂလာဝတ်စုံနှင့် တင့်တယ်နေ သော သစ္စာဝါ၏ အသံကြောင့် ကြောက်လန့်တကြား ပြေးလွှားနေရင်း တုံ့ခနဲရပ်သည်။ သူ့နားထဲဝယ် စွဲနေ သော သခင်မအသံကြောင့် ဘယ် ရာကိုမှ မမှုတော့သည့်အတိုင်း ခင်မထံ အားကိုးတကြီးဟန်ဖြင့် ပြေးချလာသည်။

သစ္စာဝါက အနားရောက်လာ သော ဖြူလုံး၏ လည်ပင်းကြိုးကို ဆွဲ လိုက်သည်။ သခင်မ၏ စိမ်းကား သော မျက်ဝန်းအစုံကို အဓိပ္ပာယ်ဖော် ပုံ မရ။ လူတို့၏ အပြောင်းအလဲ ကို သူ မသိ။ ဖြူလုံးခမျာ သစ္စာဝါကို ခြေထောက်လေး၊ နှုတ်သီးလေးဖြင့် ထိုးလိုက်၊ မြေပေါ် ဝပ်လှဲချလိုက်လုပ် နေရင်းမှ ကြောက်ရွံ့ ထိတ်လန့်သော မျက်ဝန်းလေးဖြင့် မော့ကြည့် မော့ကြည့် လုပ်ရင်း တဂူးဂူး တဂွဲဂွဲလုပ်ရှာသည်။

"ဖြူလုံးကို ကယ်ပါ သခင်"ဟု ပြောနေပုံမျိုးနှင့် ဝက်ကလေး ဖြူလုံး။

ယခု အခြေအနေနှင့်ဆို ဝက် ကလေး ဖြူလုံး၏အဖြစ်ကို မြင်နေရ သော ခရေဝါမှာ ညမွှေးပန်းရုံအောက် မှာ ထိုင်ရင်း မျက်ရည်ဝဲနေရပါ၏။ သစ္စာ ဝါကိုလည်း အံ့ဩမိရသည်။ အပြောင်း အလဲမြန်ပါဘိ။ သူချစ်သော ဖြူလုံးကို သူကိုယ်တိုင် သတ်ခိုင်းနေပါပြီ။ လူတို့ ၏ သံယောဇဉ်သည် အခြေအနေပေါ် မှာ မူတည်၍ ပြောင်းလဲတတ်ခြင်းပေ လား။

သစ္စာဝါ၏ သံယောဇဉ်သည် သူ ၏ အတ္တကြောင့် ပြောင်းလဲခဲ့ပေပြီ။ သူချစ်သူနှင့် လက်ထပ်ပွဲမှာ အကျွေး အမွေးကိစ္စအားလုံး အဆင်ပြေစေရန် ဟူသော အတ္တ၏အောက်မှာ ဝက် ကလေး ဖြူလုံးအပေါ် ထားရှိသော သံယောဇဉ်က ပျောက်ကွယ်ခဲ့ရပြီ။

ဖြူလုံးမှာ သခင်မက ကြိုးကို ဆွဲထားသဖြင့် သခင်မ ကယ်မည့် မျှော် လင့်ချက်ဖြင့် အတန်ကြာ ငြိမ်နေသေး သည်။ သစ္စာဝါမှတစ်ဆင့် ချည်ထား သော ကြိုးကို...

"ရော့...ရော့၊ မြန်မြန်ဆွဲခေါ် သွား။ မင်္ဂလာဆောင်မှာ ရုတ်ရုတ်သဲသဲ လုပ်တဲ့ ဝက်မ၊ ခေါ်သွား။ လုပ်စရာရှိ တာ လုပ်"

ဟု ဆိုကာ ဝက်ပေါ်သမားများ လက်သို့ အပ်လိုက်၏။ ဝက်ပေါ်သမား များက ဖြူလုံးကို အတင်းဆွဲခေါ်နေကြ သည်။ ဖြူလုံးကလည်း နောက်ခြေကို ကန်၍ အတင်းရုန်းသည်။ သခင်မ အနားမှ တစ်ဖဝါးမှ မခွာဟု စိတ်ပိုင်း ထားလေသည်လား မသိ။ ဒါမှမဟုတ်၊ သခင်မသာ သူ့ကို ကယ်တင်နိုင်မည် ဟု ထင်မှတ်ထားလေသည်လား မသိ။ ဆွဲလေ ရုန်းလေနှင့်၊ လည်ပင်းကြိုး ပွန်းရာတို့တွင် သွေးချင်းချင်းနီပေပြီ။

အော်ရင်း ဟစ်ရင်း၊ ရုန်းရင်း ကန်ရင်းဖြင့် ဖြူလုံးက နားလည်သွားပုံ ရသည်။ သူ့ကို အတင်းဆွဲခေါ်နေသူ များမှာ သူတို့ အမျိုးတူတွေကို ဇီဝိန် ချုပ်ပေးနေသူတွေ၊ အာဃာတပါးကွက် သားတွေဟု သိသွားပုံဖြင့် အတင်းရုန်း၊ အသံကုန် ခြစ်အော်ရင်း သခင်မထံ လှည့်ကြည့် လှည့်ကြည့်ဖြစ်နေရှာပါ သော ဖြူလုံး။ နောက်တော့ အားအင် ကုန်ခန်းလာပုံနှင့် ယောက်ျားကြီး သုံး ယောက်ဆွဲခေါ်ရာသို့ တရွတ်တိုက်၍ ပါသွားခဲ့ရှာပြီ။

ခြေ လက်တို့ကို ကြိုးတုပ်၍ မြေမှာ ပစ်ချခံထားရသော ဖြူလုံး။ ရုန်း ရလွန်း၍ အားကုန်နေရပြီ။ အော်ရလွန်း ၍ အသံက သဲ့သဲ့သာ ထွက်နိုင်တော့ သည်။ သူ့မျက်ဝန်းမှာ သူ့ကို လာကယ် မည့် သခင်မကို မျှော်လင့်နေသည့် အလား၊ ကြိုးများ တုပ်ထားရာမှ လှုပ် နိုင်သော ခေါင်းလေးက အိမ်ရှေ့မင်္ဂလာ ပွဲရှိရာ မျှော်လို့။

ဖြူလုံး၏ မျက်လုံးမှ မျက်ရည် များ ယိုစီးကျလာခဲ့ပြီ။ သူ့ဘေးမှာ ရေ နွေးအိုးကြီးက ပွက်ပွက်ဆူနေပြီ။ မီး တောက် မီးလျှံတွေကို သူ မြင်နေရ သည်။ နားလည်သွားပြီလား မသိပါ။ အော်လည်း မအော်၊ ရုန်းလည်း မရုန်း ရှာပါလေတော့။

လောကကြီးကို အရှုံးပေးသွား သော ဝက်မ ဖြူလုံးသည် လူတွေပြော သည့် သံယောဇဉ်ဟူသော အရာသည်



www.burmeseclassic.com

www.burmeseclassic.com

အတ္တ၏အောက်မှာ ပျောက်ကွယ်သွားရခြင်းကို နားမလည်သော်ငြား ခရေဝါကတော့ နားလည် သဘောပေါက်ခဲ့ရလေပြီ။

ဖြူလုံး၏ အဖြစ်ကို မြင်နေရသော ခရေဝါတစ်ယောက် စိမ်မချမ်းမြေ့လှန်းစွာဖြင့် မင်္ဂလာပွဲမှာ ဟန်ဆောင်မျက်နှာဖုံးနှင့် ဧည့်ခံနေရသည်။ ဖြူလုံး၏ အသားနှင့် မင်္ဂလာမောင်မယ် နှစ်ယောက် လက်ဆုံစားနေသည်ကို မြင်ရတော့ စိတ်ထဲမှာ မချမ်းသာ။

◈◈◈

ခရေဝါသည် လောကီရေးရာအတွင်း ရှုပ်ထွေးသော အဖြစ်တွေကို ကြောက်ရွံ့စိတ်ဖြစ်ပေါ်လာပြီး ဘိုးဘွားတို့နှင့် တရားစခန်းဝင်ရင်း မြတ်ဗုဒ္ဓ၏ အရိပ်မှာ ခိုလှုံခဲ့ပါ၏။

ဒီလိုနှင့် ရက်မှ လပြောင်း၊ လမှ နှစ်ပြောင်း၊ ရာသီတွေ ဟောင်းခဲ့ကာ၊ ၂နှစ်ကျော် ၃နှစ်အတွင်း ရောက်ခဲ့ပြီ။

"မမ ခရေကလည်း အဘွားကြီး အိုလေးကျနေတာပဲ၊ ဘာလဲ သီလရှင် ဝတ်မလို့လား"

ညီမငယ် သစ္စာက စ,နောက်သည်။

"အကြောင်းတိုက်ဆိုင်ရင် ဝတ်ဖြစ်ထိမ့်မှာပေါ့ ညီမလေးရဲ့"

"ဟင့်အင်း၊ မဝတ်ရပါဘူး။ မမကို မခွဲနိုင်ပါဘူး။ ရှော့···ရှော့၊ တူမလေးကို ချီပါဦး မမရဲ့"

အိမ်ထောင်သည်ဖြစ်သည့်တိုင် နွဲ့ဆိုးဆိုးဆဲ ညီမလေးက ကလေးဆန်စွာ ပြောရင်း နှစ်ခါလည်ကျော်စ တူမလေးကို ချီစေသည်။ တိုးလာသော သံယောဇဉ်ကြိုးတစ်မျှင်နှင့် သူ့ကို ရစ်ပတ်ဖို့ ကြံရွယ်မှန်း သိပါသည်။

တူမလေး "နေမင်းသစ္စာ"က အမေထက် အဖေကို ပိုချစ်သည်။ အဘိုး၊ အဘွား၊ အဒေါ်နှင့်လည်း နေသည်။ ညီမလေး သစ္စာဝါနှင့် သိပ်မနေ၊ နို့စို့ချိန်မှာတောင် မျက်လုံးက ခပ်စိမ်းစိမ်း။ ဘာကြောင့်ဟု မတွေးမိကြ။ သစ္စာဝါကတော့ သမီးလေးကို ငုံထားမတတ် ချစ်ရှာသည်။

◈◈◈

တစ်နေ့ တူမလေး နေမင်းသစ္စာ စကားသွက်သွက်ပြောတတ်ပြီး နေ့တစ်နေ့မှာ မမျှော်လင့်ထားသော မယုံနိုင်စရာ ကြုံလာရသည်။

သစ္စာဝါသည် အလှုံ့ညီးညီး မီးတောက်ပြင်းပြင်းနှင့် မီးဖိုမှာ ရေနွေးအိုးတည်နေသည်။ နေမင်းသစ္စာလေးက ပွက်ပွက်ဆူနေသော ရေနွေးအိုးကို ကြည့်၍ ပြောလာသည်မှာ···

"မေမေ··· သမီးကို နောက်တစ်ခါ ချက်မစားနဲ့နော်"

သမီးငယ်၏ စကားကို ရုတ်တရက် နားမလည်သော သစ္စာဝါက နောက်တစ်ခါ ပြန်မေးသည်။

"ဘာပြောတာလဲ သမီး"

"မေမေ··· သမီးကို သတ်ခိုင်းတယ်၊ ပြီးတော့ ချက်စားတယ်။ မေမေ့ကို မုန်းတယ်၊ ဟီးဟီးဟီး···"

မပီကလာ ပီကလာနှင့် ပြောပြီး သမီးငယ် ငိုနေစဉ် နေမင်းထက် ရောက်လာ၏။

"သစ္စာ··· သမီးငိုနေပါလား။ ဘာဖြစ်လို့လဲ၊ လာ···လာ ဖေဖေ့ဆီကို"

ဖခင်က ချော့နေပေမယ့် သမီးက အငိုမတိတ်။ ငိုရှိုက်ရင်း ဖခင်ရင်ခွင်မှ အမေကို မျက်လုံးစိမ်းများနှင့် လှမ်းကြည့်နေသည်။ သစ္စာဝါက မျက်နှာမကောင်းစွာဖြင့်···

"သမီးရယ်··· မေမေ ဘာလုပ်မိလို့လဲ"

"မေမေညာတယ်"

"ဘာညာခဲ့လို့လဲ၊ ကဲ - ပြော ဦး"

ချိုသာသော စကားသံဖြင့် သ ကို ချော့ရသည်။ သမီးက တစ်ချ ရှိုက်ရင်းဖြင့်···

"သမီးကို သတ်တယ်၊ သမီး ဖြူလုံး"

"ဟင်"

သစ္စာဝါ အံ့ဩထိတ်လန့်မှု ဝမ်းနည်းခြင်းကို တစ်ပြိုင်နက် ခံ လိုက်ရသည်။ ဒီအကြောင်းကို မိတ နဲ့ ခရေဝါ သိတော့ စိတ်မကောင်း ပါ။ သမီးလေးကလည်း တစ်ခါပဲ လိုလက်ရ ပြောပြီး၊ နောက် မေး မရတော့။ မိခင်ကိုလည်း လိုက်လံ လှဲလှဲချစ်ပုံ မရ။ အမြဲလိုလို ခပ် စိမ်းနေလေ့ရှိသည်။

သံသရာဟူသည် လည်တ သော သဘောရှိသည်။ ရဟတ်နှင့် ၏။ လူတို့သည် သံသရာ ရဟတ် ကိုယ်တိုင်ပင် လှည့်ကြ၏။ ကိုယ် သောကံ ကိုယ့်ထံ ပြန်သည်။ ဘ ဟော အတိတ်မှ ကံသည် ပစ္စုပ္ပန် အကျိုးပေး၍ အကြောင်းထင်သည်

ညီမလေး သစ္စာဝါနှင့် တူမ နေမင်းသစ္စာ၏ ဆုံစည်းမှုကြောင့် ခ ဝါ သတိသံဝေဂ ရခဲ့သည်။

ခရေဝါ ဟူသော နပျိုသစ် ပြစ်မျိုးမဲ့မထင် မိန်းကလေးငယ်သ လူ့ဝတ်ကြောင်ကို စွန့်ကာ သီလ ဆရာလေးဘဝသို့ ကူးပြောင်းခဲ့ သည်။■

* * *

ဒေး(ဒေ

www.burmeseclassic.com

www.burmeseclassic.com

# အမြင့်စိတ်မြတ်

ဒီပဲယင်းမောင်နီး

သာမန် ပုဂ္ဂိုလ်တို့နှင့် လုံးဝခြားနားသော ခေါ်မှ ဟီးရိုး များ ကာယသတ္တိ၊ ဉာဏဗျတ္တိနှင့် စွမ်းဆောင်မှုအရာတွင် ပြည့်ဝပြီ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သဘာဝအင်အားစုများနှင့် ဘုရားများကိုပင်လျှင် သူတို့သည် မိမိ၏ ဂုဏ်သိက္ခာ ထိစပ်လာပါက အလျှော့မပေးဘဲ ဖက်ပြိုင် အန်တုဇလ သူများပါတည်း။

ပျက်စီးဆုံးရှုံး သေဆုံးရခြင်းနှင့် နိဂုံးချုပ်သည့် ကဗျာ ပြဇာတ်ကြီးများထဲရှိ ဟီးရိုးများ၏ စိတ်နေ စိတ်ထား သည် အံ့အားသင့်ဖွယ် ဖြစ်သည်။ ဘဝကြမ္မာ၏ ရိုင်းပျစွာ လာမှုကို ဝံ့ဝံ့စားစား ရင်ဆိုင်လျက် ကြုံတွေ့လာသမျှ ကို မတုန်မလှုပ် ခံယူသွားကြပုံသည် ချောက်ချား၍ အောင် ရှိလှ၏။

ထိုကဗျာ၊ ပြဇာတ်ကြီးများကို ဂုဏ်အမြင့်ဆုံးစာပေ အချို့ပညာရှင်တို့က ထောပနာပြုခဲ့ကြသည်။ ထိုစာ အမျိုးအစားက စာဖတ်သူတို့အား ရိုးရိုးတန်းတန်း သတိ နိုင်၊ နားမလည်နိုင်အပ်သော၊ အမြင့်ဂုဏ်တစ်ရပ်ကို ထားစေ၊ နားလည်စေသည်ဟု ဆိုသူက ဆိုခဲ့ဖူး၏။

စာပေနယ်ပယ်ထဲရှိ ထိုအာဇာနည်မျိုး၏ သတ္တိဗျတ္တိ သိရခြင်းသည် သဘာဝအင်အားစုများကို ဘေးကင်း သောအရပ်မှ မြင်တွေ့နေရပုံနှင့် အလားတူပေသည်။ သူ၏ စိတ်သန္တာန်သည် မကြုံဖူးသေး၊ မရောက်သေး အမြင့်တစ်နေရာသို့ ရောက်ခွင့်ကြုံနိုင်သည်။ မတူ ဆန်းပြားသော "ကြုံကြုံခံ စိတ်စွမ်းဆောင်ရည်"သည် သူကိုယ်ခန္ဓာ၌ အနုသယအဖြစ် "ကိန်းဝပ်"နေရာမှ အဆင့်အထိ "နိုးကြွ" ထကြွလာနိုင်ပေသည်။

ကောင်းသော စာရေးသူတို့ ဗမာလူမျိုးတို့၏ သွေး သားမျှင်ထဲ၌ "အမြင့်ဂုဏ် နားလည်ခံစားမှု"သည် အနန္တသူရိယ(ပုဂံစာဆိုကြီး)ကြောင့် နှစ်ပေါင်း ထောင်ချီ၍ တည်ရှိနေပြီဖြစ်သည်။

ပုထုဇဉ် လူသားတို့သည် ကလျာဏပုထုဇဉ် အရိယာ နွယ်ဝင်တို့နှင့် နှိုင်းယှဉ်၍မရအောင် ကြောက်ရွံ့ ထိတ်လန့် စိတ်၊ စိုးရိမ်ပူပန်စိတ် များပြားလှ၏။ သို့ဖြစ်သည်နှင့်အညီ ဘေးအန္တရာယ်နှင့် ကြုံတွေ့သောအခါ အဆိုးလောကဓံ လေးပါးနှင့် ရင်ဆိုင်ကြရသောအခါ တုန်လှုပ်ချောက်ချားစမြဲ ပင်။ မိမိနှင့် လုံးဝ ကင်းရှင်းနေသကဲ့သို့ ဘေးရန်မရှိဘဲ လုံခြုံသော တစ်နေရာမှ ကြည့်ရှုခွင့်ရကြပါက ထိုတုန်လှုပ် ချောက်ချားဖွယ်တို့သည် မိမိတို့အား မခြိမ်းခြောက်စေနိုင် တော့ပေ။ ထို့အပြင် ထိုတုန်လှုပ်ချောက်ချားဖွယ်ကို ဖြစ်ပေါ် စေသော သဘာဝအင်အားစုကို မိမိစိတ်သန္တာန်အား ညှိနှိုင်း ဖမ်းယူနိုင်သော "အလှတရား" အသွင် ထင်မြင်ခံစားစေသည်။

ဥပမာ - လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပေါ် ပေါက်ခဲ့ဖူးသော "ဆူနာမီ ရေလှိုင်းအန္တရာယ်"က ကြောက်ရွံ့ ဖွယ်၊ ထိတ်လန့်ဖွယ်၊ တုန်လှုပ်ဖွယ်၊ အံ့သြဖွယ် (ဘယာနက နှင့် အဗ္ဘုတ) ရသများကို တီဗွီဖန်သားပြင်တွင် ပရိသတ်ကြီး အား တင်ဆက်ပေးအပ်ခဲ့သည့်အလား ဖြစ်လေသည်။ ထို တုန်လှုပ် ချောက်ချားဖွယ်တို့သည် ထိုကြည့်ရှုသူအား အန္တရာယ်အတွင်း ကိုယ်တိုင်ပါဝင် ဆင်နွှဲစေရန် ဖြားယောင်း ဆွဲဆောင်တတ်သည်။ ကြည့်ရှုသူကလည်း အတွေးစိတ်ဖြင့် စွန့်စားကြည့်မိပါက စွန့်စားရင်း၊ စွန့်စားဆဲတွင် ကြုံကြုံခံစိတ် ပေါ်လာရာမှ တုနှိုင်းမရဖွယ် သဘာဝ အင်အားစုကို စမ်းသပ် ယှဉ်ပြိုင်ရဲသော "သတ္တိထူးကြီး"မြစ်တည် ရှိလာနိုင်ပေ၏။

◈◈◈

အနန္တသူရိယ၏ တစ်ပုဒ်တည်းသော လင်္ကာကို မြန်မာ စာပေလိုက်စားသူ မဟုတ်သော ဗမာတိုင်းရင်းသားအများစု

www.burmeseclassic.com

ကပင် ကြားဖူးကြ၊ မှတ်သိထားကြသည်။

**“သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း။”**

ပုဂံခေတ်က ရေးခဲ့သော အနန္တသူရိယ၏ ရိုးရှင်းလွယ်ကူသော စာစကား။ ယနေ့ (၂၁)ရာစုနှစ်၏ စတုတ္ထတန်းကျောင်းသားလေးများပင် အခက်အခဲမရှိစွာ ဖတ်ရှုတ်နိုင်ပြီး ရင်တွင်း၌ တစ်မျိုးတစ်မည် ထိကြ၊ ငြိရှုစေနိုင်သည်။ အမြင့်ဂုဏ်ပြည့်ဝသော စာမျိုး၏ စိတ်စွမ်းအင်တန်ခိုးသည် စာဖတ်သူ၏ စိတ်နှလုံးကို သိမ်းကျုံးယူရန် ဆွဲဆောင်စေကာမူ စာကဗျာကား ထွေလီကာလီ တန်ဆာဆင်ထားခြင်း မရှိပေ။ စာတွင်းရှိ ပကတိသဘောသည်သာ ဂုဏ်သတ္တိအသွင်ဖြင့် စာဖတ်သူစိတ်သန္တာန်သို့ ဒုတ်ဒုတ်ထိ စိမ့်ဝင်တည်ရှိစေခြင်း ဖြစ်၏။

ကဗျာဟူသည် ခံစားစိတ်အယဉ်ဖြင့် နှလုံးသားဟဒယအတွင်းသို့ အရှင်လတ်လတ် သယ်ဆောင်ခံရတတ်သော အမုန်တရားဖြစ်၏ဟု မှတ်သားရဖူးလေသည်။

စာကို ဖတ်ရှု မြင်သိခြင်းဟူသမျှ၌ သိခြင်း အာရုံကိုအရသာခံစားမှု လက္ခဏာရှိသော ဝေဒနာက မဆိုင်းမတွယှဉ်ဖက် ပါဝင်နေသည်။ သားသေ၍ ငိုကြွေးနေသော မိခင်အား ပရိဒေဝ ဝေဒနာကို အရသာခံစားလျက်ရှိ၏ဟု မပြောအပ်။ ထိုမိခင်ကို ကြည့်မြင်၍ ကရုဏာသက်နေသူတို့အားလည်း ကရုဏာရသ ခံစားမှုပေါ်လွင်၏ဟူ၍ မထင်အပ်ချေ။ သဘာဝအလျောက် ပေါ်ပေါက်လာသော ဝေဒနာမျိုးကြောင့် သဘာဝအတိုင်း ခံစားရသော စိတ်အခြေအနေအဖြစ်သာ သတ်မှတ်ရလေသည်။ အနုပညာဖြင့် ဖန်တီးဖြစ်ရှိလာသော ဝေဒနာမျိုးမှာမူ ဝေဒနာသဘောကို လိုလားနှစ်သက်ပြီး အရသာအဖြစ် မက်မောစွာ ခံစားတတ်သည့် ထူးခြားဆန်းကြယ် စိတ်အခြေအနေတစ်ခုပင်။

ဤသည်ကိုပင် ရသအဖြစ် သတ်မှတ်ကြသည်။

ရသ ဟူသည် ဖန်တီးသူက အနုပညာအရင်းအနှီးစိုက်ထုတ်ပြီး ပြုစုပေးလိုက်ရာတွင် ခံစားမည့်သူက လိုလားတောင့်တစွာ မျှော်လင့်ကြိုဆိုလျက် ကြည်ဖြူစွာ လက်ခံရယူထားသော စိတ်သဘောဝတစ်မျိုးမျှသာ ဖြစ်၏။

ကဗျာ၊ ပန်းချီ၊ ပန်းပု စသော အနုပညာပစ္စည်းတို့တွင် မြင်သိကာမျှ ထိုခဏ၌ ထိုက်သင့်သော ရသမျိုးလည်း ပေါ်ထင်စေရေးအတွက် အနုပညာရှိတို့က အရင်းအနှီးစိုက်ထုတ်စေကြရစမြဲ။ ထိုစိုက်ထုတ်မှု အရင်းအနှီးအားလျော်စွာ ကဗျာ (သို့မဟုတ်) အနုပညာပစ္စည်းတို့က ထင်ဟပ်ပြခဲ့သော ဖြစ်ပျက်ခြင်းရာ အမုန်သဘောတို့သည် တစ်နေရာ တစ်ချိန်က၊ တစ်ပါးသူ၌ ဖြစ်ပျက်ခဲ့လင့်ကစား ယခုလက်ရှိ ဖတ်ရှု မြင်သိသူအားလည်း အလားတူ ဖြစ်ပျက်နေဘိသကဲ့သို့ “သိ၍ ခံစား၊ ခံစား၍ သိ”သော စိတ်အခြေအနေမျိုးကို ဖန်တီးပေးလေသည်။ ဤသည်ကား နှလုံးသား ဟဒယတွင်းသို့ အရှင်လတ်လတ် သယ်ဆောင်ခံရသော အမုန်အတိုင်း အစိပ္ပာယ်ပါတည်း။

ကဗျာ၊ ပန်းချီ၊ ပန်းပု စသော ပစ္စည်းဖန်တီးရှင် အနုပညာရှင်တို့က ဤကဲ့သို့ စွမ်းဆောင်နိုင်ကြခြင်းသည် လူသတ္တဝါတို့၌ အနုသယအဖြစ် ကိန်းဝပ်နေသော ကိုယ်စားဝင်ကြည့်လိုစိတ်၊ ကိုယ်ချင်းစာနာစိတ်ဟူသည့် “ပုံတူမျိုးပွားခံစားစိတ်” စွမ်းဆောင်ရည်နှစ်မျိုးကို ကျွမ်းကျင်နိုင်နင်းစွာ မြင်သိ သုံးစွဲတတ်ခြင်းကြောင့်ဖြစ်လေသည်။ ကိုယ်စားဝင်ကြည့်လိုစိတ်ရှိပါမှ ကိုယ်ချင်းစာနာစိတ် ဖြစ်ပေါ်နိုင်သောကြောင့် တစ်မျိုးနှင့် တစ်မျိုး အကြောင်းအကျိုးဆက်စပ်နေသော စိတ်စွမ်းဆောင်ရည်နှစ်မျိုးဟူ၍ မှတ်ယူရပေသည်။

၁၉ဂဂ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက် လူထုလှုပ်ရှားမှုအရေးတော်ပုံတွင် ဒီမိုကရေစီတိုက်ပွဲဝင် ကြည့်မြင်တိုင်အလက (၄) အငွမတန်းကျောင်းသူလေး မဝင်းမော်ဦးသည် စစ်တပ်က ပစ်ခတ်လိုက်သော ကျည်သင့် ဒဏ်ချက်များကြောင့် ကျဆုံးသွားခဲ့ကြောင်းသတင်းကို ဖတ်ရှုကြရသောအခါ လူထုကြီးအနေဖြင့် ကိုယ်တိုင်ကျည်သင့် ကျဆုံးကြရသကဲ့သို့ ခံပြင်း နာကြည်းကြ၏။ ငါသာ စစ်အာဏာပိုင်နေရာရောက်ခဲ့လျှင် လက်နက်မဲ့ လူစုလူဝေးကို သေနတ်ပစ်ခွင့်ပေးမည် မဟုတ်။ ငါသာ လက်နက်ကိုင်တပ်ဖွဲ့ဝင်အဖြစ် ရင်ဆိုင်ခဲ့လျှင် လူထုကို ဖြစ်စေ၊ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကိုင် ကျောင်းသူလေးကို ဖြစ်စေ၊ ထိမှန်အောင် ချိန်ရွယ် ပစ်ခတ်မည်မဟုတ်ဟု တွေးမိခဲ့၏။

“အများသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန် အရ ဖီဆန်ကြ”

“ကျွန်မတို့နိုင်ငံမှာ စစ်အစိုးရ၊ စစ်အုပ်ချုပ်မှုဆိုင်ကြေညာချက်ဟာ ဖက်ဆစ်ဝါဒတွေ စိုးမိုးနေပြီဆိုတာ အင်မတန်မှ ထင်ရှားပါတယ်”

ဤကဲ့သို့ ကြွေးကြော်ခဲ့သော၊ မိန့်ခွန်းခြွေခဲ့သော NLD ပါတီအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား စစ်အုပ်ချုပ်ရေးအာဏာပိုင်တို့က နိုင်ငံရေးဖိနှိပ်မှု၊ နေအိမ်အကျယ်ချုပ် ဖမ်းဆီးမှုတို့ဖြင့် တုံ့ပြန်လျက်ရှိကြောင်း လူထုကြီး သတင်း သောအခါ စိတ်မကြည်မသာဖြစ်ကြသည်။ ကျန်းမာရေးအ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အောင်ဆန်းစုကြည်သည် နေ့စဉ် အာဟာရအဖြစ် ဆန်နှင့် ဂျုံကိုပင် ရှောင်ဖယ်ပြီး အသီးအရွက် အသုပ်အပြုတ်များကိုသာ စားသုံးကြောင်း တစ်ဆင့်စကား ကြားသိရသောအခါ စိတ်မကောင်းကြီးစွာဖြစ်ကြရသည်။ အကျယ်ချုပ်မှ လွတ်၍ ကျန်းမာပါစေဟု မေတ္တာပို့ဖြစ်ပြန်၏။

"ဒီမိုကရေစီ တည်ထောင်ကြမယ်ဆိုရင် ကျွန်မတို့ဟာ လူ့ပုဂ္ဂိုလ်အပေါ် အခြေမတည်ကြဘဲ ခိုင်မာတဲ့ အခြေခံမူများပေါ်မှာပဲ အခြေပြုကြဖို့ လိုအပ်ပါမယ်" ဟူ၍ အမေရိကန် ကွန်ဂရက်အမတ်(မစ္စတာ ဘီလ်ရစ်ချတ်ဆန်)ထံ ဆွေးနွေးခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ အာဘော်ကို လူထုကြီးက မျှော်လင့်ချက်ဖြင့် အားရအားတက်ဖြစ်ကြပြန်သည်။ အကျယ်ချုပ်မှ လွတ်စေရန် အမေရိကန်က ကူညီမည်လား တွေးဆမိပြန်၏။

"ငါက သာသနာ၊ ဘာသာ၊ လူမျိုး၊ တိုင်းပြည်အကျိုးကို ဆောင်နိုင်တယ်ဆိုရင် ငါလုပ်တဲ့အလုပ် အောင်ပါစေ။ သူတို့က သာသနာ၊ ဘာသာ၊ လူမျိုး၊ တိုင်းပြည်အကျိုးကို ဆောင်နိုင်ဖို့ ဘုန်းကံပါရင် သူတို့လုပ်တဲ့အလုပ် ပိုပြီးအောင်မြင်စေသား" ဟူသော သစ္စာအဓိဋ္ဌာန်ကို ဒေါ်အောင်ဆန်းစုကြည် သစ္စာဆိုကြောင်း ကြားသိရသောအခါ လူထုကြီးက မေတ္တာအပေါ် အခြေခံထားပြီး (အာဏာ၊ လက်နက်၊ ငွေကြေး မရှိဘဲ) ရှင်သန်နေသော NLD အဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ သစ္စာအဓိဋ္ဌာန် အောင်မြင်ပြည့်စုံစေရန် မေတ္တာထားကြ အားပေးတောင်းဆု ပြုမိကြပြန်သည်။

ဒေါ်အောင်ဆန်းစုကြည်ထံမှ စွန့်ထွက်သော သတ္တိ၊ မေတ္တာ၊ သစ္စာထားရှိမှု ဂုဏ်ရည်တို့က လူထုကြီး စိတ်သန္တာန်သို့ ကူးဆက်ပြောင်းဝင်လာမှုတို့ကား ကိုယ်စားဝင်ကြည့်လိုစိတ်၊ ကိုယ်ချင်းစာနာစိတ်၊ အလုပ်လုပ်ပုံနှင့် အကျိုးရလဒ် နမူနာဖြစ်ရပ်များသာတည်း။

◈◈◈

လူတိုင်း၌ ထိုစိတ်စွမ်းဆောင်ရည်နှစ်မျိုးစလုံး ကိန်းဝပ်လျက်ရှိနေပါသည်။

ကဗျာဆရာ၊ စာရေးဆရာတို့၌မူ "လွန်စွာ ကိုယ်စားဝင်ကြည့်လိုစိတ်" နှင့်အတူ "လွန်စွာကိုယ်ချင်းစာနာစိတ်" တို့ ခွန့်တွဲနေသောကြောင့် "ကိုယ်ချင်းစာတရား ပြည့်ဝမှု" ရှိကြောင်း ထင်ရှားသည်။ တစ်နည်းအားဖြင့် မိမိ (သို့မဟုတ်) အခြားသူ၏ အတွေ့အကြုံ စိတ်သဘောတို့နှင့် ပတ်သက်လာလျှင် သူတို့ ·· သူတို့သန္တာန်၌ စိတ်ဝင်စားမိသော အလေ့၊ သတိပြုတတ်သော အလေ့၊ လေ့လာဆည်းပူးမြဲသော အလေ့အထများ လွှမ်းကဲကြသည်။ သူတို့၏ "ထူးခြား ထက်မြက်သော အာရုံဖမ်းဆုပ်မှု အရည်အသွေး" ဟု သတ်မှတ်နိုင်ပြီး "ဇာတိစိတ် ပါရမီပြည့်ဝမှု" လည်း ဖြစ်ပေသည်။

"အစဉ်အလာနှင့် ပုဂ္ဂလဗီဇစွမ်းရည်" အမည်ရှိ စာအုပ်၌ ဤကဲ့သို့ ဖတ်ရှုနိုင်ကြပါသည်။

"ကဗျာဟူသည်ကား စိတ်ခံစားမှုကို ဇက်ကြိုးလွှတ်ပေးထားမှုသဘောမဟုတ်။ ကဗျာအနေဖြင့် ပုဂ္ဂလဆိုင်ရာအတ္တကို ဖွင့်ထုတ်ပြမှုပုံစံလည်း မဟုတ်ချေ။ ကဗျာသည် ပုဂ္ဂအတ္တသဘောမှ လွတ်မြောက်မှုပင် ဖြစ်သည်"

အနန္တသူရိယ၏ ကဗျာလင်္ကာအစပိုဒ် စကားလုံးများသည် ထိုပုဂ္ဂလ အတ္တသဘောများ ကင်းစင်နေသည်။

ငါ့အကြောင်း၊ သင့်အကြောင်း၊ သူ့အကြောင်းထဲက မည်သူ့အကြောင်းကိုမှ မပြောမဆိုသော အနန္တသူရိယ၏ "သူ" သည် လောကထဲရှိ မည်သူမဆို ကိုယ်စားပြုအပ်သော "လူစိမ်းသက်သက်" ဖြစ်ခဲ့၏။ သတ္တလောက၏ အနတ္တ အနွယ်ဝင် ဝယဓမ္မသင်္ခါရာဖြစ်သော သတ္တဝါတိုင်းကို ရည်ညွှန်းခဲ့ပေ၏။ သင်္ခါရတရားတို့၏ အပျက်ဓမ္မတာသဘောကို ဖွဲ့ဆိုထားခြင်းဖြစ်သောကြောင့် ပုဂ္ဂလအတ္တမှ လွတ်မြောက်နေလေသည်။

ဤလင်္ကာကို စပ်ဆိုနေခိုက်တွင် စာဆိုဉာဏ်ထက်၌ သမုတိသစ္စာသာမက၊ ပရမတ္ထသစ္စာလည်း မြက်ပြက်ထင်နေပေလိမ့်မည်။ စာဆိုသည် ပုဂံမင်းဆက်ရှိ စက္ကတေးနှင့် အနော်ရထာ၊ စောလူးနှင့် ကျန်စစ်သား၊ အလောင်းစည်သူနှင့် နရသူ၊ မင်းယဉ်နရသိင်္ခနှင့် နရပတိစည်သူတို့၏ "အပျက်ဆက်ဆံရေး" ကို မှတ်မိနေနိုင်ပါမည်။ ဤအပျက်ဆက်ဆံရေးကို သုံးသပ်လျက် **"သူတည်းတစ်ယောက်××× ပျက်လင့်ကာသာ ဓမ္မတာ"** ကို မွေးဖွားနိုင်စွမ်းရှိပေလိမ့်မည်။ သုံးသပ်ချက်အဆက်အစပ်ကို လေ့လာလိုက်ကြပါဦးစို့။

**"စည်းစိမ်မကွာ ××× မင်းချမ်းသာကား ××× သမုဒ္ဒရာရေမျက်နှာထက် ××× ခဏတက်သည့် ××× ရေပွက်ပမာ"**

အကြင်သူသည် စည်းစိမ်ချမ်းသာ ကာမစိတ်တို့၏ ဖိစီးနှိပ်စက်မှုကြောင့် ရာဂနှောင်အိမ်၌ ချုပ်မိ၍နေ၏။ မင်းစည်းစိမ်အာရုံတို့၌ အထုံပါလျက် စွဲလမ်းနေရှာ၏။ ထိုသူသည် ကာမဂုဏ် စသည်များကို မှီဝဲခံစားသည်နှင့်အမျှ သူ့တဏှာသည်လည်း တိုးပွား များပြားလာပေ၏။ ကာမဂုဏ်အာရုံဟူသမျှ မှီဝဲခံစားကြရာတွင် အရသာရှိသည်ဟု ထင်

www.burmeseclassic.com

မှတ်မှုမှာ ခေတ္တခဏမျှသာဖြစ်၏။ စာဆိုသည် ဤသဘောကို ထင်ရှားစွာ ထောက်ပြ ဖွဲ့ဆိုခဲ့၏။

**"ကြင်နာသနား××× ငါ့အား မသတ် ××× ယခုလွှတ်လည်း ××× မလွတ်ကြမ္မာ ××× သတ္တဝါတို့××× ခန္ဓာခိုင်ကျည်×××အတည်မမြဲ××× "**

ဝယမ္မောသဒ်ါရာကို ရှုမြင် ဆင်ခြင်မိသော စာဆိုသည် မိမိခန္ဓာ မမြဲမှုကို ရှုပွားဖူးတန်ရာ၏။ တစ်ပါးသူလည်း ခဏအတွင်း သေဆုံးနိုင်၍ မိမိကိုယ်တိုင်လည်း အချိန်မရွေး သေဆုံးနိုင်ကြောင်းကို စာဆိုစိတ်၌ အသိနှင့် သတိ မြဲနိုင်ကောင်းလေသည်။ ထိုအသိနှင့် သတိမြဲသုံ့ပီပီ စာဆိုသည် မိမိစိတ်သန္တာန်၌ ဖြစ်မှုပျက်မှုကို ရှုတတ်သော ဝိပဿနာ စိတ်ကလေး ကိန်းအောင်းနေအောင်၊ စဉ်ဆက်မပြတ် တည်နေအောင် အားထုတ် ကြိုးပမ်းပေလိမ့်မည်။ ဤဝိပဿနာ စိတ်ဦးစီးလျက် "ငါ့အား မသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ"ဟူ၍ အမြင့်စည်းထက်မှနေကာ အပျက်ကို ဖွဲ့စပ်ဟန်တူ၏။ လောက သဘာဝအားဖြင့် အသက်ရှည်စေရန် ဒူးထောက် တောင်းပန်မှုကို စာဆိုက မပြုလုပ်။ ခန္ဓာခိုင်ကျည်၊ အတည်မမြဲသော ဓမ္မနိယာမ သဘောကိုသာ ဖော်ပြသွားပေသည်။ သေခြင်း၌ မတုန်လှုပ်သော စာဆိုပါတကား။

လင်္ကာကဗျာ၏ နောက်ဆုံးအပိုဒ်ကား ကြီးမြတ်သူတို့၏ သူတော်ကောင်းစိတ်ကို ဖွင့်ပြထားချေပြီ။

**"ခိုက်ကြံ့ဝိပါက်×××သံသာစက်၌×××ကြိုက်လတ်တုံမူ×××တုံ့မယူလို×××ကြည်ညိုစိတ်သန်××× သခင်မွန်ကို×××"**

မည်သူက မည်သူ့ကို အပြစ်မှ ခွင့်လွှတ်ပါသနည်း။ ပညာရှိက ပညာမဲ့ကို ခွင့်လွှတ်နေခြင်းပင်။

ပကတိအနေအထားအရ လူသတ်ကုန်း ရောက်၍ အသတ်ခံရအံ့ဆဲဆဲ ပုဂ္ဂိုလ်က သတ်မိန့်ချသော ဘုရင်အပေါ် ခန္တီ မေတ္တာ၊ ကရုဏာတရား ထုံမွမ်းလျက် ကျေအေးခွင့်လွှတ်စကားတစ်ခွန်းကို နှုတ်ဟ မြွက်ကြားခဲ့ခြင်းပါတကား။ သံသရာခရီးရှည်၌ ပြန်လည်ဆုံတွေ့ကြလျှင်ပင် အပြစ်မဖွဲ့သူ၊ ရန်တုံ့မယူသူအဖြစ် ကြေညာလိုက်သော ပုဂ္ဂလအတ္တမှ လွတ်မြောက်သူပါတကား•။

◈◈◈

ရသစာပေ ဖန်တီးမှုခေါင်းစဉ်ကို ဟောပြောရာတွင် (ကွယ်လွန်သူ) ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က စာဆို၏ လောကအမြင်နှင့် ပတ်သက်၍ ဤကဲ့သို့ ထည့်သွင်းထားကြောင်း အနည်းငယ်မျှ ကူးယူဖော်ပြလိုက်ပါရစေ။

"ရသစာပေကောင်းတစ်ခုရဲ့ နောက်ဆုံးနဲ့ အမြင့်မြတ်ဆုံး ဂုဏ်အင်္ဂါရပ်ကတော့ "လောကအမြင်" ပေးနိုင်ခြင်းဖြစ်ပါတယ်"

"အနန္တသူရိယရဲ့ လင်္ကာဟာ ဘာကြောင့် ဒီလောက်တောင် အင်အားကြီးရသလဲဆိုတော့ ဒီလင်္ကာရဲ့ လောကအမြင်ဟာ အင်အားကြီးလွန်းလို့ပါပဲ"

"ဒီပုဂ္ဂိုလ်ကြီးဟာ ဒီလင်္ကာတစ်ပုဒ်ပဲ ရေးခဲ့တယ်။ ဒီလင်္ကာကလည်း ရှည်လှတာ မဟုတ်ဘူး။ ဒါပေမယ့် သူ့နာမည်နဲ့ သူ့လင်္ကာဟာ ကမ္ဘာမှာ မြန်မာရှိနေသရွေ့ ထင်ရှားနေဦးမှာပဲ။ ကမ္ဘာကုန်တဲ့အထိ မြန်မာ့လူဘောင်မှာ စကားပြောနေဦးမယ့် စာတစ်ပုဒ်ပါ"

"လူတချို့ဟာ အနန္တသူရိယစာကို ဒူးထောက်တဲ့ စာ အရှုံးပေးတဲ့ စာလို့ ဝေဖန်တာကို ကြားခဲ့ရတယ်။ အဲဒီဆရာတွေက သေသေချာချာ မစဉ်းစား၊ မဆင်ခြင်ကြလို့ပါ"

"ဟိုခေတ်ဟိုအခါက ပေတံနဲ့ ထောက်ကြည့်ရင် အနန္တသူရိယရဲ့ အံ့ဖွယ်ရာ သတ္တိကို တွေ့ရလိမ့်မယ်။ အနန္တသူရိယရဲ့ သတ္တိဟာလည်း သူ့လောကအမြင်က ပဲ ချပေးတဲ့သတ္တိ ပါ။ သူ့ကို သတ်မိန့်ပေးတဲ့ ဘုရင်ကို မတောင်းပန်၊ မတိုးလျှိုးဘူး။ ရှင်ဘုရင်ဆိုတာမျိုးက မာနကြီးတယ်။ အရှိန်းကြိုက်တယ်။ အမြှောက်ကြိုက်တယ်။ သူနဲ့ပတ်သက်တာ မှန်သမျှကို အမြင့်ဆုံး၊ အကောင်းဆုံး အဖြစ် သတ်မှတ်ထားတယ်"

"အသတ်ခံရတော့မယ့် မိမိကိုယ်ကို ရှင်ဘုရင်သနားလာအောင် မပြောတဲ့အပြင် မင်းသနားလို့ ငါ့ကို လွှတ် တော်မူ တစ်နေ့ ငါဟာသာငါ သေရမှာပဲလို့ အားမနာပါးမနာ ဆိုသွားတယ်။ သူ့ရဲ့စိတ်အင်အားကြီးမားပုံကိုလည်း သူ့ လင်္ကာရဲ့ နောက်ဆုံးအပိုဒ်မှာ "တုံ့မယူလို"ဆိုတဲ့စကားနဲ့ ပြသွားတယ်။ ရှင်ဘုရင်ကို မတောင်းပန်တဲ့အပြင် ကရုဏာ သက်ပြီး ညှာတာခွင့်လွှတ်သွားတဲ့ အနန္တသူရိယရဲ့ စိတ်အင်အားဟာ အံ့လောက်ပါပေတယ်။ ရှင်ဘုရင်ကြီးတစ်ယောက် လုံးကို မလိမ်မိုးမလိမ္မာကလေးတစ်ယောက်လို သဘောထားပြီး မင်းကို ငါ ခွင့်လွှတ်ပါတယ်ကွာလို့ ပြောရဲတဲ့ အနန္တသူရိယရဲ့ သတ္တိဟာ ကမ္ဘာမှာတော့ ရှားပါးတယ်။ အနန္တသူရိယရဲ့စာကို ကမ္ဘာသုံးစံချိန်နဲ့ အကဲဖြတ်ရရင် "လူ့ဂုဏ်သိက္ခာ"ကို မြင့်မားစေတဲ့ "လူ့ဘဝတန်ဖိုး"ကို မောက်တက်စေတဲ့စာလို့ပဲ ဆိုရမယ်"

အနန္တသူရိယ၏ ကဗျာလင်္ကာကို စာရေးသူတို့ ဖတ်ဖူးကြသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်အာဇာနည်ကြီးများ သူတို့၏မိသားစုများ၊ သခင်ကိုယ်တော်မှိုင်း၊ ဒဂုန်တာရာ၊ ဦးနု၊ ဦးသန့်မိသားစုများ၊ ဒေါ်အောင်ဆန်းစုကြည်မိသားစုများသည်လည်း မလွဲသေချာတွေ့ရှုခဲ့ကြသည်သာ။ စာရေးသူတို့ပင်လျှင် ထိုတုံ့မယူလိုသော စိတ်ဓာတ်ကို မျှဝေခံယူစွဲမြဲနေသေး၏။ ဆိုခဲ့ပါ ထူးခွန်ထင်ရှား (ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့)သော ပုဂ္ဂိုလ်များကား တုံ့မယူလိုစိတ် စွဲမြဲမှုတွင် အားကောင်းထင်ရှားကြပေလိမ့်မည်။

အဓိကအားဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ထိုကဗျာမှတစ်ဆင့် စာဆိုကြီး အန္နန္တသူရိယ၏ အမြင့်မြတ်ဆုံးသော ဂုဏ်ကျက်သရေနှင့် ပြည့်စုံသည့် "လူသားဆိုင်ရာလောကအမြင်"ကို ပုံတူမျိုးပွား ဆောင်ယူထားခဲ့ပြီး ဖြစ်နိုင်ကောင်းပါသည်။ တစ်နည်းဆိုပါလျှင် ပညတ်သဘော စွန့်ပယ်လျက် ပရမတ်သဘောဆိုက်စေသော လောကအမြင်။ ကိုယ်ကြမ္မာသာလျှင် ကိုယ့်ဘဝကို စီရင်ဖန်တီးသည်ဟူသော လောကအမြင်။ တစ်ဖက်သားအပေါ် မုန်းထားရန်ငြိုးဖွဲ့ခြင်းထက် ခန္တီမေတ္တာ နလုံးပိုက်၍ ကျေအေးခွင့်လွှတ်ခြင်းကို ပိုမိုတန်ဖိုးထားသော လောကအမြင်မျိုး ဖြစ်ပေသည်တကား။

အကြောင်းကား ထိုစာ၏ ပုဂ္ဂလအတ္တမှ လွတ်မြောက်နေသော စွမ်းအင်သည် ဒေါ်အောင်ဆန်းစုကြည်၏ စိတ်နေစိတ်ထားအား (စုပ်ယူသိမ်းနိုင်သလောက်) အံ့ဖွယ်သောအမြင့်သို့ ရောက်သည်အထိ ပင့်မြှောက်လိုက်ခြင်းကြောင့်ပင်၊ စာဆိုကြီးထံမှ "ကြဲကြဲခံဝံ့သော သတ္တိ" သည်လည်း ဒေါ်အောင်ဆန်းစုကြည်၏ ဟဒယ နလုံးအိမ်၌ တစိမ့်စိမ့်ကူးခင် တည်တံ့နေတော့မည်မှာ အသေအချာပင်။

ဆိုခဲ့ပါ သတ္တိအားလျော်စွာ နေအိမ်အကျယ်ချုပ်ဘဝ၊ အင်းစိန်ယင်းလုပ်ကြံမှုကိစ္စတို့ကို ရင်ဆိုင် ဖြတ်သန်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ "သတ္တိစကား"ကို နမူနာပြ၍ သာဓကပြုပါရစေ။

"ကျွန်မကို ထိန်းသိမ်းခဲ့သူတွေအပေါ်မှာလည်း ဘာအာဃာတစိတ်မှ ကျွန်မ မရှိဘူး။ ဒီလိုပဲ နေရာအမျိုးမျိုးမှာ တစ်ယောက်ကို တစ်ယောက် ကောင်းကောင်းမွန်မွန် ဆက်ဆံပြီးတော့ မေတ္တာထားစေချင်ပါတယ်"

အားပါးပါး…ခမ်းနားမြင့်မြတ်လှသော "တုံ့မယူလိုစိတ်" ဇာတ်နိပါတ်တော်လာ ဘုရားအလောင်းလျာကြီး၏ မိဖိ ရန်သူအပေါ် ထားရှိအပ်သော "မေတ္တာစိတ်"မျိုးပါလား။ "အာဃာတစိတ်မရှိဘူး"၏ အဓိပ္ပာယ်ကား ကျေအေးမှု၊ ခွင့်လွှတ်မှု၊ မေ့ပျောက်မှုပင် မဟုတ်ပါလား။ ထို့အပြင် အတ္တမှ လွတ်သော တရားဥပဒေစိုးမိုးမှု သုံးသပ်ချက်လည်း ရှိသေး၏။

"ကျွန်မတို့လည်း မောင်းလာလိုက်တာ နောက်တစ်မြို့ (ဒီပဲယင်း)လည်း ရောက်ရော အဖမ်းခံရတော့တာပဲ။ အရိုက်ခံ (လေးဦးသေ)လိုက်ရတဲ့သူတွေက ကျွန်မတို့ အဖျက်သမားတွေဆိုပြီး ထောင်ချခံရတာလည်း ကျွန်မတို့ပါပဲ။ ဒီတော့ အာဏာပိုင်တွေက သူတို့နိုင်ငံရေးအမြတ်အတွက် ဥပဒေကို မှောက်လိုက်လှန်လိုက်လုပ်လို့ ရနေခဲ့တယ်။ ဒါဟာ တရားဥပဒေစိုးမိုးမှု မဟုတ်ပါဘူး"

"နိုင်ငံရေးအကြမ်းဖမ်းမှုကြီးအပေါ် NLD အဖွဲ့ဝင်များက လက်တုံ့ပြန်မှု မပြုကြပါနဲ့"

ဒေါ်အောင်ဆန်းစုကြည်သည် မိမိ၏ အသက်ကို ကာကွယ်ရန်အတွက်ပင်သော်မှ သတ္တဝါတစ်ဦးဦးကို သတ်ဖြတ်ရန် မစဉ်းစားခဲ့ပါကလား။ တုံ့ပြန် သတ်ဖြတ်ကြရန်လည်း မညွှန်ကြားခဲ့ပါကလား။ ရန်သူကို ရန်တုံ့မမူဘဲနှင့် ရှင်လန်းချမ်းသာစွာ ရန်သူများအလယ်၌ ရန်ကင်းစွာ နေထိုင်ဝံ့သော သတ္တိထူးနှင့်လည်း ပြည့်စုံသူပါ တကား။ သတ်ဖြတ်ညှဉ်းဆဲမှုကို မျက်နှာလွှဲ၍ လျစ်လျူရှုလိုက်သောကြောင့် အမြင့်ရောက်သည်အထိ စိတ်နလုံး အေးချမ်းသော ဒေါ်အောင်ဆန်းစုကြည်ဖြစ်ခဲ့ပေပြီ မဟုတ်ပါလား…။ ကဗျာဖွဲ့၍ ဂုဏ်ချဲ့ပါရစေဦး။

**"အရေးအခင်း ××× ဒီပဲယင်း၌ ××× ချဉ်းနင်းစီမံ ××× ညဉ့်ဦးယံချိန် ××× လုပ်ကြံမှုအပေါ် ××× ကမ္ဘာကျော်ခဲ့ ××× ချေသော် ရန်ငြိုး ××× မေတ္တာတိုးလျက် ×××များမျိုးသူသတ်×××လူမိုက်ဇာတ်ကို ××× ခွင့်လွှတ်သနား ××× သူစွန့်ထား၏ ××× တရားကျင့်သုံး ××× သူမြတ်ထုံးသို့ ××× နလုံးမြော်ချင့် ××× ကြည်ညိုပွင့်သည် ××× အမြင့်စိတ်မြတ်ပေတကား။"**

* * *

ဒီပဲယင်းမောင်နိုး

ကျမ်းကိုး

၁။ အမြင့်သို့ အာရုံညွှန့်တက်ခြင်း (တက္ကသိုလ်ဘုန်းနိုင်)။

၂။ ရသစာပေဖန်တီးမှု (တက္ကသိုလ် ဘုန်းနိုင်)။



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်(ပြည်)

# ရသေ့ဆရာ ဦးမြတ်သာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်က "ဘ,ရသေ့"လို့ ခေါ်တာမျိုး ရှိသလို၊ ဘ,သာ"လို့ ခေါ်ခဲ့တာမျိုးလည်း ရှိပါ၏။ တကယ်တမ်း ...ည်မှာ လူအမည် "ဦးမြတ်သာ"ဖြစ်ပြီး၊ ရသေ့အမည်မှာ ...ညာ"ဖြစ်၏။

ကျွန်ုပ်နှင့် ဘ,ရသေ့တို့ လွှန်ခဲ့သော အနှစ် ၃၀ ခန့် ...ည်းက ရွှေတောင်မှာ ဆုံဖူး၏။ ရွှေတောင် ဆိုသည်မှာ ...မြို့တောင်ဘက် ၉မိုင်ခန့်အကွာမှာ ရှိသော အေးဆေး ...ည့် မြို့ငယ်လေးတစ်မြို့ဖြစ်၏။ ချည်ထည်ရက်လုပ်ခြင်း၊ ...ကန်းစင်ထောင်ခြင်းတို့ဖြင့် နာမည်ရရုံမက၊ နောက်ပိုင်း ...တောင်ချည်မျှင်နှင့် အထည်စက်ရုံပင် ရှိခဲ့သော မြို့ဖြစ် ... ကိုးသဲလေးထပ် ဆရာတော်ကြီး၊ ဆရာကြီး သခင်ကိုယ် ...မှိုင်း၊ စာရေးဆရာ မောင်တင့်တယ် အစရှိသဖြင့် ထင် ...ခဲ့သော မြို့ကလေး။

ထိုမြို့လေး၏ တစ်နေရာမှာ ဘရသေ့နှင့် ကျွန်ုပ် ဆုံ ...ခဲ့ခြင်းဖြစ်ပေ၏။ ဘရသေ့၏ အသက်မှာ ၇၀ နီးပါးရှိပေ ... အသားညို၏။ အရပ်အမောင်း ကောင်းကောင်းကြီးဟု ...သာသော်လည်း သင့်ပေ၏။ စကားပြောကောင်း၏။ ...ပြောချို၏။ လောကီပညာမျိုးစုံ တတ်ကျွမ်း၏။ ကျွန်ုပ် ...လောက် ပြောရလျှင် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ် ... သိုင်းပညာ၊ မျက်လှည့်ပညာ၊ မှော်ပညာ စသဖြင့် စုံ ...စွာ တတ်မြောက်၏။ တတ်သည်ဆိုရာ၌လည်း ယောင် ...ာင်တောင်တတ်ခြင်းမဟုတ်။ ကျွမ်းကျွမ်းကျင်ကျင် ...တ်မြောက်ခြင်းဖြစ်၏။

ထိုခေတ်၊ ထိုကာလက ဘရသေ့ကို လူသိများလေ၏။ ...သော် ဘရသေ့က လူတိုင်းကို စကားမပြော။ ဘာသိဘာ ... နေ၏။

ကျွန်တော်နှင့် ဘရသေ့ကတော့ ဘယ်ဘဝက ပတ္တာန်း ...က်မှန်းမသိ။ ကျွန်တော့်ကို အလွန်ခင်၏။ စကားတွေ ...ပြော၏။ တစ်ပတ် တစ်ကြိမ်တွေ့ရန် ချိန်း၏။ ဤသို့ဖြင့် ...ယ်ကြိမ်ထက်မနည်း ကျွန်တော် အဘနှင့် ဆုံမိလေ၏။

ကျွန်တော်နှင့် ဘရသေ့ ဆုံသောနေရာမှာ ရွှေတောင် ...မ်းနားလမ်းရှိ ချမ်းသာကြီးစေတီတော်ဘုရားဝင်းအတွင်း ... ဖြစ်၏။ ချမ်းသာကြီးကျောင်း ဆရာတော်မှာ ကျွန်တော် ...ယ်ဆရာဖြစ်သလို၊ ကျွန်တော် မူလတန်းကျောင်းသား ... ကျောင်းတက်ရစဉ်ကလည်း ထိုကျောင်းဝင်းအတွင်း၌ ... ကျောင်းတက်ရ၏။ အကြောင်းမှာ အစိုးရ မူလတန်း ကျောင်းမှာ ထိုကျောင်းဝင်းအတွင်း ရှိသောကြောင့်ပင်။

(ချမ်းသာကြီးဆရာတော်မှာ ယနေ့တိုင် သက်တော်ထင်ရှားဆဲ ရှိပါသေးသည်။ သက်တော် ရှစ်ဆယ်ကျော်ပါပြီ။ သီလ၊ သမာဓိ ပညာဂုဏ် ကြီးပါ၏။ အဓိဋ္ဌာန်မပြတ် ဆောက်တည်လျက် နှစ် ၂၀ကျော်တွင် တောထွက်ခဲ့ပါသည်။ ယနေ့တွင် "အကျော့်စွတ္တ မြတ်သဒ္ဒါ"ဟူသော အဓိဋ္ဌာန်စေတီတော်ကြီးကို ရွှေတောင်မြို့အရှေ့ဘက် တောတွင်းတစ်နေရာ၌ တည်ထားပူဇော် ပြီးမြောက်ခဲ့ပြီ။ ထီးတော်တင်ရန်သာ ကျန်ပါတော့သည်။ ပါရမီရှင်အပေါင်း ကုသိုလ်ယူလိုပါက သွားရောက် လှူဒါန်းနိုင်ပါ၏။ ဆရာတော်ကြီးမှ ပဋ္ဌာန်းဆက်များကို မျှော်နေပါကြောင်း။)

တစ်နေ့ ကျွန်တော်နှင့် ဘရသေ့ ချမ်းသာကြီးဘုရားဝင်း တစ်နေရာတွင် ချိန်းဆိုပြီးတွေ့ခိုက်...

"ဒီနေ့ ငါ့မြေးလေးကို စကားလက်ဆောင်ပေးမယ်။ ပြီးတော့ အင်းလက်ဆောင်ပေးမယ်"

"ဟုတ်ကဲ့၊ ဘရသေ့"

"စကားလက်ဆောင်ကို သေချာမှတ်။ ဦးနှောက်ထဲမှာ စွဲနေအောင် မှတ်ရမယ်။ အင်းလက်ဆောင်ကိုတော့ အသက် ၅၀ ပြည့်တဲ့နှစ်မှာ တန်ခူးလက စပြီး တစ်လ တစ်တိုင် တစ်သက်လုံး ထွန်းပြီး ဘုရားပူဇော်ရမယ်။ အင်းကို စာအုပ်ထဲမှာ ရေးပေးမယ်။ စာအုပ်ကို သေချာသိမ်းထား။ မပျောက်စေရဘူး။ ငါ့မြေး ယုံယုံကြည်ကြည်ရှိရမယ်၊ ကြားလား"

"ကြားပါတယ် ဘရသေ့"

"အေး၊ ဟုတ်ပြီ။ စကားလက်ဆောင်ပြောမယ်ကွဲ့။ လောကမှာ လိုချင်လို့ ရတာဆိုတာ ဦးစွာမှတ် ငါ့မြေး။ အရာဝတ္ထုတစ်ခုကို ငါ့မြေး လိုချင်လာပြီဆိုရင် အချိန် ဘယ်လောက်ကုန်ကုန် အဲဒီအရာဝတ္ထုကို ရအောင် လုပ်မယ်ဆိုတဲ့ ပြင်းထန်တဲ့ လိုချင်စိတ်ရှိရမယ်။ စိတ်ပညာရှင်တွေ၊ စိတ်တန်ခိုးရှင်တွေရဲ့ အဆိုအရ လူတစ်ယောက်ဟာ သူ လိုချင်ရယူဖို့ အဆင်သင့်ဖြစ်နေရင် အဲဒီအရာဝတ္ထုဟာ ဖြစ်ပေါ်ပေးရတယ်တဲ့။ ဘဝမှာ ရည်မှန်းချက်ထား၊ ရည်မှန်းချက်ကို မျက်ခြေပြတ်မခံနဲ့။ စိတ်ဓာတ်ထဲမှာ စွဲမြဲ ဖွဲ့သန် ပြင်းထန်နေရမယ်။ စိတ်အလိုဆန္ဒပြင်းထန်ရင် မမျှော်လင့်ဘဲ၊ မထင်မှတ်တဲ့ ပုံစံနဲ့ အောင်မြင်မှု ရလဒ်ကောင်းဆိုတာ ရောက်လာတာပဲ။

ကိုယ့်ပန်းတိုင်ကို အရောက်လုပ်ရာမှာ ဘေးဘီဝဲယာက အတင်းစကားတွေ ပြောကြမယ်။ နလုံးမသွင်းနဲ့။ အဖျင်း



www.burmeseclassic.com

www.burmeseclassic.com



စကားလို့ မှတ်ယူထား။


ပြင်းပြထက်သန် စိတ်အားမာန်ရှိတဲ့ အတွေးဟာ ထိတွေ့ကိုင်တွယ် ဆုပ်ကိုင်လို့ မရပေမယ့်၊ မှန်ကန်တဲ့ နည်းလမ်းနဲ့ စနစ်တကျ ပုံဖော်နိုင်ရင် လောကီဥစ္စာပစ္စည်းဆိုတာ ပြည့်စုံလာလိမ့်မယ်။ ဘဝထဲမှာ ဆုံးရှုံးရခြင်းဆိုတာ တွေလည်း တွေ့လိမ့်မယ်။ ဒါဟာ ယာယီသာ ဖြစ်တယ်။ လူတိုင်းတွေ့နိုင်တာပဲ။ ကိုယ်မှ တွေ့ရတာ မဟုတ်ဘူးလို့ နလုံးသွင်းထားရမယ်။ အရှုံးတွေ့တိုင်း စိတ်ဓာတ်ကျရင်၊ အရှုံးပေးရင် သာမန်လူဖြစ်တယ်။ ငါ့မြေးက ပါရမီရှင်ဖြစ်တယ်။ ခု မယုံနဲ့။ အချိန်တန်ရင် ဘရသေ့ ပြောခဲ့တာတွေ မှန်ကြောင်း တွေ့လိမ့်မယ်။ ပြင်းပြတဲ့ ဆန္ဒကို ပျိုးထောင်ပါ။ ဒီစိတ်ဓာတ်ရှိရင် သံလိုက်ဓာတ်၊ ညှို့ဓာတ်တွေ ရလာမယ်။ ဖြစ်ချင်တာကို အခွင့်အလမ်းကြည့်ပြီး လက်တွေ့ အကောင်အထည်ဖော်ပါ။ ငါ့မြေး အောင်မြင်မယ်။ ကျော်စောလာမယ်။ ဒါဟာ လောကီအောင်မြင်မှုအတွက် တကယ်လိုအပ်တဲ့ အခြေခံ စိတ်ထားဖြစ်တယ်။


နောက်ဆုံးပြောချင်တာက ကိုယ့်ကိုယ်ကို ယုံပါ။ ကိုယ်လုပ်တဲ့ အလုပ်ကို ယုံပါ။ ယုံကြည်တဲ့အတိုင်း လက်တွေ့ကျကျ တစိုက်မတ်မတ်လုပ်ပါ။ စိတ်ဓာတ်အကျမခံနဲ့။ တကယ်လို့ ကျရင် အသိဝင်၊ ပြန်ကောက်။ ပြင်းပြတဲ့ စိတ်နဲ့ ကြိုးစားပါလို့ ပြောခဲ့ပါရစေ"

မနားတမ်း ပြောနေသော ဘရသေ့ကို ကျွန်တော်ငေးကြည့်မိနေရင်း ပြောသမျှကို လိုက်မှတ်နေမိ၏။ ကျွန်တော့်အကြောင်းကို သီလ၊ သမာဓိ၊ ပညာဖြင့် သိမြင်နေသောကြောင့်သာ ပြောနေခြင်းဖြစ်ကြောင်း ကျွန်တော် ခံစားနေမိ၏။ ဘာပဲပြောပြော ဘရသေ့၏ စကားလက်ဆောင်မှာ ကျွန်တော့်ဘဝအတွက် အသုံးတည့်နေမည်သာ ဖြစ်ပါ ၏။

ပြီးသော် ဘရသေ့သည် ကျွန်တော့်ထံ ဗလာစာအ တစ်အုပ်နှင့် ခဲတံကို တောင်းလေ၏။ ပေတံလည်း တော လေ၏။ ပြီးလျှင် အနီးရှိ ဓမ္မာရုံတစ်ခုထဲသို့ ဝင်သွားလေ ဓမ္မာရုံထဲရှိ ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးကန်တော့၏။ ပြီ စာအုပ်ထဲတွင် ခဲတံဖြင့် ပေတံကို အသုံးချကာ အောက် အင်းကွက်ကို ရေးဆွဲလေ၏။ အင်းကွက်မှာ နှစ်ခုဖြစ်လေ

ထိုအင်းကွက်များ ချထားသော စက္ကူဖြူကို ဖယောင် တိုင်တွင် ပတ်၍ ထွန်းညှိ ပူဇော်ရပါ၏။ အထူးသဖြင့် ကောင်းချင်သူများ၊ အခက်အခဲရှိသူများ၊ အပွင့်အလန်း အ နည်းသူများ၊ သိဒ္ဓိလိုလားသူများ အသုံးအစွဲပြုနိုင်ပါ၏။ ကြည်မှုသာလျှင် လုပ်ရမည်ဖြစ်၏။




အဓိက လုပ်ရန်မှာ တန်ခူးလဖြစ်၏။ လဆ တစ်ရက်မှ လကွယ်နေ့တိုင်အောင် တစ်ရက် နှစ်တိုင်ထွ မည်ဖြစ်၏။ ထွန်းနေစဉ် (၁) ပထဝီဇယျမဂ္ဂန်၊ (၂) တပတိဂါထာ၊ (၃) သမ္ဗုဒ္ဓေဂါထာ၊ (၄)မေတ္တသု (၅)အရပ်ရှစ်မျက်နှာ မေတ္တာပို့ခြင်းကို ရက်မပျက် လုပ်ရ

တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လများတွင် နိုင်၏။ အကျိုးပေး ကောင်း၏။ လက်တွေ့ဖြစ်ပါ၏။ ကျွ တော် ကြုံဆုံခဲ့ရသော ရသေ့ဆရာ ဦးမြတ်သာထံမှ ရခဲ့သေ လောကီပညာအစိတ်အပိုင်းတစ်ခုကို မျှဝေလိုက်ရပါလေ၏။

* * *

ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com


(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄




# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက・・・

"လာ・・・ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ။ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ ဆိုးနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် အဆိမ့် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရှစ်ရှစ်ဖြစ်ပြီး နာတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီးညှိလို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းသူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်မာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ နာကျင်စွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ・・・

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား**ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား**ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် ကျောက်ကပ်ပြစ်ပျက်ယွင်းမှုနဲ့ ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ **ဆရာ ဦးလှိုင်မြင့်**က **ကြက်လည်ဆံ ဆီးဆေး**ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ **ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက်**ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့ အောင်ပုဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် ・・・ ကိန္နရီ ・・・**တဲ့ဗျ။

## ပင်ရင်းဌာန– ကန္တရဝတီဆေးတိုက်

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၄၅၇၇


www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ကြွင်းနဂါးနှင့် ပတ်သက်သည့် ပုံပြင်



ဂါဒြိုးအွန်းကို

www.burmeseclassic.com

www.burmeseclassic.com

တခစ်ခစ် တဟာစ်ဟာစ်ရယ်သံလေးများကို ဦးအောင်မြင် တရားထိုင်နေရာမှ ရုတ်တရက် ကြားလိုက်ရသည်။ ထိုအသံစကြောင့် အံ့ဩစွာဖြင့် အသံလာရာဆီသို့ နားစိုက်စိုက်ထောင်လိုက်မိတော့ ကလေးငယ်လေးများ၏ အပြုံး ထူးပျော်စွာ ရယ်မောနေသံလေးများ အို…နားကြားမှားခြင်းမဟုတ်ပါဘူး။ ဤသို့ ညသန်းခေါင်ယံချိန်တွင် မည်သူ၏ ကလေးတွေများ လရောင်အောက်တွင် ဆော့ကစားနေကြပါလိမ့်။

အသံကား တောင်ကုန်းအောက် လျှိုမြောင်အတွင်းမှ ဖြစ်ပေမည်ဟု ယူဆမိသောကြောင့် ပိုလို့ပင် စဉ်းစားစရာဖြစ်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလျှိုမြောင်အတွင်းသို့ ဆင်းသည့်အလုပ်မှာ လွယ်ကူလှသောအလုပ်မဟုတ်။ ကလေးမဆိုထားနှင့်၊ လူကြီးများပင် အတော်ကြမ်းတမ်းခက်ခဲစွာ ကုတ်တွယ်ဆင်းတက်ရသောနေရာ။ ဤသို့ဆိုလျှင် ထိုလျှိုမြောင်တွင်းသို့ ကလေးငယ်များ မည်သို့ရောက်ရှိ ဆော့ကစားနေကြပါသနည်း။

ဦးအောင်မြင် တရားထိုင်နေရာမှ တရားဖြုတ်ကာ အသံလာရာဆီသို့ ထွက်လာခဲ့မိ၏။ အသံက ပျောက်ပြယ်သွားပါဘဲ ပို၍ပင် ကျယ်လာသဖြင့် ဦးအောင်မြင်၏ သိချင်စိတ်တို့က အမြင့်အထိပ်သို့ ရောက်ရှိလာချေပြီ။ ထိုလျှိုမြောင်အတွင်းသို့ နေ့စဉ် တက်ဆင်းနေကျဖြစ်သောကြောင့် ဦးအောင်မြင်အတွက် အခက်အခဲတစ်စုံတစ်ရာမရှိဘဲ လျှိုမြောင်အတွင်းသို့ ရောက်ရှိသည်။

လျှိုအတွင်းသို့ ရောက်သောအခါ ဦးအောင်မြင် ပိုလို့ပင် အံ့အားသင့်သွားရသည်။ ထိုလျှိုအတွင်းတွင် မည်သည့်ကလေးမျှ မရှိ။ တခစ်ခစ် တဟာစ်ဟာစ် ရယ်သံလေးကလည်း လျှိုအတွင်းသို့ ဦးအောင်မြင်ရောက်ရှိသည့်အခါ လုံးဝကို ကွယ်ပျောက် ဆိတ်ငြိမ်သွားတော့သည်။

"ဟင်…ဘယ်လိုပါလိမ့်"

သန်းခေါင်ယံညကာလဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်ရသော်လည်း၊ မှုန်ပြပြ လခြမ်းကွေးလေး၏ အလင်းရောင်သဲ့သဲ့ကြောင့် လျှိုမြောင်ထဲတွင် မည်သူမျှမရှိကြောင်းကို ဦးအောင်မြင် မျက်စိနှင့် တပ်အပ်မြင်လိုက်ရ၍ စိတ်နလုံးကို ဒုန်းဒုန်းချကာ လျှိုအတွင်းမှ ပြန်တက်ခဲ့သည်။ သို့သော် ထိုနေရာကို အသေအချာမှတ်သားကာ၊ မနက် နေပွင့်ကာမှ တစ်ခေါက်ပြန်လာကြည့်မည်ဟု ဦးအောင်မြင် အားခဲထားလိုက်တော့၏။

◈◈◈

နံနက်မိုးသောက်တွင် ဦးအောင်မြင်သည် တပည့်ရှာသား နှစ်ယောက်သုံးယောက်ကို ခေါ်ကာ၊ ထိုလျှိုအတွင်းသို့ နောက်တစ်ကြိမ်ပြန်ဆင်းခဲ့သည်။ ညက အသေအချာမှတ်သားထားသော နေရာသို့ ရောက်ရှိသည့်အခါ အံ့ဩထူးဆန်းဖွယ် အချင်းအရာတစ်ခုက ဦးအောင်မြင်တို့လူစုကို ကြိုလင့်လို့နေလေပြီ။

"ဟာ…ဆရာ ကျောက်ဖျာကြီးပဲ၊ ဒီနေရာမှာ ကျောက်ဖျာကြီး ရှိနေတာကို ဆရာ ဘယ်လိုလုပ် သိပါလိမ့်ဗျာ။ အဘရုပ်ထုအတွက် ကျောက်သားလိုနေတာဆိုတော့ အတော်ပဲပေါ့"

ထိုနေရာတွင် မြေကြီးတွင်းမှ သုံးပေခန့် ပေါ်နေသော ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့လိုက်ရ၍ ဦးအောင်မြင်၏ တပည့်တပန်းများ ဝမ်းသာအားရဖြစ်သွားကြသည်။ ဟုတ်၏။ ဦးအောင်မြင်က ဤဒေသကို သာသနာပြု ပုဂ္ဂိုလ်အဖြစ်ဖြင့် ရောက်ရှိလာခဲ့ပြီး၊ ယခုလည်း အဘရုပ်ထု၏အောက်တွင် ကျောက်ပလ္လင်ခံရန် ကြီးမားပြန့်ကျယ်သော ကျောက်ဖျာကြီးတစ်ချပ်ကို လိုက်လံရှာဖွေနေသည့်အခိုက်၊ ယခုသို့ မြေပြင်ထက်တွင် သုံးပေခန့် ပေါ်နေသော ကျောက်ဖျာကြီးကို တွေ့မြင်လိုက်ရ၍ ဦးအောင်မြင်ကိုယ်တိုင်ပင် အတော်ဝမ်းသာအားရဖြစ်သွားမိသည်။

ဦးအောင်မြင်သည် ဤ------ ကျေးရွာသို့ လွန်ခဲ့သော အနှစ် (၂၀) ဝန်းကျင်က ရောက်ရှိလာခဲ့ပြီး၊ ဘုရားတည် ကျောင်းဆောက်သော အမှုတို့ကို ပြုကာ၊ ဤဒေသ သာယာစည်ကားအောင် ဖြည့်ဆည်းပေးခဲ့သူဖြစ်၏။ အမှန်တော့ ဦးအောင်မြင်သည် တစ်ချိန်က အောင်မြင်ကျော်ကြားသူတစ်ဦးဖြစ်ခဲ့ပြီး၊ ထိုအောင်မြင်မှုတို့ကို ဖယ်ခွာကာ ဤဒေသသို့ ပဌာန်းဆက်တစ်ခုကြောင့် ရောက်ရှိလာခဲ့ရာမှ တရားထိုင်၊ ပုတီးစိပ်သော အမှုတို့ကို ဝါသနာထုံသွားရင်း အသိအမြင်နည်းပါးပြီး အခြေအနေနိမ့်ကျနေသော ဤဒေသအပေါ် ကရုဏာသက်ဝင်၍ သာယာစည်ပင်လာစေရန် အားထုတ်ခဲ့ခြင်းဖြစ်သည်။ ဦးအောင်မြင်၏ ကြိုးပမ်းမှုကြောင့် အနှစ် ၂၀အတွင်း ဤဒေသသည် အတန်ငယ် စည်ကားလာခဲ့ပြီ။

လွန်ခဲ့သော ဖလခန့်မှ စ၍ ဦးအောင်မြင်သည် အဘ ဘိုးမင်းခေါင်၏ ရုပ်ထုကို ထုလုပ်ကာ ကမ္ဘာလုံးစေတီအနီးတွင် ထားရှိရန် ကြိုးပမ်းခဲ့ရာ ရုပ်ထု ထုလုပ်ပြီးစီးသော်လည်း အောက်ခံပလ္လင်အတွက် ကျောက်သား



www.burmeseclassic.com

www.burmeseclassic.com

အရှာရခက်နေ၍ မပြီးနိုင် မစီးနိုင်သေး သေး။ ထိုအချိန်တွင် စေတီတည်ထားရာ အနီးရှိ လျှိုမြောင်ကြီးအတွင်းမှ တခစ် ခစ် ရယ်သံလေးများကို ညအခါ၌ ကြား နာလိုက်ရသဖြင့် နံနက်မိုးသောက်တွင် ဆင်း၍ ကြည့်ရှုကြသည့်အခါ မြေပြင် တွင် သုံးပေခန့် ပေါ်နေသော ကျောက် ဖျာကြီးတစ်ချပ်ကို တွေ့မြင်လိုက်ကြ ရ၏။ ဦးအောင်မြင်အပါအဝင် လုပ်အား ပေး ရွာသူရွာသား တပည့်တပန်းများ အားလုံး ဝမ်းသာအားရဖြစ်သွားကြ သည်။ အဘုပ္ပလ္လင်အတွက် လိုအပ်နေ သော ကြီးကြီးမားမား ကျောက်ဖျာ တစ်ချပ်ကို ရှာတွေ့လေပြီ မဟုတ်ပါ လော။

ထိုမှ စတင်ကာ ရွာသား တပည့် ခုနစ်ယောက်၊ ရှစ်ယောက်ခန့်ဖြင့် ထို ကျောက်ဖျာကြီးကို စတင် တူးဖော်ကြ လေ၏။ ပထမတော့ ပေါ်လာနိုး ပေါ် လာနိုးနှင့် ကျောက်ဖျာ၏ အရွယ်အစား ကို ဖြေပေလောက်သာ ရှိလိမ့်မည်ဟု ယူဆထားမိကြသော်လည်း၊ ယခုအခါ ၌ တူးရင်း တူးရင်း မဆုံးနိုင်တော့။ တဖြည်းဖြည်းနှင့် ၁၀ ပေ၊ ၁၅ ပေပင် ကျော်လာချေ၍ ရွာသူရွာသားများမှာ အဘယ်မျှ ကြီးမားသော ကျောက်ဖျာ ကြီးဖြစ်ပါလိမ့်ဟု တွေးတောရင်း မော လာကြပြီ။

တူးရင်းတူးရင်းဖြင့် တဖြည်းဖြည်း ရုပ်လုံးပေါ်လာချိန်တွင် ပိုလို့ပင် အံ့ဩ ထူးဆန်းဖွယ်ရာ။

ထန်းပင်လုံးခန့် အနံရှိပြီး အလျားပေ ၃၀ ကျော်သော ထို ကျောက်ဖျာကြီး၏ ပုံသဏ္ဌာန်မှာ အမှန် ပင် နဂါးတစ်ကောင်နှင့် အသွင်တူညီ နေလေသည်။ ထိုဒေသ၌ သာသနာပြု နေသော ဦးအောင်မြင်ကိုယ်တိုင်ပင် ထိုအချင်းအရာကို တွေ့မြင်လိုက်ရ



သည့်အခါ ထူးဆန်းအံ့ဩသွားမိသလို၊ ဤအရပ်တွင် နဂါးသိုက်များ ရှိလေ မလားဟူ၍လည်း တွေးတောမိ၏။

နေရာက လျှိုမြောင်အတွင်းတွင် ဖြစ်၍ တူးဖော်သူများအတွက် ရာသီ ဥတုဒဏ် ခံနိုင်စေရန် အမိုးအကာနှင့် အဆောက်အအုံငယ်လေးကို ဆောက် လုပ်ထားရသည်။ တစ်နိုင်တစ်ပိုင် ဝိုင်း ဝန်းလုပ်ကြရခြင်းဖြစ်၍ အစစအရာရာ အဆင်မပြေချေ။ အပေါ်အောက် ရေ သယ်ပို့ရေးကအစ ဒုက္ခများနေရသဖြင့် ဦးအောင်မြင်က တစ်စုံတစ်ဦးကို တိုင် တည် အကူညီတောင်းနေမိသည်။ သို့ကြောင့်လား မပြောတတ်၊ ထိုတိုင် တည်မိသည့်ညတွင် ဦးအောင်မြင် တစ်ယောက် ထူးဆန်းသောအကြောင်း အရာနှင့် တွေ့ကြုံရတော့၏။

"ခစ်ခစ်"

"ဟီဟီ…မိတော့မယ်၊ မိတော့ မယ်"

"အမယ်…မိလည်း မိဘဲနဲ့၊ ခစ်ခစ်"

ရယ်ရွှင်ပျော်မြူးစွာ အော်ဟစ် ဆော့ကစားနေကြသော ကလေး လေးများကို ကြားနေရ၍ ဦးအောင်မြင် လျှိုကြီးထဲသို့ တစ်ကိုယ်တည်း ဆင်း လာခဲ့လိုက်သည်။ အသံက ထိုလျှို မြောင်အတွင်းမှ လာနေခြင်းပါပေ။ ည ဘက်ဖြစ်သော်လည်း ကောင်းကင် တွင် လမင်းက ထွန်းပြည့်စွာ သာလင်း လျက်ရှိ၍၊ ပတ်ဝန်းကျင်မှ ဆရာအား လုံးကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့ နေရ၏။

ကလေးငယ်လေးနှစ်ယောက် နဂါးသိုက်ဟု ဦးအောင်မြင် ထင်မြင် ယူဆထားသော ကျောက်တုံးကြီး တူး ဖော်ရရှိရာ နေရာနားတွင် ပြေးလွှား ဆော့ကစားနေကြသော ကလေးငယ် နှစ်ဦး။ ဦးအောင်မြင် အသေအချာ ကြည့်လိုက်တော့ ၆နှစ်၊ ၇နှစ်အရွယ် ကောင်လေးနှင့် ကောင်မလေး။ လျှို မြောင်ထဲမှ ကလေးသံများ ကြား ကတည်းက စိတ်ဝင်စားလျက်ရှိသော ဦးအောင်မြင်သည် ကလေးများကို ဒီတွေ့မြင်ရသည့်အခါ စိတ်ဝင်စား ခြင်းများစွာဖြင့် သူတို့လေး နှစ်ဦး အနီးသို့ တစ်လှမ်းချင်း တိုးကပ်သွား လိုက်မိသည်။

"ဘာဘ…မင်္ဂလာပါ"

ထင်မှတ်မထားသော ကလေး များ၏ နှုတ်ဆက်စကားကြောင့် ဦးအောင်မြင် မင်သက်သွားရာမှ က ကတမ်း ပြန်လည်နှုတ်ဆက်သည်။

"သြော်…အေးအေး၊ မင်္ဂလာ ကွယ်။ သားတို့က ဘယ်ကလဲ"

"သားတို့က ဒီမှာ နေတာ ဘာဘ"

ကလေးငယ်လေး၏ အဖြေ ကြောင့် ဦးအောင်မြင် တစ်ချက် တွေ



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားလိုက်မိသည်။ ဤနေရာတွင် ထိုင်ကြသည်ဟုဆိုသော ကလေး နှစ်ယောက်ကိုလည်း အသေအချာ ကြည့်လိုက်မိ၏။ ကလေးငယ်လေး ယောက်သည် အသားဖြူဖြူဝင်းဝင်း၊ တောင်ကော့ကော့စိမ်းစိမ်း၊ မျက်နှာ ပြည့်ပြည့်လေးများ ဖြစ်ကြသလို၊ သက်အရွယ်နှင့် မလိုက်အောင်ပင် ကျေးပျူငှာနေကြသည်။ ဤလို တွင်း၌ နေထိုင်သော ဤကလေး နှစ်ဦးမှာ လူသားစင်စစ်တော့ ဟုတ် မည်မထင်။ ဟိုဟိုသည်သည် အကြောင်းအရာများကို တွက်ဆ စားနေရင်းနှင့်မှ မိမိစိတ်ကူးထဲတွင် သဏ္ဌာန် ကျောက်လုံးကြီး တူး ရေးနှင့် ပတ်သက်ပြီး တောင်းဆို ဋ္ဌာန်ထားသည်ကို ချက်ချင်း သတိ သွားကာ• • •

"ဒါဆို သားတို့က ဒီကပေါ့။ တို့နာမည်တွေကရော ဘယ်သူ လဲ"

"သားနာမည်က ဝဏ္ဏစည်သူပါ။ သားညီမလေး သုစိတ္တာပါ ဘဘ"

"အေးကွယ်၊ သားတို့လည်း သိ ယ်။ ဘဘက ဒီမှာလာပြီး ဘုရား ကျောင်းဆောက်ပြီး သာသနာ အောင် တတ်စွမ်းသမျှ ကြိုးစား နေသူပါကွယ်။ ဒီဒေသက တစ်ချိန် ကွင်းခေါင်ခေါင်ဒေသကြီး။ ဒီနား မှာ ရေတွင်းတူးဖော်မရလောက် င် ရေရှားပါးပြတ်လပ်ခဲ့တဲ့ နေရာ။ ရောက်လာပြီး ၁၀နှစ်ကျော်ကြာ အားထုတ်ရင်း သာသနာပြုခဲ့လို့ အတော့်ကို စည်ပင်သာယာနေ ခုလည်း ဒီနဂါးသဏ္ဌာန် ကျောက် ကို ဖော်ထုတ်တဲ့ နေရာမှာ တွေ၊ ငွေအားတွေ လိုအပ်နေ သားတို့လည်း တစ်ဖက် တစ်လမ်းက ကူညီနိုင်ရင် ကူညီပါဦး။ ဒီနေရာလေးသာ အဆောက်အအုံ လုံလုံခြုံခြုံနဲ့ဆို သားတို့လည်း ကစားရတာ ပိုအဆင်ပြေတာပေါ့ကွယ်"

"စိတ်ချပါ ဘဘ။ သားတို့ ကူညီနိုင်တာရှိရင် ကူညီမှာပါ။ ဘဘလည်း သားတို့နေရာကို သေသေချာချာ ဆောက်လုပ်ပေးပါနော်"

"စိတ်ချပါ ကလေးတို့ရယ်"

ဦးအောင်မြင်နှင့် ကလေးငယ်နှစ်ဦးတို့ အပြန်အလှန် ကတိပေးကြပြီးနောက်၊ ထိုကလေးငယ်လေး နှစ်ယောက်သည် နေရာ၌ပင် အခိုးအငွေ့များအဖြစ် တဖြည်းဖြည်းပြောင်းလဲကာ လုံးဝ ပျောက်ကွယ်သွားတော့သည်။

◈◈◈

ဦးအောင်မြင် အိပ်မက်မှ နိုးလာတော့ အပြင်လောကသည် အာရုံကျင်းစ ပြုနေပြီ။ ဦးအောင်မြင် အိပ်ရာမှ ထလာကာ အိပ်မက်အကြောင်းကို ပြန်လှန်စဉ်းစား သုံးသပ်နေမိသည်။ ထူးတော့ ထူး၏။ ထိုကလေးငယ်နှစ်ဦးမှာ ပထမဆုံး ထိုကျောက်ဖျာကို ရှာဖွေတွေ့ရှိစေရန် အသံပေး၍ ညွှန်ပြခဲ့သူလေးများ ဖြစ်ကြပြီး၊ ယခုလည်း ကြုံတွေ့နေရသော အခက်အခဲများကို တတ်စွမ်းသမျှ ကူညီမည်ဟု ပြောသဖြင့် ဦးအောင်မြင် အားတက်သွားမိသည်။

နံနက်လင်းအား တက်လာချိန်တွင် ထိုကလေးငယ်နှစ်ဦးမှ အမှန်ပင် ကူညီလိုက်ခြင်းလား၊ ကံအကြောင်းတရားတိုက်ဆိုင်စွာ ရောက်ရှိလာကြခြင်းလား မဆိုတတ်၊ တကယ်ပင် ငွေအား၊ လူအားဖြင့် ကူညီမည့်သူများ ရောက်ရှိလာကြပြီး ကာလကြာမြင့်စွာ တူးဖော်၍ မပြီးစီးနိုင်သော ထိုနဂါးသဏ္ဌာန် ကျောက်တုံးကြီးကို အချိန်တိုအတွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပေသည်။

ထိုကျောက်နဂါးသည် အလျား ၃၂ပေ ရှည်လျားပြီး၊ အမှန်ပင် နဂါးတစ်ကောင်နှင့် အသွင်သဏ္ဌာန်တူညီလွန်းလှ၍ ဦးအောင်မြင်သည် အနည်းငယ်မျှ ပြန်လည်မွမ်းမံပြီး ကလေးငယ်နှစ်ဦးအား ပေးထားသော ကတိစကားအတိုင်း ထိုနေရာဒေသကို အသေအချာပြင်ဆင် ဆောက်လုပ်ထားလိုက်သည်။

ယခုအခါ မြောင်မြို့ရှိ ထိုဒေသသည် အဓိဋ္ဌာန်အောင်မြင်ခြင်း၊ လုပ်ငန်းကိုင်ငန်း အဆင်ပြေစေရန် သစ္စာပြုနိုင်ခြင်းများကြောင့် မြန်မာပြည်တစ်ဝိုက်တွင် "ကျောက်နဂါး"ဟူ၍ နာမည်ကျော်ကြားလျက်ရှိပါတော့သည်။

(ဤအကြောင်းအား အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရှင်းလင်းပြောပြသော ဘဘအား ကျေးဇူးအထူးတင်ပါကြောင်း• • •)■

*စေတနာရှေ့ထားလျက်• • •*

* * *

ဂါဦးနွန်းကို



www.burmeseclassic.com




# ၂၀၁၄၊ ဇွန်လ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ ဇွန်လ၏ ကောင်းကင်ထက်၌ ပြိဿရာသီရောက် တနင်္ဂနွေဂြိုဟ် ဇွန် ၁၆ရက်နေ့တွင် မေထုန်ရာသီ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ် ကန်ရာသီ၌ တည်ရှိနေပါမည်။ မေထုန်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဇွန် ၈ရက်နေ့ ဂြိုဟ်ပတ်လမ်းကြောင်းထဲ၌ ဖောက်ပြန်သွားလာပါမည်။ မေထုန်ရာသီရှိ ကြာသပတေးဂြိုဟ် ဇွန်၂၀ရက်နေ့၌ ကရကဋ်ရာသီ ပြောင်းရွှေ့ ရပ်တည်ပါမည်။ မိဿရာသီမှ သောကြာဂြိုဟ် ဇွန် ၁၉ရက်နေ့၌ ပြိဿရာသီသို့ ပြောင်းရွှေ့ ရပ်တည် တူရာသီရှိ စနေဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း၌ ဖောက်ပြန်ရပ်တည်နေပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ် တူနှင့် မိဿရာသီများအတွင်း တည်ရှိနေပြီး ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီအတွင်း ဇွန် ၁၃ နေ့၌ ဖောက်ပြန်သွားလာ၍ ပလူတိုဂြိုဟ် မကာရာသီအတွင်း ဖောက်ပြန်တည်ရှိနေပါလိမ့်မည်။


ဇွန်လ ၉ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီ ၁၄မိနစ်၌ လနှင့် စိတြနက္ခတ်ကြယ် နီးကပ်စွာ ပူးယှဉ် ဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။ အနောက်လောင်ဂျီတွဒ် ၅၁ ဒီဂရီ ဝ၅ မိနစ်နှင့် တောင်လတ္တီတွဒ် ဝ၉ ဒီဂရီ ၃၅မိ ဘရာဇီးနိုင်ငံပေါ်၌ ဖြစ်ပေါ်မည်။ ဇွန်လ ၁၁ရက်၊ နံနက် ၁နာရီ ၁၇မိနစ်၌ လနှင့် စနေဂြိုဟ် နီးကပ်စွာ ပူးယှဉ် ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ အရှေ့လောင်ဂျီတွဒ် ၄၅ ဒီဂရီ ၁၉မိနစ်နှင့် တောင်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆မိနစ်၊ အီရန်နိုင် မွန်းတည့် မိုးကောင်းကင်၊ အိန္ဒိယသမုဒ္ဒရာကို မိုရီကျွန်းစုအနီး၌ ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ အီရန်၊ အီရတ်၊ ကာဇတ် ဥဇဘက် ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နိုင်ငံများ၌ နိုင်ငံရေး၊ အုပ်ချုပ်ရေး ထူးခြားဖြစ်စဉ်၊ ပြောင်းလျှင်ဖြစ်စဉ်များ ဖြ လာမည်။ ဖြစ်စဉ်အား အနောက်ဘက် မိုးကောင်းကင်ပြင်တွင်လည်း လေ့လာနိုင်ပြီး၊ စနေဂြိုဟ်အား သေးငယ် ကြယ်ပွင့်အဝါသဏ္ဌာန်ဖြင့် အလင်းအား ၉၂ရာခိုင်နှုန်းခန့်ရှိသော လမင်း၏ အနီးနား၌ တွေ့မြင်ရပါလိမ့်မည်။ ဇွန် ရက်၊ နံနက် ၃နာရီ ၁၄မိနစ်တွင် လမင်းနှင့် Star Graffias ကြယ် ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အရှေ့လော တွဒ် ၃၀ ဒီဂရီ ၃၇ မိနစ်နှင့် တောင်လတ္တီတွဒ် ၁၇ ဒီဂရီ ၅၀မိနစ် အာဖရိကတိုက် ဇမ်ဘီယာနိုင်ငံပေါ်တွင် ဖြစ်ပေါ်ပါလိ အနောက်ဘက် မိုးကောင်းကင်တွင် လေ့လာပါက အလင်းအား ၉၇ရာခိုင်နှုန်းခန့်ရှိသော လပြည့်လဝန်းအနီး Graffias ကြယ်အား တွေ့မြင်ရပါလိမ့်မည်။




www.burmeseclassic.com

www.burmeseclassic.com

ဇွန်လ ၂၀ရက်၊ မြန်မာစံတော်ချိန် ညနေ ၆နာရီ ၅၈မိနစ်၌ ဗုဒ္ဓဟူးဂြိုဟ် နေနှင့် ကမ္ဘာကြားသို့ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်မည်။ ဖြစ်စဉ်ဖြစ်မည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၁၇၃ ဒီဂရီ ၀၇ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၇ မိနစ်၊ မြောက်ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်ပါမည်။ ဗုဒ္ဓဟူးဂြိုဟ် နေ၏ အရှေ့ဘက် ရောက်ရှိနေချိန်ဖြစ်သည့်အတွက် ဖြစ်စဉ်အား ကမ္ဘာမှ မမြင်တွေ့နိုင်ပါ။ ရှေးဈေးနှုန်းများ တစ်ပတ်အတွင်း ကျဆင်းတတ်သည်။



လနှင့် စနေဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်နေပုံ




ဗုဒ္ဓဟူးဂြိုဟ် နေနှင့် ကမ္ဘာကြားထဲမှ တည့်မတ်စွာ ဖြတ်သန်းနေပုံ



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်

## ၂၀၁၄၊ ဇွန်လ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

### ARIES



**မိဿလက်**

ကံဇာတာ ပြန်လည်မြင့်မားကောင်းမွန်ပြီး မိမိရည်မှန်းချက်များ ပြည့်ဝအောင်မြင်ချိန်။ လုပ်ငန်းတာဝန် ဝတ္တရားများအတွက် ဦးနှောက်ခြောက်ရသော အချိန်ကာလ။ လုပ်ငန်း စီးပွား ငွေကြေးအကျိုးပေး ဆက်လက်မြင့်မား ကောင်းမွန်မည်။ အိမ်ခြံမြေယာဥ်ကိစ္စများအတွက် မိသားစု၌ စိတ်ပင်ပန်းမှုများ တွေ့ကြုံရင်ဆိုင်ရမည်။ မိမိလုပ်ငန်းတာဝန်ပိုင်း၌ ပင်ပန်းမှုယှဥ်တွဲ၍ ကံကောင်းအောင်မြင်မှုများ ဖန်တီးရယူနိုင်မည်။ ခရီးဝေးများ သွားလာရာတွင် စိတ်အနှောင့်အယှက် ပြဿနာများ တွေ့ကြုံ ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ မှန်ကန်သော စိတ်ကူးအကြံဉာဏ်သစ်များဖြင့် အောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်မည်။ ပညာသင်ကြားနေသူများ မထင်မှတ်သည့် လွဲချော်မှုများ တွေ့ကြုံရတတ်သည်။ အိမ်ထောင်ရှင်များ အေးချမ်းသာယာသည့် မိသားစုဘဝရရှိမည့် အချိန်ကာလ။ ချစ်သူများ အရင်ထက် ပိုမို၍ သံယောဇဥ် မေတ္တာတရားများ ခိုင်မြဲတည်တံ့ချိန်။

### TAURUS



**ပြိဿလက်**

ပြဿနာအတားအဆီး၊ အနှောင့်အယှက်များ ရက်တရက် တွေ့ကြုံ ရင်ဆိုင်ရတတ်သည်။ ဆုံးဖြတ်ချက်များ လွဲချော်ပြီး စိတ်ဆိုး ဒေါသဖြစ်ရသော အကြောင်းကိစ္စရပ်များ သတိပြုပါ။ ကျန်းမာရေးပိုင်း အညံ့ကြုံတတ်ပြီး ငွေကြေးပိုင်းဆိုင်ရာ ပျောက်ရှပျက်စီးဆုံးရှုံးမှုများ တွေ့ကြုံရတတ်သည်။ အိမ်ခြံမြေ ယာဥ်ကိစ္စများအတွက် အခွင့်အရေးအခြေအနေကောင်းများ တွေ့ကြုံပေါ်ပေါက်လာမည်။ လုပ်ငန်း တာဝန်များအတွက် စိတ်ပင်ပန်းဖိစီးမှု များပြားတတ်သည်။ ခရီးဝေးများ သွားလာရတတ်သည်။ လုပ်ငန်းရှင်များ ကံဇာတာအကောင်း-အဆိုး ခွန်တွဲနေမည်။ ပညာသင်ကြားသူများ ပင်ပန်းကြိုးကြားမှုများ ရင်ဆိုင်တွေ့ကြုံရတတ်သည်။ အိမ်ထောင်ရှင်များ စိတ်သဘောထားတိုက်ဆိုင် ညီညွတ်မှု နည်းပါးသော ကာလ။ ချစ်သူများ နားလည်မှု လွဲချော်၍ ပြင်းထန်သော အတိုက်အခံ ပဋိပက္ခများ တွေ့ကြုံရင်ဆိုင် ဖြေရှင်းရတတ်သည်။

### GEMINI



**မေထုန်လက်**

ငွေကြေးအစုလိုက်အပုံလိုက်ရရှိမှုများ ပေါ်ပေါက်တွေ့ကြုံတတ်ပြီး ထိကံစမ်းသင့်သော ကာလဖြစ်သည်။ လူမှုရေးနယ်ပယ်တွင် ဂုဏ်သိက္ခာ ထင်ရှားမြင့်မားပြီး စီးပွားရှာဖွေမှုအတွက် ကံမြင့်မားသောကာလ ဖြစ်သည်။ အတိုက်အခံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းကိစ္စရပ်များ ထူးခြားစွာ တိုးတက်အောင်မြင်မည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများလုပ်ငန်းမှ ငွေကြေးအထောက်အပံ့ အကူအညီကောင်းများ ရယူခွင့်ရှိမည့် ကာလဖြစ်သည်။ ခရီးဝေးသွားလာရာတွင် ကျန်းမာရေးအညံ့ကိစ္စများ ပေါ်ပေါက်တတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် မိမိမျှော်မှန်းထားသလောက် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေးအညံ့ကြောင့် ပညာရေးပိုင်း ထိခိုက်တတ်သည်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သည့် မိသားစုဘဝနေ့ရက်များ ဖန်တီးတည်ဆောက်ခွင့်ရရှိမည်။ ချစ်သူများ ထူးခြားစွာ စန်းထသော ကာလဖြစ်သည့်အတွက် သံသယ ပြဿနာအနှောင့်အယှက်များ ဖြေရှင်းရမည်။

### CANCER



**ကရကဋ်လက်**

ကံကောင်းကြီးပွားမည့် အခွင့်အရေးကောင်းများ လက်ဝယ်ရောက်ရှိ၍ မိမိ၏ ဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားသောကာလဖြစ်သည်။ မိမိနှင့် မိသားစုအတွင်း စီးပွားဥစ္စာတိုးတက်ကြီးပွားပြီး ရွှေ ရတနာနှင့် အသုံးအဆောင် ပစ္စည်းအသစ်အဆန်းများ စိတ်တိုင်းကျ ရရှိပိုင်ဆိုင်သုံးစွဲရမည်။ အိမ်ခြံ မြေယာဥ်တို့နှင့် ပတ်သက်၍ ငွေကြေးပိုင်း အကျိုးရှိမည်။ နိုင်ငံရပ်ခြားဒေသများနှင့် ပတ်သက်သော လုပ်ငန်းကိစ္စများအတွက် ကောင်းသောအဆက်အသွယ်ကောင်းများ ရရှိ၍ တိုးတက်အောင်မြင်မည်။ အဆင်မြင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပတ်သက်၍ ထီပေါက်သကဲ့သို့ ငွေကြေးအများအပြားရရှိတတ် သည်။ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင် တိုးတက်မှုများ အလွယ်တကူ တည်ဆောက်နိုင်မည်။ ပညာသင်ကြားသူများ ကံဇာတာအထူးမြင့်မားသည့် ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ ငွေကြေး များကြောင့် ပဋိပက္ခကြုံမည်။ ချစ်သူများ မိမိချစ်သူဖြင့် ဆုံတွေ့ခွင့် နည်းပါး၍ အဝေး၌ နေထိုင်ရသော ကာလ။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

ကံဇာတာအထူးကောင်းမွန်သောကာလဖြစ်သည်။ လုပ်ငန်းသစ်များ ဆက်သွယ်ဆောင်ရွက်မှု၌ အကျိုးထူးမည်။ ငွေကြေးအကျိုးအမြတ် များစွာဖြစ်ထွန်းမည့် အခွင့်အရေးကောင်းများ ပေါ်ပေါက်လာတတ်သည်။ မိမိကြိုးစားသလောက် အရာထင်မည်။ အဆင့်မြင့်လုပ်ငန်းကြီးများအား ဆက်သွယ်ဆောင်ရွက်ပေးရပြီး မိမိအတွက် ငွေကြေးအစုလိုက်အပုံလိုက်ရရှိမည်။ ထီကံစမ်းသင့်သော ကာလဖြစ်ပြီး မထင်မှတ်ပဲ ငွေကြေးအများအပြားရရှိမည်။ မိသားစု၌ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုကံ ကောင်းမွန်လာမည်။ အိမ်ခြံမြေယာဥ်ကိစ္စများအတွက်မိသားစု၌ ကံကောင်းကြီးပွား အကျိုးရှိမည်။ လုပ်ငန်းရှင်များ ထူးခြားသော အခွင့်အရေးသစ်များ စိတ်တိုင်းကျ ပုံဖော်ခွင့်ရရှိပြီး ဘဝကံမြင့်မားမည်။ ပညာသင်ကြားနေသူများ ထူးခြားစွာ ကံကောင်းတတ်သည်။ အိမ်ထောင်ရှင်များ ပြည့်စုံအေးချမ်းသော မိသားစုဘဝ ရရှိချိန်။ လုပမှုဖြင့် ပြည့်စုံသည့် ချစ်သူရက်များ ဖန်တီးပုံဖော် တည်ဆောက်ခွင့် ရရှိလာမည်။

## VIRGO



## ကန်လဂ်

အကောင်းဆုံးတိုးတက်အောင်မြင်မှုများဆက်တိုက်တွေ့ကြုံနိုင်သည်။ သို့သော် မိသားစုအရေးအတွက် သောကများရမည်။ ဂုဏ်သိက္ခာ ထင်ရှားကျော်ကြားပြီး ရွှေရောင်အနာဂတ်နေ့ရက်များ ပေါ်ထွန်းလာမည်။ ငွေကြေး၊ လုပ်ငန်းကိစ္စများ၌ မျှော်မှန်းသည်ထက် ပိုမိုအကျိုးရှိချိန်။ ဘုန်းကံသြဇာအရှိန် အဝါမြင့်မားပြီး ကံကောင်းကြီးပွားမှုများ ဖန်တီးတည်ဆောက်နိုင်မည်။ အကြံဉာဏ်ကောင်းများဖြင့် ခရီးဆက် ရွက်လွှင့်နိုင်မည်။ ငွေကြေးအကျိုးပေးကံ ကောင်းမွန်၍ ထီပေါက်တတ်သော ကာလ။ ယာဉ်ကိစ္စများ အကျိုး ရှိချိန်။ လုပ်ငန်းတာဝန်များ၌ ပင်ပန်းမှုများပြားသော်လည်း ပင်ပန်းသလောက် အကျိုးခံစားခွင့်များ ရရှိလာမည်။ လုပ်ငန်းရှင်များ ကံဇာတာမြင့်မား၍ အခွင့်အရေးကောင်းများ ပေါ်ထွန်းလာမည်။ ပညာသင်ကြားနေသူများ ကံဇာတာမြင့်မားထွန်းတောက်သောအချိန်ကာလ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ကို အကြောင်းပြု၍ လုပ်ငန်းတွင်အခွင့်အရေးသစ်များ ရရှိလာမည်။ ချစ်သူများ ယုံကြည်မှု ခိုင်မာစွာ တည်ဆောက်နိုင်သော အချိန်ကာလ။

## LIBRA



## တူလဂ်

မိမိဆောင်ရွက်ကြိုးပမ်းမှုများ၌ စိတ်အနှောင့်အယှက်များပြားပြီး အဆင်မပြေဖြစ်ရမှုများ ယှဉ်တွဲနေမည်။ ငွေကြေးအများအပြားရရှိမည့် အခွင့်အရေးများ တွေ့ကြုံရသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ အတိုက်အခံများပြားပြီး ကံဇာတာမှေးမှိန်၍ အညံ့ဘက်သို့ ဦးတည်နေချိန်။ ပြဿနာအတားအဆီးအနှောင့်အယှက်များကြောင့် ဆုံးရှုံးမှု ပြင်းထန်တတ်သည်။ ဆုံးဖြတ်ချက်များ လွဲချော်ပြီး စိတ်ဆိုးဒေါသဖြစ်ရသော အကြောင်းကိစ္စရပ်များ သတိပြုပါ။ ကျန်းမာရေးအညံ့နှင့် ခွဲစိတ်ကုသမှုများ တွေ့ကြုံရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ တရားမဝင် လုပ်ငန်းကိစ္စများ လုံးဝ ရှောင်ကြဉ်ပါ။ ပညာသင်ကြားနေသူများ ကျန်းမာရေးအညံ့ကိစ္စများ ကြောင့် ရည်မှန်းချက်များ လွဲချော်တတ်သည်။ အိမ်ထောင်ရှင်များ ကြီးမားသော အိမ်တွင်းရေးပြဿနာ များ ဖြေရှင်းရမည်။ နားလည်မှု လွဲချော်နေသည့် ချစ်သူအတွက် ရှင်းပြခွင့် တစ်စုံတစ်ရာအခွင့်အရေး မရှိနိုင်သော အချိန်ကာလ။

## SCORPIO



## ဗြိစ္ဆာလဂ်

ကျန်းမာရေးဖြင့် ပြည့်စုံကောင်းမွန်၍ ဘဝအတွက် အားသစ်အင်သစ်များ ဖြစ်တည်ပေါက်ဖွားချိန်။ ကံကောင်းမှု ဆုလက်ဆောင်များ ဆီးကြိုနေလိမ့်မည်။ ထီကံစမ်းသင့်သော ကာလဖြစ်ပြီး ငွေကြေးကြွေးမြီအဟောင်းများ ပြန်လည်ရရှိတတ်မည်။ ဘာသာရေးနှင့် အလှူအတန်းကိစ္စရပ်များ တွေ့ကြုံပေါ်ပေါက်လာမည်။ ဘုန်းကံသြဇာအရှိန်အဝါ မြင့်မားတိုးတက်သောအချိန်ကာလ။ လုပ်ငန်းတွင် ကြိုးစားသလောက် အကျိုးခံစားခွင့်များ ရရှိလာမည်။ မှန်ကန်သည့် ဆုံးဖြတ်ယူဆချက်များ ဖြစ်တည်လွှမ်းမိုးနေသည့်အတွက် မိမိဖြစ်လိုမှု လိုအင်ဆန္ဒအဝဝကို ရဲရဲ့စွာ ဖန်တီးပုံဖော်သင့်ချိန်။ လုပ်ငန်းရှင်များ ကံဇာတာအပြောင်းအလဲများကြား ထူးခြားစွာ စီးပွားဖြစ်ထွန်းချိန်။ ပညာသင်ကြားနေသူများ ပညာရေးအောင်မြင်မှုများ အနာဂတ်၌ ဆီးကြိုနေမည်။ အိမ်ထောင်ရှင်များ အဖက်ဖက်မှ ပြည့်စုံကြွယ်ဝလာမှုကြောင့် အေးချမ်းသော နေ့ရက်ချိုများ ဖြတ်ကျော်ရမည်။ ချစ်ရသူအပေါ် အလျှော့ပေး အနစ်နာခံပေးဆပ်မှုများ ပြည့်နှက်နေမည့် အချိန်ကာလ။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



**ဓနုလက်**

ဦးခေါင်းနာကျင် ကိုက်ခဲတတ်သည်။ မတော်တဆထိခိုက်မှု သတိပြုပါ။ လုပ်ငန်းတွင် အန္တရာ
များ ကျရောက်လာတတ်သည်။ ပြင်းထန်သော သံမဏိစိတ်ဓာတ်များအား သတိပြု ဆင်ခြင်
စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုတွင် နောင်တဖြင့် အဆုံးသတ်ချိန်။ အတိုက်အခံ၊ အခ
အခဲများအား ဘာသာရေးအသိဖြင့် ဖြတ်ကျော်ပါ။ ပင်ပန်းမှုများပြားပြီး လွဲချော်နေမည်။ အော
လက်နှင့် ပတ်သက်၍ စိတ်သောကများရတတ်သည်။ တရားမဝင် ဆောင်ရွက်မှုများ ရှောင်ကြဉ်
လုပ်ငန်းရှင်များ မိမိကြိုးပမ်းမှုများ၌ အခက်အခဲနှင့် ကြန့်ကြာမှုများ ရင်ဆိုင်ရပြီး ငွေကြေးနစ်
ဆုံးရှုံးမည်။ ပညာသင်ကြားနေသူများ အခက်အခဲနှင့် ပင်ပန်းမှုများ ဝန်းရံထားမှုကြောင့် စိတ်ဓာ
ကျဆင်းချိန်။ အိမ်ထောင်ရှင်များ ကြီးမားသော အိမ်တွင်းရေးပြဿနာများကြောင့် သောက
တောက်လောင်ချိန်။ ချစ်သူဖြင့် အရာရာ အဆင်မပြေမှုများကြောင့် အချစ်ကံဇာတာ နိမ့်ပါးနေမ

## CAPRICORN



**မကာရလက်**

ငွေကြေးကံကောင်းမွန်သော ကာလဖြစ်ပြီး ပါးနပ်လိမ္မာစွာဖြင့် မိမိလိုအင်ဆန္ဒများကို ဖန်တီး
ရရှိမည်။ မိမိ၏လုပ်ငန်းတွင် အလိုအလျောက် ဘုန်းကံအရှိန်အဝါမြင့်မားလာမည်။ အကြီးအ
မိဘဆရာသမားများ၏ စောင့်ရှောက်မှုကြောင့် ထူးခြားသည့် ပြောင်းလဲမှုများ ရင်ဆိုင်ဖြတ်ကျော်
မည်။ မိသားစုတွင် အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ အကျိုးအမြတ်ရရှိနိုင်သည်။ အတိုက်အ
အနှောင့်အယှက်များ အောင်မြင်ပြီး စီးပွားဥစ္စာတိုးတက် ဖြစ်ထွန်းမှုများ လက်ဝယ်သို့ ရော
ရှိလာမည်။ ထိပါက်တတ်သော ကာလဖြစ်သည့်အတွက် ကြာသပတေး စနေနေ့များ ထီကံ
ပေးပါ။ လုပ်ငန်းရှင်များ အကျိုးအမြတ် ထူးခြားစွာ ရရှိနိုင်ပြီး ဘဝကံ မြင့်မားတိုးတက်လာမ
ပညာသင်ကြားနေသူများ ဘာပဲလုပ်လုပ် ကံထနေမည်။ အိမ်ထောင်ရှင်များ အေးချမ်းသာယာ
ရှိချိန်။ ချစ်သူများ ထာဝရချစ်ခြင်းလမ်းမများထက် ရင်ခုန်သံများ စည်းချက်ကိုက်ညီနေမ

## AQUARIUS



**ကုမ်လက်**

ငွေကြေးကိစ္စများအတွက် အနှောင့်အယှက်ကြုံမည်။ ငွေကြေးဆုံးရှုံးမှုနှင့် ပြဿနာများ ပေါ်ပေါ
လာတတ်သည်။ စိတ်ဆိုးဒေါသဖြစ်ရမှုနှင့် မွန်းကျပ်မှုများကြား ပြင်းထန်သော စိတ်ပေါက်ကွဲမှ
သတိပြုပါ။ ကြီးမားပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိတတ်သည်။ မိမိဆောင်ရွက်ကြိုးပမ်းမှုမ
အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေဖြစ်ရတတ်သည်။ အခက်အခဲများ ရင်ဆိုင်ဖြေရှင်းရာတ
အထက်အကြီးအကဲများထံမှ အထောက်အပံ့ အကူအညီကောင်းများ ရရှိတတ်မည်။ ဘာသာ
လုပ်ငန်းများ အလေးပေး ဆောင်ရွက်ခြင်းဖြင့် အတိုက်အခံ လျော့ပါးသက်သာသွားမည်။ လုပ်
ရှင်များအတွက် အထူးသတိပြု ဆင်ခြင်ရမည့်ကာလဖြစ်ပြီး အမှုပြဿနာများ ရင်ဆိုင်ရတ
သည်။ ပညာသင်ကြားနေသာများ ပညာရေးကံ ကောင်းမွန်သော်လည်း အခက်အခဲများ ဆီ
နေတတ်သည်။ အိမ်ထောင်ရှင်များ မောင်နှမသားချင်း ပြဿနာဖြစ်ပေါ်တတ်သည်။ ချစ်သူ
မိမိချစ်သူထံမှ အထောက်အပံ့ အကူအညီကောင်းများ ရရှိမည်။

## PISCES



**မိန်လက်**

ကံဇာတာ ကောင်းမွန်သော်လည်း စိတ်အလိုမကျမှုနှင့် စိတ်ပင်ပန်းမှုများယှဉ်တွဲ တွဲဖက်နေတ
သည်။ အကောင်းဆုံး အကျိုးခံစားခွင့်များ ပေါ်ပေါက်လာပြီး ပြန်လည်ဆုံးရှုံးသွားတတ်သ
လူမှုရေးနယ်ပယ်တွင် ထူးခြားစွာ ထင်ပေါ်ကျော်စော၍ မျက်နှာပွင့်လန်းသော ကာလဖြစ်သ
မိမိဘဝတိုးတက်မှုများအတွက် တည်ဆောက် ဖန်တီးခွင့်ရရှိသော်လည်း စိတ်လေလွင့်မှုများပြား
လုံ့လအားစိုက်မှု' နည်းပါးနေတတ်သည်။ မိသားစု စီးပွားရေးလုပ်ငန်းများ၌ ဆုံးရှုံးနစ်နာမှု
တွေ့ကြုံမည်။ လုပ်ငန်းရှင်များ အလုပ်အတွက် ပင်ပန်းမှုများပြားပြီး မျှော်မှန်းထားသေ
အခွင့်အရေးများ နစ်နာဆုံးရှုံးတတ်သည်။ ပညာသင်ယူများ ပညာရေးကံကောင်းမွန်သော်လ
လုံ့လ ဝီရိယ စိုက်ထုတ်မှု လျော့နည်းမှုကြောင့် အခွင့်အရေးကောင်းများ ဆုံးရှုံးမည်။အိမ်ထော
ရှင်များ မိသားစုအရေးကိစ္စများ၌ စိတ်ပင်ပန်းမှု များပြားချိန်။ ချစ်သူများ တိမ်ပြာပြာ ကောင်း
အောက် အနာဂတ်ရက်များ လုပနေချိန်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ ဇွန်လ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ် ၌ လက် ၁၂လက်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ ဓနသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် ၁၂လက်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လက်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် ၁၂လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် ၅း၄၅ မှ ၇း၄၅နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စနေ(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။လက်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စနေ(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဝေယံ့ဇကို (B.Sc)(D.S.A)*
*နက္ခတ်သိပ္ပံအဖွဲ့*



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှာ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| ရက် | မိဿလဂ် ဝင်ချိန် | မိဿလဂ် ထွက်ချိန် | ပြိဿလဂ် ဝင်ချိန် | ပြိဿလဂ် ထွက်ချိန် | မေထုန်လဂ် ဝင်ချိန် | မေထုန်လဂ် ထွက်ချိန် | ကရကဋ်လဂ် ဝင်ချိန် | ကရကဋ်လဂ် ထွက်ချိန် | သိဟ်လဂ် ဝင်ချိန် | သိဟ်လဂ် ထွက်ချိန် | ကန်လဂ် ဝင်ချိန် | ကန်လဂ် ထွက်ချိန် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၀၄း ၂၇ | ၀၄း ၅၉ | ၀၆း ၀၅ | ၀၆း ၃၅ | ၀၈း ၂၆ | ၀၈း ၅၆ | ၁၀း ၁၄ | ၁၀း ၄၆ | ၁၁း ၀၂ | ၁၁း ၃၅ | ၁၄း ၅၀ | ၁၅း ၂၄ |
| ၂ | ၀၄း ၂၄ | ၀၄း ၅၅ | ၀၆း ၀၀ | ၀၆း ၃၀ | ၀၈း ၂၂ | ၀၈း ၅၂ | ၁၀း ၁၀ | ၁၀း ၄၂ | ၁၀း ၅၈ | ၁၁း ၃၀ | ၁၄း ၄၆ | ၁၅း ၂၀ |
| ၃ | ၀၄း ၂၀ | ၀၄း ၅၀ | ၀၅း ၅၇ | ၀၆း ၂၇ | ၀၈း ၁၈ | ၀၈း ၄၈ | ၁၀း ၀၆ | ၁၀း ၃၈ | ၁၀း ၅၄ | ၁၁း ၂၇ | ၁၄း ၄၂ | ၁၅း ၁၆ |
| ၄ | ၀၄း ၁၆ | ၀၄း ၄၇ | ၀၅း ၅၃ | ၀၆း ၂၃ | ၀၈း ၁၄ | ၀၈း ၄၄ | ၁၀း ၀၂ | ၁၀း ၃၅ | ၁၀း ၅၀ | ၁၁း ၂၃ | ၁၄း ၃၈ | ၁၅း ၁၂ |
| ၅ | ၀၄း ၁၂ | ၀၄း ၄၃ | ၀၅း ၄၉ | ၀၆း ၁၉ | ၀၈း ၁၀ | ၀၈း ၄၀ | ၀၉း ၅၈ | ၁၀း ၃၀ | ၁၀း ၄၆ | ၁၁း ၁၉ | ၁၄း ၃၄ | ၁၅း ၀၈ |
| ၆ | ၀၄း ၀၈ | ၀၄း ၃၉ | ၀၅း ၄၅ | ၀၆း ၁၅ | ၀၈း ၀၆ | ၀၈း ၃၆ | ၀၉း ၅၅ | ၁၀း ၂၇ | ၁၀း ၄၂ | ၁၁း ၁၅ | ၁၄း ၃၀ | ၁၅း ၀၄ |
| ၇ | ၀၄း ၀၄ | ၀၄း ၃၆ | ၀၅း ၄၀ | ၀၆း ၁၀ | ၀၈း ၀၂ | ၀၈း ၃၂ | ၀၉း ၅၀ | ၁၀း ၂၃ | ၁၀း ၃၈ | ၁၁း ၁၀ | ၁၄း ၂၆ | ၁၅း ၀၀ |
| ၈ | ၀၄း ၀၀ | ၀၄း ၃၂ | ၀၅း ၃၇ | ၀၆း ၀၇ | ၀၇း ၅၈ | ၀၈း ၂၈ | ၀၉း ၄၇ | ၁၀း ၁၉ | ၁၀း ၃၄ | ၁၁း ၀၈ | ၁၄း ၂၂ | ၁၄း ၅၆ |
| ၉ | ၀၃း ၅၆ | ၀၄း ၂၈ | ၀၅း ၃၄ | ၀၆း ၀၃ | ၀၇း ၅၅ | ၀၈း ၂၄ | ၀၉း ၄၃ | ၁၀း ၁၅ | ၁၀း ၃၀ | ၁၁း ၀၄ | ၁၄း ၁၈ | ၁၄း ၅၂ |
| ၁၀ | ၀၃း ၅၂ | ၀၄း ၂၄ | ၀၅း ၃၀ | ၀၅း ၅၉ | ၀၇း ၅၀ | ၀၈း ၂၀ | ၀၉း ၃၉ | ၁၀း ၁၀ | ၁၀း ၂၆ | ၁၁း ၀၀ | ၁၄း ၁၄ | ၁၄း ၄၈ |
| ၁၁ | ၀၃း ၄၈ | ၀၄း ၂၀ | ၀၅း ၂၆ | ၀၅း ၅၅ | ၀၇း ၄၇ | ၀၈း ၁၇ | ၀၉း ၃၅ | ၁၀း ၀၇ | ၁၀း ၂၃ | ၁၀း ၅၆ | ၁၄း ၁၀ | ၁၄း ၄၄ |
| ၁၂ | ၀၃း ၄၄ | ၀၄း ၁၆ | ၀၅း ၂၂ | ၀၅း ၅၁ | ၀၇း ၄၃ | ၀၈း ၁၃ | ၀၉း ၃၀ | ၁၀း ၀၃ | ၁၀း ၁၉ | ၁၀း ၅၂ | ၁၄း ၀၆ | ၁၄း ၄၀ |
| ၁၃ | ၀၃း ၄၀ | ၀၄း ၁၂ | ၀၅း ၁၈ | ၀၅း ၄၈ | ၀၇း ၃၉ | ၀၈း ၀၉ | ၀၉း ၂၇ | ၀၉း ၅၉ | ၁၀း ၁၅ | ၁၀း ၄၈ | ၁၄း ၀၂ | ၁၄း ၃၆ |
| ၁၄ | ၀၃း ၃၆ | ၀၄း ၀၈ | ၀၅း ၁၄ | ၀၅း ၄၄ | ၀၇း ၃၅ | ၀၈း ၀၅ | ၀၉း ၂၃ | ၀၉း ၅၅ | ၁၀း ၁၀ | ၁၀း ၄၄ | ၁၃း ၅၉ | ၁၄း ၃၂ |
| ၁၅ | ၀၃း ၃၂ | ၀၄း ၀၄ | ၀၅း ၁၀ | ၀၅း ၄၀ | ၀၇း ၃၀ | ၀၈း ၀၀ | ၀၉း ၁၉ | ၀၉း ၅၀ | ၁၀း ၀၇ | ၁၀း ၄၀ | ၁၃း ၅၅ | ၁၄း ၂၈ |
| ၁၆ | ၀၃း ၂၈ | ၀၄း ၀၀ | ၀၅း ၀၆ | ၀၅း ၃၆ | ၀၇း ၂၇ | ၀၇း ၅၇ | ၀၉း ၁၅ | ၀၉း ၄၇ | ၁၀း ၀၃ | ၁၀း ၃၆ | ၁၃း ၅၀ | ၁၄း ၂၅ |
| ၁၇ | ၀၃း ၂၅ | ၀၃း ၅၆ | ၀၅း ၀၂ | ၀၅း ၃၂ | ၀၇း ၂၃ | ၀၇း ၅၃ | ၀၉း ၁၀ | ၀၉း ၄၃ | ၀၉း ၅၉ | ၁၀း ၃၂ | ၁၃း ၄၇ | ၁၄း ၂၀ |
| ၁၈ | ၀၃း ၂၀ | ၀၃း ၅၂ | ၀၄း ၅၈ | ၀၅း ၂၈ | ၀၇း ၁၉ | ၀၇း ၄၉ | ၀၉း ၀၇ | ၀၉း ၃၉ | ၀၉း ၅၅ | ၁၀း ၂၈ | ၁၃း ၄၃ | ၁၄း ၁၇ |
| ၁၉ | ၀၃း ၁၇ | ၀၃း ၄၈ | ၀၄း ၅၄ | ၀၅း ၂၄ | ၀၇း ၁၅ | ၀၇း ၄၅ | ၀၉း ၀၃ | ၀၉း ၃၆ | ၀၉း ၅၁ | ၁၀း ၂၅ | ၁၃း ၃၉ | ၁၄း ၁၃ |
| ၂၀ | ၀၃း ၁၃ | ၀၃း ၄၄ | ၀၄း ၅၀ | ၀၅း ၂၀ | ၀၇း ၁၀ | ၀၇း ၄၀ | ၀၈း ၅၉ | ၀၉း ၃၂ | ၀၉း ၄၇ | ၁၀း ၂၀ | ၁၃း ၃၅ | ၁၄း ၀၉ |
| ၂၁ | ၀၃း ၀၉ | ၀၃း ၄၀ | ၀၄း ၄၆ | ၀၅း ၁၆ | ၀၇း ၀၇ | ၀၇း ၃၇ | ၀၈း ၅၆ | ၀၉း ၂၈ | ၀၉း ၄၃ | ၁၀း ၁၆ | ၁၃း ၃၀ | ၁၄း ၀၅ |
| ၂၂ | ၀၃း ၀၅ | ၀၃း ၃၇ | ၀၄း ၄၂ | ၀၅း ၁၂ | ၀၇း ၀၃ | ၀၇း ၃၃ | ၀၈း ၅၂ | ၀၉း ၂၄ | ၀၉း ၃၉ | ၁၀း ၁၂ | ၁၃း ၂၇ | ၁၄း ၀၀ |
| ၂၃ | ၀၃း ၀၁ | ၀၃း ၃၃ | ၀၄း ၃၈ | ၀၅း ၀၈ | ၀၆း ၅၉ | ၀၇း ၂၉ | ၀၈း ၄၈ | ၀၉း ၂၀ | ၀၉း ၃၅ | ၁၀း ၀၉ | ၁၃း ၂၃ | ၁၃း ၅၇ |
| ၂၄ | ၀၂း ၅၇ | ၀၃း ၂၉ | ၀၄း ၃၅ | ၀၅း ၀၄ | ၀၆း ၅၆ | ၀၇း ၂၅ | ၀၈း ၄၄ | ၀၉း ၁၆ | ၀၉း ၃၀ | ၁၀း ၀၅ | ၁၃း ၁၉ | ၁၃း ၅၃ |
| ၂၅ | ၀၂း ၅၃ | ၀၃း ၂၅ | ၀၄း ၃၀ | ၀၅း ၀၀ | ၀၆း ၅၂ | ၀၇း ၂၀ | ၀၈း ၄၀ | ၀၉း ၁၂ | ၀၉း ၂၇ | ၁၀း ၀၀ | ၁၃း ၁၅ | ၁၃း ၄၉ |
| ၂၆ | ၀၂း ၄၉ | ၀၃း ၂၀ | ၀၄း ၂၇ | ၀၄း ၅၆ | ၀၆း ၄၈ | ၀၇း ၁၈ | ၀၈း ၃၆ | ၀၉း ၀၈ | ၀၉း ၂၄ | ၀၉း ၅၇ | ၁၃း ၁၀ | ၁၃း ၄၅ |
| ၂၇ | ၀၂း ၄၅ | ၀၃း ၁၇ | ၀၄း ၂၃ | ၀၄း ၅၂ | ၀၆း ၄၄ | ၀၇း ၁၄ | ၀၈း ၃၂ | ၀၉း ၀၄ | ၀၉း ၂၀ | ၀၉း ၅၃ | ၁၃း ၀၈ | ၁၃း ၄၀ |
| ၂၈ | ၀၂း ၄၁ | ၀၃း ၁၃ | ၀၄း ၁၉ | ၀၄း ၄၉ | ၀၆း ၄၀ | ၀၇း ၁၀ | ၀၈း ၂၈ | ၀၉း ၀၀ | ၀၉း ၁၆ | ၀၉း ၄၉ | ၁၃း ၀၄ | ၁၃း ၃၇ |
| ၂၉ | ၀၂း ၃၇ | ၀၃း ၀၉ | ၀၄း ၁၅ | ၀၄း ၄၅ | ၀၆း ၃၆ | ၀၇း ၀၆ | ၀၈း ၂၄ | ၀၈း ၅၆ | ၀၉း ၁၂ | ၀၉း ၄၅ | ၁၃း ၀၀ | ၁၃း ၃၃ |
| ၃၀ | ၀၂း ၃၃ | ၀၃း ၀၅ | ၀၄း ၁၀ | ၀၄း ၄၀ | ၀၆း ၃၂ | ၀၇း ၀၂ | ၀၈း ၂၀ | ၀၈း ၅၂ | ၀၉း ၀၈ | ၀၉း ၄၀ | ၁၂း ၅၆ | ၁၃း ၃၀ |
| ၃၁ | ၀၄း ၃၀ | ၀၅း ၁၃ | ၀၆း ၀၉ | ၀၆း ၃၉ | ၀၈း ၃၀ | ၀၉း ၀၀ | ၁၀း ၁၈ | ၁၀း ၅၀ | ၁၁း ၀၆ | ၁၁း ၃၉ | ၁၄း ၅၄ | ၁၅း ၂၇ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၆း၀၉ | ၁၆း၄၁ | ၁၇း၁၈ | ၁၇း၄၉ | ၂၀း၃၉ | ၂၁း၀၉ | ၂၀း၄၀ | ၂၁း၁၀ | ၂၃း၁၀ | ၂၃း၄၄ | ၀၂း၁၈ | ၀၂း၅၂ |
| ၂ | ၁၆း၀၅ | ၁၆း၃၇ | ၁၇း၁၄ | ၁၇း၄၅ | ၂၀း၃၅ | ၂၁း၀၅ | ၂၀း၃၆ | ၂၁း၀၆ | ၂၃း၀၇ | ၂၃း၄၀ | ၀၂း၁၄ | ၀၂း၄၈ |
| ၃ | ၁၆း၀၂ | ၁၆း၃၄ | ၁၇း၁၀ | ၁၇း၄၁ | ၂၀း၃၁ | ၂၁း၀၁ | ၂၀း၃၂ | ၂၁း၀၂ | ၂၃း၀၃ | ၂၃း၃၆ | ၀၂း၁၀ | ၀၂း၄၄ |
| ၄ | ၁၅း၅၈ | ၁၆း၃၀ | ၁၇း၀၇ | ၁၇း၃၇ | ၂၀း၂၇ | ၂၀း၅၇ | ၂၀း၂၈ | ၂၀း၅၈ | ၂၂း၅၉ | ၂၃း၃၂ | ၀၂း၀၆ | ၀၂း၄၀ |
| ၅ | ၁၅း၅၄ | ၁၆း၂၆ | ၁၇း၀၃ | ၁၇း၃၃ | ၂၀း၂၃ | ၂၀း၅၃ | ၂၀း၂၄ | ၂၀း၅၄ | ၂၂း၅၅ | ၂၃း၂၈ | ၀၂း၀၂ | ၀၂း၃၆ |
| ၆ | ၁၅း၅၀ | ၁၆း၂၂ | ၁၆း၅၉ | ၁၇း၂၉ | ၂၀း၁၉ | ၂၀း၄၉ | ၂၀း၂၀ | ၂၀း၅၀ | ၂၂း၅၁ | ၂၃း၂၄ | ၀၁း၅၈ | ၀၂း၃၂ |
| ၇ | ၁၅း၄၆ | ၁၆း၁၈ | ၁၆း၅၅ | ၁၇း၂၅ | ၂၀း၁၅ | ၂၀း၄၅ | ၂၀း၁၇ | ၂၀း၄၇ | ၂၂း၄၇ | ၂၃း၂၀ | ၀၁း၅၄ | ၀၂း၂၈ |
| ၈ | ၁၅း၄၂ | ၁၆း၁၄ | ၁၆း၅၁ | ၁၇း၂၁ | ၂၀း၁၁ | ၂၀း၄၁ | ၂၀း၁၃ | ၂၀း၄၃ | ၂၂း၄၃ | ၂၃း၁၆ | ၀၁း၅၀ | ၀၂း၂၄ |
| ၉ | ၁၅း၃၈ | ၁၆း၁၀ | ၁၆း၄၇ | ၁၇း၁၇ | ၂၀း၀၇ | ၂၀း၃၇ | ၂၀း၀၉ | ၂၀း၃၉ | ၂၂း၃၉ | ၂၃း၁၂ | ၀၁း၄၆ | ၀၂း၂၁ |
| ၁၀ | ၁၅း၃၄ | ၁၆း၀၆ | ၁၆း၄၃ | ၁၇း၁၄ | ၂၀း၀၃ | ၂၀း၃၃ | ၂၀း၀၅ | ၂၀း၃၅ | ၂၂း၃၅ | ၂၃း၀၉ | ၀၁း၄၂ | ၀၂း၁၇ |
| ၁၁ | ၁၅း၃၀ | ၁၆း၀၂ | ၁၆း၃၉ | ၁၇း၁၀ | ၁၉း၅၉ | ၂၀း၃၀ | ၂၀း၀၁ | ၂၀း၃၁ | ၂၂း၃၁ | ၂၃း၀၅ | ၀၁း၃၉ | ၀၂း၁၃ |
| ၁၂ | ၁၅း၂၆ | ၁၅း၅၈ | ၁၆း၃၅ | ၁၇း၀၆ | ၁၉း၅၆ | ၂၀း၂၆ | ၁၉း၅၇ | ၂၀း၂၇ | ၂၂း၂၇ | ၂၃း၀၁ | ၀၁း၃၅ | ၀၂း၀၉ |
| ၁၃ | ၁၅း၂၂ | ၁၅း၅၄ | ၁၆း၃၁ | ၁၇း၀၂ | ၁၉း၅၂ | ၂၀း၂၂ | ၁၉း၅၃ | ၂၀း၂၃ | ၂၂း၂၃ | ၂၂း၅၇ | ၀၁း၃၁ | ၀၂း၀၅ |
| ၁၄ | ၁၅း၁၈ | ၁၅း၅၀ | ၁၆း၂၇ | ၁၆း၅၈ | ၁၉း၄၈ | ၂၀း၁၈ | ၁၉း၄၉ | ၂၀း၁၉ | ၂၂း၁၉ | ၂၂း၅၃ | ၀၁း၂၇ | ၀၂း၀၁ |
| ၁၅ | ၁၅း၁၄ | ၁၅း၄၆ | ၁၆း၂၃ | ၁၆း၅၄ | ၁၉း၄၄ | ၂၀း၁၄ | ၁၉း၄၅ | ၂၀း၁၅ | ၂၂း၁၅ | ၂၂း၄၉ | ၀၁း၂၃ | ၀၁း၅၇ |
| ၁၆ | ၁၅း၁၀ | ၁၅း၄၂ | ၁၆း၁၉ | ၁၆း၅၀ | ၁၉း၄၀ | ၂၀း၁၀ | ၁၉း၄၁ | ၂၀း၁၁ | ၂၂း၁၁ | ၂၂း၄၅ | ၀၁း၁၉ | ၀၁း၅၃ |
| ၁၇ | ၁၅း၀၆ | ၁၅း၃၈ | ၁၆း၁၅ | ၁၆း၄၆ | ၁၉း၃၆ | ၂၀း၀၆ | ၁၉း၃၇ | ၂၀း၀၇ | ၂၂း၀၈ | ၂၂း၄၁ | ၀၁း၁၅ | ၀၁း၄၉ |
| ၁၈ | ၁၅း၀၃ | ၁၅း၃၅ | ၁၆း၁၂ | ၁၆း၄၂ | ၁၉း၃၂ | ၂၀း၀၂ | ၁၉း၃၃ | ၂၀း၀၃ | ၂၂း၀၄ | ၂၂း၃၇ | ၀၁း၁၁ | ၀၁း၄၅ |
| ၁၉ | ၁၄း၅၉ | ၁၅း၃၁ | ၁၆း၀၈ | ၁၆း၃၈ | ၁၉း၂၈ | ၁၉း၅၈ | ၁၉း၂၉ | ၂၀း၀၀ | ၂၂း၀၀ | ၂၂း၃၃ | ၀၁း၀၇ | ၀၁း၄၁ |
| ၂၀ | ၁၄း၅၅ | ၁၅း၂၇ | ၁၆း၀၄ | ၁၆း၃၄ | ၁၉း၂၄ | ၁၉း၅၄ | ၁၉း၂၅ | ၁၉း၅၆ | ၂၁း၅၆ | ၂၂း၂၉ | ၀၁း၀၃ | ၀၁း၃၇ |
| ၂၁ | ၁၄း၅၁ | ၁၅း၂၃ | ၁၆း၀၀ | ၁၆း၃၀ | ၁၉း၂၀ | ၁၉း၅၀ | ၁၉း၂၂ | ၁၉း၅၂ | ၂၁း၅၂ | ၂၂း၂၅ | ၀၀း၅၉ | ၀၁း၃၃ |
| ၂၂ | ၁၄း၄၇ | ၁၅း၁၉ | ၁၅း၅၆ | ၁၆း၂၆ | ၁၉း၁၆ | ၁၉း၄၆ | ၁၉း၁၈ | ၁၉း၄၈ | ၂၁း၄၈ | ၂၂း၂၁ | ၀၀း၅၅ | ၀၁း၃၀ |
| ၂၃ | ၁၄း၄၃ | ၁၅း၁၅ | ၁၅း၅၂ | ၁၆း၂၂ | ၁၉း၁၂ | ၁၉း၄၂ | ၁၉း၁၄ | ၁၉း၄၄ | ၂၁း၄၄ | ၂၂း၁၇ | ၀၀း၅၁ | ၀၁း၂၆ |
| ၂၄ | ၁၄း၃၉ | ၁၅း၁၀ | ၁၅း၄၈ | ၁၆း၁၈ | ၁၉း၀၈ | ၁၉း၃၈ | ၁၉း၁၀ | ၁၉း၄၀ | ၂၁း၄၀ | ၂၂း၁၃ | ၀၀း၄၇ | ၀၁း၂၂ |
| ၂၅ | ၁၄း၃၅ | ၁၅း၀၇ | ၁၅း၄၄ | ၁၆း၁၅ | ၁၉း၀၄ | ၁၉း၃၄ | ၁၉း၀၆ | ၁၉း၃၆ | ၂၁း၃၆ | ၂၂း၁၀ | ၀၀း၄၃ | ၀၁း၁၈ |
| ၂၆ | ၁၄း၃၁ | ၁၅း၀၃ | ၁၅း၄၀ | ၁၆း၁၀ | ၁၉း၀၀ | ၁၉း၃၀ | ၁၉း၀၂ | ၁၉း၃၂ | ၂၁း၃၂ | ၂၂း၀၆ | ၀၀း၄၀ | ၀၁း၁၄ |
| ၂၇ | ၁၄း၂၇ | ၁၄း၅၉ | ၁၅း၃၆ | ၁၆း၀၇ | ၁၈း၅၇ | ၁၉း၂၇ | ၁၈း၅၈ | ၁၉း၂၈ | ၂၁း၂၈ | ၂၂း၀၂ | ၀၀း၃၆ | ၀၁း၁၀ |
| ၂၈ | ၁၄း၂၃ | ၁၄း၅၅ | ၁၅း၃၂ | ၁၆း၀၃ | ၁၈း၅၃ | ၁၉း၂၃ | ၁၈း၅၄ | ၁၉း၂၄ | ၂၁း၂၄ | ၂၁း၅၈ | ၀၀း၃၂ | ၀၁း၀၆ |
| ၂၉ | ၁၄း၁၉ | ၁၄း၅၁ | ၁၅း၂၈ | ၁၅း၅၉ | ၁၈း၄၉ | ၁၉း၁၉ | ၁၈း၅၀ | ၁၉း၂၀ | ၂၁း၂၀ | ၂၁း၅၄ | ၀၀း၂၈ | ၀၁း၀၂ |
| ၃၀ | ၁၄း၁၅ | ၁၄း၄၇ | ၁၅း၂၄ | ၁၅း၅၅ | ၁၈း၄၅ | ၁၉း၁၅ | ၁၈း၄၆ | ၁၉း၁၆ | ၂၁း၁၆ | ၂၁း၅၀ | ၀၀း၂၅ | ၀၀း၅၈ |
| ၃၁ | ၁၆း၁၃ | ၁၆း၄၅ | ၁၇း၂၂ | ၁၇း၅၃ | ၂၀း၄၃ | ၂၁း၁၃ | ၂၀း၄၄ | ၂၁း၁၄ | ၂၃း၁၄ | ၂၃း၄၈ | ၀၂း၂၂ | ၀၂း၅၆ |




www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်



အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) Sweet Centre နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

# တိကျမှန်ကန်လို့ အံ့ဩမဆုံး

ဆရာ ဦး..                                        28.1.2005

1998 ခုနှစ် ဆရာ နှင့် လက်ဆုံ အချိန်က

အသက် ၂၇ နှစ် နဲ့ ၂၉ နှစ်ကြား မှာ 'ထူးချွန်ဆု' ရနိုင်မယ်လို့ ဟောခဲ့ပါတယ်..။

ထင်မထားခဲ့ပါဘူး..။

2003 ခု ဇန္နဝါရီလ မှာ ဆရာ့ဆီ ဒုတိယ အကြိမ် သွားတော့..

ဒီတစ်နှစ် သုံးလ အတွင်း မှာ 'ထူးချွန်ဆု' ရမယ် လို့ ထပ်ပြောပါတယ်..။

အဲဒါလဲ မမျှော်လင့်ခဲ့ပါဘူး...။

အခု ဆရာ ဟောတဲ့ အတိုင်း.. မမျှော်လင့်ပဲ သမီး 'မြန်မာ့ဥယျာဉ် ထူးချွန်ဆု'

ရခဲ့ပါတယ်..။

ဆရာ့ ဟောကြားချက်တွေ တိကျမှန်ကန် လို့ အံ့ဩမဆုံး ဖြစ်ရပါတယ်..။

ကျေးဇူးတင်လျက်

စိုးမြတ်နှင်း

www.burmeseclassic.com

"လေ့ထိုး၊ လှတိုက်
ကိုး"တဲ့။ သည့်စကားက
ရည်ညွှန်းလေသလား မသိ
ခေါင် နေပူကျဲကျဲထဲမှာ ခေ
မပါ၊ ခါးဝတ်ပုဆိုးက လွဲလို့
မှာ အဝတ်က ဗလာနတ္ထိ
တစ်လက်ကို ခါးထိုးလို့
ပေါက်လည်လျှောက်ရင်း
ဝါးခုတ်၊ ကြံ့ရာအလုပ်
လျက် မိသားစုရဲ့ စားဝ



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရဓား

## လှမ်းသျှင်နောင် (မဟာသာရှာ)

သူ ဖြေရှင်းလာခဲ့တာ ကြာပြီ။ သည်ကနေ့လည်း ဒေါ်လှတင်ရဲ့ အိမ်မှာ သူ ထင်းချိုင်ပြီး ပြန်လာခဲ့တာ ဖြစ်၏။ သစ်ပင်သုံးပင်ချိုင်ခဲ့ရတာမို့ သူ့အတွက်တော့ ငွေရှင်တယ် ဆိုရမယ့်နေ့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ခေါ်လုတင်က သူ့ကို သနား၍ ထင်ပါရဲ့ လုပ်အားခအဖြစ် ငွေသုံး ထောင်တိတိ ပေးလိုက်၏။

သူမှာက ကလေးလူမမည်နဲ့ ဇနီးမယားကလည်း အလုပ်မလုပ်နိုင် ချိန်မို့ ရသမျှအလုပ်ကို လုပ်နေရတဲ့ အချိန်မှာ သည်ကနေ့ရတဲ့ ငွေသုံး ထောင်က သူတို့မိသားစုအတွက် နှစ်ရက်သုံးရက် နေထိုင်စားသောက်ဖို့ အဆင်ပြေခဲ့ပြီ။

တက်ကြွသော ခြေလှမ်းများဖြင့် သူ အိမ်ပေါ်သို့ လှမ်းတက်လိုက်၏။

"ဟင်…"

ဝါးဖြင့် တဲသာသာ ဆောက်လုပ် ထားသော အိမ်ကလေးတွင် ညွှဲသည် ရောက်နေသည်ကို တွေ့လိုက်ရသည်။

"ဘယ်ကပါလိမ့်"

"မောင်ညိုစိမ့်…ပြန်လာပြီလား ကွဲ့"

ညွှဲသည် အဘိုးအိုက သူ့ကို သိနေပုံရသည်။

"မင်းမိန်းမ မခင်မှုံကတော့ ချက် ပြုတ်နေတယ်ကွဲ့"

အဘိုးအိုမှာ အသက် ၈၀ နီးနီး ခန့်ရှိမည်ထင်၏။ အနီးနားဝန်းကျင်ရွာ များမှ မဟုတ်တာတော့ သေချာသည်။ သည်ရွာက သူ၏ မွေးရပ်ဇာတိမို့ သူ မသိသူက မရှိသလောက်ဖြစ်သည်။ အဘိုးအိုမှာ အညိုရောင် ယောဂီ အဝတ်အစား ခပ်နွမ်းနွမ်းများကို ဝတ် ဆင်ထား၏။

"အစ်ကို ပြန်လာပြီလား"

ခင်မှုံက အိမ်နောက်ဖေးဘက်မှ လှမ်းပြောသည်။

"အဘိုးက ဘယ်သူလဲ ခင်မှုံ"

ခင်မှုံအနားသို့ သွား၍ တိုးတိုး မေးမိသည်။

"ခင်မှုံရဲ့ အဘိုးလေ အစ်ကိုရဲ့။ ခင်မှုံငယ်ငယ်ကတည်းက စစ်ကိုင်း ဘက်မှာ နေတာလေ"

"ဪ…"

ခင်မှုံပြောမှ သူ သဘောပေါက် သွားသည်။ တစ်ချိန်က ခင်မှုံ သူ့ကို ပြောပြဖူးသည့် ဒဏ္ဍာရီလိုလို၊ ပုံပြင် လိုလို အကြောင်းအရာတွေကို သတိရ လိုက်မိသည်။

သူတို့နေတာက ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့အနီးက "ခွပ်လက်ကျရွာ" ကလေးမှာ ဖြစ်သည်။ သူ့ဇနီး ခင်မှုံမှာ သည်ရွာသူ မဟုတ်။ ရောဝတီမြစ်ဝ ကျွန်းပေါ်သူ။ ဟင်္သာတဘက်မှ ဖြစ်၏။ သူမ၏ မိဘများမှာ နိုင်ငံကျော် မျက် လှည့်ပညာရှင်များ ဖြစ်ကြသည်။ မိဘ များနှင့်အတူ နယ်လှည့်၍ မျက်လှည့် ပြသရင်း သူနှင့် ဆုံတွေ့ခြင်းဖြစ်သည်။ သူမှာ ရိုးသားမှုက လွဲ၍ ဘာမှမရှိ။ မိဘမဲ့ တစ်ကောင်ကြွက်ဖြစ်၍ သူမတို့ ဘက်မှ သဘောမတူသဖြင့် အအပ်မခံ ဘဲ ပစ်ထားခဲ့ကြခြင်းဖြစ်သည်။

ရိုးလွန်းတော့ နုံ၊ နုံလွန်းတော အသည်းပှာ ဆိုရမလိုပင်။ ဒါပေမယ့် သူမှာ အတတ်ပညာမရှိသော်လည်း ခင်မှုံကိုတော့ သူ သိပ်ချစ်ပါသည်။ နဖူးက ချွေး၊ ခြေမ ကျအောင်အထိ ရိုးဖြောင့်စွာဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့ပါ သည်။

သူမ၏ အဘိုးတစ်ဦးမှာ ဂန္ဓာရီ ဂမ္ဘီရအတတ်ပညာများကို လေ့လာ လိုက်စားရင်း နယ်လှည့်သွားလာနေ သူတစ်ဦးဖြစ်သည်ဟု ခင်မှုံပြော၍ သိရှိ ထား၏။

ရေချိုး စားသောက်ပြီးချိန်မှာ အဘိုးနှင့် သူ စကားလက်ဆုံပြောဖြစ် ၏။

"မောင်ညိုစိမ့်… မင်းက ငါ့မြေး လေးနဲ့ အိမ်ထောင်ကျတာဆိုတော့ ငါ့မြေးပဲပေါ့"

"ဟုတ်ကဲ့ အဘိုး"

"အဘိုးမှာက ဒေသတစ်ခ… သွားစရာရှိနေတယ်။ အဲဒါ မင်းနဲ့ သ… လျော့မယ်ထင်လို့ အဘိုး မင်းကို ဆ… ခေါ်တာ။ မင်းက ဆင်းရဲပေမယ့် … သားတာကို အဘိုးသိနေတယ်… အဘိုးမှာက သည်မြေးမလေး တ… ယောက်တည်းရှိတာဆိုတော့ မင်းသ… အဘိုးရဲ့ စကားကို နားထောင်ရင် မ… တို့ရဲ့ ဘဝလေးတွေ အေးအေးချမ်းချ… နေရမှာပါကွယ်"

အဘိုးအို၏ စကားများက… ထူးထူးဆန်းဆန်းဖြစ်နေ၏။ သူ့ဇနီ… ခင်မှုံမှာ သူ့အဘိုးကို အတော်ပင် ရိုသေ… လေးစားနေပုံရသည်။

"အဘိုးရဲ့ မြေးက ကလေးတ… ဖက်နဲ့ဆိုတော့"

"အဘိုးသိပါတယ်။ အဘိ… အတွက် ပြင်ဆင်ထားတဲ့ အိပ်ရ… အောက်မှာ ငွေကိုးထောင်ရှိတယ်။ လ… အပ်မယ်ထင်တာတွေကို ဝယ်ခြ… ထားခဲ့ပေါ့။ မြေးမလေးအတွက် အဘိ… အိပ်ရာအောက်မှာ နေ့တိုင်း ငွေတစ်… ထောင်ရှိနေမှာပါကွယ်။ မြေးကလည်… လိုအပ်မှသာ ယူသုံးပေါ့"

"ဟုတ်ကဲ့ပါ အဘိုး"

အတိုင်အဖောက်ညီနေသော သူတို့မြေးအဘိုးကို ကြည့်ရင်း သူ့စိတ် တွင် ခင်မှုံများ ရူးသွားပြီလားဟု ဇဝေ ဇဝါစိတ်များ ဖြစ်လာ၏။

◈◈◈

မနက်ခင်း နေရောင်ခြည်က… နှင်းမှုန်တွေကြောင့်များလား မသိ၊ အပူ… ရှိန်က အားနည်းနေသလို အေးစက် စက်ဖြင့်။ အလင်းရောင်ကလည်း မှိန်… ဖျော့နေ၏။ လူသူမနီးသော လ… ခေါင်အရပ်ဖြစ်သည်။ တစ်ပင်တည်းသော…



www.burmeseclassic.com

www.burmeseclassic.com

သော သစ်ပင်ကြီးအောက်တွင် ဖြစ် ကျေးငှက်သာရကာတို့မှာ သစ်ပင်ကြီးကို ဝဲပျံနေကြလျက်။ အချို့ကည်း ခိုနားနေကြ၏။

သစ်ပင်ကြီးအောက်တွင် ဖိုနောက်ဆိုင် မီးဖိုကြီးကို သူ တွေ့ရည်။ သူတို့နှင့် ခပ်လှမ်းလှမ်း မနီးဆေးတွင် အရိုးဂူနှင့် တူသော ရောမအုက်သေတ္တာကြီးများကိုလည်း တွေ့ အဘိုးနှင့်အတူ သေတ္တာကြီးများသို့ သူတို့လျှောက်သွားကြသည်။

"လူကလေး··· သည်သေတ္တာထဲက ပစ္စည်းတွေအကုန် သစ်ပင်အောက်ကို သယ်သွားချေ"

သေတ္တာကြီးများမှာ အဖုံးမပါ။ ထင်းလင်းပေါက်များနှင့် ဖြစ်၏။ အဘိုးမြပြသော သေတ္တာကြီးထဲတွင် တွေ့ရသည်က ဒယ်အိုးနှင့် တူသော အိုးကြီးတစ်လုံးနှင့် ဆီအပြည့်ရှိနေသော ကြီးတစ်ပုံ။ သံချေးများဖြင့် တုံးတိတိနေသော ဓားမတစ်လက်တို့ဖြစ်သည်။

ပစ္စည်းများအားလုံးကို သယ်ယူသောအခါ အဘိုးက သူ့ကို သံချေးတက် ဓားမကြီးဖြင့် ထင်းခြောက်များ တက်ချိုင်ခိုင်းလေသည်။ နှုတ်မှည်း···

"လူကလေး··· ဓားကို ခုတ်ရင် အဘိုးဓားကွလို့ ပြောပြီးခုတ်၊ ကြား

"ဟုတ်ကဲ့ အဘိုး"

သည်တစ်ခါ သစ်ပင်ချိုင်ရတာ အလွန်ပျော်သည်။ အဘိုးဓားကွဟုဆိုလိုက်တိုင်း သစ်ကိုင်းများမှာ ဓား ထိရုံဖြင့် ပြတ်ကျကုန်လေ၏။ ဆန်းဘိခြင်းများပင်။

ထင်းချိုင်ပြီးသောအခါ အဘိုး၏ ခိုင်းမှုဖြင့် ဖိုခနောင့်ဆိုင် မီးဖိုကြီးမှာ ပြီး အိုးကြီးထဲသို့ ဆီများ ထည့်ကာ တည်ရလေသည်။ ထို့နောက် အဘိုးက သူ့ကို ဘာမှန်းမသိရသော အလုံးလေး သုံးလုံးကို ပေး၏။

"အဘိုးရဲ့ အသံ ပေါက်လို့ တစ်ကြိမ်ကြားရင် အိုးထဲကို ဆေး တစ်လုံးပေါက်ချလိုက်။ ဘာကိုမှ မကြောက်နဲ့။ အဘိုးရဲ့ ဓားကို လက် တစ်ဖက်က ကိုင်ထား လူကလေး"

အဘိုးရဲ့ စကားကို သူ နားထောင်နေလိုက်သည်။

"သည်အချိန်က အဘိုးအတွက် အရေးကြီးတယ်။ သုံးကြိမ်ပေါက်ပြီးရင် အဘိုး လူကလေးအနားကို ပြန်ရောက်ပြီကွဲ့။ လွဲချော်ခဲ့ရင်တော့ လူကလေး လည်း အိမ်ကို ပြန်ရောက်မှာ မဟုတ်တော့ဘူး"

"ဗျာ···အဘိုး"

အဘိုးစကားကြောင့် သူ ထိတ်လန့်သွားသည်။ ခင်မှုကိုလည်း သတိရမိ၏။ သူမရဲ့ တိုက်တွန်းမှုကြောင့်သာ အဘိုးခေါ်ရာသို့ သူ လိုက်လာရခြင်းဖြစ်သည်။ အခုမှ နောက်ပြန်လှည့်လို့က လည်း မဖြစ်နိုင်တော့။

"အဘိုးက ဘယ်သွားမလို့လဲ"

"အဘိုးက သည်အိုးထဲကို ခုန်ချမှာလေ"

"ဗျာ"

ထိတ်လန့်မှုကြောင့် တစ်ကိုယ်လုံး ပူလောင်လာပြီး ချွေးစေးများပင် ပျံလာ၏။ ထို့အတူ ချမ်းသာချင်လွန်းသည်ဟုဆိုသော ခင်မှု၏ မျက်နှာလေးကိုလည်း သူ့အတွေးမှာ တရေးရေးပေါ်လာပြန်၏။

"လူကလေးကို မကြောက်ဖို့ အဘိုးပြောပြီးသားလေ။ အဘိုးစကားကိုသာ နားထောင်၊ ဘာမှမဖြစ်ဘူး"

"ဟုတ်ကဲ့ အဘိုး"

အခြေအနေက မထူးတော့ပြီမို့ ရင်ဆိုင်ရတော့မည်။ အိုးထဲမှာ ဆီများကလည်း ဆူနေပြီဖြစ်၏။

"ကိုင်း··· အဘိုးသွားပြီ လူကလေးရေ"

"ဝုန်း···"

"ဟာ"

အဘိုးမှာ သွက်လက်ပေါ့ပါးစွာဖြင့် အိုးထဲသို့ ငုပ်ဝင်သွားသည်ကို တွေ့လိုက်ရသည်။ အိုးအတွင်းမှ အခိုးအငွေ့များကလည်း ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွား၏။

သဲသဲကွဲကွဲ မမြင်ရသည်မို့၊ မျက်လုံးများကို စုံမှိတ်ရင်း ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ အေးစိမ့်စိမ့် လေအေးတစ်ခုက သူ့ကို ပွတ်တိုက်သွားသည် ထင်၏။

"ပေါက်"

အဘိုးအသံကို ကြားလိုက်ရ၏။

"ကဲကွာ"

ဆေးတစ်လုံးကို အိုးထဲသို့ ပစ်ထည့်လိုက်သည်။

"ဝုန်း···"

လှိုင်းထသွားသော အခိုးအငွေ့များက သူ့မျက်နှာကို ရိုက်ခတ်သွား၏။

"ဟားဟားဟား···"

အရုပ်လေးမျက်နှာမှ ရယ်မောသံကြီးများကို သူကြားနေရသည်။ ဖုန်မှုန့်သဲမှုန့်များက သူ့ကို ဝန်းရံနေကြသလို၊ သစ်ပင်အိုကြီးမှ သစ်ရွက် သစ်ကိုင်းများကလည်း လေပြင်းတိုက်ခတ်သလို ကြွေလွင့် လှုပ်ရမ်းနေကြ၏။

တစ်ယောက်တည်းဟု အသိကအားငယ်စိတ်မှာ ချောက်ချားမှုများ အတိုင်းအဆမရှိ မြင့်မားလာနေတော့သည်။ မည်မျှကြာသွားသည်ကို သူ မသိလိုက်။

"ပေါက်"

ရုတ်တရက် အဘိုး၏ အသံကို

www.burmeseclassic.com

သူ ကြားရပြန်သည်။

ဆေးတစ်လုံးကို အိုးအတွင်းသို့ ပစ်ထည့်လိုက်၏။

"ဝုန်း"

နားများအူပြီး မြေကြီးများပင် တုန်ခါသွားသည်ဟု ထင်လိုက်ရသည်။

"ဟားဟားဟား…"

အိုးကြီးထဲမှ မည်းနက်နေသော လူပုံသဏ္ဍာန် သတ္တဝါကြီးကို တွေ့လိုက်ရသည်။ သူ့မျက်နှာကြီးမှာ ပါးစပ်ပေါက်မှလွဲ၍ အားလုံး ပြားချပ်ချပ်ကြီးဖြင့် တစ်ပြင်တည်းဖြစ်သည်။

"လာယူ…လာယူ"

ရဲခင်းတစ်လက်ကို သူ့အား လှမ်းပေးနေတာဖြစ်သည်။

"ဟင့်အင်း မယူဘူး…မယူဘူး"

မျက်စိများကို မှိတ်၍ ဓားဖြင့် ခုတ်ရန် သူ ရွယ်လိုက်၏။

"အဘိုးဓားကွ"

"ဟူး…ဟူး…"

လေပြင်းများက သူ့ကို ဝှေ့ရမ်းသွားသည်မို့ မျက်စိကို ဖွင့်ကြည့်လိုက်သည်။ သတ္တဝါကြီးကို မတွေ့ရတော့။ မယုံနိုင်စရာများကို အမှန်တကယ် မြင်တွေ့နေရခြင်းပင်။

သစ်ပင်အိုကြီးမှာ မတ်တတ်ကြီးက ချာချာလည်နေ၏။

"အဘိုးရေ…အဘိုး"

အဘိုးကို ကြောက်အားလန့်အားဖြင့် သူခေါ်နေမိသည်။ တစ်ကိုယ်လုံး ချွေးများဖြင့်လည်း ရွှဲနေလေပြီ။

"ပေါက်"

အဘိုး၏ အသံကို ကြားလိုက်ရပြန်သည်။

"ဝုန်း"

နောက်ဆုံး ဆေးတစ်လုံးကို ပေါက်ချလိုက်စဉ်…

"ရှဲ…ဝေါ…"

ဆီများက အိုးအတွင်းမှ ဆူဝေကျလာ၏။ ထိတ်လန့်တကြား သူ နောက်သို့ အမြန်ခုန်ဆုတ်လိုက်၍ အပူမလောင်ခြင်းဖြစ်သည်။ အဆက်မပြတ် ဝေကျနေသဖြင့် မီးများလည်း ငြိမ်းသွား၏။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"အောင်ပြီ…အောင်ပြီ"

အသံနှင့်အတူ အဘိုးကို သူ့အနီးမှာ တွေ့လိုက်ရသည်။

"အဘိုး…အဘိုး"

အဖြစ်အပျက်များကို သူ အံ့သြနေမိသည်။

"အေး ဟုတ်တယ် လူကလေး"

"အဘိုးရဲ့ ဂန္ဓာရီ ဂမ္ဘီရအတတ်ပညာတွေ ပြည့်စုံသွားပြီ။ လူကလေးကို အဘိုးကျေးဇူးတင်တယ်"

ဘာမှမဖြစ်သည့် အဘိုးကို ကြည့်၍ သူ့စိတ်မှာလည်း ခွန်အားများ တိုးပွားလာသလို၊ အလွန်ပင် ဝမ်းသာနေမိ၏။

"လူကလေးရဲ့ လက်ထဲက ဓားက ဂမ္ဘီရဓားဖြစ်တယ်။ အဘိုးတို့ သည်နေရာကနေ လမ်းခွဲကြမယ် လူကလေး"

"ဗျာ"

ထိတ်လန့်သွားရပြန်သည်။ အဘိုးက တည်တည်ငြိမ်ငြိမ်ဖြင့်…

"ဟိုသေတ္တာထဲမှာ လူကလေး လိုချင်တာတွေ ရှိတယ်။ နိုင်သရွေ့ကို ထမ်းပြီး ပြန်ပေါ့။ လမ်းမှာတော့ မြေပေါ်ကို ချလို့ မရဘူး လူကလေး"

အဘိုး၏ စကားများကို အသေအချာ သူ နားထောင်နေမိသည်။ သူ့အတွက် အန္တရာယ်မရှိအောင် အဘိုးက ပြောနေခြင်းသာ ဖြစ်မည်ဟု တွေးနေမိ၏။ အဘိုးက သူနှင့် အိမ်ကို ပြန်လိုက်မှာမဟုတ်သည်ကိုတော့ သူ့စိတ်ထဲကလည်း အလိုလိုသိနေသလို အဘိုးကို ထိုင်၍ ကန်တော့လိုက် ထို့နောက် အဘိုးပြောသည့် ကျေ သေတ္တာကြီးဆီသို့ လျှောက်သွား သည်။

"ဟာ…"

မြင်ကွင်းကြောင့် တုန်လှုပ် သည်။ ဆွဲကြိုး၊ လက်ကောက်၊ ဒင်္ဂါးများမှာ သေတ္တာကြီးထဲတွင် ပြည့် နီးနီးဖြစ်သည်။ အိတ်အလွတ်တစ် ကိုလည်း အနီးတွင် တွေ့ရသည်။

"ငါ ချမ်းသာပြီ၊ ငါ ချမ်းသာ ကွ၊ ဟေး…"

ပျော်ရွှင်မှုကြောင့် အသားများ တုန်နေတော့သည်။ သည်တစ်သ စားမကုန်အောင် ချမ်းသာပြီဟု တွေး မိသည်။ ဝမ်းသာစိတ်ဖြင့် အိတ်အ ကောက်ထည့်၍ စည်းနှောင်ပြီး ထ လာခဲ့သည်။ စိတ်ထဲက ချမ်းသာ ခင်မှုကို ပြောနေချင်မိ၏။ သစ်ပင် အောက်သို့ ရောက်သောအခါ အ ကို မတွေ့ရတော့။ အတွေးမှာ လာ သည့်လမ်းကို မှတ်မိနေသဖြင့် ဝမ်း ဝမ်းသာစိတ်များ ရောပြွမ်းလျက် လာခဲ့လေသည်။

ခရီးက ဝေးသော်လည်း အ ရောင်က မှောင်မသွားသည်ကို သ ထားမိလာ၏။ ထမ်းလာသည့် အ ကလည်း အလွန်လေးလံလာ၏။ ကလည်း အလိမ်အကောက်များ အတက်အဆင်းများသည်။ ဒူးများ ညောင်းချိရင်း မောဟိုက်လာသေ လည်း အဘိုးပြောသော စကားမျာ ကြားယောင်နေလျက် အားတင်း ဆက်လျှောက်လာခဲ့၏။ တစ်ကိုယ် ချွေးများက ရွှဲနေပြီး ချောက်ကမ်းပါး ဖြတ်ထိုးသွားသော ဝါးတံတား တစ်ခုပေါ်သို့ ရောက်လာ၏။





www.burmeseclassic.com

www.burmeseclassic.com

"ခင်မှုရေ… အစ်ကိုပြန်လာပြီ"

"ဗျစ်…ဗျစ်"

"ဟာ"

"အား…"

◈◈◈

ပြတင်းတံခါးပေါက် မျက်နှာ[…] အလင်းရောင်တန်းက အခန်း[…]သို့ ချဉ်းနင်းဝင်ရောက် နေရာယူ[…]။ အခန်းတစ်ခုလုံးမှာ တိတ်[…] ငြိမ်သက်နေသည်။

အမြင်အာရုံ မှုန်ဝါးမှုများမှာ […]ထင်းရောင်နှင့်အတူ ထင်လင်းလာ[…]ည်။

"ခင်မှု…ခင်မှု"

"အစ်ကို…အစ်ကို သတိရလာ

စိုးရိမ်တကြီး မျက်နှာလေးကို သူ […]မြင်နေရသည်။ လူအများက သူ့[…] ဝိုင်းဝန်းကြည့်ရှုနေကြ၏။

"အစ်ကို ဘယ်ကို ရောက်နေတာလဲ ခင်မှု"

"အစ်ကို ဆေးရုံကို ရောက်နေတာ။ အစ်ကို သတိလစ်နေတာ သုံးရက်ရှိပြီ"

"ဟင်"

ခင်မှု၏ မိဘများကိုလည်း သူ တွေ့ရသည်။

"ဟုတ်တယ် အစ်ကို"

"လယ်ထဲမှာ သစ်ပင်သွားချိုင်တာ သစ်ကိုင်းရိုက်မိပြီး ပြုတ်ကျလို့ သတိလစ်နေတာ။ အဖေက စိတ်ပူပြီး လိုက်သွားလို့ တော်သေးတာပေါ့"

"ဟင်"

သူသိပြီ။ ထိုနေ့က ခင်မှု၏ မိဘများက ထင်းချိုင်ဖို့ သူ့ကို တဗျစ်တောက်တောက်ပြောနေသဖြင့် စိတ်ဆိုးပြီး ရဲဒင်းတစ်လက်နှင့် လယ်ကွင်းထဲသို့ ထွက်လာခဲ့မိ၏။

သူနှင့် ခင်မှုက အိမ်ထောင်ကျတာ မကြာသေး။ ခင်မှု၏ မိဘများ အိမ်မှာ သူ လိုက်ပြီးနေရတာ ဖြစ်၏။ စိတ်ထဲမှာ ယောက္ခမများက သူ့ကို နှိမ်သည်ဟု တစ်ဖက်သတ် နာကြည်းနေခဲ့သည်။ နေစောင်းချိန်မှာ ခင်မှုတားနေသည့်ကြားက ဇွတ်တရွတ် ထွက်လာခဲ့တာဖြစ်၏။ အခုတော့ ယောက္ခမ ဦးသိန်းထွန်းကို သူ အလွန်ကျေးဇူးတင်မိသည်။ သူသာ မလိုက်လာခဲ့လျှင် အဖြစ်က မတွေးရဲစရာ။

ဆရာဝန်၊ ဆရာမများက သူ့ကို စမ်းသပ် စစ်ဆေးပေးပြီးနောက် စိုးရိမ်စရာမရှိကြောင်းပြော၍ ပြန်ထွက်သွားကြ၏။ သို့သော် သူ့စိတ်မှာ ဒွိဟများနှင့် ခေါင်းက မူးနေ၏။

"သစ်ပင်ချိုင်တာ ဘယ်သူ့ဓားလဲ"

တဲ့။ ခင်မှု၏ အမေးကို ပြန်ပြောဖို့အတွက် စဉ်းစားနေရလေ၏ ■

* * *

လွှမ်းသျှင်နောင်
(မဟာသာရှာ)



www.burmeseclassic.com



# လက်အစားထိုး ကုသခြင်း

မြယာငြ

"ရေ. . .ရေ"

တိုးတိုးညင်သာ ထွက်လာသည့် အသံကြောင့် ကျွန်တော် သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူ သတိရလာပြီပဲ။ တစ်ရက်နှင့် တစ်မနက်လုံး မေ့မြောနေရာမှ သတိရလာခြင်းဖြစ်သည်။ နှုတ်ခမ်းက လှုပ်ရုံမျှသာ။ မျက်စေ့က လုံးဝ ပွင့်မလာသေး။ မြင်ကွင်းက သနားစရာ၊ ကရုဏာသက်စရာ။ သို့သော် ကျွန်တော့်အဖို့ သည်မျက်နှာကို မြင်တိုင်း ဒေါသကို ထိန်းချုပ်၍မရ။ ဆရာကြီးစကားကို မလွန်ဆန်ဝံ့၍သာ ဒီလူနာကို စိတ်မပါဘဲ စောင့်ရှောက်နေပေးနေရသည်။ လူနာ၏ နှုတ်ခမ်းများသို့ ဂွမ်းစကို ရေဆွတ်ပြီး အနည်းငယ် လှမ်းတို့ပေးလိုက်သည်။ စေတနာမပါဘဲ ပြုစုလိုက်ခြင်းဖြစ်သည်။

လူနာ ခေတ္တငြိမ်သွားသည်ဖြစ်၍ သူ့မျက်နှာကို ကျွန်တော် စူးစူးစိုက်စိုက် ကြည့်ရင်း မနေ့က အဖြစ်အပျက်များကို ယခုချက်ချင်း ခံစားလိုက်ရသလို ဖြစ်လာပါသည်။

သည့်တုန်းက သူ့မျက်နှာက မာကြောကြော။ အပြောအဆိုက ခပ်ရိုင်းရိုင်း။ လုပ်ပုံကိုင်ပုံက ဒေါက်မကျိုး။ အချိုးမပြေ။ သူ့အလုပ်က မှဆိုး။ အမြဲတမ်း သတ်နေဖြတ်နေမှ ကျေနပ်နေသူ။ သူနှင့် ကျွန်တော်ဆုံကြပုံက စိတ်ဝင်စားစရာ။ ထိုအချိန်က တောစပ်တစ်နေရာတွင် ခြံခတ်၍ ဆေးမြစ်ဆေးဥ စုဆောင်း၍ ဆေးဖော်စပ်လျက်ရှိသည့် မဟာဗိန္ဒောဆရာကြီးထံတွင် ဆေး



www.burmeseclassic.com

www.burmeseclassic.com

မြစ်တူးပေးပြီး တပည့်ခံလျက် ဆေးညာသင်ကြားလေ့လာနေဆဲ ကာလ။

◈◈◈

တစ်ည...

စူးစူးဝါးဝါး ခွေးဟောင်သံကြောင့် ကြည့်ရာ ခြံဝတွင် လဲနေသည့် ဂျီ(ချေ)တစ်ကောင် တွေ့လိုက်ရသည်။ လက်ျာဘက် ပေါင်ရင်းမှ ဒဏ်ရာကြောင့် သွေးများမှာ မြေကြီးပေါ်တွင် စိုင်ထွန်းလျက်ရှိသည်။ ကျွန်တော်နှင့် ဆရာကြီးသည် ဂျီကို ခြံအတွင်းသို့ မ၍ ဒဏ်ရာကို အဖန်ရည်ဖြင့် ဆေးကြောသန့်စင်လိုက်ကြသည်။ အနာကျက်နိုင်သည့် ဆေးမြစ်ဆေးဝါးများဖြင့် ဒဏ်ရာကို အုပ်မံ၍ အဝတ်စဖြင့် ပတ်တီးစည်းပေးလိုက်ကြသည်။

ထိုစဉ် ခြံဝင်းအတွင်းသို့ လူစိမ်းသုံးယောက်ဝင်လာကြသည်။ ခေါင်းဆောင်ဟု ထင်ရသူက ကျွန်တော်တို့ကို ပမာမခန့်ကြည့်ပြီး လေသံမာမာဖြင့် လှမ်းပြောလိုက်သည်။

"ဟေ့ကောင်တွေ... ဒါ ငါတို့ပစ်လိုက်တဲ့ ဂျီကွ။ မင်းတို့ ဘာလုပ်ကြတာလဲ"

"အေး၊ မင်းတို့ ပစ်လိုက်တာ ဟုတ်.မဟုတ် ငါတို့ မငြင်းပါဘူး။ ဒါပေမယ့် မင်းတို့က သေစေချင်လို့ ပစ်ခဲ့တာမဟုတ်လား။ ဒါပေမယ့် ဂျီက သေလောက်တဲ့ ဒဏ်ရာ မရခဲ့ဘူးကွ။ နောက်ပြီး ငါတို့က ဆေးဆရာတွေဖြစ်တော့ ငါတို့အဝန်းအဝိုင်းထဲ ရောက်လာတဲ့ ဘယ်သတ္တဝါမဆို ဒုက္ခတွေ့လာရင်၊ ဒဏ်ရာရလာရင် ကုသပြီး အသက်ကယ်ရမှာပဲ"

မုဆိုးက ရိုင်းရိုင်းစိုင်းစိုင်းပြောနေသော်လည်း ဆရာကြီးက လေသံအေးအေးဖြင့်ပင် ရှင်းပြလိုက်ပါသည်။

"ဒါဆို မင်းတို့က ဘာဖြစ်ချင်တာလဲ"

"ဒါက ရှင်းပါတယ်။ မင်းတို့က ဂျီကို သေစေချင်တယ်။ ငါတို့က ဂျီကို ရှင်စေချင်တယ်။ ဒီတော့ မသေသေးတဲ့ ဂျီကို ငါတို့ ရှင်အောင်ကုမယ်။ မရှင်လာခဲ့ရင်တော့ မင်းတို့ကို ပေးမယ်"

ဆရာကြီး ပြောလိုက်သည့် စကားကြောင့် ခေါင်းဆောင်ဖြစ်သူ မုဆိုးသည် ဒေါသထွက်လာပြီး...

"အေး၊ ဒီလောက်တောင် ဆေးကုချင်တဲ့ လက်ကို ဆေးမကုနိုင်အောင် လုပ်ပေးလိုက်မယ်။ ကဲ - ရော့၊ ဒါ ငါ့လက်ဆောင်ပဲ"

ဟု ပြောပြောဆိုဆို ဆရာကြီး၏ လက်ကို ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်လေသည်။ ပြီးမှ သူ့တပည့်နှစ်ယောက်ကို အမိန့်ပေးလိုက်သည်။

"ဟေ့ကောင်တွေ...ဘာကြောင့်နေတာလဲ။ ဂျီကို ခြံအပြင် ထမ်းထုတ်သွားကြ"

မုဆိုး၏ တပည့်နှစ်ဦးက ဂျီကို ခြံပြင်သို့ ထမ်းထုတ်သွားစဉ် ခေါင်းဆောင် မုဆိုးက ဒဏ်ရာဖြင့် လဲကျသွားသည့် ဆရာကြီးအား...

"ငါတို့ မုဆိုးဆိုတာ သွေးဆာနေတဲ့သူတွေကွ။ ငါတို့အလုပ်ကို အနှောင့်အယှက်လုပ်လာရင် ငါ့လက်က နေရာမရွေးဘူး။ ဒါ သတိပေးရုံပဲ ရှိသေးတယ်။ မှတ်ထားကြ"

ဟု ကြိမ်းမောင်းပြောဆိုပြီး အမှောင်ထုထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားပါသည်။

◈◈◈

"လူနာ သတိရလာပြီထင်တယ်"

ဆရာကြီးအသံကြောင့် ကျွန်တော် အတွေးများမှ နိုးထလာခဲ့သည်။ ကျွန်တော် ချက်ချင်းအဖြေမပေးသေးဘဲ ရုတ်တရက် ဆရာကြီးကို မော့ကြည့်လိုက်သည်။ မနှစ်က ဂျီတစ်ကောင်ကြောင့် ဒီခြံဝိုင်းထဲ ရောက်ခဲ့ဖူးသည့် မုဆိုးသည် ယခုတစ်ကြိမ် လူနာအဖြစ် ရောက်ခဲ့ခြင်းဖြစ်သည်။ ဆေးမကုနိုင်အောင် ဓားမြှောင်ဖြင့် ပစ်ပေါက်ခံရပြီး ဒဏ်ရာရရှိခဲ့သည့် လက်ဖြင့်ပင် ဆရာကြီးကိုယ်တိုင် ဆေးကုပေးနေရပြီ။

တစ်ည ခွေးဟောင်သံကြောင့် ထကြည့်ရာတွင် ဒဏ်ရာဖြင့် သွေးအိုင်ထဲတွင် သတိလစ် မေ့မြောနေသည့် လူတစ်ဦးကို ခြံဝတွင် တွေ့လိုက်ရသည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ မျက်နှာကို ကြည့်လိုက်ရာ မနှစ်က ဂျီတစ်ကောင်ကြောင့် ပြဿနာရှာသွားသည့် မုဆိုးဖြစ်နေသည်။ ကျွန်တော် ဒေါသကို မထိန်းနိုင်၍ မိုန်းဖြင့် ထိုးမည်အလုပ်၊ ဆရာကြီးက မိုန်းကို လုယူ၍ ကျွန်တော့်ကို ဟန့်တားလိုက်သည်။ ဆရာကြီး၏ ဆန္ဒအရ လူနာ မုဆိုးကို အိမ်ထဲ မ,ရွှေ့လိုက်ကြသည်။ လူနာ၏ ဒဏ်ရာများကို စစ်ဆေးကြည့်ရာ လက်ျာဘက် လက်ကောက်ဝတ်မှာ ပြတ်လုနီးပါးဖြစ်နေပြီး ဝမ်းဗိုက်နှင့် ပေါင်ရင်းတွင် ပြတ်ရှဒဏ်ရာများကို စိုးရိမ်ဖွယ်အခြေအနေ တွေ့လိုက်ရပါသည်။

"ဒါ အငိုက်မိပြီး တောဝက် အပက်ခံလိုက်ရပုံအနေအထားပဲကွ"

ဆရာကြီးသည် ပြောပြောဆိုဆို ဒဏ်ရာများကို အဖန်ရည်ဆေး၍ သန့်စင်လိုက်ပြီး သွေးတိတ်မြန်စေသည့် ဆေးဝါးများဖြင့် သုတ်လိမ်းပေးလိုက်ပါသည်။ ထို့နောက် အနာကျက်စေမည့် ဆေးများဖြင့် အုပ်မံပြီး လုံချည်အဟောင်းတစ်ထည်ကို ဆုတ်၍ ပတ်တီးစည်းပေးလိုက်သည်။ ပြီးလျှင် လူနာ သတိရလာသည်အထိ အနီးကပ် ပြုစု

www.burmeseclassic.com

ရန် ကျွန်တော့်ကို တာဝန်ပေးလိုက်ပါသည်။

ရက်အနည်းငယ်ကြာသောအခါ မုဆိုးလူနာမှာ ဒဏ်ရာများ ပျောက်ကင်းစ ပြုလာသည်။ လမ်းလျှောက်လာနိုင်ပြီဖြစ်သော်လည်း တရွေ့ရွေ့မျှသာ။ လက်များ လှုပ်ရှားလာနိုင်ပြီဖြစ်သော်လည်း တုန်တုန်ချိချိ။ ဝမ်းဗိုက်မှ အနာရှုတ်ကြောင့် ခါးပင် ခပ်ကိုင်းကိုင်းဖြစ်နေသည်။ တောင်ဝှေးမပါဘဲ လမ်းလျှောက်၍မရ။ သူနေထိုင်ရာသို့ ပြန်နိုင်ရန် နေရပ်ကို မေးသော်လည်း လုံးဝမပြော။ ဇနီး သားသမီး၊ ဆွေမျိုးညာတိ ရှိ မရှိလည်း မသိရ။ သူ့လက်ရင်းတပည့်နှစ်ဦးပင် တောဝက်ပက်သည့် ဒဏ်ရာများဖြင့် တောထဲတွင် သေနေလောက်ပြီ။ ယခုအခါ သည်ပုံအတိုင်းဆိုလျှင် သူ တစ်ကောင်ကြွက်ဖြစ်သွားပြီ ထင်ပါသည်။ ဆရာကြီး၏ ဆန္ဒအရ သူ့ကို ဒီအတိုင်းပင် လွှတ်ထားလိုက်ပြီး မည်သည့်အကြောင်းမှ မေးမြန်းခြင်းမပြုတော့ပါ။

တစ်နေ့ထက်တစ်နေ့ ကျန်းမာရေး ကောင်းလာသည့်တိုင် မုဆိုးသည် မည်သည့်နေရာသို့မှ မသွားသေးဘဲ ကျွန်တော်တို့ထံတွင် သောင်တင်နေသည်မှာ သုံးလေးလခန့်ပင် ရှိပြီ။ တစ်နေ့ ညနေပိုင်း ထမင်းဝိုင်းတွင် မုဆိုးက အမှတ်မထင် စကားစ လိုက်သည်။

"ဆေးဆရာ…ငါ့လက်ကို နဂိုအတိုင်း သန်မာအောင် မကုပေးနိုင်ဘူးလား"

"အေး၊ အခြေခံရုပ်တွေ မပျက်စီးသေးရင်တော့ ကုလို့ ရနိုင်တာပေါ့ကွာ။ ဒါပေမယ့် ဆေးကုတယ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာကို ဆေးချက်တည့်အောင် လုပ်ပေးနိုင်ပေမယ့် လူနာရဲ့ စိတ်ကလည်း ယုံကြည်ချက်ပြင်းပြဖို့ လိုတယ်ကွ။ နောက်ပြီး မင်းရဲ့ ပြတ်တောက်သွားတဲ့ အကြောအခြင်တွေ ပြန်ပြီး သန်မာလာအောင် နေ့တိုင်း ဗီရိယစိုက်ပြီး လေ့ကျင့်ခန်းတွေကိုလည်း မပျက်မကွက်လုပ်ပေးနိုင်ရမယ်ကွ"

"ဆေးဆရာ . . . မင်းပြောတဲ့အတိုင်း လုပ်ပြီဆိုပါတော့ ဘယ်လောက်ကြာကြာလုပ်ရမှာလဲ"

"ဒါကတော့ကွာ၊ လက်ဖက်ကောင်း စားချင်ရင် ပလောင်တောင်တက် နေရမယ်ဆိုတဲ့ စကား မင်းလည်း ကြားဖူးမှာပေါ့။ အခု ရေတွင်းတူးပြီး ချက်ချင်း ရေကြည်မရနိုင်ဘူးလေ"

"ဆေးဆရာ… မင်းပြောသလို အချိန်တစ်ခုကို စောင့်နေပေမယ့် အတိုင်းအတာတစ်ခုကျော်လွန်တဲ့အထိ ဖြစ်မလာခဲ့ဘူးဆိုရင်ကော"

"ဒီလိုဖြစ်လာခဲ့ရင်တော့ မကောင်းတော့တဲ့ မင်းရဲ့ လက်ကို အစားထိုးပြီး ကုသဖို့ လိုတယ်ကွ"

"ဒါဆို ငါ့ရဲ့ မသန်စွမ်းတဲ့ လက်ကို ဖြတ်တောက်ပြီး ကောင်းတဲ့ လက်နဲ့ အစားထိုး ခွဲစိတ်ကုသရမယ့်သဘောလား"

"အေး၊ ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် ငါတို့ တိုင်းရင်းသမားတော်တွေက အနောက်တိုင်းနည်းမျိုးနဲ့ ခွဲစိတ်ပြီး အစားထိုး ကုသတဲ့နည်းကို မသုံးကြပါဘူး"

"ဒါဖြင့် မင်းက ဘယ်လိုနည်းနဲ့ ကုမှာလဲ၊ ရှင်းရှင်းပြောပါကွာ"

"ဒီမှာ မုဆိုး ငါတို့နည်းက စိတ်ကို ပြောင်းပြီး ရုပ်ကို အစားထိုးရမယ့် ကုသခြင်းပဲကွ"

"ဆေးဆရာ . . . မင်းပြောတာ ငါ သိပ်နားမလည်းဘူးကွာ"

"အေး၊ သေချာနားထောင်။ သာ ကောင်မြင်ရင် ပစ်ချင်ခတ်ချင်တဲ့စိတ် မင်းမှာ ရှိပေမယ်၊ ပစ်နိုင် ခတ်နိုင် လောက်အောင် မင်းလက်တွေ မသ စွမ်းတော့ဘူး။ ဒါပေမယ့် ဒဏ်ရာရ တဲ့ သားကောင်နဲ့ မကျန်းမာတဲ့ သတ္တဝါတွေကိုတော့ မင်းရဲ့ လက် မသန်ပေမယ့် ဆေးကုပြီး ကယ်တင် ပေးနိုင်တဲ့ အစွမ်းရှိပါတယ်။ ဒါကြောင့် အကုသိုလ်စိတ်ကို ကုသိုလ်စိတ်ပြောင်း လိုက်ပြီး မင်းလက်ကို အကျိုးပြုတဲ့ လက်အဖြစ် အစားထိုးပြီး ကုသပေး မယ့် သဘောပဲကွ"

ဆရာကြီးက စိတ်ပါလက်ပါပြော နေသော်လည်း မုဆိုးမှာ ထမင်းပန်းကန် ကိုသာ ငေးငိုင် စိုက်ကြည့်ရင်း နား ထောင်လျက်ရှိသည်။ ဆရာကြီးကပင် စကားဆက်လိုက်သည်။

"လူဆိုတာ ရုပ်တစ်ခုတည်း ရပ် တည်နေတာ မဟုတ်ဘူး။ စိတ်နဲ့ တွဲ နေတာကွ။ ခန္ဓာကိုယ်ကြီးထဲ ရုပ် အစိတ်အပိုင်းတစ်ခုခု အကြောင်းတစ်ခု ခုကြောင့် ပျက်စီးခဲ့ရင် ပြင်လို့ရတာ လည်း ရှိတယ်၊ ပြင်လို့ မရတာလည်း ရှိတယ်ကွ။ စိတ်ဆိုတာက ဘယ်အခါ မဆို ပြုပြင်လို့ ရနိုင်တယ်။ ဒါကြောင့် စိတ်ကို ပြုပြင်ပြီး အသုံးမတည့်တာကို အသုံးတည့်အောင် လုပ်နိုင်မှ အကျိုးရှိ တာကွ"

"ဆေးဆရာ… မင်းပြောချင်တာက အရင်က အလုပ်တွေနဲ့ အကျင့်စရိုက်တွေကို စွန့်လွှတ်ခိုင်းနေတာလား"

"အေး၊ စွန့်လွှတ်ခြင်းဆိုတာက တကယ်တော့ လှူဒါန်းခြင်းတစ်မျိုးပဲကွ။ အသက်ပေါင်းများစွာကို ဒီနေ့ ဒီရက်က စပြီး လုံးဝ မသတ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်လိုက်ပြီး၊ ဒီသွေးစွန်းထား လက်ကို ဆေးကုပေးမယ့် လက်နဲ့ စားထိုးမယ်လို့ ခံယူလိုက်တာဟာ သွေးစွန်းလက်ကို ဆေးကြောလိုက်တဲ့ သဘောဖြစ်လို့ ဇီဝိတဒါနဖြစ်တယ်ကွ"

"ဆေးဆရာ… ဒါက ငါကြားဖူး စကားလို ကျွဲနို့အိုးမှောက်မှ ရွှေ ည်းခဲ့ကို လှူတာမျိုးဖြစ်မနေဘူးလား"

"ငါပြောမယ် မုဆိုး။ မင်း ရှင်ပြု ဟာန်းခံတာတွေကိုတော့ မြင်ဖူးမှာပေါ့။ လောင်းနဲ့ ရဟန်းလောင်းတွေကို ကျို၊ လုံချည်အစား သင်္ကန်းဝတ်ပေး ခေါင်းတုံးရိတ်ပေးတာဟာ တကယ် တော့ ရုပ်ကို ပြောင်းလဲလိုက်တာပဲ။ ရှင်နဲ့ ရဟန်းဖြစ်သွားတာနဲ့ စိတ်ဟာ ည်း လူတုန်းကနဲ့ မတူတော့ဘဲ နူးညံ့ မွေ့သွားတာဟာ ရုပ်ကြောင့် စိတ် ပြောင်းသွားတဲ့ သာဓကပဲကွ။ နောက် တစ်ခါ အလှူရှင်တွေဘက်ကို ကြည့် ကြ၊ တစ်သက်လုံး ရှာဖွေစုဆောင်း ဲ့ ဥစ္စာဓနတွေကို ရက်ရက်ရောရော ခွန်းခြင်းဖြင့် စွန့်လွှတ်တတ်တဲ့ ကျင့်ဖြစ်လာကြတယ်။ ကျင့်တာ များလာတဲ့အခါ ဥစ္စာပစ္စည်းသာမက၊ ဇနီး, သားသမီးတွေအထိ စွန့်လွှတ်လာ နိုင်ကြတယ်။ ဒီလို သံယောဇဉ် စတဲ့ ကိလေသာတွေကို စွန့်လွှတ်နိုင်ခဲ့တာ ကြောင့် ကိလေသာတွေ ကုန်ဆုံးပြီး ဘုရားရှင်နဲ့ ရဟန္တာတွေဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတာကွ"

"ဆေးဆရာ • • • မင်းဆိုလိုတာ ငါသဘောပေါက်ပြီ။ ငါ့ရဲ့ သွေးစွန်းလက် ကို ဆေးကုလက်နဲ့ အစားထိုးဖို့ ငါ ဆုံးဖြတ်လိုက်ပါပြီ။ ဒီနေ့က စပြီး ငါ့ကို မင်းတို့ တပည့်တစ်ဦးအဖြစ် လက်တွဲ ခေါ်ပေးပါကွာ"

"အေး၊ မင်းဆုံးဖြတ်ချက် မှန် တယ်။ ကျေးဇူးပါပဲ။ ဒီနေ့က စပြီး မင်းဟာ မုဆိုးမဟုတ်တော့ဘူး။ ဘဝ ပြောင်းသွားပြီ။ အခု မင်းဟာလည်း ဆေးဆရာဘဝရောက်သွားပြီကွ"

ထမင်းဝိုင်းတွင် ဆရာကြီးနှင့် မုဆိုးတို့ စကားပြောနေကြသော်လည်း ကျွန်တော် တစ်ခွန်းတလေပင် ဝင် ရောက်ပြောဆိုခြင်း မပြုဘဲ ငြိမ်၍သာ နားထောင်နေပါသည်။ ကျွန်တော်သည် ဆရာကြီးထံ၌ ဆေးပညာသင်ယူရာ တွင် ဆရာကြီးသည် ဆရာစားမချန်ဘဲ သင်ကြားပေးသဖြင့် တချို့နေရာများတွင် ဆရာကြီးနီးပါး ဆေးကုနိုင်စွမ်းရှိပါသည်။ ဤသည်ကိုပင် ကျွန်တော်သည် ကိုယ့် ကိုယ်ကို တော်လှပြီ၊ တတ်လှပြီဟု အထင်မှားနေသည် ထင်ပါသည်။

ဆရာကြီးသည် မုဆိုးကို ဆေး ဆရာဘဝဖြစ်အောင် လိမ္မာပါးနပ်စွာ ကုပေးလိုက်သည့် ဘဝပြောင်း ကုထုံး ကို အမှတ်မထင် ကျွန်တော် ယခုမှ ရိပ်မိလိုက်ပါသည်။ ဆရာကြီးသည် ဆရာစားချန်ခဲ့ခြင်းမဟုတ်။ ဆရာကြီး ၏ သမ္မာကြောင့်သာဖြစ်သည်။ ပညာကို သင်ယူ၍ ရနိုင်သော်လည်း သမ္မာကို သင်ယူ၍ မရ။ သမ္မာသည် အတွေ့ အကြုံမှသာ ရနိုင်ပါလိမ့်မည်။ ကျွန် တော် သမ္မာရင့်သမားတော်ဖြစ်ရန် အတွေ့အကြုံများစွာ ရရှိဖို့ ကြိုးစား ပမ်းစား လေ့ကျင့်ရပါဦးမည်■

* * *

မြယာ ငြေ



# မြယာငြေ

၆၉-နှစ်

(၁၉၄၅-၂၀၁၄)

မြယာကုန်းလမ်း၊ အိမ်အမှတ် (၁၃၄/၁၃၆)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ နေအိမ်၌ (၃-၃-၂၀၁၄)ရက်၊ ညနေ ၄နာရီ ၁၅မိနစ်တွင် ကွယ်လွန် သွားခဲ့ပါသည်။

ယခုရေးသားခဲ့သည့် ဆောင်းပါး မှာ သူ၏ မကွယ်လွန်မီ နောက်ဆုံးရေး သားသွားခဲ့သော စာမူတစ်ပုဒ်သာဖြစ်ပါ သည်။ ဆရာ မြယာငြေ ကွယ်လွန်ခြင်း အတွက် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းမှ ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါ သည်။

ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း

www.burmeseclassic.com

# သုခ

နှစ်လုံးသွေးပျက်သော

# တေးတစ်ပုဒ်




www.burmeseclassic.com

www.burmeseclassic.com

"ဇေယျတု သဗ္ဗမင်္ဂလံ"
မင်္ဂလာဩဘာ ယိုးဒယားသီချင်း။
ရေးသူ ဆရာ ဦးပြုံးချို။

ဆရာကြီး ဦးပြုံးချို စုဆောင်း သားအပ်သော မဟာဂီတပေါင်းချုပ် တွင် ဤသို့ဖော်ပြထားသည်။ ထို တကျမ်းကို လွန်ခဲ့သော အနှစ် ၄၀ က စ၍ သူရိယ သတင်းစာတိုက် င် ပုံနှိပ်ထုတ်ဝေသည်ဟု ထင်ပါ သည်။

သဗ္ဗမင်္ဂလံ - ခပ်သိမ်းသော လာဟူသမျှ ဇေယျတု - အောင်မြင် မြောက်ပါစေသတည်း။

သီချင်းတစ်ပုဒ်လုံး ကောင်းမြတ် သော က္ကဋ္ဌမင်္ဂလာ ဩဘာဆုတောင်း သားတို့ဖြင့် တင့်ရွှန်းလှပါဘိသည်။ သွားလှပါဘိသည်။ ကျက်သရေ ရှိပါဘိသည်။

ခေတ်ပေါင်းမှသည် ယနေ့ခေတ် ထိ အလှူမင်္ဂလာ ပွဲနေပွဲထိုင်တို့၌ သီချင်းလောက် တင့်တယ်လျောက် သော ဂီတသည် ရှိအံ့မထင်။ သွား တီးကွက်ကို ဆိုရြန်မှုလည်း ခန် ကွန့်မြူပြည့်ဝပါဘိသည်။

သို့သော် ဤသီချင်းသံကို ကြား နာမိတိုင်း၊ ဝမ်းနည်းသလိုလို ကြွဲသယောင်ယောင်ဖြစ်ခဲ့ရသည် ကျွန်တော်၏ ခံစားချက်တစ်ရပ်ပင် ဆိုရပါမည်။

ကျက်သရေမင်္ဂလာ နားဝင်ပါ ကြားက အဘယ်ကြောင့် ဝမ်း ကြေကွဲရပါသနည်းဟု ဆိုလျှင် သီချင်း၊ ဤသီချင်း၏ ဖြစ်ပေါ်လာ ခပ်မှေးမှေး ကျွန်တော်ကိုယ်တိုင် နေခြင်းကြောင့် ဖြစ်ပါသည်။

အတိတ်ကို ဆောင်ရသော တော်ကိုယ်တိုင် လူ့လောကကြီး ရောက်သေးမီက အစပြုမှ ဖြစ် ပါမည်သာတည်း။ ကျွန်တော်၏ ဘွားအေ(ကျွန်တော့်မိခင်၏ မွေးမေ)မှ ကျွန်တော်၏ မိခင်ကို မျက်နှာမြင်ပြီးစ က ဖြစ်ပေလိမ့်မည်။

ကျွန်တော့်ဘွားအေ ဒေါ်ငြိမ်းမှာ မျက်စိနှစ်ကွင်း အလင်းမရသော မောင်ကလေးတစ်ယောက် ရှိလေ သည်။ နာမည်ကား မောင်တုတ်ပေါ ဟူသတည်း။ ဒေါ်ငြိမ်း၊ မောင်တုတ်ပေါ၊ မသိုင်း၊ မလုံ့မကလေးဟူ၍ မောင်နှမ လေးယောက်ရှိလေရာ မောင်တုတ်ပေါ ကလေး ၁၂နှစ်သားခန့်က ဆော့ရင်း၊ ကစားရင်း မျက်စိနာစွဲ၍ ၁၅နှစ်သားခန့် တွင် လုံးဝကွယ်သွားရှာတော့သည်။ တစ်ဦးတည်းသော မောင်ကလေးဖြစ် ခြင်းကြောင့် စားနိုင်သောက်နိုင် ကြေး ရတတ်များဖြစ်သည့် အားလျော်စွာ အမျိုးမျိုးအထူးထူးသော ဆေးဝါးသမား ဟူးရားတို့နှင့် ကုမ စေသော်လည်း အချည်းနှီး။ ကံနာဝဋ်နာသဖွယ် ရှိရှာ လေသည်။

ထို့အတွက်ကတစ်ဆင့် အကြင် နာ၊ ကရုဏာပိုကာ လူပျိုပေါက် ကလေး မောင်တုတ်ပေါအား လိုလေ သေးမရှိ၊ အလိုလိုက်ကြသည်။

မောင်တုတ်ပေါကလေးမှာ တူရိယာ ဂီတဘက်တွင် ဝါသနာထုံ လွန်းသည်။ ပတ္တလားသင်လိုသည်ဆို ၍ မန္တလေးမြို့ရှိ အမျိုးများထံ ပတ္တလား တစ်လက်မှာပေးသည်။ စက္ခုဝိညာဏ ဓာတ် ကင်းမဲ့သလောက် သောတဝိညာဏ ဓာတ်တွင် အားပိုကောင်းလေရ ကား၊ တီးခတ်သောအသံတို့တွင် စွဲမြဲ စွာ မှတ်မိလေသည်။ သို့သော် မောင်တုတ်ပေါကား သူ့ဘဝကို သူ မကျေနပ်။

မင်းဘူးမြို့တွင် မြန်မာဘုရင်ရှိစဉ် က နန်းတွင်းစောင်းဆရာကြီးအဖြစ် ခစားထမ်းရွက်ရသော ဒေဝဣန္ဒာဘွဲ့ရ ဆရာကြီး ဦးမောင်မောင်ကြီးမှာ ရဟန်း ဘဝနှင့် ရှိလေသည်ဟု ကြားသော ကြောင့် မောင်တုတ်ပေါသည် ထိုဆရာ ကြီးထံ တပည့်ခံသွားလိုကြောင်းဖြင့် မကြာခဏ ပူဆာလေသည်။

သူ့အစ်မကြီး ဒေါ်ငြိမ်းသည် သူ့ မောင်ကလေး မျက်မမြင် ဒုက္ခိတကို ခွဲမထားနိုင်။ မထားရက်ရှာ။ အမျိုးမျိုး အနည်းနည်းဖြင့် ငိုတစ်လှည့်၊ ရယ် တစ်တန် ချော့မော့ ဖျောင်းဖျနေရရှာ သည်။ သို့သော် ဇွဲကြီးသော မောင်တုတ်ပေါသည် အံ့ဩဘနန်း ကျိုက်လတ်မြို့မှ မင်းဘူးမြို့အရောက် တိတ်တဆိတ် ထွက်ပြေးလေသည်။

မင်းဘူးမြို့ ဆရာကြီး ခြေတော် ရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက် သွားကြောင်း သိရမှ ဒေါ်ငြိမ်းသည် ငွေ ထုပ်ပိုက်၍ မင်းဘူးမြို့သို့ လိုက်သွားရ ရှာသည်။ ရဟန်းတော် ဆရာကြီးသည် မမြင်မကန်းနှင့် စွန့်စားလာရောက်သော မောင်တုတ်ပေါကလေးအား ကရုဏာ ရှေ့ထား အကြင်နာပွား၍ အခြား တပည့်များထက် ဂရုစိုက်ရှာလေသည်။

◈◈◈

အထက်ပါ အကြောင်းလေးများ မှာ ကျွန်တော့်အား မမွေးမီက အကြောင်းများ ဖြစ်လေရာ ကျွန်တော် လူမှန်းသိချိန် ဂုနှစ်သားအရွယ်လောက် တွင်ကား ကျွန်တော့်ဘွားအေနှင့် ကျွန်တော့်မိခင်တို့ကိုယ်တိုင် ပတ်ပျိုး တစ်ပုဒ်စ နှစ်ပုဒ်စ ယိုးဒယားသီချင်း များကို ဆိုတတ်နေရလေပြီဟု ဆို သည်မှာ အတင်းအကျပ်ခိုင်း၍ သူ့ စောင်းနှင့် အတင်းဆိုခိုင်းသောကြောင့် ဖြစ်ပေသည်။ ကျွန်တော်ကိုယ်တိုင်ပင် လျှင် မြန်မာစာသင်ကျောင်းက ကကြီး ရေ ကသတ်ကက်ဟု အော်ပြီး၍ ပြန် လာတိုင်း စည်တီးပေးနေရချေပြီ။

ထိုအချိန်က ကျွန်တော့်အဘိုး လေး ဦးတုတ်ပေါမှာ အသက် ၃၀ခန့် ရှိပေပြီ။ သူ့တွင် စောင်းနှစ်လက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်လုံးမှာ မှန်စီရွှေချ စောင်း၏ လက်တံထိပ် ညောင်ရွက်တွင် "ဒေဝ" ဟု ရွှေသရိုးကိုင် စာလုံးကလေးနှစ်လုံး ရှိ၍ စောင်း၏ ဖင်ပိုင်း၊ ဖလားဆိုသည်၏ ထိပ်နားတွင် "ဣန္ဒာ"ဟူသော ရွှေသရိုးစာလုံးကလေးရှိလေရာ ဆရာကြီး ဒေဝဣန္ဒာကိုယ်တိုင် သူ့အား လက်ဖွဲ့လိုက်သော စောင်းမွန်၊ စောင်းမြတ်ဟု မကြာခဏ ဂုဏ်ယူ၍ ပြောလေသည်။ ထိုစောင်းကို သူကိုယ်တိုင် အလွန် မွန်မွန်မြတ်မြတ် ယုယုယယ ထားလေသည်။

ကတ္တီပါအစိမ်းကို အိတ်ချုပ်၍ စွပ်ထားလေ့ရှိ၏။ ပွဲကြီးလမ်းကြီးမှ တစ်ပါး၊ တခြားအချိန်၌ အပြင်သို့ မထုတ်။ အိမ်သူအိမ်သားများလည်း မကိုင်တွယ်ရ။ သစ်စေးသုတ် ရိုးရိုး စောင်းတစ်လက်ကိုသာ သူ လေ့ကျင့်ရင်း တီးသည်။

မျက်စိနှစ်ကွင်း အလင်းမရသော်လည်း ဦးစာတ်ပေါ်သည့် နားအလွန် ပါးလေသည်။ ကျွန်တော် ကလေးငယ်ဘဝက မျောက်ရှုံးလောက်အောင် ဆော့သည်။ အခြားနေရာတွင် ကျွန်တော် ဘယ်လောက်ဆော့ဆော့ ကိစ္စမရှိ၊ စောင်းတင်ထားရာ အိမ်ခေါင်းရင်း စားပွဲဝိုင်းကလေးအနားသို့ ရောက်သွားသံ ကြားလျှင် ဒေါသကြီးပါလေတော့သည်။

နောက်တစ်ခုကလည်း ရှိသေးသည်။ သူ မျက်စိမမြင်သည်ကို ကျိုက်လတ်လို မြို့ငယ်ကလေး တစ်မြို့လုံး သိနေပါလျက် မျက်စိကွယ်နေသည့် အချက်ကို သူ အရှက်ကြီး ရှက်တတ်သည်။ ထို့ကြောင့် အိပ်ချိန်မှအပ အိမ်တွင်း အိမ်ပြင် မျက်မှန်အနက်ကို အမြဲ တပ်ထားတတ်သည်။ ကျွန်တော့်အဘိုးလေးမှာ ညနေတိုင်း မြို့ထဲထွက်၍ အိမ်လည်ရမှ ကျေနပ်သည်။ ဘယ်နေရာနားတွင် ဘယ်သူ့အိမ်ဆိုသည်ကို သူ သိနေသည်။ ခြေလှမ်းများ မှတ်သလား၊ မျက်နှာမူရာကို မှတ်သလားဟု စပ်စုသော ကျွန်တော်က ခဏခဏစမ်းကြည့်သည်။ တစ်ခါတစ်ရံ ကျွန်တော် ခလောက်ဆန်မှုကြောင့် သူက ရယ်၍ အနိုင်ယူတတ်သည်။ တစ်ခါတစ်ရံတော့လည်း "ငါ့ကို အကန်းမို့ နင်က စမ်းသလား"ဟု လက်ကိုင်တုတ်နှင့် မလွတ်အောင် ရိုက်တတ်သည်။ သူ့လက်ကိုင်တုတ်ကို ကျွန်တော်က ဆွဲ၍ လမ်းလျှောက်လျှင် "ငါ သူတောင်းစား မဟုတ်ဘူး"ဟု ဒေါသပုန်ထပြန်ပါသည်။

သူနှင့် လမ်းလျှောက်နည်းအား (ဝါ) သူကြိုက်သလို လျှောက်နည်းကား သူ ဟန်လွဲသောလက်ကို ကျွန်တော့်ပခုံးနှင့် အစဉ်အမြဲ ပွတ်တိုက်ကာ စကားတပြောပြော မသိမသာ ဦးဆောင်စေသောနည်းဖြစ်သည်။

တစ်ခါက အံ့သြစရာအကြောင်း ဖြစ်ခဲ့လေသည်။ ဖျာပုံမြို့ အမိန့်တော်ရ ဦးသာခင် ဆိုသူသည် သူ၏ စောင်းလက်သံကို အလွန်နှစ်သက် ခင်မင်ရင်းနှီးစွာဖြင့် ဖျာပုံသို့ အလည်လာမည်ဆိုက ပင့်ခေါ်ပါရစေဟု ပြောဖူးသည်။ ဒါကို သူက ငြင်းလိုက်ပြီးမှ နောက်တစ်နေ့တွင် ကျွန်တော်နှင့် ဖျာပုံသို့ သွားကြမည်ဟု ပြင်ဆင်ပါတော့သည်။

ကျွန်တော့်မိခင်ကလည်း စိတ်မချ၍ တားသည်။ ကျွန်တော့်ဘွားအေကလည်း မဖြစ်နိုင်တာဟု ကန့်ကွက်သည်။ ကျွန်တော့်ကတော့ ကလေးပီပီ မိုက်တိမိုက်ကန်းနှင့်··

"အဘိုးလေးကလည်း အိမ်လည်း မသိ၊ ရောက်လည်း မရောက်ဘူးဘဲနဲ့"

ဟု ပြောသဖြင့်···

"ဟဲ့ - အမိန့်တော်ရ ရှေ့နေဆိုတာ ဆိုင်းဘုတ်မတပ်ဘဲ နေမလားကွ။ ဆိုင်းဘုတ်မတပ်တဲ့ ဒေဝဣန္ဒာ ဆရာကြီးဆီတောင် မင်းဘူးအရောက် လိုက်တတ်သေးတာ။ လာသာ ကမြင်းမသားလေး၊ စကားမရှည်နဲ့"

ဟု ဇွတ်ခေါ်၍ လိုက်ပါ တော့သည်။

ဖျာပုံမြို့ သင်္ဘောမှ ဆင်းလျှ ဆင်းချင်း···

"အဘိုးလေး··· အဲဒီအိမ် လမ်းက လူကြီးတွေ မေးကြည့် အောင်"

ဟု ဆိုလျှင်···

"ဟယ်···တောသားမှန်း လူသိ တယ်။ ဆိုင်းဘုတ်တွေသာ လျှော ဖတ်"

ဟု အမိန့်ပေးလေရာ သင်္ဘော ဆိပ်နှင့် တစ်လမ်းကွာလောက်တွင် အခန့်သင့် သွားတွေ့၍ အိမ်ရှင်များ အူလျားဖားလျား ဆင်း၍ ကြိုရ တော့သည်။ ထိုနေ့ညတစ်ည စောင်းတီးလိုက်သည်မှာ ကျွန်တော် အနားက ငိုက်၍ ငိုက်၍သာ ကျသွား ရပါတော့သည်။

◈◈◈

နောက်တစ်ခု မှတ်မိပါသေး သည်။

ကျိုက်လတ်တွင် ဝါဆိုလပြည့် နေ့တစ်နေ့ ဘုရားကြီးတွင် လူအလွ များပြားနေချိန်မှ ဘုရားဖူး ကျွန်တော် ကို ခေါ်သွားသည်။ ဘုရားကြီးရင်ပြင် တွင် လူအလွန်များ၍ ဘုရားကို တော်မြတ်ရှိရာ ကျွန်တော် ထိုင်ချလိုက် ချိန်တွင် သူမှာက ဘုရား ဂန္ဓကုဋိတိုက် ၏ ညာဘက်ယွန်းယွန်းသို့ ထိုင်၍ ဦးချ နေလေပြီ။

ကျွန်တော်ဆိုသော ကျွန်တော် ကား စကားပြောလျှင် ကျယ်လောင် ကျယ်လောင်လုပ်တတ်သည်။

"အဘိုးလေး··· ဘုရား ဒီဘက်မှာ"

ဟု ပြောရုံရှိသေးသည် ကျွ



www.burmeseclassic.com

www.burmeseclassic.com

ဘော်၏ ငယ်ထိပ်ကို သူ့တုတ်နှင့် ခေါက်ကြီးနက်ပြီးလျှင် ပြီးချင်း...

"ဟဲ့ - ငါသိတယ်၊ ငါက စနေ ဘော်က ကိုယ်တော်ကို ရှိခိုးတာ"

ဟု ကြိမ်းလိုက်သောကြောင့် တ်သိမ်များက ပြုံးဖြိုဖြိုကြီး ဖြစ်ကုန် ရတော့သည်။

ဤအကြောင်းများမှာ ဤဖြစ်ရပ် သက်ဆိုင်နေသောကြောင့် ဖော်ပြ ဖြစ်ပါသည်။ အတိုချုပ်ပြောရသော် ကျွန်တော့်အဘိုးလေးသည် စောင်း ဘာတွင် မာနကြီးသလောက် သူ၏ ကိုယ်သာဒ ခွတ်ယွင်းချက်ကို ရက် လုသည်။

ကျိုက်လတ်မြို့တွင် မဟာဂီတ ကြီး၊ သီချင်းခန် သီဆိုကျွမ်းကျင် ယောက်ကို ကျွန်တော် ကောင်း ကောင်းကြီး မှတ်မိသည်။ ပထမ မှာ ဦးဘာဘူဆိုသော မဟာ ဆင်လူမျိုးဖြစ်၍၊ နောက်တစ်ဦးမှာ ဆရာ ဦးပြုံးချိုပင် ဖြစ်ပါသည်။

"ကိုဘာဘူက သီချင်းဆိုရာမှာ ရိုးကျသကွယ်။ မောင်ပြုံးချို တော့ သူ့မိန်းမသံကလေးနဲ့ နားစွဲ ကွယ်"

ဟု ချီးမွမ်းလေ့ရှိသည်။

ကျွန်တော် မှတ်မိပါသေးသည်။ ကြီး ဦးပြုံးချိုမှာ အဆိုဘက်တွင် မင်းသမီးအကတွင်လည်း ကျွမ်းကျင်သော ပျော့ပျောင်းလှပေ

ဦးပြုံးချိုက ထိုအချိန်တွင် စာရေး သည်။ ဦးရှင်ကြီး အရပ်ဇာတ် ရေးသား သင်ကြားပြသသည်။ ယတ္တိ ကျွမ်းကျင်သည်။ ဦးပြုံး ဖျာပုံနယ်တစ်နယ်လုံးတွင် ည်သော ရှိသော ဦးတုတ်ပေါ ၏ စောင်းပညာကို သင်ယူသည်။ ကျွမ်းကျင် ကျယ်ဝန်းသော တေးဘုမ္မာ အစချီသော ယိုးဒယားကို ဦးတုတ်ပေါက တီးကွက် ပေး၍ သူက ဓမ္မဂီတဖြစ်အောင် စွမ်းဆောင်သည်။

ထိုသီချင်းမှ ဦးတုတ်ပေါနှင့် ဦးပြုံးချိုအဖို့ ပီတိသောမနဿကြီး တစ်ခုဖြစ်ရအောင်အထိ လူတိုင်းနှင့် ရဟန်းအချို့ကပင် ချီးကျူးခဲ့ကြသည်။ အလှူမင်္ဂလာ၊ ရှင်ပြုမင်္ဂလာတိုင်း ဦးတုတ်ပေါနှင့် ဦးပြုံးချို မျက်နှာပွင့်ကြ ပညာပွင့်ကြရသည်။

ထိုအချိန်တွင် ကျိုက်လတ်မြို့ နယ်ပိုင် ဝန်ထောက်မင်း ဦးငွေခိုင်ဆို သူ အရာရှိကြီးတစ်ဦး ပြောင်းရွှေ့လာခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ စိတ်သဘော ဖြူစင် ကောင်းမွန်လှသည်။ ဘာသာတရားကိုင်းရှိုင်းသည်။ စာပေပရိယတ္တိ အားပေးသည်။ ဆက်ဆံမှုကို ဦးစားပြုသည်။ ထို့ကြောင့်ပင် ကျိုက်လတ်မြို့၌ မြန်မာသြဘာကလပ် ဟူ၍ အသင်း အဆောက်အအုံနှင့် ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း အဆောက် အအုံနှင့် ဗုဒ္ဓဘာသာ ကလျာဏ ယုဝ အသင်း၊ စာကြည့် ပိဋကတ်တိုက်၊ ဓမ္မစကြာ ဝတ်အသင်းတို့ကို တစ်ပြိုင်နက်တည်း တည်ထောင် ဖန်ဆင်းခဲ့ပေသည်။

ဝန်ထောက်မင်း ဦးငွေခိုင်သည် သူ့အိမ်သို့ စနေနေ့ညတိုင်း ဦးတုတ်ပေါ၊ ဦးဘာဘူ၊ ဦးပြုံးချို (တစ်ခါတလေ ယောင်တိယောင်ကန်းနှင့် ကျွန်တော်ပါ) တို့အား ဖိတ်၍ အကျွေးအမွေး အပေါင်းအသင်းနှင့် ဂီတသုတေသန အဖွဲ့ကလေးလုပ်သည်။

ဦးတုတ်ပေါအား စောင်းပညာတွင် ကြည်ညိုသလောက် ဦးပြုံးချိုအား ဗဟုသုတ ဂန္ဓ ဂန္ဓရတို့ဖြင့် ခင်မင် လေးစားချစ်ကြည်ခဲ့သည်။ တစ်ခါတစ်ရံ ညနေခင်းများတွင် ဦးငွေခိုင်ကိုယ်တိုင် ကျွန်တော်တို့အိမ်သို့ လမ်းလျှောက်ရင်း ဝင်လာတတ်ပေရာ ထိုခေတ်က ကျိုက်လတ်လို မြို့ကလေးအဖို့ ရာထူး အကြီးမားဆုံး ဝန်ထောက်မင်း ရင့်မကြီးတစ်ယောက် လာလည်ခြင်းကို ဂုဏ်ယူရမည့်အစား...

"ဝန်ထောက်မင်း... ကျွန်တော်တို့ရှိရာ လာတာကို ကျေးဇူးတော့ တင်ပါတယ်။ ဒါပေမယ့် ကျုပ်တို့က ဆင်းရဲသား ကုန်သည်မို့ ညှော်ဝတ် မကျေနိုင်တာကို ရက်လုတယ်"

ဟု ကန့်ကွက်သောကြောင့်...

"ဆရာက တယ်မာနရှိသကိုး"

ဟု ပြောဖူးလေသည်။

◈◈◈

ကျွန်တော့်စိတ်အထင်

ကျွန်တော် ၁၀နှစ်၊ ၁၁နှစ်အရွယ်တွင် အဆိုပါ ဝန်ထောက်ကြီး ဦးငွေခိုင်၏ သား(ဘိလပ်ပြန်ဟု ထင်ပါသည်)အား အရာရှိကြီးတစ်ဦး(ဖျာပုံအရေးပိုင်လား မသိ)၏ သမီးနှင့် ကျိုက်လတ်မြို့တွင် အလုပ်ဆုံးဖြစ်သည့် မြူနီစီပယ်ရုံး ပန်းခြံကြီးအတွင်းဝယ် ကြီးကျယ်သော လက်ထပ်မင်္ဂလာဆင်ယင်ရန် စိုင်းပြင်းကြပါပြီ။

"ဝန်ထောက်မင်းသား မင်္ဂလာဆောင်မှာ လမ်းတစ်လျှောက်လုံး ပန်းမွှေ့ရာတွေ ခင်းမတဲ့"

"ပွဲနေ့ပွဲထိုင်လာသမျှ ရွှေဒင်္ဂါး ကမ်းမတဲ့"

"အကျွေးအမွေးမှုန်သမျှ ရန်ကုန် ချိဇာတိုက်က လာကျွေးမတဲ့"

"ကျိုက်လတ်ကို ဝင်လာတဲ့ သင်္ဘောတိုင်း အလံတွေ ပလူပျံအောင် လွှင့်ခဲ့ရမတဲ့"

"ရန်ကုန်က အရာရှိတွေက သင်္ဘောကိုယ်ပိုင်ငှား၍ အငြိမ့်ပါ တင်ပြီး ပွဲထိုင်လာကြမလို့ ဆိုပါလား"

ဈေးများလည်း ဤစကား၊ ရုံးမှာလည်း ဤသတင်း၊ အိမ်တိုင်းအိမ်တိုင်း လာလတ္တံ့သော ထိမ်းမြားမင်္ဂလာကို ဥက္ကောဋ္ဌယျဖြင့် ကြိုဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ညတွင် ဝန်ထောက်မင်းအိမ်၌ ဦးတုတ်ပေါ၊ ဦးဘာဘူ၊ ဦးပြုံးချိုတို့က ဂီတနှင့် ပတ်သက်သော အစည်းအဝေးပြုကြသည်။ ဦးဘာဘူက သီချင်းကြီးသမားပီပီ ရွှေနန်းထွက် ရွှေတိုက်စာရင်းဝင် မင်္ဂလာသီချင်းဆန်းများကို အသားပေး တိုက်သည်။

ဦးပြုံးချိုက မင်္ဂလာဩဘာသံဆန်း သီချင်းတစ်ပုဒ်ကို တီထွင်ရေးစပ်မည်ဟု ဝိဝါဒဖြစ်ရာက နောက်ဆုံး ဦးတုတ်ပေါနှင့် ဦးပြုံးချိုက လက်စွမ်းပြခွင့်ရကြသည်။

ထိုအချိန်မှစ၍ နေ့တိုင်း ညတိုင်းလိုလို ဦးပြုံးချိုနှင့် ကျွန်တော့်အဘိုးလေး တီးကွက်ရှာလိုက်၊ စာသားရေးလိုက်ဖြင့် တတွတ်တွတ်နှင့် မအားအောင်ရှိသည်။ ထိုအချိန်လောက်တွင် စာရေးဆရာကြီး ဦးပြုံးချိုကိုယ်တိုင်ပင်စောင်းတီးခြင်း၌ အတော်ဝါရင့်ခဲ့လေ၏။ သီချင်းအကောင်အထည်ပေါ်သည်ဆိုလျှင်ပင် ညတိုင်းညတိုင်း ကျွန်တော်တို့အိမ်၌ အောက်လင်း ဓာတ်မီးကြီးထွန်း၍ သီချင်းတိုက်ကြရာဝယ် အရပ်က လူများ ဝိုင်းအုံ စုပြုံ၍ ပွဲကလေးတမျှ စည်ကားနေသည်ကို ကျွန်တော်အပျော်ကြီး ပျော်ခဲ့ကြောင်း ကောင်းကောင်းကြီး မှတ်မိသေးတော့သည်။

မင်္ဂလာဆောင်တွင် ကျွန်တော့်အဘိုးက စောင်းလက်သံ ဝတီကကြားအောင် တီးပြလိုက်မည်ဟု အံခဲ၍ ကြိုးစားကာ သူ့သျှောင်ကြီးပင်တသသ၊ ပိုးပုဆိုး တောင်ရှည်ကြီးကိုအသစ်ချုပ်ထားသည်။

ဦးပြုံးချိုကလည်း သူ့အသံနှင့် သူကိုယ်တိုင် ရေးစီသော တေးဂီတအမွှန်ကို ဗွာန်ကရိုဏ်းကျကျ သီဆို၍ပြလိုက်မည်။

လက်ထပ်မင်္ဂလာပွဲလည်း တစ်နေ့တခြား နီးကပ်၍လာခဲ့ပြီ။

ဆယ်ရက်အလိုမှ ကိုးရက်၊ ကိုးရက်အလိုမှ ရှစ်ရက်၊ ရှစ်ရက်မှ တစ်စစ တစ်မြို့လုံးလည်း တလှုပ်လှုပ်တရွရွ။

◈◈◈

ထိုအချိန်လောက်တွင် မျက်မမြင်ဖြစ်သော ကျွန်တော့်အဘိုးလေး မကြားနိုင်သောနေရာ၌ ကျွန်တော့်ဘွားအေနှင့် ကျွန်တော့်မိခင်သည် မျက်နှာညှိုးငယ်လွန်းသော ဆရာကြီး ဦးပြုံးချိုနှင့်ခေါင်းချင်းဆိုင်၍ မျက်ရည်ဖြိုင်ဖြိုင်ကျနေကြရလေပြီ။

"ဟဲ့ . . . ဟဲ့ . . . လူလေး၊ နင့်အဘိုးလေး တို့ပြောတာတွေ မကြားစေနဲ့နော်၊ သိလား"

ပထမဦးစွာ နှုတ်ဆော့ လက်ဆော့သော ကျွန်တော့်အား အရေးတကြီးပိတ်ပင် မှာကြားကြလေသည်။

ကျွန်တော်ကတော့ ဘုမသိဘမသိ နားယောင်ပက္ကားရှိတုန်းပင်။ နောက်မှ သိရသည်ကား ကျွန်တော့်အဘိုးလေးအတွက် ရင်နင့်စရာကောင်းလှ၏။

◈◈◈

ထုတိဩဘာ မင်္ဂလာအကြီးအကျယ်ယူသော ဤပွဲကြီး၌ အထူးအမြတ် ရေးစပ်ထားသော ဇေယျတုသဗ္ဗမင်္ဂလံ ပဋ္ဌာနာသီချင်းကြီးကို မျက်ကန်းဖြစ်သော ဦးတုတ်ပေါ မတီးစေရ၊ အနိဋ္ဌာရုံ မင်္ဂလာဖြစ်တိမည်ဟု အခါပေး ပုဏ္ဏားတော်များ၏ ကန့်ကွက်ချက်အရ စောင်းတီးခြင်းတော့ သည်းခံပါ။ မင်္ဂလာပွဲနေ့ပွဲထိုင်သို့ကား ကြွတော်မူနိုင်လျှင် ကြွပါဟူသော သတင်းစကားကြောင့် ဖြစ်လေသတည်း။

ဦးတုတ်ပေါအား မည်သူမျှ ဤစကားကို သွား၍မပြောဝံ့။ သူ့ခမျာတော့ တီးသား လက်သားကျအောင်အသစ်ဖြစ်သော ပိုးကြိုးကို ကိုယ်တိုင်ကျစ်၍ ဒေဝဏ္ဏနွာ ဟူသော ဆရာ၏လက်ဖွဲ့ မင်္ဂလာစောင်းကြီးကို ကတ္တီပါ

အိတ်မှ ချွတ်၍ တဖိတ်ဖိတ်တော
နေသော မှန်စီရွှေချ အရောင်တို့
ပရိသတ်ဘောင်ဝယ် ပွဲလယ်တင့်
မည်ဟု နှုတ်ခမ်းမွှေးရေးရေး
တသသဖြစ်နေရှာဘိသည်။

ကျွန်တော်တို့တစ်အိမ်လုံး
လူသေပြီးသော ရက်လည် မသာ
ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ ရှိ
ကြောင်းကို ကျွန်တော် ကောင်းကော
မှတ်မိပါသေးသည်။ ထို့နောက်
လူကြီးတွေက ဘယ်သို့ဘယ
ဖျောင်းဖျ နားချ တရားပြသည်
ကျွန်တော် မသိ။ ကျွန်တော့်အဘိုး
နေ့ရော ညပါ စောင်းကို ပိုက်၍
နေရှာသည်ကိုသာ တထိတ်ထိတ်
မြင်နေခဲ့ရသည်။

ဆိုးရွားသည်ကား ထိုမြို့နီစ
ရုံးနှင့် ကျွန်တော်တို့အိမ်မှာ မနီး
မဝေးလွန်း။ ကောင်းကင်ကသာ
တွေကို ကျော်၍ ခဲနှင့်ပစ်လျှင်
တစ်ပစ်စာလောက်ရှိသည်။ လက်
မင်္ဂလာပြုကြသောနေ့က လူ
အုတ်အုတ်ကျက်ကျက် သွားလာ
ရှားမှုကို အိမ်က အတိုင်းသား ကြ
သည်။ ဆိုင်းသံ ဗုံသံတို့ကို
ကြားနေရသည်။ ထို့နောက် ခ
ဖြစ်သော စောင်းသံနှင့် ဇေယျ
မင်္ဂလံ။

ကျွန်တော့်အဘိုးလေး
နီးရာ တွေ့ရာကို လက်နက်
ကျွန်တော်တို့ ဘွားအေ၊ မအေ
တို့အား အသေသတ်ရအောင်
မှန်းဆပြီး လိုက်လေတော့သတ
သူ၏ နှလုံးသွေးပျက်
ရောဂါကား သေရှာသည်အထိ

* * *



www.burmeseclassic.com

www.burmeseclassic.com


KIDSZONE®

Baby Fancy World

Junction Square Level (2) , C-228 C-235 C-248, Kamaryoot Tsp. Yangon.
Taw Win Center Level (2) , 3084-3085, Da Gon Tsp. Yangon.
Ph: 09 524 2121 , 09 4922 1290




www.burmeseclassic.com

www.burmeseclassic.com




# နတ်စည်းကိုကျော်မိသူ

ညီလေးငယ်
(လယ်တော)

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းတွင်းကာလ၏ နံနက်ခင်း ရောင်နီပျို့ချိန်တွင် ကျွန်တော်တို့အဖွဲ့သည် သစ်ခွရှာရန်နှင့် လင်းနို့ချေးများ ရှာရန် အနောက်ဘက် ရေဝန်တောကြီးသို့ ချီတက်ခဲ့ကြပါသည်။ ပြာသိုဆောင်းလ၏ အအေးဓာတ်က မြူနှင်းခွေများ ရစ်သိုင်းနေပြီး အရိုးထဲစိမ့်အောင် ချမ်းနေပေမယ့် ဝမ်းရေးအတွက်မို့ မနေသာဘဲ သွားကြရပါသည်။

ကျွန်တော်တို့ရွာ၏ ဓလေ့ထုံးစံအရ အလုပ်ပါးချိန် ဆောင်းရာသီနှောင်းဦးကာလများ၌ သစ်ခွများ ရှာဖွေခြင်း၊ လင်းနို့ချေးများ ရှာဖွေခြင်းဖြင့် အသက်မွေးကြရ၏။ တချို့လည်း သစ်ခုတ်၊ ဝါးခုတ်ခြင်းဖြင့် အသက်မွေးကြပါသည်။ ယခုသို့ ဝမ်းရေးအတွက် ရှာဖွေကြရန် တစ်ညအိပ် နှစ်ရက်ခရီးသွားရသော ရေဝန်တောကြီးအတွင်းသို့ သွားရောက်ကြရပါသည်။ ရေဝန်တောကြီးသည် ကျွန်ုပ်တို့ ရွာ၏ အနောက်ဘက်တွင် မှိုင်းပြာပြာမြင်နေရသော တောင်တန်းကြီးများ၏ နောက်ကျောဘက်တွင် ရှိပြီး လူသူအရောက်ပေါက်နည်းသော တောကြီးဖြစ်၏။ တောအစပ်တွင် တောင်ယာများရှိပြီး၊ ထိုတောနှင့် နီးသော ရေဝန်ရွာမှ တောင်သူများ လုပ်ကိုင်စားသောက်ကြပါသည်။ တောနက်ကြီးထဲကိုမူ လိုအပ်မှ သွားရောက်တတ်ကြပါသည်။

ကျွန်တော်တို့သည် သစ်ခွနှင့် လင်းနို့ချေးများ သွားရောက်ရှာဖွေကြရာတွင် တောထဲ၌ တဲထိုးပြီး ခုနစ်ရက်တစ်ပတ်ကျော်ကျော် ရှာဖွေစုဆောင်းပြီး ရွာသို့ ပြန်လေ့ရှိကြသည်။ သစ်ခွများကို တောတွင်းရှိ သစ်ပင်ကြီးများပေါ်တွင် ရှာယူရပြီး၊ လင်းနို့ချေးများကိုမူ တောအတွင်းရှိ ဂူကြီးများထဲတွင် ရှာဖွေကြရပါသည်။ ဂူကြီးများထဲတွင် လင်းနို့များ နေထိုင်ကြပြီး လင်းနို့အကောင်အရေအတွက် အနည်းအများပေါ် မူတည်၍ လင်းနို့ချေးများ ရရှိကြပါသည်။

သစ်ခွများကို ရှာဖွေစုဆောင်းပြီး ရွာရောက်လျှင် မြို့ပေါ်မှ သစ်ခွစိုက်ပျိုးသူများထံ သွားရောက် ရောင်းချရပြီး၊ လင်းနို့ချေးများကိုမူ အိမ်တိုင်ရာရောက် လာဝယ်သူများ ရှိကြ၏။ (ယခုတွင်မူ ထိုသို့ရှာဖွေရောင်းချခြင်းများ ပြုလုပ်ခွင့် မရှိတော့ပါ။) ထိုစဉ်က ကျွန်တော်တို့ တောရွာလေးအဖို့ ဤလုပ်ငန်းဖြင့် ဆောင်းတွင်းကာလ အသက်မွေးကြပါသည်။

ကျွန်တော်တို့အဖွဲ့သည် ယခုနှစ် ဆောင်းတွင်းကာလ ရေဝန်တောကြီးသို့ သွားရောက်ကြသည်မှာ ယနေ့အဖို့ နှစ်ကြိမ်မြောက်ဖြစ်ပါသည်။ တောထဲတွင် စားသောက်ဖို့ စားနပ်ရိက္ခာအဖြစ် ဆန်၊ ဆီ၊ ဆားမျှသာ အလုံအလောက်ပါသည်။ ဟင်းချက်စရာအတွက်မူ တောထဲရောက်လျှင် တွေ့ရာ ဟင်းသီးဟင်းရွက်ကို လတ်လတ်ဆတ်ဆတ် ခူးချက် စားသောက်၍ရသောကြောင့် ဟင်းချက်စရာအဖို့တော့ ပူစရာမလိုပါပေ။

ကျွန်တော်တို့အဖွဲ့မှာ ၇ယောက်ဖြစ်ပြီး ကျွန်တော်နှင့် ဦးထွန်းသာ နှစ်ယောက်သာ လူကြီးပါသည်။ ကျန် ၅ယောက်မှာ အသက် ၂၀ကျော်၊ ၃၀ အရွယ် လူငယ်များ ဖြစ်ကြသည်။ ထိုထဲတွင် အသက် ၃၀ အရွယ်ရှိသူ "ကောင်းကျော်" ပါလာ၍ ကျွန်တော်တို့ လူကြီးနှစ်ယောက်အဖို့ သဘောမတွေ့လှပါ။ ကောင်းကျော်က ရွာတွင် ကာလသားများနှင့် အမြဲမူးရူးနေတတ်သူဖြစ်သည်။ လူကြီးသူမ ပြောစကားကို နားမထောင်ဘဲ ထင်ရာစိုင်းတတ်သူလည်း ဖြစ်၏။ ကျွန်တော်တို့ နှစ်ယောက်မှာ သဘောမတွေ့လှသော်လည်း အဖွဲ့ထဲ ပါလာပြီးသားမို့ မတတ်နိုင်ပါ။ ကောင်းကျော်ကိုသာ သတိကြီးစွာထား၍ စောင့်ကြည့်ရမည် ဖြစ်ပေသည်။

◈◈◈

လမ်းလျှောက်ရင်း တဖြည်းဖြည်း နေမြင့်လာပြီဖြစ်၍ အချမ်းများ ပြေလျော့သွားကြလေပြီ။ သို့သော်လည်း ညအခါ ကျထားသော နှင်းများက မကွဲသေးသဖြင့် နှင်းတောတိုးရသော ကျွန်တော်တို့ခြေထောက်မှ ပုဆိုးစွန်းလေးများ စိုရွှဲကုန်လေသည်။

ကျွန်တော်တို့ လျှောက်လာရင်း ရွာတန်းရှည်လေးများကိုပင် ကျော်လွန်လာခဲ့လေပြီ။ ကျွန်တော်တို့ ဖြတ်ကျော်လာသော ရွာစုစုပေါင်းမှာ ရှစ်ရွာဖြစ်သည်။ ထိုရွာများ ကျော်လွန်လာပြီးသော် ရွာများ မရှိတော့သော တောလမ်းခရီးကို ပင်ပန်းကြီးစွာ ဖြတ်ကျော်ရပြန်၏။ အရင်အခေါက်များ၌ သွားထားသောကြောင့် လူသွားလမ်းကျဉ်းကျဉ်းလေးမှာ အတော်ပင် သွင်နေလေပြီ။

အချိန်ကလည်း နေ့လယ် ၁၁ နာရီပင် ကျော်လာလေပြီ။ ပါလာသော အဖွဲ့သားများကလည်း ပင်ပန်းနေပြီဖြစ်သဖြင့် ရေချောင်းတစ်ခုတွင် တစ်ထောက်နားကာ၊ ရေသောက်ရင်း အပန်းဖြေကြသည်။ ရေချိုးသူများကလည်း ချိုးကြပြီး၊ ခဏမှာတော့ ထမင်းစားရန် ပြင်ဆင်ကြပါတော့သည်။

အိမ်မှ ထုပ်လာသော ထမင်းထုပ်



www.burmeseclassic.com

www.burmeseclassic.com

များကို ကိုယ်စီဖြေကာ တောစောင့်၊ တောင်စောင့်များကို အဦးတင် ပူဇော်ပ,သ၍ စားသောက်ကြပါသည်။

"ကိုညိုမြင်း… ကျွန်တော်တို့ ညနေကျရင် ဘယ်မှာ စခန်းချကြမလဲ။ သစ်ပင်အောက်မှာတော့ ကျွန်တော် မအိပ်ရဲဘူးဗျ။ သရဲကြောက်တယ်"

ယခုမှ တောထဲ လိုက်ဖူးသော မောင်ချို၏ ပြောစကားကြောင့် ကျွန်တော် သဘောကျစွာ ပြုံးမိခဲ့သည်။ ထို့နောက်…

"သစ်ပင်အောက်မှာ မအိပ်ရပါဘူး မောင်ချိုရာ။ ငါတို့သွားတဲ့ လမ်းမှာ တောင်ယာတဲတွေ ရှိတယ်။ အဲဒီမှာ အိပ်ကြတာပေါ့"

"အင်း…ဟုတ်တယ်၊ အဲဒီတဲတွေဆီ နေမဝင်ခင်ရောက်မှ ဖြစ်မယ်။ ကဲ-ကဲ…စားသောက်လို့လည်း ပြီးပြီဆိုတော့ သွားကြမယ်။ တဲတွေဆီ ရောက်ခါနီးလေ တောက နက်လေပဲ။ မိုးချုပ်သွားရင် မကောင်းဘူး"

ကျွန်တော်တို့ အဖွဲ့ထဲတွင် အသက်အကြီးဆုံး ဦးထွန်းသာက ပြောပြောဆိုဆို လွယ်အိတ်လွယ်ပြီး သွားရန် ပြင်ဆင်တော့၊ ကျွန်တော်တို့ပါ ပျာပျာသလဲ ထလိုက်ရပါတော့သည်။ ခရီးဆက်ကြရင်း တောမှာ တဖြည်းဖြည်းနက်လာပြီး ငှက်မျိုးစုံတို့၏ အော်သံများက ဆူညံလို့ နေလေ၏။ ငှက်များကို လေးခွနှင့် လိုက်ပစ်နေသော ကောင်းကျော်ကို ကျွန်တော်က တားနေရသေး၏။

"ကောင်းကျော်… ဒီတောက နတ်ကြီးတယ်ကွ။ အရမ်းလျှောက်မပစ်နဲ့"

"ဘာဖြစ်မှာလဲ ကိုညိုမြင်းရာ၊ ကျွန်တော်က ငှက်ပဲ ပစ်တာပါ။ တချို့ဆို ဒီတောထဲ အမဲတောင် လိုက်ကြသေးတာ"

"အင်း…ဟုတ်တယ်၊ အမဲလိုက်ကြတာ ငါလည်း သိပါတယ်။ ဒါပေမယ့် သူတို့တွေက အမဲပစ်မယ်ဆိုရင် တောစောင့်၊ တောင်စောင့်နတ်တွေကို ပူဇော် ပ,သပြီး နှစ်ကောင်ပစ်မယ်ဆိုပြီး တိုင်တည်ထားရင် နှစ်ကောင်ပဲ ပစ်ခွင့်ရှိတာ။ နှစ်ကောင်ထက် ကျော်ပစ်လို့ကတော့ ဒုက္ခရောက်ပြီသာမှတ်၊ မတိုင်တည်ဘဲနဲ့လည်း ဘာအကောင်မှ ပစ်ခွင့် မရှိဘူးကွ"

"ဟာ…မဟုတ်တာဗျာ။ ဒါက လူတွေ အစွဲထားပြီး အယူသီးလို့ဗျ။ အဲဒီလိုသာ အယူမထားရင် ဘာမှဖြစ်မှာ မဟုတ်ဘူး။ ဒီခေတ်က သိပ္ပံခေတ်ဗျ"

"ဟေ့ကောင်… မင်း တယ်ဂွကျပါလား။ ညိုမြင်းတို့၊ ငါတို့က အတွေ့အကြုံရှိလို့ ပြောတာကွ။ မဟုတ်မမှန်ဘဲ မင်းကို ပြောမလား"

ဦးထွန်းသာ ပြောလိုက်မှ ကောင်းကျော်တစ်ယောက် စောဒကမတက်ရဲတော့ပါ။ ရုပ်ကတော့ မယုံသလို မျက်နှာမျိုးဖြင့် ရှိနေသေး၏။ ဤသို့ တော၏ စည်းမျဉ်းစည်းကမ်းများကို အယုံအကြည်မရှိသူ ကျွန်တော်တို့ အဖွဲ့ထဲ ပါလာခြင်းသည် ကျန်အဖွဲ့သားများအတွက် မကောင်းနိုင်ပါ။

ကျွန်တော်တို့အဖွဲ့မှာ ခပ်သွက်သွက်လျှောက်လာကြသော်လည်း နေဝင်လုဆဲဆဲမှ ယာတဲများဆီသို့ ရောက်ခဲ့ကြပါသည်။ ထိုယာတဲများသည် ရေဝန်တော၏ အစပ်တွင် တည်ရှိ၍ မိုးရာသီ၌ အနီးတစ်ဝိုက်ရွာမှ လူများ လာရောက် နေထိုင်ကြပြီး ယာလုပ်ကြသည်။ ယခုလို ဆောင်းနှောင်းကာလ ယာသိမ်းချိန်မှာတော့ ရွာသို့ အသီးသီး ပြန်ကုန်ကြပြီဖြစ်သည်။

ထိုတဲများထဲမှ ရေချောင်းနှ… အတန်ငယ်နီးသော တဲကြီးတစ်လုံးတွ… ကျွန်တော်တို့ ၇ယောက်အဖွဲ့ စခန်း… ကြသည်။ ရေဝန်တောကြီးမှာ ကျွ… တို့ စခန်းချရာတဲနှင့် တစ်မိုင်ကျေ… ကျော် ဝေးပါသေးသည်။ သို့ပါသေ… လည်း တောကြီး၏ အစွန်အဖျားနေ… တောစပ်လောက်တွင် ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့မှာ မကြာမီ… မှောင်လာတော့မည်ဖြစ်သည့်အတွ… မီးဖိုရန် ထင်းရှာသူက ရှာ၊ ထမင်းချ… ဖို့ ပြင်ဆင်သူက ပြင်ဆင်နှင့် အလု… ကိုယ်စီရှုပ်နေကြသည်။ ထိုထဲတွ… ကောင်းကျော်တို့ သုံးယောက် ပျော… နေသဖြင့် မီးဖိုနေသော အောင်ပု… ကျွန်တော်မေးလိုက်သည်။

"အောင်ပု… ကောင်းကျော်… အဖွဲ့ မတွေ့ပါလားကွ၊ ဘယ်သွားက… ကြလဲ"

"အပေါ်ဘက်က ရေအိုင်မှာ ငါ… တွေတွေ့လို့ ငါးသွားဖမ်းမယ် ပြောသွ… တာပဲဗျ။ ရေအိုင်က ညောင်ပင်အော… မှာတဲ့။ ရေနည်းနည်းလေးနဲ့ ငါးတွေ… အများကြီးဆိုပဲဗျ"

"ဘာ… ညောင်ပင်အောက်… ရေအိုင်၊ ဟုတ်လား"

"ဟုတ်"

ညောင်ပင်အောက်က ရေအိုင်… နတ်ရေအိုင်ဖြစ်၍ ကျွန်တော် တုန်လှု… သွားရသည်။ ထို့နောက်…

"ဟာ…ဒီကောင်တွေ တယ်ခေ… ပါလား၊ မပြောမဆိုနဲ့ကွာ"

ကျွန်တော် ပြောပြောဆို… ကောင်းကျော်တို့အဖွဲ့ရှိရာ ညောင်… ကြီးဆီ သုတ်ခြေတင် လိုက်သွား… တော့သည်။ ဦးထွန်းသာကတော့ … ပေါ်တွင် ဖယောင်းတိုင်၊ အမွှေး… ထွန်း၍ ကွမ်းပိုင်၊ ယာပိုင်များကို ပူဇော်…

www.burmeseclassic.com

...သနေသည်။ ကျွန်တော် တဲက ...ွက်လာတော့ အနည်းငယ် မှောင်စ ...နေလေပြီ။

ကောင်းကျော်တို့ ငါးဖမ်းနေသော ...ရေအိုင်မှာ နတ်ရေအိုင်ဖြစ်၍ ရေမှာ ...မှ မိုး၊ ဆောင်း ဒူးလောက်သာရှိပြီး ...အစိတ်သားအရွယ် ငါးရံ့များ မြောက် ...များစွာ ရှိနေကြသည်။ ထိုငါးများမှာ ...တ်ငါးများဖြစ်၍ မည်သူမျှ မဖမ်းရဲကြ ... ထိုသို့ မဖမ်းရဲခြင်းကြောင့်လည်း ...ခုလို ငါးများ မြောက်မြားစွာရှိနေခြင်း ...ဖြစ်ပါသည်။

တစ်ခါက တောင်ယာလုပ်သူ ...တစ်ယောက်သည် ထိုရေအိုင်ထဲ၌ ငါး ...ဖမ်းနေစဉ် ညောင်ပင်ပေါ်မှ အနက် ...ရောင်မြွေကြီးများ ဆင်းလာပြီး လိုက် ...သဖြင့် ထိုသူမှာ ပြေးရင်း ချောက်ထဲ ...ကျကာ သေခဲ့ရ၏။ ထိုမြွေများမှာ ...နတ်မြွေများဖြစ်၍ ထိုညောင်ပင်ပေါ်တွင် ...စောင့်ကြပါသည်။ ထိုအချင်းအရာများ ...ကြောင့် သိ၍ မည်သူမျှ ထိုရေအိုင်အတွင်း ...ဖမ်းရဲကြခြင်းဖြစ်ပေသည်။

ကျွန်တော်ရောက်သွားသောအခါ ...ကောင်းကျော်တို့ ငါးများ အတော်ပင် ...ရကြပြီဖြစ်သည်။ ကျွန်တော့်ကို မြင် ...သောအခါ...

"ကိုညိုမင်းရေ... ဒီညတော့ ...ကျွန်တော်တို့ ဟင်းကောင်းပြီဗျ။ ငါး ...တွေ အများကြီးပဲ။ ဖမ်းလို့တောင် ...ဘူး"

"ဟေ့ကောင်...ကောင်းကျော်၊ ...မင်းတို့ကွာ၊ မပြောမဆိုနဲ့ ဒီငါးတွေက ...နတ်ငါးတွေကွ၊ မဖမ်းကောင်းဘူး။ ...ကောင်မှ မဖမ်းကြနဲ့ ပြန်လွှတ်ပေး ... မင်းတို့ကောင်တွေတော့ သေ ...ကုန်တော့မှာပဲ"

ကျွန်တော့်ကို အားရဝမ်းသာ ...ပြောနေသော ကောင်းကျော်



ကို ကျွန်တော် မာန်မဲ့စွာ ပြောဆိုလိုက်သည်။

ကောင်းကျော်တို့ သုံးယောက်မှာ ငါးတွေကို မလွှတ်သေးဘဲ ပေတေတေ လုပ်နေကြသည်။ ထို့ကြောင့် ကျွန်တော် ထပ်မံ ကြိမ်းမောင်းရပြန်ပါသည်။

"ပြောနေတာ မကြားကြဘူးလား။ ပြန်လွှတ်ပေးလိုက်ပါဆို။ မင်းတို့ကတော့ကွာ၊ မလုပ်ကောင်းတာတွေ လုပ်နေ၊ သေကုန်တော့မှာပဲ။ ကဲ - လာ...လာ၊ တက်ခဲ့ကြ။ မှောင်နေပြီ၊ ပြန်ကြမယ်"

ထိုအခါမှ ကောင်းကျော်တို့ ရေအိုင်ထဲက တက်လာကြသည်။ ဖမ်းပြီးသား ငါးများကိုလည်း မလွှတ်ချင် လွှတ်ချင် လွှတ်လိုက်ကြ၏။

အမှောင်ထုက လွှမ်းခြုံစ ပြုနေပြီဖြစ်သဖြင့် ကျွန်တော်က ရှေ့မှ နေ၍ တဲဆီသို့ အမြန်သုတ်ခြေတင်ခဲ့ပါတော့သည်။ တဲသို့ ရောက်သောအခါ ထမင်းချက်ပြုတ်စားသောက်ကြပြီး အိပ်ရန် ပြင်ဆင်ကြသည်။

တောကြီးထဲမှ ခွေးအများ၏ ဆွဲဆွဲငင်ငင် အူသံများက ဆူညံလို့ နေ၏။ ပြာသိုလ ဆောင်း၏ အအေးဓာတ်က လွှမ်းကဲနေသဖြင့် အိပ်နေသော်လည်း အချမ်းမပြေ၍ အိပ်မပျော်နိုင်ခဲ့ပါ။ အချမ်းပြေရန် တဲထဲတွင် မီးဖိုမည်ဟူသောအသိဖြင့် ကျွန်တော် တဲအပြင်သို့ ထလာခဲ့သည်။

တဲအပြင်တွင် ကောင်းကျော်တို့ မအိပ်သေးဘဲ ရှိနေကြသေးသည်။ ကျွန်တော် အနီးသို့ ရောက်သွားသောအခါ ငါးကင်အမြည်းနှင့် အရက်ထိုင်သောက်နေကြ၍ ကောင်းကျော်တို့အတွက် ကျွန်တော် စိုးရိမ်သွားရသည်။

"မင်းတို့... ငါးတွေ မလွှတ်ခဲ့ကြဘူးလား"

"ဟို...အကုန်လွှတ်ရမှာ နမြောလို့ သုံးကောင်ယူထားတယ်"

ကောင်းကျော်တို့အဖွဲ့ထဲမှ ဖိုးအေးက ငါးအသားကို နွှာစားရင်း ပြောလာသည်။ ကျွန်တော် အလွန်အမင်း စိတ်တိုသွားပြီး...

"မင်းတို့ကွာ၊ ဒီလောက်ပဲ ဝတ်ကြီးကျရလား။ မင်းတို့ တစ်ခုခုဖြစ်မှာ စိုးလို့ ငါက စေတနာနဲ့ ပြောပေးတာ"

"ရပါတယ် အစ်ကိုရာ၊ ဘာမှ မဖြစ်လောက်ပါဘူး။ မစိုးရိမ်ပါနဲ့"

"အေး၊ မင်းတို့က အယုံအကြည်မရှိတော့ ပြောရခက်တာပေါ့။ ဒီခေတ်က မင်းတို့ ယူဆထားသလို သိပ္ပံခေတ်ဆိုပေမယ့် အခုလို တောထဲမှာတော့ ဒွန္တီရဆန်တဲ့ အရာတွေ အများကြီးရှိနေသေးတယ်ကွ။ နတ်ငါးဆိုတာ မစားကောင်းဘူး။ မင်းတို့ အယုံအကြည်မရှိပေမယ့် ငါယုံတယ်"

"ယုံရင်လည်း ခင်ဗျားတစ်





www.burmeseclassic.com

www.burmeseclassic.com

ယောက်တည်း ယုံဗျာ။ ကျုပ်တို့တော့ မယုံဘူး။ ကြောက်လည်း မကြောက်တတ်ဘူး။ ငါးက စားရတဲ့အမျိုးမို့ စားတာ။ ငါးက ရေထဲက ငါးပဲ၊ ဘာနတ်ငါးမှ မဟုတ်ဘူး"

ကောင်းကျော်က အရက်ရှိန်ရလာ၍လား မသိ၊ စကားလုံးများ ရင့်သီးလာသည်။ ကျွန်တော်ဆက်ပြောနေလျှင် စေတနာက ဝေဒနာဖြစ်တော့မည့်အတွက် ပြောမနေဘဲ တဲထဲသို့ဝင်ကာ ပြန်အိပ်နေလိုက်တော့သည်။

ထိုည ချမ်း၍လား၊ ကောင်းကျော်တို့အတွက် စိုးရိမ်၍လား မသိ။ တောင်တွေး မြောက်တွေးနှင့် ကောင်းကျော်တို့ အိပ်ပြီးချိန်ထိ အိပ်မပျော်နိုင်သေးပါ။ မနက်လင်းခါနီးမှ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ပါတော့သည်။

◈◈◈

ကိုညိုမင်း…ကိုညိုမင်း ထပါဦးဗျ။ ကောင်းကျော်တို့သုံးယောက် ဗိုက်အောင့်လို့တဲ့။ အော်နေကြတယ်"

မောင်ချို၏ လှုပ်နှိုးသံကြောင့် ကျွန်တော် ကမန်းကတန်းထလိုက်ပြီး တဲအပြင်မှာ ထိုးအန်နေကြသော ကောင်းကျော်တို့ဆီ ပြေးသွားလိုက်သည်။ ကောင်းကျော်တို့ သုံးယောက်စလုံး၏ အန်ဖတ်များသည် လက်တစ်ဆစ်အရွယ် အမည်းရောင် အခဲလေးများဖြစ်၏။ မည်သို့ပင်အန်အန် ခွဲများဖြင့် ရောယှက်နေသော ထိုအမည်းရောင် အခဲလေးများသာ ဖြစ်၏။ ကျွန်တော် ကောင်းကျော်တို့ကို ကြည့်ပြီး ထိတ်လန့်သွားရသည်။ နတ်ငါးကို စား၍ အန်ခြင်းဖြစ်မည်ကို ကျွန်တော် ချက်ချင်းသိလိုက်ပါသည်။ ဦးထွန်းသာက ကောင်းကျော်တို့၏ လည်ကုပ်ကို နှိပ်နယ်ပေးရင်း ကျွန်တော့်ကို လှမ်းပြောသည်။

"ဘာအစားများလို့လည်း မသိဘူးနော် ညိုမင်း"

"မဟုတ်ဘူး ဦးထွန်းသာ။ ဒီကောင်တွေ နတ်ငါးကို စားမိလို့ ဖြစ်မယ်။ ဟိုညောင်ပင်အောက် ရေအိုင်ထဲက နတ်ငါးတွေကို ဖမ်းပြီး ညက သူတို့ ကင်စားနေကြတယ်"

ဦးထွန်းသာက အံ့သြတုန်လှုပ်သော မျက်နှာဖြင့်…

"ဘာ… နတ်ငါးကို ဒီကောင်တွေ စားမိတယ်၊ ဟုတ်လား"

"အင်း…ဟုတ်တယ် ဦးထွန်းသာ။ ကျွန်တော်လည်း တားပါတယ်။ ဒီကောင်တွေကိုက တားမရတာ"

"ဟာ…ဒုက္ခတော့ ရောက်ကုန်တော့မှာပဲကွာ"

ဦးထွန်းသာ စိုးရိမ်ထိတ်လန့်မှုဖြင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ ဦးထွန်းသာသာမက၊ ကျွန်တော်တို့အားလုံး ကောင်းကျော်တို့ကို ကြည့်ပြီး စိုးရိမ်နေကြသည်။

ကောင်းကျော်တို့မှာ အန်နေရင်းမှ နှုတ်ခမ်းတွေ ပြာနှမ်းလာပြီး သတိမေ့သွားသည်။ ကျွန်တော့်တို့ ကောင်းကျော်တို့ သုံးယောက်အား မ,ကာ တဲအတွင်းမှ အိပ်ရာပေါ်တွင် လှဲထားပေးလိုက်ကြသည်။

သိပ်မကြာလိုက်ပါ။ ကောင်းကျော်တို့ သုံးယောက် သတိပြန်မလည်လာတော့ဘဲ အပြီးအပိုင် ဆိတ်ငြိမ်သွားကြပါတော့သည်။

ကျွန်တော်တို့အားလုံး ကောင်းကျော်တို့အတွက် စိတ်မကောင်းသဖြင့် ခေါင်းငိုက်စိုက်ကျကာ မျက်ရည်များပင် ကျခဲ့ကြသည်။ ခဏအကြာမှာတော့ ဦးထွန်းသာက…

"ဒီကောင်တွေ စည်းကျော်ခဲ့တာကိုး။ ကိုယ့်စည်းကိုယ့်ဘောင်နဲ့ ကိုယ့်ဘာသာကိုယ် နေရင် ဘာမှဖြစ်[…]
အကြောင်းမရှိဘူး။ အခုတော့ နတ်[…]
ကိုမှ သွားစားရတယ်ဆိုတော့ အ[…]
တစ်လုတ်နဲ့ကွာ၊ အသက်တစ်ချော[…]
လဲလိုက်ကြတယ်လို့"

ဦးထွန်းသာက ပြောရင်း အ[…]
တိမ်ဝင်သွားသည်။ ကျွန်တော်တို့အ[…]
လုံးမှာလည်း မျက်ရည်များ ဝဲလျက်[…]
ကောင်းကျော်တို့အလောင်းကို "စီ[…]
နိုင်ရန် ရွာသို့ အောင်ပုကို အကြော[…]
ကြားဖို့ ပြန်လွှတ်လိုက်ရသည်။

နောက်တစ်နေ့ မနက်အရု[…]
တက်ချိန်တွင် ကောင်းကျော်တို့၏ မိ[…]
ဆွေမျိုးများ ကိုယ်စီရောက်ရှိလာကြ[…]
အလောင်းများကို စိတ်မကောင်း[…]
စွာဖြင့် သင်္ဂြိုဟ်ကာ၊ ကျွန်တော်[…]
အားလုံးလည်း ခရီးမဆက်ကြတော့[…]
ရွာသို့ ပြန်လာခဲ့ကြပါတော့သည်။

အပြန်ခရီးမှာတော့ ကျွန်တော်[…]
တို့အားလုံး ရင်ထဲတွင် အတွေးကိုယ်[…]
ဖြင့် နှုတ်ဆိတ်နေမိကြပါတော့သ[…]
နောင်အခါများ၌လည်း နတ်တို့၏ [[…]
ထားသော စည်း၊ ဘောင်ထဲသို့ မ[…]
မိစေရန် သတိပြု၍ နေထိုင်ကြရပေ[…]
မည်တကား ■

* * *

ညီလေးငယ်(လယ်ဓော[…]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဥမ္မာဒန္တီကို စွဲလမ်း၍ ရူးမတတ် ခံစားနေရသော သိဝိမင်းကြီးကို သစ္စာရှိ အဆွေခင်ပွန်းကောင်းဖြစ်သော အဘိပါရက စစ်သူကြီးက မိမိ၏မယား ဥမ္မာဒန္တီကို ကြောင်းကျိုးစုံလင်စွာ လျှောက်ထား၍ ဆက်သပေးအပ်သည်။ သိဝိမင်းမြတ်သည် ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေပြီး အဘိပါရက စစ်သူကြီး ဆက်သ ပေးအပ်သော ဥမ္မာဒန္တီကို အကြောင်းမျိုးစုံပြ၍ ပယ်ခဲ့၏။ နောက်ဆုံး အဘိပါရက စစ်သူကြီးက တရားဟောပြပေးပါရန် တောင်းပန်လျှောက်ထားသောအခါ ပညာရှိသော သိဝိမင်းကြီးက အဘိပါရက စစ်သူကြီးကို ဟောပြသော သူ၏ ခံယူချက် ဓမ္မဒေသနာများမှာ…

"အမောင် အဘိပါရက၊ ငါသည် သင် တောင်းပန်အပ်သောကြောင့် ဘုရား အစရှိသော သူတော်ကောင်းတို့ မှီဝဲတော်မူအပ်သော တရားတော်များကို ငါသည် ဟောကြားပြသပါအံ့။ နာကြားပါလော့"

"အမောင် အဘိပါရက… အဆုံးအဖြတ်တရား၊ အစဉ်အဆက်တရား၊ သုစရိုက်တရားတို့ကို နှစ်သက်သော ပြည့်ရှင်မင်းသည် ကောင်း၏။ အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ်တရားတို့ကို နှစ်သက်တတ်သော ပြည့်ရှင်မင်းသည် ကောင်း၏။ ပညာရှိသော ပုဂ္ဂိုလ်သည် ကောင်း၏။ အဆွေခင်ပွန်းကောင်းတို့ကို မပြစ်မှားခြင်းသည် ကောင်း၏။ မကောင်းမှုကို မပြုခြင်းသည် နောင်အခါ ချမ်းသာခံစားရသော အကြောင်းတည်း။

အမျက်ထွက်ခြင်း ကင်း၍ သုံးပါးသော တရား၌ တည်သော ပြည့်ရှင်မင်း၏နိုင်ငံ၌ နေကုန်သော လူတို့သည် မယား၊ သမီး၊ သား၊ ဆွေမျိုးသားချင်း မိတ်ဆွေခင်ပွန်းတို့နှင့်အတူ ချမ်းမြေ့သာယာသော အရိပ်အောက်ဝယ် ချမ်းသာစွာ နေရသကဲ့သို့ ရှိပါ၏။

မဆင်ခြင်၍ ပြုအပ်သော မကောင်းသောအမှုကို ငါသည် မနှစ်သက်သည်သာလျှင် ဖြစ်ပါ၏။ ကောင်းမှုကို သိ၍ ကိုယ်တိုင်ပြုလုပ်ကုန်သော မင်းတို့၏အမှုကို ငါသည် နှစ်သက်တော်မူ၏။ ငါ၏ ဥပမာနှစ်မျိုးကို သင်သည် နာကြားပါလော့။

သွားကုန်သော နွားတို့တွင် ရှေ့ဆောင် နွားမင်း ဥသဘသည် ကောက်ကောက်သွားသည်ရှိသော်၊ ခပ်သိမ်းသော နောက်လိုက် နွားအပေါင်းတို့သည် ကောက်ကောက်ကွေးကွေးသွားကုန်၏။

အလားတူ၊ လူတို့တွင် အမြတ်ဟူ၍ သမုတ်အပ်သော ပြည့်ရှင်မင်းသည် မတရားသောအကျင့်ကို ကျင့်ငြားအံ့၊ မင်းမှ တစ်ပါးသော သတ္တဝါသည်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ မတရားသောအကျင့်ကို အလွန်လျှင် ကျင့်လေသည်သာတည်း။

ပြည့်ရှင်မင်းသည် တရားမကျင့်သည်ဖြစ်အံ့၊ အလုံးစုံသော တိုင်းနိုင်ငံနှင့် ပြည်သူပြည်သားတို့သည် ဆင်းရဲ၍ ဆင်းရဲစွာ နေကြရ၏။

သွားကုန်သော နွားတို့တွင် ရှေ့ဆောင် ဥသဘနွားမင်းသည် ဖြောင့်တန်းစွာ သွားသည်ရှိသော်၊ ခပ်သိမ်းကုန်သော နောက်လိုက် နွားတို့သည် ဖြောင့်တန်းစွာ သွားကုန်၏။ ဤ အတူ လူတို့တွင် အမြတ်ဟူ၍ သမုတ်အပ်သော မင်းသည် တရားကို ကျင့်ငြားအံ့၊ မင်းမှတစ်ပါးသော သတ္တဝါတို့သည် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ လိုက်၍ ကျင့်သည်သာဖြစ်ပါ၏။

မင်းသည် တရားစောင့်သည်ဖြစ်ငြားအံ့၊ ကျင့်သည်ဖြစ်ငြားအံ့၊ အလုံးစုံသော တိုင်းနိုင်ငံ၊ လူအပေါင်းတို့သည် ချမ်းသာ၍ ချမ်းသာစွာ နေရပါ၏။

အမောင် အဘိပါရက…ငါသည် တရားမကျင့်ဘဲ နိဗ္ဗာန်ဆုကို မပန်ဆင်။ အလုံးစုံသော ဤနိုင်ငံမြေအပြင်ကိုလည်း တိုင်းနိုင်ငံပြုအံ့သောငှာ အလိုမရှိပါ။

ဤလောကတွင် လူတို့၌ သက်ရှိသက်မဲ့ဖြစ်သော ရတနာတို့သည် ရှိပါကုန်၏။ ကျွဲ၊ နွား၊ ဆင်၊ မြင်းတို့သည်လည်းကောင်း၊ ကျွန်တို့သည် လည်းကောင်း၊ ရွှေငွေအထည်အဝတ်တို့သည် လည်းကောင်း၊ စန္ဒကူးရွှေတို့သည် လည်းကောင်း၊ ဤသို့သော များမြတ်သော ရတနာတို့သည် ရှိကြပါကုန်၏။

လေနှင့် တူကုန်သော လျင်မြန်ခြင်း ရှိကုန်သော မြင်း၊ မြတ်သော အဆင်းကို ဆောင်ကုန်သော မိန်းမပျိုရွယ်တို့သည် လည်းကောင်း၊ နီလာ၊ ပတ္တမြား စသော ရတနာ ခုနစ်ပါးတို့ကို လည်းကောင်း၊ ဤနေ့လတို့သည် စောင့်ကုန်၏။

ငါသည် တိုင်းသူတိုင်းသားတို့အလယ်၌ မြတ်သော မင်းဖြစ်သောကြောင့် ထို ဆိုအပ်သော ရတနာအပေါင်း၏ အရှင်စကြဝတေးမင်းဟူသော အကြောင်းကြောင့် တရားနှင့် မလျော်ညီသော အကျင့်ကို မကျင့်ပါအံ့။

လူအများကို နတ်ပြည်သို့ ပို့ဆောင်တတ်သော ထု



www.burmeseclassic.com

www.burmeseclassic.com

များ၏ စီးပွားကို ဆောင်ထသော၊ ပြည်သူအများကို စောင့်ရှောက်တတ်သော သိဝိတိုင်းကို အစိုးရခဲ့ကြသော ရှေးမင်းတော်တို့၏ အစဉ်အဆက်ဖြစ်သော တရားကို ပူဇော်ထသော ဝသည် တရားကိုသာလျှင် ဆင်ခြင်တော်မူပါ၏။ မိမိ၏ တ်မာတ်စွမ်းအင်ဖြင့် တရားကို ကျင့်ပါအံ့"

သိဝိမင်းကြီးက သူ၏ ခံယူချက် ဓမ္မဒေသနာကို အဘိပါရက စစ်သူကြီးအား ဟောပြောပြီးသောအခါ အဘိရက စစ်သူကြီးသည် အလွန်နှစ်သက် ဝမ်းမြောက်သည် ဖြစ်လျက် သိဝိမင်းကြီးကို ရိုသေစွာ ရှိခိုးကာ···

"မြတ်သော မင်းကြီး၊ အရှင်မင်းမြတ်၏ ပညာတော်သည် အရှင်မင်းမြတ်၏ အကျင့်နှင့်တူသော သဘောရှိသောကြောင့် အရှင်မင်းမြတ်သည် ရှည်ကြာမြင့်စွာ မင်းအဖြစ်ကို အုပ်ချုပ်စီးကင်းသည်၊ အဆိပ်ကင်းသည်ကို ပြုတော်မူလတ္တံ့။

မြတ်သော မင်းကြီး··· အရှင်သည် တရားတော်ကို မလျှော့တော်မမူပါလင့်။ အရှင်မင်းမြတ်၏ တရားစိတ်ထားသည်ကို သိရ၍ ကျွန်ုပ် အလွန်ဝမ်းမြောက်လှပါ၏။ တရား မေ၍ အစိုးရသောမင်းသည် တိုင်းနိုင်ငံမှ ရွှေလျာတတ်ပါ၏"

အဘိပါရက စစ်သူကြီးက မင်းကြီးအား ဤသို့ ချီးမွမ်းလျှောက်ထားပြီး ဆက်လက်၍ လျှောက်ထားသည်မှာ -

"မြတ်သော မင်းကြီး··· မယ်တော်၊ ခမည်းတော်တို့ တရားကို ကျင့်တော်မူပါလော၊ အရှင်မင်းမြတ်သည် ဤပစ္စုပ္ပန်ဘဝ၌ တရားကို ကျင့်သည်ရှိသော်၊ နောင် တမလွန် နတ်ပြည်သို့ မုချ ရောက်ရပါမည်။

မြတ်သော မင်းကြီး··· သားတော်၊ သမီးတော်၊ အရှင် မိဖုရားတို့၌ ဤတရားကို ကျင့်တော်မူပါလော၊ အရှင်သည် ဤပစ္စုပ္ပန်ဘဝ၌ တရားကို ကျင့်သည်ရှိသော် နောင် တမလွန်၌ နတ်ပြည်သို့ မုချ ရောက်ရပါမည်။

မြတ်သော မင်းကြီး··· အရှင်သည် ချစ်မြတ်နိုးအပ်သော အဆွေခင်ပွန်းတို့၌ တရားကို ကျင့်တော်မူကုန်လော၊ အရှင်သည် ဤပစ္စုပ္ပန်ဘဝ၌ တရားကို ကျင့်သည်ရှိသော် နတ်ပြည်သို့ မုချ ရောက်ရပါမည်။

မြတ်သော မင်းကြီး··· အရှင်သည် ဆင်၊ မြင်းသော ယာဉ်တို့၌ လည်းကောင်း၊ ဗိုလ်ပါ စစ်သည်တို့၌ လည်းကောင်း တရားကို ကျင့်ပါလော၊ အရှင်သည် ဤပစ္စုပ္ပန်ဘဝ၌ တရားကို ကျင့်သည်ရှိသော် နတ်ပြည်သို့ မုချ ရောက်ရပါမည်။

မြတ်သော မင်းကြီး··· အရှင်သည် ရွာသူရွာသားတို့၌ လည်းကောင်း၊ နိဂုံးနေသူတို့၌ လည်းကောင်း၊ ဇနပုဒ်နေသူတို့၌ လည်းကောင်း၊ တိုင်းနိုင်ငံသူ နိုင်ငံသားတို့အပေါ်၌ လည်းကောင်း၊ တရားကို ကျင့်ပါလော၊ ဤပစ္စုပ္ပန်ဘဝ၌ တရားကို ကျင့်သည်ရှိသော် နတ်ပြည်သို့ မုချ ရောက်ရပါမည်။

မြတ်သော မင်းကြီး··· အရှင်သည် သား၊ ငှက်တို့၌ တရားကို ကျင့်ပါလော၊ ဤပစ္စုပ္ပန်ဘဝ၌ တရားကို ကျင့်သည် ရှိသော် နတ်ပြည်သို့ မုချ ရောက်ရပါမည်။

မြတ်သော မင်းကြီး··· တရားကို ကောင်းစွာ ကျင့်ပါလော၊ ကောင်းစွာ ကျင့်သော တရားတော်သည် ချမ်းသာခြင်းကို ဆောင်တတ်ပါ၏။

မြတ်သော မင်းကြီး··· နတ်၊ ဗြဟ္မာ၊ သိကြားတို့သည် ကောင်းစွာ ကျင့်အပ်သော သုစရိုက်တရားများကြောင့် နတ်၊ ဗြဟ္မာ၊ သိကြားဖြစ်ကြရပါ၏။ မင်းမြတ် မမေ့မလျော့ပါလေနှင့်"

ဟု လျှောက်ထားသော် သိဝိမင်းကြီးသည် ဥမ္မာဒန္တီအပေါ်၌ စွဲလမ်းတပ်မက်သောစိတ် ပျောက်ကင်းသွားကာ၊ အဘိပါရက စစ်သူကြီး၏ ဓေတနာကို အလေးအနက်ထား ခံယူကာ၊ တိုင်းပြည်ကို တရားနှင့်အညီ အုပ်ချုပ်ခဲ့၍ အရှင်၌ တိုင်းပြည်နှင့် ပြည်သူပြည်သားတို့သည် ချမ်းမြေ့သာယာဝပြောလေသည်■

* * *

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီ-အေ)

ကျမ်းကိုး ။ ။ ပဏ္ဏာသနိပါတ-ဥမ္မာဒန္တီဇာတက။



www.burmeseclassic.com

www.burmeseclassic.com

# လေနာရောဂါအတွက် ဆေးတော်ကြီး

**နတ်မောက်မှတ်ကျောက်**



"လေ"မသက်၍ အနေခက်သည် "လေ"မစုန်သဖြင့် ငွေကုန်သည်။ "လေ"ထိုး၍ အနေဆိုးသည်။ "လေ"နာသဖြင့် ဝေသမာလားထင်ရသည်။ စသည့်ဖြင့် လေရောဂါအမျိုးမျိုးကို သိဖူးကြားဖူးကြမည်ထင်ပါသည်

လေထိုး၊ လေအောင့်၊ လေနာရောဂါများသည် ဘေးမှကြည့်မြင်ရသူတို့က လေနာရောဂါများသည် ဘေးမှကြည့်မြင်ရသူတို့က ဟန်ဆောင်နေသည်ဟုပင် ထင်မှတ်ရပြီး ခံစားနေရသူအဖို့မှာ အလွန်ပင်ဆိုးရွားလှပြီး မသက်သာလှပါ။

ယခုတင်ပြလိုသော လေရောဂါအတွက် ဆေးတော်ကြီးမှာ ရှေးနန်းတွင်းသမားတော်ကြီးများမှ ဖော်စပ်အသုံးပြုခဲ့ပြီး "လေဘုရင် ဆေးတော်ကြီး" ဟု အမည်ပညတ်ပါသည်။ သမားတော်ကြီးများသည် တပည့်တစ်ဦးလျှင် ဆေးတစ်မည်စီ စုခိုင်းပြီး ဖော်စပ်ခဲ့ပါသည်။ ဆေးနည်းကို အလွယ်တကူ သိမသွားစေရန်လျှို့ဝှက်ခြင်းပင် ဖြစ်ပါသည်။ ဆေးနည်းမှန်မှာ

* ဆင်တုံးမနွယ် တစ်ပိဿာ နုပ်နုပ်စဉ်းအခြောက်ခံထား။

* ကွမ်းရွက်တစ်ပိဿာ အခြောက်ခံထား။

* ရှောက်သီးအခွံ တစ်ပိဿာ အခြောက်ခံထ

* တရုတ်စံကားအခေါက် တစ်ပိဿာအခြေ ထား။

အထက်ပါဆေးအမည်အခြောက်များကို မီးရှို ရပါသည်။ ထိုပြာကိုရေနှင့် ဖျော်ပြီး အပေါ်အရည် ကြ ယူပြီး ကျိုချက်သောအခါ "ရက္ခမူဆား" တစ်ဆယ်ကျ ရရှိပါသည်။ ၎င်းဆားသည် "လေဘုရင်ဆေးတော် ပင်ဖြစ်ပါသည်။

လေရောဂါမှန်သမျှအတွက် အထက်ပါ ရက္ခ တစ်ရွေးသားကို ရှောက်သီးတစ်ခြမ်း အရည်နှင့် တ တစ်ကြိမ်သာ သောက်ရမည်။ မည်မျှကြာသော လေ ဂါဖြစ်ပါစေ သုံးရက်၊ ငါးရက်၊ ခုနစ်ရက်ခန့် ခွဲသော အမြစ်ပြတ်ပျောက်ကင်းစေပါသည်။ ဤဆေးတော် အမှန်ကို သိသူနည်းပါးခြင်း၊ တခုတ်တရအပင်အ ဖော်စပ်သူ ဆရာရှားပါးသဖြင့် တိမ်ကောပပျောက် မဖြစ်စေရန် တင်ပြရေးသား အပ်ပါသည်။

* * *

နတ်မောက်မှတ်



www.burmeseclassic.com

www.burmeseclassic.com




ရွှေအင်းတိန်ရုပ်ပွားတော်မြတ်
ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်။


www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင် ရွှေအင်းတိန် မြတ်စွာဘုရား

ဝင်းကိုဇော်





ကျွန်တော်တို့ မြန်မာလူမျိုးများသည် ထေရဝါဒ
ဘာသာဝင်များ ဖြစ်ကြသည်နှင့်အညီ အခါအခွင့်သင့်သ
အခါတိုင်း မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ကြလေ့ရှိကြသ
မှာ နှစ်ကာလရှည်ကြာကတည်းကပင် ဖြစ်ပါသည်။
နောက်ပိုင်းတွင်မူ မြန်မာနိုင်ငံတွင်းသာမက၊ အိန္ဒိယနိုင်ငံ
နီပေါနိုင်ငံများအထိ သွားရောက်ကာ ဗုဒ္ဓမြတ်စွာ ဖွားတော်
ရာ၊ ဘုရားရှင်ပွင့်တော်မူရာ၊ ဓမ္မစကြာ တရားဦးဟော
နေရာ၊ ပရိနိဗ္ဗာန်စံရာ နေရာဟူသော သံဝေဇနိယ လေး
သို့အထိပင် သွားရောက်ဖူးမြော်လေ့ရှိနေကြပြီ ဖြစ်ပါသည်

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးများသည် မြန်
နိုင်ငံအတွင်းရှိ များပြားလှသော တန်ခိုးကြီးဘုရားစေတီ ပု
များကို တစ်နိုင်ငံလုံး နေရာအနှံ့ လိုက်လံ ဖူးမြော်ကြသည်
လေ့ရှိကြရာဝယ် ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးဒေ
သို့ ဘုရားလည်း ဖူးရင်း၊ အပန်းလည်း ဖြေရင်း သွားရော
ကြသူများမှာ နှစ်စဉ် မရေတွက်နိုင်အောင်ပင် များပြားလှ
သည်။ သို့သော်လည်း အင်းလေးကန်အစွန်းမှ အင်းတိ
ဒေသသို့ ကားဘုရားဖူးအချို့သာ ရောက်ဖူးကြပါသည်။
လေးကန်ပြင်ကို ဖြတ်ကာ အင်းလေးကန်အဆုံးနား
တိန်ချောင်းမှတစ်ဆင့် အင်းတိန်ရွာအထိ



www.burmeseclassic.com

www.burmeseclassic.com




ကြရသဖြင့် ဘုရားဖူးအတော်များများသည် အင်းတိန် မသွားဖြစ်ကြသည်ကသာ များသည်ကို တွေ့ရှိရပါ

အင်းတိန်ဒေသသည် ရှမ်းပြည်တောင်ပိုင်း၊ ညောင် နယ်တွင် တည်ရှိပြီး အင်းတိန်သို့ ရွှေညောင်မှ လာကြ သည် အင်းလေးရှိ ဖောင်တော်ဦး၊ အလိုတော်ပေါက် ရှိသော ဘုရားများကို ဖူးပြီးနောက် အင်းလေးကန်ကို ၍ အင်းတိန်ချောင်းအတွင်းသို့ ဝင်ကာ မိနစ် ၃၀နီးပါး လှေဖြင့် သွားကြရပါသည်။ အင်းတိန်ချောင်းအတွင်း၌ လှေသမားတိုင်း မမောင်းတတ်ကြဟုလည်း သိရပါ အင်းတိန်ချောင်းအတွင်းတွင် အင်းလေးကန်ရေပြည့် ဆည်ထားသော ရေတား တမံငယ်များ ရှိရာ၊ ထိုတမံ တွင် လှေတစ်စီးဝင်နိုင်ရုံမျှသာ အပေါက်ကို ဖွင့်ထား ရေပြင်အမြင့်မှ အနိမ့်သို့ စက်လှေကို မောင်းပြီး ကြရာတွင် လှေက အမြင့်မှ အနိမ့်သို့ ပြုတ်ကျသကဲ့သို့ သွားပြီး မကျွမ်းကျင်ပါက လှေမှောက်တတ်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့်လည်း အင်းတိန်ချောင်းငယ် အတွင်းတွင် အင်းတိန်ဘက်မှ စက်လှေသမားများသာ ကျွမ်းကျင်ကျင် မောင်းနှင်ကြသည်ဟု သိရှိရပါသည်။ ကြောင့်လည်း မြန်မာ ဘုရားဖူးအတော်များများသည် တိန်အထိ သွားရောက်မှု နည်းပါးခြင်းဖြစ်ပေသည်။

နိုင်ငံခြားသားများမှာမူ အချို့က ရွှေညောင်စက်လှေဆိပ်မှ အင်းတိန်အထိ လာကြပြီး၊ အချို့က အောင်ပန်းမှ ကီလိုမီတာ ၃၀ (၂၄မိုင်)ခရီးကို လမ်းလျှောက်လာကြသည်ကိုပင် တွေ့ခဲ့ရပေသည်။ အောင်ပန်းမြို့အထွက်မှ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်လုပ်ငန်းသို့ သွားရာလမ်းမှ သွားရောက်လျှင် လွယ်ကူစွာ ရောက်ရှိနိုင်ကြပြီး လမ်းလည်း အထူးကောင်းမွန်ပါသည်။

လှိုင်ကော်အမှတ် (၃) ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းမှအပြန် အောင်ပန်းမြို့အနီးမှ အထက်ဘီလူးချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့သွားရင်း ရေးဟောင်းသမိုင်းဝင် ရွှေအင်းတိန် မြတ်စွာဘုရားကြီးအား ကျွန်တော်သွားရောက်ဖူးမြော်ခွင့် ရခဲ့ပါသည်။ လှိုင်ကော်မှ ပင်လောင်း၊ တီကျစ်၊ ကလောလမ်းအတိုင်းလာခဲ့ပြီး တောင်ကြီးသို့ သွားသည့်လမ်းသို့ ရောက်သောအခါတွင် လက်ယာဘက်သို့ ကွေ့လိုက်သည်နှင့် ကလောမြို့အထွက်သို့ ရောက်ရှိသွားပါသည်။ ကလောမြို့မှ မိုင်အနည်းငယ် မောင်းလိုက်သည်နှင့် အောင်ပန်းသို့ ရောက်ရှိပါသည်။ အောင်ပန်းမြို့ကို ဖြတ်သန်းပြီး မြို့ပြင်အထွက်တွင် စီမံကိန်းလမ်းဟု ခေါ်သော လမ်းမကျယ်တစ်ခု ညာဘက်တွင် ရှိရာ၊ ထိုလမ်းမှ အင်းတိန်သို့ သွားရောက်နိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

အင်းတိန်မရောက်မီ လမ်းတွင် အထက်ဘီလူးချောင်း ရေအားလျှပ်စစ် စီမံကိန်းရှိသဖြင့် ထိုစီမံကိန်းသို့ သွားရောက်ရန် ထိုလမ်းကို ဖောက်လုပ်ထားခြင်းဖြစ်သောကြောင့် စီမံကိန်းလမ်းဟု အမည်တွင်နေခဲ့ပါသည်။ လမ်းမက ကားနှစ်စီး အလွယ်တကူ ရှောင်တိမ်းနိုင်အောင် ကျယ်ဝန်းပြီး လမ်းကလည်း ကောင်းမွန်ပါသည်။ တောင်ပေါ် တက်လိုက်၊ ဆင်းလိုက်ဖြင့် ကီလိုမီတာ ၃၀ ခန့် မောင်းပြီးလျှင် အင်းတိန်သို့ ရောက်ရှိပါသည်။ အင်းတိန်အနီးမှာပင် ကျွန်တော်တို့ ငယ်စဉ်က လူရည်ချွန် အပန်းဖြေစခန်း ဖွင့်လှစ်ခဲ့သည့် ခေါင်တိုင်ရွာရှိပါသည်။ ခေါင်တိုင်ရွာ လမ်းခွဲသို့ရောက်လျှင် ခေါင်တိုင်ဘက်သို့ မဝင်ဘဲ တည့်တည့်ဆက်သွားလိုက်လျှင် အင်းတိန်ရွာသို့ ရောက်ပြီဖြစ်သည်။

အင်းတိန်ရွာသည် အင်းလေးကန်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသော ရွာငယ်လေးတစ်ရွာဖြစ်သည်။ အင်းတိန်ရွာ၏ တောင်ကုန်းထိပ်ဝယ် သမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်ရှိသည်။ တောင်ကုန်း၏ အောက်ခြေဝယ် ရာနှင့်ချီသော စေတီများကို ချုံနွယ်ပိတ်ပေါင်းများ ရောထွေးနေသည်ကို တွေ့ကြရသည်။ ဘုရားရှိရာ တောင်ကုန်းက ဆိတ်ငြိမ်အေးချမ်းနေသည်။ လေပြည်က တညင်းညင်းတိုက်နေပြီး စေတီများပေါ်မှ ဆည်းလည်းသံများကို ချိုလွင်သာယာစွာ အဆက်မပြတ် ကြားနေရသည်မှာလည်း ကြည်နူးဖွယ် ကောင်းလွန်းလှပေသည်။





အင်းတိန်ရွာတွင် အင်းလေးကန်သို့ ပြန်ဆင်းသ
စက်လှေဆိပ်တစ်ခုလည်း ရှိပါသည်။ အချို့ နိုင်ငံခြားသား
သည် အင်းတိန်သို့ ကုန်းလမ်းမှ လာခဲ့ပြီး၊ အင်းတိန် စက်
ဆိပ်မှ စက်လှေဖြင့် အင်းလေးကန်ကို ဖြတ်ကာ ရွှေညော
သို့ ပြန်ကြသည်ကိုလည်း တွေ့ရပါသည်။ ရွှေညောင်မှ အ
တိန်အထိ စက်လှေ စင်းလုံးငှားကာ လာကြသူများလ
ရှိပါသည်။ စက်လှေဆိပ်အနီးတွင် အင်းတိန်ဈေးလေး
တွေ့ရပါသည်။ အမှတ်တရပစ္စည်းအရောင်းဆိုင် အနည်း
ကိုလည်း တွေ့ခဲ့ရပါသည်။

အင်းတိန်ဒေသတွင် ပါဠိလိပ်ပြည့်ရှည် သီရိ
သောကမင်းကြီးမှ သာသနာတော်နှစ် ၂၀၀ ခန့်လောက်
တည်ထားတော်မူခဲ့သော ရှေးဟောင်းစေတီ အများအပြ
ပါသည်။ သို့သော်လည်း စေတီအများစုမှာ ပျက်စီးယိုယွ
နေပြီဖြစ်ပါသည်။ ရွှေအင်းတိန် မြတ်စွာဘုရားကြီးကို ဘ
(မွေတော်) ဓာတ်တော်များ ဌာပနာပြုကာ တည်ထား
သည်။


ဘုရားကြီး၏ မြေနိမိတ်သည်…

* အရှေ့ကား ကျောက်ပွန်ရေထွက်၊ နောင်ကန်အ
  ဆင်သေကုန်း
* အရှေ့တောင်ခြားကား သရက်နောင်နမတ
* တောင်ခြားကား ကန်ထောင့်ရွာဟောင်း



www.burmeseclassic.com

www.burmeseclassic.com




တည်း၊

* အနောက်တောင်ခြားကား ချောင်းချောက်ကြီး ပျားစွဲတော်တည်း၊
* အနောက်ခြားကား ဆင်ရုပ်ညောင်စည် ရေဟုန်ဟုန်ကျတည်း၊
* အနောက်မြောက်ခြားကား ၊ စစ်တောင်းတောင် ခမောက်တောင် ရသေ့တောင်ကုန်းတည်း၊
* မြောက်ခြားကား နတ်သမီးတောင် ရသေ့တောင် ဝေလုကမ္ဘတောင်တည်း၊
* အရှေ့မြောက်ခြားကား အင်းရေပြင် ကျောက်ခြံတည်း…

ဟု ရွှေအင်းတိန်ဘုရားဂေါပကအဖွဲ့က ပေးသော စာရွက်ငယ်တွင် ဖတ်ရှုရပါသည်။

တိုင်လုံးပေါင်း ၄၀၃ လုံးရှိသော စောင်းတန်းအတိုင်း လျှောက်လာကြရာတွင် ရှေးဟောင်းဗိသုကာပုံစံ တန်ဆောင်းနှင့် ပြာသာဒ်များကို တွေ့မြင်ရပါသည်။ စောင်းတန်းအဆုံး





www.burmeseclassic.com

www.burmeseclassic.com



တွင် စေတီအဆူပေါင်း (၁၀၅၄)ဆူကို ဖူးတွေ့ခဲ့ရပါသ
စေတီတော်အများစုသည် မွေတော်ကက္ကူဒေသမှ
တော်များနှင့် ပုံသဏ္ဌာန်ခင်ဆင်ဆင်ရှိပြီး လုံးပတ်တော်
လျှကာ ထိပ်သို့ ချွန်မတ်နေသော စေတီတော်များ
သည်။ စေတီတော်များအား သီရိဓမ္မာသောကမင်းကြီး
တော်မူပြီးသည့်နောက်ဝယ် အနော်ရထာမင်းကြီးက
ပြုပြင်ခဲ့သည်။ ထို့နောက် နရပတိစည်သူမင်း၊ မိုးညှင်း
တရားကြီး၊ မင်းရဲကျော်စွာ၊ မင်းခေါင်နှင့် ဆင်ဖြူရှင်မင်း
အဆက်ဆက် ထပ်မံပြုပြင်တော်မူခဲ့ကြပါသည်။

စေတီတော်ပရဝဏ်အတွင်း အာသောကမင်း
တည်ထားတော်မူခဲ့သော စေတီတော်ငယ်တစ်ဆူကို
နေရာမှာပင် အမိုးအကာအောက်တွင် ထိန်းသိမ်းထား
ကိုလည်း ဖူးမြင်ခဲ့ရပါသေးသည်။ စေတီတော်ငယ်မှာ ဉ
တော် ဥပေမ္ဘသာရှိပြီး မူလစေတီတော်ကို ရွှေများအပြ
ထားသည်ကို ဖူးခဲ့ရပါသည်။ စေတီတော်၏ အောက်ခံ
ကိုမူ ပျက်စီးသွားပြီဖြစ်သောကြောင့် အသစ်ပြန်လည်ပြ
ထားရကြောင်း ဂေါပကတစ်ဦးက ရှင်းပြခဲ့ပါသည်။

အင်းတိန်ဘုရားများကို ဖူးမြော်ပြီးနောက် ကျွန်
လည်း အင်းတိန်ချောင်းကို ဖြတ်ကာ စက်လှေတစ်စီ
အင်းလေးကန်မကြီးဆီသို့ သွားကြည့်လိုက်ပါသေးသည်

အင်းတိန်ချောင်းသည် အင်းလေးကန်မှ ဖောင်တော်
ဘုရားအစွန်တွင် ရှိပြီး ချောင်းက ကျဉ်းမြောင်းကာ အ
အကောက်များသည် ချောင်းကမ်းနှစ်ဖက်လုံးဝယ် စပါး
များကို တွေ့ရသည်။ ချောင်းကျဉ်းငယ်လေးတစ်လျှော
နေရာအတော်များများတွင် ရွာသူရွာသားတို့ ရေချိုးဆင်
သည့် ရေချိုးဆိပ်လေးများကို တွေ့ရသည်။ ထိုနေရာ
အဝတ်လျှော်ဖွတ်နေကြသည်ကိုလည်း တွေ့ရပေသ
ချောင်းထဲတွင် ရေကူးနေသော ကလေးများလည်း ရှိ
အချို့နေရာများတွင် ကျွဲများ ရေစိမ်နေသည်ကို တွေ့ခဲ့ရ


အင်းလေးသို့ ရောက်လာကြသူ အများအပြား
သော်လည်း အင်းတိန်အထိ ရောက်ကြသူကား နည်းပါ
လိမ့်မည်ဖြစ်ပါသည်။ သမိုင်းဝင်သည့်အပြင် ရှေးဟော
ဗိသုကာလက်ရာများနှင့် ထည်ဝါစွာ တည်ရှိနေသော
အင်းတိန်ဒေသသို့ သွားရောက်လေ့လာသင့်ကြပေသည်။

* * *

ဝင်းကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အခါကာလ၌ အမျိုးကောင်းသား လူငယ်တစ်ဦးသည် တက္ကသိုလ်ပြည်ရှိ ချမ်းသာကြွယ်ဝသော ရွှေပန်းထိမ်ဆရာတစ်ဦး၏ သမီးနှင့် ထိမ်းမြားလက်ထပ်ခဲ့ပါသည်။ ထိုသူတို့၏ မိသားစုများသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကို အလွန်ရှိသေ ကိုင်းရှိုင်းပြီး ဆည်းကပ်ကိုးကွယ်လျက်ရှိကြ၏။ ကုသိုလ်ကောင်းမှုများတို့ကိုလည်း အမြဲလိုလိုပင် ပြုလုပ်နေကြပါသည်။ ၎င်း၏ မိသားစုမှာ ချမ်းသာသုခနှင့် ပြည့်စုံကြွယ်ဝနေခြင်း အဖြစ်သို့ ရောက်ရှိ၍နေ၏။ သို့သော် အမျိုးကောင်းသား လူငယ်၏ ဖခင်မှာမူကား ဗုဒ္ဓဘာသာ သာသနာရေးရာတွင် စိတ်ပါဝင်စားမှု မရှိပါ။ မည်သည့်ကောင်းမှုကုသိုလ်များကိုမျှ မလုပ်ဘဲ

# မှုံးရေမြင့်

## သားဖြစ်သူက ဖခင်အား အချိန်မီ ကျေးဇူးဆပ်

www.burmeseclassic.com

www.burmeseclassic.com

နေခဲ့ရာမှာ အသက်အရွယ်အားဖြင့် ရစ်ဆယ်ကျော်လာခဲ့ပြီ ဖြစ်ပါသည်။ ၎င်းအဘိုးအိုသည် မိမိ၏ မိသားစုအတွက် စားဝတ်နေရေးကိုပင် လုံးပန်းနေရပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးဘက်ဆီသို့ စိတ်အာရုံမရောက်ရှိဘဲ အကုသိုလ်တရားဖြင့်သာ သတိမေ့လျော့နေလျက်ရှိပြီး မိမိ၏ တစ်သက်တာ ကာလတွင် အချိန်ကို ကုန်လွန်စေခဲ့ပါသည်။

ဘုရား၊ တရား၊ သံဃာများကို ကြည်ညိုလေးစားနေသော သားဖြစ်သူ အမျိုးကောင်းသား လူငယ်က တစ်နေ့ကျသောအခါ၌ မိမိ၏ ဖခင်ဖြစ်သူ အဘိုးအိုကို ဖိတ်ခေါ်၍ မသေမီအချိန်ကလေးတွင် ကောင်းမှုကုသိုလ်တရားများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရားအား ဆွမ်းဆက်ကပ် လှူဒါန်းဖို့ လာရောက်ရန်နှင့် မြတ်စွာဘုရားမှ ချီးမြှင့်ပေးသနားတော်မူမည့် တရားတော်များကို နာကြားရန် ပြောကြားခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် ရဟန်း သံဃာတော်အပေါင်း ခြံရံလျက် ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်ခဲ့သော ချမ်းသာကြွယ်ဝသူ အမျိုးကောင်းသား လူငယ်၏ မိသားစု နေအိမ်သို့ ကြွခဲ့ပါသည်။

မြတ်စွာဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသည့်အခါတွင် သားဖြစ်သူ လူငယ်က အနား၌ ထိုင်နေသော မိမိ၏ ဖခင်အိုအတွက် တရားတော် ချီးမြှင့်ပေးပါရန် မြတ်စွာဘုရားထံ ခွင့်တောင်းခံခဲ့ပါသည်။ မြတ်စွာဘုရားရှင်က အသက် ၈၀ ကျော် အဘိုးအိုအား စိုက်စိုက်ကြည့်ပြီး တရားရနိုင်သော အဖြစ်ကို သိမြင်တော်မူ၍ ရော်ရွက်ဝါဖြစ်နေပြီး ကြွေလု ကြွေဆဲဖြစ်နေသော သစ်ပင်များ၏ အရွက်ကဲ့သို့ ဖြစ်နေသည့် ထိုလူငယ်၏ ဖခင်အိုအား အောက်ပါ ခန္ဓာပြ တရားတော်ကို ဟောကြား ပေးသနားတော်မူခဲ့ပါသည်။

လူသားဟူသမျှတို့သည် မွေးပြီးလျှင် သေရမည်သာ ဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားပင်တည်း။ အချို့ကမူ မိခင်၏ ဝမ်းဗိုက်တွင်းတွင် ပဋိသန္ဓေတည်နေစဉ်အခါ၌ပင်လျှင် သေနေသည်လည်း ရှိပါသည်။ အသက်ဆက်လက်ပြီး ရှင်နေခဲ့ပါလျှင်လည်း အချိန်အခါမရွေး၊ အရွယ်မရွေး၊ အသက်အပိုင်းအခြားမရွေးဘဲ သေသွားနိုင်ပါသည်။ ဥပမာ ပြရမည်ဆိုလျှင် သရက်ပင်မှ သရက်သီးများသည် လေတိုက်သဖြင့် အကင်းလည်း ကြွေ၊ အစေ့ယုက်လည်း ကြွေ၊ အပင်မှည့်လည်း ကြွေတတ်ကြသည်ကို တွေ့မြင်ကြရပေမည်။ မြတ်စွာဘုရားက သရက်သီးကြွေကျနေသည့်ပမာ၊ ခန္ဓာကိုယ်ကို ရည်ညွှန်း၍ မိန့်ကြားခဲ့ပါသည်။ လူတို့၏ ခန္ဓာကိုယ်သည် အချိန်အခါမလပ် ရပ်နေခြင်းမရှိဘဲ နာရီလက်တံ

သွားနေသကဲ့သို့ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတ[...] တို့မှာလည်း တည်ငြိမ်နေခြင်းမရှိဘဲ တရွေ့ရွေ့ တဖြည်းဖြ[...] နှင့် သွားနေခြင်းသည် သတိအမှတ်ရရှိစေလိုကြောင်း[...] ရှင်းလင်း မိန့်ကြားခဲ့ပါသည်။

မြတ်စွာဘုရားရှင်က လူတို့သည် နာခေါင်း[...] အသက်ရှူသွင်းနေခြင်းစိတ်၊ အသက်ရှူထုတ်နေခြင်းစိ[...] များရှိရာတွင် ရှေ့စိတ် ဖြစ်ပျောက်ပြီးသည်နှင့် တစ်ပြိုင်[...] နောက်စိတ်ဖြစ်ပေါ်လာသဖြင့် စိတ်နှစ်စိတ်၌ အဆက်မပြ[...] ဖြစ်နေခြင်းသည် အသက်ရှင်နေပါသည်ဟု ဆိုရပေမည်[...] အကယ်၍ ပထမစိတ်ဖြစ်ပြီးလျှင် ဒုတိယစိတ် မဖြစ်ပေါ်[...] ပါက လူသည် သေခြင်းအဖြစ်သို့ ရောက်ရှိသွားရပေမည်[...] ထို့ကြောင့် လူတို့တွင် စိတ်နှစ်စိတ် စဉ်ဆက်မပြတ်ဖြစ်[...] တည်ရှိနေခြင်းဖြင့် အသက်ရှင်နေလျက် ရှိကြောင်[...] မြတ်စွာဘုရားက ဆက်လက်၍ ရှင်းလင်း မိန့်ကြားခဲ့ပါသ[...]

မြတ်စွာဘုရားက အဘိုးအိုအား ဆက်လက်၍ [...] ကြား အသိပေးခဲ့သည်မှာ လူ့ဘဝသို့ ရောက်ရှိလာခြင်း[...] ယခင်ဘဝများက ကုသိုလ်အရင်းအနှီးပါလာ၍သာ [...] ကြောင်း၊ လူဖြစ်လာခဲ့ပါသော်လည်း ဘဝအဆက်ဆက်[...] ကောင်းမှုကုသိုလ်ပြုလုပ်လာခဲ့သူများနှင့် ကောင်းမှုကုသို[...] မပြုခဲ့သူများ ရှိသကဲ့သို့ တည်ဆဲဘဝတွင်လည်း ကော[...] ကုသိုလ်ပြုလုပ်နေဆဲသူများနှင့် လုံးဝ မပြုလုပ်သူများလ[...] ရှိပါသည်။ ထို့ကြောင့် တည်ဆဲ လူ့ဘဝ၌ ဖြစ်ပေါ်နေသ[...] ပြီးပြည့်စုံသော ကြွယ်ဝချမ်းသာမှုနှင့် မပြည့်စုံသော ကြွ[...] ချမ်းသာမှုတို့ကို အမျိုးအစားအားဖြင့် လေးမျိုးကွဲပြားခြ[...] နေလျက်ရှိကြောင်း တွေ့ရပေမည်။ ၎င်းတို့မှာကား…

(၁) ပစ္စည်းဥစ္စာမရှိ၊ လူမချမ်းသာ၊

(၂) ပစ္စည်းဥစ္စာမရှိ၊ လူချမ်းသာ၊

(၃) ပစ္စည်းဥစ္စာရှိ၊ လူမချမ်းသာ(လူမွဲ)

(၄) ပစ္စည်းဥစ္စာရှိ၊ လူချမ်းသာ-ဟူ၍ ရှိခဲ့ပါသည်[...]

စတုတ္ထအမျိုးအစားပုဂ္ဂိုလ်သည် ရှေ့ဘဝများနှင့် တ[...] ဆဲ ဘဝတွင် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသို[...] များကို ပြုလုပ်ပွားများ အားထုတ်ခဲ့သောသူများပင် [...] ကြောင်းကိုလည်း အသိပေး ဟောကြားခဲ့ပါသေးသည်[...]

ဆက်လက်၍ မြတ်စွာဘုရားရှင်က…

"ဒကာကြီး…လူတို့သည် ခန္ဓာငါးပါးကို ရရှိလာ[...] မှာ မသိမှု အဝိဇ္ဇာနှင့် တပ်မက်မှု တဏှာတို့ကြော[...] ဖြစ်သည်။ ၎င်းတို့မှာ အဓိက အကျဆုံးသော အကြော[...] တရားနှစ်ပါးပင်ဖြစ်၏။ ယခု ပစ္စုပ္ပန်တွင် ရရှိထားသော[...]



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာငါးပါးတို့သည် အတိတ်ဘဝက မိမိတို့၏ လိုချင်မှု၊ ရာဂ၊ သမုဒယသစ္စာတဏှာကြောင့် ရရှိလာခြင်းဖြစ်၏။ တိတ်ဘဝက တဏှာကြောင့် ရရှိလာသော ဤခန္ဓာကို လိုချင်မှု၊ ဆန္ဒရာဂတဏှာ ဆက်လက်တည်ရှိနေပါလျှင် သရာတွင်းမှ လွတ်ကင်းနိုင်မည် မဟုတ်ပါ။ သံသရာ၌ ဆက်လက်၍ပင် လည်နေရပေဦးမည် ဖြစ်ပါသည်။ သံသရာ အပြစ်ကို ဘေးဟူ၍ သိမြင်လာနိုင်ပါမှ အဝိဇ္ဇာနှင့် တဏှာကို ပယ်သတ်နိုင်မည်ဖြစ်သည့်အတွက်ကြောင့် သရာမှ လွတ်မြောက်သွားနိုင်မည်ဖြစ်ပါသည်။

ခန္ဓာငါးပါးကို အဖန်တလဲလဲဖြစ်လာရခြင်းသည် ဆင်းရဲ သည်သာ ဖြစ်ရ၏။ ခန္ဓာနိမိတ်ရှိခြင်းသည် အို၊ နာ၊ မှုကြောင့် ဆင်းရဲခြင်းသည် ဖြစ်ရ၏။ ပဋိသန္ဓေနေရခြင်း ရဲခြင်းဖြစ်၏။ ဘဝအသစ်ဖြစ်ရခြင်းသည်လည်း ဆင်းရဲ ဖြစ်၏။ စိုးရိမ်၊ ပူဆွေး၊ ငိုကြွေးရခြင်းသည်လည်း ဆင်းရဲ ဖြစ်ကြောင်း အစရှိသည်ဖြင့် ခန္ဓာရလာလျှင် ဆင်းရဲ အပေါင်းနှင့် ကြုံတွေ့ရပေလိမ့်မည်။ တဏှာကို ပယ်ရန် ငါးပါး၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ လက္ခဏာတို့ ဖုစိုက်ပွားများ ရှုမှတ်ရမည်။ နှလုံးသွင်းနေရမည်ဖြစ်၏။ ငါးပါးဟု ဆိုရာမှာ ရုပ်ကိုလည်း ရှုရမည်။ ဝေဒနာကို ည်း ရှုရမည်။ သညာကိုလည်း ရှုရမည်။ သင်္ခါရကိုလည်း ည်။ ဝိညာဏ်ကိုလည်း ရှုရမည်။ ငါ၊ ငါ့ပိုင်မဟုတ်၊ အတ္တမဟုတ်"

ဟု ရှုရမည်ဟူ၍ ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားရှင် ညွှန်ပြ ဟောကြားတော်မူခဲ့သော ဝေဒနာ၊ သညာသင်္ခါရ၊ ဝိညာဏ်၊ ဤခန္ဓာငါးပါးတို့သည် ၌သာ ရှိ၏။ အခြားတွင် မရှိပါ။ ဓာတ်ကြီးလေးပါးဖြစ် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဓာတ် သည်လည်း ဤခန္ဓာ၌သာ တည်ရှိနေ၏။ ခန္ဓာငါးပါး၌ ရှိ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ လက္ခဏာတို့သည် ည်း ဤခန္ဓာ၌သာ ရှိ၏။ အာရုံတို့ကို ခံယူသော မျက်စိ၊ ဝေဒနာ၊ အသံကြားခြင်း၌ ခံစားနေရသော ဝေဒနာ၊ ခြင်း၌ ခံစားနေရသော ဝေဒနာ၊ အရသာလျက်ခြင်း၌ နေရသော ဝေဒနာ၊ အတွေ့အထိ၌ ခံစားနေရသော ၊ အတွေးအကြံ၊ ဓမ္မရုံတို့ကို ခံစားနေရသော ထို တို့သည်လည်း ဤခန္ဓာ၌ ရှိ၏။

အဆင်းမြင်ခြင်းကို မြင်သိစိတ်၊ အသံကြားခြင်းကို သိစိတ်၊ အနံ့နံ့ခြင်းကို နံ့သိစိတ်၊ အရသာလျက်ခြင်းကို သိစိတ်၊ အတွေ့အထိကို သိသော ထိသိစိတ်၊ အတွေး အကြံကို သိသော တွေးသိစိတ်တို့သည်လည်း ဤခန္ဓာ၌ပင် ရှိ၏။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သဘောတရားတို့သည် လည်း ဤခန္ဓာ၌ ရှိ၏။ လောဘ၊ ဒေါသ၊ မောဟ၊ ဟိရိ၊ ဩတ္တပ္ပ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသည့်စိတ်ကို အရောင်ခြယ် သော စေတသိက်များသည်လည်း ဤခန္ဓာ၌သာ ရှိ၏။

ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တ(ဝါ) မနောသင်္ခါရ ဟူသော သင်္ခါရတရားတို့သည်လည်း ဤခန္ဓာ၌သာ ရှိ၏။ ဖြစ်ခြင်းသည် ဤခန္ဓာ၌ ရှိသကဲ့သို့ ပျက်စီး ချုပ်ငြိမ်းခြင်း သည်လည်း ဤခန္ဓာ၌သာ ရှိ၏။ သံသရာကို ရှည်စေသော တရားသည် ဤခန္ဓာ၌ တည်ရှိနေသကဲ့သို့ သံသရာမှ ကင်း လွတ် ထွက်မြောက်စေသော တရားသည်လည်း ဤခန္ဓာ၌ သာ ရှိ၏။ ထို့ကြောင့် တရားကို အခြား၌ ရှာရန် မရှိပါ။ ဤခန္ဓာ၌သာ တရားရှာသွားရမည်ဖြစ်ပေသည်ဟု မြတ်စွာ ဘုရားရှင်က ဟောကြားခဲ့သည်။

တရားကို လိုလားကြကုန်သောသူတို့သည် ခန္ဓာ၌ ရှိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ လက္ခဏာတို့ကို သာလျှင် အာရုံစူးစိုက် ပွားများကြရမည်ဖြစ်သည်။ ထိုသို့ သော လက္ခဏာကို ရှုပွားဖန်များက ထိုလက္ခဏာတို့တည် ရာ ခန္ဓာ၌ ခင်တွယ်မှုတဏှာသည် ချုပ်၏။ ခန္ဓာကို မလိုချင် တော့သောအဖြစ်သို့ ဖြစ်လာရ၏။

ခန္ဓာငါးပါး၊ အာရုံခြောက်ပါးတို့ကို နိစ္စ၊ သုခ၊ အတ္တ ဟူ၍ အယူရှိသူသည် မြဲစေရန် ဆန္ဒရှိသော်လည်း အစိုးမရ၊ အလိုသို့ မလိုက်ဖြစ်နေမည်။ ဇာတိရလာပြီးလျှင် အိုမှု၊ နာမှု၊ သေမှု မဖြစ်စေလို၍လည်း မရ။ အဘယ်မှာ ငါ၊ ငါ၏ ခန္ဓာ၊ ငါ၏ အတ္တဖြစ်နိုင်ပါမည်နည်း။ ကိုယ်ပိုင်မဟုတ်၊ အစိုးမရ၊ အလိုသို့ မလိုက်သော အနတ္တသာလျှင်ဖြစ်ချေ၏။

မဖြစ်ချင် မနေရ၊ မပျက်ချင် မနေရ၊ မအိုချင် မနေရ၊ မနာချင် မနေရ၊ မသေချင် မနေရ အစရှိသည်ဖြင့် လည်း ကောင်း၊ တစ်ယောက်တည်းနေလိုသော်လည်း မနေရ။ အနတ္တတရားများသာလျှင် ဖြစ်ပါသည်။ အစိုးမရ၊ အလိုသို့ မလိုက်သော တရားများပင် ဖြစ်ချေသည်။ အနတ္တကို အမှန် မြင်လျှင် သိမှား၊ မှတ်မှား၊ ယူမှား၊ အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ ဟူသော ကိလေသဝဋ်ချုပ်၏။ ကိလေသဝဋ်ချုပ်လျှင် ကမ္မ ဝဋ်လည်း ချုပ်၏။ ကမ္မဝဋ်ချုပ်လျှင် ဝိပါက ဝဋ်လည်း ချုပ် ၏။ ဤဝဋ်သုံးပါးတို့ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိဗ္ဗာန်သည် ဖြစ်၏။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်သည် အထက်ပါ တရားတော်တို့ကို အဘိုးအိုအား ဟောကြားပေးပြီးသည့်နောက် အဘိုးအိုသည် မိမိခန္ဓာတွင်းသို့ ဉာဏ်စူးစိုက်ရောက်ရှိသွားသည့်အတွက် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်သွားကာ၊ ယခင်က မိမိ အလို မပြည့်သေးသည်များကို ပြည့်လာအောင် အစစအရာရာတွင် လောဘဇောဖြင့် လုပ်နေရခြင်းကို သတိ သံဝေဂ တရား ရလာပြီး မြတ်စွာဘုရားနှင့် သံဃာတော် အရှင်သူမြတ် အပေါင်းတို့အား ဆွမ်းကျွေးရသည့် ကောင်းမှုကုသိုလ်အလုပ်၊ တရားနာကြားရသော ကောင်းမှုကုသိုလ်အလုပ်တို့သည် အလွန်ကျေးဇူးများလှကြောင်း၊ ကိုယ်ရောက်နေသည်မှာ လည်း သေမင်းနှုတ်ခမ်းဝပင် ဖြစ်နေကြောင်း၊ မိမိ၏ လွန်လေခဲ့ပြီးသော သက်တမ်းကာလသည် အလဟဿဖြစ်၍ ဖြုန်းတီးနေခြင်းသည်သာပင် ဖြစ်နေကြောင်း၊ လူ့ဘဝရောက်ရှိလာခြင်းမှာလည်း ရှေးဘဝက ကောင်းမှုကုသိုလ်ပြုလုပ်လာခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း၊ ယခင်က စားဝတ်နေရေး... နေခြင်းသည် အကုသိုလ်ပင် ဖြစ်နေကြောင်းတို့ကို အခ... လေးအတွင်း သဘောပေါက် နားလည်လာပါတော့သည်...

အဘိုးအိုသည် မြတ်စွာဘုရားနှင့် တွေ့ကာမှ ဒ... ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များ ပွားများ... ခြင်းဖြစ်သည်။ ရှေးလူကြီးများ၏ ဆိုရိုးစကားအရ "ကျွ... ကိုင်းမှီ ကိုင်း-ကျွန်းမှီ" ဆိုသကဲ့သို့ အားကိုးရာဖြစ်သည့် သီ... ဘာဝနာများ ပွားများခြင်းကုသိုလ်ကို မြတ်စွာဘုရားက ဟော... ကြားပေးသည့်အတိုင်း အဘိုးအိုသည် ရုပ်တရား၊ နာမ်တရား... နှစ်ဖြာသော ဝိပဿနာ တရားတော်မြတ်ကို ခန္ဓာတွင်... ဉာဏ်စိုက်ပြီး ပွားများခဲ့ရာ တစ်မုဟုတ်ချင်းပင် သောတာ... ပတ္တိမဂ်သို့ ဆိုက်ရောက်သွားပါတော့သတည်း ■

* * *

မင်းမေမြင့်(...)


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း...**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရွေး... နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ... စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်... များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ... ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေး... စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀... သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူးဆော... ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်... နာရီမိနစ်စက္ကန့် အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်... ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟော... များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော... အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်း... နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်... စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်... မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချော... သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြု... ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအင်း... ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်... မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော... များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့ VPLဖြင့်လည်းကောင်းဘဏ်မှ... လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်း... သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမ... မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတောင်...

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-152...




www.burmeseclassic.com

www.burmeseclassic.com

# ချူပန်

ဆေးစွမ်းကောင်းများ

- ချူပန်နားသန့်ဆေးကြီး
- ချူပန်နားရောဂါပျောက်ဆေးကြီး
- ချူပန်မျက်စိကြည်ဆေးကြီး
- ချူပန်မျက်စိရောဂါပျောက်ဆေးကြီး
- ချူပန်သွားရောဂါပျောက်ဆေးကြီး
- ချူပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၄၅၉

အမြို့မြို့ဆိုင်တိုင်းမှာ [illegible] ဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



# ခြေရာဟောင်းများ ခြောက်လှန့်ခြင်း၏ အဖြစ်မှန်သို့

မင်းယဂိန်းထိပ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နံနက်ခင်းတွင် ဖြစ်၏။ ရဲစခန်း၏ အပြင်ဘက်တွင် လူများစွာတို့သည် ဥဒဟိုသွားလာနေကြ၏။ ထိုလူများစွာတို့အထဲမှ တစ်ယောက်သော လူသည် ရဲစခန်းထဲသို့ ဦးတည်ပြီး လျှောက်လှမ်းလာနေ၏။ ထိုလူသည် ကင်းစောင့် ရဲသားလေးနှင့် စကားသုံးလေးခွန်းမျှ ပြောဆိုပြီးနောက် စခန်းမှူးကြီးဆီသို့ ဆက်လျှောက်လာ၏။

စခန်းမှူးကြီးက ထိုလူအား သေသေချာချာစိုက်ကြည့်သည်။ ထိုလူ၏ မျက်နှာကြီး သိသိသာသာတင်းနေသည်ကို တွေ့နေရ၏။ စခန်းမှူးကြီးက ထိုလူနှင့် မရင်းနှီးသော်လည်း စောအောင်ပန်း၏ ဦးလေးဟုတော့ သိနေသည်။

(စောအောင်ပန်း ဆိုသည်မှာ အမည်ရင်း မဟုတ်ပေ။ ရန်ကုန်မြို့ကြီး၏ စည်ပင်နယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော နေရာတစ်ခုမှ ဖြစ်ရပ်မှန် မှုခင်းသည်သာ အမှန်ဖြစ်ပြီး၊ ပါဝင်လာကြသည့် လူအမည်များကိုမူ အဆင်ပြေသလိုသာ ထည့်သွင်းထားပါ၏။)

စခန်းမှူးကြီးက ခုံလွတ်တစ်ခုံကို ညွှန်ပြီး "ထိုင်ပါ" ဟု ပြောလိုက်သည်။ ထိုလူသည် ထိုင်ခုံမှာ ဝင်ထိုင်ပြီးနောက် မျက်နှာကြီးတင်းလျက် မငြိမ်သော အကြည့်များဖြင့် ဟိုဟိုသည်သည် အအောင့်ကြာအောင် ကြည့်လိုက်ပြီးနောက် သက်မတစ်ချက်ကို ချကာ-

"လွန်ခဲ့တဲ့ သုံးနှစ်ကျော်က အောင်ကျော်ကို သတ်တဲ့လူဟာ စောအောင်ပန်းသာ ဖြစ်ပါတယ် ဆရာ"

"ဗျာ"

မထင်မှတ်သော စကားတစ်ခုကို ကြားလိုက်ရ၍ စခန်းမှူးကြီး အံ့သြသွားရ၏။ ဟုတ်သည်။ လွန်ခဲ့သော သုံးနှစ်ကျော်က "အောင်ကျော်" အမည်ရှိ ကောင်လေးတစ်ယောက် အသတ်ခံရဖူးသည်။ သတ်သောသူမှာ ကျော်မိုးဖြစ်ပြီး၊ ယခု ကျော်မိုးမှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅နှစ်ကျခံနေရသည်။ သို့သော် ယခု စောအောင်ပန်း၏ ဦးလေးက စောအောင်ပန်း သတ်သည်ဟု လာတိုင်နေလေ၏။

"ဆရာ အံ့သြသွားပြီ မဟုတ်လား။ ကျွန်တော် လုပ်ကြံပြီး လာတိုင်တာ မဟုတ်ပါဘူး။ အဖြစ်မှန်ကို တိတိကျကျသိထားလို့ လာတိုင်တာပါ"

ဤမှုခင်းသည် အတော်လေးပင် ရှုပ်ထွေးလာနိုင်သည်။ ထို့ကြောင့် အဖြစ်မှန်ကို တစ်ခုချင်း နားလည်နိုင်သည်အထိ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး တစ်ခုချင်း မေးမြန်းမှ အဆင်ပြေလိမ့်မည်ဟု စခန်းမှူးကြီး နားလည်လိုက်သည်။

"အောင်ကျော်သေတာ သုံးနှစ်တောင် ကျော်လာခဲ့ပြီ၊ လူသတ်တရားခံ ကျော်မိုးဟာလည်း ထောင်ကျနေတာ သုံးနှစ်ရှိလာခဲ့ပြီးမှ အခု ခင်ဗျားက တူအရင်းဖြစ်တဲ့ စောအောင်ပန်း သတ်ပါတယ်လို့ လာတိုင်တယ်ဆိုတော့ ဇာတ်လမ်းက အတော်လေး ရှည်ပြီး ရှုပ်ရှုပ်ထွေးထွေးလည်း ရှိနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒီမှုခင်းက ကျွန်တော့်လက်ထက်မှာ ဖြစ်တာလည်း မဟုတ်တော့ ကျွန်တော်လည်း အပြည့်အစုံ နားမလည်ဘူးလို့ ပြောချင်တယ်။ ဒီတော့ ပြဿနာရဲ့ အစအဆုံးကို ခင်ဗျားသိပါသလား။ သိရင် ပြောပြပါ။ ပြီးတော့မှ ကျွန်တော် အဆင်ပြေသလို ဆက်လုပ်ပါ့မယ်"

"ဟုတ်ကဲ့၊ အခု ကျွန်တော်လာတိုင်တဲ့ အကြောင်းကိုပဲ စပြီး ပြောပြချင်ပါတယ်။ ကျွန်တော့်ကို လူညစ်ပတ်တစ်ယောက်ရယ်လို့ ပြောချင်ရင်လည်း ပြောပါ။ ကျွန်တော်လည်း ဒေါသထွက်လွန်းလို့ မခံချင်စိတ်နဲ့သာ လာတိုင်တာပါ"

"ဟုတ်ကဲ့"

"ကျွန်တော့်မှာ စားရေးသောက်ရေး အခက်ကြုံလို့ စောအောင်ပန်းဆီမှာ ငွေလေးသောင်း သွားချေးပါတယ်။ စောအောင်ပန်းက ကျွန်တော့်ကို မချေးမင် ပြန်ပြောပါတယ်။ ကိုယ်အသုံးမကျလို့ ဆင်းရဲတာ၊ မွဲတာ၊ ငတ်တာ ဆိုတာမျိုးတွေက စလို့ စုံနေတာပါပဲ။ ကျွန်တော်ကလည်း စီးပွားရေးအောင်မြင်နေတဲ့ တူအရင်းတစ်ယောက်က အဲဒီလောက်ထိ ပြောလာတော့လည်း ဒေါသထွက်တာပေါ့ ဆရာရယ်။ ဒါကြောင့် တစ်ယောက် တစ်ပေါက် စကားများကြရာက ရန်ဖြစ်တဲ့အထိပါပဲ။ ဒီတော့ စောအောင်ပန်းက သူ့ကိုယ်သူ မလုံမလဲဖြစ်လာပြီး "ဘာလဲ၊ ခင်ဗျားက ကျုပ်ကို လူသတ်တရားခံ (ပြေး)ဆိုပြီး အနိုင်ကျင့်ချင်တာလား။ စောအောင်ပန်းကို ဒါမျိုးလာလုပ်လို့ မရဘူး။ ခင်ဗျားကြီးပါ အောင်ကျော်နောက် ပါသွားမယ်။ ဘာထင်သလဲ၊ ညာထင်သလဲ" နဲ့ မဆီမဆိုင်လျှောက်ပြောလာတော့ ကျွန်တော်နဲ့ ဓားဆွဲ၊ တုတ်ဆွဲတဲ့အထိ ရန်တွေ ဖြစ်ကြပါတယ် ဆရာ"

"ဟုတ်ပါပြီ၊ အဲဒါက ခင်ဗျားတို့ တူဝရီး အဆင်မပြေဖြစ်ကြတဲ့ အကြောင်းပဲ မဟုတ်လား။ ဒီတော့ ကျွန်တော်က အောင်ကျော်ကို ကျော်မိုးသတ်တယ်လို့ပဲ သိနေပါတယ်။ ကျော်မိုးလည်း အခု အကျဉ်းစခန်းကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေပါတယ်။ ဒါပေမယ့် ခင်ဗျားက အခု စောအောင်ပန်း သတ်တယ်လို့ ပြောတယ်။ ဆိုတော့ ဒီအကြောင်းနှစ်ခုကို ခင်ဗျား ဆက်စပ်ပြလိုက်ရင် မြန်မြန်ရှင်းသွားမှာပေါ့"

ဟု စခန်းမှူးကြီးက ဝင်ပြောလိုက်၏။

ထိုလူကြီးက သက်မတစ်ချက်ကို ချလိုက်ပြီး . . .

"အဖြစ်အပျက်ကတော့ ရှုပ်ပါတယ် ဆရာ။ ဒါကြောင့် ရှင်းအောင်ပြောရင်တော့ စကားလုံးရေ များပြီး ရှည်လည်း ရှည်လာနိုင်ပါတယ်။ ဆရာ သည်းခံပြီး နားထောင်မှ ဖြစ်ပါလိမ့်မယ်။ ဆရာ မသိတာတွေ အတော်များများလည်း ပါဝင်လာနိုင်ပါတယ်။ ဆရာက အခုမှ ဒီစခန်းကို ရောက်စရှိသေးတယ်ဆိုတော့ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး အပြည့်အစုံသိချင်မှ သိမှာပါ"

"ဟုတ်ကဲ့၊ ပြောပါ"

"တကယ်တော့ အောင်ကျော်ကို သတ်တာ လုံးဝ ကျော်မိုးမဟုတ်ပါဘူး။ စောအောင်ပန်း သတ်တာပါ။ ကျော်မိုးနဲ့ စောအောင်ပန်းဟာ ရှေ့ကပင် ရန်ငြိုးရန်စတွေ ရှိကြပါတယ်။ အောင်ကျော်ဆိုတာလည်း တကယ့်ရဲရဲတောက်တောက် ကောင်လေးတစ်ယောက်ပဲ။ စောအောင်ပန်းထက်လည်း အများကြီး သတ္တိရှိပါတယ်။ ဒါကြောင့် စောအောင်ပန်းက ကြောက်ပြီး ကြိုသတ်လိုက်တာပါ။ သတ်လိုက်တာက ဒေါ်အိုစာတို့ အိမ်နားမှာပါ။ အကွယ်တစ်ခုက ချောင်းနေပြီး အောင်ကျော် လမ်းလျှောက်အလာကို ဓားနဲ့ ထိုးသတ်လိုက်တာပါ"

"နေစမ်းပါဦး၊ အောင်ကျော် မသေခင် ကျော်မိုးသတ်တာပါလို့ ဒေါ်အိုစာတို့ လင်မယားကို ပြောထားခဲ့တယ်ဆို၊ ဟုတ်လား"

ဟု စခန်းမှူးကြီးက သူသိနေသည်ကို ဝင်ပြောလိုက်၏။

"အဲဒါ လုံးဝမဟုတ်ပါဘူး ဆရာရယ်။ စောအောင်ပန်း အောင်ကျော်ကို ဓားနဲ့ ထိုးသတ်တုန်းက ဒေါ်အိုစာတို့ လင်မယား အိမ်မှာတောင် မရှိကြပါဘူး။ သူတို့လင်မယား ပြန်လာမှ အောင်ကျော်သေနေတာကို တွေ့လို့ သူတို့ခြံထဲ ဆွဲသွင်းထားပြီး အောင်ကျော် မသေခင် ကျော်မိုးသတ်တယ်လို့ ပြောထားခဲ့တယ် ဘာညာနဲ့ သက်သက်မဲ့ ကျော်မိုးကို အမှုဆင်လိုက်တာပါ"

စခန်းမှူးကြီးက သက်ပြင်းတစ်ချက်ကို ချလိုက်၏။ ထို့နောက် ပြောသည်။

"ဒီမှုခင်းက ခင်ဗျားပြောတဲ့ အတိုင်းသာဆိုရင် တကယ်ရှုပ်ထွေးနေတာပဲ။ ဒီတော့ ကျွန်တော်မေးဦးမယ်။ ဒေါ်အိုစာတို့ လင်မယားက အောင်ကျော်ကို ကျော်မိုးသတ်တာပါလို့ အတင်းလုပ်ကြံ စွပ်စွဲတာက ဘယ်လိုသဘောလဲ။ ဒေါ်အိုစာတို့ လင်မယားနဲ့ ကျော်မိုးက ရှေ့မှာ အစာမကြေနိုင်လောက်တဲ့ ရန်ဆူး ရန်ငြောင့်များ ရှိခဲ့ကြဖူးသလား"

"ဘာရန်စူး ရန်ငြောင့်မှတော့ မရှိပါဘူး ဆရာ။ ဒါပေမယ့် ကျော်မိုးတို့ ညီအစ်ကိုနဲ့ ဒေါ်အိုစာတို့ လင်မယားက ကြက်ခြံနီးချင်းဖြစ်လို့ စီးပွားပြိုင်ဘက်သဘောမျိုးဖြစ်နေပါတယ်။ ကျော်မိုးတို့ညီအစ်ကိုက ကြက်ခြံလုပ်ငန်းနဲ့ အတော်လေး အောင်မြင်နေကြပြီး ဒေါ်အိုစာတို့ လင်မယားက ထင်သလောက် ခရီးမရောက်ဖြစ်နေပါတယ်။ ဒါကြောင့် တမင်သက်သက် ကျော်မိုးတို့ ညီအစ်ကိုကို ချောက်တွန်း ချင်လို့ အောင်ကျော်ရဲ့ အလောင်း ခြံထဲ ဆွဲသွင်းထားပြီး အောင်ကျေ မသေခင် ကျော်မိုးတို့ညီအစ်ကို သတ် ပါတယ်လို့ မှာခဲ့တယ်ဆိုပြီး ရဲကို တိုင် တာပါ။ ရဲက အမှုမှန်ကို ပေါ်ပေါ် အောင် မလေ့လာ၊ မစစ်ဆေးဘဲ ဒေါ်အိုစာတို့လင်မယား တိုင်တာ အတည်ယူပြီး ကျော်မိုးတို့ ညီအစ် ကို ဖမ်းပြီး နှိပ်စက်တော့ မခံနိုင်တ အဆုံးမှာ အကြီးဖြစ်တဲ့ ကျော်မိုးက သူသတ်ပါတယ်လို့ ဝန်ခံလိုက်ရပြီ ထောင်ကျသွားတာပါ။ တကယ်တော အောင်ကျော်ဟာ စောအောင်ပန်း ဓ နဲ့ ထိုးသတ်တုန်းကတည်းက သေ ပါပြီ။ စောအောင်ပန်းက အောင်ကျေ နောက်ရန်ကို ကြောက်လို့ မသေမချ သတ်ထားခဲ့တာပါ"

စခန်းမှူးကြီးက သက်မတစ်ချက် ကို ချလိုက်ရပြန်သည်။ သည်လူကြီ သည်မျှအထိ လက်ခံနိုင်လော အောင် ပြောပြနေသော်လည်း အတည် ပြု၍ မဖြစ်သေးပေ။ သူတို့ တွင် မသင့်မမြတ်ရှိနေသောကြောင့် လုပ်ကြ ပြီး လာပြောခြင်းလည်း ဖြစ်ကောင ဖြစ်နိုင်သည်။ ထို့ကြောင့် စခန်းမှူးကြီ က ဆက်မေးသည်။

"ဒီတော့ စောအောင်ပန်းက အောင်ကျော်ကို သတ်တယ်ဆိုတာ ခင်ဗျားကို ဘယ်သူပြောတာလဲ။ စေ အောင်ပန်းကိုယ်တိုင်ပြောလို့ သိတာ လား။ အခြားတစ်ယောက်ယောက်က ပြောလို့ သိတာလား။ အဲဒါလေးလည် ပြောပြပါဦး"

"စောအောင်ပန်းကိုယ်တိုင်ပြေ လို့ သိတာပါ ဆရာ၊ စောအောင်ပန် ဟာ အောင်ကျော်ကို သတ်လိုက်ပြ နောက် ဂဏှာမငြိမ်ဖြစ်နေပါတယ်။ ဒ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကျွန်တော်က မသင်္ကာလို့ မေးတဲ့အခါ သူကိုယ်တိုင် ဖွင့်ပြောပြတာပါ။ အဲဒီနောက် စောအောင်ပန်းဟာ သူကိုယ်သူ မလုံမလဲဖြစ်လာပြီး ဒီမှာ ဆက်မနေရဲလို့ နယ်စပ်ကို ထွက်ပြေးသွားပါတယ်။ အဲဒီမှာလည်း သူ့ရဲ့ အလုပ်ရှင် သူဌေးကို အယုံသွင်း ပေါင်းသင်း သတ်ဖြတ်ပြီး အတွင်းပစ္စည်းတွေကို ခိုးယူလာပြီး အခု ဒီမှာ သူဌေးလုပ်နေတာပါ။ အဲဒီအကြောင်းကိုလည်း စောအောင်ပန်းကိုယ်တိုင် ပြောပြလို့ ကျွန်တော်သိနေတာပါ"

ဟုတ်သည်။ ယခုအခါတွင် စောအောင်ပန်းသည် အတော်လေးပင် စီးပွားရေးအဆင်ပြေနေသည်ကို တွေ့ရ၏။ လုပ်ငန်းအတော်များများကိုလည်း လုပ်ထောင်ထားသည်။ တကယ့်အထက်တန်းကျသော လူတစ်ယောက်ပင် ဖြစ်နေလေသည်။

"ခင်ဗျားပြောတာတွေ အတော်လေး ပြည့်စုံနေပေမယ့် စောအောင်ပန်းက အောင်ကျော်ကို သတ်တာနဲ့ ပတ်သက်ပြီး လက်တွေ့ပြနိုင်တာ တစ်ခုမှ မရှိသေးတော့ အတည်ပြုရ ခက်နေတယ်။ ဒီတော့ ခင်ဗျား နိုင်လုံတဲ့ အကြောင်းအရာလေးများ မရှိဘူးလား။ ရှိရင် ပြောပြပါ"

"ရှိပါတယ် ဆရာ။ စောအောင်ပန်း အောင်ကျော်ကို ထိုးသတ်တဲ့ ဓားမြှောင် မြှုပ်ထားတဲ့ နေရာကို ကျွန်တော်သိပါတယ်။ အဲဒီ ဓားမြှောင်ကို ရယူပြီး ခေတ်မီ နည်းပညာတွေနဲ့ စိစစ်ကြည့်လိုက်ရင် ချက်ချင်းလောင် သိနိုင်ပါတယ်"

စခန်းမှူးကြီးသည် တအောင့်မျှ အောင် တွေဝေပြီး စဉ်းစားနေပြန်၏။ သည်လူကြီးပြောပြသည့်အတိုင်း ဆိုလျှင် စောအောင်ပန်းက အောင်



ကျော်ကို သတ်သည်ဟု ဆိုခြင်းမှာ မှန်ပေလိမ့်မည်။ သို့သော်လည်း သုံးနှစ်ကျော်ကြီးပင် ကြာလာခဲ့ပြီဖြစ်၍ ပြန်လည် အကောင်အထည်ဖော်ရန် အတော်လေးပင် အခက်တွေ့နိုင်သည်။

"ကောင်းပြီလေ၊ ဒီလိုဆိုရင် စောအောင်ပန်းက အောင်ကျော်ကို သတ်တဲ့ ဓား ကျွန်တော့်ကို လာပေးပါ။ ပြီးမှ ကျွန်တော် လိုအပ်သလို ဆက်လက် ဆောင်ရွက်ပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ဒီညနေပဲ ဓားမြှုပ်ထားတဲ့ နေရာကို သွားတူးဖော်ပြီး လာပေးပါ့မယ်"

ဤကဲ့သို့ ကာလရှည်စွာဖြင့် သံသရာလည်ပြီး မဆိုင်သူများ ဒုက္ခရောက်၍ အပြစ်ရှိသူများ လွတ်မြောက်နေကြခြင်းမှာ မူလကပင် အဖြစ်မှန်ကို ရအောင် မဖော်ထုတ်နိုင်လိုက်ခြင်းကြောင့်ဟု သုံးသပ်ရ၏။

ထိုအချိန်က မှုခင်းဖော်ထုတ်ရေးမှာ တုတ်ကိုသာ အဓိက ထားကြ၏။ မသင်္ကာသူတို့အား ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခြင်းဖြင့်သာ ဝန်ခံစေနိုင်းပြီး အပြစ်ပေးကြ၏။ အမှုမှန်ကို ရအောင် ဥပဒေနည်းလမ်းအတိုင်း ဖော်ထုတ်သော မှုခင်းသည်ကား အင်မတန်နည်းလေသည်။

မှုခင်းဖြစ်လာခဲ့လျှင် ငွေရှိသူက ငွေနှင့် ဖုံး၏။ အာဏာရှိသူက အာဏာနှင့် ဖုံး၏။ လိမ်ညာလှည့်ပတ်တတ်သူက လိမ်ညာလှည့်ပတ်ခြင်းဖြင့် ဖုံး၏။ ဥပဒေဘက်တော်သားများကလည်း ငွေနောက်ကို လိုက်ခြင်း၊ အာဏာရှိသူများနှင့် တွေ့လာရသောအခါ မိမိအား ထိပါးလာမည်စိုး၍ ရှောင်လွှဲတတ်ကြ၏။

သို့တည်းမဟုတ်၊ မှုခင်းအမှန်ကို ထုတ်ဖော်ရာ၌ ခေါင်းရှုပ်မခံလိုသောကြောင့် လွယ်လွယ်ဖြင့်ပင် ညှင်းပန်းနှိပ်စက်ခြင်းဖြင့် ဝန်ခံခိုင်းပြီး မှုခင်းကို အပြီးသတ်လိုက်ကြ၏။

ထိုသို့ပြုလုပ်ခြင်းမှာ အကျိုးကို မဖြစ်စေသည့်အပြင်၊ သာ၍ပင် အကျိုးယုတ်စေ၏။ လက်တွေ့ကျကျ မှုခင်းအမှန်ကို ဖော်ထုတ်ခြင်း မရှိသောကြောင့် တာဝန်မကျေဟူ၍လည်း ဆိုရမည်။ တိုင်းပြည်နှင့် လူမျိုးများအတွက် နစ်နာဆုတ်ယုတ်ခြင်းသာ ဖြစ်လေသည်။

မှုခင်းအမှန်ကို ဖော်ထုတ်ကြသော နိုင်ငံခြား စာပေအချို့ကို ဖတ်မှတ်ဖူးသည်။ ရဲထောက်လှမ်းရေးတစ်ဖွဲ့နှင့် မရလျှင် အများစုပေါင်းပြီး ဖော်ထုတ်ကြသည်ကို တွေ့ဖူးသည်။ ထိုကဲ့သို့ ဇွဲသန်သန်ဖြင့် အမှုကို ရအောင် ဖော်ထုတ်ကြသောကြောင့် မကြာမီပင် ဘွားဘွားကြီးပေါ်လာရလေသည်။

(ဤသည်နှင့် ပတ်သက်ပြီး ဖတ်မှတ်ဖူးသော အကြောင်းအရာအချို့ကို



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းမျှ ထုတ်နုတ်တင်ပြပါဦးမည်။)

◈◈◈

ဦးစွာ ဆရာကြီး ဒဂုန်ရွှေမျှား၏ ဆောင်းပါးတစ်ပုဒ်မှ လိုရင်းမျှကို ထုတ်နုတ်ပြီး တင်ပြမည်ဖြစ်သည်။ ဖတ်ခဲ့ဖူးသည်မှာ ကြာခဲ့ပြီဖြစ်၍ အပြည့်အစုံကို မမှတ်မိတော့ပေ။ ထို့ကြောင့် အကြောင်းအရာကိုသာ အကျဉ်းမျှ တင်ပြပေးနိုင်မည်ဖြစ်ပါသည်။

◈◈◈

ရုရှားနိုင်ငံ၏ စာသင်ကျောင်းကြီးတစ်ကျောင်းတွင်ဖြစ်သည်။ တစ်နေ့သောအခါတွင် သချိုင်းကုန်းအနီး၌ ကျောင်းသူတစ်ယောက် သေဆုံးနေသည့် အလောင်းတစ်လောင်းကို တွေ့ကြရသည်။

သည်မှုခင်းနှင့် ပတ်သက်ပြီး စုံထောက်အတော်များများတို့ လိုက်ကြရာတွင် တစ်ယောက်သော စုံထောက်သည် သေဆုံးနေသူ မိန်းကလေး၏ ရင်သားတွင် ပွန်းပဲ့ရာလေးကိုသာ အဓိက ထားပြီး လိုက်လေသည်။ ထိုပွန်းပဲ့ရာလေးကို အသေအချာစစ်ဆေးကြည့်ရာ သွားရာတစ်ခုဖြစ်နေသည်ကို တွေ့ရ၏။ ထိုသွားရာကိုလည်း ပုံတူပြုလုပ်ပြီး ယူထား၏။

ထို့နောက် မသင်္ကာသော (အယောက်တစ်ရာခန့်ရှိသည့်)ကျောင်းသားများ၏ သွားများကို ပုံတူကူးယူပြီး တိုက်ဆိုင် စစ်ဆေးလေသည်။ ထို့နောက် ၅၀ခန့်သို့ လျှော့ကျသွားသည်။ ထို့နောက် ဆက်လက်စစ်ဆေးရင်းက ၃၀ မှ ၂၀၊ နောက် ၇ယောက်သို့ ရောက်လာပြီး နောက်ဆုံးတစ်ယောက်ဖြစ်သော တရားခံအစစ်ကို တိတိကျကျဖော်ထုတ်နိုင်လေသည်။

ဤ၌ ဆိုခဲ့သည့်အတိုင်း အကျဉ်းမျှကိုသာ တင်ပြခြင်းဖြစ်သည်။

◈◈◈

ဆက်လက်ပြီး တင်ပြလိုသည်မှာ ဆရာကြီး တင်ထွေး-ဆက် ဘာသာပြန်သော အကြောင်းအရာနှစ်ခုထဲမှ တစ်ခုကို ဦးစွာတင်ပြပါမည်။ တင်ပြခဲ့သည့် ဆရာကြီး ဒဂုန်ရွှေမျှားအကြောင်းနှင့် မတူဘဲ တစ်မူထူးခြားသည်။ တရားခံအစစ်အမှန်ကို ရှာဖွေပုံနှင့် ပတ်သက်ပြီးလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။

တစ်ခါသော် သားအဖနှစ်ယောက် တည်းနေသောအိမ်၌ ဖခင်ဖြစ်သူ အသတ်ခံရ၏။ ချက်ချင်း လူသတ်တရားခံကို ရှာမရသဖြင့် ရဲစုံထောက်များ အခက်တွေ့ကြရသည်။ ဤမှုခင်းကိုလည်း စုံထောက်အတော်များများတို့ စိတ်ဝင်စား၍ ဝိုင်းဝန်းပြီး အဖြေရှာကြသည်။

တစ်ယောက်သော စုံထောက်သည် အခြားသော စုံထောက်များနှင့် မတူဘဲ တစ်မူထူးပြီး မှုခင်းဖြစ်ပွားသည့် အိမ်ထဲက အမှိုက်များကို လိုက်လံရှာဖွေရာ ဖိနပ်မှ ပဲ့ကျန်ခဲ့သော သားရေစတစ်ခုကို ရရှိသွားသည်။ ထိုသားရေစကို စမ်းသပ်ကြည့်ရာ ဆားမြေတွင် သွားလာဖူးသော လူတစ်ယောက်၏ ဖိနပ်သားရေစ ဖြစ်နေလေသည်။

ထို့နောက် ဆက်လက်ပြီး မေးမြန်း စစ်ဆေးရာမှ အသတ်ခံရသူ၏ သားနှင့် ရင်းနှီးသော ကောင်လေးတစ်ယောက်ဖြစ်နေ၏။ ထိုကောင်လေးသည် နေ့စဉ် လယ်တော ယာတောတွင် အလုပ်လုပ်နေသော ဖခင်ဖြစ်သူအား ထမင်းသွားပို့ရာတွင် ဆားမြေကို ဖြတ်သွားရလေ့ရှိ၏။ ထို့ကြောင့် ထိုကောင်လေးမှာ မငြင်းသာတော့ဘဲ လူသတ်တရားခံအဖြစ် ဝန်ခံရလေသည်။

ဤမှုခင်းကိုမူ တိမ်တိမ်နှင့် နက်သော လေ့လာဖော်ထုတ်ခြင်းမျိုးဟူ၍ပင် ဆို မည်ထင်သည်။

◈◈◈

ယခုနောက်ဆုံး တင်ပြလိုသည့် အကြောင်းအရာမှာ သာ၍ပင် စိတ်ဝင် စားဖွယ်ကောင်း၏။ အတော်လေး လျှို့ဝှက် ပိရိသော လူသတ်မှုလည်း ဖြစ်၏။ ဤ၌လည်း လိုရင်းကို အကျဉ်း မျှ တင်ပြဦးမည်။

တစ်ခုသော လယ်တောအိမ် ဖြစ်၏။ ထိုအိမ်၌ လင်မယားနှစ်ယောက် တည်း နေကြ၏။ လင်ဖြစ်သူက လယ် ယာအလုပ်များအပြင် ဝပ်ရှော့လည်း လုပ်၏။

တစ်နေ့သောအခါတွင် လယ် တောအိမ်မှာပင် မယားဖြစ်သူ၏ မွေး နေ့ကို ကျင်းပပြုလုပ်၏။ မွေးနေ့ပွဲ အကျဉ်းမျှသာဖြစ်သည်။ အခြားလူများ ကို မဖိတ်ဘဲ မယားဖြစ်သူ၏ မိဘ ဆွေမျိုးများကိုသာ သီးသန့်ဖိတ်ခေါ် ကျွေးမွေးသည်။

တပျော်တပါး စားသောက်ပြီး နောက် ယောက္ခမသားစုများ ပြန် နီးတွင် သမီးဖြစ်သူကို မေး၏။ ထိုအ သမက်ဖြစ်သူက...

"သူ ညက ချက်ပြုတ်ရ အိပ်ရေးပျက်ပြီး အိပ်ပျော်နေပါတယ်"

ဟု ဆို၍ ဘာမျှမပြောဘဲ ပြန်ကြ၏။ သမက်ဖြစ်သူက ကားဂိတ် ကို ရောက်အောင် လိုက်ပို့၏။

ကားဂိတ်ရောက်မှ သမက်ဖြ သူက...

"အိမ်ပြန်လက်ဆောင်ပေး စီမံထားတဲ့ အထုပ်ကလေး မေ့ နေခဲ့တယ်၊ သွားယူဦးမယ်"

ဟု ပြောပြီး ပြန်သွား၏။

ထို့နောက် ချက်ချင်းပင် ရောက်လာပြီး မယားဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကို လာပြော၏။

သည်မှုခင်းကို စစ်ဆေးကြရာ ၌လည်း တစ်ယောက်သော စုံ ထောက်သည် သေဆုံးနေသော ကောင်မလေး၏ ခေါင်းက ဒဏ်ရာကို စစ်ဆေး၏။ ထို့နောက် အိပ်ရေးပျက် ခြင်း ဟုတ်၊ မဟုတ်လည်း စစ်ဆေး၏။

ထိုအခါ အိပ်ရေးပျက်၍ အိပ် ပျော်ခြင်း မဟုတ်။ အိပ်ဆေးကို များများ သောက်မိ၍ အိပ်ပျော်ခြင်းသာ ဖြစ် ကြောင်းကို တွေ့ရှိရ၏။ ထို့နောက် ခေါင်းက ဒဏ်ရာမှာလည်း သံတုတ် ဖြင့် ရိုက်သတ်ခံထားရခြင်းသာဖြစ်၏။

ဤမျှလောက်ဆိုလျှင်ပင် သူ့ ယောက်ျားက သည်ကောင်မလေးအား သတ်ထားသည်မှာ အတော်လေးပင် ထင်ရှားနေလေ၏။ အဘယ်ကြောင့်ဆို သော် သူ့မိန်းမ အိပ်ရေးပျက်၍ အိပ် ပျော်နေသည်ဟု ဆိုခြင်းမှာ လိမ်ညာ ပြောဆိုခြင်းဖြစ်နေသလို၊ သံတုတ်ဖြင့် အသတ်ခံရသည်ကို လေ့လာတွေ့ရှိ ခြင်းဖြင့်လည်း လူသတ်တရားခံမှာ ဝပ် ရှေ့သမား သူ့ယောက်ျားသာ ဖြစ်နိုင် သည်မှာ အလွန်ပင် နီးစပ်လျက်ရှိလေ ၏။

သို့သော်လည်း ယောက်ျားဖြစ်သူ ကို အရေးယူ ဖမ်းဆီးခြင်း မပြုသေး ဘဲ အဖြစ်မှန်ကို တိတိကျကျ ရရှိရန် အတွက် ထပ်မံ လေ့လာကြ၏။ ကောင်မလေး၏ ဦးခေါင်းက ဒဏ်ရာကို သေသေချာချာစစ်ဆေးကြ၏။ ရိုက် သော သံတုတ်သည် မည်မျှကြီး၍၊ မည်မျှရှည်မည်၊ အလေးချိန် မည်မျှရှိ မည် စသည်ဖြင့် မှတ်သား၏။

ထို့နောက် မှုခင်းဖြစ်ချိန်သည် မှန်းဆနိုင်ပြီး အဖြစ်အပျက် တစ်ခုနှင့် တစ်ခု အလွန်နီးကပ်ခြင်း ရှိနေသော ကြောင့် သံတုတ်သည် အခင်းဖြစ်ပွား သော နေရာ၏ အနီးအနားမှာ ရှိနိုင် ကြောင်းကိုလည်း ထည့်စဉ်းစား၏။

**ထို့နောက်** စုံထောက်သည် ဝပ် ရှော့ကို သွားပြီး ခန့်မှန်း သံချောင်း တစ်ချောင်းကို စနစ်တကျပြုလုပ်၏။ ထိုသံချောင်းကို ယူလာပြီး မှုခင်းဖြစ် သော နေအိမ်မှ လယ်ကွင်းထဲသို့ ပစ် ချ၏။ ပစ်ချရာတွင်လည်း စိတ်လှုပ်ရှား သော အမူအရာကို ဆောင်ပြီး အနီး အဝေး၊ မနီးမဝေး သုံးနေရာခန့် ပစ် ချ၏။ ထိုနေရာများကိုလည်း တုတ်စိုက် ပြီး တိတိကျကျ မှတ်သားထား၏။

ထို့နောက် အိမ်မှ ထွက်၍ လူ သွားလမ်းကို လျှောက်ပြေးပြီးလည်း အထက်ပါအတိုင်း သံချောင်းကို အနီး အဝေး၊ မနီးမဝေး သုံးကြိမ်ပစ်ချကာ တုတ်စိုက်ပြီး မှတ်သားကြ၏။

ထို့နောက်မှ သံချောင်းကျသည့် သုံးနေရာလုံးကို အကွာအဝေးတိုင်းတာ ပြီး လိုက်ရှာ၏။ သိပ်ပြီးကြာကြာ မရှာ လိုက်ရပေ။ တစ်ခုသော နေရာတွင် လူသတ် သံချောင်းကို တွေ့ရလေ၏။



သံချောင်းမှာ လက်ဗွေရာပါပြီးသားဖြစ် နေ၍ တရားခံသည်လည်း မငြင်းနိုင် တော့။ မယားသတ်မှုဖြင့် အဖမ်းခံရပြီး ထောင်နန်းစံရလေသည်။

◈◈◈

(တင်ပြခဲ့သော အကြောင်းအရာ သုံးမျိုးလုံးသည်ပင် နှစ်ပေါင်း အတော် လေး ကြာခဲ့ပြီဖြစ်၍၊ ဘာသာပြန် စာ ရေးဆရာကြီးများ၏ အမည်မျှကိုသာ မှတ်မိပြီး၊ မည်သည့် မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်တွင် ပါသည်မှာ တိတိကျကျ ဖော်မပြနိုင်သည်ကို နားလည်ပေးကြပါ ရန်။)

အထက်တွင် တင်ပြခဲ့သော မှုခင်းအကြောင်းအရာသုံးမျိုးတွင် ဆရာ ကြီး ဒဂုံရွှေမျှား၏ အကြောင်းသည်သာ အနည်းငယ် ကျယ်ပြန့်၏။ နက်၏ဟု လည်း ဆိုက ဆိုနိုင်၏။ သွားအံဖုံးများ ပြုလုပ်ရာ၌ အကုန်အကျရှိပြီး ကြန့် ကြာခြင်းလည်း ရှိနိုင်၏။

ဆရာကြီး တင်ထွေး-ဆက်၏ အကြောင်းအရာနှစ်ခုလုံးသည်ကား ကျယ်ပြန့်ခြင်း၊ နက်ရှိုင်းခြင်း မရှိသလို၊ အကုန်အကျအားဖြင့်လည်း ပြော လောက်အောင် မရှိပေ။ ကြန့်ကြာခြင်း အားဖြင့်လည်း မပြောပလောက်ပေ။

အမှုမှန်တစ်ခုကို ဖော်ထုတ်ရာ၌ ထိုကဲ့သို့ ပြုလုပ်သင့်သည်။ ထိုကဲ့သို့ ပြုလုပ်၍ အမှုမှန်တစ်ခုကို ဖော်ထုတ် နိုင်ပါက အမှုလိုက်များအနေဖြင့်လည်း အားတက်ဖွယ်ဖြစ်ရသည်။ အမှုလိုက် တို့၏ စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေး ရာရောက်သည်။

နောင်တွင် ထိုကဲ့သို့ အသိခက် ပြီး နက်နဲသော မှုခင်းများနှင့် ကြုံတွေ့ လာပါကလည်း ယခင်က ဖော်ထုတ်ဖူး သော အမှုလိုက်တို့သည် အလိုလိုပင် စိတ်ဝင်စားလျက် ရှိနေမည်ဖြစ်သဖြင့်

www.burmeseclassic.com

ကြုံတွေ့နေရသော အမှုမှန်ကို ရသည့် နည်းဖြင့်ပင် လိုက်လံ ကြံဆပြီး ဖော်ထုတ်ကြပေလိမ့်မည်။

ငါတို့၏ အမှုလိုက် ရဲသားများသည်လည်း ထိုကဲ့သို့ ခိုင်မာသော တည်ကြည်ပြတ်သားသည့် စိတ်ထားမျိုးကို မွေးသင့်သည်။ ဂုဏ်ယူဝံ့ကြွားနိုင်သည်အထိ ပြည်သူများ အားကိုးအားထားရသော ပြည်ချစ် ရဲသားများဖြစ်သင့်သည်။

ယခု ရဲသားတို့၏ အကြောင်းကို နားမလည်နိုင်သော်လည်း၊ ထိုအချိန်က ရဲသားများ၏ အမှုလိုက်ခြင်းမှာ အလွန်မှ စိတ်ပျက်စရာကောင်းသည်။ အမှုမှန်ကို ရရှိအောင်လည်း မကြိုးစားကြပေ။ ဆူလွယ်နပ်လွယ် မှုခင်းဖော်ထုတ်နည်းများကိုသာ သုံးကြသည်။

အဖမ်းခံသော တရားခံနှင့် သက်သေသက္ကာယ ပြည့်စုံသော မှုခင်းမျိုးသာ မဟုတ်လျှင်၊ မှုခင်းနှင့် နီးစပ်ရာ ပတ်ဝင်ကျင်များကို များစွာဒုက္ခပေးတတ်ကြလေသည်။ ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ညှင်းပန်း ရိုက်ပုတ်ခြင်း၊ အတင်းဝင်ခံခိုင်းခြင်း (တရားခံကို မရလျှင် သားမယားတို့အား ဖမ်းဆီးနှိပ်စက် နေလှန်းခြင်း) စသော မလုပ်သင့်သည့် နည်းလမ်းများဖြင့်သာ ဖော်ထုတ်ကြလေသည်။ ထိုအခါ ဖမ်းဆီး နှိပ်စက်ခံရသူမှာ မခံစားနိုင်သည့်အဆုံး သူတို့သင်ပေးသည့်အတိုင်း ဝန်ခံပြီး နှစ်ရှည်ထောင်ဒဏ်များ ကျသွားရလေသည်။

တစ်ခါက တရုတ်နိုင်ငံမှ လာသော မှုခင်းတစ်ပုဒ်ကိုလည်း ဖတ်ရသည်။ လူတစ်ယောက် ပျောက်ဆုံးသွား၍ မသင်္ကာသော လူတစ်ယောက်ကို ဖမ်းဆီးနှိပ်စက်ပြီး လူသတ်တရားခံအဖြစ် ဝန်ခံခိုင်းကာ၊ ကြိုးဒဏ်ပေးမည့်ရက်အနည်းငယ်မျှအလိုမှာပင် ပျောက်ဆုံးသွားသောလူ ပြန်ရောက်လာ[...] ဆို၏။ အလွန်မှ ကြောက်ဖွယ်ကော[...] သော မှုခင်းဖော်ထုတ်နည်းမျိုးပင် [...] လေသည်။

အစတွင် ဆိုခဲ့သော စောအော[...] ပန်း၏ အကြောင်းကို ဆက်လ[...] ကြည့်လျှင်လည်း တစ်နည်းအာ[...] စိတ်ဝင်စားဖွယ်ကောင်းသည်ဟု [...] မည် ထင်၏။ ဦးလေးဖြစ်သူက အေ[...] ကျော်အား သတ်သော ဓားကို [...] ထုတ်ပေးလိုက်ရာ စောအောင်ပ[...] မဖမ်းသည့်အပြင် စခန်းမှူးက [...] သိန်းတစ်ရာယူပြီး သူ့ကားဖြင့်ပင် [...] စပ်သို့ ရောက်အောင် စောအောင်[...] အား ပို့ပေးလိုက်သည် ဟူ၏။ ■

* * *

မင်းဟိန်း[...]


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့ ...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ[...]





www.burmeseclassic.com


www.burmeseclassic.com


# ကျွမ်းမန်းဆရာတော်ဘုရားကြီးအား

## သိက္ခာထပ် အလှူတော်မင်္ဂလာနှင့် ဓမ္မသုခမ္မာရုံ ရေစက်ချ အလှူတော်မင်္ဂလာ

ဂမ္ဘီရ ဆရာမျိုး











www.burmeseclassic.com

www.burmeseclassic.com

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့ ဇင်းကျိုက်တောင်၊ ဖားမဲ့ကုန်း အောင်မြေတောရကျောင်းတိုက်တွင် ကွမ်းမန်းဆရာတော်ဘုရားကြီးအား သိက္ခာထပ်အလှူတော်မင်္ဂလာနှင့် ဓမ္မသုခဓမ္မာရုံ ရေစက်ချ အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာနှစ်စောင် ဆရာတော်မှ စာရေးသူအား ခေါ်ပေးပါသည်။ အစောပိုင်းတွင် ဆရာ ကျော်ဇောဟိန်း(နွံသာ)နှင့် ဆရာလုစံ(ပညာရေး) နှစ်ဦးအား လွှတ်ရန် စီစဉ်ထားပါသည်။




ဆရာတော်ထံ ဖုန်းဆက်သောအခါ "မင်းကိုယ်တိုင်လိုက်ခဲ့ပါ။ တနင်္ဂနွေနေ့ည ပြန်ရောက်မှာပဲ"ဟု မိန့်ဆိုသဖြင့် သောကြာနေ့ည ထွက်သောကားဖြင့် လိုက်ရန် ဆုံးဖြတ်လိုက်သည်။ ကျောက်မြောင်းမှ "ရွှေခြသေ့်"မှန်လုံ အဲယားကွန်းကားကြီးဖြင့် ကျွန်ုပ်တို့သုံးယောက် လိုက်သွားဖြစ်ကြပါသည်။ ဆရာတော်၏ တပည့်ဖြစ်သူ ကိုဇော်သန်းထိုက်မှလည်း ကြိုဆို နေရာချပေးသည်။ ကျိုက်ထို "ဘဲလေး" စားသောက်ဆိုင်မှာ နားတော့ ကိုဇော်သန်းထိုက်မှပင် ညစာ





www.burmeseclassic.com

www.burmeseclassic.com




ကြွားပါသည်။ နံနက် ၂နာရီခွဲခန့်တွင် ဇင်းကျိုက်တောင်ခြေ ရောက်သည်။ ၁၅မိနစ်ခန့်အကြာတွင် တောင်ပေါ်မှ ကားလာကြသည်။ အသစ်တည်ဆောက်ထားသော ဓမ္မသုခ ဓမ္မာရုံ ဒုတိယထပ်မှာ နေရာချပေးသည်။ ထိုအထပ်တွင် ရေချိုးခန်းနှင့် ရေအိမ်ပါတွဲ၍ ပြုလုပ်ထားသောကြောင့် တည်းခိုရတာ အဆင်ပြေသည်။

နံနက် အရုဏ်ဆွမ်းကပ်ပြီးသောအခါ ဆရာတော်အား စာရေးသူတို့ ရောက်ကြောင်း သတင်းပေး လျှောက်ထားလိုက်သည်။ နံနက် ၈နာရီတွင် သိက္ခာထပ် အလှူတော်မင်္ဂလာပြုလုပ်မည်ဟု သိရသည်။ တောင်ပေါ် ရောက်သောအခါ သက်သတ်လွတ်ထမင်းစားကြရသည်။ တပေါင်းလပြည့်နေ့ သိက္ခာမထပ်ခင် အလှူ့ဒါယကာ ဦးဝင်းအောင် (ခ)ဦးကြုံ + အလှူ့ဒါယိကာမ ဒေါ်သင်းသင်းဆွေ (ခ) ဒေါ်ဝိုင်း သား ဒေါက်တာ ဝင်းမော်တို့မှ သင်္ကန်းကပ်လှူကြပါသည်။ (ဆရာတော် ဗဟန်း-ဥလမ်းဘက်တွင် ကျောင်းတိုက်အသစ်ကြီး တည်ဆောက်နေစဉ် သတိပဋ္ဌာန်လမ်း တိုက်ခန်းတွင် ယာယီ သီတင်းသုံးသည်။ ထိုတိုက်ခန်းမှာ ဒေါ်ဝိုင်းပိုင် တိုက်ခန်းဖြစ်ပြီး သား စာကျက်ရန် ဝယ်ပေးထားသော တိုက်ခန်းဟု သိရပါသည်။ ထိုတိုက်ခန်းတွင် စာရေးသူတို့ ဝါဆိုသင်္ကန်းသွားကပ်စဉ်က အလှူရှင် ဒေါ်ဝိုင်းမှ ဆရာတော်ကြီးအား နေ့ဆွမ်း လာရောက်ကပ်တာ တွေ့မြင်ခဲ့ရဖူးပါသည်။) အလှူရှင် ဒေါ်ဝိုင်းမှာ အင်္ကျီအဖြူ ယောဂီလုံချည်ကိုသာ ဝတ်ဆင်ထားပြီး ဟိတ်ဟန်မရှိ ပကတိဖြူစင်ရိုးသားသူဖြစ်သည်။ နံနက် ၈နာရီတွင် ရေသိမ်၌ ကွမ်းမန်းဆရာတော်ကြီးအား သိက္ခာထပ်ပြီးသောအခါ ဦးကြုံ+ဒေါ်ဝိုင်း (နီလာပိုးထည်ဆိုင် မိသားစု)နှင့် ဆိုင်ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ညီပုရိသတ်များ၊ ဆရာတော်၏ ဒကာ၊ ဒကာမများစုပေါင်းကာ သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြပါသည်။ နီလာပိုးထည်ဆိုင် မိသားစု





www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတစ်ဝက်ကို သီလရှင်ဝတ်ပေးထားပြီး ကျန်တစ်ဝက်ကို အဝါရောင်အင်္ကျီနှင့် အပြာရောင် ဒိုက်လုံချည် ဆင်ပေးထားတာ တွေ့မြင်ရပါသည်။ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်နေ့(စနေနေ့)နံနက်တွင် ဗားမဲ့ကုန်း အောင်မြေဦ ရွှေဝါရောင် လွှမ်းမိုးလျက်ရှိနေပါသည်။ သိမ်ဆင်းလောင်းလှူပြီးသောအခါ အလှူရှင်မိသားစုနှင့် ဝန်ထမ်းများစုပေါင်းကာ ဗားမဲ့ကုန်း စေတီရင်ပြင်တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ အလှူတော်မင်္ဂလာသို့ မန္တလေး၊ အမရပူရမြို့မှ ဒေါ်ပိုင်း၏ ဓမ္မမိတ်ဆွေများ၊ "သန့်တော်ဝင်" အထည်ဆိုင် လုပ်ငန်းရှင်များ၊ ရန်ကုန်မြို့မှ ဖိတ်ကြားထားသူများ၊ ဆရာတော်၏ တပည့်




ဒါယကာ၊ ဒါယိကာမများ ကားကြီးနှစ်စီးဖြင့် လာရောက်ကြ[illegible] သည်။ အလှူရှင် မိသားစုမှ အသွားအပြန် စရိတ်ငြိမ်း[illegible] ပို့ဆောင်ပေးပါသည်။

နံနက် ၁၁နာရီတွင် ဗားမဲ့ ဆရာတော်ဘုရားကြီး[illegible] ကွမ်းမန်းဆရာတော်ဘုရားကြီးတို့အား အမှူးထား၍ သံဃာ[illegible] တော် အရှင်သူမြတ်များ၊ သီလရှင်ဆရာလေးများအား[illegible] နေ့ဆွမ်းဆက်ကပ်ကြပါသည်။ ဧည့်ပရိသတ်များကိုလည်း[illegible] နေ့လယ်စာကျွေး၊ ရေခဲမုန့်၊ အချိုပွဲများ ကျွေးသည့်အပြင်[illegible] လူတစ်ဦးလျှင် အလှူတော်မင်္ဂလာ စာတန်းပါ စပို့ရှပ်အင်္ကျီ[illegible] တစ်ထည်စီ မေတ္တာလက်ဆောင်ပေးပါသည်။ နေ့လယ်[illegible] တစ်နာရီခွဲတွင် အသစ်ဆောက်လုပ်လှူဒါန်းသော ဓမ္မသ[illegible] သုံးထပ်ဓမ္မာရုံကြီးအပေါ်ထပ်တွင် ရေစက်ချ အလှူတော်[illegible] မင်္ဂလာအခမ်းအနား ကျင်းပပါသည်။ ကွမ်းမန်းဆရာတော် ဘုရားကြီးနှင့် ပင့်သံဃာအပါး(၂၀)အား အလှူရှင်မိသား[illegible] မှ သင်္ကန်းပရိက္ခရာရှစ်ပါးအစုံ၊ ခရီးဆောင်အိတ်၊ ဝတ္ထု[illegible] စုံလင်စွာ တစ်ပါးစီကို ကပ်လှူပါသည်။ ဧည့်ပရိသတ်များ[illegible] လည်း ပဋ္ဌာန်းစာအုပ်တစ်အုပ်စီ ဒါနပြုပါသည်၊ အလှူတော်[illegible] မင်္ဂလာတွင် ဦးသုမင်္ဂလ(ဗဟန်း)ထံမှ ငါးပါးသီလခံ[illegible] ဆရာတော်၊ သံဃာတော်အရှင်မြတ်အားလုံး မေတ္တာသုတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



…တ်ရွတ်ဆိုပေးကြပါသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့ …တွက် ဦးသုမင်္ဂလမှ ရေစက်ချ အနုမောဒနာ တရား …ကြားပေးတော်မူပါသည်။ တရားနာ ရေစက်ချပြီးသော …ခါ အလှူရှင်မိသားစုမှ ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးပါသည်။ …မ်းမန်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင်လည်း ငါးဆယ် …ျပ်တန်နှင့် တစ်ရာကျပ်တန်ကို သိဒ္ဓိတင်ကာ ကြဲချပေး …တ်မူပါသည်။

ဓမ္မသုခစေတီကြီး တည်ဆောက်ရာတွင် တစ်လကို …သိန်းကျပ်ဖြင့် သုံးနှစ်ကြာအောင် ဘဏ်တွင် စုဆောင်းပြီး …ရုံကြီးအတွက် လှူဒါန်းရန် ဆရာတော်ကြီး များထံတွင် …ဆို အဓိဋ္ဌာန်မှု ပြုခဲ့ပါသည်။ သိန်း ၁၈၀ ရသောအခါ …ရုံကို စတင် ပန္နက်ရိုက် တည်ဆောက်ပြီး ဆိုင်တစ်ဆိုင်မှ …င်းရငွေတစ်ဝက်ကို လစဉ်ဖယ်ပြီး ဓမ္မာရုံတည်ဆောက် …တွင် ထည့်ဝင်လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ မိသားစု …ဦးစလုံး စိတ်တူ၊ သဒ္ဓါတူ ဆုံးဖြတ် လှူဒါန်းမှုပြုသော …ကြောင့် လစဉ်မပျက် ဓမ္မာရုံတည်ဆောက်ရေးတွင် လိုအပ် …လောက် ငွေကြေးရရှိခဲ့သည်ဟု ဆိုပါသည်။

ဓမ္မသုခ ဓမ္မာရုံကြီး လှူဒါန်းရာတွင် ဘုရားကျောင်း …ာင်၊ လျှပ်စစ်မီး၊ အခင်းကော်ဇော၊ ရေချိုးခန်း၊ ရေအိမ်၊ …သုတ်ခုံ၊ တံမြက်စည်း၊ ရေခွက် စသည့် အသေးအမွှားမှ … မလစ်ဟင်းရအောင် အလှူ့ဒါယိကာမကြီး ဒေါ်ပိုင်း …ဆွေတော်မျိုးတော်တို့မှ လှူဒါန်းပါဝင်ခဲ့ကြပါသည်။ အထူး …ဖြင့် ကွမ်းမန်းဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့် မေတ္တာကို …၍ တည်ဆောက်ခဲ့ကြောင်း အလှူရှင်မှ ရှင်းပြပါသည်။

အလှူရှင် မိသားစုသည် ကွမ်းမန်းဆရာတော်ဘုရား …နှင့် ဆုံတွေ့ပြီး လှူဒါန်းရမည့် နည်းစနစ်ကို သိကာ၊ …လိုက် မလှူနိုင်သော်လည်း သိန်းတစ်ထောင်နီးပါး …ဆောက်အအုံကို သုံးလေးနှစ်ကာလအတွင်း ပြီးစီး …င်မြင်အောင် တည်ဆောက်နိုင်ခဲ့ကြောင်း ပြောပြပါ …သည်။ (၂၀၁၃ ခုနှစ်တွင် စတင် တည်ဆောက်သည်။)

အလှူ့ဒါယကာ၊ ဒါယိကာမတို့၏ ဓမ္မာရုံလှူဒါန်းပြီးစီးမှုအတွက် ပီတိဖြစ်မှုကို မေးမြန်းကြည့်သောအခါ "အလှူတစ်ခု အောင်မြင်မှုအတွက် ဝမ်းသာပီတိဖြစ်ရကြောင်း၊ တောင်ပေါ်မှာ ခက်ခက်ခဲခဲလှူရ၍ ပို၍ပီတိဖြစ်ရပါကြောင်း၊ ဤဓမ္မာရုံမှာ တရားထိုင်၊ ကျင့်ကြံအားထုတ်သူတစ်ဦး တရားရသွားလျှင် အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ၃၁ ဘုံသားအတွက် အမျှအတန်းပေးဝေရသော ကောင်းမှုရရှိမည်ဟု ယုံကြည်ကြောင်း၊ ဓမ္မာရုံကြီးကို ကြည့်၍ ပီတိဖြစ်ရသော်လည်း၊ ရေစက်ချပြီးသောအခါ မိမိပိုင် ဓမ္မာရုံဟု မယူဆဘဲ ဆရာတော်၊ သံဃာတော်များ ပိုင်ဆိုင်သော သာသနိက အဆောက်အအုံဟု မှတ်ယူကြောင်း၊ အဓိက ကုသိုလ်ကိုသာ ဝမ်းသာပီတိဖြစ်ရပါကြောင်း" ရှင်းပြပါသည်။

ကွမ်းမန်းဆရာတော်ဘုရားကြီး သိက္ခာထပ် အလှူတော်မင်္ဂလာနှင့် ဓမ္မသုခဓမ္မာရုံ ရေစက်ချ အလှူတော်ကျင်းပသော လပြည့်နေ့ညတွင်လည်း ဗားမဲ့ကုန်းရှိ မဟာအတုလမာရ်အောင် မာရဝိဇယစေတီတော်မြတ် ရင်ပြင်တော်တွင် အလှူတော်မင်္ဂလာ စာတန်းများ ပုံဖော်ကာ ဆီမီးများ ပူဇော်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဆိုပူဇော်ကြခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။ နီလာပိုးထည်ဆိုင်မိသားစု ဝန်ထမ်းများမှလည်း တက်ညီလက်ညီ ကုသိုလ်ပါဝင်ဆောင်ရွက်ပေးတာ မြင်တွေ့ရပါသည်။

တပေါင်းလပြည့်ကျော် (၁)ရက်တွင် အရုဏ်ဆွမ်း မုန့်ဟင်းခါးကပ်လှူခြင်း၊ ညှော်ပရိသတ်များကို ကျွေးမွေးဒါန ပြုခြင်း၊ နေ့ဆွမ်းကပ်လှူခြင်းတို့ ပြုလုပ်ကြသည်။ နီလာပိုးထည်ဆိုင် အမျိုးသမီးကလေးများသည်လည်း ဝိဇ္ဇာညီနောင်ဘုရားတွင် လည်းကောင်း၊ ဗားမဲ့ကုန်း အောင်မြေတွင် လည်းကောင်း၊ အုတ်, သဲ, ကျောက်ပြားများ သယ်ဆောင်လုပ်အားပေး ဆောင်ရွက်ခဲ့ကြပါသည်။ ညနေ ၄နာရီတွင် ကွမ်းမန်းဆရာတော်ဘုရားကြီးအား ကန်တော့၍ မေတ္တာခံယူပြီး တောင်ခြေသို့ ဆင်းကာ ကားကြီးနှစ်စီးဖြင့် ရန်ကုန်ပြန်လာခဲ့ကြပါသည်။ လမ်းတွင် ကျိုက်ထို "ဘဲလေး"စားသောက်ဆိုင်တွင် အလှူရှင်မိသားစုမှ ကျွေးမွေး ဒါနပြုခဲ့ကြပါသည်။ လှူဒါန်းမှုအစုစုတို့အတွက် အလှူရှင် မိသားစုများအား "ဂမ္ဘီရ ဆန်းကြယ် မဂ္ဂဇင်း"မှတစ်ဆင့် သာဓုခေါ်ဆိုလိုက်ပါသည်■

(**မှတ်ချက်။** ဗားမဲ့ကုန်းမှ ဂမ္ဘီရဆန်သော ဇာတ်လမ်းကို မကြာမီ ရေးဖွဲ့ တင်ပြပေးပါဦးမည်။)

* * *

ဂမ္ဘီရဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



# ဘေးရန်ပယ်ဖျက် အသက်ရာကျော် ပရိမိတ္တဇာလသုတ်တော်

ရေးသားဖော်ပြမယ့် "ပရိမိတ္တဇာလသုတ်တော်"မှာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဥစ္စာကုဋေကြွယ်ဝချမ်းသာတဲ့ မဥ္စုသက သတို့သားကို အကြောင်းပြုပြီး ဟောကြားတော်မူခဲ့တဲ့ "ပရိမိတ္တဇာလ သုတ်တော်"ပဲ ဖြစ်ပါတယ်။

◈◈◈

အသင် မဥ္စုသက သတို့သား…ဇီဗမ္ဗူဒီပါမှာ နေကြကုန်သော လူအပေါင်းတို့သည် အသက်တစ်ရာကျော် ရှည်ကြာနေထိုင်လိုသော် ဤပရိမိတ္တဇာလသုတ်တော်ကို နှလုံးပိုက်ကာ ဆောင်ရွက်ကြကုန်၏။

ဤတရားတော်ကို ငါဘုရားရှင်တော်တစ်ပါး… ဟောကြားတော်မူခဲ့သည်မဟုတ်။ လွန်သော၊ ပြီးသော … ရှင်တော်မြတ် ကိုးဆယ့်ကိုးကုဋေ၊ ရှစ်ဆယ့်ရှစ်ကုဋေ … ဆယ့်ခုနစ်ကုဋေ၊ ခြောက်ဆယ့်ခြောက်ကုဋေ၊ နှစ်ဆ… ကုဋေ၊ တစ်ဆယ့်တစ်ကုဋေလွန်လေပြီးသော … သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်… တစ်ကြိမ်စီ ဟောကြားတော်မူခဲ့ပေသည်။

အသင် မဥ္စုသက သတို့သား…

ဤပရိမိတ္တဇာလသုတ်ကို ရေးကူးမှုလည်း ရေ… ရွတ်ဖတ်မှုလည်း ရွတ်ဖတ်အံ့။ သူတစ်ထူး ရွတ်ဖတ်သ… လည်း နာကြားအံ့။ စာလွှာတို့ဖြင့် လျှော်ဒါန်းဝေငှမှုလည်း … ဒါန်းဝေငှအံ့။ အိမ်၌လည်း ကောင်းစွာ ဆွဲချိတ်ကပ်ထ… ထိုထိုသောသူတို့သည် မီးဘေး၊ ရေဘေး၊ မင်းဘေး၊ … မချစ်မနှစ်သက်လိုသူ၊ ရန်ပြုလိုသူတို့ဘေး၊ ကျား… သားရဲဘေး၊ ဖုတ်၊ ပြိတ္တာ၊ မြွေ၊ နက္ခတ်ဘေး … လက်နက်ဘေး စသည်တို့မှ ကင်းဝေး ငြိမ်းလွတ်…



www.burmeseclassic.com

www.burmeseclassic.com

ဥပစ္ဆေဒကကံနဲ့ မသေ၊ အသက်တစ်ရာကျော်နေရ၏။

ဤသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်အပြုများ ပြုခြင်းအားဖြင့် ဓမ္မက္ခန္ဓပေါင်း ရှစ်သောင်းလေးထောင်ကုန်သော ရွတ်ရသည်နှင့်လည်း တူ၏။

ဒီဇမ္ဗူဒီပါ၌ ရှိသမျှ ဘုရားတို့ကို ကိုးကွယ်ပူဇော်ရသည်နဲ့ တူ၏။ နတ်တို့ နှစ်လိုကုန်၏။ စတုလောကပါလ နတ်မင်းကြီးလေးပါးတို့ စောင့်ရှောက်ကြကုန်၏။ တစ်သောင်းသောစကြဝဠာ၌ ရတနာအပြည့်ထည့်၍ လှူဒါန်းသော ကုသိုလ်ကို ရေတွက်နိုင်ရာ၏။

မြင်းမိုရ်တောင်နဲ့အမျှ ရတနာတို့ကို လှူသော ကုသိုလ်ကို ရေတွက်နိုင်ရာ၏။


ပရိမိတ္တဇာလသုတ်ကို ရွတ်ဖတ်ရသော ကုသိုလ်အကျိုးကို မရေမတွက်နိုင်ရာ၊ မကုန်နိုင်ချေ။

မြတ်စွာဘုရားရှင်တော်သည် မဥ္ဇူသက သတို့သားကို အကြောင်းပြုကာ ပရိမိတ္တဇာလသုတ်တော်အား ဟောကြားတော်မူရာ နတ်၊ သိကြား၊ ဗြဟ္မာ၊ ရဟန်းသံဃာ၊ လူ ရှိသတ်အပေါင်းတို့လည်း ကောင်းမှု သာခုခေါ် ကြကုန်လေတော့သည်။

(ဤသည်မှာ ပရိမိတ္တဇာလသုတ်တော်ရဲ့ အနက်အဓိပ္ပာယ်လည်း ဖြစ်ပါတယ်။ အများသူငါ ပူဇော်ညွှတ်ကျိုးနိုးထိုက်တာကြောင့် အခုလို ရေးသားပူဇော်လိုက်ရပါတယ်။ သဗ္ဗေသတ္တာဝါအပေါင်း နိဗ္ဗာန်သို့တိုင်အောင် ကျင့်ကြံအားထုတ်နိုင်ကြပါစေ။)

## ပရိမိတ္တဇာလသုတ်တော်

* ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ၊
ဝိဟာ ရတိ ဂိဇ္ဈကူဋေပဗ္ဗတေ၊
တေနခေါပန သမယေန ကုမ္ဘဏ္ဍေနှ၊
ယက္ခေန ဒေဝေနယက္ခေန၊ ဣန္ဒေနယက္ခေန၊
ဗြဟ္မေန ယက္ခေန၊ သုပ ပဏ္ဏေန ယက္ခေန၊ အင်္ဂဒသေန ယက္ခေန၊
ဒ္ဓပ္ပေန ယက္ခေန၊ ပုဗ္ဗဒိသေန ယက္ခေန၊ အဂ္ဂိဒသေန ယက္ခေန၊
အဂ္ဂိဏာဒိသေန ယက္ခေန၊ နရတိ မဒိသေန ယက္ခေန၊ ပစ္ဆိမဒိသေန ယက္ခေန၊
ဓါယုဒိသေန ယက္ခေန၊ ဥတ္တရဒိသေန ယက္ခေန၊ ဧသနဒိသေန ယက္ခေန၊
သမုဒ္ဒဒိသေန ယက္ခေန၊ အာကာသဒိသေန ယက္ခေန၊ ဘူမဒိသေန ယက္ခေန။
* အပ္ပမေယျောဗုဒ္ဓေါ၊ အပ္ပမေယျောဓမ္မော၊ အပ္ပမေယျောသံဃော၊
ဘယသန္တိမဟာမောဂ္ဂလ္လာန်။
* ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထဒွေပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊
ယတ္ထ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒအန္ဓ၊ ဥရအန္ဓ၊ စက္ခုအန္ဓ၊ မုခအန္ဓ၊ ဇိဝှာအန္ဓ၊



* နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ၊
သကလ- လောကဓာတု မာတာပိတု ဓမ္မရက္ခန် ကတံ၊
သကလ လောကဓာတု မာတာပိတု သံဃရက္ခန် ကတံ၊
ရက္ခာဝါ ဒီဝံဂါသဒါမံ ရက္ခန္တု။
* သဗ္ဗဒေဝတာယ ဣမဿ ပရိမိတ္တဇာလဿမေဇေနက္ကဗသိ အပါကဋ္ဌံ
သိရိကာရေ ယေကောစိ ဥပဒ္ဒဝါ အာန ဘာဝေန တေဇေန ဣမသ္မိံနာရေ၊
ဣမသ္မိံဂေဟေ သဗ္ဗသတ္တာ ဝိနဿန္တု၊ သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တုတိ။

ဤသုတ်တော်ကို ကြည်ညိုနှလုံးသွင်း ရွတ်ဖတ်ပူဇော်တဲ့အခါမှာ အာရုံက မြတ်စွာဘုရားထံ သတိကပ်ပြီး ဉာဏ်နဲ့ ဆင်ခြင်ပါက မီးဘေး၊ ရေဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ ရန်ပြုလိုသူတို့ဘေး၊ ကျား၊ ဘီလူးသရဲဘေး၊ ဖုတ်၊ ပြိတ္တာ၊ မြွေ၊ နဂါးတ်ဘေး၊ ဓားလှံ လက်နက်တို့ဘေးက ကင်းလွတ်ငြိမ်းကာ အသက်တစ်ရာကျော်တိုင်အောင် အသက်ရှည်ခြင်းကို ခံစား၊ စံစားရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဗုဒ္ဓဘာသာဝင်အဖြစ် ယုံကြည်သက်ဝင်သူအပေါင်းတို့ လက်ခံ ပူဇော်ကျင့်သုံးကြစေလိုပါကြောင်း။■

* * *

ပဉ္စမ



www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်းပိုင်းကာလရောက်လာသဖြင့် ကျေးလက်တွင် နေထိုင်ကြသူတို့မှာ မိုးဥတုနှင့် လုံလုံခြုံခြုံ နေထိုင်ကြရန် မိမိတို့ နေထိုင်လျက်ရှိသော အိုးအိမ်များကို ပြန်လည်ပြင်ဆင်ကြရသည်။ အိမ်အမိုးဟောင်းကို ဖျက်ချ၍ အသစ်ပြန်မိုးကြရလေသည်။ သက်ငယ်က

ဆောင်းဥတုထဲမှာပင် တောတက်၍ ရိတ်ထားသဖြင့် သက်ငယ်ပျစ်များပင် ပျစ်ပြီးကြလေပြီ။

ကျော်ညွန့်နှင့် ထွေးအောင်တို့က တစ်ရွာထဲ အတူနေ အိမ်နီးချင်းများ

ဖြစ်ကြသည်။ နှစ်ယောက်

လယ်သမားများဖြစ်၍ လ

ကောက်ပဲသီးနှံများကို သ

စိုက်ပျိုးလုပ်ကိုင်ခဲ့ကြ

တလင်းပိတ်သိမ်းပြီးဖြစ်၍

ကြရန် လိုအပ်ကြလေပြီ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ကျော်ညွန့်ရေ… ငါတို့ မိုးတွင်းစာ ထင်းတုံးတွေ တက်ဆွဲခဲ့ကြတာ အခုတော့ ထင်းက လုံလောက်သွားကြပြီလေ။ အိမ်ကိုပဲ ပြန်ပြုပြင်ဖို့သာ လိုတော့တယ်ဟေ့"

"ဟုတ်တယ်၊ အိမ်ပြန် မမိုးမီမှာ အခြင်ဝါးတွေ ပြန်လဲပေးမှာဆိုတော့ ငါတို့ တောတက်ပြီး အခြင်ဝါးတွေ တစ်ခေါက်တော့ ခုတ်ယူကြရမှာပဲကွ"

"ဟုတ်တယ်၊ အခြင်ဝါးခုတ်ကြရင်တော့ ရင့်ပြီး ဖြောင့်စင်းတဲ့ ဝါးတွေ ခုတ်ယူမှပဲ။ ဒါမှ တစ်နှစ်လဲပေးထားရင် သုံးလေးနှစ်ခံပြီး ပြန်လဲစရာ မလိုမှာလေကွာ"

◈◈◈

ကျော်ညွန့်နှင့် ထွေးအောင်တို့လည်း အိမ်အခြင်ဝါးအတွက် လူချည်း တောတက်လာခဲ့ကြတော့သည်။ ဝါးတွေက သူ့သူ့ကိုယ်ကိုယ် ခုတ်ခဲ့ကြ၍ နီးနီးနားနားတွင် ရှားပါးနေလေပြီ။

"ငါတို့ ဘယ်တောင်ကြောကို သွားခုတ်ကြမလဲ ထွေးအောင်"

"ဟို… မြယာပင်ကြောဘက် တက်ခုတ်ကြရင် ကောင်းမယ်ဟေ့။ ဝေးတော့ ဝေးတယ်။ ဒါပေမယ့် အဲဒီလောက် ဝေးဝေးသွားခုတ်မှပဲ အခြင်ဝါးကောင်းကောင်းရနိုင်မှာလေကွာ"

နှစ်ယောက်သား တိုင်ပင်ကာ မြယာပင်ကြောပေါ် တက်လာခဲ့ကြသည်။ ယခင်အချိန်အခါဆိုလျှင် လှည်းနွားပါ တစ်ပါတည်း မောင်းလာခဲ့၍ ဝါးများကို တစ်မနက်တည်းနှင့် အရခုတ်ပြီး ရွာသို့ ပြန်မောင်းလာကြလျှင် နေချင်းရောက်နိုင်ကြသည်။ ယခုအခါမှာတော့ ဝိုးတစ်ခေါက်စာရအောင် လူချည်း တစ်နေ့တက်ခုတ်ထားခဲ့ပြီးမှ နောက်နေ့စောစော တက်ဆွဲယူကြရလေသည်။



မြယာပင်ကြောပေါ်တွင် သူတို့ အခြင်ဝါးများ ခုတ်ခဲ့ကြသည်။ ဝါးရင့်ရင့်ရရန်အတွက် လျှိုမြောင်၊ ချိုင့်ဝှမ်းထဲမှ မခုတ်ဘဲ တောင်ကုန်း တော်စောင်းများမှာ တက်ခုတ်ကြ၏။ တောင်ကုန်းပေါ်မှ ဝါးများက လျှိုမြောင် ချိုင့်ဝှမ်းထဲ ပေါက်သော ဝါးထက် အသားထူပြီး ပို၍ မာကြောလေသည်။

နေခင်းပိုင်းရောက်လျှင် ဝါးတစ်စွတ်စာ ခုတ်၍ရကြသဖြင့် ထိုဝါးများကို တစ်နေရာတည်းတွင် ထမ်း၍ စုပုံကြသည်။ ပြီးလျှင် နောက်နေ့နံနက်၌ ဝါးလာ၍ အဆင်သင့် ဆွဲယူနိုင်ရန် လုပ်ထားခဲ့ကြသည်။

"ကဲဟေ့… ဝါးတွေ စုပုံပြီး စွတ်ဖွဲ့ထားပြီးရင် မြောင်းထဲဆင်းပြီး နေ့လယ်စာ ထမင်းသွားစားကြမယ်ဟေ့"

မြောင်ထဲ ရောက်ကြလျှင် စမ်းရေအိုင်တစ်အိုင်ဘေးရှိ ကျောက်တုံးကြီးများပေါ်တွင် ထမင်းစားကြရန် ပြင်ဆင်ကြသည်။

"ငါတို့နှစ်ယောက်စလုံးက … ချက်တွေချည်းပဲကွ။ တို့မြုပ်စား… အောင် မြောင်ဘေးမှာ ပေါက်တတ်… မြင်းခွာရွက်၊ ဂန့်ဂလာရွက်၊ ရေသ… ရွက်နုတွေ ရှာခူးဦးမယ်ကွာ။ ပြီးမှ … ကြတာပေါ့"

ရှာခူးလာသော အရွက်များအ… ရေစင်စင်ဆေးပြီး ဖြန့်ခင်းထား… ထမင်းပုံဘေးတွင် ပုံ၍ချသည်။ ကျော်ညွန့်က ဖက်တစ်ရွက်တွင် ထမင်း… ဟင်းနည်းနည်းစီ ယူထည့်ကာ … ပိုင်၊ တောင်ပိုင်များအား စားဦးစား… တင်မြှောက်ပေးသည်။ ဝါးတက်ခုတ်… တွင် ဘေးမသီ ရန်မခကြစေရန် … ရှောက်ပေးပါကြောင်း ဆုတောင်း… သည်။

"ကဲဟေ့… စားလို့ရပြီ"

"မင်းခူးလာခဲ့တဲ့ အရွက်တွေ… အများကြီးပဲကွ၊ ဘယ်ကုန်မှာလဲ…"

နှစ်ယောက်သား အားပါး… တို့မြုပ်စားခဲ့ကြလေသည်။

"ထွေးအောင်ရေ… … မြောင်ထဲအတိုင်း ပြန်ကြမယ်ကွာ။ … ရင်းနဲ့ ဝါးပေါ်တာ တွေ့ရင်လည်း … ထားပြီး နောက်ထပ် လာခုတ်ယူနိုင်… ပေါ့"

◈◈◈

စားသောက်ပြီးသည်နှင့် သူ… မြောင်ထဲအတိုင်း ပြန်လာခဲ့ကြသ… တောင်ပေါ်ရှိ မြောင်ဖြစ်သောကြော… ကျောက်တုံး၊ ကျောက်ခဲကြီးများ … များလှ၏။ တချို့ ကျောက်တုံးကြီး… မှာ အိမ်လုံးတစ်လုံးမျှ ကြီးမား… သည်။

"တောက်… ဒီကျောက်တုံး… ကြီးသာ ငါတို့ရွာနဲ့ နီးနီးရှိမယ်… ခွဲပြီး လှည်းနဲ့ တိုက်ယူပြီး …

www.burmeseclassic.com

www.burmeseclassic.com

ရင် အတော်ဟန်ကျမှာပဲကွ"

"တချို့ မြို့က တိုက်ဆောက်သူတွေဆိုရင် ဒီလို ကျောက်ခဲမျိုးကို သိပ်လိုချင်ကြတာကွ။ လှည်းနဲ့ တိုက်ယူများ ပို့ပေးနိုင်ရင် ဝင်ငွေတော်တော်ရနိုင်မှာပဲကွ"

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်ပြန်လာကြသည်။

"ဟာ…ငါ အခုမှ သတိရတယ်ကွ"

"ဟင်…မင်းက ဘာကို သတိရတာလဲကွာ"

"ဒီမြောင်ဟာ မြယာပင်ကြောက မြောင်ဆိုတော့ ငါ့အဖေနဲ့ သူ့မိတ်ဆွေ လူနှစ်ယောက်တို့ မကြာခဏ သွားပြီး ရှာခဲ့တဲ့ မြောင်များဖြစ်နေတာပဲကွာ"

"အဲဒီလူနှစ်ယောက်က မြယာပင်ကြောက မြောင်ထဲမှာ ဘာတွေလာရှာကြတာလဲဟင်"

"ငါ့အဖေ ပြောပြဖူးတာကတော့ မြယာပင်ကြောမြောင်တစ်ခုထဲမှာ ကျောက်ဂူပေါက်တစ်ခုရှိတယ်တဲ့ကွ။ ဒီကျောက်ဂူအတွင်းဘက်မှာ စဉ့်အိုးနှစ်လုံးနဲ့ လက်ဝတ်လက်စား ရွှေပစ္စည်းတွေ မြှုပ်ခဲ့ပြီး သိုက်စာတစ်စောင်ရေးထားခဲ့သတဲ့ကွ"

ထွေးအောင်မှာ ကျော်ညွန့်ပြောနေသည်ကို စိတ်ဝင်စားသွားသည်။

"ဟုတ်လား၊ အဲဒီ သိုက်စာက ဘယ်လိုရေးထားတာလဲကွ"

"အဲဒီလူနှစ်ယောက်က ငါ့အဖေကို ပြောပြနေတာကတော့ ရွှေအိုးပိုင်ရှင်ဟာ ခေတ်ပျက်လို့ ရှောင်ပုန်းကြရင်း ဒီကျောက်ဂူထဲရောက်ပြီး နေခဲ့ကြသတဲ့။ တောတောင်ထဲ နေ့နေ့ကျင့်သတ်တာက တစ်ကြောင်း၊ တောတောင်ထဲက စိမ့်စမ်းရေတွေ သောက်သုံးကြရလေတော့ ငှက်ဖျားရောဂါတွေ ရခဲ့ပြီး မိသားစုအားလုံး သေဆုံးခဲ့ကြတယ်တဲ့။ ယောကျ်ားတစ်ယောက်တည်းသာ ကျန်နေခဲ့တော့တယ်။ အဲဒီသူက ကျောက်ဂူထဲမှ တခြားလွတ်ရာကို ထွက်ခွာသွားခါနီးမှာ "ဒီရွှေအိုးနှစ်လုံးကို ရှာတွေ့ခဲ့သူဟာ ပိုင်ရှင်မိသားစုအတွက် ကောင်းမှုကုသိုလ်ပြုပြီး အမျှအတန်းပေးဝေပေးရန်နှင့် ပိုတာကို သုံးစွဲပါ"ဟု သိုက်စာတစ်စောင်ရေးပြီး ဂူထဲက ကျောက်တုံးကြီးတစ်ခုအောက်မှာ ထားသွားခဲ့တယ်။ အဲဒီသိုက်စာကို ဟိုလူနှစ်ယောက်က ရှာတွေ့ကြပြီး အဲဒီကျောက်ဂူထဲကို လာလာရှာခဲ့ကြတာ အကြိမ်ပေါင်း မနည်းတော့ဘူးတဲ့။ လာရှာတိုင်းလည်း မတွေ့ခဲ့ကြဘူးတဲ့ကွ"

"ဟင်…ဟုတ်လား၊ မင်းအဖေက အဲဒီလူတွေနဲ့ သိခဲ့လို့လား"

"ငါ့အဖေ တောထဲသွားရင်းနဲ့ အဲဒီလူတွေနဲ့ တွေ့ပြီး သူတို့က သိုက်စာအကြောင်းပြောပြလို့ သိခဲ့ရတာလေ"

"အခုရော အဲဒီလူနှစ်ယောက်က ရှာကြသေးလားကွ"

"သူတို့ ငါ့အဖေဆီကို မလာခဲ့ကြတာ နှစ်တွေတောင် အတော်ကြာခဲ့ပြီလေ။ ရှိပဲ ရှိသေးလား၊ သေပဲ သေကုန်ပြီလားဆိုတာတောင် မသိတော့ဘူးကွ"

တကယ်တော့ တောတောင်များတွင် ခေတ်ပျက်၍ ရှောင်ပုန်းနေထိုင်ကြရင်း မသယ်ယူနိုင်၍ ဖြစ်စေ၊ လုယက်ခံရမှာ ကြောက်၍ဖြစ်စေ၊ အမှတ်အသားထားပြီး လျှို့ဝှက်စွာ မြှုပ်နှံခဲ့ကြလေသည်။ နောင်ခေတ် အခြေအနေတည်ငြိမ်လာသည့်အခါမှ ပြန်လာ၍ ရှာဖွေယူငင်ကြ၏။

ဂျပန်များ မြန်မာနိုင်ငံမှ တပ်ပြန်အဆုတ်တွင် သူတို့၏ရွှေငွေ အဖိုးတန်ပစ္စည်းများကို မသယ်ယူနိုင်ကြသဖြင့် တောတောင်ထဲ၌ မြေပုံအမှတ်အသားများဖြင့် မြှုပ်နှံထားရစ်ခဲ့ကြ၏။ မြှုပ်နှံသူတို့ တိုက်ပွဲတွင် ကျဆုံးကြသောအခါ ထိုပစ္စည်းများမှာ ပိုင်ရှင်မရှိတော့ဘဲ တောတောင်တွေထဲတွင် အလဟဿ ဖြစ်ခဲ့ကြရလေသည်။

"အမှတ်အသားနဲ့ မြှုပ်ထားခဲ့ကြပြီး ပြန်ဖော်မယူနိုင်ကြတော့ ရွှေငွေရတနာအချို့ဟာ မြေထဲမှာ တန်ဖိုးမဲ့ဖြစ်ကြရတယ်နော်။ တော်တော် နမြောဖို့ကောင်းတာပဲကွာ"

"ထွေးအောင်ရေ… မင်း ငါတို့ရွာအရှေ့ပိုင်းက ဦးဘိုးရုံ၊ ဒေါ်စိမယ်ဆိုတာ သိမှာပေါ့"

"အေး၊ သိတယ်လေ။ သူတို့က ရွာထဲမှာ ပိုက်ဆံရှိတဲ့ လူတွေပဲလေကွာ"

"ပိုက်ဆံရှိကြတာလည်း မပြောနဲ့လေကွာ၊ သူတို့က ဂျပန်ခေတ်ဆိုးထဲမှာ ရွာကနေ တောထဲ ထွက်ပြေးခဲ့ကြတာလေ။ တောထဲ ရောက်တော့ သူတို့မှာ ပါသွားသမျှ ရတနာပစ္စည်းများကို လူမမြင်မခံဘဲ တောထဲမှာ အမှတ်အသားလုပ်ပြီး လုံလုံခြုံခြုံဝှက်ထားခဲ့ကြတာကွ။ လူဆိုးသူခိုးတွေနဲ့ တွေ့လည်း ဘာပစ္စည်းမှ မပါခဲ့ဘူး။ အဲ… ခေတ်ပြန်ကောင်းလာတော့မှ အမှတ်အသားနဲ့ ဝှက်ထားခဲ့တဲ့ ရတနာပစ္စည်းတွေကို ပြန်ဖော်ယူခဲ့ကြလို့ ဆင်းရဲမသွားကြဘဲ ရွာထဲမှာ ချောင်ချောင်လည်လည် နေနိုင်ခဲ့ကြရတာပဲလေကွာ"

ကျော်ညွန့်နှင့် ထွေးအောင်တို့မှာ မြေမြှုပ် ရတနာများနှင့် ပတ်သက်၍ နမြောတသစွာ ပြောဆိုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါတော့ကွာ၊ ဒီရတနာရွှေအိုးနှစ်လုံးဟာ အဲဒီကျောက်ဂူထဲမှာ ရှိတော့ ရှိရမယ်လို့ ယုံကြည်တယ်ကွာ။ ရှာတွေ့ခဲ့ရင်လည်း သေဆုံးခဲ့တဲ့သူတွေအတွက် အလှူအတန်းလုပ်ပေးပြီး အမျှအတန်းပေးဝေပေးရမှာပဲ။ ငါတို့အတွက်လည်း သုံးစွဲဖို့ ရသင့်သလောက် ရနိုင်မှာပေါ့ကွာ"

"ဒါဆိုရင် မင်းက ဘာဆက်လုပ်ချင်သေးလို့လဲကွ"

"ငါတို့ နောက်ဆုံးတစ်ခေါက်အဖြစ် အသေအချာထပ်ရှာကြည့်ကြသေးတာပေါ့ကွာ"

◈◈◈

မကြာမီအချိန်မှာ ကျော်ညွန့်တို့နှစ်ယောက် သိုက်စာအရ ရတနာရွှေအိုးကို ရှာဖွေကြရန် ကျောက်ဂူရှိရာသို့ ထွက်လာခဲ့ကြတော့သည်။

"ဒီတစ်ခါ သိုက်စာတွေ့ခဲ့တဲ့ကျောက်ဂူကို ရောက်ရင် ရွှေအိုးနှစ်လုံးကို ဂူထဲမှာ မရှာတော့ဘူးကွာ"

"မင်းက ဂူထဲမှာ မရှာလို့ ဘယ်မှာ သွားရှာမယ်လို့ တွေးမိလို့လဲဟ"

"ဒီလိုလေကွာ-ထွေးအောင်ရ၊ ဂူထဲမှာသာ ဝှက်ထားရိုးမှန်ရင် အရင်က ရှာဖွေကြသူတွေ တွေ့ခဲ့ကြမှာပေါ့ကွာ။ အခုဟာက အကြိမ်ကြိမ်လာရှာတာလည်း မတွေ့ကြဘူးဆိုတော့ ဂူထဲမှာ ဒီအတိုင်းဝှက်ထားခဲ့တာ မဟုတ်ဘဲ၊ တွင်းတူးပြီးပဲဖြစ်ဖြစ်၊ ကျောက်ခေါင်းဖောက်ပြီးပဲဖြစ်ဖြစ် ထည့်ဝှက်ခဲ့တာလားလို့ ငါတွေးမိနေတယ်လေ"

"အင်း…မင်းတွေးသိသလိုမျိုးတော့ ဘယ်သူမှ မတွေးမိခဲ့ကြဘူးပဲ။ ဒါဆိုရင်တော့ ငါတို့ ကျောက်တွင်း၊ ကျောက်ခေါင်းတွေထဲမှာ ရှာကြရမှာပေါ့နော်"

သူတို့နှစ်ယောက် လမ်းတစ်



လျှောက် ဘယ်လိုတွေ ရှာဖွေကြမည်ကို တိုင်ပင်ရင်း လာခဲ့ကြရာ ကျောက်ဂူသို့ ရောက်ခဲ့ကြသည်။

"ငါတို့ ဂူအတွင်းပိုင်းတော့ ထပ်မရှာကြတော့ဘဲ ကျောက်တွင်း၊ ကျောက်ခေါင်းတွေကို တွေ့အောင် ရှာကြမယ်ဟေ့"

ကျောက်ဂူထဲအနှံ့ ကျောက်တွင်း၊ ကျောက်ခေါင်းရှိ,မရှိ သေသေချာချာရှာခဲ့ကြသည်၊ ကျောက်တုံးတချို့ကို ထိုးကလော်၍ ကြည့်ခဲ့ကြသည်။ ကျောက်ခေါင်းတွေ့လျှင် အတွင်းသို့ မီးထိုးရှာကြည့်ကြ၏။

"ဟင်…ဟောဒီ ငါတို့ထိုင်နားနေတဲ့ ကျောက်ပြားကြီးက နည်းနည်းလှုပ်နေပါလားဟ"

"ဟုတ်တယ်ဟေ့၊ ဒီကျောက်ပြားကြီးကို သစ်သားချောင်းတစ်ချောင်းနဲ့ ထိုးကလော်ကြည့်ရအောင်ကွာ"

သစ်သားချောင်း တစ်ယောက်ဘစ်ချောင်းဖြင့် အားစိုက်ကာ ခက်ခက်ခဲခဲ ထိုးကလော်လိုက်သဖြင့် ကျော[...]
ပြားကြီး ပွင့်လာခဲ့လေသည်။

"ဟား…ကျောက်ပြားကြီး [...]
ကျသွားပြီ၊ ကျောက်ခေါင်းကြီး [...]
ပြီဟေ့"

နှစ်ယောက်သား မျှော်[...]
တကြီးဖြင့် ကျောက်ခေါင်းထဲသို့ မီး[...]
ကြည့်လိုက်ရာ ရတနာထည့်ထား[...]
ရွှေအိုးငယ်နှစ်လုံးကို ယှဉ်လျက်[...]
တွေ့ခဲ့ကြတော့သည်။

"ကဲ - အခုတော့ ဘယ်သူ[...]
ကျောက်ခေါင်း၊ ကျောက်တွင်းတွေ[...]
မှာ ရှာဖို့ သတိမရခဲ့လို့ မတွေ့ခဲ့ကြ[...]
မယ့် ငါတို့နှစ်ယောက်ကတော့ တွေ့[...]
ကြပြီ"

ထိုရတနာအိုးထဲတွင် လက်[...]
လက်ကောက်၊ ဆွဲကြိုး၊ ရွှေဘီး၊ [...]
ဆံထိုးများကို တွေ့ရသည်။ ထို့နော[...]
ထိုရတနာပစ္စည်းများကို ရွာသို့ လုံခြ[...]
သယ်ဆောင်သွားခဲ့ကြသည်။

မကြာမီ သေဆုံးခဲ့ကြ[...]
ရတနာပိုင်ရှင်များအား သိုက်စာ[...]
အတိုင်း ကောင်းမှုကုသိုလ်ပြုပေးကြ[...]
ထိုကောင်းမှုအစုစုအတွက် သာဓု[...]
နိုင်ရန် မေတ္တာပို့ အမျှအတန်းပေး[...]
ခဲ့ကြလေသည်။

ထို့နောက် ကျော်ညွန့်နှင့် ထွေး[...]
အောင်တို့သည် ကျန်သော ရတ[...]
ပစ္စည်းတချို့ကို အညီအမျှခွဲဝေယူ[...]
ကာ အေးချမ်းစွာ နေထိုင်ခဲ့ကြ[...]
တော့သည်■

* * *

တင့်ထွေး(ဇေယျ[...])



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်တဲ့ ခံတက်ပင်

သျှင်ထွေး (သန်လျင်)

ခံတက်ရွက်နုလေးများ ဝေ
ည်နေပြီ။ ဈေးထဲတွင်လည်း
ာက်ချဉ်အစည်းလေးများကို
ွေ့နေရ၏။ ခံတက်ချဉ်မှာ ထမင်း
စေသော တို့စရာကောင်းဖြစ်
။

ခံတက်နှင့် ပတ်သက်ပြီး
ဆေးစွမ်းထက်ပုံနှင့် သိသင့်တာ
ကို ရှာဖွေကြည့်ဖြစ်၏။

ခံတက်ပင်ကို မြန်မာနိုင်ငံ
အောက်ပိုင်း မြစ်နား၊ ချောင်းနား
တွင် အများဆုံးတွေ့ရတတ်
ည်။ ခံတက်၏ အခေါက်၊ အရွက်၊
မြစ်တို့သည် ဆေးဖက်ဝင်သည်။

ခံတက်အခေါက်နှင့် ပတ်
ပြီး ဆေးအဖြစ် အသုံးပြု
ပုံမှာ သက်တံ့နာနှင့် အနာ
က်နာတို့ ဖြစ်ပါက ခံတက်
က်နှင့် ပရန္နဝါမြစ်တို့ကို သွေးပြီး
ကပ်ပါက လျင်မြန်စွာ ပျောက်
ခေပါသည်။

ခံတက်ရွက်နှင့် ပတ်သက်
တော့ အရွက်ကို ကြိတ်ပြီး
ကြင့် ဖျော်ကာ၊ မီးဖြင့် နွေး
ောင်လုပ်ပါ။ ကိုက်ခဲ နာကျင်
များအတွက် လိမ်းကျံပေးပါက
သာပျောက် ကင်းစေ၏။


ခံတက်ရွက်ကို ကြိတ်ပြီး
ယူပါ။ ခံတက်ရွက် ကြိတ်
ည်နှင့် ကွမ်းရွက်ကြိတ်ညှစ်ရေ





www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဆတူရော ပါ။ ထောပတ်နှင့် ရောသောက်
အဆစ်ရောင်ရောဂါများ သက်သာစေပါသည်။

အရွက်နှင့် ပတ်သက်ပြီး ဆေးဖက်ဝင်ပုံက ခံ
ချဉ်ထည့်စားခြင်းပင်ဖြစ်သည်။ ခံတက်ချဉ်ကို နေ့စဉ် တို့
အဖြစ် စားသုံးပေးပါ။ ခံတက်ချဉ်ရွက်ကို သုပ်၍
စားပေးပါ။ လေထိုး, လေအောင့်ရောဂါများ တကယ်
တွေ့ ပျောက်ကင်းစေပါသည်။ တန်-ဆေး၊ လွန်-ဘေး
ကိုတော့ သတိပြုသင့်ပါသည်။

ခံတက်မြစ်ကို လေးခွက်တစ်ခွက်တင် ပြုတ်
ပါက ဆီးချိုနှင့် ကျောက်တည်ရောဂါ သက်သာစေ
ရင်းအမြစ်ပြုတ်ရည်ကို ကြိုသကာရောပြီး သောက်
ဆီးအိမ်ရောင်ရောဂါနှင့် ကျောက်တည်ရောဂါပျောက်
ခံတက်ရွယ်နုလေးများ၏ ဆေးအစွမ်းပင် ဖြစ်ပါ

* * *

သျှင်ထွေး(သ








www.burmeseclassic.com

www.burmeseclassic.com




မြန်မာလူမျိုးများသည် မကြာခဏ တိုင်တည်ဆုတောင်း အဓိဋ္ဌာန်ပြုမှုကိစ္စများအား ရှေးထုံးတမ်းအစဉ်အလာတစ်ရပ်အဖြစ် ယုံကြည်စွာ ဆောင်ရွက်ခဲ့ကြပါသည်။ တိုင်တည်ဆုတောင်း အဓိဋ္ဌာန်ပြုမှုများသည် နောက်ဆုံး ပွင့်တော်မူခဲ့သော ဘုရားရှင် ဂေါတမလက်ထက်တော် ဗုဒ္ဓဖြစ်စဉ် ကျမ်းဂန်များ၌ အထင်အရှားတွေ့နိုင်ပါသည်။ အလားတူစွာ ဘုရားရှင် သုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာ ဘုရားရှင်ထံတွင် ဗျာဒိတ်ခံယူ၍ သစ္စာပြု အဓိဋ္ဌာန်တိုင်တည်ပြုခဲ့ပုံကို ထောက်ရှုလျှင် အတိတ်ကမ္ဘာပေါင်းများစွာကပင် ရှိခဲ့ပုံရပေသည်။ ဘုရားရှင် ဂေါတမပင်လျှင် မိမိ တောထွက်တော်မူသည့်အခါ အနော်မာမြစ်ကမ်းသို့ ရောက်ရှိ ကျော်ဖြတ်ပြီးသောအခါ ဆံထုံးတော်ကို သန်လျက်ဖြင့် ဖြတ်တောက်ပြီးသောအခါ "ငါ ဘုရားဖြစ်မည်မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌ တည်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့သည်ကို ဗုဒ္ဓဖြစ်စဉ်တော်၌ တွေ့ရှိရပါသည်။ အလားတူစွာ ဘုရားရှင်အဖြစ် ရောက်လုနီးချိန် သုဇာတာ သူဌေးသမီး၏ နို့ဆွမ်းကို ဘုဉ်းပေးတော်မူအပြီး သူဌေးသမီး လှူဒါန်းခဲ့သည့် ရွှေခွက်ကို "ယနေ့ ငါဘုရား ကေန်ဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း"ဟု သစ္စာပြု အဓိဋ္ဌာန်တိုင်တည် ဆုတောင်းခဲ့သည်ကို တွေ့နိုင်ပေသည်။

www.burmeseclassic.com

မြန်မာ့ထုံးတမ်းအစဉ်လာ ပုံပြင်အချို့တွင်လည်း မြစ်အတွင်းသို့ ပုဆိန်ကျပျောက်သွားသဖြင့် မြစ်စောင့်နတ်အား တိုင်တည်မှုဖြစ်စဉ်သည် သစ္စာပြု အဓိဋ္ဌာန်တိုင်တည် ဆုတောင်းခြင်းအတွက် သက်သေပြယုဂ်တစ်ခုဖြစ်ပေသည်။ ဤသို့ဆိုလျှင် ကျွန်တော်တို့ ကမ္ဘာမြေကို အမှီပြု နေထိုင်ကြသော လူသားအပေါင်းသည် မိမိတို့ ဖြစ်လိုသော လိုအင်ကြံစည်မှုများအား သစ္စာပြု အဓိဋ္ဌာန်တိုင်တည်လျှင် ပြည့်ဝနိုင်လိမ့်မည်ဟု ယေဘူယျသတ်မှတ် အတည်ပြုနိုင်ပေသည်။ တိုင်တည်သစ္စာပြုရာ၌ အချို့က ဘုရားရှင်ကို တည်တိုင်၍၊ အချို့က တစ်စုံတစ်ရာကို **သက်**သေပြု တိုင်တည်ကြသည်။ ဘုရားရှိခိုး၊ ငါးပါးသီလ ဆောက်တည်၊ ကောင်းမှုကုသိုလ်ပြု ရေစက်ချ လှူဒါန်း၍ ကမ္ဘာကြီးကို တိုင်တည်ကြပေသည်။

ဆက်လက်၍ ငယ်စဉ်က ကျွန်တော်၏ အတွေးအခေါ် အယူအဆအချို့နှင့် ပတ်သက်၍ တင်ပြ ဆွေးနွေးလိုပါသည်။ တိုင်တည်သစ္စာပြုမှု၊ ဆုတောင်းမှုများနှင့် ပတ်သက်၍ ကျွန်တော်တို့ငယ်စဉ် မိဘဆရာသမားများမှ သင်ကြားလမ်းညွှန် ခဲ့ကြပါသည်။ သို့သော်လည်း ကျွန်တော်ငယ်စဉ်က တိုင်တည်ဆုတောင်းလျှင် ပြည့်ဝလိမ့်မည်ဟု လုံးဝ မယုံကြည်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ကလေးအတွေး၊ ကလေးအမြင်ဖြင့် ဆုတောင်းသော ကျွန်တော့်တောင်းဆုများ ပြည့်ဝမှု နည်းပါး ခဲ့သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိ မျက်မှောက်ဘဝ၌ သားသတ် ငါးသတ် မကောင်းမှု ဒုစရိုက်မျိုးစုံလုပ်နေ သူများမှ ထီဆုကြီးများ ပေါက်ကြသည်၊ ပြည့်စုံကြွယ်ဝ ချမ်းသာကြသည်။ နံနက်မိုးလင်းမှ မိုးချုပ် ဘုရားဂုဏ်တော် ကွန်ချာများ ရွက်ဖတ်နေကြသူများ၊ တရားမျှတစွာဖြင့် ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားသောက်ကြသူများမှာ ထီပေါက်သည့် အခွင့်အရေးရရှိမှုများ နည်းပါးကြသည်။ ပြည့်စုံကြွယ်ဝမှု နည်းပါးကြသည်ကို တွေ့ရပေလိမ့်မည်။ ထိုအခြေအနေမှာ ငယ်စဉ်ကာလ ကျွန်တော့်ဘဝအတွက် ဆုတောင်းမှုနှင့် ပတ်သက်၍ သက်သေပြ စောဒကတက် ရသည့် အကြောင်းကိစ္စရပ်တစ်ခု ဖြစ်ပေသည်။ လူလတ်ပိုင်းအရွယ် တပ်မတော်အရာရှိ ဖြစ်လာချိန်တွင်လည်း ပကတိ လက်တွေ့အခြေအနေဖြင့်သာ ယှဉ်တွဲသုံးသပ် ဆုံးဖြတ်ဆောင်ရွက်တတ်သော တပ်မတော်ခေါင်းဆောင်များ၏ အလေ့အကျင့် သဘာဝအတိုင်း "ကောင်းတာလုပ်လျှင် ကောင်းတာ ဖြစ်မည်။ ဆိုးတာလုပ်လျှင် ဆိုးတာဖြစ်မည်" ခံယူချက်ဖြင့် ဘဝ ရင်ဆိုင်ဖြတ်သန်းခဲ့ပါသည်။ "ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုလျှင်" တေးသွား စာသားမှလည်း ဆုတောင်းမပြည့်နိုင်သည့် လူသားတို့၏ သဘာဝအခြေအနေကို ထောက်ခံသကဲ့သို့ ရှိနေပေသည်။ ကျွန်တော့်လိုပဲ အိုင်တီ သိပ္ပံနည်းပညာများ လွှမ်းခြုံထားသည့် မျက်မှောက်ခေတ် လူငယ်များ၏ အတွေးအာရုံတွင်လည်း ဆုတောင်း သစ္စာပြု အဓိဋ္ဌာန်တိုင်တည်ခြင်း နှင့် ပတ်သက်၍ သံသယများစွာ ရှိနေပေလိမ့်မည်။ ထိုသံသယများကို ချေဖျက်နိုင်ရန် အဖြေအား ရှာဖွေခဲ့ရာ မထင်မှတ်ဘဲ နက္ခတ်သိပ္ပံနည်းပညာနယ်ပယ်ရပ်ဝန်းတွင် ရှိနေကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုအခါ ငယ်စဉ်က ကျွန်တော် အလိုမကျခဲ့သည့် ဆုတောင်းသစ္စာပြု အဓိဋ္ဌာန်တိုင်တည်မှုများ ပြည့်ဝရခြင်း၊ မပြည့်ဝရခြင်း အကျိုးအပြစ်များအား သိရှိလာခဲ့ရပါသည်။ ထိုသို့ သိရှိခဲ့ရခြင်းမှာလည်း နက္ခတ်သိပ္ပံပညာနယ်ပယ်ရပ်ဝန်းမှ ကောင်းကင်အမြင် နက္ခတ်ပိုင်းဆိုင်ရာ သဘောတရားများ အား နှံ့နှံ့စပ်စပ်သိရှိလာခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

အဓိဋ္ဌာန်တိုင်တည် သစ္စာဆိုကြရာတွင် ဘုရားရှင်လက်ထက်တော်၌ ထူးခြားစွာ ပြည့်ဝကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ပြည့်မြောက် အောင်မြင်ရခြင်းမှာ ထိုခေတ်ကာလ ရုပ်ဝတ္ထုနည်းပညာတိုးတက်မှု နည်းပါးသေးသည့်အတွက် လူသား များသည် လောဘ၊ မောဟတရားများ နည်းပါးကြသည်။ ကိုယ်ကျင့်သိက္ခာ၊ သစ္စာတရားကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းကြသည်။ ထိုအခြေအနေမျိုးကြောင့် လူသားတို့၏ တိုင်တည်သစ္စာပြုမှုအပေါ် နတ်သိကြားများမှပင် ကူညီ စောင့်ရှောက်ကြရပေသည်။ ထိုကာလကို လွန်မြောက်၍ ပုဂံအင်ပါယာခေတ်မှ ကုန်းဘောင်ခေတ်အတွင်း လူတို့၏ ကိုယ်ကျင့် သိက္ခာတရားများ တဖြည်းဖြည်းလျော့ပါးလာကြသည်။ ပိုင်ဆိုင်ကြွယ်ဝလိုမှု လောဘမီးများ တဖြည်းဖြည်းချဲ့ ကြီးထွားလာကြကြောင်း တွေ့ရှိရပြီး အင်္ဂလိပ်ခေတ်၊ လွတ်လပ်ပြီးခေတ်၊ ပါလီမန် ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်အတွင်း သစ္စာနှင့် သိက္ခာကို ငွေအသပြာနှင့် တဖြည်းဖြည်းချင်း လဲလှယ်လာကြပေသည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်သာမက ကမ္ဘာ့ရေစီးကြောင်းအတွင်းတွင်လည်း ၁၉၉၀ နောက်ပိုင်းမှ ယခု မျက်မှောက်ခေတ်ကာလအတွင်း အံ့မခန်းတိုးတက်လာသော နည်းပညာအသစ်အဆန်းများအောက် လူသားများ၏ အတ္တပုံဆောင်ခဲများသည် မဟာတံတိုင်းများအသွင်သို့ ရောက်ရှိ လာကြပါသည်။

မြန်မာ့လူ့ဘောင်တွင် ဆိုရှယ်လစ်ခေတ် တိုက်တစ်လုံး၊ ကားတစ်စီးပိုင်ဆိုင်ထားသော သူဌေးကြီးများမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com

အစိုးရလက်ထက်၊ ဒီမိုကရေစီအစိုးရလက်ထက် သိန်းသောင်းချီတန်သော စံအိမ်ကြီးများ၊ သိန်းထောင်ချီတန်သော အဖိုးတန်ကားများစွာကို ရယူပိုင်ဆိုင်လိုသည်သာမကတော့ဘဲ စင်ကာပူ၊ အင်္ဂလန်၊ အမေရိကားတို့၌ အဆင့်မြင့် အိမ်ခြံယာဉ်များကိုပါ ရရှိပိုင်ဆိုင်ဖို့ ကြိုးစားလာကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။ သို့အတွက် ရာထူးအာဏာရှိသူမှလည်း ညြဏအရှိန်အဝါ ခုတုံးပြု၍ ငွေအသပြာတိုးပွားပြည့်စုံရန် သစ္စာနှင့် သိက္ခာကို ဘေးချိတ်၍ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့ဆွေမျိုးသားချင်းအတွက် မီးကုန်ယမ်းကုန် ကြိုးစားရှာဖွေကြသည်။ သူဌေးကြီး၊ သူဌေးလတ်၊ သူဌေးငယ်များစွာမှလည်း ငွေအသပြာရရှိရေးအတွက် စီးပွားရေးအခွင့်အရေးပေးနိုင်သူများအား အောက်လမ်းနည်း၊ အထက်လမ်းနည်းမျိုးစုံဖြင့် ချဉ်းကပ်သိမ်းသွင်းပြီး ငါ၊ ငါ့မိသားစု၊ ငါ့ဆွေမျိုးသားချင်းများအတွက် ငွေကြေးအသပြာကို သဲကြီးမဲကြီးရှာဖွေကြပေသည်။ ရာထူးဂုဏ်ရှိသူမှလည်း ပိုင်ဆိုင်ထားသော ရာထူးအတွက် ဂုဏ်မောက်ကြသည်။ ပညာဂုဏ်ရှိသူ၊ ပိုက်ဆံဂုဏ်ရှိသူများမှလည်း အသီးသီးဂုဏ်မောက်ကြလေရာ ဂုဏ်တုဂုဏ်ပြိုင် ပကာသနများကြား လောဘ၊ ဒေါသမီးများဖြင့် လောင်ကျွမ်းလွှမ်းမိုးသော ခေတ်တစ်ခုအသွင် ဖြစ်လာရပေသည်။

ထိုကဲ့သို့ အမိုက်အမှောင်များ လွှမ်းခြုံနေသည့် မျက်မှောက်ခေတ်ကာလ လူသားများ၏ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်ဆုတောင်းမှုများသည် ဘုရားရှင်လက်ထက်တော်တွင် ရှင်သန်ခဲ့သော ကမ္ဘာဦး လူသားများ၏ ဆုတောင်းမှုများကဲ့သို့ မပြည့်ဝနိုင်ကြောင်း တွေ့နိုင်ပေလိမ့်မည်။ ဤသည်မှာ သစ္စာ၊ သီလ၊ သမာဓိ၏ ယိမ်းယိုင်ပြိုလဲ ပျက်သုဉ်းကွယ်ပျောက်မှုများ

| နေ့သားသမီး | အမြစ် - အညွှန့် | ပဋ္ဌပွတ် - စတုရန်း | အပွတ် - တြိရန်း |
|---|---|---|---|
| တနင်္ဂနွေ | စနေ - တနင်္လာ | ကြာသပတေး - ဗုဒ္ဓဟူး၊ ရာဟု | သောကြာ - အင်္ဂါ |
| တနင်္လာ | တနင်္ဂနွေ - အင်္ဂါ | သောကြာ - ကြာသပတေး | စနေ - ဗုဒ္ဓဟူး၊ ရာဟု |
| အင်္ဂါ | တနင်္လာ - ဗုဒ္ဓဟူး၊ ရာဟု | စနေ - သောကြာ | တနင်္ဂနွေ - ကြာသပတေး |
| ဗုဒ္ဓဟူး၊ ရာဟု | အင်္ဂါ - ကြာသပတေး | တနင်္ဂနွေ - စနေ | တနင်္လာ - သောကြာ |
| ကြာသပတေး | ဗုဒ္ဓဟူး၊ ရာဟု - သောကြာ | တနင်္လာ - တနင်္ဂနွေ | အင်္ဂါ - စနေ |
| သောကြာ | ကြာသပတေး - စနေ | အင်္ဂါ - တနင်္လာ | ဗုဒ္ဓဟူး၊ ရာဟု - တနင်္ဂနွေ |
| စနေ | သောကြာ - တနင်္ဂနွေ | ဗုဒ္ဓဟူး၊ ရာဟု - အင်္ဂါ | ကြာသပတေး - တနင်္လာ |

ကြောင့် ဖြစ်ပေသည်။ ဆုတောင်းအဓိဋ္ဌာန် သစ္စာပြု တိုင်တည်လိုသူသည် အမှန်တကယ် မိမိဆန္ဒပြည့်ဝစေရန်အတွက် အနည်းဆုံး ငါးပါးသီလမြဲမြံရန် လိုအပ်ပါမည်။ ဆုတောင်းအဓိဋ္ဌာန် တိုင်တည်ပြုရာ၌ မိမိ၏ အောင်မြေနေရာဒေသ ရွေးချယ်နိုင်မှုမှာလည်း အထူးအရေးကြီးလှပါသည်။ အထူးသဖြင့် အောင်မြေနေရာဒေသသည် မိမိမွေးနံမှ အမြစ်နှင့် အညွှန့်နေရာဒေသအား ရွေးချယ်လေ့ရှိကြပါသည်။ ဥပမာ - သောကြာနေ့သား မင်းကရာဇ်တစ်ပါးသည် မိမိ၏ အောင်မြေဒေသတွင် မြို့တည် နန်းတည်လိုပါက မိမိ၏ အမြစ်နံ ကြာသပတေးပါသော မြို့ ဒေသ ရေယာအဝန်းအဝိုင်း၌ စနေ ပါသော မြို့တော်နန်းတော်၏ အမည်ကို ရွေးချယ်ကြရပေသည်။ အင်္ဂါနေ့ဖွား တစ်ဦးဦးသည် ပြိုင်ပွဲတစ်ခုခု ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိ၏ အောင်မြင်မှုရရှိရန်အတွက် မိမိ၏ အမြစ်နံ တနင်္လာပါသော မြို့ ဒေသ ရေယာအဝန်းအဝိုင်း၌ ဗုဒ္ဓဟူးပါသော ရပ်ကွပ် (သို့) ကျေးရွာကို ရွေးချယ်ရပေလိမ့်မည်။ ယခု ဆုတောင်းအဓိဋ္ဌာန် သစ္စာပြု တိုင်တည်ရာတွင် မိမိ၏ မွေးနံမှ အမြစ်နံ မြို့ရွာဒေသတွင် အညွှန့်နံဖြစ်သော ဘုရား၊ ပုထိုး၊ စေတီ ဂြိုဟ်နံထောင့်၌ ဆောင်ရွက်ခြင်းဖြင့် အကျိုးများ ရှိလာပေလိမ့်မည်။ လူတိုင်းအတွက် အမြစ်အညွှန့်ဂြိုဟ်များ အကျိုးမပြုနိုင်သဖြင့် နေ့သားသမီးအသီးသီးအလိုက် ရွေးချယ်သင့်သော အောင်မြေနေ့နံများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြထားသော ဇယားသည် မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာပညာရပ်၌ ပါရှိသော အမြစ်-အညွှန့်အုပ်စုဖွဲ့၊ ပင်းယတွဲ၊ သစ်ဆိမ့်တွဲများ ဖြစ်ကြပေသည်။ ထိုသို့ အမျိုးအစား သုံးမျိုးပေးထားရခြင်းမှာ အောင်မြေနေ့နံအတွဲများအား နက္ခတ်သိပ္ပံပညာရပ် ၏ အတာခွင် ဂြိုဟ်ရပ်တည်မှုများဖြင့် တိုက်ဆိုင်ညှိနှိုင်းသောအခါ အားလုံးမကောင်းနိုင်သည့်အတွက်ကြောင့် ဖြစ်ပါသည်။ တနင်္ဂနွေနေ့ သားသမီးတစ်ဦးသည် သူ၏ အောင်မြေအား တိုက်ကြီးမြို့နယ်ရှိ တနင်္လာနံဖြင့် စတင်သော စေတီပုထိုးတစ်ခုခုကို လည်းကောင်း၊ မင်းဓမ္မကုန်းမြေ၌ တည်ထားကိုးကွယ်သော ကျောက်တော်ကြီးဘုရားရှိ ဗုဒ္ဓဟူး (သို့) ရာဟုထောင့်တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ သိဂုတ္တရကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော်ကြီး၏ အင်္ဂါထောင့်ကို လည်းကောင်း ရွေးချယ်နိုင်ပါသည်။ အလားတူစွာပင် ကျန်သော နေ့သားသမီးများမှာလည်း ဇယားတွင် ဖော်ပြပေးထားသော မိမိတို့၏ အောင်မြေနေရာဒေသများအား တန်ဖိုးရှိရှိ အသုံးပြုနိုင်ပါသည်။ အကျိုးထူးပေးမည့် အောင်မြေနေရာများအား မြန်မာ့ရိုးရာ အင်္ဂဝိဇ္ဇာပညာနှင့် နက္ခတ်သိပ္ပံပညာနှစ်မျိုး ပေါင်းစပ်ညှိနှိုင်းတွက်ချက်မှသာ ရရှိနိုင်ပေလိမ့်မည်။

ဆက်လက်၍ တိုင်တည်သစ္စာပြု ဆုတောင်းရာ၌ မိမိဇာတာခွင်၌ ပါရှိသော ဂြိုဟ်နက္ခတ်များ၏ အကျိုးပေးမည့် အချိန်ကာလအား သိရှိနားလည်ရန် အထူးလိုအပ်ပါသည်။ မိမိ တိုင်တည်ဆုတောင်းလိုသော ဂြိုဟ်နက္ခတ်များ မိမိ၏ ဦးခေါင်းထိပ်တည့်တည့် မွန်းတည့်ကောင်းကင်အား ဖြတ်သန်းချိန်၌ ဆုတောင်းမှသာ လိုအင်ဆန္ဒပြည့်ဝတတ်ပါသည်။ ဤလျှို့ဝှက်ချက်အား နက္ခတ်ပညာရှင်အသိုင်းအဝန်းမှ ပုဂ္ဂိုလ်တော်တော်များပင် မသိရှိကြကြောင်း တွေ့ရှိရပါသည်။ မွန်းတည့် မိုးကောင်းကင်သို့ ဂြိုဟ်နက္ခတ်များ ဖြတ်သန်းခြင်းတွင် နှစ်မျိုးနှစ်စားရှိကြောင်း တွေ့ရပေလိမ့်မည်။ လူတစ်ဦး ရပ်နေသည့် နေရာတည့်တည့် ဦးခေါင်းထက် မွန်းတည့် မိုးကောင်းကင်မှ ဂြိုဟ်နက္ခတ် ဖြတ်သန်းမှုနှင့် လူတစ်ဦးရပ်နေသော လတ္တီတွဒ် နေရာမှ အထက်နှင့် အောက် ၆၀ ဒီဂရီကွာဝေးသော လတ္တီတွဒ်နေရာဒေသမှ ဂြိုဟ်နက္ခတ်များ ဖြတ်သန်းမှုဟူ၍ ဖြစ်ပေသည်။ အဆိုပါ အခြေအနေနှင့် ပတ်သက်သော ဥပမာ သာဓကတစ်ရပ်အား တင်ပြရလျှင် နက္ခတ်သမိုင်းကြောင်းတွင် နက္ခတ်ပညာရှင် သူတော်စင် ရသေ့ကြီးတစ်ပါးမှ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မတ်ချိန်တွင် ရတနာရွှေမိုးငွေမိုးရွာသွန်း စေမည့် ဂါထာတော်ကို ရွတ်ဖတ်၍ ဆောင်ရွက်ခဲ့ကြောင်း တွေ့နိုင်ပေသည်။

ထိုဖြစ်စဉ်ကို အခြေပြု၍ ယနေ့ခေတ်တွင် ဓနသိဒ္ဓိနက္ခတ်ပေါ် လဂ်ဖြတ်သည့် ဇယား၊ မွန်းတည့် ဖြတ်မျဉ်းဇယားများအား တွက်ချက်၍ အချို့သော မဂ္ဂဇင်းများ၌ မဟာဝေဒဗမန္တန်၊ သဗ္ဗဇယမင်္ဂလ ဂါထာတော် ရှင်သီဝလီ (၁၀)ဂါထာများကို ရွတ်ဆိုခြင်းဖြင့် ကောင်းကျိုးတရားများ ရရှိနိုင်ကြောင်း ဖော်ပြထားကြပါသည်။ ဓနသိဒ္ဓိနက္ခတ်သည် Delphineကြယ် နက္ခတ်တစ်ခုဖြစ်ပြီး တောင်လတ္တီတွဒ် ၀ ဒီဂရီ ၁၃မိနစ် ၅၆စက္ကန့်တွင် ရှိနေပါသည်။ သို့ဖြစ်၍ အဆိုပါ နက္ခတ်၏ အကျိုးထူးအား ရရှိနိုင်မည့် နေရာဒေသမှာ အီကွေတာရပ်ဝန်း တောင်နှင့် မြောက် ၀ ဒီဂရီ လတ္တီတွဒ်မျဉ်းပေါ်တွင် ရပ်တည်နေသော နေရာဒေသများ၊ မြောက်လတ္တီတွဒ် ၃၀ဒီဂရီနှင့် တောင်လတ္တီတွဒ် ၃၀ ဒီဂရီ၌ ရပ်တည်နေမည့် နိုင်ငံ နေရာဒေသများတွင်သာ အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ မြန်မာနိုင်ငံသည် တောင်လတ္တီတွဒ် ၁၀ဒီဂရီ မှ မြောက်လတ္တီတွဒ် ၂၆ ဒီဂရီအတွင်းတွင် ရပ်တည်နေသော နိုင်ငံဖြစ်သည့်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် ပတ်သက်သော အစီအရင်ဆောင်ရွက်မှု ဂါထာမန္တန်ရွတ်ဖတ်မှုများသည် အကျိုးသက်ရောက်မှု နည်းပါးလှပေလိမ့်မည်။ ဓနသိဒ္ဓိနက္ခတ်နှင့် ပတ်သက်သောကိစ္စများ ဆောင်ရွက်ရာတွင် တရုတ်၊ အိန္ဒိယမြောက်ပိုင်းနှင့် ဩစတြေးလျနိုင်ငံများမှသာ ထူးခြားစွာ အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

"နက္ခတ်သိပ္ပံရှုထောင့်အမြင်နှင့် တိုင်တည်ဆုတောင်း အဓိဋ္ဌာန်ပြုခြင်း" ဆောင်းပါးအပိုင်း (၂)အား ဆက်လက်ရေးသား ဖော်ပြပေးသွားပါမည်။

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)

မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့ ၀၉၅၃ ၉...



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်၏ တစ်သက်တာကျင့်စဉ်

■ သစ္စာဝါဒီ ဆရာမြတ်စောလင်း ■

ကျွန်ုပ်သည် နံနက် ၅နာရီတွင် ထ၍ ရေ ဇကျိုက် သရဏဂုံသုံးပါးရွတ်၍ သောက်ပြီးသည်နှင့် ၄၅မိနစ်ခန့် သောခရီးသို့ လမ်းလျှောက်ထွက်ကာ လမ်းလျှောက်ရင်း ၁၀မျက်နှာ မေတ္တာပို့ခြင်းနှင့် ဂါထာမန္တန်များကို တ်ပြီး လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းနှင့် လမ်းလျှောက်သော လမ်းဘေးဝဲယာတွင် ရှိသော ၏ တပည့်များကို ၎င်းတို့၏ လုပ်ငန်းစီးပွားကောင်း၍ ယ်ကင်းရန် သီးသန့်ရပ်၍ တစ်မိနစ်ခန့် မေတ္တာပို့ င်းခြင်းကိုလည်း ပြုလုပ်၏။ လမ်းလျှောက်ရာမှ ကျွန်ုပ် သို့ရောက်လျှင် နံနက်စာကို စားသောက်ပြီး ဘုရား ရှေ့တွင် ထိုင်လျက်···

- အနန္တငါးပါး ဦးခေါင်းသို့ ပင့်ခြင်း၊
- ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး အမွှေးနံ့သာများ ကပ်လှူခြင်း၊
- ရတနာသုံးပါး၊ အနန္တငါးပါး၊ ခင်ပွန်းကြီးဆယ်ပါး ကန်တော့ခြင်းများကို ကန်တော့ပူဇော်ခြင်း၊
- အာဇီဝဋ္ဌမက သီလခံယူခြင်း၊
- ဆုတောင်းအမျှဝေ မေတ္တာပို့ခြင်း၊
- ပဋ္ဌာန်း ၂၄ ပစ္စည်းရွတ်ခြင်း၊
- ဂုဏ်တော်ကွန်ချာဂါထာရှစ်ပုဒ် ရွတ်ခြင်း စသော ပြုဖွယ်တို့ကို နံနက်တိုင်း ဆောင်ရွက်၍ ဗေဒင်မေး ပရိသတ် မရောက်ခင် စာရေးခြင်း၊ စာဖတ်ခြင်းတို့ကို ပြုပြီး ညပိုင်းတွင် လိုအပ်လျှင် လိုအပ်သလို ဂါထာမန္တန်ရွတ်ခြင်း၊ ကျင့်စဉ်များကို ဆောင်ရွက်ခြင်းတို့ကို ပြုသည်။

ကျွန်ုပ် ဆောင်ရွက်သော ကျင့်စဉ်များမှာ -

ည ၇နာရီတွင် ဉုံပုပ္ပေနီဝါသဉာဏ်တော် စိန္တာစိန္တေတိ အပဟံဝန္တာမိ ဂါထာမန္တန်ကို ဖယောင်းတိုင်တွင် ရေး၍ ထွန်းညှိ ပူဇော်ပြီး ပုတီးတစ်ပတ်ကို ၎င်းဂါထာဖြင့် ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့ အမျှဝေခြင်း၊ ဆုတောင်း ဆန္ဒပြုခြင်းကို ပြုလုပ်၏။



www.burmeseclassic.com

www.burmeseclassic.com

ည ၁၂နာရီ သန်းခေါင်ယံတွင် ဉ္စဒိပ္ပစက္ကုဉာဏ်တော် စိန္တာ စေိန္တာတိ အပဟံဝန္ဒာမိကို ဖယောင်းတိုင်တွင် ရေး၍ ပုတီးတစ်ပတ် ၁၀၈ခေါက် ရွတ်ဖတ်၍ ပူဇော်ပြီး နတ်အပေါင်းနှင့် သိကြားမင်း၊ နတ်မင်းကြီး ၄ပါးအပါအဝင် မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့အား မေတ္တာပို့ခြင်းများ ဆောင်ရွက်ခြင်း။

နံနက် ၅နာရီ အရုဏ်တက်ချိန် မိုးသောက်ယံတွင် ဉ္စအာသဝက္ခယဉာဏ်တော် စိန္တာ စိန္တေတိ အပဟံဝန္ဒာမိဂါထာကို ဖယောင်းတိုင်တွင် ရေး၍ ပုတီးတစ်ပတ် ၁၀၈ခေါက် ရွတ်ဆိုပူဇော်ပြီး မေတ္တာပို့ အမျှဝေကာ ဆုတောင်း၍ မိမိလိုအပ်ချက်ကို သစ္စာပြု တိုင်တည်သည်။

### သစ္စာပြု ဂါထာ

ဘဂဝါ ကုိစ္ဆန္တော၊
သာသဘာ ဂပ္ပေပိ၊
ကုိတော ဇိတော စိကမ္ပတိ၊
ဘဂဝါကုိစ္ဆန္တော စက္ကဝါဠ ဂပ္ပေပိ၊
ကာရေဏာ ဇာရတိ တေနသစ္စဝစ္စေန၊
သေတ္တိမေ ဇေယျမင်္ဂလံ၊
အာယုမေသုခံမုဏာံ။

### မြန်မာစကားပြေ


ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အ
နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ကြီးမားလို
ဆန္ဒရှိတော်မူသောအခါ၌ အရှေ့စကြဝဠာကို ခေါင်းအုံးလျ
အနောက် စကြဝဠာကို ခြေတင်ပြီး လျောင်းတော်မူနိုင်
၏။

သေးငယ်လိုသော ဆန္ဒရှိတော်မူသောအခါ၌ မုံ
ဆံကလေးအတွင်း၌ ပရိက္ခရာရှစ်ပါး စုံလင်စွာဖြင့် လူ
ခေါက်တုံ့ ကြွချီသွားလာတော်မူနိုင်ပါပေ၏။

ဤသို့သော မှန်ကန်သော သစ္စာစကားကို ပြော
ခြင်းကြောင့် ကျွန်ုပ်ထံသို့ ရောက်ရှိကြကုန်သော
သားသမီးတို့၏ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး
မာရေး၊ ပညာရေး၊ လူမှုရေး၊ မင်းရေးစိုးရေး အစရှိ
ကိစ္စအဝဝကို ကျွန်ုပ် ဆောင်ရွက်ပေးသော သျှန္တီ ယ
သည် ရာနှုန်းပြည့် အစွမ်းထက်မြက်ကြကုန်သည်
ငင်းတို့၏ လိုအင်ဆန္ဒအတိုင်း ပြီးပြည့်စုံခြင်း၊ အောင်မြ
သည် ဖြစ်ပါစေသတည်း။■

* * *

သစ္စာဝါဒီဆရာမြတ်စော


လှလှနွယ်စာပေမှ
ထုတ်ဝေသော
မေတ္တာရာဆရာကျော်
၏
မြန်မာနိုင်ငံရေးဇာတာနှင့်
နက္ခတ်ဗေဒင်အမြင်

- အနာဂတ် မြန်မာပြည်
- မြန်မာ့လွတ်လပ်ရေးဇာတာနှင့် ပစ္စုပ္ပန်ကောင်းကင်
- ဂြိုဟ်အခင်းအကျင်း
- ၂၀၁၅ နှင့်ဒေါ်အောင်ဆန်းစုကြည်
- ၂၀၀၈ ဖွဲ့စည်းပုံကသာ ခွင့်ပြုမယ်ဆိုလျှင်
- အမေစုနှင့် ဂျော့ဒဗလျူဘုရှ်
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် အင်္ဂါဂြိုဟ်အ

စာအုပ်ဆိုင်တိုင်းတွင်မေးပါ





www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး



ပထမဆုံး ပြောပြချင်တဲ့ သတင်းကတော့ ရေမွှေးနံ့ထွက်နေတဲ့ ထူးဆန်းတဲ့ ကျောက်ခဲကြီးကို တူးဖော်တွေ့ရှိခြင်းပဲ ဖြစ်ပါတယ်။ ကျောက်တုံး ကျောက်ခဲတွေက ရေမွှေးနံ့ထွက်နေတယ်ဆိုတာ အံ့သြထူးဆန်းဖွယ်ရာပဲ ဖြစ်ပါတယ်။

(၃-၄-၂၀၁၄)ရက်နေ့မနက်ပိုင်းမှာ တူးဖော်တွေ့ရှိတာပါ။ မန္တလေးတိုင်း စည်ပင်သာယာကနေ မြေတူးဖော်ရာမှ တွေ့ရှိခြင်းဖြစ်ပါတယ်။ နေရာကတော့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်မှာ ရှိတဲ့ ရှင်အရပ်သိမ်ဘုရားအနီးက ရောဝတီမြစ်ကမ်းနံဘေးမှာ ဖြစ်ပါတယ်။

ဘာကြောင့် ရေမွှေးနံ့တွေ ထွက်နေသလဲဆိုတဲ့ အဖြေကိုတော့ ဘူမိဗေဒပညာရှင်တွေနဲ့ စမ်းသပ်မှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com





# သတင်းပုံရိပ်များ

— မောင်ဝေအေး —

ဒုတိယသတင်းတစ်ပုဒ်ကတော့ သီတဂူဆရာတော်ဘုရားကြီးကို မိုင်းဖုန်းဆရာတော် "ဘဒ္ဒန္တဉာဏသံဝရ" က နေပြီး ဦးခိုက်ဖူးမြော်တဲ့ အကြောင်းပါပဲ။ ဆရာတော်နှစ်ပါးကို အတူတွဲပြီး ဖူးတွေ့ရတာ ကြည်နူးသဒ္ဓါ များစွာဖြစ်မိပါတယ်။

မိုင်းဖုန်းဆရာတော်ကလည်း စာဖတ်ပရိသတ်တို့ သိပြီးသား၊ ကြားပြီးသားဖြစ်ပါမယ်။ သီတဂူဆရာတော်ဘုရားကြီးရဲ့ သီလ သမာဓိဂုဏ်သတင်းတွေကိုလည်း အထူးပြောစရာလိုမယ် မထင်ပါဘူး။

မတ်လ ၂၈ရက်၊ ၂၉ရက်တိုင်တိုင် တာချီလိတ်မြို့မှာ သီတဂူဆရာတော်ဘုရားကြီးရဲ့ တရားပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ မတ် ၃၀ရက်မှာ ဆရာတော်ကြီး ရန်ကုန်ပြန်မကြွမီ မိုင်းဖုန်းဆရာတော်က လာရောက်ပြီး ဦးခိုက်ဖူးမြော်ခြင်းပဲ ဖြစ်ပါတယ်။



မိုင်းဖုန်းဆရာတော်က သီတဂူဆရာတော်ဘုရားကြီးအား ရုပ်တော်မှု ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနဲ့ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပါတယ်။

သီတဂူဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကိုလည်း မိုင်းဖုန်းဆရာတော်မှ ခံယူခဲ့ပါတယ်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com





# သတင်းပုံရိပ်များ

**—— မောင်ဝေအေး ——**



နောက်ဆုံး သတင်းတစ်ပုဒ်ကတော့ အလောင်းစည်သူ
င်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ မုံရွာမြို့အနီးက လောက
ရဂိန်စေတီတော်အတွင်းက ဆင်းတုတော်တစ်ဆူမှ မျက်
ုံးတော်နှစ်ဖက်စလုံး ပွင့်တော်မူတဲ့ သတင်းပါပဲ။

မတ်လ ၂၃ရက်၊ ညသန်းခေါင်ယံအချိန်က စပြီး
က်လုံးတော်နှစ်ဖက် ပွင့်တော်မူလို့ ဘုရားဖူး ပရိသတ်တွေ
အထူးစည်ကားနေပါတယ်။

တပို့တွဲလပြည့်နေ့မှာ ဆင်းတုတော်ကို ရွှေသင်္ကန်း
ပ်အပြီး ရောင်တော်ဖွင့်၍၊ နောက်ပိုင်း မျက်လုံးတော်
ခြင်းဖြစ်ပါတယ်။


မတ်လ ၂၃ရက်နေ့ ၂နာရီလောက်မှာ ဘုရားဖူးကြတဲ့
လေးတွေက ဝဲဘက် မျက်လုံးတော် ဖွင့်လာတာကို
ခဲ့ရပြီး နောက်ပိုင်း လူပြောသူပြောများသွားခဲ့တာပါ။ ဝဲ
က်လုံး စပွင့်ပြီး၊ ညပိုင်းမှာတော့ နှစ်ဖက်စလုံး ပွင့်လာ
ယ်။ မျက်ဆန်တွေကအစ အားလုံး ထင်ထင်ရှားရှားဖူး
ရတယ်လို့ ဆိုပါတယ် ■

* * *



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဇင်အောင်နှင့် မောင်ငြိမ်းသည် ပုသိမ်မြို့သားများဖြစ်ကြပြီး ညီအစ်ကို ဝမ်းကွဲတော်သည်။ ညီအစ်ကိုဝမ်းကွဲ တော်သော်လည်း သူတို့နှစ်ယောက်က ညီအစ်ကိုအရင်းလို ချစ်ခင်ကြသည်။

"တို့ ရှမ်းပြည်တောင်ဘက် တက်ရင် ကောင်းမယ်"

မောင်ငြိမ်းကို ဇင်အောင်က မေးသည်။

"ဘာစက်လုပ်မှာလဲ"

"လက်ဖက်ခြောက်သွားဝယ်ပြီး ပြန်ရောင်းမယ်"

"ကိုယ်တိုင် လက်ဖက်ခြောက် ဆိုင်ဖွင့်ရောင်းမှာလား"

"မရောင်းဘူး။ ဆိုင်ကြီးတွေကို ဖောက်သည်ပေးမယ်"

လက်ဖက်ခြောက် လက်ကား အရောင်းအဝယ်လုပ်ရန် ညီအစ်ကို ဝမ်းကွဲနှစ်ယောက်က ကလော၊ အောင် ပန်းမြို့များသို့ ရောက်ခဲ့သည်။ တောင် ကြီးမြို့ကိုတော့ မရောက်။ ရှမ်းပြည်နယ် ၏ မြို့တော် တောင်ကြီးမြို့သို့ မရောက် သော်လည်း ရှမ်းပြည်နယ်နှင့် နယ်မြေ ချင်း ထိစပ်နေသော ကယားပြည်နယ် ၏ မြို့တော် လွိုင်ကော်မြို့ကိုတော့ ရောက်ခဲ့ကြသည်။

မူလက လက်ဖက်ခြောက် တစ်မျိုးတည်းသော အရောင်းအဝယ်လုပ် ရန် ရည်ရွယ်ခဲ့သော်လည်း ဂေါ်ရခါးသီး၊ ထီမွှော်သီး၊ သရက်သီး၊ နာနတ်သီး စသော သစ်သီးများကိုပါ ဝယ်ယူခြင်း၊ မြို့သည်ဖောက်သည်ပေး ရောင်းချခြင်း များအထိ လုပ်ငန်းချဲ့ထွင်ခဲ့ကြသည်။

ထိုကာလများအတွင်း မောင်ငြိမ်း က "အားနာ" နှင့် ဆုံသည်။ အားနာ သည် ကယားတိုင်းရင်းသူ အမျိုးသမီး။ ကယားပြည်နယ် ဖရူဆိုမြို့သူဖြစ်သည်။ သူတို့နှစ်ယောက်က ကြုံပြီး ဆုံသည်။ ဆုံပြီး ကြိုက်သည်။ ကြိုက်ပြီး ညားရာမှ မောင်ငြိမ်းက မယား၏ နေရပ်ဖြစ်သော ဖရူဆိုမြို့သို့ ရောက်ရှိ နေထိုင်ခဲ့သည်မှာ ကြာပြီ။

ညီအစ်ကိုဝမ်းကွဲတော်သော ဇင်အောင်နှင့် အဖော်ကွဲခဲ့သည်မှာ လည်း ကြာပြီ။ ဇင်အောင်က လူပျိုကြီး ဘဝဖြင့် ပုသိမ်မြို့တွင် စီးပွားရေးလုပ် နေဆဲ။

◈◈◈

တစ်နေ့သ၌ ဇင်အောင်က မရောက်သည်မှာ ကြာပြီဖြစ်သော လွိုင်ကော်မြို့သို့ ရောက်ခဲ့ပြန်သည်။ ရောက်ရခြင်းမှာ မောင်ငြိမ်းတို့မိသားစု ၏ ဖိတ်ခေါ်ခြင်းကြောင့်ဖြစ်သည်။

ဇင်အောင်ကို မောင်ငြိမ်းက လွိုင်ကော်မြို့ရှိ အဝေးပြေးယာဉ်ရပ်နား စခန်းတွင် လာရောက်ကြိုဆိုသည်။

"ဇင်အောင်...လာဟေ့"

"မအားနာ၊ နေကောင်းလား"

"ကောင်းတယ်၊ သူ ခြံထဲဆင်း နေလို့ လိုက်မလာအားဘူး"



"ရပါတယ်ကွာ"

ညီအစ်ကိုဝမ်းကွဲနှစ်ယောက်က အသက်ချင်း မတိမ်းမယိမ်းဖြစ်ခြင်း ကြောင့် မင်းနှင့် ငါနှင့် တရင်းတနှီးပြော သည်။

"မင်း ဖရူဆိုကို မလိုက်နဲ့ဦး။ မင်း မရောက်ဘူးသေးတဲ့ ငွေတောင်နဲ့ ထီး ပွင့်ကန်၊ ပြီးတော့ မြတ်စွာဘုရားသခင် ရဲ့ ခြေတော်ရာစေတီကို အရင်လိုက်ပို့ မယ်"

"ကောင်းတယ် မောင်ငြိမ်း။ ငါက လွိုင်ကော်မှာ ရှိတဲ့ တောင်ကွဲစေတီ၊ မြို့နာမ်ရွှေစေတီတော်၊ နောင်ယားကန်နဲ့ ဥတ္တရာရုံ ဘုန်းတော်ကြီးကျောင်းတွေ ကိုပဲ ရောက်ဖူးတာ"

သူတို့နှစ်ယောက်က ဒွေးမယ် နော်တို့ ပျော်စံရာ "ငွေတောင်ပြည်"ဟု လူသိများခဲ့သော "ငွေတောင်ဆည်"သို့ ရောက်ခဲ့သည်။ ရေလှောအောက်ရှိ သဲ ပွင့်လေးများမှာ ဝဲကန်တော့ပုံစံ တက် လာပြီး ရေမျက်နှာပြင်တွင် ထီးဖွင့်ထား သကဲ့သို့ သဲပွင့်များ လှပစွာ စုစည်းနေ သော "ထီးပွင့်ကန်"သို့လည်း ရောက် ခဲ့သည်။

ထို့နောက် မြတ်စွာဘုရားသခင် ၏ ခြေတော်ရာစေတီတော်ကို ဖူးမြော် ကန်တော့ကြပြီးမှ ဖရူဆိုမြို့သို့ ခရီး ဆက်ခဲ့ကြပါသည်။

◈◈◈

ရောက်ရောက်ချင်း ညီအစ်ကို ဝမ်းကွဲနှစ်ယောက်ကို မအားနာက ခေါင်ရည်တိုက်သည်။ ခေါင်ရည်က ပြောင်းကောက်ခေါင်ရည်။

"သောက်လို့ ကောင်းလား ကိုဇင် အောင်"

"ကောင်းတယ် မအားနာ။ ခေါင်း ထဲမှာတော့ နည်းနည်းရီဝေဝေဖြစ်လာ တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ခေါင်းရည်သောက်ရတဲ့ အရသာပေါ့ ဇင်အောင်ရ။ ငါက ဒီ အရသာကို ခံစားရတာ ရိုးသွားပြီ"

ရေမိုးချိုး ညစာစားပြီးသောအခါ မှောင်ရိပ်ပျိုးနေပြီ။

"ဇင်အောင်ရေ လာဟေ့"

"ဘယ်သွားမလို့လဲ မောင်ငြိမ်း"

"စာအုပ်သွားငှားမလို့"

"စာအုပ်အငှားဆိုင်မှာလား"

"မဟုတ်ဘူး ဒေါ်ခင်ကြည်ဆီမှာ"

"ဒေါ်ခင်ကြည်က ဘာလဲကွ"

"ဒီ ဖရူဆိုမြို့က ပြန်/ဆက်က စာကြည့်တိုက်မှူး"

"စာကြည့်တိုက်ကို သွားရမှာပေါ့"

"မသွားရပါဘူး ဇင်အောင်ရာ။ ဒေါ်ခင်ကြည်ဆီ သွားရမှာ။ ဒေါ်ခင်ကြည်ရဲ့ အိမ်က ဒီဖရူဆိုမြို့အဝင်မှာ ရှိတယ်။ တို့အိမ်နဲ့ သိပ်မဝေးဘူး"

သိပ်မဝေးဘူး ဆိုသည့်တိုင် တမောတော့ လျှောက်ရသေးသည်။

◈◈◈

အိမ်ပြန်တော့ မိုးစုန်းစုန်းချုပ်ပြီ။ မှောင်ပြီ။ ညီအစ်ကိုနှစ်ယောက်မှာ ဓာတ်မီးတစ်လက်စီပါသည်။ လောဂီတ စက်ရုံများနှင့် နီးသောကြောင့် ဖရူဆို မြို့မှာ လျှပ်စစ်မီးရသည်။ ထို့ကြောင့် မောင်ငြိမ်းက လျှပ်စစ်အားသွင်းသော ဓာတ်မီးကို သုံးသည်။ ဇင်အောင်က တော့ ခရီးသွားရာတွင် သုံးသော ဓာတ်ခဲသုံး ဓာတ်မီးကိုသာ သုံးသည်။

မောင်ငြိမ်းတို့ခြံမရောက်မီ အိမ်ကြီးတစ်အိမ်ကို ကျော်ရသည်။ လင်းထိန်နေအောင် ထွန်းထားသော အိမ်ထဲရှိ လျှပ်စစ်မီးအလင်းရောင်ကြောင့် အိမ်သားများကို လှမ်းမြင်ရသည်။

"ဟေ့ . . . ဆရာမ ဒေါ်သဲသဲ၊ ဘာလုပ်နေလဲ"

အိမ်ထဲမှ ပြန်ထူးသံကြားရသည်။



"စာဖတ်နေတယ် အဘရေ၊ ဘယ်က ပြန်လာလဲ"

စင်စစ်၌ ဆရာမ ဒေါ်သဲသဲဟူသော ဆရာမဖြစ်ခြင်းကြောင့် "ဒေါ်"တပ်ခေါ်ရသော်လည်း မသဲသဲမှာ ငယ်ရွယ်သူသာ ဖြစ်သေးသည်။ မောင်ငြိမ်းက မသဲသဲကို သားသမီးအရင်းကဲ့သို့ သဘောထားသည်။ မသဲသဲ၏ ဖခင်နှင့် မောင်ငြိမ်း၏ အသက်ကို ယှဉ်ကြည့်လျှင် မောင်ငြိမ်း၏ အသက်က ကြီးသည်။ ထို့ကြောင့် သဲသဲက မောင်ငြိမ်းကို အဘဟု ခေါ်ခြင်းဖြစ်သည်။

"ဒေါ်ခင်ကြည်ဆီ စာအုပ်သွားငှားတာ သမီးရဲ့၊ နင့်မိဘတွေ နေကောင်းတယ်မဟုတ်လား"

"ကောင်းတယ် အဘရေ ကောင်းတယ်"

ဆရာမ သဲသဲတို့အိမ်ကို ကျော်ပြီး ငါးလံကွာအရောက်တွင် မောင်ငြိမ်းတို့ ဝါးခြံ၏ နောက်ဘက် ဝင်ပေါက်ကို ရောက်လာသည်။

"ဒီနောက်ဘက်ခြံပေါက်ကပဲ ဝင်မယ် ဇင်အောင်"

ဇင်အောင်က ဘာမှပြန်မပြော။ ခရီးပန်းလာပြီး မောနေသောကြောင့်ဖြစ်သည်။ မောင်ငြိမ်းက ရှေ့က သွားရသည်။ သူက နောက်မှ လိုက်ရသော ရှိသည်။

"ဟာ . . ."

နောက်မှ လိုက်လာသော ဇင်အောင်၏ အာမေဍိတ်သံကြောင့် မောင်ငြိမ်းက မေးသည်။

"ဘာတွေ့လို့လဲ"

"ဟိုမှာ . . . ဟိုမှာ"

ဇင်အောင်က ပြောရင်း သူ့ရှေ့နှင့် ငါးလံခန့်အကွာတွင် ရှိသော ဝါးပင်ကို ဓာတ်မီးဖြင့် ထိုးပြသည်။ မောင်ငြိမ်းက ကြည့်ရာ ဝါးပင်များသာ တွေ့သည်။ ထူးခြားမှု မတွေ့ရ။

"ဘာမှ မတွေ့ပါလား ဇင်အောင်၊ မင်း ဘာကို တွေ့လို့လဲ"

ဓာတ်မီးထိုးမပျက်ဘဲ ဇင်အောင်က ဖြေသည်။

"စောစောက ဒီဝါးရုံက မီးတဝင်းဝင်း တလက်လက်နဲ့ စုန်းတောက်သလိုပဲ"

ထိုအခါမှ မောင်ငြိမ်းက ရယ်ပြီး . . .

"ဟားဟားဟား . . . ဟုတ်တယ်ကွ၊ အဲဒါ စုန်းတောက်တာ"

"ဘာ . . . စုန်းတောက်တာ၊ ဟုတ်လား"

တအံ့တသြမေးသော ဇင်အောင်၏ ပခုံးကို ဖက်ရင်း မောင်ငြိမ်းက -

"ဟုတ်တယ် ဇင်အောင်၊ စုန်းတော့ စုန်းပဲ၊ ဒါပေမယ့် လူစုန်းမဟုတ်ဘဲ ဝါးစုန်း"

ဇင်အောင်က မရှင်းသဖြင့် . . .

"ဘယ်လို ဝါးစုန်းလဲ၊ မောင်ငြိမ်း"

"မင်းဓာတ်မီးကို ခလုတ်ပိတ်လိုက်"

ဓာတ်မီးခလုတ်ပိတ်လိုက်သော အခါ ဇင်အောင်က ထိုဝါးရုံတွင်

www.burmeseclassic.com

www.burmeseclassic.com

စာစောက မြင်ခဲ့ရသည့် မီးတဝင်းဝင်း တလက်လက်ကို မြင်ရပြန်သည်။ ပိုးစုန်းကြူးကလေးများ စုပုံကာ အလင်းရောင် ဖြန့်လိုက်၊ မှိတ်လိုက် လုပ်နေသလို မြင်ရသည်။

"ဟော… စောစောကလို မီးတဝင်းဝင်း တလက်လက်မြင်ရပြန်ပြီ"

မောင်ငြိမ်းက ဇင်အောင်ကို ပြောပြန်သည်။

"ခလုတ်ပြန်ဖွင့်ပြီး ဝါးပင်ကို ထိုးကြည့်"

ဇင်အောင်က ဓာတ်မီးခလုတ်ဖြန့်ဖွင့်ကာ ဝါးရုံကို ထိုးကြည့်ရာ၊ ဝါးပင်များသာ မြင်ရတော့သည်။ မီးတဝင်းဝင်း တလက်လက်ကို မမြင်ရတော့။

"အဲဒါကြောင့် လူတွေက အဲဒီ ဝါးတွေကို ဝါးစုန်းလို့ ပြောကြတာကွ။ ဒါ၊ တို့ အဲဒီဝါးရုံကို သွားမယ်"

ထိုဝါးရုံသို့ ရောက်သောအခါ ဇင်အောင်က မီးခလုတ်ကို ဖွင့်လိုက်၊ ပိတ်လိုက်လုပ်ကြည့်ရာ စောစောက မြင်ခဲ့ရသည့်အတိုင်း မီးခလုတ်ပိတ်ထားသောအခါ ဝါးပင်များမှ မီးတဝင်းဝင်း တလက်လက်ကို မြင်ရပြီး၊ မီးခလုတ်ဖွင့်သောအခါ ထိုမီးရောင်များကို မမြင်ရတော့။

ထိုအခါမှ မောင်ငြိမ်းက ဇင်အောင်ကို ဤသို့ ရှင်းပြလိုက်ပါသည်။

"သစ်ပင်တွေ၊ မြေကြီးတွေ စတဲ့ အရာတွေမှာ လျှပ်စစ်ဓာတ်ရှိတယ်ဆိုတာ မင်းသိပါတယ်။ သစ်ပင်တွေထဲမှာ ဝါးပင်က လျှပ်စစ်ဓာတ်ပိုရှိတယ်။ တစ်ခါက တရုတ်ကျောင်းသားတွေက အခု တို့တွေ့ရတဲ့ ဝါးစုန်းဆိုတဲ့ သာမန်ဝါးထက် လျှပ်စစ်ဓာတ်ပိုရှိတဲ့ ဝါးရဲ့ အကြောတွေနဲ့ လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့တယ်တဲ့။ ဒီဝါးစုန်းလို့ ခေါ်တဲ့ လျှပ်စစ်ဓာတ်လွှင့်ထုတ်နိုင်တဲ့ ဝါးရဲ့ အလင်းရောင်က နေ့ဘက်မှာလည်း လင်းတာပဲ။ ဒါပေမယ့် နေ့ဘက်မှာက နေရောင်ရဲ့ အလင်းကြောင့် လင်းအားမှိန်လို့ လင်းမှန်း မသိနိုင်ဘူး။ ပြောရရင် နေ့ဘက် အလင်းရောင်ထဲ ဓာတ်မီးထိုးကြည့်သလို လင်းမှန်း မသိတာ။ ခုလို ညဘက် မှောင်လေ ဝါးစုန်းက မီးအလင်းထွက်လေဖြစ်တယ်။ ဇင်အောင်ရေ လူစုန်းက လူကို အကျိုးပြုလား၊ မပြုဘူးလား၊ အကျိုးယုတ်လား၊ မယုတ်ဘူးလားတော့ ငါ မသိဘူး။ ဝါးစုန်းဆိုတာကတော့ လူကို အကျိုးမယုတ်စေဘဲ အကျိုးပြုတယ်ဆိုတာတော့ သေချာတယ်"

ဇင်အောင်ကတော့ ခရီးသွားရင်း ဗဟုသုတတစ်ခုတိုးလာခဲ့တော့သည်■

* * *

ပန်းတနော်နောင်လတ်


## အိမ်ထောင်ရေး ဒုက္ခ/သောကမှန်သမျှ ကင်းဝေးစေရအောင်

- အိမ်ထောင်ရေး ရှုတ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံးမုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်စေဖို့
- အိမ်မှထွက်သွားသော အိမ်ထောင်ဖက် အိမ်ကို အမြန်ဆုံးပြန်လာဖို့
- မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း ယုယအလိုလိုက် သစ္စာရှိပြီး အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲစေဖို့
- မိမိပြောစကားအောင်မြင်ပြီး သူရှာဖွေရရှိသမျှငွေများ မိမိထံ အကုန်ပြန်အပ်နံ့စေဖို့
- ကွဲကွာနေသော အိမ်ထောင်ဖက်နဲ့ အမြန်ဆုံး ပြန်ပေါင်းရစေဖို့-အပါအဝင် အိမ်ထောင်ရေးဆိုင်ရာ အဆင်မပြေမှုများအတွက် ဂမ္ဘီရယတြာအစီအရင်နဲ့ ပံ့ပိုးကူညီမှုလိုအပ်လျှင် ယခုပင်လာခဲ့ပါ။

(ကံကြမ္မာအဟောကို လက်ဆောင်ထည့်ဟောပေးသည်) {ရပ်ဝေး နယ်မြို့များမှလည်း ဆက်သွယ်နိုင်သည်။}

ဆရာဦးပိုင်ဇအောင်(ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)

တိုက်(၄၀)၊ (B.1)၊ မြေညီထပ်၊ မဟာမြိုင်အိပ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၉-၇၃၁-၄၇၀၂၄၊ ၀၉-၅၀-၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

မောင်ရဲလေး (ဟသ်ာတ)

# ခုနစ်ရက်အတွင်း ဥစ္စာပျောက် ပြန်ရစေသောနည်း

မည်သူမဆို မိမိပိုင်ဆိုင်သော ပစ္စည်းတစ်ခုခုပျောက်ဆုံးခဲ့ရင် စိတ်ထိခိုက်ရခြင်း၊ စိတ်သောကရောက်ရခြင်းတို့ ရှိကြပါမယ်။ သင်တို့ကိုယ်တိုင်လည်း ကြုံဖူးကြပါလိမ့်မယ်။ တချို့ကျတော့ ဥစ္စာပျောက် ငရဲရောက်ဆိုသလိုမျိုး တောထင်တောင်ထင်၊ ယုန်ထင် ကြောင်ထင်အဖြစ်မျိုးလည်း ရှိကြပါလိမ့်မယ်။

သို့ပါ၍ ဥစ္စာပျောက်သောအခါ ထိုသို့ ပူပင်ရမှုများ၊ သံသယများ ကင်းစေရန်အတွက် ဥစ္စာပျောက် ခုနစ်ရက်အတွင်း ပြန်ရစေသော ဓာတ်ရိုက်ဓာတ်ဆင် ယတြာနည်းကောင်းတစ်ခုကို တင်ပြပါဦးမယ်။

ဥပမာပြောရရင် တနင်္ဂနွေပစ္စည်းတစ်ခုခုပျောက်ပြီဆိုကြပါစို့၊ အိတ်ဆိုပါစို့။

တနင်္ဂနွေရဲ့ မိတ်ဖက်ဖြစ်တဲ့ (အောင်ပ) ကြာသပတေးနံသင့် အညွန့်ပန်း စားဖွယ်တစ်ခုခုကို ဘုရားတွင် လှူရပါမယ်။ လှူရမယ့် ဘုရားစေတီကတော့ တနင်္ဂနွေနံရဲ့ ဓာတ်ဘက် ဘုရားစေတီပါပဲ။ ဒါကြောင့် စနေနံသင့် စေတီဘုရားဖြစ်ရပါမယ်။ စနေနံသင့် စေတီဘုရား အဆင်မသင့်ရင်တော့ ဘုရားစေတီတစ်ဆူဆူရဲ့ စနေထောင့်မှာ ဆောင်ရွက်လို့ ရပါတယ်။ စနေနံသင့် ဘုရားစေတီတွေကတော့ နဂါးရုံဘုရား၊ နီးဘုရား၊ ထူပါရုံဘုရား စသည်ဖြင့် ဖြစ်ပါတယ်။ အကောင်းဆုံးကတော့ စနေထောင့်က ပိုအဆင်ပြေပါလိမ့်မယ်။

ထို့ကြောင့် "အိတ်" ပျောက်ကို ပြန်ရအောင် တနင်္ဂနွေအခါတွင် ပေါက်ညွန့်၊ ပျဉ်းမညွန့်၊ မေမြို့ပန်း၊ ရရာ အညွန့်တစ်မျိုးမျိုးကို စေတီတစ်ဆူဆူရဲ့ စနေထောင့်မှာ လှူပြီး ဆုတောင်းရုံပါပဲ။ ငါးပါးသီလမှ တစ်ပါးမြဲလျှင် ခုနစ်ရက်အတွင်း ရနိုင်သော အထူးယတြာလို့ ကျမ်းပြုဆရာက အဆိုပြုပါတယ်။ ဆောင်ရွက်ကြည့်ပါ။

ကျန်နေသားများကတော့ ဇယားကို ကြည့်ပြီး ဆောင်ရွက်ကြပါ။

အခါကိုတော့ အခါဇယားမှာ ကြည့်ပါ။ ဥပမာ - တနင်္ဂနွေနေ့တွင် တနင်္လာနံ ငွေပျောက်လျှင် တနင်္ဂနွေနေ့ ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဆောင်ရွက်ရပါမယ်။ ဇယား ဝိုင်းပြပါတယ်။ ဒါကတော့ နမူနာပြထားခြင်း ဖြစ်ပါတယ်

| စဉ် | ပျောက်သော့ ပစ္စည်းနံသင့် | လှူရမည့် အညွန့်ပန်း | အရေ အတွက် | လှူရမည့် ဘုရား | အခါ |
|---|---|---|---|---|---|
| ၁။ | တနင်္ဂနွေ(အိတ်) | ပေါက်/မေမြို့ | သက်စေ့ | စနေ | တနင်္ဂနွေ |
| ၂။ | တနင်္လာ(ငွေ) | ဝါ/ရွက်လှ | သက်စေ့ | ကြာသပတေး | တနင်္လာ |
| ၃။ | အင်္ဂါ(စောင်) | သီး/သပြေ | သက်စေ့ | ရာဟု | အင်္ဂါ |
| ၄။ | ဗုဒ္ဓဟူး(ရွှေ) | ကံ့ကော်/ | သက်စေ့ | သောကြာ | ဗုဒ္ဓဟူး |
| ၅။ | ကြာသပတေး(မှန်) | အုန်းညွန့် | သက်စေ့ | တနင်္လာ | ကြာ-သော |
| ၆။ | သောကြာ(သစ်သံ) | ဆီး/စိန်ချယ်/ငှက် | သက်စေ့ | ဗုဒ္ဓဟူး | သောကြာ |
| ၇။ | စနေ(ထီး/ဖိနပ်) | သရက် | သက်စေ့ | တနင်္ဂနွေ | စနေ |

### အခါဇယား

| နေ့ / အချိန် | ၆:၀၀ ↓ ၇:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၁၀:၀၀ ↓ ၁၂:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၁:၃၀ ↓ ၃:၀၀ | ၃:၀၀ ↓ ၄:၃၀ | ၄:၃၀ ↓ ၆:၀၀ |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| တနင်္လာ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| အင်္ဂါ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ဗုဒ္ဓဟူး | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ကြာသပတေး | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| သောကြာ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| စနေ | ၀ | ၅ | ၃ | ၁ | ၄ | ၄ | ၂ | ၀ |

၁-တနင်္ဂနွေ၊ ၂-တနင်္လာ၊ အင်္ဂါ-၃၊ ဗုဒ္ဓဟူး-၄၊ ၅-ကြာသပတေး၊ ၆-သောကြာ၊ ၀-စနေဖြစ်ပါတယ် ■

* * *


မောင်ရဲလေး(ဟသ်ာတ)

www.burmeseclassic.com

www.burmeseclassic.com

# မြွေပတုတ်နှင့် မီးယပ်ဆေးနည်း

**ရဲရဲထွန်း(ဟသ်ာတ)**



အမျိုးသမီးတို့သည် အရွယ်လွန်လာသည့်အချိန်တွင် ...ဆုံးကြတော့သည်။ ထိုအချိန်တွင် မီးယပ်နှင့်ပတ်သက် ...ာ ရောဂါတို့ဖြစ်တတ်ကြသည်။ အချို့မှာ သွေးဆုံးခါနီး ...ယ်ပိန့်၊ မီးယပ်ခြောက်ဖြစ်ကာ ရောဂါဝေဒနာများကြား ...ည့်ခံစားတတ်ကြသည်။

တစ်နေ့တွင် စာရေးသူ၏ မိတ်ဆွေဦးဝင်းသည် အိမ်သို့ ...က်လာပြီး မြွေပတုတ်တစ်ကောင်လောက်လိုချင်ကြောင်း ...၏။ ထိုအခါစာရေးသူက· · · ·

"မြွေပတုတ်ကို ဘာလုပ်ဖို့လဲ ကိုဝင်းရ၊ ဘာလဲ ...စားမလို့လား" ဟုမေးရာ ဦးဝင်းက · · ·

"မဟုတ်ပါဘူး ဆရာရယ်၊ မီးယပ်ဆေးဖော်မလို့ပါ။ ...နမလေး· · မီးယပ်ဆုံးခါနီး အစားပျက်အအိပ်ပျက်နဲ့ ...ထဲမှာ ခွေခေါက်နေတော့တာပဲ"

"ဟုတ်ပါပြီ ခင်ဗျားလိုချင်တဲ့ မြွေပတုတ်နဲ့ ...လိုဖော်မှာလဲပြောစမ်းပါဦး"

စာရေးသူလည်း စိတ်ဝင်းစား၍မေးကြည့်သည်။

"ကိုတောကျော်ရဲ့ ဆေးနည်းပေါ့ ဆရာရယ်။ သူ့မိန်းမ ... မီးယပ်ရောဂါဖြစ်တာ ဘယ်ဆေးနဲ့မှ ကုလို့မရတော့ ...ဆုံးမြွေပတုတ်လေးနဲ့မှ ပျောက်တယ်ပြောတယ်။ အဲဒါ ...တဲ့ဆေးနည်းကို ကျွန်တော်ရေးမှတ်လာခဲ့ပါတယ်။

စာရေးသူက ကိုဝင်းမှတ်ယူလာသော ဆေးနည်းကို ...ည့်လိုက်သည်။ ထိုဆေးနည်းမှာ

...ဦးစွာ မြွေပတုတ်တစ်ကောင်ကိုရှာပါ။ ထိုမြွေကို ...က်လှန်းပြီးကြော်ပါ။ ပြီးပါက မှုန့်ညက်နေအောင် ...ပါ။ ထိုရရှိထားသော အမှုန့်များကို လက်ဖက်နှင့် ...နယ်ထားပြီး ဆီဆမ်း၍ နေ့စဉ်လက်ဖက်စားဋ္ဌန်းဖြင့် သုံးဆွန်းစားပါ။ ထိုမြွေပတုတ်တစ်ကောင်ကုန်သည်နှင့် အမျိုးသမီးများ အရွယ်လွန်ချိန်တွင်ဖြစ်လေ့ရှိသော မီးယပ်ရောဂါသည် လျှင်မြန်စွာပျောက်ကင်းချမ်းသာလိမ့်မည်ဖြစ်သည်။

"အင်း သူ့ဆေးနည်းကတော့ မခက်ပါဘူး။ မြွေပတုတ်ဆိုတာကလည်း အဆိပ်ရှိတဲ့မြွေမဟုတ်ပါဘူး။ ချောင်းကြိုမြောင်းကြားနဲ့ အင်းအိုင်တွေမှာ ပေါပါတယ်။ ငါးထောင်တဲ့လူတွေ မကြာခဏ ပိုက်တွေ၊ မြုံးတွေမှာမိလို့ ပြန်လွှတ်နေရတယ်။ ကဲ ကိုဝင်းဘာမှပူမနေနဲ့တော့ ရွာမှာ ကျွန်တော့်အင်းသမားတွေရှိတယ်။ လှမ်းမှာပေးမယ် ဟုတ်ပြီလား"

စာရေးသူက ကိုဝင်းကိုကူညီသည့်အနေဖြင့် မြွေပတုတ်ရရှိရေး အာမခံလိုက်သည်။ ထိုမြွေရမှ ကိုဝင်း ဇနီး၏ မီးယပ်ရောဂါအခြေအနေကို စမ်းသပ်ကြည့်ရမည်ဖြစ်သည်။

ထိုအချိန်ဆေးနည်းပေးလိုက်သော ကိုတောကျော်၏ ဇနီးအိမ်သို့ရောက်လာပြီး

"မယုံမရှိနဲ့ ကိုဝင်းရေ ကျွန်မလက်တွေ့ ပျောက်တာ၊ အခုရှင်တို့မြင်တဲ့အတိုင်းပဲ၊ မရှုံ့နဲ့နော်၊ သူ့အရသာက ပုဇွန်ခြောက်ထောင်းထည့်ထားသလို အရသာရှိတယ်။ စမ်းကြည့်ပေတော့" ဟု ပြောပြောဆိုဆို ပေါ့ပါးသွက်လက်စွာ ပြန်ထွက်ခွာသွားပါတော့သည်။

မှတ်ချက်။ ။ ဆေးနည်းရှင် ကိုတောကျော်တို့ ဇနီးမောင်နှံကို ကျေးဇူးတင်ပါသည်။

* * *

ရဲရဲထွန်း(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

# ခါးသွေးကျောက်လေး အကူအညီပေးကြရအောင်

**ညွန့်ညွန့် (ပညာရေး)**




၂၀၁၄ ခုနှစ်၊ မတ်လ ၂ရက်နေ့၊ နံနက်စောစောပိုင်းက ဖြစ်သည်။ ကျွန်မနှင့် ခင်ပွန်းသည်တို့မှာ သားကြီးဖြစ်သူ၏ နေအိမ်တွင် ဘုရားအနေကဇာတင် မင်္ဂလာပွဲရှိ၍ သားကြီးနေထိုင်ရာ သာကေတ (၁၀)ရပ်ကွက်၊ တက်လမ်းအိမ်ရာသို့ ရောက်ရှိနေပါသည်။ ထိုနေ့မနက် ၉နာရီတွင် ဘုရားအနေကဇာတင်မင်္ဂလာ ဆောင်ကြဉ်းပေးဖို့ မှန်ကင်းကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒ (မဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် သံဃာတော်အရှင်သူမြတ် လေးပါးတို့ ကြွရောက်လာကြသည်။ ဆရာတော်အပါအဝင် သံဃာတော်အရှင်သူမြတ်ငါးပါးတို့က ဘုရားအနေကဇာတင် မင်္ဂလာကို ကျင်းပပေးသည်။ ထို့နောက် မိသားစုနှင့် ဧည့်သည်တော်များက ဆရာတော်ကြီးထံမှ သီလရယူခြင်း၊ အနုမောဒနာတရားနာကြားခြင်းနှင့် လှူဖွယ်မှုအစုစုတို့အတွက် ရေစက်သွန်း... အမျှပေးဝေခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။ ဘုရား ... ဝတ်ပြုမှုပြီးသဖြင့် ဆရာတော်၊ သံဃာတော်များအား ... နှင့် ခဲဖွယ်တို့ကို ဆက်ကပ်ကြသည်။

ကျွန်မသည် ဆရာတော်ကြီး၏ လူမှုရေး ပရ... အကြောင်းကို သားကြီးထံမှ တစေ့တစောင်း ကြားသိ... သည်။ သို့အတွက် ဆွမ်းခဲဖွယ်ကိစ္စအပြီးတွင် သဒ္ဓါထက်... သော ဆရာတော်ကြီး၏ လူမှုရေးစောင့်ရှောက်မှုများကို ... ကြားပေးဖို့ ကျွန်မ လျှောက်တင်ပါသည်။

ဆရာတော်ကြီးသည် ရဟန်း (၁၈)ဝါ ရရှိ... မှန်ကင်း ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ... ရေး(တွဲဖက်) အလယ်တန်းကျောင်းကို စတင်တည်...



www.burmeseclassic.com

www.burmeseclassic.com


# Assist to the little Sharpening Stone

Oh! Little Sharpening Stone how brave you are
though your body has had full of wounds
you always put on a sweet smile
without groaning but with a noble mention to all
knives to be sharp and bright ..

Though you bright stone has so much courage
your waist become thin and feeble
for the sharpening of numberous
knives went on for long time ...

Just as before collapse of the thin waist
It shall be very gracious to me if the Donors
with sincere wishes and having no proud
may help me with whole heartily !!!

you want to doner in heart you can connect:


**Sayadaw Bhaddanta Kávinda**
"Hman Kinn Pariyatti Sarthintaik"
10/South, 11th Ward, Thaketa, Yangon, Myanmar
To Contect ✆ : 951-547405, 09-86 15356
**E-mail : ukawi2011@gmail.com**
**Facebook : ukawi@gmail.com**




ယနေ့အထိဖြစ်ပါသည်။ ဒါတင်မက၊ မိဘမဲ့ ကလေးငယ်များ(ယောက်ျားကလေး)(ပြည်နယ်ဒေသအစုံမှ)ကို ခံ၍ ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ဘက-ပညာသင်ကျောင်းအနေဖြင့် ကျောင်းတွင် ကျွေးမွေးပြုစုထားသော ကျောင်းတွင်း) ကလေးသူငယ်များနှင့် အနီးပတ်ဝန်းကျင်ကျောင်းပြင်)ရှိ ကလေးသူငယ်များကို အလယ်တန်းပညာ အောင်မြင်သည်အထိ အခမဲ့ ပညာသင်ကြားပေး ကျောင်းတွင်းနှင့် ကျောင်းပြင်ရှိ ပညာသင်ကြားနေသော ကလေးသူငယ်များ၏ စာရေးကိရိယာပစ္စည်း ကုန်ကျစရိတ်နှင့် သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများ ထောက်ပံ့ကြေးများကို ဆရာတော်ကြီးကပင် အကျခံပါသည်။ ကျောင်းတွင်းနေ မိဘမဲ့ ကလေးများ ရွယ်ရောက်ချိန်တွင် သာမဏေဝတ်ပေးသည်။ ထို ဝတ်ဖြင့် သာသနာ့ဝတ်လည်း မပျက်၊ ကျောင်း တက်ဖြင့် ပြုစုပျိုးထောင်ပေးသည်။ အလယ်တန်း အောင်၍ နဝမတန်းတက်ချိန်တွင် သာမဏေဝတ်မှ လူထွက်လိုက ထွက်ခွင့်ပြုပါသည်။

လူထွက်၍ အထက်တန်းပညာကို ဆက်လက်သင်ယူနေသော မိဘမဲ့ ကျောင်းတွင်း လူငယ်အတွက် ပညာရေးစရိတ်ကို ဆရာတော်ကြီးကပင် တာဝန်ယူပေးသည်။ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ပါက ဘွဲ့ရသည်မှ အလုပ်အကိုင်ရသည်အထိ တာဝန်ယူ စောင့်ရှောက်ပေးသည်။ ဆယ်တန်းကို နှစ်ချင်းပေါက် မအောင်မြင်ပါက ပြည်တွင်းပြည်ပတွင် သင့်လျော်ရာအလုပ် ရရှိရေးအတွက် ဆောင်ရွက်ပေးသည်။

မိဘမဲ့ကလေး ပြုစုစောင့်ရှောက်ရေးကို စတင်ခဲ့သည်မှ ယနေ့ဆိုလျှင် ကလေးငယ်အချို့သည် အရွယ်ရောက်၍ လူလားမြောက်ကာ လူကောင်း လူတော်အဖြစ် ရပ်တည်လျက်ရှိကြောင်း ဆရာတော်ကြီးမှ မိန့်ဆိုပြပါသည်။ ၎င်းတို့ကလည်း ကျောင်းအတွက် ပြန်လည်ထောက်ပံ့ပေးပါကြောင်း သိရှိရပါသည်။



လက်တောက်ကျောင်းဘုန်းတော်ကြီးဆရာတော် ဦးကာဝိ နှင့် ဆရာ/ဆရာမ [illegible]



[illegible]




[illegible]



www.burmeseclassic.com


www.burmeseclassic.com



လေးဆူဓာတ်ပုံပြေတ်ပုံနှင့် ဘုရားဖူး ပြီးကြည်ညို




ပါရဂူများ ဆေးဒေါနာသား ဆေးဝါးကုသပေးသည်



ပညာရည်နိမ့်သောကလေးပျော်ရွှင် ပြီးကြည်လင်



လူနာသူများ လှန်အားအား မှန်ကင်းဂိုဏ်မှာ ကုသသည်



မယ်ခုတ်မခွဲ ဟှဉ်ကာနှံ့ မြန်မာ့ရိုးရာသိုင်းပညာ



အလှူရှင်များ ဝေးလှူသော ဆွမ်းဘွားဖြ၍ စားကြသည်

ဆရာတော်ကြီး၏ မိန့်ဆိုစကားကို ကြားသိရသောကြောင့် မှန်ကင်းကျောင်းမှ ပရဟိတ လူမှုရေးလုပ်ငန်းကို ကျွန်မ လွန်စွာပင် စိတ်ဝင်တစားရှိမိပါသည်။ သို့ကြောင့် ကျွန်မက…

"တပည့်တော်မ ကျောင်းကို လိုက်ပြီး လေ့လာချင်ပါတယ် ဘုရား။ ကလေးတွေအတွက် တပည့်တော်မလည်း တတ်စွမ်းသမျှ ကုသိုလ်ယူချင်လို့ပါ ဘုရား"


ဟု လျှောက်ထားမှုကို ဆရာတော်ကြီးမှ…

"ရပါတယ် ဒကာမကြီးရဲ့ မျက်မြင်ကိုယ်တွေ့ ပြ[illegible]ရင် ဒကာမကြီးလည်း သဒ္ဓါပေါက်သွားမှာပါ"

"တင်ပါ့ ဘုရား"


ဤသို့ဖြင့် ကျွန်မနှင့် ခင်ပွန်းသည်တို့မှာ သ[illegible]





www.burmeseclassic.com

www.burmeseclassic.com





ဆောင်ပေးမှုကြောင့် ဆရာတော်၏ မုန့်ကင်းကျောင်းသို့ ရောက်ရှိခဲ့ပါသည်။

မုန့်ကင်းကျောင်း စတင်စဉ်က ပေ (၈၀ × ၁၂၀)ကျယ်သော မြေကွက်ပေါ်တွင် မြေစိုက်အုတ်စီ အုတ်တိုင်နှင့် မိုးသာဖြစ်သည်။ ယခုဆိုလျှင် ယူပုံသဏ္ဍာန် ဖြထပ်မြင့် တိုက်ကျောင်းကြီးဖြစ်နေပါပြီ။ ဤသည်မှာ ဆရာတော် ဘဒ္ဒန္တ ဝိနီ၏ မေတ္တာ၊ စေတနာစွမ်းအင်နှင့် ဒါယကာ၊ ဒါယိကာမ တို့၏ ကြည်ညိုလေးစား သဒ္ဓါပွားမှုများကြောင့်ပင်ဖြစ်ပါသည်။


ယခုလက်ရှိ မုန့်ကင်းကျောင်းတွင် ဆရာတော်ကြီး အပါအဝင် ရဟန်းသံဃာ ၁၆ပါး သီတင်းသုံးလျက်ရှိပြီး မိဘမဲ့ သာမဏေအပါး ၂၅၀၊ အရွယ်မရောက်သေးသော ကလေးငယ်နှင့် မူလတန်းပညာသင် ၈၈ ယောက်၊ အလယ်တန်းပညာသင်ယူနေကြသော မိဘမဲ့ သာမဏေများနှင့် ကျောင်းသားများအား ပညာသင်ကြားပေးသော ဆရာ၊ ဆရာမများမှာ ၃၁ ယောက်ရှိကြောင်း ဆရာတော်ကြီးကိုယ်တိုင် လိုက်လံပြသ မြွက်ဆိုပါသည်။





www.burmeseclassic.com

www.burmeseclassic.com



မှန်ကင်းကျောင်းတွင် ရှိနေကြသော မိဘမဲ့ ကလေးငယ်များ၊ မူလတန်းနှင့် အလယ်တန်းပညာကို သင်ကြားနေကြသော မိဘမဲ့ သာမဏေနှင့် ကျောင်းသားများကို ကိုယ်တိုင်မြင်တွေ့ရသဖြင့် ကျွန်မရင်ထဲ၌ ဖြစ်ပေါ်ခဲ့သော ခံစားချက်က…

“အရှင်ဘုရား… အခုလာမယ့် မတ်လ ၂၂ရက်နေ့ဟာ တပည့်တော်မရဲ့ အသက် ၆၅နှစ်ပြည့် မွေးနေ့ပါ ဘုရား။ အဲဒီနေ့မှာ အရှင်ဘုရားနဲ့ ရဟန်းသံဃာတော်များ၊ မိဘမဲ့ သာမဏေများ၊ ဆရာ၊ ဆရာမများနဲ့ ကျောင်းသားသူငယ်များ အတွက် နေ့ဆွမ်းခဲဖွယ်နဲ့ နေ့လယ်စာကို တပည့်တော်မ တာဝန်ယူ လှူဒါန်းပါရစေ ဘုရား”

“ကောင်းပါပေတယ် ဒကာမကြီး”

“တပည့်တော်မ တတ်စွမ်းတဲ့ လှူဖွယ်ပစ္စည်းနဲ့ ဝတ္ထုကိုလည်း ကုသိုလ်ပြုပါရစေ ဘုရား”

ဆရာတော်မှ ခွင့်ပြု၍ မွေးနေ့တွင် ကုသိုလ်ပြုခွင့်ရရှိခဲ့ပါသည်။ ပုဗ္ဗစေတနာ ပီတိဖြာ၍ ဆရာတော်အား ရှိခိုးဦးချကန်တော့ပါသည်။ နှုတ်ဆက် ကန်တော့အပြီးတွင် ဆရာတော်မှ လက်ကမ်းစာစောင်လေးတစ်စောင်ကို ချီးမြှင့်ပါသည်။ မှန်ကင်းကျောင်းမှအပြန် ကားပေါ်တွင် လက်ကမ်းစာစောင်လေးကို ကြည့်ရှုမိသည်။ ထိုစာစောင်မှ ပုံရိပ်များက အသက်ဝင်လာသည်။ ထိုပုံရိပ်များထက် ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒကိုယ်တိုင် ရေးသီထားသည့် လက်ကမ်းစာပါ ကဗျာတစ်ပုဒ်က ကျွန်မ၏ စေတနာသဒ္ဓါတရားကို ကြီးထွားမြင့်မား တိုးပွားအောင် ဖန်တီးသလို ရှိနေပါသည်။ တစ်ခေါက်မက အခေါက်ခေါက်အခါခါ ဖတ်နေမိသော ဆရာတော်၏ ပရဟိတ ကဗျာက…

**ဓားသွေးကျောက်လေး ထုမ,ပေးပါ**

* ဓားကလေးများ ထက်စေသားဟု၊
စိတ်ထားကောင်းမွန် ရည်စိတ်သန်လျက်၊
မိမိကိုယ်မှာ ပွန်းပဲ့ပါလည်း၊
ဘယ်ခါမညည်း ပြုံးရောင်ပျိုးသည်၊
ဓားသွေးကျောက်လေး သတ္တိခဲ။
* သတိများစွာ ရှိနေပါလည်း။
ရေတွက်မရ၊ များလှ ဓားပေါင်း။
သွေးကြာညောင်းတော့၊
ကျောက်ကောင်းခါးက သိမ်လာပြီ။
* သိမ်လာသည့်ခါး ပြတ်မသွားမီ၊
စိတ်ထားဖြူစင် အလှူရှင်တို့၊
ဂုဏ်ထင်ဖယ်ရှား သဒ္ဓါအားဖြင့်၊
ငါ့အားကူသော် ကောင်းလေစွ။ ။

ဆရာတော်၏ ကဗျာသည် သဒ္ဓါထက်သန်သူများ အတွက် ကုသိုလ်ဆက်ပေးနေခြင်းဖြစ်သည်။ ဆရာတော်၏ ကြီးမားသော မေတ္တာ၊ မြင့်မြတ်သော စေတနာတို့မှာ အ အကျိုးပေးမကောင်း၍ မိမဲ့ ဘမဲ့ဖြစ်ခဲ့ရသော မြန်မာတိုင်းရင်းသား ကလေးသူငယ်များအတွက် အရိပ်အာဝါသ ပေးသော ကြီးမားသည့် ပညောင်ပင်ကြီးသဖွယ် ရှိနေပါသည်။ စားဝတ်နေရေးသာမက၊ ပညာရေးပါမကျန် တိုင်းရင်းသား လူငယ်လူရွယ်များ၏ နှလုံးသားထဲတွင် ဘုရားတည်ပေးခြင်းဖြစ်သည်။ ဤနေရာတွင် ဆရာတော်၏ ပရဟိတလုပ်ငန်း နှင့် စာရေးဆရာ မေတ္တာရှင်(ရွှေပြည်သာ) (ရှင်ဇဝန)၏ ရေးသားဖော်ပြချက်ကိုလည်း ညွှန်းဆိုချင်ပါသည်။

◈◈◈

“လူဖြစ်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်”စာအုပ် စာ တွင် ပါရှိသော“ရှိတာ အကုန်လှူသော အမေရိကန်တစ်ဦး” နှင့် “မိဘမဲ့ကလေးများ ဘာသာခြားဖြစ်ရခြင်းအကြောင်း” ၏ ခေါင်းစဉ်အောက်တွင် မေတ္တာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်တစ်စောင်တွင် ထင်ရှားသော သူဌေးမကြီးတစ်ဦး၏ ဘာသာရေးအလှူနှင့် လူမှုရေးအလှူနှစ်မျိုးကို တစ်ပြိုင်နက် ဖော်ပြခဲ့ဖူးသည်။

ဘုရားတည်ရန်အတွက် သိန်းငါးဆယ်၊ မိဘမဲ့ ပရဟိတ ကျောင်းအတွက် ငါးသောင်းကျပ်ဟူ၏။ အကယ်၍ ထို သူဌေးမကြီး၏ နေရာတွင် အမေရိကန်နှင့် ဂျပန်နိုင်ငံသူ သူဌေးမကြီးတစ်ဦးဖြစ်မည်ဆိုပါလျှင် ဘုရားတည်ရန်အတွက် ငါးသောင်းကျပ်၊ ပရဟိတကျောင်းအတွက် သိန်းငါးဆယ်လှူ မည်မှာ သေချာနေပေသည်။

အဘယ့်ကြောင့်နည်း။

သူတို့သည် လှူသောအခါ သဒ္ဓါသာမက၊ တွေးခေါ် မြော်မြင်သော ပညာပါ ယှဉ်ပြီး လှူလေ့ရှိခြင်းကြောင့်ပင် တည်း။ အမေရိကန်နှင့် ဂျပန်များက ဘုရားတည်ရန် ကျပ် ငွေငါးသောင်း၊ ပရဟိတကျောင်းအတွက် ကျပ်သိန်းငါးဆယ် လှူရခြင်း၏ အကြောင်းကို ဆန်းစစ် ဝေဖန်ကြည့်ပါလျှင် ဘုရားတည်ခြင်းသည် "မြေပြင်မှာ တည်ခြင်း" နှင့် "နှလုံးသား မှာ တည်ခြင်း" ဟူ၍ နှစ်မျိုးရှိ၏။

မြေပြင်တွင် တည်သော ဘုရားများသည် နှစ်ကာလ ကြာမြင့်၍ ဆွေးမြည့်သွားခြင်းကြောင့် လည်းကောင်း၊ လေမိုး သော သဘာဝဘေးဒဏ်ကြောင့် လည်းကောင်း၊ အခြား ဖျက်ဆီးမှုတစ်မျိုးမျိုးတို့ကြောင့် လည်းကောင်း၊ ပျက်စီးရသည် သာ ဖြစ်၏။

မိဘမဲ့ ပရဟိတကျောင်းများ တည်ထောင်၍ ကလေး များကို ပြုစုပျိုးထောင်ပေးခြင်းအလုပ်ကား ကလေးများ၏ နှလုံးသား၌ ဘုရားတည်ပေးခြင်းပင် ဖြစ်၏။ နှလုံးသားတွင် တည်သော ဘုရားကား ဘယ်သောအခါမှ မပျက်စီးတော့ ချေ။

ထိုကလေးမှတစ်ဆင့် သားသမီးအစဉ်အဆက် လက် ဆင့်ကမ်း သယ်ဆောင်တော့မည်ဖြစ်သည်။





အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန် စသော နိုင်ငံများတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးမျှ မရှိတော့ခြင်းသည် မြေပြင်တွင် ဘုရားတည်ရန်ကိုသာ သတိရကြပြီး ကလေး ငယ်တို့၏ နှလုံးသား၌ ဘုရားတည်ပေးရန် မေ့လျော့ခဲ့သော ကြောင့်ပင်တည်း။

မိဘမဲ့ ကလေးအများစု ဘာသာခြားဖြစ်ရခြင်း အကြောင်းရင်းတွင်လည်း စာရေးဆရာ မေတ္တာရှင် (ရွှေပြည်သာ)က...

"စာရေးသူသည် ဗုဒ္ဓဘာသာ ပရဟိတကျောင်း အတော်များများသို့ ရောက်ဖူးပါ၏။ ကျောင်းတိုင်းနီးပါး နွမ်းပါး ချို့တဲ့ကြ၏။ တောင်ပေါ်ဒေသမှ မိဘမဲ့ ကလေးငယ်များကို လာရောက်အပ်နှံကြ၏။ သို့သော် ဆရာတော်များက လာ သမျှကို လက်မခံနိုင်ကြ။ ဆယ်ယောက်အပ်လျှင် နှစ် ယောက်လောက်ကိုသာ လက်ခံနိုင်ကြသည်။ စားစရာ၊ ဝတ် စရာ ပြည့်စုံအောင် မပေးနိုင်သောကြောင့်ဖြစ်၏။ ထိုအခါ ကျန် ရှစ်ယောက်သည် ပြည့်စုံသော ဘာသာခြား ပရဟိတ ကျောင်းများသို့ ရောက်သွားတော့သည်။ ဤနည်းအားဖြင့် ချစ်စရာ မြန်မာ့ရင်သွေးငယ်များသည် ထောင်နှင့်ချီကာ ဘာသာခြားအဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်၏။ ဤအချက် များကို ထောက်၍ အတွေးအခေါ်ရှိသူများဆိုလျှင် ဘုရား တည်ဖို့ရန် ငွေကျပ် ငါးသောင်းလှူပြီး၊ မိဘမဲ့ ပရဟိတ ကျောင်းအတွက် ကျပ်ငွေ သိန်းငါးဆယ်ကို လှူဒါန်းမည်ဖြစ် ကြောင်း" ရေးသားခဲ့ခြင်းဖြစ်၏။

◈◈◈

မှန်ကင်းကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒ၏ ပရဟိတ လုပ်ငန်းနှင့် စာရေးဆရာ မေတ္တာရှင်(ရွှေပြည်သာ)၏ အသိ ပေး စကား၊ စာသားများက ကျွန်မအလှူအတွက် သဒ္ဓါသာ မက၊ တွေးခေါ်မြော်မြင်သော အသိဉာဏ်ကိုပါ တိုးပွားစေခဲ့ ပါသည်။ သို့ကြောင့် မတ်လ ၂၂ရက်နေ့၌ ကျရောက်သော



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မဖွေးနေ့တွင် မုန်ကင်းကျောင်း၌ နေ့ဆွမ်း၊ ခဲဖွယ်ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းခဲ့ပါသည်။ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းရသော စေတနာ၊ မိဘမဲ့ သာမဏေများသို့ လောင်းလှူ ဆက်ကပ်ရသော ကုသိုလ်နှင့် မိဘမဲ့ ကလေးသူငယ်များအတွက် ကျွေးမွေးရသော စေတနာတို့မှာ ကျွန်မအတွက် ဖော်မပြနိုင်သော မုဒိတာစေတနာဖြစ်နေခဲ့ပါသည်။

နေ့ဆွမ်း ဘုဉ်းပေးရန် အသင့်ဖြစ်နေသော မိဘမဲ့ သာမဏေများနှင့် နေ့လယ်စာစားရန် အသင့်ဖြစ်နေသော မိဘမဲ့ ကလေးသူငယ်များ၏ စားပွဲဝိုင်းမှ မေတ္တာပို့ သံစဉ်များက ကျွန်မနှလုံးသားကို ဆွဲကိုင်လှုပ်သလို ရှိခဲ့ပါသည်။ သာမဏေများကလည်း ဓမ္မသံစဉ်ဖြင့် အလှူရှင်ကို မေတ္တာပို့ သာဓုခေါ် ရွတ်ဆိုနေပါသည်။ ကျွန်မသည် သာမဏေများကို လက်အုပ်ချီ၍ ကလေးသူငယ်များကို ကရုဏာသက်စွာ ကြည့်ရှုရင်း ပီတိရွှန်းသော မျက်ရည်ဥတို့က ကျွန်မမျက်ဝန်းမှ ထိုးထွက်ဖို့ ကြိုးစားနေကြပါသည်။ အလှူအတွက် ငွေမီးဆီ ထိသော ကျွန်မ၏ ပီတိကို ပရစေတနာပွားမိပါသည်။ ထို့အတူ မုန်ကင်းကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒ (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ မေတ္တာ စေတနာ ကဗျာကို လှူ့ဆော် လျှောက်တင်ချင်သည်က • • •

"ဓားသွေးကျောက်လေး ခါးမပြတ်ရေး
မနေးဆောင်တာ ကုသိုလ်ယူပါ"

ဟူ၍ ဆိုချင်ပါသည်။

ဆရာတော်၏ မေတ္တာ၊ စေတနာပြုကျင့်မှုများအတွက် သဒ္ဓါထက်သန်၍ တတ်စွမ်းသမျှ လှူဒါန်းမှု ကုသိုလ်ရယူကြမည်ဆိုပါလျှင် • • •



ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၊ မုန်ကင်း ဘုန်းတော်ကြီးသ
ပညာရေးကျောင်း၊ ၁၀-တောင်၊ ၁၁-ရပ်ကွက်၊ သာကေတ
နယ်၊ ရန်ကုန်မြို့ ဖြစ်ပါ၏။ ဆက်သွယ်ရန် ဖုန်း -
၅၄၇၄၀၅ / ၈၆၁၅၃၅၆ နှင့်အတူ E-mail: uk
2011@gmail.com နှင့် Facebook : ukawi@gm
com တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း • • • ■

* * *

ညွန့်ညွန့်(ပညာ





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

မြန်အောင်မြို့တွင် ဆယ်တန်းအောင်သည်အထိသာ နေခဲ့ပါသည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်၊ ဘွဲ့ရသည်နှင့် အလုပ်ထဲ ရောက်ခဲ့သည်။ ဘွဲ့ရပြီး အလုပ်ရှာနေချိန် ၁၉၆၆ ခုနှစ်က ဖြစ်သည်။ ရန်ကုန်မြို့ ပန်းဆိုးတန်းရုံးကြီးတွင် အငယ်တန်း မန်နေဂျာ လေးနေရာရှိကြောင်း ခေါ်ယူသဖြင့် လျှောက်ထားခဲ့ပါသည်။ ရေးဖြေစာမေးပွဲဖြေခဲ့ရာ လျှောက်ထားသူ နှစ်ရာကျော်အနက် ဆယ်ယောက်သာ ရေးဖြေအောင်ခဲ့သည်။ လူနှစ်ရာကျော်ဖြေဆိုသဖြင့် မျှော်လင့်ချက်မထားသော်လည်း စာမေးပွဲအောင်သဖြင့် မျှော်လင့်နိုင်ခဲ့ပါသည်။ လူတွေ့စစ်ဆေးမှုသာ အောင်မြင်ပါက အလုပ်ရတော့မည်ဖြစ်သည်။ ကျွန်တော်နှင့် တစ်မြို့တည်းသား ဦးလှိုင်ဘွားမှာ အငယ်တန်း မန်နေဂျာတစ်ဦးဖြစ်သဖြင့် ရုံးကိစ္စရပ်များတွင် သူ့ကို အားကိုးခဲ့ရသည်။

"လူတွေ့စစ်ဆေးတဲ့အခါ အဖွဲ့ဝင် သုံးဦးက မေးလိမ့်မယ်။ သူတို့မေးနိုင်ဖွယ်ရှိတဲ့ မေးခွန်းတွေ ငါရှာပေးမယ်။ မင်း အားမငယ်ပါနဲ့"

"အစ်ကိုကြီးကူညီမှ ဒီအလုပ်ကို ရမှာဆိုတော့ အားကိုးပါတယ် အစ်ကိုကြီးရယ်"

"ဒီမှာ ဒါ တို့ရဲ့နောက်ခံသမိုင်း၊ ညွှန်ကြားချက်တွေနဲ့ အရေးကြီးလုပ်ငန်းကိစ္စရပ်တွေက ဒီဖိုင်တွဲမှာ ပါတယ်။ မင်းလေ့လာထားပါ"

အစ်ကိုကြီး ဦးလှိုင်ဘွားမှာ အိမ်ထောင်ကျစ ဖြစ်သည်။ အမျိုးသမီးက အထက်တန်းပြ ဆရာမတစ်ဦးဖြစ်၍ စမ်းချောင်းတွင် အိမ်ငှားပြီးနေသူဖြစ်သည်။ ဦးလှိုင်ဘွားဆီမှ ရရှိသည့် ဗဟုသုတများဖြင့် လူတွေ့စစ်ဆေးရေးကို ဖြေခဲ့ပါသည်။ မည်သူ့ကို ရွေးချယ်သည်ကို မသိရသဖြင့် ဦးလှိုင်ဘွားထံ မကြာခဏသွားရောက် မေးမြန်းရပါသည်။ ဦးလှိုင်ဘွားကလည်း နှစ်ပတ်ခန့်အကြာတွင် သူသိထားသော သတင်းကို ပြောပါသည်။

"မင်းကသိုလ်ကံပေါ်ကွာ။ ဆယ်ယောက်မှာ ငါးယောက်ကို ယာယီရွေးထားတယ်။ မင်းက အဆင့်ငါးဆိုပါတော့။ အစဉ်အတိုင်းရွေးရင်းတော့ မင်းမပါနိုင်ပေမယ့် လူကြီးတွေက ငါးယောက်ထဲက လေးယောက်ခန့်ဖို့ အပြန်ပြန်စိစစ်နေကြတယ်။ အဲဒီ ငါးယောက်မှာ အမှတ်စဉ် တစ်နဲ့ နှစ်က ရုံးတွင်းက စာရေးကြီးနှစ်ယောက်၊ ကျန်သုံးယောက်က မင်းလို လူသစ်တွေပေါ့။ ကံဆိုးတဲ့ တစ်ယောက်တော့ ကျန်ခဲ့မယ်"

ဦးလှိုင်ဘွားထံမှ ကြားရသည်မှာ ထိပေါက်ပြီး ထိလက်မှတ်ပျောက်သည့်ကိန်းဖြစ်၍ အားငယ်မိပြန်သည်။

"ဘာပဲဖြစ်ဖြစ် မျှော်လင့်နိုင်သေးတာပဲ။ လကုန်တဲ့နေ့မှ အမိန့်ထွက်မှာဆိုတော့ အချိန်တစ်လလောက် လိုသေးတယ်။ မင်း မြန်အောင်ကို ပြန်ချင်ပြန်ပါ။ လကုန်ရက်တော့ ဆက်ဆက်ပြန်လာခဲ့"

အလုပ်ခန့်ရန် ရက်ဝေးသေးသဖြင့် မြန်အောင်သို့ ပြန်ခဲ့ပါသည်။ လကုန်ရက်ရောက်မှ ရန်ကုန်ပြန်သွားရမည်ဖြစ်၍ အိမ်တွင် အေးအေးဆေးဆေး နားနေရန် စိတ်ကူးခဲ့သော်လည်း လက်တွေ့တွင် အေးအေးမနေနိုင်ခဲ့ပါ။ အလုပ်ရရန်သာ မျှော်ရင်း မောနေရသည်။

ရွေးချယ်ထားသော ဝန်ထမ်း ငါးဦးကို အမှတ်စဉ်အလိုက်သာ ခ[illegible] ထားမည်ဆိုပါက ကျွန်တော် ကျန်ခ[illegible] မည်ဖြစ်သည်။ လူနှစ်ရာကျော်မှ နောက်ဆုံး ဆန်ခါတင် ငါးဦးအထိ ပါဝင်ခဲ့ပြီး အလုပ်ခန့်မှ ကျန်ခဲ့မည် ဆိုပါက ကျွန်တော့်လောက် နစ်နာသူ မရှိနိုင်[illegible] ရွေးချယ်ထားသည့် ဝန်ထမ်း လေး[illegible] အနက် ဌာနဆိုင်ရာ ဝန်ထမ်း နှစ်ဦးနှင့် ပြင်ပမှ နှစ်ဦး အချိုးညီနေသဖြင့် ဖြ[illegible] နိုင်ခြေရှိပါသည်။ ထိုသို့တွေးပါက ရင်လေးစရာဖြစ်သဖြင့် စိတ်အေးအေးမနေနိုင်ခဲ့ခြင်းဖြစ်သည်။

လကုန်ရက်နီးလာပြီဖြစ်၍ ရန်ကုန်သွားရန် ပြင်ဆင်ရတော့သည်။ မြန်အောင်မှ ရန်ကုန်သို့ သွားရာတွင် ကြံခင်း-ပုသိမ် ရထားကို စီးရသည်။ ကြံခင်းမှ နံနက် ၅နာရီထွက်သော ရထားသည် မြန်အောင်သို့ ၅နာရီခွဲတွင် ဆိုက်ပြီး ဟင်္သာတသို့ ၁၁နာရီတွင် ရောက်မည်။ ဟင်္သာတသို့ ရောက်သော် ဆိပ်ကမ်းသို့ ရထားစီးပြီး ဆိပ်ကမ်း[illegible] တစ်ဆင့် ရေယာဉ်စီးမှ သာရဝေ[illegible] ရောက်ပါသည်။ ထိုစဉ်က မြန်အောင်[illegible] ရန်ကုန်သို့ မီးရထားလက်မှတ်ခမှာ ရိုးရိုးတန်း ၈ကျပ် ၅ပြားသာဖြစ်သည်။

◈◈◈

ရန်ကုန်ပြန်မည့်နေ့က ဘူတာသို့ စောစောထွက်ခဲ့သည်။ လက်မှတ်ဝယ်ပြီးသည်နှင့် ရထားဆိုက်သဖြင့် နေရာယူလိုက်သည်။ အစောဆုံး တွဲပေါ် တက်နိုင်သဖြင့် စိတ်ကြိုက်နေရာ ပြတင်းပေါက်အနီးတွင် ရပါသည်။ လက်ဆွဲအိတ်ကို အပေါ်ရှိ ပစ္စည်းတင်သည့် စင်တွင် တင်လိုက်ပြီး လွတ်လပ်ပေါ့ပါးစွာ လိုက်ခဲ့သည်။ ရထားထွက်[illegible] က လူချောင်သော်လည်း တဲကြီးကုန်း[illegible] ဥသျှစ်ကုန်း ဘူတာစဉ်များကို [illegible] ကာ အင်ပင်သို့ ရောက်သည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြည့်နီးပါးဖြစ်ခဲ့ပါသည်။ ထူးကြီးနှင့် ယ်ဇလီကုန်းကဲ့သို့ မြို့နယ်ခွဲအဆင့် ားကို ရောက်သည့်အခါ ခရီးသည်များ ပြုံတက်လာသဖြင့် နေရာလပ်မရှိ လောက်အောင် ပြည့်ကျပ်သွားပါတော့ သည်။ အင်္ဂပူမြို့သို့ ရောက်သည့်အခါ သမ်းပေါက်များ ပိတ်ပြီး အတက် အဆင်းပင် အလွန်ခက်ခဲသွားပါတော့ သည်။ အင်္ဂပူတွင် ရထားထွက်ခါနီးမှ အသက် ၆၀ကျော် ဘုန်းကြီးအိုကြီး တစ်ပါး ဘူတာသို့ ရောက်လာပြီး ထားပေါ် တက်ရန် ကြိုးစားရာ လူ ကျပ်နေသဖြင့် အပေါက်ဝတွင် ပိတ်ဆို့ း အပေါ်သို့ တက်မရအောင် ရှိနေ သည်ကို မြင်ရသည်။ ဘုန်းကြီးကို လိုက်ပို့သူတစ်ဦးက ကျွန်တော့်ကို အကူအညီတောင်းနေပါသည်။

"ဘုန်းကြီးက ဟင်္သာတကို သက်ဖို့ လာတာ။ တွဲပေါက်က တက် ရလို့ ဒုက္ခရောက်နေတယ်၊ ငါ့ညီ ညီပါကွာ။ ဒီပြတင်းပေါက်က တင် ရင် ရနိုင်ပါတယ်။ ကျုပ်တို့ ဝိုင်း း တင်ပါ့မယ်"

ဘုန်းကြီးအတွက် ကူညီမှု ဖြစ် ာ့မည်။ ကျွန်တော် စကားပြန်မပြော သိ ထမင်းဆိုင်က စားပွဲတစ်လုံးသယ် ပြီး ပြတင်းပေါက်တည့်တည့်တွင် ာ ဘုန်းကြီးကို စားပွဲပေါ် တက်စေ း စားပွဲပေါ်မှ ပြတင်းပေါက်ပေါက် က်နိုင်ရန် ဝိုင်း၍ မ,တင်ကြသည်။ ျွန်တော်က အပေါ်မှ ထိန်းပေးရုံနှင့် န်းကြီး တွဲပေါ် ရောက်လာသည်။ န်းကြီးက တွဲပေါ်ရောက်သော်လည်း ရာမရှိ၍ လူအုပ်ကြားတွင် ညပ်နေ သည်၊ ကျွန်တော်က နေရာမှ ထကာ န်းကြီးကို နေရာပေးလိုက်ပါသည်။

"ဒါ တပည့်တော်ရဲ့ နေရာပါ ရား။ ဒီမှာ ထိုင်တော်မူပါ"

"ဒကာလေးက ဘယ်သွားရမှာ လဲ"

"ရန်ကုန်ကိုပါ ဘုရား"

"တစ်နေ့လုံး ရထားစီးရမှာပဲ။ ဒကာလေး ပင်ပန်းမှာပေါ့"

"ရပါတယ် ဘုရား။ တပည့်တော် က သွားနေကျပါ။ ကိစ္စမရှိပါဘူး"

"အေးကွယ်၊ ဘုန်းကြီးကို နေရာ ပေးတဲ့အကျိုးကြောင့် မင်းကိုလည်း တစ်နေ့ နေရာပေးမယ့်သူ ပေါ်လာမှာ ပါ။ သာဓုကွယ်···သာဓု···သာဓု"

ဘုန်းကြီးက ကျွန်တော့်ထိုင်ခုံ တွင် ထိုင်လိုက်သည်နှင့် ဘုန်းကြီးကို လိုက်ပို့သူက ကျွန်တော့်ကို ကျေးဇူး တင်သည့် အမူအရာပြရင်း ဝမ်းသာနေ ကြသည်။ မကြာခင် ရထားထွက်ခွာခဲ့ သဖြင့် ဘုန်းကြီး၏ ဒကာများက လက် အုပ်ချီ နှုတ်ဆက်လိုက်ကြသည်။ မီး ရထားပေါ်တွင် လူကျပ်လွန်းသော ကြောင့် ဘယ်-ညာလှည့်၍မရ၊ အသက် ရှူ၍ မရသဖြင့် ပြတင်းပေါက်ဆီသို့ အတင်းတိုး၍ အသက်ရှူရသည်။ နောက်ဆိုက်သည့် ဘူတာမှာ ထန်းပင် ကုန်းဘူတာဖြစ်၍ ဆင်းမည့် ခရီးသည် မရှိဘဲ တက်လာသည့် ခရီးသည်ချည်း ဖြစ်ပါသည်။

လူကျပ်လွန်းသောကြောင့် ကလေးများ၏ အော်သံ၊ ငိုယိုသံများ ဖြင့် ဆူညံနေပါသည်။ မကြာမီ မြို့ကွင်း တံတားကြီးပေါ်သို့ ရထားဖြတ်ကျော်နေ သည်ကို သတိထားမိသည်။ ဟင်္သာတ နှင့် ကြံခင်းအကြား အရှည်ဆုံး တံတား ဖြစ်ပါသည်။ တံတားဆုံးသည်နှင့် မြို့ ကွင်းဘူတာသို့ ရထားရောက်ရှိ ရပ်နား ပါသည်။

မြို့ကွင်းဘူတာတွင် မဖြစ်မနေ လုပ်ရမည့် အလုပ်ရှိသည်။ မြို့ကွင်း ရောက်လျှင် မြို့ကွင်း ထမင်းထုပ်ဝယ် နေကြသည်။ မြို့ကွင်း ထမင်းထုပ်မှာ တစ်ခါစားမိလျှင် တစ်သက်မမေ့နိုင်ဟု အဆိုရှိပါသည်။ ခရီးသည်အတွက် မှာတ ရုံသာ ထမင်းထုပ်ရောင်းသဖြင့် အမြန် ဝယ်မှ ရသည်။ နောက်ကျလျှင် မရ တတ်သဖြင့် အော်ဟစ်ခေါ်ယူ၍ ဝယ်ရ သည်။ ထမင်းထုပ်မှာ တစ်ကျပ်နှင့် တစ်မတ်သာ ပေးရပါသည်။ ခက်ခက် ခဲခဲ ဝယ်ယူရရှိထားသော ထမင်းထုပ် ကို စားရန် မဖြစ်နိုင်သေးသဖြင့် အပေါ် စင်တွင် တင်ထားလိုက်ရသည်။ လူရပ် နေသည်ကပင် ယိမ်းထိုးနေသဖြင့် ထမင်းစားရန် စိတ်မကူးနိုင်ပါ။ သာရဝေါ ဘက်ကမ်းသို့ရောက်မှ အေးဆေးစွာ ထမင်းစားရန် စိတ်မကူးနိုင်ပါ။ သာရဝေါ ဘက်ကမ်းသို့ ရောက်မှ အေးဆေးစွာ စားတော့မည်ဟု စိတ်ကူးထားပါသည်။

မကြာမီ ရထားထွက်ခဲ့သည်။ နောက်ရောက်မည့် ဘူတာသည် ဓမ္မိ ဘူတာဖြစ်သည်။ ဓမ္မိဘူတာတွင်လည်း အဆင်းမရှိဘဲ၊ တက်လာသည့် ခရီး သည်သာ ရှိပါသည်။

ဓမ္မိဘူတာတွင် ရထား မကြာ ပါ။ ခရီးသည်အားလုံး တက်ပြီးသည် နှင့် ရထားက ပြန်ထွက်ခဲ့သည်။ ရထား သည် ဥဩသံပေးသော်လည်း မထွက် နိုင်သေးပါ။ ရထားပေါ်တွင် လူကျပ် လွန်းသဖြင့် ပူအိုက်နေသည်။ ရထား သွားနေပါက အပူသက်သာသဖြင့် ရထားကို ထွက်စေချင်ကြသည်။ ဒုတိယအကြိမ် ဥဩဆွဲသော်လည်း ရထားသည် မထွက်နိုင်သေးပါ။ စိတ် မရှည်သော လူအချို့က ရထားအောက် သို့ ဆင်း၍ စက်ခေါင်းရှိရာသို့ သွားကြ သည်။ အချို့ကလည်း ရထားပျက်ပြီဟု ပြောကြသည်။ စစ်မဖြစ်မီက ရောက်ရှိ နေသော စက်ခေါင်းများဖြစ်၍ မကြာ ခဏ ပျက်လေ့ရှိပါသည်။ မကြာမီ



www.burmeseclassic.com

www.burmeseclassic.com

တိကျသောအဖြေ ထွက်ပေါ်လာပါသည်။

"စက်ခေါင်းပျက်သွားပါသဖြင့် ဟသ်ာတက စက်ခေါင်းကို မှာထားရသည်" ဟူသော စကားကို ကြားရတော့သည်။ ဟသ်ာတသည် မဝေးတော့ပြီဖြစ်၍ တစ်နာရီမကြာ ရောက်လာနိုင်ပါသည်။ ရထားပျက်ပြီဆိုသည်နှင့် တွဲပေါ်မှ ခရီးသည်များ အောက်ဆင်းကြသည်။ သစ်ပင်များအောက်တွင် ထိုင်ရင်း အနားယူနေကြသည်။ အချို့က ထမင်းစားနေကြသည်။ ကျွန်တော်လည်း ရထားတွဲထဲတွင် မွန်းကျပ်မှုကို မခံနိုင်၍ အောက်သို့ ဆင်းပြီး လမ်းလျှောက်နေခဲ့သည်။

လမ်းလျှောက်ရင်း ထမင်းစားသူများကို မြင်မိမှ ဘုန်းကြီးအတွက် ဆွမ်းကိစ္စကို သတိရမိသည်။ ၁၁နာရီခွဲနေပြီဖြစ်၍ ယခုအချိန် စက်ခေါင်းရောက်လာသည့်တိုင် ဟသ်ာတသို့ မွန်းမလွဲခင် မရောက်နိုင်ပါ။ ထမင်းရောင်းသည့်ဆိုင်သို့ အမြန်ပြေးလိုက်သည်။ ထမင်းဆိုင်တွင်လည်း ထမင်းကုန်ပြီဖြစ်၍ ဆိုင်များပင် သိမ်းပြီးနေကြောင်း တွေ့လိုက်ရသည်။ ဘုန်းကြီးအတွက် နေ့လယ်ဆွမ်းရှာမရနိုင်သဖြင့် မီးရထားပေါ် ပြန်တက်ခဲ့သည်။ မိမိ၏ ထမင်းထုပ်ကို ဆရာတော်ကြီးအား ကပ်လှူရန် စိတ်ကူးလိုက်သည်။ ဘုန်းကြီးထံ ဆွမ်းထုပ်ကို ကပ်လှူလိုက်သည်။ ဘုန်းကြီးက ချက်ချင်း လက်မခံပါ။

"ကျုပ်ကို ဆွမ်းကပ်တော့ ဒကာလေးက ဘာသွားစားမှာလဲ"

"တပည့်တော်က တစ်နေ့လုံး စားလို့ရပါတယ်။ ဘုန်းဘုန်းအတွက်က အရေးကြီးပါတယ်။ အခုပုံအတိုင်းဆို ဟသ်ာတအဝင် ရထားသိပ်နောက်ကျသွားပါပြီ"

"အေးလေ၊ ဒါဆိုလည်း ဘုဉ်းပေးရတော့မှာပေါ့၊ ဒကာလေးရဲ့ အလှူက မွန်မြတ်လှပါတယ်။ ဒကာလေးကိုလည်း ကျွေးမွေးမယ့်သူ ပေါ်များမှာပေါ့ကွယ်။ သာဓု...သာဓု...သာဓု"

ဘုန်းကြီးသည် ကျွန်တော်ပေးသော ထမင်းထုပ်ကို မြိန်ယှက်စွာ ဘုဉ်းပေးနေပါသည်။ ဘုန်းကြီး ဆွမ်းစားအပြီး ရေအတွက် ရေရောင်းသော ကလေးတစ်ဦးထံမှ ရေတစ်အိုးဝယ်ပြီး အနီးတွင် ချ၍ ပေးလှူထားလိုက်သည်။ ဘုန်းကြီး ဆွမ်းကိစ္စပြီးစီး၍ မကြာမီ ဟသ်ာတမှ စက်ခေါင်းရောက်လာပါသည်။ ရထားထွက်သည်နှင့် ဘုန်းကြီးက သူ၏ အနီးသို့ ခေါ်သဖြင့် သွားရပါသည်။

"ဒကာလေး...နေ့စဉ် ဒီဂါထာလေးကို ရွတ်ပါ။ တစ်သက်လုံး ရွတ်နိုင်ရင် တစ်သက်လုံး ကူညီမယ့်လူတွေနဲ့ တွေ့ရမယ်။ ကံကောင်းစေသောဂါထာလို့ ခေါ်တယ်"

ဘုန်းကြီးပေးသော ဂါထာမှာ ကြားဖူးသော စာလုံးများ ပါသဖြင့် တစ်ခေါက် နှစ်ခေါက်ရွတ်ရုံနှင့် အလွတ်ရပါသည်။ ဘုန်းကြီးက စေတနာထား၍ ပေးသော ဂါထာဖြစ်သဖြင့် ကျွန်တော်လည်း အလုပ်ရရှိရေးအတွက် အားကိုးအားထားရှာနေရချိန်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပါသည်။

ဟသ်ာတ ရောက်သည့်အခါ ဘုန်းကြီးကို လာကြိုသူများထံ ထည့်ပေးလိုက်ပြီး သာရဝေါသို့ ခရီးဆက်ရန် ဆိပ်ကမ်း ရထားပေါ် တက်ခဲ့ပါသည်။ သာရဝေါသို့ ရောက်သောအခါ ထိုင်ခုံနေရာရသဖြင့် ဝမ်းသာစွာ အနားယူစဉ် ရထားထွက်ခဲ့ပါသည်။ လက်ပံတန်းသို့ ညနေစောင်းမှ ရောက်ပြီး နေ့လယ်စာကို အပြေးအလွှားစားလိုက်ရသည်။

ရန်ကုန်သို့ ဦးတည်လျက် ရ
ပြန်ထွက်သောအခါ ဘုန်းကြီးပေး
ဂါထာလေးကို တစ်ခေါက်ပြီး
ခေါက် ရွတ်နေမိသည်။ ရန်ကုန်ဘူ
ကြီးသို့ ရောက်လျှင် သရက်
ကျောင်းတိုက်သို့ သွားရန် စဉ်းစာ
သည်။ နောက်နေ့မှ ဦးလှိုင်ဘွ
သွားမည်။ ဂါထာကို အခေါက်ခေ
ရွတ်ဆိုရင်း အိပ်ပျော်သွားပါသည်။

အိပ်ရာက နိုးတော့လည်း ဂါ
ကိုပဲ အဆက်မပြတ် ရွတ်နေမိသည်
အပြင်လောကတွင် မှောင်နေပြီ
သည်။ မကြာမီ အင်းစိန်ဘူတာ
ရောက်သည်။ အင်းစိန်ဘူတာမှ
လည်ထွက်ခွာပြီး မကြာမီ ကြည့်
တိုင်ဘူတာသို့ ရောက်သည်။ မမျှော်
ဘဲ ကြည့်မြင်တိုင်ဘူတာတွင် ဦး
ဘွားကို တွေ့လိုက်ရသည်။

"ငါ မင်းကို လာကြိုနေတာ
ဒီနေ့မှ ရထားက နောက်ကျသကွ"

"ဝမ်းသာစရာ စကားပြောဖို့
ခဲ့တာ ထင်တယ်"

"အဲဒါတွေ မပြောခင် မင်း ဒီ
ဆင်းလိုက်"

"ကျွန်တော် ဘူတာကြီးရောက်
ဆင်းမယ်"

"လာပါကွ။ အိမ်မှာ တစ်ယော
တည်း ပျင်းနေလို့။ ငါ့ဇနီးက ကျော
အုပ်ရာထူးနဲ့ မော်လမြိုင်ကို ပြော
သွားတယ်။ ဒီနေ့ မင်းလာမယ်မှန်း
လို့ နေမဝင်ခင်ကတည်းက ငါ
စောင့်နေခဲ့တာ"

ဦးလှိုင်ဘွား၏ အိမ်မှာ စမ်းချော
မြို့နယ်တွင် ရှိသဖြင့် ဘူတာမှ ဆင
သံတံတားကို ကျော်လိုက်သည်နှင့်
အိမ်သို့ ရောက်သည်။

ဦးလှိုင်ဘွားက သူကိုယ်
ထမင်းများ ခူးခပ်ကျွေးသော



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ထမင်းစားမဝင်ပါ။ ဦးလှိုင်ဘွားထံမှ ဝမ်းသာစရာ သတင်းစကားကိုသာ မျှော်လင့်နေမိသည်။ နောက်ဆုံး မနေနိုင်သဖြင့် ဖွင့်၍ မေးလိုက်မိသည်။

"ငါကလည်း ပြောမလို့ပါကွာ။ ဘယ်က စပြောရမလဲဆိုတာ စဉ်းစားနေတာပါ"

"ကျွန်တော် သိချင်တာက အလုပ်ရ၊ မရဘဲ သိချင်တာပါ"

"အဲဒါကို ပြောဖို့ ခက်နေတာ"

"ဒါဆို ကျွန်တော် မလုပ်မရနိုင်ဘူးပေါ့"

"ဒီလိုလည်း မဟုတ်သေးဘူး။ ...တို့ တန်းစီးဇယားမှာ အဆင့်(၁)ရ... ဦးအောင်သောင်းက ရှေ့လမှာ ...င်ယူပြီး ဘုန်းကြီးဝတ်တော့မှာ။ ...လည်း ဦးအောင်သောင်းရဲ့ အခြေ...ကို စောင့်ကြည့်နေတာ။ တကယ်...သူ ပင်စင်တင်ရင် သူ့ကို ချန်ခဲ့ပြီး ...ကို ရွေးဖို့ စဉ်းစားနေကြတာယ်"

"မျှော်လင့်နိုင်သေးတာပေါ့နော်"

"မျှော်လင့်နိုင်ရုံတင် မကဘူး၊ ငါ ...အောင်သောင်းနဲ့ တွေ့ပြီးပြီ။ နောက် ...ပင်စင်ယူမယ့်အတူတူ အခု ...ည်းက ပင်စင်တင်လိုက်ရင် မင်း ...လည်း အကျိုးရှိမယ်။ ဌာန ...လည်း မန်နေဂျာတစ်ဦး မဆုံး...အကြောင်း ပြောတော့ သူ ...ပေးမယ်လို့ ပြောတယ်။ မနက် ...မင်းနဲ့ ငါ ဦးအောင်သောင်းကို ...တွေ့ပြီး သူ့သဘောထားကို မေး...ကောင်းဘူးလား"

"ဟုတ်တယ်၊ သွားမေးကြရ...

...ညက ရင်ခုန်နေသဖြင့် ကျွန်...အိပ်မပျော်ပါ။ ဂါထာကိုချည်း ...သည်။

နောက်နေ့နံနက် ဦးအောင်သောင်း၏ အိမ်သို့သွားကြရာ ဦးအောင်သောင်းကို အသင့်တွေ့ရသဖြင့် ဦးလှိုင်ဘွားက စတင်ပြောပါသည်။

"ဒါ ကျုပ်ညီပါ။ ခင်ဗျားတို့ တန်းစီးဇယားမှာ အဆင့်(၅)ဖြစ်လို့ စိတ်ဓာတ်ကျနေတာ။ အကယ်၍ ဦးအောင်သောင်းသာ ပင်စင်သွားရင် သူ ရနိုင်လို့ ဦးအောင်သောင်းနဲ့ တွေ့ပါရစေ ပြောနေလို့ တွေ့ရအောင် ခေါ်လာခဲ့တာပါ"

ဦးအောင်သောင်းသည် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ပြုံး၍ မေးပါသည်။

"ငါ့ညီက ဒီအလုပ်ကို စိတ်ဝင်စားလို့လား"

"ကျွန်တော် ဒီအဆင့်ရောက်အောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာပါ။ ဒီအဆင့်ကို ရောက်ပြီးမှ လက်လွှတ်ရမယ်ဆိုရင် နောက်ထပ် အလုပ်ရှာဖို့ မလွယ်ကူလို့ပါခင်ဗျာ"

"ကျုပ်လည်း အမျိုးမျိုးစဉ်းစားခဲ့ပါတယ်။ ကျုပ်ကြောင့် ဌာနမှာ မန်နေဂျာတစ်ဦး ဆုံးရှုံးရမှာ မလိုလားပါဘူး။ နောက်လမှ ပင်စင်တင်လည်း တစ်လနဲ့ ထူးခြားမှာ မဟုတ်ပါဘူး။ မောင်ရင်လို တက်ကြွတဲ့ လူငယ်တစ်ဦးကိုလည်း နေရာပေးချင်ပါတယ်။ စိတ်ချပါ၊ မနက်ဖြန် ပင်စင်တင်လိုက်ပါတော့မယ်"

ဦးလှိုင်ဘွားနှင့် ကျွန်တော် ဝမ်းသာစွာ ပြန်ခဲ့ကြသည်။ နောက်နေ့တွင် ဦးအောင်သောင်း ပင်စင်တင်သဖြင့် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့မှ အစည်းအဝေးထိုင်ပါသည်၊ မကြာမီ အလုပ်ခန့်စာ ရရှိပါသည်။

အလုပ်ရသည်နှင့် ဦးလှိုင်ဘွားက သူနှင့် အတူလာနေရန် စီစဉ်သဖြင့် နေရေးစားရေးအဆင်ပြေခဲ့ရပါသည်။ မန်နေဂျာတစ်ဦးဖြစ်လာပြီးနောက် ၂နှစ်အကြာတွင် မြို့နယ်များသို့ တစ်မြို့ပြီး တစ်မြို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ဟသ်ာတမြို့သို့ ရောက်သကဲ့သို့ အင်္ဂပူမြို့တွင်လည်း တာဝန်ကျခဲ့ပါသည်။ ဂါထာပေးသော ဘုန်းကြီးကိုလည်း လုံးဝ စုံစမ်း၍ မရတော့ပါ။ ကျွန်တော်သည် ထိုဂါထာအစွမ်းဖြင့် အလုပ်ရခဲ့သဖြင့် ဂါထာအပေါ် ယုံကြည် အားကိုးခဲ့ပါသည်။ ဂါထာအစွမ်းဖြင့် ရာထူးများတစ်ဆင့်ပြီး တစ်ဆင့် တက်ခဲ့သည်။ ကျွန်တော် အောင်မြင်မှုရခဲ့သော ဂါထာကို ဖော်ပြပေးလိုက်ပါသည်။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။**
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဓမ္မံ။**
**သံဃံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ သံဃံ။**

* * *

ကောင်းခေသာ်


www.burmeseclassic.com

# ဂျမ်ဂျရာဆဝန်းကြယ် စာအုပ်စင်

သုတအံ့

## သန်းထိုက်(ရွှေရိပ်)

## ဘဝခွန်အားရှိခဲ့သော ဒဿနဆန်ဆန်စကားများ




ဆရာ သန်းထိုက်(ရွှေရိပ်)၏ "ဘဝဒဿနဆန်သော စကားများ" စာအုပ် ထွက် လာသည်။

စာရေးဆရာတစ်ဦးရဲ့ ဘဝကို ခွန်အားရစေသလို တည့်မတ် ပြင်ဆင်ပေးနိုင် မှတ်သားစရာ စကားဆန်တွေကို စုစည်းထားခြင်းဖြစ်သည်။ ဘာမဟုတ်တဲ့ လူတစ်ယော ရဲ့ ဘဝခွန်အား စကားတွေဟာ စာဖတ်သူတွေအတွက် အကျိုးရှိစေနိုင်လိမ့်မယ် ဆိုထားပါသည်။

ဥပမာတစ်ခုပြဆိုရလျှင် "မနာလိုစိတ်၊ မရှုဆိတ်၊ ဒီနစ်ခုကြောင့် သင်ဟာ ပူလော မနေမိပါစေနဲ့" ဆိုသော စကားစုကို စာရေးသူရဲ့ အတွေ့အကြုံကို အခြေခံပြီး ထိုစကား အား "လူတစ်ယောက် နေရာရလာရင်၊ ကိုယ့်ထက် တန်ဖိုးပိုမြင့်လာရင် အထ စိတ်နှစ်ခုကို မွေးမြူတတ်ကြတယ်။ အဲဒီစိတ်တွေ ရင့်သန်လာတာနဲ့အမျှ ကိုယ့်ရဲ့ စိတ်ဟာလည်း ပိုပြီး ပျက်စီးလာရုံမ ကိုယ်တိုင် လူပူလူဆူဖြစ်လာတတ်"ကြောင်း ရှင်းပြထားသည်။


ဤခရီး နီးသလား၊ ဘဝခရီးအစိတ်အပိုင်းများ၊ ဘဝခွန်အားဖြစ်စေခဲ့သော ဒဿနဆန်ဆန်စကားများ၊ လူနှင့် လူ သူမတူသူများ၏ နည်းဗျူဟာ စသည့် ခေါင်းစဉ်လေးများခွဲကာ အပိုင်းလေးပိုင်းတင်ပြထားသည်။

ဘဝခရီးကို လျှောက်နေကြသူများအဖို့ စိတ်အာဟာရခွန်အားဖြစ်စေမည်ဖြစ်သည်။

"မဇ္ဈိမ" စာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ တစ်ထောင်ကျပ် ဖြစ်သည်။

## ဖေသက်ထွန်း

## ယူဖိုးတို့၏ အရှင်




ဖေသက်ထွန်း ရေးသားသည့် သိပ္ပံဝတ္ထုစာအုပ်ထွက်ရှိလာသည်။ "ယူဖိုးတို့၏ အရှင်" လုံးချင်းစာအုပ်ကို အိန္ဒိယ ဝတ္ထုတစ်ပုဒ်ကို မှီးထားပြီး ကမ္ဘာပေါ်ရှိ အကြော အရာအချို့ကို ဆက်စပ်တွေးခေါ်ပြီး ရေးသားထားကြောင်း စာရေးသူက ဆိုထားသည်။

သိပ္ပံဝတ္ထုဆိုသည့်အတိုင်း ရုပ်ရှင်ဇာတ်ကားကို ကြည့်နေရသလိုမျိုး ခံစား ပေးစွမ်း၏။ ဂြိုဟ်ကမ္ဘာက လူတွေရဲ့ တွေးခေါ်မှုများကို အထူးအဆန်းဖတ်ရမည်ဖြစ်သည်။

ဝတ္ထု၏ အဓိက ရည်ရွယ်ချက်ကတော့ သိပ္ပံပညာရပ်တွေ အရမ်းထွန်းကားလှ အခြားဂြိုဟ်သားတွေအနေနဲ့ ကျွန်တော်တို့ မြေကမ္ဘာကို အလွယ်ပဲ သိမ်းပိုက်ထား ရပေမယ့် မသိမ်းပိုက်နိုင်တဲ့ အကြောင်းတရားတွေ ရှိနေကြောင်းကို ပေါ်လွင်အော ရသဟန်ပါပါ ရေးဖွဲ့ထားသည်။

သမားရိုးကျ ဝတ္ထုတစ်ပုဒ်၊ ဇာတ်လမ်းတစ်ပုဒ် မဟုတ်သလို၊ ထူးဆန်းအံ့ဩ ရာများကို နှစ်ခြိုက်ခုံမင်သူများ အကြိုက်တွေ့စေမည့် သိပ္ပံဝတ္ထုစာအုပ်တစ်အုပ်ဖြစ်သည်။

"ရဲအောင်" စာအုပ်တိုက်မှ ထုတ်ဝေထားပြီး ဈေးနှုန်းမှာ တစ်ထောင့်ခြောက်ရာကျပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တင်မောင်မြင့်

## ကန်သာရေရိပ်မှာ




တရုတ်လူမျိုး စာရေးဆရာ Ha Jin(ဟာကျင်း) ရေးသားသည့် 'In the Pond' စာအုပ်ကို ဆရာ တင်မောင်မြင့်က မြန်မာဘာသာသို့ ပြန်ဆိုရေးသားထားသည်။

Ha Jin ကို ၁၉၅၆ ခုနှစ်၊ တရုတ်ပြည်မြောက်ပိုင်းတွင် မွေးဖွားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အင်္ဂလိပ်စာ ပါရဂူဘွဲ့ယူရန် အင်္ဂလန်သို့ ထွက်လာခဲ့သူဖြစ်သည်။ Ha Jin သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော တရုတ်လူမျိုး စာရေးဆရာတစ်ယောက်ဖြစ်သည်။ "ကန်သာရေရိပ်မှာ" ဝတ္ထုသည် Ha Jin ၏ ကျော်ကြားလှသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

"စာပေဆိုတာ စုတ်တံနှင့် မင်၏ ဆော့ကစားရာပစ္စည်းမဟုတ်။ လူသားတွေရဲ့ ဘဝအထွေထွေနဲ့ သူတို့ရဲ့ နာမည်တွေဟာ သားစဉ်မြေးဆက်အတွက် အမွေအဖြစ် ချန်ရစ်ခဲ့ရမယ့်နေရာမှာ သက်သေခံပစ္စည်းဖြစ်ရမယ်။ ဒီအမွေဟာ လောကကောင်းကျိုး တွက် ပိုပြီးတန်ဖိုးရှိမယ့် အရင်းအနှီးတွေဖြစ်လာရမယ်။ အတိုချုပ်ရရင် ပညာရှိတစ်ယောက်ရဲ့ စုတ်ချက်ဟာ လောကပါလ ရားဖြစ်ပြီး မကောင်းဆိုးဝါးတွေကို တိုက်ထုတ်ဖို့ လက်နက်လည်းဖြစ်တယ်"

Ha Jin ရေးသားပြီး ဆရာ တင်မောင်မြင့် ပြန်ဆိုသည့် "ကန်သာရေရိပ်မှာ" ဝတ္ထုကို စာဖတ်သူများ အကြိုက်တွေ့မှာ ချာသည်။ မူရင်း စာရေးသူ၏ ဟန်မပျက်အောင် ပြန်ဆိုထားသော ဆရာ တင်မောင်မြင့်၏ အနုပညာကိုလည်း ခံစား ရှရမည်ဖြစ်သည်။

"စာနဒီ" စာအုပ်တိုက်မှ ထုတ်ဝေပြီး ရောင်းဈေးမှာ တစ်ထောင့်ငါးရာကျပ် ဖြစ်သည်။

တောင်တွင်း ကိုရင်ညြ၊

## ချန်ဂီအကျဉ်းသား၊ သုံးထောင့်မြန်နှင့် ကြွယ်ဝ

ညိုလွှမ်းအောင်၊ ညီညီနိုင်



'Shining Star' စာပေမှ ထုတ်ဝေ ဖြန့်ချိလိုက်သော စာရေးဆရာသုံးယောက်၏ ထောင်ဝတ္ထု ထွက်ရှိလာသည်။ ဆရာ တောင်တွင်း ကိုရင်ညြ၏ "ချန်ဂီအကျဉ်းသား" နှင့် အတူ ဆရာ ညိုလွှမ်းအောင်နှင့် ဆရာ ညီညီနိုင်တို့၏ ထောင်သရုပ်ဖော်ဝတ္ထု လင်္ကာရာ များကို အားပါးတရ ဖတ်ရှုရမည်ဖြစ်သည်။

နရသိန်မဂ္ဂဇင်းတွင် အခန်းဆက် ဖော်ပြခဲ့သော ချန်ဂီအကျဉ်းသားမှာ အထူးဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားထားသည်။ ရေခြားမြေခြား စင်ကာပူရောက် မြန်မာလူငယ်လေး တစ်ယောက်၏ ဘဝအတွေ့အကြုံဖြတ်သန်းမှုများနှင့် ချန်ဂီထောင်အတွင်း ကြုံတွေ့ရင်ဆိုင်ရသည်များကို အသေးစိတ် အကွက်ကျကျရေးသားထားသည်။ ဆရာ တောင်တွင်း ကိုရင်ညြ၊ ဆရာ ညိုလွှမ်းအောင်နှင့် ဆရာ ညီညီနိုင်တို့ရေးသားသော ထောင်ဝတ္ထု င်တွင်း သဘာဝများကို ဤစာအုပ်တွင် ပြည့်ပြည့်စုံစုံ ဖတ်ရှုရမည်ဖြစ်သည်။ စာဖတ်သူတို့အတွက် ခံစားမှု ရသ င်ကို ပေးစွမ်းသော နရသိန်နောက်ခံ ဝတ္ထုများပင် ဖြစ်သည်။

'Shining Star' စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ နှစ်ထောင်ကျပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သန်းဝင်း (ဘဏ်)

# လှကဆုန် ညောင်ရေသွန်းချိန်မှာ



ပန်းချီ စံလွင်မောင်

www.burmeseclassic.com

www.burmeseclassic.com

ရေးအခါက "ကုဆုန်"ဟူ၍ ရေးသည်။ "ကု"မှ "က" ဖြစ်လာသည်။ "ကု"သည် မရဏာသာမှ ဆင်းသက်လာသော စကားဖြစ်၍၊ "ရေ"ဟု အဓိပ္ပာယ်ရသည်။ "ဆုန်"မှာ သွန်း လောင်းခြင်းဖြစ်၍ "ကဆုန်လ"ဟူသည် ရေသွန်းလောင်း သောလ ဟူ၍ အဓိပ္ပာယ်ရှိသည်။

ဗောဓိပင်ကို ရေသွန်းလောင်းခြင်းဖြစ်၏။ ကဆုန် ညောင်ရေသွန်းပွဲဟု ခေါ်တွင်သည်။ "ကံ ဥဒကံ၊ ကဆိန္နတီ တိ ကဆိန္န"ဟု ရေးဆရာတို့ ဝိဂြိုဟ်ပြုခဲ့ကြသည်။ ယော သော - အကြင်လသည်၊ ကံဥဒကံ - ရေကို၊ ကဆိန္နတိ- ဖြတ်တတ်၏။ ဣတိသ္မာ - ထို့ကြောင့်၊ သောမာသော-ထို လသည်၊ ကဆိန္န - ကဆုန်လ မည်၏။ ကန်၊ ချောင်း၊ မြစ်မြောင်း၊ ပုံး၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလ ဖြစ်ခြင်းကြောင့် ကဆုန်လဖြစ်သည်ဟူ၏။

## ရာသီ၊ နက္ခတ်၊ ပန်းနှင့် ပွဲတော်

ကဆုန်လကို မြန်မာမှုအရ "ပြိဿရာသီ"ဟု ခေါ် သည်။ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဝိသာခါနက္ခတ်ဖြစ် သည်။ ယှဉ်သော တာရာမှာ "တံငါတာရာ"ဖြစ်သည်။ ကဆုန် လသည် ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်းဖြစ်သည်။ မြန်မာမှု ရာသီရုပ်မှာ "နွား"ပုံဖြစ်သည်။ အနောက်တိုင်း ရာသီခွင်တွင်ကား "နွားသိုး"ပုံဖြင့် ဖော်ပြထားသည်။

ကဆုန်လ ရာသီပန်းမှာ စကားပန်းဖြစ်သည်။ နေ့ နာရီ ၃၄၊ ညနာရီ ၂၉ဖြစ်၍ နေ့တာရှည်ပြီး ညတာတိုသော လဖြစ်သည်။ ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိသည်။ ရာသီ ပွဲတော်ကား ညောင်ရေသွန်းပွဲပင် ဖြစ်သည်။

## ညောင်ရေသွန်းပွဲတော်

"သကြိန်တာကျူး၊ နှစ်ဦးညောင်ရေ၊ စာပုလွှေခင်း၊ ဆွမ်းတော်ခံ"ဟူသော လင်္ကာအရ ကဆုန်လတွင် ညောင် ရေသွန်းသည်မှာ မြန်မာတို့၏ ရိုးရာပွဲပင် ဖြစ်သည်။

ပုဂံခေတ်ထိုး စောလုဝန်းဘုရားကျောက်စာတွင် "မိဖုန်၊ ကြိန်၊ ရောင်ရိမ်သွန်(ညောင်ရေသွန်း) စသည့် ဝေါဟာရ များ တွေ့ရှိရသဖြင့် ဗုဒ္ဓသာသနာရောင်ဝါ ထွန်းကားနေသော ပုဂံခေတ်တွင် ညောင်ရေသွန်းပွဲတော်ကို စည်ကားစွာ ကျင်းပ ခဲ့သည်ဟု ယူဆရသည်။

ပင်းယခေတ် ပေါ်ထွန်းခဲ့သော ပြည်မင်း မျက်နှာရှည် ကာချင်းတွင် "စံကားဝတ်စုံမြေ သွန်းညောင်ရေ၊ ထုံးလေတန် စကျူး၊ နွေလဆန်း, ဆန်းလေဦး၊ ဝတ်စံရွှေသား၊ စကားပွင့်လု ဦး"ဟု ရေးသီဖွဲ့ခဲ့သည်။

ရှေးရေး လောကဗျူဟာ အင်ရုံစာတမ်းတွင် "လ ပြည့်နေ့ လေးချက်တီးကျော် တစ်မောင်း နှစ်မောင်းတွင် ဝန်ထောက်၊ စာရေးစာချီ ရုံးတော်သို့ အလျင်ရောက်ရှိပြီး ဘုရားစေတီတစ်ဆူကို ၁၀ မြူတာ၊ ၂၀ မြူတာစီ သွေး သောက် မြင်းတော်သည်ကိုယ်တိုင် နှစ်ဦးတွဲ စာရင်းသွင်း ကာ မြို့တွင်း ညောင်ရှိသည်များကို ရေတော်သွင်းကြရ၏"ဟု ရေးသားမှတ်တမ်းပြုခဲ့သည်။

## ဗောဓိညောင်ပင် ရေသွန်းလောင်းခြင်းအကျိုး

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်က အသန ဗောဓိယ မထေရ်လောင်းသည် တိဿဘုရားရှင်၏ ဗော ဓိပင်ကို စိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှ လွတ်ကင်းရ ခြင်း စသည့် အကျိုးများကို ခံစား၊ စံစားရကြောင်း ထေရာ ပါဒါန်ကျမ်းတွင် လာရှိသည်။

အလားတူ ဂန္ဓောဒကတိဿ မထေရ်လောင်းသည် လည်း ပဒုမုတ္တရာဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရည်ဖြင့် သွန်းလောင်း ပူဇော်သော ကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်ရခြင်း၊ အနာရောဂါမရှိခြင်း၊ သောက ကင်းဝေးခြင်း စသည့် အကျိုးကျေးဇူး ခံစား၊ စံစားရသည်ဟု အဆိုပါ ထေရာပါဒါန်တွင် လာရှိပါသည်။

ဗောဓိပင်စိုက်ပျိုးခြင်း၊ ဗောဓိပင်ကို ဆီမီးများ ပူဇော် ခြင်း၊ ဗောဓိပင်ကို တံခွန်၊ ကြက်လျှာ၊ ကုက္ကားလှူခြင်း၊ ဗောဓိပင်ကို ရေသွန်းလောင်းခြင်း၊ သဲလောင်းလှူခြင်း စသည့် ဗောဓိပင်နှင့် ပတ်သက်သော ကောင်းမှုများကိုလည်း တွေ့ ရသည်။

ညောင်အမျိုးမျိုးရှိသည့်အနက် ညောင်ဗုဒ္ဓဟောအမျိုး သာလျှင် "ညောင်ရေသွန်းပွဲ"ဟူသော စကား၌ ပါသည့် ညောင်မျိုးဖြစ်ပါသည်။ ဂေါတမမြတ်စွာဘုရားရှင်သည် ညောင် ဗုဒ္ဓဟောပင်တွင် ပွင့်တော်မူသောကြောင့် ဗုဒ္ဓဘာသာဝင်မှန် သမျှသည် မဇ္ဈိမဒေသ မဟာဗောဓိပင်နှင့် မဟာဗောဓိညောင် ဗုဒ္ဓဟောပင်မှ ဆင်းသက်ပြန့်ပွားလာသော ညောင်ဗုဒ္ဓဟောမျိုး ကိုသာ ဗောဓိပင်အဖြစ် ကိုးကွယ်ပူဇော်ကြပါသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အရှင်အာနန္ဒာအား သာဝတ္ထိ ပြည်မှ ယူဇနာ ၆၀ ဝေးကွာ၍ ခြေလျင်ခရီးဖြင့် နှစ်လတိုင်



www.burmeseclassic.com

www.burmeseclassic.com

တိုင် သွားရလောက်အောင် ဝေးသော မဟာဗောဓိပင်မှ ဗောဓိညောင်စေ့ကို ယူပြီး စိုက်ပျိုးပူဇော်ရန် နိုင်းတော်မူခဲ့သည်။ ထိုစဉ် သမုဒ္ဒရာမြစ်ခြားပြီး ဝေးကွာနေသော မဇ္ဈိမဒေသ မဟာဗောဓိပင်မှ ဗောဓိမျိုးစေ့ကို အရှင်မဟာမဟိန္ဒက သီဟိုဠ်ကျွန်းမှ ဒေဝါနံ ပိယတိဿမင်းကြီးကို ဆောင်ယူရန် ညွှန်ကြားခဲ့ဖူးလေ၏။

သုဝဏ္ဏဘုမ္မိ သထုံပြည်တွင် သီတင်းသုံး နေထိုင်တော်မူသော ရှင်သောဏနှင့် ရှင်ဥတ္တရတို့၏ တပည့်စဉ်ဆက် လောကီအဘိညာဉ်ရ ရှင်ပြာဏဒဿီ ကိုယ်တော်ကြီးသည် ဗောဓိယင်္ဂဏဝတ် ဖြည့်ကျင့်ရန် မဇ္ဈိမဒေသ မဟာဗောဓိပင်ကို နံနက်တိုင်း ကြွသွားခဲ့ဖူးလေ၏။

တစ်ချိန်က ပုဂံပြည်တွင် သီတင်းသုံး နေထိုင်သော ပေါင်လောင်း အရှင်ကဿပကိုယ်တော်မြတ်ကြီးသည် အလွန်တရာ ဝေးလံလှစွာသော သီဟိုဠ်ကျွန်းမှ ဗောဓိမျိုးစေ့တို့ကို တကူးတက ယူဆောင်ခဲ့သည်။ သက္ကရာဇ် ၆၇၄ ခုနှစ်တွင် နန်းတက်သော ပင်းယဥဇနာမင်းကြီး ပုဂံပြည်မှ ဗောဓိမျိုးစေ့ကို ယူ၍ ပင်းယတွင် တခမ်းတနား စိုက်ပျိုးတော်မူခဲ့သည်။

ညောင်တိုင်း ဗောဓိမမည်သောကြောင့် အထက်ပါ အတိုင်း ဗောဓိပင် ပူဇော်ရေးအတွက် အဆင်းရဲ အပင်ပန်းခံကာ တကူးတကပြုလုပ် စိုက်ပျိုးကြရခြင်းဖြစ်သည် ဟူ၏။

ဂေါတမဘုရားရှင် ဝါတော် ၂၇ ဝါ၊ မဟာသက္ကရာဇ် ၁၃၀ ခုနှစ်၌ သာဝတ္ထိပြည် အာနန္ဒာ ညောင်ရေသွန်းပွဲမှ စ၍ မြန်မာပြည်ကို ဦးဆုံး ဗောဓိညောင်မျိုးစေ့ သယ်ယူလာသော ပုဂ္ဂိုလ်သည် ပုဂံပြည် ပေါင်လောင်း ရှင်ကဿပကိုယ်တော်ကြီးဟု ဆိုရပေမည်။ ကိုယ်တော်ကြီး၏ ဗောဓိပင်နှင့် ပတ်သက်သော အကြောင်းများကို အကျယ်တဝင့် ရေးသားထားသည့် "ဗောဓိပင် အဋ္ဌကထာကျမ်း"ကြီးကိုလည်း "သဟာဿရံသီ ဗောဓိဝင်ဋီကာ"ဟူသော အမည်ဖြင့် ဋီကာဖွင့်ဆို ရေးသားထားသည်။

မြန်မာပြည်အနှံ့ ဗောဓိမျိုးစေ့ကို စိုက်ပျိုးတော်မူသော ပုဂ္ဂိုလ်ကြီးသည်ကား မြန်မာရာဇဝင်တွင် အလွန်ထင်ရှားသော အလောင်းစည်သူမင်းကြီး၏ မြေးတော်၊ သက္ကရာဇ် ၅၆၃ ခုနှစ်၌ နန်းတက်တော်မူသော မြေးတော် နရပတိစည်သူမင်းကြီးပင် ဖြစ်သည်။

ပရိဘောဂစေတီထိုက်သော ဗုဒ္ဓဘုရားရှင်တော်မြတ်၏ ဗောဓိညောင်ကို ရေစင်သွန်းလောင်းသောသူသည် သာမန်လှူဒါန်းခြင်းမျိုး မဟုတ်နိုင်တော့ပေ။ အကျိုးကျေးဇူးများ ကျယ်ပြန့်လွန်းလှပေ၏။ သာမန် ရေလှူဒါန်းသော ပုဂ္ဂိုလ်များ၏ အကျိုးကျေးဇူးကို ဖော်ပြလျှင်ပင် ခန့်မှန်းနိုင်းယှဉ် ကြပါလိမ့်မည်။ အကျဉ်းမှတ်ရန်မှာ "သက်ရှည်ဆင်းလှ ပညာ၊ ကျော်စောခွန်အား၊ ပေါ်များခြွေရံ၊ ကြည်လင်သန့် ခြင်းအမှန်၊ မွတ်သိပ်ကင်း၊ ကျိုးရင်း ဤဆယ်တန် ဖြစ်သည်။

## ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် သူတော်စင် တို့၏ မင်္ဂလာနေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ "ဗျာဒိတ် မြင်၊ ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း"ဟူသည်နှင့်အညီ...

(၁) ဘုရားလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်ထံတော်မှ "ဘုရား စစ်၊ ကေန်ဖြစ်လိမ့်မည်"ဟု နိယတ ဗျာဒိတ် တော် ခံယူသည့်နေ့ဖြစ်ခြင်း။

(၂) မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်နေ့ ဘုရားလောင်းတော် မီးရှူးသန့်စင် ဖွားမြင်သော နေ့ဖြစ်ခြင်း။

(၃) ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍ သောဏ္ဍ၊ ဗုဒ္ဓဟော ဆိုသည်နှင့်အညီ ဖွား တော် ခုနစ်ပါးတွင် ပါဝင်သော ညောင်ဗုဒ္ဓ (ဗောဓိပင်)သည်လည်း ကဆုန်လပြည့်နေ့ ပေါက်ရောက်ခဲ့ခြင်း။

(၄) ဘုရားလောင်းတော်သည် သက္ကရာဇ် ၁၀၃ ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိ ပြီး ဘုရားအဖြစ်ကို ရောက်တော်မူခဲ့ခြင်း။

(၅) သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ တော် ၄၅ဝါ၊ သက်တော် ၈၀ တွင် နယ်မာ တိုင်း၊ ကုသိနာရုံပြည်ရှိ အင်ကြင်းတော ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း...

စသည့် ထူးခြားချက် (၅)မျိုးတို့တွင် တိုက်ဆိုင် သော နေ့ထူးနေ့မြတ်ဖြစ်နေသည်ကြောင့် ဤနေ့ကို "က လပြည့် ဗုဒ္ဓနေ့"ဟု အမွှမ်းတင်၍ ခေါ်ဆိုကြခြင်းဖြစ်ပါသ

## ဗုဒ္ဓါဘိသေက မင်္ဂလာဆင်ယင်ကျင်းပခြင်း

ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် နေ နေ့မြတ်ဖြစ်သော နှစ်စဉ် ကဆုန်လပြည့်နေ့သို့ လေတိုင်း ဗုဒ္ဓရုပ်ပွား ဥဒ္ဒိဿစေတီတော်မြတ်များကို အ


www.burmeseclassic.com

www.burmeseclassic.com

ကဇာတင် ဗုဒ္ဓါဘိသေက မင်္ဂလာဆင်ယင်ကျင်းပကြ၍ ကုသိုလ်တော်အထူး ဆည်းပူးလေ့ရှိကြပါသည်။ ကျောင်းကန် ဘုရားများသို့ သွားကြ၍ ဒါန၊ သီလ၊ ဘာဝနာတရားများ ပွားများကြကာ ကဆုန်လပြည့် ဗုဒ္ဓနေ့ကို အမှတ်တရဆင်နွှဲ ကျင်းပကြပါသည်။

## မနသာဥဒါန်းဂါထာ

ဗုဒ္ဓါဘိသေက အနေကဇာတင် ပါဠိ-မြန်မာ "အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။ (ဓမ္မပဒ ပါဠိတော်)။

အဖန်ဖန် အတန်တန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ "တဏှာလက်သမားကို မြင်နိုင်သောဉာဏ်"မရသေးသည်သာဖြစ်၍ ဘဝများစွာ သံသရာ၌ ကျင်လည်ခဲ့ရလေပြီ။

**ဂဟ ကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာမာသိ။**
**သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။**

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော၊ ဟယ်…တဏှာယောက်ျား။ အို…လက်သမား။ ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခုမြင်အပ်ပြီ။ ခန္ဓာအိမ်ကို နောက်တစ်ဖန် သင်ဆောက်ရတော့မည်မဟုတ်။ သင်၏ ကိလေသာတည်းဟူသော အခြင်ရနယ်အားလုံးတို့ကို ငါချိုးဖျက်အပ်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ။ ငါ၏ စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်လေပြီ၊ တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ငါရပြီ။

## ဝစသာဥဒါန်းဂါထာ

ကိလေသာကို ပူပန်စေတတ်သော၊ လုံ့လရှိသော၊ မကောင်းမှုကို ရှုမြင်တတ်သော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ် ထင်ရှားဖြစ်ပေါ်ကုန်၏။

ထိုအခါ အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို အပြားအားဖြင့် သိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်းအားလုံးတို့ ကင်းပျောက်ကုန်၏။

ထိုအခါ အဝိဇ္ဇာ စသော အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်းအားလုံးတို့ ကင်းပျောက်ကုန်၏။

ထိုအခါ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်တို့ကို ဖျက်ဆီးလျက် တည်နေ၏ ■

* * *

သန်းဝင်း(ဘဏ်)

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ - ဇွန်လအတွက်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

[redacted]

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထ
အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝကံအတွက် အထောက်အကူဖြစ်ပါလိမ့်မယ်။

"အတိတ်ကံက ကောင်းကျိုးပေးနေရုံဖြင့်လည်း ထာဝရ ကောင်းနေနိုင်မည်မဟုတ်။ အတိတ်ကံက ဆိုးလွန်းနေသဖြ လည်း ထာဝရ ဆိုးနေနိုင်လိမ့်မည်မဟုတ်။ အကြောင်းမှာ ပစ္စုပ္ပန်ကံ၏ ကာလ၊ ဒေသ၊ ဥပဓိ၊ ပယောဂတို့နှင့် စပ်သော ဉာဏ်၊ ဝီရိယအားလျော်စွာ အတိတ်ကံ၏ အကျိုးအပြစ်အမျိုးမျိုးတို့သည် အဟောင်းအသစ်အမျိုးမျိုးဖြစ်ပျက်၍ ထာဝ ပြောင်းလဲနေမှုကြောင့်တည်း"

*(ပဋ္ဌာန်းတရားတော်၊ ကမ္မပစ္စယော)*

| | |
|---|---|
| ၁၊ ၂၊ ၃၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀၊ ၂၁၊ ၂၉၊ ၃၀ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၈၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇၊ ၂၈ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |

## ၂၀၁၄၊ မတ်လ စန်းပွင့်ရက်များ

ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်သည်။ ဉာဏ်ရှိသလို အသုံးပြု နိုင်ပါသည်။ အရေးကြီးသောကိစ္စများအတွက် နေ့အလိုက် ဆိုင်ရာထောင့်အရပ်ဘက်ကို မျက်နှာမူပြီး ဆုတောင်းခြင်း မေတ္တာသုတ်ရွတ်ခြင်း၊ ဂါထာ မန္တန်ရွတ်ဆိုခြင်းများ ပြုလုပ်နိုင်သလို ဖြေရှင်းအငြင်းပွားရမှုများအတွက်လည်း စန်းပွင့်ရက်အလိုက် ဆိုင်ရာထောင့်ကို မျက်နှာမူကာ စကားပြော ဖြေရှင်းခြင်းများ လုပ်နိုင်ပါသည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ် ဗြိစ္ဆာ၊ မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ကြံဆောင်ရပါမည်။

ဥပမာ - ၂၀၁၄၊ ဇွန်လ ၅ရက်နေ့တွင် အရေးကြီးကိစ္စ စကားပြောရန် ရှိသည်ဆိုပါစို့၊ နေအိမ်မှ ထွက်ခွာရာတွင် အရှေ့အရပ်ကို မျက်နှာမူပြီး ပြောရမည့် ပုဂ္ဂိုလ်အား စိတ်အာရုံတွင် ပုံပေါ်အောင် ဖော်၍ မေတ္တာပို့ခြင်း၊ လိုသလို ပြော ခြင်းများ ပြုရပါမည်။ ပြီးမှ ထိုအရပ်အတိုင်း ခြေလေးငါးခြောက်လှမ်းမျှ အထွက်ပြုပြီးသော် လိုသောနေရာသို့ သွား တော်ရုံ အခက်အခဲများ စင်းလုံးချော ပြေလည်သွားပါမည်။ ယုံကြည်ဖို့ လိုပါသည်။ ဉာဏ်ရှိသလိုလည်း ရှက်ဆောင်နိုင် သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရတနာအဆောင်

ဤလထဲတွင်...

* တနင်္ဂနွေသားသမီးများ - ရွှေကို ဆောင်၍ အကြံအစည်ပြုပါ။
* တနင်္လာသားသမီးများ - ငွေ၊ ပုလဲ တစ်မျိုးမျိုးကို ဆောင်ပါ။
* အင်္ဂါသားသမီးများ - သံ၊ သံမဏိကို အဆောင်ပြုပါ။
* ဗုဒ္ဓဟူးသားသမီးများ - သလင်း၊ ပြဒါး တစ်မျိုးမျိုးကို ဆောင်ပါ။
* ကြာသပတေးသားသမီးများ - ဥဿဖယားကို ဆောင်ပါ။
* သောကြာသားသမီးများ - ကျောက်စိမ်းကို ဆောင်ပါ။
* စနေသားသမီးများ - နီလာကို ဆောင်ပါ။

## ငွေကြေးကံ ပွင့်လန်းရန်

ခုနစ်ရက်သားသမီးများသည် နေ့သားအလိုက် ပေးထားသော အချိန်အခါတွင် "ဒိဝါတပတိ ဂါထာတော်"ကို ရွတ်ပွားသရဇ္ဈာယ်ပါ။

ဇွန်လတစ်လလုံး နေအိမ်ဘုရားကျောင်းဆောင်တွင် ဘုရားရှင်အား လက်ဖက်ဆွမ်းဖြင့် ကပ်လှူ ပူဇော်ပါ။ တစ်ပတ်တစ်ကြိမ် ပုံသကူစွန့်ပါ။

**▪ တနင်္ဂနွေသားသမီးများ**

တနင်္ဂနွေနေ့ - နေ့ ၁၂နာရီမှ ၁နာရီ ၁၂မိနစ်ကြား။
ကြာသပတေးနေ့ - နံနက် ၆နာရီ ၂၅မိနစ်မှ ၉နာရီကြား။

**▪ တနင်္လာသားသမီးများ**

တနင်္လာနေ့ - နေ့ ၃နာရီမှ ၃နာရီ ၃၆မိနစ်ကြား။
ဗုဒ္ဓဟူးနေ့ - နံနက် ၆နာရီ ၇နာရီခွဲအတွင်း။

**▪ အင်္ဂါသားသမီးများ**

ဗုဒ္ဓဟူးနေ့ - နံနက် ၇နာရီမှ ၈နာရီ ၂၄မိနစ်အတွင်း။
ကြာသပတေးနေ့ - နံနက် ၁၀နာရီခွဲမှ ၁၀နာရီ ၄၅မိနစ်အတွင်း။

**▪ ဗုဒ္ဓဟူးသားသမီးများ**

ဗုဒ္ဓဟူးနေ့ - နေ့ ၃နာရီမှ ၃နာရီ ၃၆မိနစ်အတွင်း။
သောကြာနေ့ - နံနက် ၆နာရီ ၇နာရီခွဲအတွင်း။

**▪ ကြာသပတေးသားသမီးများ**

ကြာသပတေးနေ့ - နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း။
စနေနေ့ - နေ့ ၁နာရီခွဲမှ ၃နာရီအတွင်း။



www.burmeseclassic.com

www.burmeseclassic.com

*** သောကြာသားသမီးများ**

တနင်္ဂနွေနေ့ - နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း။

ဗုဒ္ဓဟူးနေ့ - နံနက် ၇နာရီခွဲမှ ၈နာရီ ၂၄မိနစ်အတွင်း။

*** စနေသားသမီးများ**

စနေနေ့ - ညနေ ၃နာရီမှ ၃နာရီ ၃၆မိနစ်အတွင်း။

အင်္ဂါနေ့ - ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း။

ဖော်ပြပါ နေ့အလိုက် အခါချိန်များတွင် ဒိဝါတပတိဂါထာ ရွတ်ရန် ဖြစ်ပါတယ်။

## ဖြေဆေးယတြာ

ခုနစ်ရက်သားသမီးများအားလုံးသည် ဇွန်လ၏ ပထမပတ်နှင့် ဒုတိယပတ်အတွင်းရှိ မိမိတို့ မွေးနေ့မနက်ပိုင်းတွင် နီးစပ်ရာ တန်ခိုးကြီးဘုရားတစ်ဆူဆူ၏ မွေးနံထောင့် ဂြိုဟ်တိုင်တွင် ထုံးရည်ဖျော်(ထုံးရေကြည်)ဖြင့် ပက်ဖျန်းပေးပြီး နှုတ်မှ "သကျေပါစေ"ဟု ပြော၍ ပက်ပေးပါ။ မွေးနံထောင့်တွင် သန့်ရှင်းရေးလုပ်ပါ။ ပြီးသော် ဘုရားရုပ်ပွားတော်ကို ရေ သက်စေ့ သပ္ပာယ်၍ လိုရာဆုတောင်းပါ။

**သတ္တဝါအများကို** မေတ္တာပို့ပါ။ မြန်မာနိုင်ငံတော်သားများ၊ မင်းအစိုးရများနှင့် ကမ္ဘာသူ ကမ္ဘာသားများကို မေတ္တာပို့ပေး ပါ။ မိ**သားစုအတွင်း မေတ္တာ**တရား ကိုယ်ချင်းစာတရားဖြင့် ဆက်ဆံပေးပါ။

## အကြံပြု ယတြာ

၂၀၁၄၊ ဇွန်လ (၁၄၊ ၁၅ရက်) လလယ်တွင် အတိသုခဂြိုဟ်၊ ခနသိဒ္ဓိကို ပေးစွမ်းနိုင်သော နေဂြိုဟ်၊ အပြစ်တင်သံ ကို ကျေပျောက်နိုင်သော ကြာသပတေး ကောဇ သောမဂြိုဟ်၊ လောကုတ္တရာအဖြစ်လည်း ယူဆနိုင်သော ဂြိုဟ်ကြီးသည် လက်ရှိ **မေထုန်ရာသီမှ ကရကဋ်ရာသီအိမ်**သို့ "ဥစ်"အဖြစ် ရောက်လာမှာ ဖြစ်ပါတယ်။ ကြာသပတေးဂြိုဟ်ကြီး ထိုရာသီအိမ် သို့ ပြောင်းရွှေ့လာခိုက် **မေတ္တာများ** ဖြန့်ကျက်၍ အာရုံဝင်စား ကြိုဆိုလိုက်ကြရန် ဖြစ်ပါတယ်။ သတ္တဝါတွေအားလုံး မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး "အေးမြကြည်ရွှင် မေတ္တာဝင်၍ ကြည်လင်ချမ်းမြ အေးရန်ပကြပါစေ"ဟု ဆုပန်ခြွေသလျက် မေတ္တာစာတ ပျံ့နှံ့အောင် ဖြန့်ကျက်ပေးနိုင်ကြပါစေဟု တိုက်တွန်းပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်၊ တနင်္ဂနွေနေ့ နံနက် ၄နာရီ ၂၀မိနစ်တွင် လွတ်လပ်ရေးရယူခဲ့တာကြောင့် ဗြိစ္ဆာလဂ်ဖြစ်ပါတယ်။ လဂ်တွင် ကြာသပတေးရှိပါတယ်။ ကောဇ ကြာသပတေးသည် ၉တန့်(တြိကောဏ)တွင် ရှိပြီး "ဥစ်"ရကာ၊ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေး ဇာတာလဂ်နဲ့ ကြာသပတေးကို ၅တန့် **အထူးမြင်ပေးနေပါလိမ့်မယ်။ အကောင်းတွေ** ဖြစ်လာတော့မယ်လို့ ယုံကြည်ပေးလိုက်ကြရအောင်။

**ကောင်းသော ယုံကြည်မှုဟာ ကောင်းတာတွေ** စာတ်ဖြစ်စေတယ်။ ကောင်းသောအသံဟာ ကောင်းစာတ်ဆော ဆောင်ပါတယ်။ ဒါကြောင့် တို့တိုင်းပြည်၊ တို့ပြည်သူတွေ ကောင်းပြီ၊ ကောင်းတော့မယ်လို့ နှလုံးကောင်းသွင်းပေးပါ အကြံပြုပါတယ်။

ကောင်း**သောအသံ**မှသာ ကောင်းသောစာတ်တွေဖြစ်ပေါ်ပြီး ကောင်းတာတွေ ကြုံပါတယ်။ လောကခံ မကောင်း လောက**ကြီးထဲမှာ လူဖြစ်**လာခိုက်၊ ကောင်းသောစာတ်တွေ ကြုံရအောင် ကောင်းတာလေးများ တွေးပြီး၊ ကောင်းတာလေး **များ ပြောပြီး၊ အတတ်နိုင်ဆုံး ကုသိုလ်လည်း ရ** ယတြာလည်း ကျေအောင် ကောင်းတဲ့ ကုသိုလ်ကောင်းမှုများ **တစ်လလုံး လုပ်ဖြစ်အောင် လုပ်ပါ**ဟု အကြံပြုပါတယ်။

* * *

**ဒေတ္တရာ ဆရာ**



www.burmeseclassic.com

www.burmeseclassic.com

*** ဗုဒ္ဓဟူး ***

ကျုပ် ဒီနေ့မနက်ပိုင်း နေရထိုင်ရ သက်သာဘူး။ တစ်ကိုယ်လုံးမှာ ပိုက်တွေနဲ့။ လက်မောင်းမှာ၊ င်းမှာ၊ ဆီးလမ်းကြောင်းမှာ၊ အို နေတာပဲ။ ကျုပ် ဆေးရုံက ပြန် မယ့် ဆရာဝန်က အမြဲလာကြည့် ယ်။ စပါယ်ရှယ်နပ်(စ်)ကတော့ မပြတ်ဘူး။ ဒါပေမယ့် သူတို့ ကို သက်သာအောင်တော့ လုပ် နိုင်ကြဘူး။


ရင်ထဲက စူးစူးဝါးဝါး ထိုး့ထိုး တဲ့ ဝေဒနာဆိုးကြောင့် အခံရ ခက်လွန်းလို့ မျက်နှာကို ရှုံ့မဲ့ထားရပြီး တဟင်းဟင်းနဲ့ ညည်းနေမိတယ်ဗျာ။

“ရင်ဘတ်က အောင့်တယ်”

မနေနိုင်တော့လို့ တစ်လုံးချင်း အားယူပြီး ကျုပ်ပြောလိုက်မိတယ်။ ကျုပ်ရင်ဘတ်ကို လက်နဲ့ ဖိပေးထားတဲ့ သမီးဖြစ်သူ···

“သက်သာသွားမှာ အဖေရဲ့ ဆေးသွင်းပေးထားတယ်။ အဖေ ဘုရားကို အာရုံပြုပြီး ခဏနေနော်”

ကျုပ်လည်း ဘုရားကို အာရုံပြု နေပါတယ်၊ ခဏပဲ။ ရင်ဘတ်ထဲက ထိုး့ထိုးအောင့်ပြန်တော့ မရှုနိုင် မကယ်နိုင်နဲ့ မျက်နှာကို ရှုံ့မဲ့ပြီး ညည်းညူမိ



## တောင်တွင်းကိုရင်ဩ

# ဗုဒ္ဓဟူး - အင်္ဂါ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ရော"

"မောင်လေး… ဆရာတော်ကို သွားပင့်လိုက်၊ ငါ ဖုန်းဆက်ပြီး လျှောက်ပြီးသား"

ကျုပ်အသံတွေသာ ကြားနေရတယ်။ ပြန်ပြောချင်စိတ် မရှိတော့ဘူး။ ဆရာတော်ကိုတော့ ဖူးချင်သား။ ဝေဒနာက တိုးတိုးသာနေတယ်။ လျော့တယ် မရှိဘူး။ လူးလွန့် လူးရှားလိုက်ချင်ပေမယ့် အောက်ပိုင်းတွေက လှုပ်လို့ မရတော့။ ရင်ဘတ်ထဲက ထိုးအောင့်နေပြန်ပြီ။

"အင်း…ကျွတ်…ကျွတ်"

ကျုပ် ညည်းမိပြန်ရော။

"အဖေ…ဘုရားကို အာရုံပြုပြီး ဝေဒနာကို ဆင်ခြင်နော်"

ကျုပ်လည်း သမီးစကားအတိုင်း ဝေဒနာကို ဆင်ခြင်ပြီး ဘုရားကို အာရုံပြုပြန်ပါတယ်"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

သမီးရဲ့ သရဏဂုံသုံးပါး ရွတ်ဆိုသံကို နားစွင့်ရင်း ဝေဒနာကို ဆင်ခြင်နေပါတယ်။ နည်းနည်းသက်သာသလိုပဲ။

"ဆရာတော် ကြွလာပြီ"

အသံကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ အို…ဆရာတော်ကို ဝိုးတဝါးပဲ ဖူးရတော့တယ်။ အားယူပြီး လက်အုပ်ချီတော့ သမီးက လက်ကို ကိုင်ပြီး မ,ပေးထားရတယ်လေ။

"ဒကာကြီး… ဒကာကြီးမှာ အားကိုးစရာတွေ အများကြီးနော်။ ဒကာကြီး ပြုခဲ့တဲ့ ဒါနတွေ၊ သီလတွေ၊ ဘာဝနာတွေကို မှတ်မိတယ် မဟုတ်လား။ အဲဒါတွေက ဒကာကြီး စုဆောင်းထားတဲ့ အားကိုးစရာ ရတနာတွေနော်"

ဆရာတော်ရဲ့ ဆုံးမစကားကို နားယူရင်း အစွမ်းကုန် အားယူလို့…

"သမီး၊ သား"

လို့ ခေါ်လိုက်မိတယ်။ ဒီစကားနှစ်ခွန်းခေါ်ပြီး ကျုပ်အသံထွက်လို့ မရတော့ဘူး။ ရင်ဘတ်တစ်ခုလုံး အောင့်နေတာကလည်း မရှုနိုင် မကယ်နိုင်။ တကယ့်ဝေဒနာဆိုး။ သားနဲ့ သမီး ရောက်လာန်ဟန်တူရဲ့။ ကျုပ်ကတော့ ပြင်းထန်လှတဲ့ ဝေဒနာကြောင့် အသက်ရှူလို့ မရတော့၊ လုပြီး ရှူနေရတယ်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

သမီးနဲ့ သားရဲ့ သရဏဂုံသုံးပါး ရွတ်ဆိုသံ ကြားလိုက်မိရဲ့။ အသက်ရှူမဝတာနဲ့၊ နောက် မကြားတစ်ချက်၊ ကြားတစ်ချက်။ ကျုပ်ရဲ့ ရုပ်နဲ့ နာမ်က တခြားစီ ဖြစ်လိုက်၊ တပေါင်းတည်းဖြစ်လိုက်နဲ့ ရင်ဘတ်အောင့်တဲ့ ဝေဒနာက အဆိုးဆုံး အခြေအနေရောက်နေပြီ။ နောက်ဆုံး ပါးစပ်ဟာပြီး ဝင်လေကို ရှူသွင်းဖို့ ကြိုးစားလိုက်ချိန်မှာ ကျုပ်ဟာ ကျုပ်ရဲ့ ခန္ဓာကိုယ်ကြီးကို ပြန်မြင်လိုက်ရပါပြီ။ ဘာဝေဒနာမှလည်း မရှိတော့ဘူး။ ပါးစပ်ဟာရက်နဲ့ ဇီဝိန်ချုပ်ခဲ့တာ။ ဝင်လေ မရှိတော့လို့ နှလုံးရပ်သွားတယ် ထင်ပါရဲ့။

အားလုံးက ပျာပျာသလဲ၊ စပါယ်ရှယ်နပ်(စ်)လေးက ကျုပ်ကို ပရက်ရှာ တိုင်းနေဆဲမှာ ဆရာဝန်ရောက်လာပြီး အမျိုးမျိုးစမ်းသပ်စစ်ဆေးကြည့်ပါတယ်။ ပြီးတော့ "ဆရာကြီး ကွယ်လွန်သွားပါပြီ"တဲ့။ သြော်…အခုတော့ ကျုပ်က သေသွားပြီပေါ့။

ကျုပ်ဆုံးတော့ နေ့လယ် ၂နာရီမှာ။ ဆုံးတယ်သာ ပြောတယ်၊ ကျုပ်ကတော့ သူတို့နဲ့ အတူရှိနေသား။ ဘာဝေဒနာမှ မရှိတော့ဘဲ အကောင်းအတိုင်းပါ။ ကျုပ်ကိုယ်ကျုပ် ဘာကောင်မှန်းတော့ မသိဘူး။ လူတွေ ရှုပ်လွှန်းတာနဲ့ ကျုပ် အပြင်ကို ထွက်လိုက်ပါတယ်။ ညှိခန်းရောက်လို့ လမ်းမကြီးကို ကြည့်လိုက်တော့ အိမ်ရှေ့ကား လမ်းဘေးက ပိတောက်ပင်ပေါ်မှာ ဟာ…ဘာကောင်တွေမှန်း မသိဘူး။ ကျုပ် လိုကောင်တွေ။ တစ်ကောင်က လှမ်းခေါ်လို့ ကျုပ်သွားလိုက်တယ်။

"မင်းက ဒီဘုံကို အခုမှ ရောက်လာတာနော်"

"ဘာဘုံကို ပြောတာလဲ"

ကျုပ်က ဘာမှန်းမသိလို့ ပြန်မေးလိုက်တာ။

"အေး၊ ဘဝတစ်ခုကနေ တစ်ခု ကူးပြောင်းလိုက်ရင် ကိုယ် ဘာကောင်ဖြစ်လို့ ဖြစ်မှန်း မသိကြဘူး။ အခု မင်း ရောက်နေတာ စတုမဟာရာဇ်နတ်တို့ရဲ့ အနိမ့်ဆုံးဖြစ်တဲ့ ပြိတ္တာဘုံကို ရောက်နေတာ။ တို့မှာ ဣဒ္ဓိပါဒ်ရှိတယ်။ အ… ပေးနိုင်တယ်။ ကိုယ်ထင်ပြနိုင်တယ်။ ဒါပေမယ့် သွားမလုပ်နဲ့ အဲဒါဆို လူတွေ က မြန်မြန်မောင်းထုတ်တတ်တယ်"

"ပြိတ္တာ…ဟုတ်လား"

"အေး၊ ဟုတ်တယ်။ နောက်… မင်း အိမ်ထဲမှာ နေလို့ မရတော့ဘူး… တို့လို တော်ရာမှာ နေရမှာ"

"ဒါဆို ဒီသစ်ပင်မှာပဲ နေလို့ မ… ဘူးလား"

"ဟိုမှာ တို့ရဲ့ ခေါင်းဆောင်။ မင်း သူ့ကို မေးကြည့်ပေါ့"

သစ်ပင်ထိပ်ဖျား ကိုင်းတစ်ခု… နေတဲ့ ပြိတ္တာကြီးကို မေးငေါ့ရင်း ပြော… လို့ ပြိတ္တာကြီးနား ကပ်မေးရပါတယ်…

"ကျုပ် ဒီသစ်ပင်မှာ နေလို့ … မလား"

"ဒီအပင်က မင်းစိုက်ထား… အပင်လေ။ နေချင် နေနိုင်တာပေါ့ မင်း… သဘော"

အင်း…ဟုတ်သားပဲ ကျုပ်…



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝက စိုက်ခဲ့တဲ့ အပင်ကိုး။ သစ်ပင်စိုက်တာ နောင်ဘဝအထိ အကျိုးပေးတယ်ဆိုတာ အမှန်ပဲ။ အရိပ်ရအပင်တွေ မစိုက်ဘူးရင် နည်းနည်းတော့ စိုက်ထားသင့်တယ်။ လောလောဆယ် ကျုပ်က သစ်ပင်မှာ အမြဲမနေဘူး။ အိမ်ထဲကို ဝင်လိုက် ထွက်လိုက်ပဲ။ ပြောရဦးမယ်။

ကျုပ်သေသွားပြီးတဲ့နောက် တစ်နာရီလောက်တော့ ငိုကြယိုကြပေါ့။ တစ်နာရီလောက်အကြာမှာ ကျုပ်အိမ်က လူတစ်ယောက်က···

“အခု အချိန်မီသေးတယ်၊ အလောင်းကို ရေဝေးပို့ရအောင်”

လို့ အော်ပြောလိုက်တာနဲ့ အားလုံး လှုပ်လှုပ်ရှုရှုဖြစ်သွားတယ်။ နာရေးကူညီမှုအသင်း ဖုန်းနံပါတ်ကို ရှာသူက ရှာပေါ့။ သူတို့လေ ကျုပ်ကို ဒီတစ်ညအောင် အိမ်မှာ မထားချင်ကြတော့ဘူး ထင်ပါရဲ့။ ကျုပ်ဘဝမှာ ပင်ပန်းတကြီး ရှာဖွေဆောက်ခဲ့ရတဲ့ အိမ်ပါ။ ဒီတစ်ညထားလိုက်လို့ ဘာဖြစ်သွားမှာ တဲ့။ ဒါပေမယ့် ကျုပ်ကို ဒီတစ်ညအောင် နေခွင့်မပြုချင်ကြတော့ဘူး။

ကျုပ်ရဲ့ ရုပ်ကလာပ်ဟာ အိပ်ခန်းထဲက ခုတင်ပေါ်မှာ။ အားလုံး ဧည့်ခန်းထဲ ထွက်လာကြပြီး အလုပ်ရှုပ်နေကြ တယ်။ သမီးနဲ့ သားက နာရေးကြော်ငြာ ထည့်ဖို့ စာစီနေကြတယ်။ ချွေးမက လည်း ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်လို့။

ရပ်ကွက်ထဲက လူငယ်အဖွဲ့တွေ ကလည်း အိမ်ရှေ့မှာ ကလဖျင်းထိုးသူက ထိုးလို့၊ ကျုပ်လည်း သင့်ရာ မှာ နေပြီး သူတို့လှုပ်ရှားမှုကို ကြည့်နေမိတယ်။

မကြာပါဘူး။ နာရေးကူညီမှု အသင်းကား ရောက်လာတယ်။ ၄နာရီ လောက်ပေါ့။ ငိုရင်းယိုရင်းနဲ့ ကျုပ် အလောင်းကို ရေဝေး သယ်သွားတာ မြင်လိုက်ရပါတယ်။ ကျုပ်က သံယောဇဉ် မရှိလို့ လိုက်မသွားဘူး။ အိမ်မှာပဲ ကျန်ခဲ့တာ။

အဲဒီနေ့ညက ကျုပ်အိမ်ရှေ့မှာ မီးထိန်ထိန်လင်းနေတဲ့ ကလဖျင်းနဲ့၊ အိမ်မှာလည်း တံခါးတွေအားလုံး ဖွင့်ထားတယ်။ ဧည့်သည်ကတော့ မများသေးဘူး။ ကျုပ်ရဲ့ ရုပ်ကလာပ်က အိမ်မှာ မရှိတော့ဘူး။ ဒါပေမယ့် တမလွန်က ကျုပ်တော့ ရှိနေရဲ့။

* ကြာသပတေးနေ့ *

မနက်မိုးလင်းတော့ ညဘက် အိမ်သူတွေ နိုးလာပြီး လှုပ်ရှားကြပြန်ပြီ။ မနက်ပိုင်းမှာ သက်ပျောက်ဆွမ်း ကပ်ရဦးမယ်။ ချက်ကြပြုတ်ကြ ပြင်ကြဆင်ကြပေါ့။ ကျုပ်အမျိုးတွေက မနေ့ကတည်းက အစုံရောက်နေကြပြီ။

၉နာရီလောက်မှာ ဘုန်းကြီးကြွလာတော့ သက်ပျောက်ဆွမ်း ကပ်ကြပါတယ်။ ဆရာတော်ရဲ့ ရေစက်ချတရားအပြီးမှာ ကျုပ်နာမည်ကို ခေါ်ပြီး အမျှဝေပါတယ်။ ကျုပ်လည်း အနားမှာ ရှိနေတာပဲ။ ဘုရားစင်ဘေးမှာ စားပွဲတစ်လုံးနဲ့ ‘ကျုပ်ဓာတ်ပုံရှိတယ်။ အဲဒီဓာတ်ပုံနားမှာ ကျုပ်ကြိုက်တတ်တဲ့ မနက်စာကို ပြင်ပြီး တင်ပေးထားကြပါတယ်။ ကျုပ် ဘာတစ်ခုမှ မစားမိဘူး။

သားနဲ့ သမီးလည်း မအားကြပါဘူး။ နောက်နေ့ အသုဘချဖို့ ကားငှားသူက ငှား၊ လက်မှတ်မျိုးစုံလုပ်သူက လုပ်နဲ့။ ယပ်တောင်မှာဖို့၊ ဖိတ်စာရိုက်ပြီး ဝေဖို့၊ အားလုံး အလုပ်ကို ရှုပ်ကြလို့။ အင်း··· နာရေးကိစ္စဆိုတော့ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ လုပ်ရတာ။ လူအားနဲ့ မြန်မြန်စီစဉ်နိုင်မှ မဟုတ်လား။

အင်း··· အခုဇလာလောဆယ်မှာ ကျုပ်က ဘဝနှစ်ခုနဲ့ သတ္တဝါလိုပဲ။ သစ်ပင်ပေါ်က ပြိတ္တာတွေနဲ့ သွားနေလိုက်၊ အိမ်ထဲဝင်တဲ့အခါလည်း ဝင်နေလိုက်နဲ့ အဆင်ပြေလို့။ ပြိတ္တာအများစုက ကျုပ်ကို ပျော်အောင် ထားကြတယ်။ ဟိုခေါ် ဒီခေါ်လည်း ခေါ်ကြပါတယ်။ အထူးသဖြင့်တော့ ကုသိုလ်ကောင်းမှုတွေ ပြုချိန်မှာ သာဓု မခေါ်စေချင်တာ။ သူတို့လည်း သူတို့ရဲ့ ဘဝမှာ ပျော်နေသား။ ကျုပ်အတွက် အမြဲနေရအောင် အိမ်ရှေ့ သစ်ပင်မှာ စီစဉ်ကြတော့ ခေါင်းဆောင် ပြိတ္တာကြီးက···

“လုပ်မနေကြနဲ့။ သူက မင်းတို့နဲ့ မတူဘူး။ ခုနစ်ရက်ပဲ နေပြီးရင် နောက်ဘဝကို ပြောင်းရဦးမှာ”

“ဗျာ”

“ဟုတ်တယ်၊ တို့ ပြိတ္တာထဲက တစ်မျိုးပေါ့။ ခုနစ်ရက်ပြီးရင် ဘဝပြောင်းရတာ”

“ကျုပ်က တစ်ခါသေရဦးမှာပေါ့နော်”

“အေးပေါ့ မဆုံးနိုင်တဲ့ သံသရာမှာ သေလိုက်၊ မွေးလိုက်ပေါ့လေ”

ကျုပ် တော်တော်စိတ်ညစ်သွားတယ်။ ဒီတစ်ခါတော့ ကိုယ်သေမှာ ကြိုသိနေပြီလေ။ အင်း···ဒုက္ခ··· ဒုက္ခ။ ကျုပ်အိမ်ထဲ ပြန်ဝင်လာခဲ့တယ်။ အိမ်ထဲမှာ လူတွေ များနေပြီ။ ကျုပ်အမျိုးတွေလည်း စုံလို့၊ ဧည့်သည်တွေကလည်း မနည်းဘူး။

“အဖေက ရုတ်တရက်ကြီး ထဖြစ်သွားတာ။ ဖြစ်ဖြစ်ချင်း ဆေးရုံပို့တာပဲ၊ တစ်ရက်ပဲ ကြာတယ်၊ ဆရာဝန်က လက်လျှော့လိုက်လို့ ပြန်ခေါ်လာရတယ်။ နေ့လယ်ပိုင်းမှာပဲ ဆုံးတော့တာ”

ကျုပ်သမီးက ရှင်းပြနေတာ။ အားလုံးက စိတ်မကောင်းဟန်နဲ့ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေကြတယ်။

"ဆရာကြီးက အသေကောင်းပါတယ်။ ဝေဒနာကို သိပ်မခံစားလိုက်ရဘူး"

ကျုပ်သမီးကို နှစ်သိမ့်အားပေးလိုက်တဲ့ လူတစ်ယောက်ရဲ့ အသံ။ ကြည့်လိုက်တော့ ကျုပ်အိမ်နားက ရှေ့နေကြီး။ ကျုပ်ကတော့ အသေကောင်းပါတယ် ဆိုတာကို မကြိုက်တာ။ ဘယ်လိုသေသေဗျာ၊ သေတာကတော့ မကောင်းဘူးဗျ။

"ဟုတ်ပါတယ်။ ဆရာကြီး သေတာက အသေကောင်းပါ။ ကျွန်တော်တို့တောင် ဘယ်လိုသေမယ်မှန်း မသိဘူး"

နောက်တစ်ယောက်ကလည်း ပြောပြန်တာပဲ။ အသေကောင်းတဲ့။ တော်တော်ခက်တဲ့ လူတွေလို့ တွေးနေမိတယ်။ ပြီးတော့ ဆက်ပြောနေကြတာ ကျုပ်ကောင်းကြောင်းတွေချည်းပဲ။ ကျုပ်နဲ့ သိပ်အစေးမကပ်တဲ့ ရပ်ကွက်ထဲက လူတစ်ယောက်ကတောင်···

"ဆရာကြီးက အရမ်းသဘောကောင်းတာ"

တဲ့။ ပြောစရာကို မရှိလို့ ပြောတာပဲ ထင်တာပဲ။ ကျုပ် လူတွေကို ကြည့်ရဘာ ဟန်ဆောင်နေကြတာလို့ပဲ ထင်နေမိတော့တယ်။

ဟော···ကျုပ်ကို သစ်ပင်ပေါ်က ကောင်တစ်ကောင်က လှမ်းခေါ်နေတာပဲ။ သွားလိုက်ဦးမှ။

*** သောကြာနေ့ ***

ကျုပ်သေတာ သုံးရက်ရှိပြီ။ ဒီနေ့ အသုဘ သင်္ဂြိုဟ်မှာဆိုတော့ မနက်ကတည်းက အလုပ်တွေ များနေကြတယ်။ ကျုပ်သားနဲ့ တပည့်တချို့က အလောင်းပြင်ဖို့ စောစောထွက်သွားကြတယ်။ အလောင်းကျမှတော့ ထားလိုက်ပါတော့ဗျာ။ တစ်စုတစ်ဝေးကြီး အလှဆင်ပေးမလို့တဲ့။ ကျုပ်နည်းနည်းတော့ ရယ်ချင်မိတယ်။ ရယ်တော့ မရယ်ရက်ပါဘူး။ မတော်လို့များ ဗြိတ္တာ ရယ်လို့ ဆန်ရေစပါးများ ရှားခဲ့ရင် လူတွေ အခက်တွေ့နေဦးမယ်။

ရေဝေးသုသာန်ရောက်လို့ ခန်းမတစ်ခုမှာ ကျုပ်အလောင်းပြင်ထားတာကို ကြည့်လိုက်တော့ အို··တော်တော့်ကို ချောနေတာ။ မျက်နှာမှာ မိတ်ကပ်ပါးပါးလူးပြီး ပေါင်ဒါဖို့ပေးထားဟန် တူရဲ့။ မျက်ခုံးကိုလည်း မှိန်မှိန်ဆွဲထားလား မသိဘူး။ ကျုပ်ဝတ်နေကျ ရှပ်အင်္ကျီလက်ရှည်နဲ့၊ ဂန့်ဂေါလုံချည်နဲ့။ အခုပဲ မီးတောက်ထဲ ထည့်ပြီး မီးရှို့တော့မယ့် အသုဘကောင်ကို တန်ဆာဆင်နေကြတာလေ။

ကျုပ်တပည့်လေး တစ်ယောက်ကလည်း အသုဘအခမ်းအနားတစ်လျှောက်လုံး စကားတစ်ခွန်းမှ မပြောဘူး။ ပြီးတော့ အလောင်းမှာ ပြင်ထားတဲ့ နှင်းဆီပန်းလေးတစ်ပွင့်ကို ကျုပ်ဝိညာဉ်အမှတ်နဲ့ ခေါ်လာပြီး အိမ်ပြန်ယူလာလို့ဗျ။ တော်တော့်ကို ခက်တာ။ ကျုပ်က ဥပပတ္တိဘဝနဲ့ ပြိတ္တာဖြစ်နေလို့ သူတို့အနား နေနိုင်တာ။ ဝိညာဉ်ချုပ်ကတည်းက လူသားပြန်ဖြစ်တော့မယ်ဆို အမိတစ်ယောက်ယောက်ဝမ်းမှာ သန္ဓေတည်နေလောက်ပြီ။ ဘာမှ သိတော့မှာ မဟုတ်ဘူး။ အခုတော့ဗျာ၊ ဘာအယူအဆတွေနဲ့ လုပ်နေမှန်း မသိဘူး။

တိုတိုပြောကြပါစို့၊ ရေဝေးမှာ ငိုကြွယိုကြနဲ့ မီးသင်္ဂြိုဟ်ခဲ့တယ်။ မေ့မြော တက်ချက်သွားသူတော့ မရှိပါဘူး။

*** စနေနေ့ ***

သည်နေ့ စနေနေ့ဆိုတော့ လာလိုက်ကြတဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ အိမ်နဲ့ အပြည့်။

မနက်ပိုင်း ဘုန်းကြီးပင့်ပြီး သပိတ်သွတ်ပြန်ပါတယ်။ ဒါကတော့ နေ့တိုင်းပါပဲ။ ဆွေမျိုးအတော်စုံသား ဟိုး···အမွေကိစ္စတုန်းက ကျုပ်ကို စိတ်ခုသွားပြီး မခေါ်မပြောတဲ့ ကျုပ်ညီ တွေတောင် ရောက်လာကြတယ်။ အစ်ကိုသေတာ မလာရင် မကောင်း တတ်လို့ ထင်ပါရဲ့။ သူတို့ ငိုပြီးလာကြ တော့ ကျုပ်က အိမ်ရှေ့က ပိတောက် ပင်ပေါ်မှာ။ သူတို့ ငိုနေကြတော့ ကျု အံ့သြလို့။ ကျုပ်ကို အစ်ကိုလို့ သေတဲ့ အထိ အသိအမှတ်ပြုတာလည်း မဟုတ်ဘူးဗျာ။ အင်း··· လူလောက လူ့ဘဝဆိုတာကလည်း အမျိုးမျိုး လားနော်။ ကျုပ်ကတော့ သားသမီး သံယောဇဉ်နဲ့ ပြိတ္တာဘုံရောက်ခဲ့ရတာ တူပါရဲ့။

ဒါပေမယ့် မကြာတော့မယ် ကာလမှာ ကျုပ် ဘဝတစ်ခု ကူးရဦး တော့မယ်။ သမီးက ပညာတတ် တစ်ယောက်ဖြစ်သလို၊ တရားလည်း ရှိပါတယ်။ အဖေရှိစဉ်ကလည်း လိုတ ထက် ပိုပြီးပြုစုစောင့်ရှောက်ခဲ့လို့ ေ သာဟန် တူပါရဲ့။ အဖေမရှိတော့မှာ လည်း ဆင်ခြင်တုံတရားနဲ့ မျှော်လ သားထင်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ကျ နောက် နှစ်ရက် သုံးရက်အတွင်း ဘုံဘဝတစ်ခု ကူးရဦးမှာဆိုတော့ သ ယောဇဉ်တော့ ဖြတ်ဦးမှ။

မနက်က အိမ်မှာ ဆွမ်းသွ တော့ အမျှဝေချိန်မှာ ကျုပ်ရှိမနေ တခြား ပြိတ္တာကောင်တွေက ပျော်စ ကောင်းတဲ့ နေရာကို သွားမယ်ဆို ခေါ်သွားကြတယ်။ အမျှဝေတာလည်း ကျုပ် မသိပါဘူး။

ညဘက်မှာတော့ အိမ်ဦးခန်း အရပ်ထဲက လူကြီးတွေ (က





www.burmeseclassic.com

www.burmeseclassic.com

ဆွေ)ပါပဲ၊ ဝိုင်းဖွဲ့ပြီး တရားဓမ္မကြောင်းတွေနဲ့ ကျုပ်အကြောင်း ရောနှောဆွေးနွေးကြတယ်။

ရယ်စရာတော့ အကောင်းသား။ တရားဓမ္မရဲ့ အနှစ်ချုပ်တွေ ပြောနေကြတာလည်း၊ အင်း… မှတ်သားစရာကောင်းသလိုပဲ။ တကယ့်စကားကြီးစကားကျယ်တွေ။ ဒါပေမယ့် ကျုပ်က သိနေတယ်။ အဲဒီလူကြီးကို ဩကာသ ဘုရားကန်တော့ခန်းထဲ ရပ်ပြစ်ရှစ်ပါးက ဘာလဲ၊ ဝိပဿနာတရားလေးပါး ဆိုတာ ဘာတွေလဲ၊ ဗျာသနတရားငါးပါးကော ဘာလဲဆိုတာ သူ လုံးဝ မသိဘူးဗျ။ ကျုပ် မသေခင်က သူ့ကို မေးဖူးတယ်။ ပြန်ဖြေတော့ ဝေဝေဝါးဝါးနဲ့။

ဒါပေမယ့် အခုတော့ သူက ဆရာကြီးလေနဲ့ အိမ်ဦးခန်းမှာ ရေနွေးတစ်အိုး၊ လက်ဖက်တစ်အုပ်နဲ့ ဒိုင်ခံပြီး တရားစကားတွေ ပြောနေလိုက်တာဗျာ။

ကျုပ်က လူ့ဘဝတုန်းက စာရေးဆရာဗျ။ စာရေးဆရာ ဆိုတော့ အသောက်အစား ဘယ်ကင်းပါ့မလဲ။ ဘုရားတရားက မနက်ပိုင်း၊ အသောက်အစားက ညနေပိုင်းဆိုသလိုပဲ။ ဒါပေမယ့် အခုပြောနေတဲ့ စကားဝိုင်းမှာ ကျုပ် အရက်သောက်တတ်တာ၊ တစ်ခါတလေ အမူးလွန်တာတွေတော့ ဘယ်သူမှ မပြောကြပါဘူး။ ဧည့်ခန်းထဲက လူကြီးငါးယောက်မှာ လေးယောက်က တစ်ဝိုင်းတည်း သောက်နေကျ။

ကျုပ် ဆိုးခဲ့၊ တေခဲ့၊ ပေခဲ့တာတွေတော့ တစ်ခွန်းမှကို မဟကြပါဘူး။ ကျော်မလည်ခင် ခုနစ်ရက်က သေသူရဲ့ ကောင်းသတင်းတွေကိုသာ ပြောရတဲ့ ချိန်ခွင်း ခုနစ်ရက်ထင်ပါရဲ့။

ကျုပ်လည်း စိတ်ထဲမှာ မကြည်လင်တာနဲ့ အိမ်ရှေ့က သစ်ပင်ပေါ် ပြန်တက်နေလိုက်တယ်။

*** တနင်္ဂနွေနေ့ ***

မနက်မိုးလင်းလို့ အိမ်မှာ ဘုန်းကြီး ဆွမ်းကပ်တဲ့အချိန်က စပြီး ပြိတ္တာအတော်များများက ကျုပ်ကို အတင်းဆွဲခေါ်ကြတယ်။ ဘယ်နေရာမှန်းတော့ မသိဘူး။ ရေကန်ကြီးတစ်ခုရဲ့ ဘေးမှာ ပြိတ္တာတွေ… ပြိတ္တာတွေ များလိုက်တာဗျာ။ အားလုံးက ဆာလောင်မွတ်သိပ်နေပေမယ့် စားစရာကလည်း ဘာမှမရှိဘူး။ ကျုပ်လည်း ဆာလာပြီလေ။ ကျုပ်အိမ်မှာတော့ ကျုပ်အတွက် စားစရာရှိမှာ။ ဒါကြောင့် ဝိုင်းတားနေတဲ့ကြားက အတင်းပြန်ခဲ့တယ်။ အိမ်တောင် မရောက်လိုက်ဘူး၊ လမ်းမှာ ထမင်းထုပ်တစ်ထုပ်တွေ့လို့ ကောက်စားလိုက်တယ်။ ကျုပ်ကုသိုလ်က အစာမရှားဘူး ထင်တာပဲ။

တချို့ ပြိတ္တာတွေက စားစရာရှာမရလို့ ဘယ်တော့မှ ဝတယ် မရှိဘူး။ အမြဲဆာလောင်နေတာ၊ တချို့ကတော့ ထင်စရာမရှိဘူး။ အကုသိုလ် တစ်ယောက် တစ်မျိုးပါပဲ။ ဒါပေမယ့် ပြိတ္တာအားလုံးက သူတို့ဘဝမှာ သူတို့ပျော်လို့။ ဒုက္ခကို ဆင်းရဲလို့ မမြင်ကြပါဘူး။

ကျုပ် အိမ်ပြန်ရောက်တော့ အိမ်ပေါ် တက်ကြည့်လိုက်တယ်။ ဘုရားစင်ဘေးက ကျုပ်ဓာတ်ပုံရှေ့မှာ ကျုပ်သမီးလေး ငိုနေတယ်။ သူ့အနားမှာလည်း တစ်ယောက်မှ မရှိဘူးလေ။ ကျုပ်က မငိုစေချင်တော့ဘူး။ ဘဝချင်းက တူတော့တာမှ မဟုတ်တာ။ အိမ်အောက်ထပ်မှာသာ လူတွေက ရှုပ်နေတာ။ အပေါ်ထပ်မှာ တစ်ယောက်တည်း ပူဆွေးနေတဲ့ သမီးကို ဘယ်သူမှ မတွေ့ကြဘူး။

ဒါနဲ့ ကျုပ်က အနားမှာ ရှိတဲ့ "အာရန်"ဆိုတဲ့ အိမ်က ကြောင်ကို သွားခြောက်လိုက်တယ်။ အာရန်က လန့်ပြီး ခုန်လိုက်တာ ဖန်ခွက်တစ်လုံး ကျကွဲသွားပါရော။ အောက်ထပ်က လူတွေ ပြေးတက်လာပြီး အလုပ်များသွားကြရဲ့၊ သမီးသူငယ်ချင်းတစ်ယောက်က သမီးကို လာခေါ်သွားတယ်။

ကျုပ်လည်း အိမ်ရှေ့က သစ်ပင်ပေါ် ပြန်တက်နေလိုက်တယ်။

*** တနင်္လာနေ့ ***

သည်နေ့တစ်နေ့လုံး ကျုပ် ဘာဖြစ်တယ် မသိဘူး၊ မအီမသာနဲ့ အိမ်ထဲကို ဝင်ချင်စိတ်တောင် မရှိဘူး။ ပြိတ္တာအပေါင်းအဖော်တွေနဲ့ လျှောက်သွားနေရတာကို ပျော်သလိုဖြစ်လာတယ်။

ကျုပ်အိမ်မှာတော့ မနက်ဖြန် ရက်လည်ဆွမ်းသွတ်တော့မှာဆိုတော့ အလုပ်ကို ရှုပ်နေတာပဲ။ မနက်ပိုင်းက ကျုပ် ပြိတ္တာအဖော်တွေနဲ့ လျှောက်သွားနေလို့ အိမ်ကို မရောက်ဘူး။ ကျုပ်က လည်း လူ့ဘဝမှာကတည်းက အပေါင်းအသင်းနဲ့ သွားရမယ်ဆိုရင် အားလုံးကို မေ့တတ်တဲ့ အကောင်။ အခုတော့ ဟန်ကိုကျလို့။

ကျုပ်မှာ တခြားပြိတ္တာတွေနဲ့ မတူတာက အစားအစာနဲ့ ဒုဝတ်မရှားဘူး။ ဆာလာတာနဲ့ စားစရာက ရှာကြံရတတ်တယ်။ ဒီတော့လည်း ဘဝတူတွေနဲ့ နေပျော်လာတာပေါ့။

တစ်အိမ်လုံးမှာ လူတွေ များလိုက်တာ။ ချက်ကြပြုတ်ကြလူတွေပေါ့။ ထုံးစံအတိုင်း မုန့်ဟင်းခါးကျွေးမှာပါ။ ကျုပ်က လူ့ဘဝတုန်းက မုန့်ဟင်းခါးကြိုက်တဲ့ကောင် မဟုတ်ဘူး။ တစ်ခါတလေမှ စားတာ။ အခုတော့ မုန့်ဟင်းခါးကျွေးမှာတဲ့။ ကျုပ်က မကန့်ကွက်ပါဘူး။ ကျုပ်မကြိုက်ပေမယ့် သူတို့အားလုံး ကြိုက်ကြတယ်မဟုတ်လား။

ကြိုက်တာ လုပ်ပါစေ။ ကျုပ်က

www.burmeseclassic.com

အေးအေးဆေးဆေးပေါ့။

*** အင်္ဂါနေ့ ***

သည်နေ့မနက် မိုးလင်းကတည်းက ဖြို့တွာခေါင်းဆောင်ကြီးက…

"မင်းတို့…ဒီကောင်ကို ဘယ်မှ ခေါ်မသွားရဘူး။ မင်းလည်း မလိုက်ရဘူး"

လို့ အမိန့်ထုတ်ထားတယ်။ အကြီးအကဲကိုတော့ ကြောက်လိုက်ကြတာ။ ကျုပ်ကို ခေါ်ဖို့နေနေသာသာ၊ စကားတောင် မပြောရဲတော့လို့ ကျုပ်တစ်ယောက်တည်း ငေါင်တောင်တောင်နဲ့။

အိမ်မှာလည်း ဧည့်သည်တွေက များမှ များ။ ကျုပ်သိတဲ့ လူတွေချည်းပဲ။ ဒါပေမယ့် ကျုပ်တစ်ကိုယ်လုံး နုံးခွေချိနေပြီး ဘယ်သူ့ကိုမှ အသိအမှတ်မပြုချင်တော့ဘူး။ ကြည့်လည်း ကြည့်ချင်စိတ် မရှိတော့ဘူး။

အိမ်ရှေ့ခြံစည်းရိုးနားက သရက်ပင်ပေါ်က နေပြီး ငေးနေမိတယ်။ ခဏကြာတော့ ဝိတောက်ပင်ပေါ်က ဖြို့တွာတွေ ပြေးကြလွှားကြနဲ့၊ ကြည့်လိုက်တော့ ဆရာတော်နဲ့ သံဃာတော်တွေ ကြွလာနေပြီ။ ကျုပ်လည်း မနေနိုင်ဘူး။ သရက်ပင်ပေါ်က ဆင်းလိုက်ရတယ်။ သံဃာတော်တွေ အိမ်ထဲ ကြွသွားတာကို ကြည့်ပြီး နောက်က ကပ်လို့ အိမ်ထဲ ဝင်လိုက်သွားမိတယ်။

သံဃာတော်တွေကို ကျုပ်မိသားစုက ဆီးကြိုကြပြီး ဆွမ်းပွဲကြီးငယ်နဲ့ ဒါနအမှု ပြုကြတယ်။ သံဃာတော်တွေက ဆွမ်းအနုမောဒနာတရား အရင်ဟောလို့ အားလုံး နာကြားကြတယ်။ ကျုပ်လည်း ပါတယ်ပေါ့ဗျာ။

အားလုံးက ဆွမ်းအနုမောဒနာတရားအပြီးမှာ ဆရာတော်က ကျုပ်သမီးနဲ့ သားကို ရေစက်ချစေပါတယ်။ ရေစက်ချအပြီးမှာ ကျုပ်သမီးက…

"အဖေ…ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်က သာဓုခေါ်ပါ။ အ…အမျှ…အမျှ"

လို့ ရေစက်ချ အမျှဝေလိုက်… မှာ ကျုပ်ရင်တစ်ခုလုံး ဟာင်းလ… သွားပြီလား မှတ်ရတယ်။ ပီတိအ… နဲ့ အားရပါးရ…

"သာဓု…သာဓု…သာဓု"

လို့ ကျုပ် သာဓု သုံးကြိမ်… လိုက်တယ်လေ။ သာဓုခေါ်လိုက်… နောက် ကျုပ်မျက်စိထဲမှာ ဝင်း… သွားပြီး အားကြီးတဲ့ အလင်းတိုက်… ရဲ့ စုတ်ယူမှုကြောင့် တစ်ကိုယ်… ဝါဂွမ်းစလို ပေါ့ပါးပြီး လွင့်မြော… တယ်။ နောက်တော့…

ဘာဆို ဘာမှ မသိ…မသိ… မသိ ■

* * *

တောင်တွင်းကြီး…


ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း

**နိယာမ ဆရာအောင်ကျော်မင်း**

**သာဝိတ္တာဆန်းမေဒင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသ… ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တ… အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယော… ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့ စသည်… ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဥက္ကံ၊ သောင်ကြီးလေးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်ဖုန်း – ၀၉ ၃၁၅၉၃၉၀၂**




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်စိုးမိုးနိုင်

# ဘဝပဉ္စာ အဖြေရှာကဏ္ဍ

**စွမ်းထက်မြက်**
**ဗိုလ်ချုပ်ရပ်ကွက်၊ ဗဟန်းမြို့နယ်။**

**မေး** ။ ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

**ဖြေ** ။ စွမ်းထက်မြက်သည် ဂဏန်းဗေဒင်ပညာရပ်အရ (၄)ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒဗေဒင်ပညာရပ်အရ မျောက်(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ကန်ရာသီဖွား(Virgo)ဖြစ်ခြင်းကြောင့် စိတ်ကူးစိတ်သန်း ကောင်း၏။ အနိုင်မခံ၊ အရှုံးမပေးဘဲ စိတ်ဒွန်အပြည့်ဖြင့် ကြိုးစားတတ်၏။ စိတ်သဘောထား ဖြူစင်၏။ အများအကျိုးကို ရှယ်သယ်ပိုးတတ်၏။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်၏။ လေ့လာသင်ယူ တတ်မြောက်လွယ်၏။ သိလွယ်တတ်လွယ်သူလည်း ဖြစ်၏။ အတုခိုးမြန်၏။ စကားပြောစွမ်းရည် ထက်မြက်၏။ အကင်းပါးပြီး လိမ္မာပါးနပ်၏။ မိမိက သူတစ်ပါးကို အကြံကောင်း ဉာဏ်ကောင်းပေးတတ်၏။ သူတစ်ပါးပေးသော အကြံဉာဏ်ကောင်းကိုလည်း လက်ခံတတ်၏။ စွန့်စားလုပ်ကိုင်ရဲသော သတ္တိအပြည့်ရှိ၏။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိ၏။ လွတ်လပ်ပျော်ရွှင်မှုကို မြတ်နိုး၏။

**အောင်မြင် ပျော်ရွှင်စေမည့် နည်းလမ်းများ**

(၁) အောင်မြင်မှုဆိုသည်မှာ မိမိရည်မှန်းထားသည့် ကိစ္စရပ်အထမြောက် ပြီးစီးခြင်းပင်ဖြစ်သည်။

(၂) အောင်မြင်ရမည်ဟူသော သင့်ဆုံးဖြတ်ချက်သည် အခြားမည်သည့်အရာထက်မဆို ပို၍အရေးကြီးကြောင်း မမေ့ပါနှင့်။

(၃) တက်လမ်းရှာသူ လူငယ်အနေဖြင့် မိမိဝါသနာကို စနစ်တကျ ပြုစုပျိုးထောင်ပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ကြိုးစားသင့်၏။ မိမိက ဖက်ရှင်ဒီဇိုင်း ဝါသနာပါလျှင် ဖက်ရှင်ဒီဇိုင်းကို စနစ်တကျ လေ့လာသင့်သကဲ့သို့ အိုင်တီပညာ၊ စာရေးဆရာ၊ မော်ဒယ်၊ ဆေးပညာစသော မိမိ၏ဝါသနာကို စနစ်တကျ ပြုစုပျိုးထောင်သင့်၏။ သင် ဝါသနာပါသော ပညာရပ်တစ်ခုခုကို ထွန်းပေါက်အောင် ကြိုးစားရန် ဝန်မလေးပါနှင့်။

(၄) ဘဝသည် တာဝေးပြေးပွဲနှင့် တူပေလိမ့်မည်။ တာထွက်နောက်ကျ၍လည်း စိတ်ပျက်ရန် မလိုအပ်ပေ။ တာထွက်စောနေ၍လည်း စိတ်ကြီးဝင်ရန် အကြောင်းမရှိပေ။ ဘဝအပြေးပြိုင်ပွဲတွင် ချော်လဲ၍လည်း စိတ်ဓာတ်မကျသင့်ပေ။ ဘဝ တာဝေးပြေးပွဲကြီးမှာ ခိုင်မာသောစိတ်၊ ကြံ့ခိုင်သောစိတ်ဖြင့် မှန်မှန်နှင့် မြန်မြန်ပြေးရန် အထူးလိုအပ်လှ၏။

(၅) သိအောင် ရှာ၊ သိအောင် လုပ်ပါ။ မိမိနှင့် ပတ်ဝန်းကျင်အခြေအနေအားလုံးကို သိအောင် ရှာ၊ သိအောင် လုပ်ပါ။ ချမ်းသာကြွယ်ဝသူများ ဘာကြောင့် ချမ်းသာသလဲ။ ဆင်းရဲသူများ ဘာကြောင့် ဆင်းရဲသလဲ။ ပညာတတ်သူများ ဘာကြောင့် ပညာတတ်သလဲ။ ပရဟိတလုပ်ငန်းကို အားတက်သရော စေတနာအရင်းခံပြီး



www.burmeseclassic.com

www.burmeseclassic.com

လုပ်သူများ ဘာကြောင့်လုပ်သလဲ။ ကျော်စောသူများက ဘာကြောင့်လဲဆိုပြီး သိအောင် ရှာ၊ သိအောင် လုပ်ပါ။ မိမိကိုယ် မိမိလည်း သိအောင် ရှာ၊ သိအောင် လုပ်ပါ။ မိမိပျော်နေသလား။ စိတ်ဓာတ်ခိုင်မာသလား။ မိမိက ဘယ်နေရာမှာ တော်သလဲ၊ ဘာကြောင့်က တော်သလဲ၊ လူချစ်လူခင် များရဲ့လား။ မိတ်ဆွေစစ်ရှိရဲ့လား။ ဘာကြောင့်လဲဆိုပြီး မိမိကိုယ်မိမိ သိအောင်ရှာ၊ သိအောင် လုပ်ပါ။

မောင်စွမ်းထက်မြက်အတွက် ဘဝအောင်မြင်ရေးကျင့်စဉ်ကတော့ နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားမှာ ပန်း၊ ရေချမ်း၊ ပေါက်ပေါက်ဆွမ်းများ ကပ်လှူ ပူဇော်ပါ။ ပြီးလျှင် ဘုရားဂုဏ်တော်ကိုးပါးကို ပါဠိလို ရွတ်ဆိုဖတ်ပြီး မြန်မာအဓိပ္ပာယ်ကို ဆင်ခြင်ပွားများပါ။

**ဘုရားဂုဏ်တော်ကိုးပါး**

ဣတိပိ သော ဘဂဝါ···

(၁) အရဟံ

(၂) သမ္မာသမ္ဗုဒ္ဓေါ

(၃) ဝိဇ္ဇာစရဏသမ္ပန္နော

(၄) သုဂတော

(၅) လောကဝိဒူ

(၆) အနုတ္တရော ပုရိသ ဓမ္မသာရထိ

(၇) သတ္ထာဒေဝ မနုဿနံ

(၈) ဗုဒ္ဓေါ

(၉) ဘဂဝါ

(၁) အရဟံ - ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော မြတ်စွာဘုရား။

(၂) သမ္မာသမ္ဗုဒ္ဓေါ - သိစရာမှန်သမျှ တစ်စမကျန်၊ သယမ္ဘူဉာဏ်ဖြင့် အမှန်အတိုင်းသိတော်မူသော မြတ်စွာဘုရား။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော - အသိတရား၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား (ဝါ) ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရား ၁၅ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(၄) သုဂတော- ကျိုးရှိဟုတ်မှန် နှစ်တန်သော စကားကိုသာ မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား။

(၅) လောကဝိဒူ- သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတည်းဟူသော လောကသုံးခွင်ကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာ ဘုရား။

(၆) အနုတ္တရော ပုရိသ ဓမ္မသာရထိ - မယဉ်ကျေ သော သတ္တဝါများကို ယဉ်ပါးလေအောင် ဆုံး ခြင်း၌ တုဘက်ကင်းတော်မူသော မြတ်စွာဘုရား

(၇) သတ္ထာဒေဝ မနုဿနံ- လူနတ်ဗြဟ္မာ သတ္တဝါ တို့၏ ဆရာတစ်ဆူအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား။

(၈) ဗုဒ္ဓေါ- သစ္စာလေးပါး အမှန်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား (ဝါ) သစ္စာလေးအင် ကိုယ်တိုင်မြင်၍ များ ဝေနေ တပည့်များကိုလည်း သိစေတော်မူသော မြတ်စွာဘုရား။

(၉) ဘဂဝါ - ဣဿရိယ စသည့် ဘုန်းခြောက်ပါး စုံညီပြည့်ဝတော်မူသော မြတ်စွာဘုရား။

* ကိုယ်တော်မြတ်၏ စိတ်တော်ကို စိုးပိုင်နိုင်နင်း တော်မူခြင်းတည်းဟူသော **ဣဿရိယဘုန်းတော်**

* မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တည်းဟူသော **ဓမ္မဘုန်းတော်**။

* ဟုတ်တိုင်းမှန်စွာ သုံးဖြာသော လောကတွင် ကျော်စောရခြင်းတည်းဟူသော **ယသဘုန်းတော်**

* အင်္ဂါကြီးငယ် တင့်တယ်ပြည့်ဖြိုး အချိုးအစား သပ္ပာယ် တော်မူလှခြင်းတည်းဟူသော သိရီ ဘုန်းတော်။

* အလိုရှိတိုင်း မဆိုင်းမတွ ပြီးစီးတော်မူခြင်းတည်း ဟူသော **ကာမဘုန်းတော်**။

* အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တိုင်အောင် ရစေနိုင်သည့် ကြံခိုင်ကြီးမားသော ဝီရိယ တည်းဟူသော **ပယတ္တဘုန်းတော်**။

ဤဘုန်းတော်တို့နှင့် အရဟံ စသား ဂုဏ်ကိုးပါး ကုံလုံပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော် ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား■

* * *

ဓာတ္တုသိုလ် မိုးမိုး



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်
# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်း ...မ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။ .

ဒါ့ကြောင့် . . . . ဒသနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ ...ိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးဇာတာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ______________________

မွေးခုနှစ်၊လ၊ရက် ။ ။ ______________________

နေရပ်လိပ်စာ ။ ။ ______________________

______________________

______________________

...မိမေးလိုသည့် ။ ။ ______________________

မေးခွန်းအကြောင်းအရာ ______________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ------------------------------------------------------------

...ပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

...ပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ်-၁၇၉(ဒုတိယထပ်/ဝဲ)၊၃၁-လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com


## လားရှိုးမြို့နယ် ကောင်းခါးရွာက


# နတ်မြှုရ

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သု)

မတ်လကုန်လုပြီဖြစ်ပေမယ့် လားရှိုးမြို့ရဲ့ နွေရက်တွေဟာ နေသာထိုင်သာရှိလှပါတယ်။

ရန်ကုန်မှာ ပူလှချည်ရဲ့လို့ အော်ညည်းနေရပေမယ့်၊ လားရှိုးမှာတော့ အေးအေးမြမြနဲ့ အဆင်ပြေလှရဲ့။ တောင်ပေါ် ရာသီဥတုကြောင့်ချည်း မဟုတ်ဘဲ၊ ကိုယ့်အဖို့ ပိုပြီးရင်ထဲထိအောင် ချမ်းမြနေရတာကတော့ တိုင်းရင်းသားတွေရဲ့ အပြုံးတွေ ကူးစက်နေရလို့ပါ။ သူငယ်ချင်း (ဒေါ်)နုမြင့်က








www.burmeseclassic.com

www.burmeseclassic.com



လားရှိုးမှာ တိုင်းရင်းသား ယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲရှိတယ်လို့ သတင်းပို့တာရယ်၊ လက်ရှိ အဲဒီပြတိုက်ရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ညီမငယ် (ဒေါ်)မာလာအောင်ကလည်း အရင်တစ်နှစ်ကျော်ကတည်းက ပြတိုက်ဖွင့်ပွဲကို လာခဲ့ပါလို့ ဖိတ်ခေါ်ထားတာရယ်နဲ့ ရောက်လာခဲ့ပါတယ်။ သူ့နာမည်က "မြ" ကို အင်္ဂလိပ်လို စာလုံးပေါင်းရင် "မြ"(Mya)လို့ ပေါင်းတာခံစားနိုင်ဘဲ၊ "မရ"(Mra)လို့သာ ပေါင်းစေတဲ့ (ဒေါ်)နုမြင့်က ပို့ချခဲ့တဲ့ နှစ်ပေါင်း ၄၀က လူရည်ချွန် သူငယ်ချင်းပေမယ့် ပြတိုက်ပညာ ဘွဲ့လွန်သင်တန်းမှာတော့ ကိုယ့်ရဲ့



ဆရာမကြီးလည်း ဖြစ်ပါတယ်။ မြန်မာပြည်တစ်နံ့တစ်လျားက ပြတိုက်ပေါင်းစုံကို ခင်းကျင်းပြသလာတဲ့ ပြတိုက်ဘုရင်မကြီးမို့ သူ့လက်ရာကို လေ့လာဖို့ စိတ်ဝင်စားတာရယ်၊ မာလာအောင်ကို ပြတိုက်သင်တန်းနဲ့ ရှေးဟောင်းသုတေသန မဟာဝိဇ္ဇာတန်းက သူငယ်ချင်းအဖြစ် ကူညီချင်တာရယ်နဲ့ လားရှိုးကို သွားဖြစ်အောင် အရောက်သွားခဲ့တာပါ။

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန"ရဲ့ လက်အောက်မှာ ရှိတဲ့ "ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်-လားရှိုး"ကို (၁၃/၆၄၊ ပေါ်ပြူလာလမ်း၊ ရပ်ကွက် (၁၂)၊ လားရှိုး-မူဆယ်လမ်းမကြီး၊ ရှမ်းပြည်နယ်) မှာ (၂၃-၃-၂၀၁၄)နေ့မနက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီ လားရှိုးယဉ်ကျေးမှုပြတိုက်ကြီးကို ၂၀၁၁ ခုမှာ စတင် အစပျိုး ထူထောင်ခဲ့ပြီး၊ ခုမှ အစအဆုံး ပြီးမြောက်ပြည့်စုံသွားကာ တရားဝင် ဖွင့်လှစ်နိုင်ခဲ့တာပါ။ တိုင်းရင်းသားပြခန်း ၈မျိုးပါပြီး၊ မြေညီထပ်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိတ်ဆက်ပြခန်း၊ ရှမ်းယဉ်ကျေးမှုပြခန်း၊ (တအာင်း) ပလောင်ယဉ်ကျေးမှုပြခန်း၊ "ဝ"ယဉ်ကျေးမှုပြခန်း၊ ပထမထပ်မှာ



ကချင်ယဉ်ကျေးမှုပြခန်း၊ ကိုးကန့်ယဉ်ကျေးမှုပြခန်း၊ မြောင်ဇီး (မှုန်)ယဉ်ကျေးမှုပြခန်း၊ လားဟူယဉ်ကျေးမှုပြခန်းနဲ့ လီဆူယဉ်ကျေးမှုပြခန်းတွေ ပါပါတယ်။ အပေါ်ဆုံးထပ်မှာတော့ ခေတ်မီ ကွန်ပျူတာတွေနဲ့ အီးဘွတ်ခ် စာကြည့်တိုက်ရှိပါတယ်။ ပြခန်းအသီးသီးအတွက် တိုင်းရင်းသားတွေက သူတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာအသုံးအဆောင်၊ အဝတ်အထည်တွေ၊ မှတ်တမ်းမှတ်ရာတွေကို ပေးလှူခဲ့ကြပါရဲ့။ သုံးထပ် ပြတိုက်ကြီးရဲ့ ဧရိယာအကျယ်အဝန်းဟာ (၁.၃၂၉) ဧကရှိလို့ အတော်လေး အဆင်ပြေပါတယ်။ တစ်ခုပဲ၊ မကောင်းလှတာက တည်နေရာဟာ လမ်းမကြီးပေါ်မှာ






www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲ၊ လမ်းကြားလေးကနေ အထဲကို အနည်းငယ် ဝင်ရလို့ပါ။ လမ်းထိပ်မှာတော့ အပြာနုရောင် ယဉ်ကျေးမှု ဗွာနဆိုင်းပုဒ်ကြီးတော့ စိုက်ထူလျက် အထင်အရှားရှိနေပါ ရဲ့။ ဒါပေမယ့် သတိမမူ၊ ဂရုမပြုတဲ့လေ။

ပြတိုက်ဝင်ကြေးကတော့ ပြည်တွင်း လူကြီး ၂၀၀၊ ကလေး ၁၀၀၊ သံဃာနှင့် သီလရှင် အခမဲ့၊ ကျောင်းသူ ကျောင်းသား အခမဲ့ဖြစ်ပြီး၊ နိုင်ငံခြားသား ၂၀၀ကျပ် ဖြစ်ပါ တယ်။ ကိုယ်တို့ ပြင်ပနိုင်ငံတွေက ပြတိုက်တွေ သွားရောက် လေ့လာရင်း ပေးခဲ့ရတာတွေနဲ့ ယှဉ်ရင်တော့ ဒါဟာ အသေး





နှင်းမြူတွေ ခပ်ပါးပါးဆိုင်းထားတဲ့ လားရှိုးရဲ့ မ... ခင်းမှာတော့ သုံးထပ်ခွဲမြင့်တဲ့ ပြတိုက်အဆောက်အအုံ... ရှေ့က မြဲစည်းရိုး အုတ်တံတိုင်းတစ်လျှောက်မှာ နှင်းဆီ... ရောင်စုံတွေ၊ ရွှေဒင်္ဂါးပန်းတွေက ဝေလို့ပါ။ လက်ဖက်... ပန်းကန်ပြားလောက် ကြီးတဲ့ နှင်းဆီပန်းကြီးတွေ နွေ... ခေါင်မှာ ကားကားစွင့်စွင့် ပွင့်လန်းနေကို တအံ့တသြ... သလို၊ အလှချင်းပြိုင်နေတဲ့ ရှမ်းတိုင်းရင်းသားမျိုးနွယ်စု... ကိုလည်း ရင်သပ်ရှုမောဖြစ်ရပါတယ်။

ရှမ်း၊ (တအာင်း)ပလောင်၊ "ဝ"၊ ကချင်၊ ကိုး...

အမွှားဝင်ကြေးပါပဲ။ (ဒေါ်)နုမြင့်ကတော့ . . .

"လူတွေ လာကြည့်ဖို့ပဲ လိုချင်တာပါ။ ကျမအနေနဲ့ ကတော့ ဒီ"ပေါ်ပြူလာလမ်း"ဆိုတဲ့ အမည်ဟာ ဘာအနက် အဓိပ္ပာယ်ရှိနေလဲ မသိပေမယ့်၊ နောက်ဆို "ပြတိုက်လမ်း" ဆိုပြီး တွင်သွားရင် ကောင်းမှာလို့ တွေးနေမိတယ်။ ရန်ကုန် မှာ "ဗိုလ်ချုပ်ပြတိုက်လမ်း"ဆိုပြီး တွင်သွားသလိုလေ။ ဒါမှ ညှို့သည်ပိုလာမှာပေါ့"

လို့ လောဘတက်နေသေးရဲ့။ သူတို့ ခင်းကျင်းပြသ၊ အပင်ပန်းခံထားရတာကို လူတွေ သိစေ၊ မြင်စေချင်တာပေါ့ လေ။






မြောင်ဇီး(မွန်)၊ လားဟူနဲ့ လီဆူ စတဲ့ လားရှိုးမှာ အမှာ... နေထိုင်ကြတဲ့ တိုင်းရင်းသားတွေက ရိုးရာအကတွေ... ငါးမိနစ်စီ ကပြ မိတ်ဆက်ကြရဲ့။ တိုင်းရင်းသား မျိုးနွယ်... အသီးသီးရဲ့ ရိုးရာဝတ်စုံတွေဟာ အရောင်အသွေးစုံပြီး ထူး... လှပလှလို့ ကြည့်မဝနိုင်အောင်ပါဘဲ။ ကိုယ့်တိုင်းပြည်... ဒီလောက် အရောင်စုံ အဆင်ဆန်းတဲ့ အလှပန်းတွေ ပွင့်... နေခဲ့တာကို မကြာခဏ ဂုဏ်ယူရပေမယ့် ခုလိုတော့ တ... မှ တစ်ဝကြီး အနီးကပ်တွေ့ဆုံခွင့် မရခဲ့ပါဘူး။ နှစ်စ... ခေါင်းပေါင်းလေးတွေနဲ့ ရှမ်းဝတ်စုံဟာ လှပသလို နုဖူးထိ...



www.burmeseclassic.com

www.burmeseclassic.com



ကနေ နဂါးအမောက်ကြီးလို ချွန်းထွက်နေတဲ့ မြောင်ဇီးသူလေးတွေရဲ့ ခေါင်းပေါင်းနက်ကြီးကလည်း ထူးဆန်းလှပါတယ်။ ဆံပင်တွေကို ဦးခေါင်းရှေ့ပိုင်းမှာ တင်းနေအောင် စုထုံးပြီး၊ တဘက်အနက် ရှည်ရှည်ကြီးကို ပတ်ပြီး ပေါင်းရလို့ ခေါင်းနာလှပြီး နေရထိုင်ရလည်း ခက်တယ်လို့ မြောင်ဇီးသူလေးက ရယ်ပြီး ပြောပါတယ်။ သူတို့က ဖြူဖြူနုနု ခေတ်သမီးပျိုလေးတွေမို့ တစ်ခါတလေ ပွဲလမ်းရှိမှ ဒီလို ခေါင်းပေါင်း ပေါင်းတာမို့ အနေမကျပေမယ့်၊ ကျေးရွာတွေမှာ ပုံမှန်နေထိုင်ကြသူတွေအတွက်တော့ ရိုးနေပြီး၊ နေသား



ကျကာ လုံလုံခြုံခြုံရှိလှပါတယ်လို့ အတူပါလာတဲ့ အုပ်ထိန်းသူ အမျိုးသမီးကြီးက ရယ်ရင်းပြောပါတယ်။ မြောင်ဇီးတွေကို "မှုန့်"လို့လည်း ခေါ်တာကိုတော့ ခုမှပဲ ကိုယ်လည်း ကြားဖူးတာပါ။ ဥရောပက ကာနီဗယ်ပွဲတော်တွေမှာများ ဝင်ရောက် ဆင်နွှဲရရင် ကိုယ်တို့ "မှုန့်"တွေကို ဘယ်သူမှ မီမှာ မဟုတ်ပါဘူး။ မြောင်ဇီးသူလေးတွေရဲ့ အောက်ပိုင်းမှာ ဝတ်ထားတဲ့ ဂါဝန်ဖြူနှစ်နှစ် ကားကားလေးဟာ ဆတ်တွန့်သားလို ထောင်လိုက် လှိုင်းတွန့်တွေနဲ့ပါ။ (အဲဒီ ဂါဝန်ကို ဆေးခြောက်ပင်က အမျှင်တွေနဲ့ ရက်လုပ်ထားတာလို့

မာလာအောင်က ရှင်းပြလို့ အတော်အံ့သြပြီး စိတ်ဝင်စားသွားမိပါရဲ့)။ ကမ္ဘာမှာ ယနေ့ ရေးကြီးခွင်ကျယ် ပြောဆိုနေကြတဲ့ သဘာဝ(fiber)တွေနဲ့ ထုတ်လုပ်ပြီး သဘာဝ ဆိုးဆေးတွေနဲ့ ဆိုးထားတဲ့ အလွန်ခေတ်စားလှတဲ့ ဝတ်စုံတွေနဲ့ ယှဉ်နိုင်ပါတယ်။

ကိုးကန့်သမီးငယ်လေးတွေရဲ့ ပန်းနုရောင်ဝတ်စုံနဲ့ အကကလည်း ချယ်ရီပွင့်လေးတွေ ဖူးပွင့် လှုပ်ရမ်းနေသလိုပါပဲ။ ချယ်ရီရင့်ရောင် ပဝါလေးတွေ ဝှေ့ရမ်းပြီး က,တော့ အိမ်နီးနားချင်း နိုင်ငံက အကတွေနဲ့ ဆင်နေရဲ့။ ယဉ်ကျေးမှုဆိုတာ



ပန်းဝတ်မှုန်တွေလိုပဲ လေနဲ့အတူ လွင့်ပါး ကူးယှက်နိုင်တာပါပဲလေ။

ဝ,တိုင်းရင်းသားတွေဟာ အထိမ်းအမှတ်တစ်ခုခုပြုလုပ်တဲ့အခါ ခေါင်ရည် စုပေါင်းသောက်သုံးကြရင်း ပျိုမေများ၊ လူပျိုများ၊ အဘိုး၊ အဘွား အသက်အရွယ်မရွေး စုပေါင်းပြီး သီချင်းဆို က,ခုန်ကြသတဲ့။ ဝ,တိုင်းရင်းသူလေးတွေရဲ့ ထင်ရှားတဲ့ ကကွက်တစ်ခုမှာတော့ ပျိုမေများဟာ ခေါင်ရည်သောက်ပြီး ရှည်လျားသော ဆံပင်များကို ရမ်း၍ လှပစွာ ကခုန်ကြခြင်း (ဝရိုးရာ ဆံပင်ရမ်းအက - "Wa" Traditional moving hair from side to side Dance





www.burmeseclassic.com

www.burmeseclassic.com



----)ဖြစ်တယ်လို့ ပြခန်းထဲမှာ ပြထားတော့ အဲဒီအကကများ ပါမလားလို့လည်း စိတ်စောရပါတယ်။ ဒါလည်း ကမ္ဘာကို ထိုးဖောက်နိုင်တဲ့ အကဆန်းတစ်ခုပဲလေ။


ကချင်တိုင်းရင်းသူလေးတွေရဲ့ ငွေပြားတွေ တချွင်ချွင်နဲ့ အနီရောင်၊ အနက်ရောင် ရောစပ်တဲ့ ဝတ်စုံအဆင်ဟာလည်း ဘယ်ခါကြည့်ကြည့် မရိုးနိုင်တဲ့ ဒီဇိုင်းနဲ့ပါ။ လီဆူးမောင်မယ်တွေရဲ့ အမဲလိုက်အပြန် က,ကွက်တွေဟာလည်း တက်ကြွမှု အပြည့်နဲ့မို့ ကိုယ်တောင် ကြည့်ရင်း ကိုယ်ကို ဘယ်-ညာ ယိမ်းခါနေမိသလိုရှိရဲ့။

သားဟူတိုင်းရင်းသားတွေရဲ့ ပန်းဝေါက်ပွဲအကကိုလည်း စိတ်ဝင်စားမိပေမယ့် ဒီနေ့တော့ဖြင့် သူ့အခါ၊ သူ့ရာသီ မဟုတ်လို့ ပါမယ်မထင်ပါဘူး။ ဒါပေမယ့် ဒီနေ့ ကပြသွားတဲ့ အကွက်တွေကလည်း အတော်ကောင်းပါတယ်။ ပိုလို့ ဘဝင်ကျမိတာက တိုင်းရင်းသား အမျိုးသားကြီးတွေကပါ တကယ့် အစစ်သော တူရိယာတွေနဲ့ ပါဝင်တီးမှုတ်သီဆိုသွားခြင်းပါပဲ။ သူတို့ သုံးသွားတဲ့ ရိုးရှင်းလှတဲ့ တူရိယာပစ္စည်းတွေကို ပြခန်း တွေမှာ ပြသထားတာလည်း အနီးကပ်လေ့လာနိုင်ပေါ့။

နောက်ဆုံး ပွဲသိမ်းအကကိုတော့ လားရှိုးနယ်က တိုင်းရင်းသားမျိုးနွယ်စုတွေမှာ အကြီးဆုံး၊ အများဆုံးဖြစ်တဲ့ ရှမ်းတိုင်းရင်းသားတွေရဲ့ ကိန္နရာမောင်နှံအကနဲ့ တင်ဆက်ပါ

တယ်။ ရွှေမှုန်၊ ငွေမှုန်တွေ ကြဲပက်ထားတဲ့ ကိန္နရာတော
တွေကို ဖြန့်ကားရင်း ဝဲကာဝှေ့ကာ ကပြတာဟာ အလွ
ထည်ဝါခဲ့ညားပြီး တင့်တယ်လှပါရဲ့။ ဒီ ကိန္နရီကိန္နရာတ
အပြင်၊ ရှမ်းတိုင်းရင်းသားတွေရဲ့ ပြခန်းမှာ ပြထားတဲ့ စိုင်း
ကျော်ရဲ့ လက်ရာ တိုးနယားရုပ်ကြီးကိုလည်း ပြေးမြင်မိ
တယ်။ နှုတ်ခမ်းမွေးကုပ်ကုတ်ကြီးနဲ့ စိုင်းလှကျော်
တကယ့်တိုင်းရင်းသား အနုပညာရှင်ကြီးပါ။ သူ့အိမ်မှာ ရှ
အိုးစည်တွေ ထွင်းထုတယ်၊ ရှမ်းရိုးရာ အကဝတ်စုံ
ဖန်တီးပေးတယ်။ ရှမ်းစကားပြော ဗီဒီယိုတွေကို ကိုယ်
ဝင်ရောက် သရုပ်ဆောင်ပြီး ရိုက်ကူးနေတယ်။ ပြခန်းထဲ
သူ လှူဒါန်းထားတဲ့ တိုးနယားရုပ်ကြီးရဲ့ ကိုယ်ထည်
အမွေးတွေကို ဒေသထွက် မိုင်းကိုင်စက္ကူတွေနဲ့ ပြုလုပ်
တာဟာ လက်ရာမြောက်လှသလို၊ ရိုးရာလည်း စစ်လှ
ဒါပေမယ့် ခေတ်သစ် တီထွင်မှုတွေကိုလည်း လုပ်တတ်
စိုင်းလှကျော်ဟာ တိုးရုပ်ကြီးရဲ့ မျက်လုံးတွေကို ဘက်ထ
တပ်ပြီးလည်း တဖျတ်ဖျတ်လင်းလက်စေပါသေးတယ်။

တနောင်နောင်တီးနေတဲ့ မောင်းသံလေးတွေ၊
တွဲ့တွဲ့ ထုံပြင်းပြင်း အိုးစည်သံတွေကို နားဆင်ရင်း ပြတို
နောက်က တောင်ကြောကို လှမ်းကြည့်တော့ မြူနှင်း
သီသီဝေ့နေပေါ့။ တကယ့်လွမ်းစရာပါပဲ။ နက်ဖြန်ဆိုရင်
လွမ်းမောဖွယ် တိုင်းရင်းသားတို့ရဲ့ ဒီမြေကို ထားရစ်ပြီး ပြ
တောင် နှုမြောစရာပါ။ ပိုလို့ လွမ်းစရာဖြစ်ရတာက





www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်စွာ

# မုဆိုးလည်း သားကောင်ဖြစ်တတ်သည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ရှေ့တွင် ပျဉ်းမပင်ကြီးသည် ငိုက်မြည်းလျက်ရှိနေသည်။ တကယ်တော့ ရွက်မြမြ ခက်လှလှ ဆင်သနိုင်ခြင်း မရှိတော့သော ပျဉ်းမငုတ်တိုပင်ကြီးပေ။ လွန်ခဲ့သော နွေရာသီ ရတုချိန်က တောတက် ထင်းခုတ်သမားများက ပိုင်းခုတ်ယူသွားကြလေသဖြင့် မြေပြင်မှ ၄ပေခန့်သာ ကျန်ပေတော့သည်။

သို့တစေ · · · သူကား လုံး၀ သေသွားခဲ့သည် မဟုတ်ပါချေ။ သူ တည်နေခဲ့သော ကုန်းမို့မို့ထက်တွင် တစ်ချိန်က မြင့်မားခန့်ထည်သော အရပ်အမောင်းနှင့် ခက်လက်မြိုင်သော အရိပ်အ၀န်းဖြင့် တည်နေခဲ့ပုံကို လက်ရှိ ကြွင်းကျန်နေသော ကိုယ်လုံးကိုယ်ထည်က သက်သေခံနေပါသေး၏။

ငုတ်ငုတ်ထီးထီးကျန်သော ပျဉ်းမငုတ်တိုပင်ကြီးတွင် ယခုအခါ ကိုင်းနု ရွက်နုကလေးများ ပြန်လည်ဝေဆာလျက်ရှိချေသည်။ သူ့အဖို့ မူလပင်ကိုယ်အဆင့်သို့ ပြန်လည်တက်လာရေးအတွက် နှစ်ပေါင်း အတော်ကြာစောင့်ရပေဦးမည်။

ပျဉ်းမငုတ်တိုပင်ကြီး၏ တစ်လံခန့်ကွာသော နေရာတွင် ကြသောင်းဝါးရုံကြီးနှင့် အင်ပင်များ ပေါက်လျက်ရှိသည်။ ထို့ကြောင့် အပင်များ အုပ်ဆိုင်းနေသည်။

ထိုနေရာမှာ "ကျောက်အိုးမ" တောင်ကြောဖြစ်သည်။ အင်ပင်များကြားတွင် အင်ကြင်းပင်များ ပြွတ်တောင်းစွာ တွေ့ရသည်။ ထို့ကြောင့် အင်းတိုင်တောစပ်ဟု ဆိုနိုင်ပါလေသည်။

ညဦးမှ မိုးရွာထားသဖြင့် စမ်းချောင်းများမှ ရေကျသံများကို ဆူညံစွာ ကြားရ၏။

ကျွန်ုပ်နှင့် မုဆိုးကြီး စံနက်ကျော်၊ မုဆိုး ကိုပေလုံးတို့သည် ကျောက်အိုးမ,တောင်ကြောမှ ကျောက်အိုးမ,ရွာကလေးသို့ လာခဲ့ကြခြင်းမှာ မိုးဦးကျရာသီတွင် ထကြွတတ်သော အမဲကြီးများထက် ဆိုးသည့် ကျွဲရိုင်းအုပ်ကြီး သောင်းကျန်းနေသည်ဟူသော သတင်းကြောင့်ဖြစ်ပါသည်။

ကျွဲရိုင်းများ မည်ကဲ့သို့ ကျောက်အိုးမ,တောင်ကြောပေါ်သို့ ရောက်လာသည်ကို ကျွန်ုပ်ပင် မစဉ်းစားတတ်အောင် ရှိနေခဲ့ပါသည်။

တကယ်တော့ ကျွဲရိုင်းများမှာ ကျွန်ုပ်တို့နိုင်ငံတွင် အတော်ကလေးရှားပါးလှသည်။ များသောအားဖြင့် ကျွဲရိုင်းများထက် လူ့သုံးကျွဲများက ပိုမိုပေါများသည်။ စစ်ကြီးအတွင်းက သုံးမဖြစ်တော့၍ တောင်ရိုးသို့ လွှတ်ထားခဲ့သော ကျွဲများမှာ ကြာသော် တောစိတ်ဝင်၍ ရိုင်းသွားခဲ့လေသလား (သို့မဟုတ်) အချို့တောင်ခြေများတွင် အိန္ဒိယအမျိုးသား လယ်သမားများမှာ စစ်ဖြစ်လာသည်နှင့် သူတို့ပိုင်သော ကျွဲများကို လွှတ်ပစ်ခဲ့လေရာ ကျွဲရိုင်းဘ၀သို့ ကူးပြောင်းသွားလျက် လူများလိုက်ဖမ်းသော်လည်း အဖမ်းမခံဘဲ လူများကိုပင် ရန်ပြုနေကြောင်း သတင်းများကို လွန်ခဲ့သောနှစ်က ကြားခဲ့ရဖူးသည်။

သို့သော် ယခု ထကြွနေသော ကျွဲရိုင်းအုပ်ကား တောင်ပေါ် ကျွဲရိုင်းသက်သက်ဖြစ်၍ ဦးချိုများမှာ ကားမထွက်ဘဲ ခပ်ဝိုက်ဝိုက် ခပ်တိုတိုဖြစ်ကြောင်း ကြားရသဖြင့် ပို၍အံ့သြနေရ၏။

ကျွဲရိုင်းများ ထကြွနေသော နေရာမှာ တောင်ဝိုင်းတောင်ဘက်ခြ ၍ ကျောက်အိုးမတွင် ရှိသော ယာ ကွင်းများကို လာရောက် ဖျက်ဆီးသဖြ တောင်သူ ယာသမားများ အတော်ဒု ရောက်နေကြောင်းပင် ဖြစ်ပါသည်။

အင်းတိုင်တောစပ်ကို မကျော် ခင်ကလေးမှာပင် ဖူးခနဲ နှာခေါင်းမှုတ်သံ ကြီးကို ကြားလိုက်ရ၏။ ထို့ကြောင် လည်း ပျဉ်းမငုတ်တိုပင်ကြီးကို မကျော် လွန်နိုင်သေးဘဲ အခြေအနေကို စောင့် ကြည့်နေရ၏။ ပြီးမှ ပျဉ်းမငုတ်တိုပင် ကြီးနှင့် ကပ်နေသော သပြေပင်၏ ခြေ ရင်းသို့ မုဆိုး ကိုပေလုံးက လက်ညှိုး ထိုးပြလိုက်၏။ မြင်ရသည်မှာ ကျွန် တို့ မုဆိုးအတွက် လာဘ်ကောင်ပင် ဖြစ်ချေသည်။

"ဟာ· · ·မုဆိုးသီတံကြီးဟေ့"

ဟု ပြောလိုက်ခြင်းမှာ မှန်သည် ယောက်ျားကြီး ပေါင်လုံးခန့်ရှိသော စပါးကြီးမြွေကြီးဖြစ်၏။

"မုဆိုးသီတံကြီး" ဟု ခေါ်ဆိုခြင် မှာ ကျွန်ုပ်တို့အတွက် အမဲများမှာ ရရှိတော့မည်ဟူသော မုဆိုးများ၏ အတိတ်နိမိတ်ကောက်ယူခြင်းပင် ဖြစ် သည်။

ကျွန်ုပ်တို့တွင် သေနတ်သုံးလက် ပါရှိလေရာ ကျွန်ုပ်က အမဲကြီးပစ် ဝန်ချက်စတာမက်နမ်အမျိုးအစား (ဒသသမ ၄၅၈) အာဖရိက တောပစ် ရိုင်ဖယ်နှင့် မုဆိုးကြီး စံနက်ကျော်က ဝန်ချက်စတာ (ဒသသမ ၄၀၅) ရိုင်ဖယ် မုဆိုး ကိုပေလုံးက ဗြိတိသျှစစ်သုံး (ဒသသမ ၃၀၃) ရိုင်ဖယ်တို့ကို ကိုင် ဆောင်လျက် ရှိနေခဲ့ပါသည်။

နေရာမှာ သစ်တော ဝါးတော ကြီးမျိုးမဟုတ်ဘဲ သစ်ဝါးခပ်စိပ်စိပ် ရှိနေသေးသော ခရီးလမ်းဖြစ်၏။ ထုံး



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ပုသိမ်ခရိုင် ဖိုးကော်ရွာ၏ အနောက်ဘက် ရွှေရင်မျှော်တောင် တန်းကို ဖြတ်ကျော်၍ သွားရခြင်းဖြစ်သည်။

ကျောက်အိုးမတောင်တန်းနှင့် မြောက်ဖြူတောင်မှာ ဆက်လျက်ရှိသည်။ မြောက်ဖြူတောင်တန်းပေါ်တွင် ဆောင်ဝိုင်းတောင်ဟူ၍ ရှိသည်။ ထို ဆောင်ဝိုင်း တောင်ခြေတစ်လျှောက်တွင် ကျွဲရိုင်းများ အုပ်စုဖွဲ့ သောင်းကျန်းနေခြင်းပင်ဖြစ်သည်။

ကျောက်အိုးမ ရွာလေးသို့ မရောက်မီတွင် အမဲစားပင်များကို တွေ့လာရသည်။ တွေ့ရသော အပင်များမှာ တောငွေးပင်များနှင့် ဖန်ခါးပင်၊ မျောက်လုပ်ပင်၊ ဆီးဖြူ၊ ရှားဖြူ၊ ချင်းယုတ်၊ ဖြူးကင်ပွန်းတို့ဖြစ်သည်။

ဝါဆို၊ ဝါခေါင်လဖြစ်သည့် အတိုင်းပင် ငှက်ပွင့်များ၊ ဖန်းခါးသီးများ ကင်ပွန်းသီးများ ရဲရဲနီအောင် သီးနေသောအချိန်လည်း ဖြစ်သည်။

ကင်ပွန်းပင်တန်းကို ခပ်ဝေးဝေးမှ မြင်ရသောကြောင့် ကျွန်ုပ်တို့ သုံးယောက်မှာ ခြေသံလုံလုံနင်း၍ ကပ်သွားခဲ့ရာ ရုတ်တရက် အံ့သြစရာကောင်းသောအဖြစ်ကို တွေ့လိုက်ရချေသည်။

ထိုအရာမှာ ကင်ပွန်းပင်ကြီးအောက်တွင် တွေ့မြင်ရသော အမဲခြေရာများထဲမှ ထင်ထင်ရှားရှား ပေါ်လွင်နေသည့် ခြေရာခပ်ဝိုင်းဝိုင်းကြီးများပင်ဖြစ်သည်။

"ဒီမှာလည်း ကြည့်ပါဦး ဆရာ"

ရွာခံ မုဆိုး ကိုပေလုံးက ကင်ပွန်းပင်အကိုင်းအခက်များကို ပြလိုက်ပြန်သည်။

ကျွန်ုပ်အရပ်နှင့် လက်တစ်ဖောင်တခန့်မြင့်သော အကိုင်းများ ကျိုးပဲ့နေကာ ပင်ရင်းတွင် ချိုးသွေးရာများကို ထင်ထင်ရှားရှားကြီး တွေ့မြင်ရ၏။

"ဒီကောင့်အုပ်စု မနက်အစောကြီး လာမွှေသွားတာမို့ အမဲလေးတွေ ဘယ်မှာ လာပါတော့မလဲ ဆရာရဲ့"

ဟုတ်ပေသည်။ ကျွန်ုပ်တွေ့ရသည်ကား တောကျွဲခြေရာများဖြစ်၏။ လက်ဖက်ရည် ပန်းကန်လုံးများကို မှောက်၍ အလယ်မှ ခွဲထားသကဲ့သို့ တောကျွဲရိုင်းခြေရာများက ကင်ပွန်းပင်အောက်တွင် ထင်ထင်ရှားရှားတွေ့ရ၏။

ယခုမှပင် အမဲစားပင်အောက်သို့ မုဆိုး ကိုပေလုံးတစ်ယောက် ဘာကြောင့် ဝင်ရောက်ခဲ့သည်ကို သိရ၏။ အမှန်တော့ အမဲစားပင်အောက် လူဝင်ရောက်ပါက အမဲငယ်ကလေးများမှာ လူနံ့ရသဖြင့် ထွက်ပြေးကြတော့သည်။ အမဲငယ်ကလေးများ စားသောစားပင်အောက်သို့ အမဲစားချိန်တွင် မည်သည့်အခါမှ မုဆိုးများ မဝင်ရချေ။ အကြောင်းမှာ လူနံ့တော်တော်နှင့် မပျောက်သဖြင့် အမဲငယ်ကလေးများက လန့်ဖျပ်ကာ အမဲစားပင်မှ ခွာသွားကြသောကြောင့်ဖြစ်သည်။

ယခုတော့မူ တောကျွဲရိုင်းများ ဝင်ရောက်မွှေနှောက်သွားကြခြင်းကြောင့် အမဲငယ်ကလေးများ လန့်၍ ကင်ပွန်းပင်အောက်သို့ မဝင်ရောက်ကြလေရာ မသင်္ကာသော ကိုပေလုံးက ဝင်ရောက်ကြည့်ရာမှ ကျွန်ုပ်တို့နှင့် တွေ့ကြရခြင်းဖြစ်သည်။ မုဆိုးကြီး စံနက်ကျော်ကလည်း...

"အေး၊ အမဲကြီးတွေထဲမှာ တောကျွဲတွေကို အထူးသတိထားပေါ့။ သူတို့ဟာ လူတွေကို ပိုပြီး ရန်လိုတဲ့ စိတ်ရှိတယ်။ မိုက်မိုက်ကန်းကန်းလည်း တိုက်ဝံ့ကြတယ်"

"ဟုတ်တယ် ဖထီး။ တောကျွဲတွေဟာ အလုံးအရပ်လည်း မနည်းဘူး။ ဖထီးရဲ့ ကြည့်စမ်း။ ကင်ပွန်းကိုင်းကြီးကို ခွဲပြီး ချိုးစားကြတာ ဖန်ခါးပင်ဘက်ကိုလည်း ကျသွားသေးတယ်"

ကျွန်ုပ်တို့ စကားပြောနေစဉ်မှာပင် မုဆိုး ကိုပေလုံးက...

"ဆရာ... ကြည့်စမ်းပါဦး၊ ဒီမှာ ...ဒီမှာ"

ဟု သတိပေးကာ ပြောလိုက်သောကြောင့် ကျွန်ုပ်နှင့် မုဆိုးကြီး စံနက်ကျော်တို့ သွား၍ကြည့်ကြ၏။

မုဆိုး ကိုပေလုံး ပြသော နေရာမှာ ပေါက်နွယ်ချုံကြီးများ ရှိနေသော နေရာဖြစ်၏။ ညပိုင်းက မိုးရွာထားသဖြင့် မြေမှာ ပွနေကာ ခြေရာများကို ထင်ထင်ရှားရှားတွေ့ရ၏။

"ဟာ...တောကောင်ကြီးခြေရာပဲ"

"ဟုတ်တယ် ဖထီး"

"ဒီလိုဆိုရင် ညက တောကောင်ကြီးနဲ့ တောကျွဲတွေ တိုက်ပွဲဖြစ်ပြီထင်တယ်"

"အေး၊ ဖြစ်နိုင်တာပေါ့။ တောကောင်က ကျွဲရိုင်းအုပ်ကို လိုက်ပြီး ချောင်းမြောင်းတယ်။ ကျွဲရိုင်းအုပ်က တောကောင်ကြီး သူတို့အနားရောက်နေမှန်းသိတော့ လိုက်ရာပြီး တိုက်တာပဲ။ ဒါကြောင့် ချုံတွေ ပြတ်ပြီး ကြေနေတာဖြစ်မယ်"

မုဆိုးကြီး စံနက်ကျော်ပြောသည့်အတိုင်းပင် ချုံတွေမှာ ကျွဲချိုကြောင့် အပိုင်းပိုင်းပြတ်နေ၏။ အချို့ ခြေဖြင့်နင်းထား၍ ကြေမွသလောက်ဖြစ်နေသည်။

ထိုအခါတွင် ကျွန်ုပ်တို့၏ အတွေးများမှာ အသစ်ဖြစ်ပေါ်လာရပြန်သည်။

တောကျွဲရိုင်းများပင် ဤစားပင်

www.burmeseclassic.com

အောက်သို့ ရောက်လာသည် မပဲ့တုတ်ချေ။ တောကောင်ကြီးသည်လည်း စားပင်အနီးသို့ ရောက်လေရာ၊ အဘယ်မှာလျှင် တောအမဲကောင်ကလေးများ စားပင်အောက်သို့ ရောက်လာနိုင်ပါမည်နည်း။

"ဒီနေ့ ညပိုင်းလောက်ဆိုရင် ဒီနေရာကို အမဲလေးတွေ ရောက်လာမှာ သေချာတယ်။ ဒါမှမဟုတ်လည်း နေ့လယ်တောင် တစ်ကြော့ပြန်လာချင် လာကြမယ်။ အစာတော်နေရင်တော့ လာမှာ သေချာတယ်"

မုဆိုး ကိုပေလုံးက သူ့အတွေးဖြင့် ပြောလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့က မုဆိုး ကိုပေလုံး ပြောသည်ကို ဖြစ်နိုင်ကြောင်း ခေါင်းညိတ်လိုက်၏။

"ဘယ်နှယ်လဲ။ မုဆိုးသီတာကြီးတွေ့ခဲ့ပြီးမှ ဘာကြောင့်များ လွဲနေရတာလဲ ဖထီး"

"အဲဒါ အကောင်ကြီးကြီးရချင်လို့ပေါ့ကွဲ့"

မုဆိုးကြီး စံနက်ကျော်က ရယ်မောကာ ပြောလိုက်၏။ ထို့နောက်တွင် ကျွန်ုပ်တို့သည် ကျောက်အိုးမရွာသို့ ခပ်သွက်သွက်ထွက်လာကြသည်။ ကျွန်ုပ်တို့နှင့် အတူပင် ကျောက်အိုးမရွာသား မုဆိုး ကိုပေလုံးလည်း ပါရှိလာလေသည်။

ကျောက်အိုးမရွာသို့ မရောက်မီကလေးတွင် ချေတစ်ကောင်၏ ဟောက်သံကို မနီးမဝေးမှ ကြားရသည်။ ကျောက်အိုးမရွာနှင့် သိပ်မဝေးတော့ချေ။ ခွေးဟောင်သံများပင် ကြားနေရချေပြီ။

◈◈◈

ကျောက်အိုးမရွာသို့ ရောက်လာသောအခါတွင်ကား နံနက် ၁၁နာရီပင် ဖြစ်သည်။

ရွာသို့ ရောက်သည်နှင့် တောင်ယာသမားတစ်ဦးက အပြေးအလွှားနှင့် လာရောက်တိုင်ခဲ့သည်။

"အစ်ကိုကြီးရေ… တောင်ဝိုင်းက ပြောင်အုပ်ကြီးတော့ ကျုပ်တို့ယာခင်းတွေဝင်ပြီး ဖျက်နေပြန်ပြီ"

အသက် ၃၀ခန့် ရှိသော လူတစ်ယောက်က ရွာလူကြီး ဦးဘိုးခိုင်ကို တိုင်ကြားလိုက်ခြင်းဖြစ်၏။

တိုင်ကြားသူမှာ အသားညို၍ အရပ် ၅ပေ ၄လက်မခန့်လောက် ရှိပြီး အင်္ကျီလက်ပြတ် အဟောင်းတစ်ထည်နှင့် ဖျဉ်ကြမ်းပုဆိုး ကွက်တုံးကို ဝတ်ထား၏။ သူသည် ဆံပင်ရှည်ထားကာ၊ နောက်တွဲထုံးပြီး လက်ထဲတွင် ဓားရှည်တစ်လက်ကို ကိုင်ထားသည်။

ယာသမားတစ်ဦးပီပီ ခြေထောက်တွင် ဖိနပ်စီးထားသည်ကို မတွေ့ရပေ။ ဦးဘိုးခိုင်က ကျွန်ုပ်တို့ကို…

"ကဲ - ဆရာ၊ ဘယ်လိုလုပ်ကြမလဲ၊ ကျွန်တော်တို့ လူစုပေးရဦးမလား"

ဟု မေးလိုက်၏။

"မလိုပါဘူး။ ကျွန်တော်တို့ အခုပဲ လိုက်ကြမှာပေါ့"

ထိုအခိုက်…

"ဦးလေးရေ… မုဆိုး လုလေးတို့တော့ သာအောင်တို့ ညီအစ်ကိုနဲ့ စမ်းကွင်းဘက်ကို ထွက်သွားကြပြီ။ သူတို့က ဦးအောင် လက်စွမ်းပြချင်လို့တဲ့ဗျ"

ဟု ကျွန်ုပ်တို့အား အသက် ၂၀ခန့် လူငယ်တစ်ဦးမှ အပြေးအလွှား လာ၍ပြောခဲ့သည်။

"ဟာ…ဒီ မောင်လုလေးတော့ ခက်တာပဲ။ ကဲ… ကဲ၊ ဆရာတို့ လိုက်ကြပါဦး။ ဒီကောင်ကလည်း သူ့အစွမ်းကို သိပ်ပြချင်တဲ့ ကောင်ပဲ"

ဟု အတွေ့အကြုံရှိ၍ အန္တရာယ်ကို မြင်သော ကျောက်အိုးမ လူကြီး ဦးဘိုးခိုင်က ပြောလိုက်သဖြင့် ကျွန်… နှင့် မုဆိုးကြီး စံနက်ကျော်၊ မု… ကိုပေလုံးတို့မှာ မနေသာဘဲ လိုက်… ရသည်။ ကျွန်ုပ်တို့နှင့်အတူ ဦးဘိုး… နှင့် ရွာသားနှစ်ဦးမှ လုံကြီးများ ထမ်း… ပါလာခဲ့၏။

◈◈◈

ကျွန်ုပ်တို့ စမ်းကွင်းသို့ ရောက်… လာသည်နှင့် တစ်ပြိုင်တည်းမှာပင် "အမလေးဗျ" ဟူသော အော်ဟစ်လိုက်… သော အသံနှင့်အတူ တဝေါဝေါနှင့် ဆူညံသောအသံများ ကြားရ၏။ တော… နက်ထဲမှ ထိုအသံများကြောင့် လျှ… စွာ ရှေ့သို့ တိုးသွားခဲ့သည်။ ကျွန်ုပ်တို့၏ မြင်ကွင်းမှာ ကြည့်မကောင်းလှသော လူသတ်ကွင်းကြီးဖြစ်နေ၏။

အလှအပ တောင်တန်းအသွယ်သွယ်ကြားမှ စမ်းကွင်းယာတော်ကြီး အတွင်းတွင် အုလျားဖားလျားပြေးလွှား… လာကြသည့် လူနှစ်ယောက်တို့အား… ကျွဲဆိုးကြီးတစ်ကောင်က စိတ်ဆိုး… မာန်ဆိုးဖြင့် ဦးချိုများ ဝှေ့ခတ်၍ သတ်… ဖြတ်နေသည်။ လူသတ်ကျွဲရိုင်းအုပ်… ကြီးနှင့် ကြည့်မကောင်းသော အသည်း… ထိတ်စရာ မြင်ကွင်းပင်ဖြစ်လာ၏။

အသက်လု၍ ပြေးလာသော လူ… နှစ်ဦး၏ နောက်မှ မဲမှောင်နေသော… ကိုယ်လုံး၊ ချွန်မြသော ခပ်ဝိုက်ဝိုက်… ဦးချိုတို့ကို နှိမ့်၍ အပြေးအလွှားလိုက်… လာနေသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့မှာ… တွေ့ကြုံလာရမည့် အန္တရာယ်ကို ချက်… ချင်းပင် ရင်ဆိုင်ရန် အသင့်ပြင်လိုက်… ကြသည်။ ကျွန်ုပ်၏ မက်နမ်(ဒသသ… ၄၅၅) ပြောင်းဦးကို ပြေးလာသော လူ… များနောက်သို့ ဒေါသတကြီး လိုက်လာ…



www.burmeseclassic.com

www.burmeseclassic.com

သည့် ကွဲရိုင်းကြီး၏ ဦးခေါင်းပိုင်းအား ချိန်၍ ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်ရသည်။ ကျွန်ုပ်ကဲ့သို့ပင် မုဆိုးကြီး စံနက်ကျော်နှင့် မုဆိုး ကိုပေလုံးတို့ကလည်း ကျည်ဆန်တစ်တောင့်စီကို ကွဲရိုင်းများဆီသို့ ပို့လိုက်ကြသည်။

ကျွန်ုပ် ပစ်ခတ်လိုက်သော ကွဲရိုင်းမှာ မီးရထားကြီး အရှိန်ဘရိတ်အုပ်လိုက်သည့်အလား တုံ့ခနဲဖြစ်သွားကာ ဦးခေါင်းကြီးလည်ထွက်သွား၏။ နောက်ထပ် ကျည်တစ်တောင့်ကို ဆက်တိုက်ကြီး ပို့လိုက်သောအခါမှ တုံးခနဲ လဲကျသွား၏။ ထို့နောက် ကျွန်ုပ်တို့က ဆက်တိုက်ပင် ရှေ့သို့ ပြေးတက်လာကြ၏။

ကွဲရိုင်းအချို့မှာ ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ပြေးလာကြသေး၏။ သို့ဖြစ်၍ ကျွန်ုပ်တို့အဖို့ ပြေးလာသော ကွဲရိုင်းအုပ် ခေါင်းဆောင်အား တုံးခနဲ လဲကျသွားအောင် ပစ်သတ်လိုက်ရ၏။ သည်လိုမှ မသတ်ပါက ကျွန်ုပ်တို့အားလုံးမှာ ဒေါသမာန်ဟုန် ပြင်းစွာထနေကြသော ကွဲရိုင်းမာန်အကောင်တို့၏ ချိုဖျားတွင် သွေးရဲရဲနှင့် ပါသွားတော့မည်မှာ သေချာလှပါသည်။ ယခုတော့မူ တဒိုင်းဒိုင်းမြည်ဟိန်းနေသော ကျွန်ုပ်တို့၏ သေနတ်သံများကြောင့် ကွဲရိုင်း ၁၀ ကောင်မှာ တောင်ကြားတောအတွင်းသို့ ပြေးဝင်သွားကြသည်။ ထိုသောအခါမှ ကျွန်ုပ်တို့လည်း သက်ပြင်းချနိုင်တော့သည်။ အသက်ငယ်ငယ်နှင့် အစွမ်းပြချင်သော မုဆိုး မောင်လှလေးမှာ သူ ယူသွားသော (ဒဿမ ၁၂ဗို့) နှစ်လုံးပြူးသေနတ်အကျိုးနှင့်အတူ အူများ ပြတ်ထွက်လျက်၊ မျက်နှာတစ်ပြင်လုံး ပျက်စီး၍ သေဆုံးနေခဲ့ချေပြီ။ မုဆိုးကလည်း သားကောင်းဖြစ်ရကြောင်း သင်ခန်းစာပင် ဖြစ်တော့သည်။

"ဒီကွဲရိုင်းတွေဟာ အမဲကြီးတွေထဲမှာ ကျားသစ်တွေထက် မိုက်မိုက်မဲမဲ ရန်လို တိုက်ခိုက်တတ်တဲ့ အကောင်တွေဂွဲ့ ဆရာရဲ့"

ဟု မုဆိုးနှင့် တောတောင်အတွေ့အကြုံရင့်ကျက်သော မုဆိုးကြီး စံနက်ကျော်က လူသေအလောင်းနှင့် ကွဲရိုင်းအသေကောင်များကို ကြည့်ကာ ပြောလိုက်သည်။

မုဆိုး မောင်လှလေးမှာ အမဲပစ်လိုစိတ်သာရှိပြီး သူနှင့် အတူပါသွားသော ရွာသားနှစ်ဦးသည် ကွဲရိုင်းဒဏ်ကြောင့် ဆုံးပါးသွားရသည်မှာ အမဲကောင်များ၏ သဘာဝကို နားမလည်သောကြောင့်ပင် ဖြစ်ပါသည်။

တကယ်တော့ မုဆိုး မောင်လှလေးသည် လူငယ်ဖြစ်သည့်အတိုင်း အတွေ့အကြုံနည်းပြီး သူ့အစွမ်းကို ပြလိုသော တစ်ကိုယ်ကောင်း စိတ်ထားကပင် သူ့ကို အသက်အန္တရာယ်မေးသွားခဲ့ခြင်းဖြစ်ပေသည် ■

* * *

အောင်ကျော်စွာ


## ကျန်းမာရေးအမြန်ဆုံး ကောင်းမွန်သွားပါပြီ

▶ (၃၀-၁၂-၂၀၁၃) ရက်နေ့မှာ ဆရာကြီးနဲ့သွားရောက်တွေ့ဆုံပြီး၊ ကျွန်မလက်ရှိခံစားနေရတဲ့ ရောဂါဝေဒနာနဲ့ ပတ်သက်ပြီး၊ ဆေးကောင်း ဆရာကောင်း အမြန်ဆုံးတွေ့ရှိဖို့ ▶ ခွဲစိပ်ကုသမှုခံယူရရင်လည်း ခွဲစိပ်မှုအောင်မြင်ပြီး၊ ဘေးဥပဒ်အသက်အန္တရာယ် ကင်းရှင်းဖို့ ▶ ရောဂါဝေဒနာ အမြန်ဆုံး သက်သာပျောက်ကင်းကျန်းမာလာစေဖို့ အထူးယတြာအစီအရင် တောင်းခံဆောင်ရွက်ခဲ့ပါတယ်။

▶ ယခု (၁၈-၃-၂၀၁၄)ရက်နေ့မှာ ရောဂါဝေဒနာများ သက်သာပျောက်ကင်း ကျန်းမာရေးကောင်းမွန်သွားပါပြီရှင့်။ (မသီဂီ···ပဟန်းမြို့နယ်)။ ကျွန်မဆရာက·····

**ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)**

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉ ၄၃၀ ၀၅၉၂၄၊ ၀၉ ၅၀ ၆၂၈၄၃၊ ၀၉ ၅၁၇၇၆၂၂

**ရာဇဝင်နှင့်နှီး ပြည်နီးပါး မှန်ကန်ကြောင်း အာမခံနိုင်သော အဟောလက်ဆောင်ယည်ဟောပေးသည်**

www.burmeseclassic.com

၂၀၁၄၊ ဖွန်လအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

(ဂမ္ဘီရ ဆရာလှမျိုး (B...

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ···**

ဤလတွင် ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမားများနှင့် ပြန်လည်ဆုံတွေ့ရမည်။ မိတ်ဆွေ၊ ဆရာသမားအကြီးအ... လက်အောက်ငယ်သား(တပည့် သားသမီး)တို့၏ ကူညီထောက်ပံ့မှု ရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ မြေဝင်... အမွေရခြင်း၊ ပညာရေးနှင့်ဆိုင်သော လုပ်ငန်းများ အကျိုးပေးမည်။ နေရာဌာနပြောင်းရွှေ့ရမည်။ ဤလတွင် ဗုဒ္ဓဟူးနှင့် ... အတွဲ အစားအစာ၊ လူ၊ ပစ္စည်း အထူးရှောင်ပါ။ မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူး၊ စနေနေ့တို့ကို ရှောင်၍ပြုလုပ်ပါ။ အဝေး... သွားလာခြင်း ရှောင်ပါ။ ဘာသာရေးအဓိဋ္ဌာန်တစ်ခု မပျက်မကွက်ပြုလုပ်ပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တိုင်း ကံ့ကော်ညွန့်(၁၅)ညွန့်လှူပါ။ မိဘဆရာသမားကို ပေါက်စီ ဒါနပြုပါ။

· · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ·

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ···**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ကိန်းရှိသည်။ အကြံအစည် ရည်ရွယ်ချက် အောင်မြင်မည်။ ပြည်တွင်းပြ... ခရီးဝေးသွားလာရမည်။ ဆန်၊ ဆီ၊ ဆေး၊ စက်ပစ္စည်း···စသည့် အင်္ဂါနံပစ္စည်းအရောင်းအဝယ် ကောင်းကျိုးပြုမည်။ ... ရှယ်ယာလုပ်ငန်း ပြုလုပ်ရမည်။ ကွဲကွာနေသော မိတ်ဆွေ ဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ အိမ်၊ ခြံ၊ မြေ ... ဝင်ကိန်းရှိသည်။ ထီး၊ နာရီ၊ ဖိနပ်၊ အထည် ထွက်မည်။ အပျက်ရှိပါက စွန့်ပစ်ပါ။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်... လုပ်ငန်းနေရာဌာန ပြောင်းရွှေ့ရကိန်းရှိသည်။ သွေး၊ လေနှင့် ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ အမဲသား ... သား၊ လေစာ၊ အအေးစာ ရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် အင်္ဂါနှင့် ကြာသပတေးနေ့တွင် ဆီထမင်း၊ ပေါက်စီ ကပ်လှူပေးပါ။

· · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ·

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ···**

ဤလတွင် လုပ်ငန်းအသစ်ပြုလုပ်ရခြင်း၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း အထူးကောင်းသည်။ အကျိုးပေးသောအ... ဆောင်ရွက်ရမည်။ စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်း အကျိုးပြုမည်။ ပြည်တွင်းပြည်ပ ခရီးသွားလာရမည်။ စီးပွား... လုပ်ငန်းခရီး ပိုကောင်းသည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ ထီဝါသနာပါလျှင် ၃အစ ၅အဆုံး၊ ၅... ၃၆အဆုံး ထီလက်မှတ်ရွေးထိုးပါ။ ဝန်ထမ်းများ ရာထူးတိုးခြင်း၊ နေရာပြောင်းရွှေ့ရခြင်း၊ စာမေးပွဲဖြေရခြင်း ကြုံတွေ့ရမည်... အထက်လူကြီး ဆရာသမားထံမှ အကူအညီရမည်။ အလှူမင်္ဂလာ၊ လက်ထပ်မင်္ဂလာ ပြုလုပ်ရမည်။ အိုးသစ်အိမ်... ထူထောင်ရမည်။

**ကောင်းကျိုးပြုယတြာ** - နီးစပ်ရာ ဗောဓိညောင်ပင်တွင် ရေသွန်းလောင်းပါ။ ဆီမီး၊ အမွှေးတိုင် ပူဇော်ပေးပါ။

· · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ·



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မိမိလုပ်နေကျလုပ်ငန်း ဆက်လက်ဆောင်ရွက်ပါ။ ငွေရင်းနှီးမြှုပ်နှံရသောအလုပ် မပြုလုပ်သင့်သေးပါ။ သို့သော် အင်္ဂါ ကြာသပတေး၊ တနင်္လာ သားသမီးများနှင့် ပူးတွဲပေါင်းစပ် စပ်တူရှယ်ယာပြုလုပ်နိုင်သည်။ ကား၊ ကျောက်မျက်ရတနာ ငွေဝင်ကိန်းရှိသည်။ မြေ၊ မြေ ပရိဘောဂပစ္စည်းဝင်ခြင်း၊ စက်ပစ္စည်းဝင်ခြင်း ရှိမည်။ အိမ်ရောင်းရန် စီစဉ်နေသူများ ထွက်ကိန်းရှိသည်။ ခရီးသွားလာရင်း ချစ်သူ၊ အိမ်ထောင်ဖက် တွေ့မည်။ ပညာရေးနှင့် ဆိုင်သော လုပ်ငန်းဟူသမျှ အဆင်ပြေမည်။ ကျန်းမာရေး ဂရုစိုက်ပါ။ နှလုံး၊ ဒူးနာ၊ လေးဖက်နာ၊ လေနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

**ကောင်းကျိုးပြု ယတြာ** - မွေးနေ့တိုင်း စံပယ်ပန်း၊ ဆီမီး၊ ဆေးဘူး ဆပ်ပြာ ဘုရား ရဟန်း သံဃာအား ကုသိုလ်ဒါနပြုပေးပါ။

……………………………………………………………

## ကြာသပတေးနံအကွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ ကံစမ်းမဲပေါက်ခြင်း၊ အမွေရခြင်း၊ မြှုပ်နှံသော ငွေအရင်းအနှီးပြန်ပေါ်မည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ လုပ်ငန်းသစ် ပြုလုပ်ရခြင်း၊ လက်ရှိလုပ်ငန်းတိုးချဲ့ ဆောင်ရွက်ရမည်။ စာပေ၊ ဂီတအနုပညာလုပ်ငန်းကိစ္စ အောင်မြင်မှုရမည်။ ဆန်၊ ဆီ၊ ဆေး၊ စက်ပစ္စည်း၊ ဒီဇိုင်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများ ကောင်းကျိုးခံစားရမည်။ ဝန်ထမ်းများ ရာထူးတိုး၊ ဝင်ငွေတိုးခြင်း၊ အလုပ်နေရာဌာနပြောင်းရွှေ့ရခြင်း ကြုံတွေ့ရမည်။ အပျော်အပါး၊ လောင်းကစားကိစ္စများ အထူးရှောင်ပါ။ လူငယ်များ အပေါင်းအသင်း သတိထားပေါင်းပါ။ လူမျိုးခြား၊ နိုင်ငံခြား၊ မင်းစိုးရာဇာနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ကြုံတွေ့ရမည်။

**ကောင်းကျိုးပြုယတြာ** - မိဘဆရာသမားအား ဆပ်ပြာမွှေး၊ ဆေးဘူး၊ မုန့်ဘူး၊ ဓမ္မစာအုပ် အဆင်ပြေသလို ဒါနပြုပေးပါ။

……………………………………………………………

## သောကြာနံအကွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် လုပ်ငန်းနှစ်ခုဆောင်ရွက်ရခြင်း၊ တာဝန်နှစ်ခုယူရခြင်းတို့ ကြုံတွေ့နေရမည်။ ဝင်ပြီးပစ္စည်း ပြန်ထွက်ခြင်း၊ ထွက်ပြီးပစ္စည်း ပြန်ဝင်လာမည်။ စီးပွားရေးလုပ်ငန်း၊ ပြည်ပလုပ်ငန်း၊ သင်္ဘောသားလုပ်ငန်းကိစ္စများ ခရီးထွက်ရမည်။ အလည်ခရီး၊ အပျော်အပါးခရီး ရှောင်ပါ။ အထူးသဖြင့် လူငယ်များ၊ ချစ်သူစုံတွဲများ အပျော်ခရီးထွက်ပြီး စိတ်သောကကြုံတွေ့ရမည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျကိန်းရှိသည်။ အိမ်ထောင်ရှင် အမျိုးသမီးများ အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်နေရမည်။ ဇနီး ကျန်းမာရေးညံ့မည်။ လူမှုရေးအသင်းအဖွဲ့ နိုင်ငံရေးလုပ်ငန်း ပါဝင်ဆောင်ရွက်နေရမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။

**ကောင်းကျိုးပြုယတြာ** - ရေသတ္တဝါများကို မကြာခဏ အစာကျွေးပေးပါ။ ဘာသာရေးအဓိဋ္ဌာန်တစ်ခု မပျက်မကွက်ဆောင်ရွက်ပါ။ မွေးနေ့ သက်သတ်လွတ်စားပါ။

……………………………………………………………

## စနေနံအကွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် အလုပ်အကိုင် အကြံအစည် လွဲချော်နေတတ်သည်။ အစစအရာရာ သတိပြု ဆင်ခြင်လုပ်ကိုင်ပါ။ စကားပြော၊ ခရီးသွားခြင်း အထူးရှောင်ပါ။ အခက်အခဲ အပြိုင်အဆိုင်ကြားမှ အောင်မြင်မှု ရရှိနိုင်သည်။ မည်သည့်ကိစ္စမဆို မိဘဆရာသမားနှင့် တိုင်ပင်၍ ပြုလုပ်ပါ။ ပညာရေး၊ ဘာသာရေး၊ သင်တန်း၊ အင်တာဗျူးကိစ္စ အောင်မြင်မည်။ ပြည်တွင်းပြည်ပ ယာယီခရီးသွားလာရမည်။ မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနှင့် စနေနေ့နံ(နေ့ရက်)များ ရှောင်၍ ပြုလုပ်ပါ။ နေအိမ်၊ ဆိုင်ခန်း၊ အဆောက်အအုံကိစ္စ ပြုပြင်မွမ်းမံရမည်။ ကွဲကွာနေသော မိသားစုဝင်နှင့် ပြန်လည်ဆုံတွေ့ရမည်။ အစာမကြေ လေရောဂါ၊ သွေးတိုးရောဂါခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - ခြေလေးချောင်း သတ္တဝါများကို တွေ့တိုင်း အစာကျွေးပါ။ ခွေးသတ္တဝါကို ထန်းလျက်ခဲ ကျွေးပေးပါ။

*****


www.burmeseclassic.com

မောင်လင်းအောင်

# ထူးဆန်းတွေဟာ ကမ္ဘာ

### ဖန်သားတောင်ပံတစ်စုံ


ဖန်သားတောင်ပံ(glasswinged) ဟု အမည်ရသော လိပ်ပြာမျိုးနွယ်တစ်မျိုးသည် ဖောက်ထွင်းမြင်ရသော တောင်



ပံတစ်စုံကို ပိုင်ဆိုင်ကြသည်။ ကမ္ဘာ့ရှားပါးမျိုးနွယ်ဝင်ဖြစ်သော အဆိုပါ လိပ်ပြာတစ်ကောင်၏ ပုံကို မြင်တွေ့နိုင်ပါသည်။

### ဖရဲသီးအကြောင်း သိကောင်းစရာ

ယခုလို ပူပြင်းသော နွေရာသီတွင် ဖရဲသီးချိုချိုအေးအေးလေး စားလိုက်ရလျှင် ရင်ထဲတွင် အေးမြသွား၍ ရေငတ်




လည်း ပြေသွားသည်။ ထိုကဲ့သို့ ရင်ကို အေးမြစေသော ဖရဲသီးတစ်လုံးဝယ်ယူမည်ဆိုပါက သိသင့်သိထိုက်သော အချက်များ ရှိသည်။ ဖရဲသီး၏ ဖင်ပိုင်း အစင်းလိုင်း... ဆုံရာ နေရာရှိ အဝိုင်းလေးသည် ကြီးပါက အခွံထူမည်... ပြီး အဝိုင်းသေးပါက အခွံပါးမည်ဖြစ်သည်။ ဖရဲသီး၏ အ... ပိုင်းရှိ ပင်စည်ကောက်နေပါက ပိုချိုမည်ဖြစ်သည်။ ဖရဲ... အမဲစင်းလိုင်းများ ပိုနက်သည့်အသီးသည် ပို၍ချိုလေ့ရှိသည်... ဖရဲသီးရှိ အမဲစင်းလိုင်းများ၏ အကွာအဝေးညီမျှ၍ ပုံ... သဏ္ဍာန်သပ်ရပ်ပါက ပိုကောင်းသော အသီးဖြစ်သည်။

### Mr. Bean

ကမ္ဘာကျော် ဟာသ သရုပ်ဆောင် Mr.Bean ... လူတိုင်းသိကြမည်ဟု ထင်ပါသည်။ သူ၏ ပေါချာချာနိုင်... ထိမိသော ဟာသပြကွက်များကို မိမိငယ်စဉ်ကတည်း... ပင် နှစ်ခြိုက်စွာ အားပေးခဲ့သည်။ အပြင်လောကတွင်... Mr. Bean သည် ပေါချာချာလူတစ်ယောက်မဟုတ်...



သူသည် ကမ္ဘာကျော် အောက်ဖို့ဒ် တက္ကသိုလ်(Ox For... University)၊ သည်ကွင်းကောလိပ်(The Queen's Col-lege) မှ Electricol Engineering ဘာသာရပ်ဖြင့်... မာစတာဘွဲ့ရရှိထားသူဖြစ်သည်။ သူသည် အပြင်လော... တွင် အေးဆေးတည်ငြိမ်သူတစ်ဦးဖြစ်ကာ Mr.Bea...




www.burmeseclassic.com

www.burmeseclassic.com

ဓာတ်လမ်းတွဲများ၌ လူအများ ပျော်ရွှင် ရယ်မောစေရန် ပေါ်တောတော ဓာတ်ရုပ်ဖြင့် သရုပ်ဆောင်ထားခြင်းဖြစ်သည်။

## ရေကန်ပျံ


ရေးခေတ် ဘောဘီလုံနိုင်ငံကြီးရှိ ကမ္ဘာ့အံ့ဖွယ် ဥယျာဉ်ပျံများအကြောင်း ကြားဖူးကြမည်ဟု ထင်ပါသည်။ ထိုဥယျာဉ်ပျံများနည်းတူ ယနေ့ခေတ်တွင်လည်း ရေကန်ပျံများ ပေါ်ထွန်း



လာပြီဖြစ်သည်။ ပုံတွင် ဘာလီကျွန်းရှိ ဟိုတယ်တစ်ခုတွင် သဘာဝတရားကို အပြည့်အဝခံစားရနိုင်သော ရေကူးကန်များ၏ ပုံကို သာယာကြည်နူးဖွယ် မြင်တွေ့နိုင်သည်။

## မိခင်ကို အားကိုးသူ


ဝင်ရိုးစွန်းဒေသတွင် နေထိုင်သော ပိုလာဘဲ ဝက်ဝံငယ်လေးတစ်ကောင် သူ၏ မိခင်ကျောပေါ်တွင် အခန့်သား



လိုက်ပါရင်း ရေကန်ကို ဖြတ်သန်းနေပုံကို ဓာတ်ပုံဆရာက အမိအရ ရိုက်ကူးနိုင်ခဲ့သည်။

## ဉာဏ်ကြီးရှင်များ

ကျီးကန်းကို ဉာဏ်ကောင်းသည်ဟု ပြောလျှင် မည်သူမျှ ယုံမည်မထင်ပါ။ မြို့ပြ ဧရိယာတွင် နေထိုင်သော ကျီးကန်းများသည် အခွံမာ သစ်စေ့များကို စားနိုင်ရန်အတွက် သူတို့၏ အသိဉာဏ်ကို အကောင်းဆုံး အသုံးချတတ်ကြ



သည်။ ပထမဦးစွာ အခွံမာ သစ်စေ့များကို ကားလမ်းမပေါ် ကိုက်ချီကာ ဖြန့်ကြဲထား၍ ကားတက်ကြိတ်စေသည်။ ကားများ တက်ကြိတ်သောကြောင့် သစ်စေ့ခွံများ ကွဲသွားသည့်အခါမှ သစ်စေ့ကို ပြန်လာကောက်စားကြသည်။ ကျီးကန်းများကို ပဋ္ဌမမြောက် ဉာဏ်အကောင်းဆုံး တိရစ္ဆာန်အဖြစ် သတ်မှတ်ထားကြောင်းလည်း အံ့သြဖွယ် သိရှိရပါသည်။

## အံ့ချီးဖွယ် အလှူရှင်

Scott Neeson ဆိုသူသည် ကမ္ဘာကျော် "နှစ်ဆယ်ရာစု မြေခွေး"(20th Century fox) ရုပ်ရှင်ကုမ္ပဏီ၏ အကြီးအကဲတစ်ယောက်ဖြစ်သည်။ သူသည် ဟောလီဝုဒ်ရုပ်ရှင်





www.burmeseclassic.com

www.burmeseclassic.com

လှောကနှင့် သူ၏ စည်းစိမ်များကို စွန့်လွှတ်ကာ ကမ္ဘောဒီးယားရှိ ဆင်းရဲသား ကလေးငယ်များကို ကယ်တင်ခဲ့သည်။ သူသည် သူ၏ ရုပ်ရှင်ကုမ္ပဏီကို စွန့်လွှတ်ခဲ့ရုံသာမက၊ Porsche ပြိုင်ကား၊ အပျော်စီး ဇိမ်ခံ ရွက်လှေနှင့် ကြီးမားသော အိမ်ကြီးကိုပါ ရောင်းချခဲ့ကာ ကမ္ဘောဒီးယားရှိ ကလေးငယ်များကို ကယ်တင်ခဲ့သည်။ သူ၏ ပိုင်ဆိုင်သမျှကို ရောင်းချ၍ရသော ငွေများဖြင့် ကလေးတစ်ထောင်ကျော်နှင့် သူတို့၏ မိသားစုများအတွက် စားစရာ၊ အဝတ်အထည်၊ နေရာထိုင်ခင်းများကို စီစဉ်ပေးကာ၊ ကလေးများ ပညာသင်စရိတ်လည်း ထောက်ပံ့ပေးသည်။ အတုယူထိုက်သော စံပြပုဂ္ဂိုလ်ပင်တည်း။

## ဝိရောဓိ

ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲများ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ ကစားကွင်းများတွင် ကာတွန်း ဇာတ်ကောင်များ သဏ္ဌာန် ဝတ်ဆင်ထားသောသူများနှင့် လူအများသည် ပျော်ရွှင်စွာ ဓာတ်ပုံတွဲရိုက်၊ ကခုန် ဆော့ကစားလေ့ရှိကြသည်။ ထိုဇာတ်ကောင် ခေါင်းစွပ်ကြီးထဲတွင် မည်ကဲ့သို့သော ပုဂ္ဂိုလ်များ ဝင်ရောက်နေပါသနည်း။ ထိုသူသည် တစ်နေကုန်



တစ်နေခန်း ပူအိုက်နေပေတော့မည်ဟု တွေးမိသူ အလွန်ပင် ရှားပါလိမ့်မည်။ ပုံတွင် ကမ္ဘာကျော် Micky Mouse ဇာတ်ကောင် ခေါင်းစွပ်အောက်တွင် ဝင်ရောက် သရုပ်ဆောင်နေသူများ အသက်အရွယ်ကြီးရင့်သော အမေအိုတစ်ဦးဖြစ်နေကြောင်း စိတ်မကောင်းဖွယ် မြင်တွေ့ရသည်။


## ရေသန့်ဘူး မရောင်းပါ

အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကို (San Francisco)မြို့သည် ရေသန့်ဘူးရောင်းချခြင်းကို ပိတ်ပ
တားမြစ်သည့် ကမ္ဘာ့ပထမဦးဆုံးမြို့တော်ဖြစ်လာခဲ့သည်။ ဇ
အကြာ အခြေအတင်ဆွေးနွေးခဲ့ပြီးနောက်၊ ထိုအမိန့်
ချမှတ်ခဲ့ခြင်းဖြစ်သည်။ ရေအရင်းအမြစ် ဆုံးရှုံးမှုကို ကာကွယ




လိုသောကြောင့်ဖြစ်သည်ဟု ပြောကြသည်။ မြို့ရှိ ပြည်သူ
တိုင်းသည် ကိုယ်ပိုင် ရေဘူးငယ်များကို ဆောင်ယူသွားကာ
ရေသန့်ဖြည့်တင်းနိုင်သော နေရာများတွင် ရေကို ထ
သလောက်ဖြည့်၍ သောက်သုံးနိုင်သည်။

## ရိုးရိုက်ကား



၁၉၂၅ခုနှစ်ထုတ် ကမ္ဘာကျော် ရိုးရိုက်(Rolls Royce) ကားတစ်စီး၏ ရှားပါးဓာတ်ပုံဖြစ်သည်။



www.burmeseclassic.com


www.burmeseclassic.com

## မျက်နှာအစားထိုးခွဲစိတ်သူ




Richard Norris ဆိုသူသည် ကမ္ဘာတွင် ပထမဦးဆုံး မျက်နှာတစ်ပြင်လုံး အစားထိုး ခွဲစိတ်ခဲ့သူဖြစ်သည်။

## ကန္တာရနှင့် ပင်လယ်



နမ်ဘီးယားနိုင်ငံ(Namibia)ရှိ Swa ko pmund ဟု ခေါ်သောဒေသသည် သဲကန္တာရနှင့် ပင်လယ်ပြင် ဆုံတွေ့သောအရပ်အဖြစ် လူသိများ ထင်ရှားသည်။

## ကမ္ဘာ့အကြီးဆုံး ဂေါ်ဖီထုပ်

အမေရိကန်ပြည်ထောင်စု အလာစကာ(Alaska)ပြည်နယ်တွင် သစ်သီးဝလံပြပွဲတစ်ခု ကျင်းပခဲ့ရာ ကမ္ဘာ့အကြီးဆုံး ဂေါ်ဖီထုပ်ကြီးကို ပြသခဲ့သည်။ ဂင်းနစ် ကမ္ဘာ့မှတ်တမ်း



(Guinness World record) များအရ ထိုဂေါ်ဖီထုပ်ကြီးသည် (၅၇.၆၁)ကီလိုဂရမ် (၁၂၇ပေါင်)အလေးချိန်ရှိကာ၊ Steuen Hu bacek ဆိုသူ ပိုင်ဆိုင်သည်။

## ကျန်းမာစေရေး နည်းလမ်းငါးသွယ်







www.burmeseclassic.com

www.burmeseclassic.com

နံပါတ်(၁) နည်းလမ်းကတော့ အသားလျှော့စား၍ အသီးအရွက်များများစားပါ။ နံပါတ်(၂)အချက်ကတော့ အချိုလျှော့စား၍ အသီးအနှံများများစားပါ။ နံပါတ်(၃)အချက် ဇိမ်ခံ၍ ကားစီးတာ လျှော့ပြီး လမ်းများများလျှောက်ပေးပါ။ နောက်အချက်တစ်ချက်ကတော့ စိုးရိမ်ပူပန်နေမှုများကို လျှော့ပြီး အိပ်ရေးဝဝအိပ်ပေးပါ။ နောက်ဆုံးအချက်ကတော့ ဒေါသကို လျှော့၍ ရယ်မော ပျော်ရွှင်စွာ နေထိုင်ပါဟု ညွှန်းဆိုထားသည်။ ဤအချက်များကိုသာ အပြည့်အဝ လိုက်နာပါက သင်၏ ကျန်းမာရေး ဒေါင်ဒေါင်မြည် နေမည်ဟု အာမခံရဲပါသည်။


### ငှက်ငယ်လေးများအတွက် အန္တရာယ်

လူအများစုသည် ပီကေဝါးပြီးပါက အမှိုက်ပုံးတွင်းသို့ စနစ်တကျ စွန့်ပစ်လေ့ မရှိဘဲ၊ လမ်းပေါ်တွင် လက်လွတ်



စပယ် ထွေးပစ်လေ့ရှိကြသည်။ လူတို့ စည်းကမ်းမဲ့ ထွေးထားသော ပီကေများကို ငှက်သတ္တဝါလေးများက အစာအမှတ်ဖြင့် စားမိပါက၊ ထိုငှက်လေးများ၏ လေပြွန်တွင် ပီကေကပ်၍ ပိတ်မိနေပြီး အစာစားမရ၊ ရေသောက်မရဖြင့် တဖြည်းဖြည်းချင်း သေဆုံးသွားရတော့သည်။ ထို့ကြောင့် မိမိတို့ ဝါးပြီးသော ပီကေကို ထွေးမည်ဆိုပါက ပီကေခွံ (သို့မဟုတ်) တစ်သျှူးစဖြင့် လုံ့ပြီး အမှိုက်ပုံးတွင်းသို့ စနစ်တကျ စွန့်ပစ်ပေးပါက ငှက်သတ္တဝါလေးများ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည်။


### ဝေလ လင်းပိုင်



ဝေလငါးနှင့် လင်းပိုင်စပ်ထားသော ဝေလလင်းပိုင်တစ်ပုံကို ကြုံတောင့်ကြုံခဲ မြင်တွေ့နိုင်သည်။ ဝေလငါးမန်းမျိုး ရှိသကဲ့သို့၊ ဝေလလင်းပိုင်လည်း ရှိပေသည်။

### ရောင်စုံ ပင့်ကူ

လူအများစုသည် ပင့်ကူကို မြေသတ္တဝါထက် ပို၍ ကြောက်လေ့ရှိကြသည်။ ပုံတွင် အရောင်အသွေးစုံလင်လှ



သော ပင့်ကူတစ်မျိုးကို ဩစတြေးလျ သစ်တောအတွင်း မြင်တွေ့ရသည်။ ထိုပင့်ကူမျိုးကို ဒေါင်းပင့်ကူ(Peacock spider) ဟု ခေါ်ကြသည်။

### အံ့မခန်း သေတမ်းစကား





www.burmeseclassic.com

www.burmeseclassic.com

Barbara ဟု အမည်ရသော မြင်းဝါသနာရှင် အမေအိုသည် သူ၏ သေခါနီးနောက်ဆုံးအချိန်တွင် ဆန္ဒတစ်ခု ပြင်းစွာဖြစ်ပေါ်ခဲ့သည်။ ထိုဆန္ဒမှာ သူ၏ မြင်းကြီး Morgan ကို ဂွတ်ဘိုင်(Good bye) ဟု နှုတ်ဆက်သွားလိုခြင်းဖြစ်သည်။ သူ၏ ဆန္ဒကို လိုက်လျောပေးသည့်အနေဖြင့် မြင်းကြီး Morgan ကို သူ့အနားခေါ်လာ၍ နှုတ်ဆက်စေသည်။ သံဝေယာဇဉ်နှောင်ကြိုးက ကြီးမားလှပေသည်။

### မသေပေမယ့် စွမ်းပါသည်

ဉာဏ်ရည်မမီသော ရောဂါ၊ ဒေါင်းရောဂါ(Down Syndrome) ခံစားနေရသော ၁၃နှစ်သားအရွယ် လူငယ်လေးသည် မသန်ပေမယ့် စွမ်းသူလေးဖြစ်သည်။ သူသည် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့် လက်တင်ဘာသာစကားတို့ကို



ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။ အိုင်ယာလန်နိုင်ငံတွင် ကျင်းပခဲ့သော ဆယ်ကြိမ်မြောက် Down Syndrome ညီလာခံတွင် တယောဖြင့် တီးခတ်ဖျော်ဖြေခဲ့ပြီး ထူးချွန်မသန်စွမ်း လူငယ်ဆု ဖြဆုရရှိခဲ့ကာ ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။ ထိုသူမျိုးကို မသန်စွမ်းပေမယ့် စွမ်းသူဟု ခေါ်ဆိုနိုင်ပေသည်။

### ကလေးငယ်၏ ဂရုစိုက်

ရှစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦးသည် ဒေါ်လာ တစ်ထောင် ထီဆုပေါက်ခဲ့ရာ တစ်ပြားတစ်ချပ်မှ မသုံးခဲ့ဘဲ



သွေးကင်ဆာရောဂါခံစားနေရသော အိမ်နီးနားချင်း ၂နှစ်အရွယ် ကလေးငယ်လေးကို အကုန်လှူဒါန်းခဲ့သည်။

### ၁၆နှစ်ကြာပြီးနောက်

ဆွီဒင်နိုင်ငံသူတစ်ဦးသည် သူ၏ လက်ထပ်လက်စွပ် ပျောက်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၁၆နှစ်ကျော်




ကြာမြင့်ပြီးနောက် သူ၏ ဥယျာဉ်အတွင်းရှိ မုန်လာဥပင်တွင် လက်စွပ်ကို ပြန်ရှာတွေ့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





### သစ္စာတရား

ခွေးလေးတစ်ကောင်သည် နေ့တိုင်း ဘုရားရှိခိုးကျော
သို့ လာရောက်ကာ တစ်နေ့လုံး ထိုင်နေလေ့ရှိသည်။
လေး နေ့တိုင်းလာရသည့်အကြောင်းမှာ ယခင်က
သခင်နှင့် အတူလာခဲ့ပြီး ဘုရားရှိခိုးကျောင်းတွင် သူ၏
ကို နောက်ဆုံး မြင်တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။ ခွေး
၏ သစ္စာရှိမှုကို အံ့ချီးဖွယ် မြင်တွေ့နိုင်သည်။

### ရုရှား Vs ပလူတို

ရုရှားနိုင်ငံ၏ မြေရိယာအကျယ်အဝန်းသည် စတုရန်းကီလိုမီတာ ၁၇သန်းရှိကာ၊ ပလူတိုသည် စတုရန်းကီလိုမီတာ (၁၆.၆)သန်းသာ ရှိသည်။ ထို့ကြောင့် ရုရှားမြေရိယာသည် ပလူတိုထက်ပင် ကျယ်ကြောင်း သိနိုင်သည်။



### တန်ဖိုးအကြီးဆုံး တည်ဆောက်မှု

နိုင်ငံတကာ အာကာသစခန်း (Internatio
Space Station) သည် လူတို့ တည်ဆောက်ခဲ့ပြီး
အရာမှန်သမျှထဲတွင် တန်ဖိုးအကြီးဆုံးအရာအဖြစ် မှတ်
ဝင်ခဲ့သည်။ နိုင်ငံတကာ အာကာသစခန်းကို တည်ဆော
သော ကုန်ကျစရိတ်မှာ ဒေါ်လာ ၁၅၀ ဘီလျံရှိသည်။

* * *

မောင်လင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ် ၄၀လောက်က ကျွန်တော်သည် ပဲခူးရိုးမတောအတွင်း သစ်တောလုပ်ငန်းဖြင့် ရောက်ခဲ့လေသည်။ အုတ်တွင်းဒေသခံ မုဆိုးမနှင့် ဆုံခဲ့၏။ ၎င်းတို့နှင့် တောနက်ကြီးအတွင်း အမဲလိုက်ခဲ့သည်တွင် တဲစု ရွာစုကလေးများသို့ ရောက်ခဲ့၏။ တစ်ကြောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသကဲ့သို့၊ ထိုတဲစုနေ၊ ရွာစုနေလူတို့၏ ဓလေ့ဆန်း၊ ရိုးရာဆန်းတို့ကို ကြုံခဲ့၊ တွေ့ခဲ့၊ သိခဲ့ရ၏။ ရံခါဆိုသလို မုဆိုးများနှင့် တောတိုးသွားလာရင်း ရွာပျက်၊ တဲပျက်တို့တွင် နားနေအိပ်စက်ခဲ့ရသည်တွင်လည်း ထူးဆန်းသော အတွေ့အကြုံများ ကြုံတွေ့ခဲ့ဖူးချေ၏။

တောတောင်အတွင်း တောခြောက်ခံရခြင်း၊ တောမှောက်ခံရခြင်းသည်ကတော့ အမြဲလိုလို ကြုံတွေ့ရသဖြင့် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း ကျွန်တော့်တွင် မရှိတော့ပါချေ။

မမြင်အပ်၊ မြင်အပ်သော ပုဂ္ဂိုလ်တို့နှင့်လည်း တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ဆုံခဲ့ရဖူးချေ၏။

ထိုစဉ်က ကြောက်ရွံ့ ထိတ်လန့်ခြင်း မဖြစ်ခဲ့ပါဟု မဆိုပါ။ ထိတ်လန့်ဖူးချေ၏။ ကြောက်လန့်ဖူးချေ၏။ သို့ပေမင့်လို့ ကြုံခဲ့ဖူးပေါင်း များသည်တွင်မတော့ ကြောက်ရွံ့ ထိတ်လန့်ခြင်း အလျဉ်းမရှိပါတော့ချေ။

သို့ကလည်း အနီ ပုဂ္ဂိုလ်တို့သည် သူတို့ရှိကြောင်း ပြခြင်းသက်သက်သာဟု ဆိုဆို၊ ခြောက်လှန့်ခြင်းဟုပင် ပြောပြော၊ ကိုယ်ထိလက်ရောက် ဒုက္ခပေးလာခြင်းမဟုတ်ဟု သိလေခြင်းကြောင့် ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း မရှိတော့ခြင်းဟု ဆိုရခြိမ့်မည်။

ထိုကိစ္စမျိုးသည် မြို့ပြတွင်လည်း ရှိတတ်ချေ၏။ ထိုအတွေ့အကြုံတို့မှ မမေ့နိုင်ခဲ့ရသော အကြောင်းအရာတချို့ကို တင်ပြချင်ပါသည်။

တင်ပြလိုခြင်း အကြောင်းရင်းသည်ကား စာဖတ်သူတို့သည်လည်း ကြုံကောင်း ကြုံခဲ့ဖူးချေမည်။ သို့မဟုတ် တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ဖြင့် ကြုံလာချင်လည်း ကြုံပေလိမ့်မည်။ သို့ ကြုံခဲ့ပါလျှင်လည်း ကြောက်စိတ်များ ကင်းပျောက်အောင် စဉ်းစားတွေးခေါ်တတ်ဖို့ ဖြစ်ချေသည်။

မီးလောင်ကုန်းရွာမှ မုဆိုးကြီး ဆာပုနှင့် စဉ့်အိုးချောင်းဖျားသို့ အမဲကြီး ပစ်သွားစဉ်က ဗိုလ်တဲပျက်ကြီးတစ်ခုတွင် နားနေအိပ်စက်ခိုက် ကြုံခဲ့သော အဖြစ်အပျက်တစ်ခုကို ပြောပါမည်။

ထိုနေ့က ကျွန်တော်တို့ နှစ်ယောက်သည် ကျွန်တော်ပစ်လိုက်၍ ဒဏ်ရာရ ပြေးထွက်သွားသော တောဝက်ကောင်နောက်သို့ လိုက်ကြရင်း မျက်စိလည် လမ်းမှားကာ ဗိုလ်တဲပျက်ကြီးဆီသို့ ရောက်သွားကြ၏။

အစွယ်ကားသော တောဝက်ကြီးကို ရလိုဇောဖြင့် တစ်စိုက်မတ်မတ် လိုက်ခဲ့ကြရာမှ အချိန်တွေ ကုန်ဆုံးခဲ့၏။ နေပင် အတော်စောင်းနေချေပြီ။ မီးလောင်ကုန်း ပြန်လမ်းကိုလည်း မမှတ်မိ။

"ဖထီးရေ··ဘယ်လိုလုပ်မလဲ"

"ငါတို့ တောမှောက်နေတယ် ပြောမလားဘဲ။ နို့···ဆိုတော့ ငါတို့သည်နားက ဗိုလ်တဲပျက်ကြီးမှာပဲ နားနားနေနေ ညအိပ်ပြီး နေမှ၊ မနက်မိုးလင်းမှ ခရီးဆက်ဖို့ စဉ်းစားကြတာပေါ့"

"ကောင်းသားပဲ ဖထီးရဲ့"

"ဆရာလေး···ဗိုလ်တဲပျက်မှာ အိပ်ဝံ့ရဲ့လား"

"ဘာလို့ မအိပ်ရဲရမှာလဲ ဖထီး ရယ်။ ဗိုလ်တဲပျက်ပဲ ဘာဖြစ်မှာတုန်း"

"သစ်ခုတ် ဝါးခုတ်သူတွေက တော့ အဲဒီ ဗိုလ်တဲပျက်ကြီးနားတောင် မသွားဝံ့ကြဘူး"

"ဘာဖြစ်လို့တုန်း"

"ဘာဖြစ်တယ်လို့ တိတိကျကျ မပြောကြပါဘူး။ ဗိုလ်တဲဟောင်းကြီး အဝေးက မြင်ရတာနဲ့တင် ကြောက် စိတ်တွေ ဝင်လာကြလို့ပဲ"

"ဖထီးရယ်···အိမ်အိုအိမ်ပျက် တိုက်အိုတိုက်ပျက်၊ ကျောင်းအို ကျောင်းပျက်ဆိုတာ ဟောင်းနွမ်းပျက် စီး ယိုယွင်းမှုတွေကြောင့် မြင်ရသူအ ကြောက်ရွံ့စရာဖြစ်တတ်ကြတာချည်း ပေါ့။ ဒီလိုနေရာတွေကို သန့်သန့်ရှင်း ပြုပြုပြင်ပြင် သပ်သပ်ရပ်ရပ်လုပ်ထား ကြည့်ပါလား၊ နေချင်စရာဖြစ်တော့ မပေါ့။ ကဲ - ဖထီး၊ ဘာမှ တွေ ကြောက်လန့်မနေနဲ့။ အချိန်ရှိတုန်း ဗိုလ်တဲပျက်ထဲ ဝင်ပြီး အိပ်ဖို့ နေရာ လေး လုပ်ကြတာပေါ့။ ပြီးတော့ ရွာ လူကြီးပေးလိုက်တဲ့ ဆတ်သားခြောက် လေး မီးဖုတ်စားကြတာပေါ့"

"ဆရာလေး···အိပ်ဝံ့တယ်ဆိုရင် ပြီးတာပဲလေ"

သို့နှင့် မုဆိုး ဆာပုနှင့် ကျွန် တော်သည် ဗိုလ်တဲပျက်ကြီးဆီသို့ သွား လိုက်ကြချေတော့သည်။

ဗိုလ်တဲပျက်ကြီးသည် ထင်ထား သည်ထက် ပို၍ပျက်စီးယိုယွင်းနေချေ ၏။ သို့ပေမင့်လို့ သားရဲကောင်တို့၏ အန္တရာယ်ရှောင်လိုသည်ကြောင့် ခြေ မြည့် ကျိုးပြတ်လုဖြစ်နေဟန်တူ လှေကားထစ် ကိုးထစ်မျှကို





www.burmeseclassic.com

www.burmeseclassic.com

သိမ်းသိမ်းတက်ခဲ့ကြချေ၏။

အခင်းကြမ်းတို့ ကျိုးပေါက်နေချေ၏။ ဖွဖွနင်းလျှောက်ပေမယ့်လည်း တကျွိကျွိမြည်နေ၏။

"ဆရာလေး…ဒီပေါ်မှာ အိပ်လို့ဖြစ်ပါ့မလား။ တော်ကြာ ကျိုးကျနေချေဦးမယ်"

မုဆိုး တာပုက စိုးရိမ်စွာ ပြောလာ၏။

"အခြေအနေကြည့်သေးတာပေါ့။ မဟုန်ပုံပေါ်ရင် အောက်ဆင်းအိပ်ကြတာပေါ့။ အောက်ဘက်မယ် ထင်းမီးကောင်းကောင်း မီးဖိုပြီးနေရင် ဖြစ်ပါတယ်"

ထိုမှ ကျွန်တော်တို့သည် ပတ္တာတစ်ခုပြုတ်ပြီး ရွဲ့စောင်းနေသော အတွင်းခန်းကို ပိတ်ထားသည့် တံခါးချပ်အား တွန်းလိုက်၏။

"ကျွိ…ကျွိ"

"အလိုလေးဗျာ"

ထိုအခန်းတွင်း ကြမ်းတို့သည် အကောင်းပကတိပါကလား။

"သည်အခန်းကြမ်းပြင်က အကောင်းကြီးတွေဗျ။ သည်အခန်းထဲမယ် အဆင်ပြေလောက်တယ်။ ဟောဗျာ…ဗျာတစ်ချပ်လည်း ရှိသေးတယ်။ ဗိုလ်တဲကို ရောက်လာတဲ့သူ၊ ညအိပ်လာသွားတဲ့သူ ရှိပုံပဲဗျ"

"သစ်ခုတ်သမား၊ သို့မဟုတ် ပျားဖွပ်သမားတွေ ညအိပ်သွားပုံပဲဗျ"

"ဘယ်လိုပဲဖြစ်ဖြစ် ဖထီးရယ်၊ ဒီညတော့ ကောင်းကောင်းအိပ်စက်နိုင်လိမ့်မယ် ထင်တာပဲဗျာ"

"ကဲ - မမောင်ခင် အောက်ပြန်ဆင်း၊ မီးဖိုပြီး ဆတ်သားခြောက် မီးကင်စားကြတာပေါ့။ အိပ်ချိန်ရောက်တော့ အခန်းထဲ လာအိပ်ကြတာပေါ့"

မုဆိုး တာပုနှင့် ကျွန်တော်သည် အောက်သို့ ပြန်ဆင်းကာ အနီးတစ်ဝိုက်တွင် ထင်းခြောက်များကို ရှာဖွေ စုဆောင်း၍ ဗိုလ်တဲအောက်တွင် မီးဖိုကြ၏။ ဆတ်သားခြောက်ကို မီးဖုတ်စားလိုက်ကြ၏။

"ရေတော့ ဘူးဝက်ရှိသေးတယ်။ သည်တစ်ညအတွက် ကောင်းကောင်းလုံလောက်ပါတယ်"

ကျွန်တော်သည် ဝီစကီပုလင်းပြားလေးကို ထုတ်ကာ သောက်ရင်း ဆတ်သားခြောက်ကြော်ကို စားကာ၊ ဇိမ်ခံနေလိုက်၏။

ဝီစကီ မသောက်သော မုဆိုးကြီး တာပုက ကွမ်းတမြုံ့မြုံ့စားနေရင်း ထင်းမီးမပြတ်ထိုးနေလေ၏။ ထိုမှ အိပ်ငိုက်လာကြသည်တွင် အပေါ်သို့ ပြန်တက်ကြကာ အခန်းတွင်း ဝင်အိပ်လိုက်ကြသည်။

မှောင်မှောင်မည်းမည်းဆိုသော်လည်း ပေါက်ပြဲနေသော ဓနိအမိုးတို့ကြားမှ လရောင်ဖြာကျနေချေ၏။ တောတောင်တွင်း ညနက်သန်းခေါင်ယံတွင် ကြားနေကျအတိုင်း ညဘက်တွင် အစာရှာထွက်တတ်ကြသည့် သားကောင်တို့၏ အသံကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ကြားနေရချေ၏။

ကြက်သီးမွေးညင်းထသွားတော့သည်။ စိတ်က မလုံ။ အခန်းပြင်ဘက်မှ လျှောက်သံ ကြားရ၏။

ကြွက်တွေ လျှောက်ပြေးနေတာဖြစ်လိမ့်မည်ဟု အတွေးကို ထည့်လိုက်၏။ သည်ဗိုလ်တဲတွင် ကြွက်တွေ ရှိသည်။ ကြွက်သေကောင်တစ်ကောင်ရှိသောကြောင့် အပုပ်နံ့ ထွက်လာခြင်းဟု တွေးလိုက်၏။

"ဒုန်း…"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ထိတ်လန့်တကြားဖြစ်သွား၏။

"ဟူး…"

ကျွန်တော့်နံဘေးတွင် ရှိသော မုဆိုးကြီး တာပုကို ကြည့်လိုက်၏။ တာပုအိပ်နေရင်းမှ တစ်ဖက်လှည့်လိုက်၍ ပေါ်ထွက်လာသော အသံဖြစ်ခြိမ့်မည်ဟု တွက်လိုက်မိသောကြောင့် ကြောက်စိတ်လျော့သွားရပြန်၏။

မည်သို့ပင်ဆိုစေ၊ ကျွန်တော် ကြောက်စိတ်ဖြေနေခြင်း ဖြစ်သည်။ တကယ်တော့ တာပုသည် ငြိမ်သက်စွာ အသေကောင်ကြီးလို အိပ်စက်နေ၏။

ကြောက်စိတ်ကြောင့် ကျွန်တော်သည် ဝီစကီသောက်ရန် စဉ်းစားလိုက်သော်ငြား၊ ကျွန်တော့်တွင် ဝီစကီမရှိတော့ပါချေ။ ပုလင်းခွံပင် လွှင့်ပစ်လိုက်ပြီဖြစ်သည်။

မသိစိတ်က အခန်းတွင်း တစ်ထောင့် တစ်နေရာက တစ်စုံတစ်ရာ ထွက်လာလိမ့်မည်ဟု ထင်နေခြင်းဖြစ်၏။

အိပ်မပျော်သည့်အတူတူ မိုးမြန်မြန်လင်းပါစေဟု ဆုတောင်းမိချေသေး၏။ မုဆိုးကြီး တာပုမှာ တခေါခေါဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချေ၏။ မုဆိုးကြီး တာပု အိပ်မပျော်လျှင်လည်း အကောင်းသား။ စကားတွေပြောကာ ကြောက်စိတ်ကို ဖျောက်၊ အချိန်ဖြုန်းလို့ ရသေး၏။

မုဆိုးကြီးကို နှိုးကာ အဖော်ပြုရမှာလည်း ဖြစ်လိမ့်မည်မဟုတ်။ ရှိစေတော့။ သည်ကြားထဲ ဆီးသွားချင်လာသဖြင့် ပို၍အခက်တွေ့ရသေး၏။

မုဆိုးကြီး တာပုကို နှိုးလိုက်လျှင်ကောင်းလေမလား စဉ်းစားမိသေး၏။ တစ်ချက်တစ်ချက် ရလိုက်သော အပုပ်နံ့က ပို၍ပို၍လန့်စေလေ၏။ ကြောက်

www.burmeseclassic.com

ရွှံ့စိတ်နှင့်အတူ အချိန်တို့ကို ကျော်လွန်ခဲ့ရသည်ကြားမှ မျက်ခွံတွေ လေးလာ၏။ မေးခနဲ တစ်ချက်ဖြစ်သွား၏။

ဖျတ်ခနဲ သတိတစ်ချက်ပြန်ဝင်လာသည်တွင် မုဆိုးကြီး ကျွန်တော့်နံဘေးတွင် မရှိတော့ပါ။ အလင်းလည်းရောက်လာပေပြီ။ အိပ်ချင်စိတ် မပြယ်သေးသောကြောင့် မျက်လုံးကို စုံမှိတ်လိုက်ပြန်သည်တွင်…

"ဆရာလေး…ဘယ်အချိန်သွားကြမလဲ"

မုဆိုးကြီး တာပု အခန်းတွင်း ပြန်ဝင်လာပြီး မေးသံဖြစ်ချေ၏။

"ညက အတော်နဲ့ အိပ်မပျော်ဘူးဗျာ။ ခဏလေး မှိန်းလိုက်ဦးမယ်"

"ဟုတ်ပြီလေ၊ ငါ အောက်ဆင်းတော့မယ်။ အနီးအနား ဘာလေး ညာလေးရမလား လျှောက်ကြည့်မယ်ကွာ"

"ဟုတ်ပြီ ဖထီး။ သိပ်လည်း မကြာနဲ့၊ ဖထီးပြန်ရောက်ချိန် သွားကြတာပေါ့"

"အေးပါကွာ"

သို့ဆိုလျက် မုဆိုးကြီး ထွက်သွားချေ၏။

မိုးစင်စင်လင်းနေပြီဖြစ်၍ ကျွန်တော့်တွင် ကြောက်လန့်စိတ် ရှိမနေတော့ပါ။ အပုပ်နံ့သည်လည်း မရတော့ပါ။ သို့ကြောင့် တစောင်းလှဲကာ စိတ်အေးလက်အေး တစ်မှေးမှေးလိုက်မည်ဟု တွက်ကာ မျက်လုံးအစုံကို မှိတ်လိုက်ပြန်၏။

ကျွန်တော် အိပ်ပျော်သွား၍လား၊ သတိလစ်သွား၍လား မသိပါချေ။ အသိတော့ ရှိနေပုံပင်။ ထိုမှ ကျွန်တော့်မသိစိတ်ကြောင့် ဖျတ်ခနဲ မျက်လုံးအစုံဖွင့်လိုက်သည်။

"အလိုလေးဗျာ၊ ဘယ်လိုကြောင့် ကျွန်တော့်ရှေ့တည့်တည့်တွင် ကုလားမကြီးတစ်ယောက် လာအိပ်နေပါလိမ့်"

ကျွန်တော် ကမန်းကတန်းထလိုက်သည်။

ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် တစောင်းလှဲအိပ်နေသော ကုလားမကြီး မရှိတော့ပါ။ ပတ်ဝန်းကျင်တွင် လင်းထိန်နေသော်လည်း ကျွန်တော့်တွင် ကြောက်စိတ်ဝင်လာရပြန်၏။ ဘယ်လိုဖြစ်ရတာပါလိမ့်။

ကျွန်တော် တစိမ့်စိမ့်တွေးကြောက်စိတ်ဝင်လာရသည်။ ကမန်းကတန်းပင် အခန်းတွင်းမှ ထွက်ကာ ဗိုလ်တဲအောက်သို့ ဆင်းလိုက်လေ၏။

ဗိုလ်တဲအောက်တွင် မုဆိုးကြီး တာပု ထင်းမီးဖိုဘေးတွင် ထိုင်နေချေ၏။ ရှဉ့်တစ်ကောင်ကို မီးကင်နေလေ၏။

"ငါ ရှဉ့်တစ်ကောင်ရလာတယ်"

မုဆိုးကြီး တာပုနံဘေး ဝင်ထိုင်ကာ မိုးလင်းကာမှ နံဘေးတွင် ကုလားမကြီး အိပ်နေတာ မြင်ခဲ့ကြောင်း ပြောပြလိုက်၏။

"အင်း… ဆရာလေးလည်း ကိုယ်တွေ့ တကယ်ကြုံခဲ့ပြီကော"

သို့ မုဆိုးကြီး တာပု၏ စကားကြောင့် ကျွန်တော် နားမလည်အောင် ဖြစ်ရချေပြီ။

"ရှင်းအောင် ပြောပါဦး ဖထီး"

"အေး၊ မနေ့က ဆရာလေး ကြောက်မှာစိုးလို့ မပြောတာ။ သည်ဗိုလ်တဲကြီးက အင်မတန် သရဲခြောက်တာ။ ဗိုလ်တဲရဲ့ သမိုင်းကြောင်း သိသူတွေက အနားတောင် မသီကြဘူးလေ။ ဆရာလေး တွေ့လိုက်တယ် ဆိုတဲ့ ကုလားမကြီးက အမှန်တော့ ကုလားမကြီး မဟုတ်ဘူး။ ဗိုလ်မကြီး ဆရာလေးရဲ့။ သူ့ ဗိုလ်တဲမှာ ဆွဲကြိုးချ သေသွားတဲ့ ဗိုလ်မကြီးပဲ။ ဗိုလ်တဲမှာ လာအိပ်တဲ့သူတိုင်း သူ့ကို ဆရာလေး သလို တွေ့ကြုံခဲ့တာချည်းပဲလေ"

"နို့ဖြင့် ဖထီးလည်း သည်ဗိုလ်ကြီးကို တွေ့ဖူးတာပေါ့"

"ငါတော့ မတွေ့ဖူးဘူးကွ။ တဲ့သူတိုင်း ပြောလို့ ငါ မယုံဘူး။ ငါ ကြုံဖူးချင်လို့ ဆရာလေးကို မ ဘဲ သည်မှာ ညအိပ်ဖို့ ဆုံးဖြတ်လို တာ။ အေးလေ၊ လူတိုင်းပြော သည်ဗိုလ်တဲက သရဲမကြီးအကြော ငါကိုယ်တိုင်မကြုံရပေမင့် ဆရာ ကြုံလိုက်တယ်ဆိုတော့ ငါယုံလိုက် ပြီကွာ"

တကယ်ပဲ ထိုဗိုလ်တဲတွ ဗိုလ်မကြီး ရှိနေလေသည်ပဲ။ ည သူမ၏ ခြောက်လှန့်မှုတွေကို ကျွန်တေ ကြုံခဲ့ရသည်ပင်။ တစ်ညလုံး အနံ့ ခြောက်လှန့်ပြီး အခန်းပြင်တွင် လူ ခေါက်တုံ့ လျှောက်ပြ၏။ ဒုန်းခနဲ ကြ ပြင်ကို ဆောင့်ကာ ထိတ်လန့်စေ နောက်ဆုံး ကိုယ်ထင်ပြကာ ခြော လှန့်လေ၏ ■

* * *


ကိုဝိုး



www.burmeseclassic.com

www.burmeseclassic.com

# သွားနာ၊ သွားကိုက်၊ သွား၌ ရောဂါဖြစ်နေပါသလား



မျိုးမင်းအေး (ဇီးကုန်း)

လွန်ခဲ့သော ၂၀၁၀ ခု၊ ဇန်နဝါရီလက ကျွန်တော်သည် ပဲခူးတိုင်း သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၏ အနောက်တောင်ဘက်ရှိ သစ်နုဖားရွာသို့ မီးသတ်ဆေးဘူးများ စစ်ဆေးရန် အရန်မီးသတ် တပ်စုမှူး ကိုကျော်စွာနှင့်အတူ ရောက်ရှိသွားပါသည်။

ထိုသို့သွားရင်းမှ ရောက်တုန်းရောက်ခိုက် ငယ်သူငယ်ချင်းဖြစ်သူ ကိုမြဝင်းထံသို့ ဝင်ခဲ့ပါ၏။ အိမ်ရှေ့ရောက်တော့ ကိုမြဝင်း၏ အမျိုးသမီးက ထွက်လာပြီး…

"ဟယ်…ကိုမျိုးတို့ပါလား၊ ဘယ်က လှည့်လာကြတာလဲ၊ လာကြ၊ လာကြ" ဟု ဝမ်းသာအဲလဲဖြင့် ခေါ်ပါသည်။ ကျွန်တော်လည်း မီးသတ်ဆေးဘူးများ လာရောက်စစ်ဆေးတာ ဖြစ်ကြောင်း ပြောပြီး အိမ်ထဲဝင်ခဲ့ကြပါသည်။

"ကိုမြဝင်း ဘယ်သွားလဲဗျ၊ မမြင်ပါလား"

အိမ်ထဲ ရောက်သည်နှင့် ကျွန်တော်က ကိုမြဝင်းကို မမြင်သဖြင့် မေးလိုက်ပါသည်။ ထိုအခါ ကိုမြဝင်း၏ အမျိုးသမီး မတင်တင်က အိပ်ရာထဲ လက်ညှိုးထိုးပြရင်း…

"အိပ်ရာထဲမှာလေ၊ သွားကိုက်လို့ အိပ်နေတယ်" ဟု ပြော၍ ကိုမြဝင်းကို နှိုးလိုက်ပါသည်။ ထိုအခါ ကိုမြဝင်းလည်း လက်တစ်ဖက်က ဘယ်ဘက်ပါးကို ဖိရင်း ရှုံ့ရှုံ့တွတွဖြင့် ထွက်လာပါ၏။

"သွားကိုက်နေတာ ၅/၆ရလောက် ရှိသွားပြီဗျာ။ သွားက အခေါင်းမရှိဘဲနဲ့ ကိုက်နေတာ။ ဆိုးတယ်ဗျာ။ ထမင်းလည်း မစားနိုင်ဘူး။ ရေလည်း သောက်မရဘူး။ ရေထိရင် အေးပြီး ကိုက်သွားတာ အတောမသတ်ပါဘဲဗျာ" ဟုလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြပါသည်။

"ဆေးခန်းမသွားဘူးလားဗျ။ ခင်ဗျားရွာမှာ ကျန်းမာရေးဆေးခန်းရှိနေတာပဲ"

"သွားတာပေါ့ ကိုမျိုးရာ။ ကျေးလက် ကျန်းမာရေးဌာနတင်မကဘူး၊ မြို့က သွားဘက်ဆိုင်ရာ ဆရာဝန်ဆီလည်းရောက်တယ်။ ဆရာဝန်ကတော့ သွားနုတ်ပေးမယ်ပြောပါတယ်။ ဒါပေမယ့် ဟိုတုန်းက ကျွန်တော် ဆရာဝန်တစ်ယောက်ရေးတဲ့ ဆောင်းပါးတစ်ပုဒ်ဖတ်ခဲ့ဖူးတာ သွားသတိရပြီး မနုတ်ဘဲ ပြန်လာခဲ့တာ။ အိမ်ပြန်တော့ အကိုက်အခဲပျောက်ဆေးလေးသောက်လိုက်၊ ဟိုလူပြောတဲ့ ဆေး၊ ဒီလူပြောတဲ့ ဆေးလေး လုပ်လိုက်ပေါ့။ ဒါပေမယ့် မပျောက်ပါဘူးဗျာ"

ကိုမြဝင်းက စိတ်ပျက်လက်ပျက်နှင့် ရှင်းပြပါသည်။ ကိုမြဝင်း၏ စကားထဲ၌ "ဟိုတုန်းက ဆရာဝန်တစယောက်ရေးတဲ့ ဆောင်းပါးတစ်ပုဒ်ဖတ်ခဲ့ဖူးတာ သွားသတိရပြီး မနုတ်ဘဲ ပြန်လာခဲ့တာ"ဆိုသည့် စကားပါလာသဖြင့်...

"နေပါဦး ကိုမြဝင်း၊ ခင်ဗျားဖတ်ခဲ့ဖူးတဲ့ ဆောင်းပါးကြောင့် သွားမနုတ်ဘဲ ပြန်ခဲ့တယ်ဆိုတော့ ဆောင်းပါးက ဘယ်လိုရေးလို့လဲဗျ။ ဇဟုသုတအဖြစ် ပြောပြစမ်းပါဦး"ဟု မေးလိုက်ပါ၏။

ထိုအခါ ကိုမြဝင်းက -

"ဒီလိုဗျ၊ သွားတစ်ချောင်းကို အလိုအလျောက်ကျိုးသင့်တဲ့ အချိန်မဟုတ်ဘဲ ကိုက်တာ၊ နာတာ၊ နဲ့တာလောက်နဲ့ မနုတ်သင့်တဲ့အကြောင်း၊ သွားတစ်ချောင်းရဖို့ဆိုတာ စာတ်ဘဝမှ တစ်ခါသာ ရနိုင်တဲ့အကြောင်း၊ နောက်ပြီးသွားကို အမှတ်မထင်နဲ့ အရမ်းမလိုအပ်ဘဲ နုတ်ခဲ့မိရင် လောလောဆယ် ကောင်းသလို၊ သက်သာသလို ထင်ရပေမယ့်ကြာလာတဲ့အခါ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာတတ်တဲ့အကြောင်းပေါ့ဗျာ။ အဲဒီဆောင်းပါးကို ပြန်သတိရပြီး ဒါဟုတ်တယ်ဆိုပြီး ကျွန်တော်သွားမနုတ်ဘဲ ပြန်လာခဲ့တာ"ဟု စိတ်ရှည်လက်ရှည် ပြောပြပါသည်။

ကိုမြဝင်းစကားဆုံးတော့ တစ်ချိန်လုံး ငြိမ်နေသည့် အရန်မီးသတ်တပ်စုမှူး ကိုကျော်စွာက -

"ဒါ မှန်တာပေါ့ဗျာ၊ သွားစစ် သွားမှန်ဆိုတာ တစ်ဘဝမှ တစ်ခါပဲ ရတာ"ဟု ဝင်ရောက်ထောက်ခံလိုက်ရင်း...

"ဒါ့ထက် နေဦးဗျ။ ကျွန်တော်လည်း သွားအကြီးအကျယ်ကိုက်ခဲ့ဖူးတယ်။ အဲဒီတုန်းက သုခမြို့ကွင်းကျောင်းဆရာတော်ကြီး ဦးအိန္ဒြေဘာသ အမိန့်ရှိ သနားခဲ့တဲ့ ဆေးနည်းလေးနဲ့ ပျောက်သွားတယ်"ဟု ဝင်ပြောလာ၍ ကိုမြဝင်းက ကိုကျော်စွာအား မျှော်လင့်တကြီးကြည့်လိုက်ပါသည်။

ကျွန်တော်က "ဒါဆိုလည်း အဲဒီဆေးနည်းပြောပြပါဗျာ။ ကျွန်တော့်သူငယ်ချင်း တော်တော်ခံစားနေရသဘောရှိတယ်။ လူတောင် ချောင်ကျသွားသလိုပဲ"ဟု ပြောလိုက်ပါ၏။

ကျွန်တော့်စကားဆုံးတော့ ကိုကျော်စွာက "ဟုတ်ပြောပါ့မယ်ဗျာ။ ဒါ ဘေသဇ္ဇအလှူပဲ ကုသိုလ်ရပါတယ်"ဆိုပြီး ဆေးနည်းပြောပြ၍ နေ့လယ်လောက်၌ စခန်းပြန်ခဲ့ကြပါသည်။

တစ်ပတ်လောက်အကြာ၌ ကိုမြဝင်း ကျွန်တော့်ရောက်လာပြီး ကိုကျော်စွာပြောပြခဲ့သော ဆေးနည်းပြုလုပ်သဖြင့် သွားကိုက်ဝေဒနာ သုံးရက်အတွင်း ပျောက်ကင်းသွားကြောင်း ဝမ်းသာအားရနှင့် ပြောပါသည်။

ကိုကျော်စွာ ပြောပြသော ဆေးနည်းမှာ မခက်ခဲ၊ ငွေကုန်ကြေးကျလည်း မရှိပါ။ သို့အတွက် ကိုကျော်စွာနှင့်တူ၊ ကိုကျော်စွာ၏ သဘောတူညီမှုဖြင့် ဘေသဇ္ဇဒါနအဖြစ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှ ဆက်လက်တင်ပြလိုက်ရပါသည်။

**ဆေးနည်း**

(၁) သဘော်ရွက်ကို စင်းကောပြီး နေရိပ်၌ အခြောက်လှန်း၊ ခြောက်လျှင် ပေါင်းဒါသားကျအောင် အမှုန့်ထောင်း။

(၂) သဘော်ရွက်ခြောက်မှုန့် တစ်ကျပ်သားလျှင် ကောင်းစိမ်း တစ်မတ် လေးချိုးတစ်ချိုးထည့်၊ အမှုန့်အားလုံးပေါင်း၍ ပိတ်ပါးနှင့် ချ။

သွားနာ၊ သွားကိုက်၊ သွားနဲ့၊ သွားကျင်ရောဂါဝေဒနာများနှင့် သွားဖုံးရောဂါ၊ ရေစီးကမ်းပြိုရောဂါများကို သိပ်အခါင်းရှိလျှင် ဆေးမှုန့်ထည့်။ မရှိပါက သွားနှင့် သွားဖုံးရင်းကို အမှုန့်ဖြူး။ ထိုအပြင် နေ့စဉ် နံနက်-ည သွားတိုက်ဆိုခဲ့သော ရောဂါများ လုံးဝ ပျောက်ကင်းနိုင်ပါသည်။ အမြဲပြုလုပ်ပါက သွားရောဂါများမှ လွတ်ကင်းပါမည်ဖြစ်ပါကြောင်း။

* * *

မျိုးမင်းအေး(ဒီးထု...)



www.burmeseclassic.com

www.burmeseclassic.com



# သစ်တံခါးဆရာတော်၏ ဆီမီးထွန်းအဓိဋ္ဌာန်နှင့် အထိရောက်ဆုံး ဓာတ်ယတြာ

ကိုရွှေမြသန်း (သမိုင်း)

လူတိုင်း လူတိုင်းပင် စီးပွားရေး လူမှုရေးနှင့် စပ်လျဉ်းပြီး ရင်ဆိုင်ကြုံတွေ့ ပြိုင်ဆိုင်ရသော ကိစ္စရပ်များ ရှိကြပါလိမ့်မည်။ အပြိုင်အဆိုင်ကိစ္စရပ်များ၌ မည်သူမဆို အနိုင်ရချင်ကြ၊ ကံကောင်းချင်ကြမည် ဖြစ်ပါသည်။ အချို့က ငွေ၊ အာဏာ၊ အရှိန်အဝါအသိုင်းအဝန်းအားဖြင့် လည်းကောင်း၊ ပညာအားဖြင့် လည်းကောင်း ရင်ဆိုင် ယှဉ်ပြိုင်တတ်ကြပါသည်။ မည်သို့ဆိုစေ၊ အနိုင်ရဖို့ မျှတမှုရှိဖို့သာ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် လောကီအစီရင်များစွာရှိသည့်အနက်မှ ဆီမီး(ဖယောင်းတိုင်) အဓိဋ္ဌာန်ဖြင့် ယှဉ်ပြိုင်ရှက်ဆောင်သောကိစ္စတို့တွင် အောင်မြင်မှု ရ,မရ လုပ်ဆောင်ကြည့်နိုင်သော အဓိဋ္ဌာန်တစ်ခုကို တင်ပြလိုက်ပါသည်။

ဆောင်ရွက်လုပ်ကိုင်ရမည့်နေ့ရက်မှာ မိမိ၏ မွေးနေ့ဖြစ်ပြီး နံနက် ၇နာရီ ၃၀မိနစ် (သို့မဟုတ်) ၁၀နာရီ ၁၀မိနစ် ဖြစ်ရပါမည်။ ဦးစွာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အဝတ်စားသစ် ဝတ်ဆင်လျက် ဘုရားရှိခိုးပါ။ ငါးပါးသီလ ဆောက်တည်ပါ။ ဆက်စပ်၍ မိမိယှဉ်ပြိုင်ရမည့်ကိစ္စအတွက် သစ္စာစကားဆိုပါ။ မှန်ကန်သော သစ္စာစကားဖြစ်ရပါမည်။

ဘုရားရှင်အား အောင်သပြေ (၁၀)ညွန့်၊ သောက်တော်ရေ (၁၀)ခွက် လှူဒါန်းပါ။

ထို့နောက် ဖယောင်းတိုင်တွင် အမှုကိစ္စနိုင်စေသော ဂုဏ်တော်ပြန်တမ်းနှစ်ခုရေးပါ။ ဂုဏ်တော်ပြန်တမ်းမှာ "သောမ္မာဏ ကရိတ္တာဒွေါ" နှင့် "အဝိသုနုသာနုတိ" ဖြစ်ပါသည်။ ဖယောင်းတိုင်တစ်တိုင်တွင် နှစ်ကြောင်းရေး၍ သိဒ္ဓိတင် သစ္စာပြု ဆုတောင်းပြီး ထွန်းညှိပူဇော်ပါ။

ထို့နောက် ထွန်းညှိ ပူဇော်ထားသော ဖယောင်းတိုင် အနေအထားကို ကြည့်၍ မိမိကိစ္စ အောင်မြင်မှု ရှိ,မရှိ အဖြေထုတ်နိုင်ပါသည်။ အဖြေထုတ်ပုံမှာ -

(၁) မီးညွန့်တက်သော်လည်း ဖယောင်းစက် အနည်းငယ်ကျန်နေပါက စိတ်ချမ်းသာရုံလောက် အောင်မြင်ပါလိမ့်မည်။

(၂) ဖယောင်းစက် မကျန်အောင် မီးစာကုန်သည်ထိ လောင်သွားပါက လုပ်ဆောင်အဓိဋ္ဌာန်ပြုနေသော ကိစ္စသည် အောင်မြင်မှုအပြည့်အဝ ရရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

(၃) မလောင်ချင် လောင်ချင်နှင့် မီးသည် မှိတ်တုတ် မှိတ်တုတ်ဖြစ်နေပါက မအောင်မြင်နိုင်သေးပါ။ ထပ်မံယှဉ်ပြိုင်ရပါမည်။ ကာလကြာမှ အောင်မြင်မှုရမည်။

(၄) မှိတ်တုတ် မှိတ်တုတ်ဖြစ်နေသော်ငြား၊ အောက်ဆုံး ဖယောင်းစက်ပါ မကျန်ပါက ကနဦး ပျက်သလိုဖြစ်နိုင်ပြီး နောက်ဆုံး၌ အောင်မြင်မှု ရရှိပါမည်။

(၅) ဖြည်းဖြည်းချင်းလောင်ပြီး ဖယောင်းစက် ကျန်နေပါက ချက်ချင်း မအောင်မြင်နိုင်သေးပါ။ ရက်ပေါင်း ၁၀၀ ကျော်မှသာ အောင်မြင်မှု ရရှိပါမည်။

(၆) မီးထွန်းနေရင်း ရုတ်တရက် ငြိမ်းသွားခြင်း၊ ဖယောင်းတိုင် လဲကျခြင်းတို့ ကြုံရပါက အောင်မြင်မှု လုံးဝ မရနိုင်ပါ။

အမှုကိစ္စ အနိုင်အရှုံးကို သစ္စာအဓိဋ္ဌာန်ပြုပြီး မေတ္တာဓာတ်ပွားကာ နိမိတ်ကောင်းခြင်းဖြင့် မိမိတို့၏ ကံကြမ္မာကို သိနိုင်ပြီး တရားမျှတစွာ အောင်မြင်မှုကိစ္စနိုင်လိုပါက မေတ္တာပွားလွှတ်မှုဖြင့်လည်း အောင်မြင်နိုင်ပါသည်။ သစ္စာပြု အဓိဋ္ဌာန်ချက်ဖြင့်လည်း အမှုကိစ္စမှန်သမျှ နိုင်,နိုင်ပါသည်။

ထို့ကြောင့် သူတစ်ပါးကို နိုင်ချင်သူတိုင်း မေတ္တာပွားကြပါ။ ကိုယ်သာလျှင် အမြဲတမ်း အနိုင်လိုချင်သူများ သတိထားကြပါ။ တရားမျှတ နည်းစနစ်ကျသော အမှန်တရားဖြစ်ပါသည်။ ဗုဒ္ဓအလိုကျလည်း ဖြစ်ပါသည်ဟု တင်ပြရင်းဖြင့် ဆက်လက်၍ ဆရာတော်၏ အထိရောက်ဆုံး ဓာတ်ယတြာကို ဖော်ပြလိုက်ပါ၏။

◈◈◈

ခုနစ်ရက်သားသမီးများအတွက် ကံကြမ္မာကောင်းများ မေးမှိန်ပြီး လုပ်ကိုင်သမျှ အဆင်မပြေခြင်း၊ ကျန်းမာရေးချူချာခြင်း၊ အတိုက်အခံများစွာနှင့် ရင်ဆိုင်နေရခြင်း၊ အကြံအစည် အလုပ်အကိုင်ဟူသမျှ အလွဲလွဲအချော်ချော်ဖြစ်နေခြင်း၊ အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းတို့အတွက် အစစအရာရာ အဆင်ပြေစေနိုင်သည့် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးသော ဓာတ်ယတြာဖြစ်ပါသည်။

ငွေကုန်ကြေးကျလည်း မများပါ။ အလှူဒါနနှင့် နွယ်ယှက်ပြီး ကုသိုလ်ရရှိစေသည့် ယတြာဖြစ်ပါ၍ ခုနစ်ရက်သားသမီးများ အလွယ်တကူ ဆောင်ရွက်နိုင်ပါသည်။ ဆောင်ရွက်ပုံမှာ…

**တနင်္ဂနွေသားသမီးများ**

စနေနေ့ နံနက်စောစော၌ စနေသား ဘုန်းတော်ကြီးတစ်ပါးအား အုန်းရည်နှင့် သကြားကို မွှေလျက် အဆိုပါ ဖျော်ရည်အား ဆက်ကပ်လှူဒါန်းကာ ဆုတောင်းပါ။ အစစအဆင်ပြေ၍ အောင်မြင်ပါမည်။

**တနင်္လာသားသမီးများ**

တနင်္ဂနွေနေ့ နံနက်စောစော၌ တနင်္ဂနွေသား ဘုန်းတော်ကြီးတစ်ပါးအား ကြံရည်အေးအေးလေးတစ်ခွက် ဆက်ကပ်လှူဒါန်းပေးပါ။ ဆုတောင်း၍ အဓိဋ္ဌာန်ပြုပါ။ အောင်မြင်ပါမည်။

**အင်္ဂါသားသမီးများ**

တနင်္လာနေ့ နံနက်စောစော၌ တနင်္လာသား ဘုန်းတော်ကြီးတစ်ပါးအား ဆီးဖျော်ရည်တစ်ခွက် ဆက်ကပ်လှူဒါန်းပေးပါ။ ဆုတောင်းရန် အဓိဋ္ဌာန်ပြုပါ။ အောင်မြင်ပါမည်။

**ဗုဒ္ဓဟူးသားသမီးများ**

အင်္ဂါနေ့ နံနက်စောစော၌ အင်္ဂါသား ဘုန်းတော်ကြီးတစ်ပါးအား လိမ္မော်ရည် ဆက်ကပ်လှူဒါန်းပေးပါ။ အဓိဋ္ဌာန်ပြုကာ ဆုတောင်းရပါမည်။ အစစ အဆင်ပြေပါမည်။

**ကြာသပတေးသားသမီးများ**

ဗုဒ္ဓဟူးနေ့ နံနက်စောစော၌ ဗုဒ္ဓဟူးသား ဘုန်းတော်ကြီးတစ်ပါးအား ပေါက်ပေါက်ဆုပ် ၁၀ဆုပ်နှင့် ပျားရည်တစ်ပုလင်း ဆက်ကပ်လှူဒါန်းပါ။ အဓိဋ္ဌာန်ပြု ဆုတောင်းပါ။ အစစ အဆင်ပြေ၍ အောင်မြင်ပါမည်။

**သောကြာသားသမီးများ**

ကြာသပတေးနေ့ နံနက်စောစော၌ ကြာသပတေးသား ဘုန်းတော်ကြီးတစ်ပါးအား သံပုရာရည် ဆက်ကပ်လှူဒါန်းပေးပါ။ အဓိဋ္ဌာန်ပြုကာ သစ္စာဆို ဆုတောင်းပါ။ အောင်မြင်ပါမည်။

**စနေသားသမီးများ**

သောကြာနေ့ နံနက်စောစော၌ သောကြာသား ဘုန်းတော်ကြီးတစ်ပါးအား နွားနို့တစ်ခွက် ဆက်ကပ်လှူဒါန်းကာ အဓိဋ္ဌာန်ပြုပြီး ဆုတောင်းပါ။ အစစ အောင်မြင်၍ အေးချမ်းရပါမည်။

(မှတ်ချက်။ ဘုန်းတော်ကြီး အလွယ်တကူ ပင့်၍ မရပါက ရှင်သာမဏေ ကိုရင်တစ်ပါးအား ကပ်လှူ၍လည်း ဖြစ်ပါသည်။)

ကုသိုလ်လည်း ရ၊ ကံဇာတာလည်း ပွင့်လင်းသော ဓာတ်ယတြာဖြစ်ပါသည်ဟု ကမ်းဆင့်စကားဆိုရင်းဖြင့်…။

* * *

ကိုရွှေမြသန်း(သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကောက်သပေါ့ ဒါနဲ့ချော့

## သုတေသီဆရာငြိမ်း



"မင်းတို့ဟာ ဘယ်လိုဖြစ်ရတာလဲကွာ"

"ဘာဖြစ်ရမလဲ ဆရာငြိမ်းရယ်။ ကျွန်တော့်အပေါ် ဘာမကျေနပ်လဲမသိပါဘူး။ မတွေ့လိုက်နဲ့ စိတ်ကောက်ပြီ။ ဘယ်လိုရှင်းပြ ရှင်းပြ ကောက်လိုက်တဲ့စိတ် ဖြောင့်လို့ကို မရတော့ဘူး"

ခေတ်ကာလသားသမီးများ အတော်လေးကို နားလည်ရခက်လှပါဘိ။ မောင်ညွန့်တင်နှင့် မခင်နှင်းတို့မှာ ကျွန်ုပ်တို့လူကြီးသူမများရှေ့မှောက်မှာတင် မရှိသေးစကား သမီးရည်းစားဖြစ်သွားသူများပါတည်။ သည်ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

သည်ကလေးမတို့ဆိုသည် ကျွန်ုပ်နှင့်ဆိုလျှင် ရပ်ဆွေရပ်မျိုးများဖြစ်ကြ၏။ ကျွန်ုပ်အပေါ်၌လည်း ဦးမင်းသားချင်းသဖွယ် ရိုသေဂါရဝထားရှိကြသူများမို့ ၎င်းတို့အား တူသားနှောင်မယ် သဖွယ် ကျွန်ုပ်လည်းခင်မင်၏။

အသက်အရွယ်အရ၊ ပညာအရည်အချင်းအရ၊ အလုပ်အကိုင်အရ တင့်တယ်လှသော၊ အကျင့်စာရိတ္တပိုင်းလည်းကောင်းမွန်သော၊ ဆွေဂုဏ်မျိုးဂုဏ်လည်း တင့်တယ်သော ၎င်းတို့ချစ်သူနှစ်ဦး၏ ချစ်ခရီးလမ်းအား သာယာဖြောင့်ဖြူးစေချင်သည်မှာ ကျွန်ုပ်နှင့်တကွ လူကြီးမိဘအပေါင်း၏ စေတနာပင်ဖြစ်တော့၏။

သို့ပါသော်ငြား ယခုကဲ့သို့ မောင်ညွန့်တင်၏ နှုတ်ဖျားမှ ဖွင့်ဟစကားကို ကြားရလေသောအခါဝယ် စိတ်မသက်မသာဖြစ်ရပါလေ၏။ မတို့၏ သဘောသဘာဝကား စိတ်ဆိုးစိတ်ကောက်ရှိတတ်ကြသည်မှာ ဓမ္မတာသဘောတရားဟု ဆိုကောင်းဆိုသော်လည်း သည်အကျင့်လက္ခဏာသည် အိမ်ထောင်သည်ဘဝသို့ ပါသွားခဲ့မည်ဆိုပါလျှင် အနာဂတ်အိမ်ထောင်ရေးခရီးလမ်းသည် အဖုအထစ် ဖြစ်ရချေတော့မည်။ အမျက်အပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသလိုဖြစ်ကာ သာယာမှုကင်းကွာသွားရတတ်သည်။ ထိုရောအခါဝယ် "အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး သည်သုံးချက်နှောင်မပိုင်လျှင် ပြင်နိုင်ရန်ခက်သည့်အမျိုး" ဟူသော စာချိုးနှင့်အညီ သောကခံစားကြရမည်မှာ နှစ်ဦးနှစ်ဖက်သော ကာယကံရှင်တွေသာ ဖြစ်ကြလိမ့်မည်။ အိမ်ထောင်ကျပြီးခါမှ စလယ်ဝင် ဖင်မမည်းခင် ကွဲကြသည်ဆိုလျှင်မကောင်း။ သားသမီးရတနာတွေရပြီးခါမှ ကွဲကြကွာကြဆိုလျှင် သာ၍ဆိုးပေရော့မည်။ ကြားထဲက သားသမီးလေးများမှာ မြေစာပင်ဖြစ်ကြပေဦးမည်။

"မင်း . . . တကယ်ပဲ ခင်နှင်းကို မေတ္တာရှိသလား မောင်ညွန့်တင်"

"ဘယ်နှယ့်ပြောလိုက်တာလဲ ဆရာရယ်။ ဟောဒီရင်ဘတ်ကြီးနဲ့ရင်းပြီး ဘဝလုံးပုံချစ်ရတာပါ ဆရာငြိမ်းရယ်။ သူသာစိတ်ဆိုးစိတ်ကောက် မဖြစ်ဘူးဆိုရင် ကျွန်တော့်လောက် ပျော်ရမယ့်သူ စကြဝဠာထဲမှာတောင် ရှာလို့တွေ့မှာ မဟုတ်ဘူး"

ခေတ်ကာလသားသမီးများ အင်မတန် စကားတတ်လှပါတကား။ ကျွန်ုပ်လည်း ထိုစကားကြားရတော့ နားကြားပြင်းကတ်မိသည်နှင့်အမျှ ပြုံးစေ့စေ့ ဖြစ်ရပါသေး၏။

"ဒီတော့ ဒီလိုလုပ်ကွယ်"

"ပြောပါ ဆရာငြိမ်း"

"မောင်ရင့်ကလေးမ စိတ်ဆိုးစိတ်ကောက်တာ ချော[...] လိုက်ရင် ပျော့သွားစေဖို့ အဆောင်ကလေး ပေးလိုက်မယ်[...] မင်းက အင်္ဂါသား၊ ကောင်မလေးက တနင်္လာသမီး[...] သည်တော့ မင့်ကောင်မလေးဆီ သွားတဲ့အခါ ပျဉ်းမရွက်[...] ရွက်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြန်ထပ်ပြီးဆောင်သွား[...] သူစိတ်ကောက်တာကို ချော့ကြည့်။ ပြေမသွားရင် ငါ့ကိုကြိ[...] သလိုသာပြော။ အဆင်ပြေသွားစေရမယ်လို့ ငါရဲရဲကြီး အာမ[...] သကွယ်"

"ဟာ တကယ်။ တကယ်။ ကျေးဇူးတင်လိုက်တာ[...] ဆရာရယ်။ ခုပဲ လမ်းထိပ်ကွမ်းယာဆိုင်ဘေးက ပျဉ်းမပင်က[...] ပျဉ်းမရွက်ကိုခူးပြီး သွားတော့မယ်"

မောင်ညွန့်တင်ကား ဒိန်းဒလိန်းနတ် ဖမ်းစားခံရသည်[...] နယ်ရုတ်ခြည်းပင် ထွက်သွားပါလေတော့၏။ ဤ၌ ကျွန်[...] လည်း သမီးရည်းစားများ စိတ်ဆိုးစိတ်ကောက်နေပါက[...] ချော့မော့ပြေလည်စေမည့် နည်းကလေးကို ဆောင်းပါးအဖြ[...] ချရေးမိပါတော့၏။ အရွက်များအားလုံးကို ဖင်တစ်ပြ[...] ခေါင်းတစ်ပြန်ထပ်၍ ဆောင်ကာချော့ပါလေ။ အားလုံ[...] အဆင်ပြေသွားပါလိမ့်မည်။

၁။ တနင်္ဂနွေသားသမီးများအတွက် ဝါးရွက်(သို့[...] ရွက်လှရွက်။

၂။ တနင်္လာသားသမီးများအတွက် ပျဉ်းမရွက်(သို့[...] ပေါက်ရွက်။

၃။ အင်္ဂါသားသမီးများအတွက် သီဟိုဠ်ရွက်(သို့[...] သီးရွက်။

၄။ ဗုဒ္ဓဟူးသားသမီးများအတွက် ဒန်းရွက်(သို့[...] ထန်းရွက်။

၅။ ကြာသပတေးသားသမီးများအတွက် အုန်းရွက်(သို့[...] အင်ရွက်။

၆။ သောကြာသမီးများအတွက် ကံ့ကော်ရွက် (သို့[...] ကြံရွက်။

၇။ စနေသားသမီးများအတွက် ဆီးရွက် (သို့[...] စပယ်ရွက်။

* * *

သုတေသီဆရာငြိ[...]

www.burmeseclassic.com

www.burmeseclassic.com

# "ရတနာ" အဆောင်ရွေးရအောင်

အောင်ကျော်ဇော

(၇)ရက်သားသမီးများအားလုံး အကျိုးစီးပွားအလို့ငှာ လွယ်လင့်တကူ အသုံးအစွဲပြုနိုင်သော မြန်မာ့ရိုးရာ ဗေဒင်မှလာသည့် တွက်နည်းတစ်မျိုးကိုဖော်ပြပေးပါမည်။

ခုနစ်ရက်သားသမီးတို့၏ "ရတနာ"အဆောင် အသုံးအစွဲအတွက်မဟာဘုတ် တွက်ရိုးဖြစ်သည်။

တွက်နည်း

မွေးသက္ကရာဇ်ကိုတည်၍ (၇)ဖြင့်စားပါ။ အကြွင်းအတိုင်း မဟာဘုတ်ထူ၍ အထွန်းအိမ်ရှိနေနံအလျောက် "ရတနာ"အဆောင်ပြုရန်ပင်ဖြစ်သည်။ အောက်တွင် အလွယ်တကူသိရှိနိုင်ရန်ဖော်ပြပေးပါမည်။

| | | |
|---|---|---|
| | ၅ | |
| ဝ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁) ကြွင်းသူသည် (စနေ)ထွန်း၍ အနက်ရောင်ကျောက်ကို အဆောင်ပြုပါ။ (တနင်္လာ) ပုပ်သောကြောင့် (အဖြူ)ရောင်ကျောက်ကိုရှောင်ရမည်။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ဝ |
| ၅ | ၂ | ၃ |

(၂) ကြွင်းလျှင် (တနင်္ဂနွေ)ထွန်း၍ အနီရင့်ရောင်ကျောက်ကို ဝတ်ဆင်ပါ။ (အင်္ဂါ)ပုပ်သောကြောင့် (ပန်းရောင်)ကျောက်ကိုရှောင်ပါ။

| | | |
|---|---|---|
| | ဝ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(၃) ကြွင်းလျှင် (တနင်္လာ)ထွန်း၍ အဖြူရောင်ကျောက်ကို ဝတ်ဆင်ပါ (ဗုဒ္ဓဟူး) ပုပ်သောကြောင့် (အစိမ်း)ရောင်ကျောက်ကိုရှောင်ပါ။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ဝ | ၄ | ၅ |

(၄) ကြွင်းသောကြောင့် (အင်္ဂါ)ထွန်း၍ (ပန်းရောင်)ကျောက်ကိုဝတ်ဆင်ပါ။ (ကြာသပတေး) ပုပ်သောကြောင့် (အဝါ)ရောင်ကျောက်ကိုရှောင်ပါ။

| | | |
|---|---|---|
| | ၂ | |
| ၄ | ဝ | ၃ |
| ၁ | ၅ | ၆ |

(၅) ကြွင်းသောကြောင့် (ဗုဒ္ဓဟူး)ထွန်း၍ အစိမ်းရောင်ကျောက်ကို ဝတ်ဆင်ပါ။ (သောကြာ) ပုပ်သဖြင့် (အညိုရောင်)ကျောက်ကိုရှောင်ပါ။

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ဝ |

(၆)ကြွင်းသောကြောင့် (ကြာသပတေး) ထွန်း၍ အဝါရောင်ကျောက်ကို ဆောင်ပါ(စနေ) ပုပ်သောကြောင့် (အနက်)ရောင်ကျောက်ကိုရှောင်ပါ။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ဝ | ၁ |

(ဝ)ကြွင်းသောကြောင့် (သောကြာ)ထွန်းသဖြင့် အညိုရောင်ကျောက်ကိုဝတ်ဆင်ပါ။ (တနင်္ဂနွေ)ပုပ်သောကြောင့် (အနီရင့်)ရောင်ကျောက်ကိုရှောင်ပါ။

ဖော်ပြပါအတိုင်း လေးနက်ယုံကြည်စွာ "ရတနာ" အဆောင်ပြုနိုင်ပါက ကံကောင်းမှုများအတွက် အထောက်အပံ့ဖြစ်ပါလိမ့်မည်ဟု ရိုးသားစွာတင်ပြရပါသည်။

* * *

အောင်ကျော်ဇော




www.burmeseclassic.com

www.burmeseclassic.com

# အောင်သိဒ္ဓိရှင်မှ စိတ်ဝင်စားစရာ တောက်တဲ့နှစ်ကောင်နှင့် လိပ်ဖို၊ လိပ်မ

ဦးကျော် (မြည်)



၂၀၁၀၊ ဇန်နဝါရီလဆန်းတွင် ကျွန်တော်တို့ မိတ်ဆွေတစ်သိုက် သမိုင်းဝင် ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်မြတ်သို့ အဖူးမြော်သွားရောက်ခဲ့ကြသည်။

အောင်သိဒ္ဓိရှင်စေတီတော်မှာ ဒေးစွန်ပါ ဆံတော်ရှင်စေတီတောင်ကုန်းမှသွားလျှင် တစ်မိုင်ကျော်ဝေးပါသည်။ သာသနာပြု လူသူတော် ဦးထင်မင်းအောင်နှင့် တပည့်များကောင်းမှုတော်ဖြစ်လေသည်။

စေတီတော်ရှိရာ တောင်ကုန်းမှာ တောင်ဖီလာဖြစ်၏။ ရှေးပဝေသဏီမှစ၍ ယနေ့အထိ အစောင့်အရှောက် အားကြီးလွန်းသောနေရာဖြစ်ကြောင်း သိရပါသည်။ တောင်ကုန်းထက်တွင်မှ စေတီတော်ကို တည်ထားခြင်းဖြစ်သည်။ ဉာဏ်တော် ၁ဂတောင်ကျော်ရှိ၏။ စိတ်ဝင်စားစရာကောင်းသည်မှာ စေတီတော်၏ ဖောင်းရစ်များအောက်နား... တောက်တဲ့နှစ်ကောင်ရုပ်တုများ ထုလုပ်ထားခြင်းနှင့် ... တော်အောက်ခြေ ဖိနပ်တော်တွင် လိပ်ဖို၊ လိပ်မ ရုပ်တု... ထုလုပ်ထားခြင်းဖြစ်ပါသည်။

သာသနာပြု ဦးထင်မင်းအောင်၏ ပြောပြချက်များ... သိခဲ့ရသည်မှာ ဒန်းလုမာတ်မိအောင် ဖမ်းထားတာပါ။ ... အကြောင်းနဲ့ ကိုယ်ပေါ့လေ။ တောက်တဲ့က စနေအ... ညွှန်းတယ်။ လိပ်က ဗုဒ္ဓဟူးညွှန်းတယ်။ ဒီတော့ အ... မိတ်မိတယ်။ ဒါ့အပြင် လိပ်ကို ပုံဆောင်ကြည့်ရင် ဝိရိ... ညွှန်းဆိုတယ်။ ယုန်နဲ့ လိပ်ပုံပြင်မှာ ကြည့်လေ။

ဖြည်းဖြည်းမှန်မှန်သွားနေတဲ့ လိပ်ဟာ အဆုံးမှာ ... ရောက်သွားတယ်။ အနိုင်ရသွားတယ်။ ဒီသဘော...



www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်စေချင်တဲ့ သဘောပါ။ နောက်တစ်ခုက မေတ္တာရဲ့ သဘောကိုလည်း ညွှန်းဆိုပါသေးတယ်။ လိပ်များဟာ အုပြီးရင် မဝပ်ကြဘူး။ ထားခဲ့ကြတယ်။ ဥပေက္ခာပြုနိုင်တယ်။ ဒါပေမယ့် အဝေးက နေပြီး သူတို့ရဲ့ မိခင်မေတ္တာဓာတ်တွေ လွှတ်တယ်။ ဒီသဘောနဲ့ အကောင်ပေါက်ကြရတယ်။ ဥပေက္ခာသဘောနဲ့ မေတ္တာသဘောကိုလည်း ညွှန်းပါတယ်။

ဒေးစွန်ပါသို့ရောက်လျှင် သွားရောက်ဖူးမြော်လေ့လာကြည့်ခြင်းဖြင့် အကျိုးထူးနိုင်ကြမည် ဖြစ်ပါသည်။ လောကီရှုထောင့်မှ ဝေဖန်လျှင် -

"ဥသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ"ဟူသော အတွင်းမိတ်လက်္ခဏာအရ တောက်တဲ့သည် စနေ၊ လိပ်သည် ဗုဒ္ဓဟူး။

ထို့ကြောင့် (စနေ+ဗုဒ္ဓဟူး)ဒန်းလှဓာတ် - အတွင်းမိတ်သဘောဖြစ်သည်။

---

သို့ဖြစ်လေရာ အောင်သိဒ္ဓိရှင်သို့ ရောက်လာကြသူ ဘုရားဖူးတိုင်း လောကုတ္တရာအကျိုးစီးပွားအပြင် လောကီအကျိုးစီးပွားများအဖြစ် ဆုတောင်းပြည့်ဝနိုင်သည့်အပြင် မသိသူကျော်သွား သိသူဖော်စားနိုင်ကြပါသည်။

ထို့ကြောင့် အိမ်တွင်းရေးသာယာလိုသူများ၊ အိမ်ထောင်နိုင်မြဲပျော်ရွှင်လိုသူများ၊ စီးပွားဥစ္စာတည်တံ့ခိုင်မြဲလိုသူများ အောင်သိဒ္ဓိရှင်သို့ အရောက်လှမ်းကာ လိုရာဆုတောင်းနိုင်ပါက ဆန္ဒပြည့်ဝအောင်မြင်နိုင်ကြပါလေသည်။


* * *

ဦးကျော်(မြည်)

www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်ရှိသတ္တဝါကိုက်ခံရပါလျှင်



မောင်တင်ကြွယ်(ပြည်)

အဆိပ်ရှိသတ္တဝါများအနက် မြွေကိုအဆိုးဝါးဆုံးသတ္တဝါ၊ လူ့အသက်ကို သေစေသည်အထိအန္တရာယ်ပေးသည့် အဆိပ်ရှိသတ္တဝါအဖြစ် လူတိုင်းသတ်မှတ်သိထားသည်၊ သို့သော်လည်း မြွေအကိုက်ခံရခဲသည်။ မြွေကိုတွေ့ရမြင်ရဖို့လည်း ခဲယဉ်းသည်၊ မြွေဆိုးစာရင်းဝင် မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ ဂျတ်မြွေတို့မှာ မြို့ထဲရပ်ထဲ လူနီးသူနီးအနေနည်းသည်။ ရှိတော့ရှိသည် အနေကျစ်လျစ်၍တွေ့ဖို့မြင်ဖို့လွယ်၊ တွေ့ခဲ့မြင်ခဲ့လျှင်လည်း ရှောင်လို့ရှားလို့ရသည်။

သူ့နှယ်အဆိပ်မပြင်းထန်၊ လူ့အသက်ကို အန္တရာယ်မပေးသော်လည်း လူကို အနေရ အထိုင်ရပျက်အောင် ဒုက္ခပေးသည့် သတ္တဝါအချို့ရှိသည်။ ထိုသတ္တဝါများမှာ ပိတုန်း၊ ပျား၊ ကင်း၊ ပင့်ကူနှင့် ငါးကျီး၊ ငါးခူတို့ဖြစ်သည်။ သူတို့အတုတ်ခံရ၊ အကိုက်အထိုးခံရ၊ အရှပ်အတွတ်ခံရလျှင် အနည်းဆုံး မိနစ်သုံးဆယ် နာရီဝက် ဖူးယောင်အဆိပ်တက်သည်လည်းရှိသည်၊ အချို့နှစ်နာရီ သုံးနာရီခံရ၊ အချို့နှစ်ဆယ့်လေးနာရီ ရက်တစ်ရက်ခံရသည်လည်းရှိသည်။

ပိတုန်းနှင့်ပျားအတုတ်ခံရသော အဆိပ်ကို အရင်ညှစ်ထုတ်၍ အတုတ်ခံရသော နေရာအား ထုံးတို့ထား ခြင်းဖြင့် သက်သာစေသည်။ ကင်းမှာက (၃)မျိုးရှိ၍ ကင်းဖြူလေးနှင့် ကင်းမလက်မည်းခေါ် ကင်းမြီးကောက်တို့က အမြီးဖျားတွင် အဆိပ်ရှိသည်။ အမြီးနှင့်ထိုးတတ်သည်။ ကင်းခြေများက ခေါင်းပိုင်းမှာ အဆိပ်ရှိ၍ ကိုက်တတ်သည်။ ကင်းဖြူလေး အထိုးခံရလျှင် ထုံးတို့ပေးရုံနှင့် သက်သာစေ သည်။

ကင်းမလက်မည်းခေါ် ကင်းမြီးကောက်နှင့် ကင်းခြေများက အဆိပ်ပိုပြင်းသည်။ ထုံးတို့ပေးရုံနှင့်မရ၊ သက်သာမှုနှေးသည်၊ ကျောက်ချဉ်ပြစ်ပြစ်သွေးလိမ်းပေးမှ သက်သာမှုမြန်ဆန်သည်။ ထို့အတူ ငါးကျီး၊ ငါးခူတို့၌ ဆူးတောင်တစ်ဖက်တစ်ချောင်းစီရှိ၍ ဆူးတောင်မှာ အဆိပ်ရှိသည်။ သူတို့အတွတ်ခံရလျှင် သွေးဖြာကနဲထွက်၍ တဖျင်းဖျင်း အဆိပ်တက်သည်၊ ဖျားလည်းဖျားတတ်သည်။

အဆိပ်ရှိဒဏ်ရာ နေရာအား ရေစင်စင်ဆေး၍ ကျောက်ချဉ်ပြစ်ပြစ်သုတ်လိမ်းပေးမှ သက်သာသည်။ တစ်နည်းအားဖြင့်လည်း မန်ကျည်းစေ့ကို ထက်ခြမ်းခွဲ၍ အတွင်း (အဆံဖြူ)ဖက်ကို ဆန်ဆေးရေဖြင့်သွေးကာ အနာအားကပ်လျှင် အဆိပ်ပြန်ထွက်သည်။ အနာတစ်ဝိုက်သုတ်လိမ်းပေးခြင်းဖြင့် သက်သာစေသည်။

ကင်းထိုး ကင်းကိုက်ခံရခြင်းအတွက် ကြေးဖလား၊ ကြေးလင်ဗန်း၊ ကြေးခွက်တို့ကို အသံမြည်အောင်တီးခတ်ပေးခြင်းဖြင့်လည်း အဆိပ်ပြေသက်သာစေသည်၊ ဆီးဖြူသီးကိုဝါးစားခြင်း၊ ဝါး၍ဒဏ်ရာအုံပေးခြင်း ငါးကျီး၊ ငါးခူအတွက်ခံရသောအနာ သက်သာစေသည်။

ဤအဆိပ်ဖြေနည်းများမှာ ရေးကျမ်းများတွင်ပါရှိခဲ့ပြီး စာရေးသူကိုယ်တိုင်လည်း ကိုယ်တွေ့သက်သာပျောက်ကင်းခဲ့ရသည့် ဆေးနည်းတိုလေးများဖြစ်ပါသည်။


* * *

မောင်တင်ကြွယ်(ပြည်)



www.burmeseclassic.com

www.burmeseclassic.com




# မြရာမင်း မောင်တင်ယံ့
# နာမည်တူလား လူတူလေလား

တစ်နေ့သ၌ ကျွန်ုပ် မောင်ဖိုးစီ
မရောက်တာ ကြာပြီဖြစ်သော
တစ်ယောက်၊ ဦးလေးသားချင်း
ယောက်လိုလည်း ခင်မင်ရင်းစွဲရှိ
ရန်ကုန်မြို့အရှေ့ပိုင်း ရေကျော်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် အရပ်တွင် နေထိုင်သည့် ဆရာအုန်းဆီသို့ အချိန်ယူ၍ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပြန်လေသည်။

ကျွန်ုပ် မောင်ဖိုးစီ ဆရာအုန်းဆီသို့ ရောက်လေသော် အလွန်တရာမှ အလုပ်များ၊ အခြား ရပ်ရေးရွာရေး သာရေးနာရေး လူမှုရေးအလုပ်မှန်သမျှမှာလည်း ဘယ်အရပ်မဆို အားတက်သရော လိုက်ပါကူညီလုပ်တတ်လေ့ရှိသော၊ သည်ကြားထဲ အသက်မွေးဝမ်းကျောင်းအဖြစ် ရှင်ပြု နားသနှင့် ထိမ်းမြားမင်္ဂလာဆောင်များတွင်လည်း အခါတော်ပေး ဘိသိက်သွန်းဆရာအဖြစ် လိုက်ပါ ဆောင်ရွက်လေ့ရှိသော၊ လောကုတ္တရာအကျိုးရည်မှန်း၍ တရားဘာဝနာအလုပ်မှာလည်း မပျက်တမ်းကျင့်ကြံအားထုတ် ကမ္မဋ္ဌာန်းတရား စီးဖြန်းတတ်လေ့ရှိသော ဆရာ ဦးအုန်းနှင့် တွေ့မှတွေ့ရပါ့မလားဟူ၍ စိတ်တထင့်ထင့်ဖြင့် အရောက်လာခဲ့ပေမယ့် ဆရာအုန်းအား အိမ်တွင် အခန့်သင့် တွေ့မြင်ရလေသဖြင့် စိတ်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပြန်လေသည်။

ထိုနေ့က ဆရာအုန်းသည် ရေနွေးကြမ်းတစ်အိုးနှင့် လက်ဖက်ရွက်နုလေးများကို ဝါးမြုံ့နေတာ တွေ့မြင်ရသည်။

ကျွန်ုပ်သည် ရှေ့ဝါးခါးမကြီးဖွင့်၍ အိမ်အတွင်း ဧည့်ခန်းသို့ အဝင်၊ ကျွန်ုပ်အား တွေ့မြင်လေသည်နှင့်···

"မောင်ဖိုးစီလားဟေ့၊ လာလေကွာ၊ ငါ့တပည့် မရောက်တာဖြင့် အတော်ကြာပေါ့"

ဟု ခရီးဦးကြိုလေသဖြင့် ကျွန်ုပ်ကလည်း···

"ဆရာ···ကျန်းမာတော်မူပါရဲ့။ အလုပ်ဝန်ပိနေလို့သာ ဒီဘက်ကို ခြေဦးလှည့် မရောက်ဖြစ်တာ။ စိတ်ကတော့ တစ်နေ့မှ မေ့မရပါဘူး"

ဟု ဆိုပြီး ဆရာအုန်းရှေ့တည့်တည့်တွင် ရိုရိုသေသေ ဝင်ထိုင်လိုက်သည်။

ဆရာတပည့်နှစ်ယောက်တွေ့ဆုံပြီး သာကြောင်းမာကြောင်းနှင့် အခြား လူမှုရေး၊ စီးပွားရေးအကြောင်းကလေးများအား အေးအေးလူလူပြောကြမည့်အလုပ် ဧည့်စိမ်း အမျိုးသားသုံးယောက် တံခါးခေါက်ပြီး ဝင်လာ၏။

"ဆရာအုန်း ရှိပါသလားခင်ဗျာ။ ကျွန်တော်များ ဆရာအုန်းနှင့် ခေတ္တခဏ တွေ့ဆုံ အကူအညီကလေးများ တောင်းချင်လို့ပါခင်ဗျာ"

ဟု ဆိုပြီး ခွင့်တောင်း၍ ကျွန်ုပ်နှင့် ဆရာအုန်းရှိရာ ဧည့်ခန်းသို့ ဝင်ရောက်လာသည်။

သည်နေရာတွင် ဆရာအုန်းအကြောင်း အနည်းငယ် တင်ပြရသော် ဆရာအုန်းသည် ရှေ့ပါရမီအခံ ထူးကဲ၍ လေ့လာလိုက်စားသော ပညာမှန်သမျှ တတ်မြောက်လွယ်၊ အကင်းပါးလွယ်သည်က တစ်ကြောင်း၊ တကယ့်အစွမ်းထက် ဘုန်းတန်ခိုး အလွန်တရာဝင်းတောက်၊ သတ္တဝါအပေါင်းအားလည်း မေတ္တာရှေ့ထားသော ဆရာကောင်း သမားကောင်းများနှင့်လည်း အခန့်သင့် တွေ့ဆုံ၍ ပညာရလိုက်သည်က တစ်ကြောင်းကြောင့် ဆရာအုန်းသည် အင်္ဂဝိဇ္ဇာပညာနှင့် ယတြာဓာတ်ရိုက်ဓာတ်ဆင်အတတ်၊ ဗေဒင်နက္ခတ်အတတ်နှင့် အထူးသဖြင့် စုန်း၊ ကဝေ၊ မှော်၊ ဇော်ကနီ၊ ဇော်ကနက်၊ အစိမ်းတိုက်၊ အပင်းတိုက် ဝေဒနာရှင်မှန်သမျှကို မေတ္တာရှေ့ထား ကယ်တင်နိုင်သော အစွမ်းသတ္တိပိုင်ရှင် ပယောဂကု ဆရာတစ်ဦးဖြစ်လာသည်။

"ကျွန်တော်များက မင်္ဂလာဒ··· ဝါယာလက်ဆိုတဲ့ အရပ်ကပါ။ ··· ကျွန်တော်များ လာရင်းကိစ္စက ကျွ··· တော်များရဲ့ မိတ်ဆွေ၊ အဲ···မိတ်ဆွေ··· ဆိုတာထက် တစ်ဌာနထဲ လုပ်ဖော်··· ရင် မမှားပါဘူး။ အဲဒီမိတ်ဆွေ လွန်ခဲ့တဲ့··· သုံးရက်လောက်က ညနေပိုင်း ကျိုက··· လောဘုရားက အပြန်မှာ မျက်လုံးကြီး··· ပြူး၊ ပါးစပ်ကြီး ဟောင်းလောင်းအဖြ··· နဲ့ အစားလည်း မစား၊ အိပ်လည်း··· မအိပ်၊ မေးတော့လည်း ဘာတစ်ခု··· မရ၊ အလုပ်လည်း မဆင်းနိုင်ဖြစ်နေလို့··· အဲဒါ ဆရာ့ထံ မေးမြန်းစုံစမ်းပြီး ကျွ··· တော်များ လိုက်လာရတာပါ။ ဖြစ်နိုင်··· ရင် ဆရာ တဆိတ်လောက် လိုက်··· ကြည့်ပေးလို့ရရင် လိုက်ကြည့်ပေးပါ··· ကျွန်တော်များ ကားလည်း အဆင်သင့်··· ပါလာပါတယ်ခင်ဗျာ"

ဟူ၍ ရှေ့ဦးဆောင် အသားညို··· ညို ထောင်ထောင်မောင်းမောင်း၊ ကိုယ်··· လုံး တုတ်တုတ်ခိုင်ခိုင် လူတစ်ဦး··· အစပြု၍ သူတို့လာရင်းကိစ္စကို ပြော··· လေသဖြင့် ဆရာအုန်းလည်း ခေါင်း··· တညိတ်ညိတ်ဖြင့် အသံတိတ် နား··· ထောင်နေ၏။ ထိုသူ စကားဆုံးမှ သူ··· သိချင်သည်ကို မေးမြန်းလေသည်။

"အဲဒီ ပုဂ္ဂိုလ်အလုပ်ဌာနအပြင်··· ဘယ်တွေများ သွားတတ်၊ လာတတ်··· သေးသလဲ"

"ဟုတ်ကဲ့၊ သူက တစ်ကိုယ်··· တည်း။ တစ်ကိုယ်တည်းဆိုတာက သူ··· ချစ်သူ သူ့ကို ပစ်ပြီး အခြားတစ်ယောက်··· နဲ့ လက်ထပ်သွားကတည်းက အိမ်··· ဌာနပဲ သွားတာ။ အိမ်နဲ့ ဌာနကလည်း··· မင်္ဂလာဒုံ ဝါယာလက်နဲ့ မင်္ဂလာ··· လေဆိပ်ဝင်းနားဆိုတော့ ခရီးက သိ··· ဝေးလှတယ် မဟုတ်ပါဘူး။ ··· အလုပ်ဌာနကို အရောက်လာ···



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ဆင်း အိမ်အပြန်မှာတော့ ကျိုက္ကလော့စေတီဘုရားခြေ ကားလမ်း တစ်ဖက်က "ဆည်းဆာ" ဆိုတဲ့ စည် ဘီယာဆိုင်ဝင်းမှာ သောက်စားပြီး ဘုရားပေါ် တက်လေ့ရှိတာတယ်။ အဲဒီကမှ သူပြန်ချင်တဲ့အချိန်မှ အိမ်ပြန် ဒေါ်တတ်ပါတယ်။ အဲဒါ သူချစ်သူ လက်ထက်သွားကတည်းက နေ့စဉ် သူ့ ပြုမူ နေထိုင်လာတဲ့ အဖြစ်ပါ"

နောက်ထပ် ထူးခြားတာလေး များ သူ့စရိုက်မှာ မရှိဘူးလား မောင်ရင်၊ သိသလောက်လေးဖြစ်ဖြစ် ပြောပြပါ"

"အင်း ... ထူးခြားတာကတော့ သူ မိန်းမတွေဆို သိပ်မုန်းတဲ့ အကျင့်ပါပဲ။ ဟိုတုန်းက ဌာနတွင်း ဝန်ထမ်း အမျိုးသမီးတွေနဲ့ ခင်ခင်မင်မင် ပြောဟယ်ဆိုဟယ် နေလာကြပေမယ့် ခင်သက်ထား သူ့ကို သစ်စိမ်းချိုး ချိုး သွားပြီးကတည်းက မိန်းမတွေနဲ့ သူ ခပ်ခွာခွာနေလာတယ်။ မလွဲသာလို့ တွေ့ဆုံ ခေါ်ပြောကြရင်လည်း သူ စိတ် ထင်ရင် အော်ငေါက်လွှတ်တတ်တဲ့ အထိ ဖြစ်လာတယ်။ ဒါလည်း သူက ခင်သက်ထားကို သိပ်ချစ်ခဲ့တာကိုး။ ခင်သက်ထားက ငါးခြောက်ဆိုသူက သူက ဖုတ်ပြီးသား။ ဒီလိုနေ ဘဝကနေ ရင် အရာရှိဖြစ်အောင် ကြိုးစားရမယ်၊ ဒါမှ သူ လက်ထပ်နိုင်မယ်ဆိုလို့ နောက်ထပ် ဘွဲ့ရအောင် ကြိုးစား၊ ဟော ... အရာရှိငယ်လည်း ဖြစ်ရော သူထက် စည်းစိမ်ဥစ္စာ ရာထူးဂုဏ်သိန် မြင့်တဲ့ နိုင်ငံခြားသင်္ဘောကပ္ပတိန် တစ်ယောက်ကို ကောက်ယူပြီး အလုပ် က ထွက်၊ အဲဒီ သင်္ဘောကပ္ပတိန် နောက် ကောက်ကောက်ပါအောင် လိုက်သွားတော့တာပဲ။ ကျွန်တော့်မိတ် ဆွေ ကိုမြင့်ဆောင် ..."



"သြော် ... ကိုမြင့်ဆောင်တဲ့ လား"

"ဟုတ်ပါတယ် ဆရာ။ ခုတော့ အဲဒီ ကိုမြင့်ဆောင်ကို တာ့တာလုပ် ထားရစ်ခဲ့တော့တာပါပဲ ဆရာရယ်။ ဟိုတုန်းက ဘီယာ၊ အရက်ဆို အနံ့ တောင် ရှူမရတဲ့ လူ၊ ခင်သက်ထား စိတ်နဲ့ ခုတော့ ယမကာစွဲခဲ့ရရှာတာပါ ပဲ။ လူလည်း ရုပ်ကြမ်း၊ စိတ်ကြမ်းကြီး ဖြစ်ပြီး ရာထူးလည်း အချခံရတဲ့ အဖြစ် ပါ"

"အင်းလေ၊ ကျုပ် လိုက်ခဲ့ရတာ ပေါ့။ ကဲ - မောင်ဖိုးစီ၊ ငါတပည့် ဒီကနေ့ တော့ အားတယ်မို့လား။ ဆရာနဲ့ လိုက် ခဲ့ပါလား"

ဟူ၍ ဆရာအုန်းမှ အပါခေါ်လေ သဖြင့် ကျွန်ုပ်လည်း လိုက်ပါဖြစ်ခဲ့လေ တော့သည်။

◈◈◈

"ကဲ - သက်ဆိုင်သူများ ကူညီ မှိုင်းမလို့ တဆိတ် မကျေနပ်တာများ အမိန့်ရှိတော်မူပါ"

ကျွန်ုပ်တို့ ရောက်ရှိသွားချိန်တွင် ကိုမြင့်ဆောင်ဆိုသူ လူရွယ်သည် မျက်လုံးကြီး ပြူးကြောင်၊ ပါးစပ်ကြီး ဟောင်းလောင်းဖြင့် အသက်မရှိသလို ပကတိရုပ်သွင်ကို မြင်တွေ့ရပေမယ့် ဆရာအုန်းက အထက်ပါ စကားကို ရွတ်ဆိုတိုင်တည်လိုက်သောအခါ မယုံ ကြည်နိုင်ဖွယ်ကောင်းလောက်အောင် ဝုန်းခနဲ ထခုန်ကာ ရှူးရှူးရှားရှားဖြင့် ကျွန်ုပ်တို့လူစုအား တစ်ဦးချင်းစီ စိုက် ကြည့်လေသည်။ ပြီးမှ ဆရာအုန်းရှေ့ တည့်တည့်တွင် ထိုင်၍ ခေါင်းငုံ့ ဦး တိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလေ တော့သည်။

"ကဲ - ကဲ၊ အသင် ဘယ်သူ ဘယ်ဝါဆိုတာ နှုတ်ဖွင့်ဟတော်မူပါ။ ကျွန်ုပ်၏ မေတ္တာတရားဖြင့် အသင်တို့



www.burmeseclassic.com

www.burmeseclassic.com

အား ကူညီရန် လာရပါတယ်"

ဟူ၍ ဆရာအုန်းမှ ပြောလေသည်။ ထိုအခါ ကိုမြင့်ဆောင်မှာ ပို၍ပို၍ ငိုရှိုက်နေသဖြင့် ဆရာအုန်းမှ အသင့်ပါလာသော မေတ္တာရေစင်ဖြင့် ဖျန်းတောက်ပြီး ဦးခေါင်းထက်မှလည်း လက်ဖဝါးဖြင့် အသာရွရွ ပွတ်သပ်လေသဖြင့် ငိုရှိုက်သည်တို့ အဆုံးသတ်ခဲ့လေသည်။ ထို့နောက် အဲဒီ ဝေဒနာရှင် ကိုမြင့်ဆောင်ကိုယ်ပွား ပူးကပ်လေသော ပုဂ္ဂိုလ်ကပင်…

"ကျွန်တော်မျိုးမတို့က နန်းသီရိဒေဝီခင်နဲ့ မမ ပန်းသီရိဒေဝီခင် ညီအစ်မနှစ်ယောက်ပါ။ ကျိုက္ကလော့ဘုရားခြေရင်း မရောက်ခင် တောင်ကုန်းနံဘေးကမူအထက်ရှိ နန်းမှာ စံမြန်းနေကြသူတွေပါ။ ညီအစ်မတော်နှစ်ပါး ဘုရားရှင်အား ကြည်ညိုဆွပွား လေးစားယုံကြည်လေတော့ ဘုရားက ဌာပနာကိုလည်းစောင့်၊ နေ့ညမပြတ် ဘုရားစေတီရင်ပြင်တော် တက်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကပ်လှူ ကန်တော့၍ အမြဲမပြတ် ဝတ်ကြီးဝတ်ငယ် ပြုကြသူများပါ။ ညနေအခါ နေဝင်ချိန် ဘုရားရင်ပြင်တော်အထက်မှာတော့ ဒီငမိုက်သားက ကျွန်တော်မျိုးမတို့အား မချေမငံ ထွီခနဲ တံတွေးထွေး၊ ပါးစပ်ကလည်း အယုတ်တမာ စကားတွေ ပြော၊ တစ်ခါတလေများ မဖွယ်မရာ အမူအရာတွေ လုပ်ပြတတ်ပါတယ်။ ဒါကို ကျွန်တော်မျိုးမက သည်းခံ ခွင့်မလွှတ်နိုင်ပေမယ့်၊ အစ်မတော် ပန်းသီရိဒေဝီခင်က အမြဲဖျောင်းဖျပြီး သည်းခံခွင့်လွှတ်ဖို့ နားချပြောခဲ့တာကြောင့် ကျွန်တော်မျိုးမ အခါခါသည်းခံ ခွင့်လွှတ်ခဲ့ပါတယ်။ ဟိုတစ်နေ့ကတော့ ကျွန်တော်မျိုးမ သည်းမခံနိုင်လောက်တဲ့ အမူအရာက အတော်ပင် ရိုင်းပျပါတယ်။ ဘိုရေအိမ်ရှိပါလျက် အဲဒီရေအိမ်မဝင်ဘဲ ကျွန်တော်မျိုးမတို့ လာရာလမ်းဘက် လှည့်ပြီး ပုဆိုးလှန် ကျင်ငယ်စွန့်ပြသတဲ့။ ကျွန်တော်မျိုးမလည်း ရှက်လည်း ရှက်၊ အတော်လည်း ထိန်းမရတဲ့ ဒေါသတွေ ပေါက်ကွဲပြီး ဒင်းကို အသေသတ်ဖို့တောင် စိတ်မှာ ရည်ရွယ်ခဲ့သေးဟယ်။ အစ်မတော်ဘုရားက အခါခါတောင်းပန်လို့သာ ဒါလောက်နဲ့ ဆုံးမလိုက်ရတာပါ"

ဟူ၍ မယုံကြည်နိုင်ဖွယ်၊ အလွန်တရာ အံ့ဖွယ်ကောင်းသော စကားများကို ကြားသိရလေတော့သည်။

ဆရာအုန်းသည် ထိုဘုရားစောင့်နှမတော် နန်းသီရိဒေဝီခင် ထွက်သွားလေမှ ကိုမြင့်ဆောင်ဆိုသော ဝေဒနာရှင်အား ရေစင် ရေမန်းများ ပက်ဖျန်း၍ သောက်စေပြီး ပေါင်မုန့်နှင့် ကော်ဖီပူပူကိုလည်း တိုက်ကျွေးလေသည်။

ထိုဝေဒနာရှင် အိပ်ရာဝင်ချိန်မှာ အတော်ပင် အချိန်လင့်နေပြီး ညအမှောင်ပင်သမ်းနေ၍ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် အတူအိမ်ပြန်ခဲ့ကြလေတော့သည်။

◈◈◈

နောက်တစ်နေ့မှာလည်း ထိုဒေသ့စိမ်း ခုံးဦးကို ဆရာအုန်းအား လာရောက် ပင့်ခေါ်လေသဖြင့် ကျွန်ုပ်လည်း ပါသွားခဲ့ပြန်လေသည်။

ကိုမြင့်ဆောင်က စကားမပြောသော်လည်း ဆရာအုန်းလာသည်နှင့် ရိုရိုသေသေ အမူအရာပြ၍ အိပ်ဆောင်တွင် ကျုံ့ကျုံ့ကလေး သွားထိုင်နေလေသည်။

"နေလို့ ကောင်းရဲ့လား ကိုမြင့်ဆောင်၊ ရင်ထဲမှာ ဘယ်လိုဖြစ်နေသေးသလဲ။ ဆရာ့ကို ပွင့်ပွင့်လင်းလင်းသာ ဆွေးနွေးပါ"

ထိုအခါ ကိုမြင့်ဆောင်ဆိုသူ[...] ဆရာအုန်းအား ယုံ့ယုံ့ကလေးကြ[...] ကာ၊ နှုတ်မှလည်း ခပ်တိုးတိုးလေး[...]

"ခင်သက်ထား… သူလာသ[...] တယ်။ တစ်ယောက်တည်း မဟုတ်[...] ဟို ပုပုဝဝ အမျိုးသမီးတစ်ယော[...] လည်း ပါတယ်။ ဟုတ်ပါတယ်၊ [...] သက်ထားပါ။ ကျွန်တော့်ကို ဘာ[...] ပေးဦးမလဲ မသိပါဘူးဗျာ"

"ဟေ…"

ထို "ဟေ" စကားသံသည် ဆ[...] အုန်းအား ဦးဆောင်ပင့်လာသူ၏ [...] ဖျားမှ အသံဖြစ်သည်။ ဆရာအုန်[...] ဘာမှမဖြစ်သလို…

"အမှတ်မှားတာ မဟုတ်ဘူ[...] မောင်"

"မဟုတ်ရပါဘူး"

"ဒါနဲ့ မောင်ရင့်ဆီကို ဘယ်[...] က လာတာလဲ"

သည်စကားကြားရတော့ [...] တွေဝေသွားသည်။ ပြီး အိမ်ပြတ[...] ဟိုးအဝေးသို့ ငေးရီကြည့်သည်။

"ဒီမိန်းမကို ကျွန်တော် မ[...] မမြင်ချင်တော့ဘူးဗျာ။ သူ့ကို ရင်ထဲ[...] လုံးဝ ယုံကြည်သက်ဝင်မှု မရှိတော[...] အဲဒါ… အဲဒါ သူနဲ့မှ တွေ့တွေ့ဆိုင်[...] ပြန်ပြန်တွေ့နေရတာ ကျွန်[...] အသည်းနာလွန်းလို့ပါဗျာ"

"ဟုတ်ပြီ ဘယ်မှာ တွေ့တာ[...]"

ပထမတော့ သူ ဆရာအုန်[...] တွေတွေလေး ငေးကြည့်နေသ[...] နောက်မှ တစ်လုံးချင်း…

"ညနေတိုင်း ညနေတိုင်း ကျို[...] လော့စေတီဘုရား အတက်အဆ[...] လှေကားလမ်းဆုံမှာ။ ကျွန်တော်[...] ပေါ်က အဆင်းမှာ၊ သူတို့က [...] လာနေကျပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဆရာအုန်းသည် ဝေဒနာရှင် ကိုမြင့်ဆောင်အား သူ့ရှေ့တည့်တည့်တွင် ထိုင်ခိုင်းပြီး သတ္တဝါအပေါင်းကို မေတ္တာထား၊ အမုန်းတရားတွေ မထားဖို့အကြောင်းနှင့် ချစ်သူခင်သက်ထားအားလည်း သူ့ဘဝကလေး ကောင်းစားတာကို မုဒိတာပွားဖို့နှင့် နောက်နောင် အရက်သေစာ မသောက်မစား၊ ရန့်ရင်းကြမ်းတမ်းသော စကား၊ ရိုင်းပျသော ကိုယ်အမူအရာတို့ကို ဘယ်သောအခါမှ မပြုမကျင့်၊ မလုပ်တော့ပါဘူးဟု ကတိပြုခိုင်းပြီး ဘုရားမှာ သစ္စာဆိုရမည်ဖြစ်ကြောင်း ပြောလေသော် ကိုမြင့်ဆောင်မှ ကတိပြုလေသဖြင့် လိုအပ်သော အုန်း၊ ငှက်ပျောတို့ မှာကြားပြီး လာမည့် သောကြာနေ့တွင် တစ်ခေါက်လာဦးမည့်အကြောင်း ပြောဆိုပြီး ဝါယာလက်မှ ဆရာတပည့် အတူပြန်လာဖြစ်ပြန်လေသည်။

◈◈◈

ထို ချိန်းဆိုထားသည့် သောကြာနေ့ နံနက်စောစောတွင် ကိုမြင့်ဆောင်သည် အဝတ်အစား သပ်သပ်ရပ်ရပ် သစ်သစ်လွှင်လွှင် ဝတ်ထား၏။ ခေါင်းက ဆံပင်ကိုလည်း ညှပ်သင်၍ ဆီမွှေးလိမ်းကျံလျက် ကျကျနနဖြီးထားပြီး ဆရာအုန်းအား လာပင့်သူတို့နှင့် အတူပါလာလေသည်။

ယခုအခါတွင် ကိုမြင့်ဆောင်သည် အလွန်ကြည့်ပျော် ရှုပျော်ကောင်းသော လူချော လူယဉ်တစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။ စတွေ့သည့်ရက်ကလို အရုပ်ကြီးလို ငူငူကြီးကြည့်နေတာမျိုးမဟုတ်ဘဲ အင်မတန် တောက်ပကြည်စင်သည့် အကြည့်နှင့် ရှုချင်စဖွယ်ပင်သွင်။

"ဟာ… မောင်မြင့်ဆောင်လည်း



ပါလာသကိုး။ အေး စိတ်ပြေလက်ပျောက်၊ ဒီလိုမှပေါ့"

ဆရာအုန်းသည် ထိုသို့ ခရီးဦးကြိုပြုပြီးနောက် ကျွန်ုပ်တို့အားလုံး ကျိုက္ကလော့စေတီတော်ဘုရားမှာ ငှက်ပျော၊ အုန်းပွဲ၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့အပြင် ငန်းရောင်နှင့် အစိမ်းနု(ဖက်ဖူးရောင်) ဇာပဝါနှစ်ထည်နှင့်အတူ ပွဲတင်ပြီး ကိုမြင့်ဆောင်အားလည်း ကန်တော့စေသည်။ ဆရာအုန်းမှ ရှေ့ဆောင်၍ နန်းသီရိဒေဝီခင်နှင့် ပန်းသီရိဒေဝီခင်တို့အား ကြာသပတေးသား အမိုက်အမှားများ တောင်းပန် တိုးလျှိုး ပွဲဖြင့်ကန်တော့ခြင်းအမှုကို ပြုကြလေတော့သည်။

◈◈◈

ထိုအဖြစ်အပျက်သည် ဟိုးလွန်ခဲ့သော အနှစ် ၃၀ကျော်က အဖြစ်အပျက်ဖြစ်လေသည်။ ခုပင် ဆရာအုန်းအသက်မှာ ရှစ်ဆယ်ကျော်၍ သုံးနှစ်ပင် စွန်းခဲ့လေပြီ။

တစ်နေ့ ကျွန်ုပ်သည် ဆရာအုန်းအိမ်အရောက်တွင် ထူးဆန်း ဝမ်းသာစရာကောင်းသော သတင်းတစ်ပုဒ်ကို ကြားသိရလေသည်။

အနှစ်နှစ်အလလ ကွဲကွာသွားသော သူ့ဝေဒနာရှင် ကိုမြင့်ဆောင်ဆိုသူ သူ့ထံ ရောက်လာပြီး ပုဆိုး၊ စားဖွယ်အဖြာဖြာနှင့် လာကန်တော့သွားကြောင်း၊ ယခုဆိုလျှင် အလုပ်မှ အရာရှိမင်းဘဝနှင့် ပင်စင်ယူထားပြီးဖြစ်ကြောင်း၊ သူနှင့်အတူ သူ့ဇနီးမယား၊ အပျို၊ လူပျို သမီးသားတွေ စုံစုံညီညီ ပါလာကြောင်း၊ သူ့ဇနီးမှာလည်း အခြားဌာနတစ်ခုက အရာရှိဘဝနဲ့ ပင်စင်ယူခဲ့တာ လပိုင်းပဲ ရှိသေးကြောင်း၊ ခုတိုင်အလွန်တရာ ချောမောလှပနေသေးကြောင်း၊ ဒီ့ထက် ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ သတင်းကတော့ အဲဒီ ကိုမြင့်ဆောင် ယူလိုက်တဲ့ သူ့ဇနီးအမည်ကလည်း "ခင်သက်ထား"ပင်ဖြစ်ကြောင်းပါပဲတို့ ဖြစ်လေသတည်း ■

* * *

မြရာပင်(ရေမာဝ်တာင်ရဲ)

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု ၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရဆန်းကြယ်

# ၃နှစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢တနင်္ဂနွေသားသမီးများ

ဒီအချိန်ပိုင်းမှာ သင်ဟာ လက်ရှိအဆင့်ထက် အဆမတန် မြင့်တက်သွားမယ်။ ပျော်စရာအကောင်းဆုံး၊ စိတ်ကြီးဝင်စရာ အကောင်းဆုံးအချိန်ကို ရောက်ပြီ။ တစ်သက်လုံး နာလန်မထူနိုင်အောင် ဖြစ်နေစမ်းပါစေ၊ ကုန်းကောက်စရာမရှိလောက်အောင် မွဲနေစမ်းပါစေ၊ အခုအခါမှာတော့ မျက်လှည့်ပြလိုက်သလို ဖျတ်ခနဲပြောင်းပြီး "ဂွပ်"ခနဲ ကောင်းစားချိန်ကို ရောက်သွားပြီ။

"ရတနာပုံဆိုက်တယ်" "စိုင်ကော်လို့ ချူပေါ် ရောက်တယ်" ဆိုတဲ့ ကိန်းမျိုးဟာ ဒီလိုအချိန်မျိုးကို ခေါ်တာဖြစ်တယ်။ နှိမ်ချင်တဲ့သူတွေ ဘယ်လောက်ပဲ နှိမ်ထား နှိမ်ထား၊ ကံတရားကတော့ မျက်နှာသာပေးပြီ။ အားလုံးက လက်ပိုက်ပြီး ကြည့်နေရတော့မယ်။ ဘာမှမတတ်နိုင်ကြတော့ဘူး။ ရှုံးနိမ့်တုန်းက ခံထားရတာတွေ၊ ပေဖြစ်တုန်းက အထုခံထားရတာတွေ ခုတော့ အနိုင်ရပြီ။ ပေမဟုတ်တော့ဘူး၊ တူဖြစ်သွားပြီ၊ စိတ်ကြိုက်သာ ထုပေတော့။

ဒီအချိန်ဟာ အတော့်ကို ကောင်းနေပြီလို့ နားလည်ပါ။

**ယတြာ။** ။ နေကြာနှစ်ပွင့်(ပလတ်စတစ် နေကြာ)ကို အလှပန်းအိုး ထိုးပါ။ မောရသုတ် ပရိတ်ရွတ်ပါ။

**ထီကံစမ်းရန်။** ။ (၁၊ ၃၊ ၆)ဂဏန်းများ များများသုံးပါ။ ထီပေါက်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ➢ တနင်္လာသားသမီးများ

သင်ကြိုးစားခဲ့တဲ့ အသီးအပွင့်တွေ ခံစားရချိန်။ ဆုံးရှုံးခဲ့၊ အနစ်နာခံခဲ့တဲ့အထဲက အတွေ့အကြုံတွေက အသီးအပွင့်ခံစားရတော့မယ့်အချိန်။ ခံခဲ့ရတုန်းက အလူးအလိမ့်ခံခဲ့ရသလို၊ ဒီအချိန်မှာ ဘယ်သူမှ လိုက်မမီအောင် အပြတ်အသတ်ကောင်းမယ်။ ငွေဝင်မယ်။ အပြိုင်အဆိုင်တွေကို အောင်မြင်မယ်။ တိုးတက်မှုတွေ ရုတ်တရက်ပေါ်လာမယ်။ စီးပွားတက်မယ်။ ကိုယ့်အလှည့်ရောက်ပြီ။ ဘာမှပူမနေနဲ့တော့။ အလုပ်တွေကို အရှိန်မြှင့်ပြီးတော့သာ လုပ်သွားပေတော့။

အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာမယ်။ ဘေးလူတွေ အားကျရလောက်အောင် သာယာမယ်။ နားလည်မှုတွေ ရမယ်။ ငယ်ရွယ်သူတွေ ကိုယ့်ချစ်သူနဲ့ လက်တွဲခွင့်ကြုံမယ်။ အချစ်ကံကောင်းတဲ့ အချိန်ပါပဲ။ ကိုယ့်ကို သဘောကျသူတွေထဲက ဘဝအတွက် တစ်ယောက်ကို ရွေးချယ်ပြီး လက်တွဲသွားနိုင်မယ်။

ကျန်းမာရေး အလွန်ကောင်းမယ်။ စိတ်ထဲမှာ **ပျော်ရွှင်**နေမယ်။ ကံကောင်းတဲ့ အချိန်ပါပဲ။

**ယတြာ။** ။ နှင်းဆီ(၇)ပွင့်ကို အလုပန်းအိုး ထိုးပါ။ (သို့မဟုတ်) ဘုရားလှူပါ။. ထပ်ကာထပ်ကာလုပ်ပါ။ ကောင်းကျိုးထူးပါအံ့။

**ထီကံစမ်းရန်။** ။ (၇)ထိပ်စီးနဲ့ ထိုးပါ။ များများထိုးပါ။ ပြီးရင် ထီလက်မှတ်တွေကို အမြင့်တစ်နေရာမှာ တင်ထားလိုက်ပါ။ ထီပေါက်ကိန်းရှိပါသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢ အင်္ဂါသားသမီးများ

သင်ဟာ ပိုင်ဆိုင်မှုတွေ၊ ကျက်သရေမင်္ဂလာတွေ၊ ပစ္စည်းဥစ္စာတွေ၊ စိန်ရွှေရတနာတွေ၊ အောင်မြင်မှုတွေ၊ ဒီရေအလား တိုးတက်တော့မယ်။ ဘယ်ကိစ္စကိုမှ စိတ်မြန်လက်မြန် မလုပ်ပါနဲ့။ စိတ်အေးအေးထားပြီးလုပ်ပါ။ ဒီအသက်ပိုင်းမှာ သင်ဟာ မုချ ကောင်းစားမှာ သေချာပါတယ်။ မျှော်လင့်မထားတဲ့ တိုးတက်မှုတွေ ရရှိမှာအမှန်ပါပဲ။ စိတ်ပူပန်ရမယ့်ကိစ္စတွေလည်း သူ့အလိုလိုပြေငြိမ်းပြီး စိတ်ရဲ့ ငြိမ်းချမ်းမှုတွေ ရရှိသွားနိုင်ပါတယ်။ မျှော်လင့်ချက်တွေ ပြည့်စုံမယ့်အချိန်လည်းဖြစ်ပါတယ်။

ကရားဓမ္မတွေကို လိုက်စားမယ်ဆိုရင်တောင် ဒီအသက်ပိုင်းမှာ တရားထူးတွေ့နိုင်ပါတယ်။ ဒီအသက်ပိုင်းမှာ ဘယ်လိုဒုက္ခတွေပဲ ကြုံတွေ့ ကြုံတွေ့ ပူစရာမလိုပါဘူး။ စိုးရိမ်စရာလည်းမလိုပါဘူး။ အားလုံးပြေပြေလည်လည် အေးအေးချမ်းချမ်း ဖြစ်သွားမှာပါ။ လုံးဝ မပူပါနဲ့။ ငွေတွေ ဒလဟောဝင်လာလိမ့်မယ်။ အဖိုးတန် ပစ္စည်းတွေလည်း တစ်ခုပြီးတစ်ခုဝင်လာလိမ့်မယ်။ သင့်ဘက်က အရှိန်အဟုန်မြှင့်ပြီး အလုပ်လုပ်ဖို့ပဲ လိုပါတယ်။

**ယတြာ။** ။ စံပယ်ပန်းတွေ နေ့စဉ်လှူပါ။ ခန္ဓသုတ် များများရွတ်ပါ။

**ထီကံစမ်းရန်။** ။ (၁၊ ၃၊ ၉)ဂဏန်း များများသုံးပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢ ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဒီလိုကိန်းမျိုးကို ရှေးဂန္ထာရီ ဆရာကြီးတွေ၊ ဂုရုကြီးတွေကတော့ "အောင်မြင်ခြင်း"လို့ ခေါ်ဝေါ်ကြတယ်။ ကျွန်ုပ်အနေနဲ့ ဒီလိုအချိန်မျိုးကို ဟောရမှာ သိပ်ပီတိဖြစ်ပါတယ်။ ကြံစည်သမျှတွေ အောင်မြင်မယ်။ တိုးတက်မှုတွေ ရရှိမယ်။ အရှိန်အဝါတွေ မြင့်မားလာမယ်။ ရှိသေခန့်ညားမှုတွေ ရရှိမယ်။

**ကိုယ်နှ**ည်းကိုယ့်ဟန်နဲ့ မျှော်လင့်**ထားသမျှ**တွေ အားလုံးအကောင်အထည်ပေါ်လာပြီး အောင်မြင်မှုပန်းတိုင်ကို မလွဲမသွေ ရော**က်ရှိလိမ့်မ**ည်။ မျှော်မှန်းချက်ဆန္ဒတွေအားလုံး ဆုတောင်းပြည့်ပြီလို့ ဆိုချင်ပါတယ်။ ထီပေါက်မယ်။ ငွေအစုလိုက်အပုံလိုက် ဝင်**မယ်။**

**ဒီ**အချိန်မျိုးမှာ ဘယ်လောက်စိတ်ရှုပ်စရာကောင်းတဲ့ ပြဿနာမျိုးတွေပဲ ရောက်လာ ရောက်လာ၊ မပူပါနဲ့။ အဲဒီအခက်အခဲ ပြဿနာတွေဟာ အလိုလိုပြီးသွားမှာပါ။ သင့်အနေနဲ့ ဒီအချိန်မှာ နာမည်ဂုဏ်သတင်းတိုးမယ်။ စီးပွားတက်မယ်။ ကံ- ကိုယ့်ဘက်က ကြိုးစားဖို့ပဲ လိုပါတယ်။

**ယတြာ။** ။ ရေတံခွန်ပိုစတာတစ်ခု ညှော်ခန်းမှာ ချိတ်ပါ။ မေတ္တာ ဘာဝနာ ပွားများပါ။

**ထီကံစမ်းရန်။** ။ (၅)ဂဏန်း သုံးစွဲပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

ဒီအချိန်ဟာ စိတ်ဓာတ်ကို ဦးစားပေးဖို့လိုတယ်။ သင့်ရဲ့ စိတ်အာရုံစေစားသမျှ၊ တိမ်းညွတ်သမျှ အရာတွေအား လက်တွေ့ရရှိလာတတ်တဲ့ အချိန်ဖြစ်ပါတယ်။ ဒီတော့ သင်ဖြစ်ချင်တဲ့ အရာတွေကိုသာ အာရုံစိုက်ပြီးလုပ်နေပါ။ မုချ ဖြစ်လာ ပါလိမ့်မယ်။ ငွေတွေ အစုလိုက်အပုံလိုက်ဝင်လာမယ်။ မထင်မှတ်တဲ့နေရာက ငွေကြေးစီးပွားတွေ ရလာမယ်။ မျှော်လင့်ချက် တွေ ပြည့်စုံမယ်။ လိုချင်တာတွေ အကုန်ရမယ်။

သင့်ရဲ့ အခြေအနေဟာ သိသိသာသာကြီးတိုးတက်လာလိမ့်မယ်။ ခရီးသွားရတဲ့ ကိစ္စတွေနဲ့ အကျိုးပေးလိမ့်မယ် မရောက်ဘူးသေးတဲ့ နေရာတွေကို သွားရတတ်တယ်။ အထူးမှာချင်တာကတော့ လိုချင်တဲ့ အရာတွေအပေါ် အာရုံမပြတ်ပါနဲ့ အားလုံးပြည့်စုံမယ့်အချိန်ရောက်လာပြီ။ ဒီအချိန်မှာ ဘာအခက်အခဲတွေပဲ တွေ့တွေ့ သင့်ဘက်ကပဲ အောင်မြင်သွားပါလိမ့်မယ် ငွေတွေ ဒလဟောဝင်နေမယ်။ အဖိုးတန်ပစ္စည်းဥစ္စာတွေလည်း တစ်ခုပြီးတစ်ခုဝင်နေမယ်။ ထွက်နေတဲ့ ငွေတွေ၊ ပစ္စည်းတွေ ပြန်ဝင်လာမယ်။ ဆုံးရှုံးထားခဲ့ရတာတွေ ပြန်ရလာမယ့်အချိန်ပဲ ဆိုပါတော့။

**ယတြာ။** ။ သရဖူကုံသုံးပါးရွတ်ပြီးမှ မျက်နှာသစ်ပါ။ တစ်လလုံးလုပ်ပါ။ မုချ ကောင်းကျိုးထူးအံ့။

**ထီကံစမ်းရန်။** ။ (၃) နှင့် (၆) ဂဏန်းများ အထူးကောင်း၏။ ထီပေါက်တတ်သည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## သောကြာသားသမီးများ

သင်ဟာ ဒီအချိန်မှာ အညံ့ကြုံနေပါတယ်။ ဘာကိုပဲလုပ်လုပ် အဆင်မပြေဖြစ်နေတတ်ပါတယ်။ ဘယ်ကိစ္စမှ အပြီးအဆုံး မလုပ်ပါနဲ့၊ မမျှော်လင့်ဘဲ ရှုံးသွားတတ်တယ်။ ဒီလမှာ စီးပွားရေးလည်း မကောင်းဘူး။ ရောဂါအနေနဲ့ မည်မည်ရရမဟုတ် ပေမယ့် ကျန်းမာရေးလည်း ညံ့တယ်။ ကိုယ်တိုင်ကြောင့်ထက် သူတစ်ပါးကြောင့် ဖြစ်တဲ့ဒုက္ခက ပိုတောင်များသေးတယ်

အိမ်တွင်းရေးမကောင်းဘူး။ ကျိန်းသေဆိုပြီး မျှော်လင့်ထားတာတွေ ဖြစ်မလာဘဲ လွဲချော်သွားတတ်တယ်။ ဒီလပိုင်း အထူးသတိထားဖို့ကတော့ အနက်ရောင်ဟာ နိုက်တယ်။ ဘယ်လိုအကြောင်းနဲ့မှ အနက်ရောက်ကို မသုံးဖို့ သတိထားလိုက်ပါ

သူတစ်ပါးကြောင့် ငွေတွေဘာတွေစိုက်ရတတ်တယ်။ လျော်ရတတ်တယ်။ ဘာမဟုတ်တဲ့ အကြောင်းတရားလေးတစ် အတွက်နဲ့ အကြီးအကျယ်ဖြေရှင်းရတတ်တယ်။ ဒုက္ခဆိုတဲ့ ဧည့်သည်ဟာ ဒီလမှာ မကြာခဏဆိုသလို သင့်ဆီကို အလည် လာလိမ့်မယ်။ စိတ်ညစ်စရာတွေပါ အဖော်ခေါ်လာလိမ့်မယ်။

**ယတြာ။** ။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း စစ်ပွဲတွေပါတဲ့ ဗီဒီယိုကား သုံးကားတိတိကြည့်ပေးပါ။ အညံ့တွေ ပြေပျောက်ပါအံ့

**ထီကံစမ်းရန်။** ။ ယခုလ (၃) နှင့် (၆)ဂဏန်း ကောင်းကျိုးပေးအံ့။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## စနေသားသမီးများ

သင့်အဖို့ ဒီလိုကိန်းမျိုးနဲ့ ကြုံတွေ့တဲ့အခါ မိမိရဲ့ ကံကြမ္မာအလှည့်အပြောင်းတွေ၊ ဖြစ်လာမယ့် အန္တရာယ်တွေ၊ တွေ့ကြုံမယ့် အဖြစ်သနစ်တွေကို ကြိုတင်ကာကွယ်ထားရမယ်လို့ သတိပေးလိုပါတယ်။ ကြိုတင်ကာကွယ် စောင့်ရှောက်ခြင်းသာလျှင် အကောင်းဆုံး မိတ်ဆွေဖြစ်ကြောင်း သတိပြုပါ။

မမျှော်လင့်ဘဲ ငွေရေးကြေးရေးအကျပ်အတည်းတွေ့တတ်တယ်။ လုပ်ငန်းတွေလည်း လွဲချော်တတ်တယ်။ ကိုယ်က အကောင်း လုပ်ပါလျက် အကောင်းထင်မခံရဘဲ အပြစ်ပြောခံရတတ်တယ်။ တမြည့်မြည့် တန့်နံ့ခံစားရမယ့် အဖြစ်သနစ်တွေ ရောက်လာတတ် တယ်။ သင် ဒီလမှာ ဘာပဲလုပ်လုပ် အကောင်အထည်ပေါ်မှာ မဟုတ်ဘူး။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်သွားတတ်တယ်။ ဒါပေမယ့် ဒုက္ခတွေကို သင်ဟာ လေ့ကျင့်ခန်းရပြီးသားဆိုတော့ ပူစရာမလိုပါဘူး။ ဤစာတမ်းဖတ်ပြီး ခုနစ်ရက်လွန်တာနဲ့ ဒါတွေက ပြီးသွားမှာပါ။ အညံ့တွေကနေ အကောင်းတွေဖြစ်သွားမှာပါ။ အဲဒီတော့ မကြာခင် ရောက်လာတော့မယ့် အကောင်းတွေကိုသာ မျှော်လင့်ထားပါ။ ဒီလိုအချိန်မှာ စိတ်ဓာတ်ကျပြီး အားမလျှော့လိုက်ဖို့ တိုက်တွန်းချင်ပါတယ်။

**ယတြာ။** ။ အတိတ်က ဖြစ်ခဲ့တာတွေ ကျကျနနပြန်သုံးသပ်ပြီး သင်ခန်းစာယူပါ။ မေတ္တာ ဘာဝနာ စီးဖြန်းပြီး လွတ်လပ်ပေါ့ပါးစွာနေပါ။ ခုနစ်ရက်အတွင်း ထူးအံ့။

**ထီကံစမ်းရန်။** ။ ယခုလ (၅) နှင့် (၇)ဂဏန်းများ ကောင်းကျိုးပေးအံ့။

*****


အသေရုံ့သတ္တဝါ ချင်သာ



www.burmeseclassic.com

www.burmeseclassic.com

စာ(၂၅၂)မှအဆက်



ပြတိုက်ဖွင့်ပွဲအပြီးမှာ ကျွေးမွေးတဲ့ ဒေသခံစစ်စစ် တိုင်းရင်းသား ရှစ်မျိုးရဲ့ နေ့လယ်စာပါပဲ။ (တအာင်း)ပလောင်တွေရဲ့ တောထဲ တောင်ထဲက လတ်လတ်ဆတ်ဆတ် ရှာဖွေခူးပြီး ချက်ပြုတ်ထားတဲ့ ဝက်သားနဲ့ မှိုစ်ချဉ်ဟင်း၊ ကချင်တိုင်းရင်းသားတွေရဲ့ ငှက်ပျောရွက်နဲ့ ထုပ်ပြီး ပေါင်းထားတဲ့ အငွေ့တလူလူ၊ သစ်ရွက်နံ့ တသင်းသင်းနဲ့ ဟင်းပေါင်းထုပ်၊ ဝ,တွေရဲ့ တဒုတ်ဒုတ်နဲ့ ဝါးလို့ကောင်းလှတဲ့ ညှိုတိုတို မှိုသုပ်၊



သားဟူတွေရဲ့ ကြက်သားသုပ် စတဲ့ တကယ့်ဒေသအစားအစာအစစ်တွေပါပဲ။ ဟင်းအားလုံးနဲ့ လိုက်ဖက်စွာ ရှမ်းတိုင်းရင်းသားတွေရဲ့ နာမည်ကျော် ဆေးခါးဟင်းချိုကိုလည်း အအီပြေ ထည့်ထားပါရဲ့။ ခရမ်းချဉ်သီး ကျောက်စိမ်းရောင်တွေ အကွင်းလိုက် လှပစွာ လှီးထည့်ထားတဲ့ သောက်လိုက်တိုင်း ခါးမလိုလိုနဲ့ ချိုချိုသွားတဲ့ ဟင်းချိုပါ။ ဆီလည်း မသုံးထားလို့ ကိုလက်စထရော ကျစေကာ ကျန်းမာရေးနဲ့လည်း ညီပြီး အစပ်အဟပ်တည့်လှပါတယ်။ ဒါမှ တကယ့်တိုင်းရင်းသားအစုံရဲ့ "ပြည်ထောင်စုဟင်း"ပါပဲ။ ရိုးရာဝတ်စုံအစစ်တွေ ကိုယ်စီဝတ်ပြီး ညှော့သည်တွေ စားသမျှ ဝမ်းသာအားရနဲ့ ဟင်းပွဲထမင်းပွဲ လိုက်ဖြည့်နေတဲ့ တိုင်းရင်းသူလေးတွေရဲ့ စကားကို နားမလည်ပေမယ့် စေတနာအမှန်ကိုတော့ မြင်နေရပါရဲ့။ သုံးထပ် ပြတိုက်ကြီးရှေ့က နေပူပူ ကွက်လပ်မှာ စားပွဲတွေခင်းပြီး စားနေရပေမယ့်၊ နေ့လယ် မွန်းတည့်ခါနီး နေရောင်ဟာလည်း မပြင်းမရှဘဲ အေးမြလို့ပါ။ တိုင်းရင်းသားတွေရဲ့ အေးမြတဲ့ မေတ္တာရိပ်ပေါ့။




စားသောက်လို့ပြီးတဲ့အခါ ပွဲပြီး ဖျာသိမ်းပေါ့။ မာလာအောင်တို့ အလုပ်ရှုပ်နေတာကို ကူညီ ပွဲသိမ်းပေးမိပါတယ်။ တိုင်းရင်းသား မောင်မယ်အသီးသီးကလည်း ရိုးရာဝတ်စုံတွေ တကားကားနဲ့ ညီညီညာညာ ကူသိမ်းလိုက်ကြတာ ခဏလေးနဲ့ ကွင်းပြင်ဟာ ရှင်းလင်းသွားပါတယ်။ သြော် . . . ညီညွတ်ခြင်းရဲ့ အင်အားပေပဲလို့ ကြည်နူးရပါတယ်။ ကိုယ်လည်း ပါလာတဲ့ မီဒီယာလက်နက်တွေ အကုန်သုံးပြီး ဓာတ်ပုံတွေ စရိုက်လိုက်၊ ဗွီဒီယိုမှတ်တမ်းတင်လိုက်နဲ့ မမောနိုင်အောင်ပါဘဲ။ ဒီလို တိုင်းရင်းသားအစစ်တွေနဲ့ ရိုးရာဝတ်စုံအစုံအလင်နဲ့ ရိုက်ရ၊ မှတ်တမ်းတင်ရတဲ့ အခွင့်အရေးဟာ ရခဲပါဘိချင်း။ အင်း . . . လွန်ခဲ့တဲ့ သုံးနှစ်လောက်က






www.burmeseclassic.com

www.burmeseclassic.com





နောက်ဆုံး ကျင်းပသွားခဲ့တဲ့ မြစ်ကြီးနားက ကချင်မနောပွဲတော် ကျင်းပရာ ကွင်းမှာတုန်းကလည်း ဒီလို ခံစားမှုမျိုး ရခဲ့ဖူးပါရဲ့။ နောက်တစ်ကြိမ် ဘယ်ခါများမှ မနောပွဲကြီး ပြန်လည် ကျင်းပခွင့်ရဦးမှာလဲ။

နေ့လယ်မှာတော့ ဒေသခံ(တအာင်း)ပလောင်တိုင်းရင်းသားကြီး ဦးမှိုင်း(မှိုင်းဝဏ္ဏ)ရဲ့ ကားနဲ့ လားရှိုးမြို့နယ်၊ မယ်ဟာန်ကျေးရွာအုပ်စု၊ ကောင်းခါးကျေးရွာက နတ်ပြဂူကို သွားကြပါတယ်။ လားရှိုးတိုင်းရင်းသား ယဉ်ကျေးမှုပြတိုက်ကြီးရဲ့ မြေညီထပ်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိတ်ဆက်ဆိုတဲ့ ပြခန်းတစ်ခန်းလည်း ပါဝင်နေခဲ့တယ်။ အဲဒီမှာ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားမျိုးနွယ်စုတို့ နေထိုင်မှုပြ မြေပုံနဲ့ ဒေသတွင်း သဘာဝပေါက်ပင်နဲ့ တောတွင်းတိရစ္ဆာန်များရဲ့ ပုံတွေကို ပြသထားတဲ့ မြေပုံကြီးတွေ ရှိတယ်။ လားရှိုးမြို့ဝန်းကျင်မှာ တွေ့ရှိခဲ့ရတဲ့ ငါးကျောက်ဖြစ်ရုပ်ကြွင်း၊ နတ်ပြဂူနဲ့ ကျောက်စက်ပန်းဆွဲတွေကိုလည်း တကယ့်အစစ်အတိုင်း မှန်ပုံးနဲ့ ပြသထားတယ်။ အဲဒီထဲက "နတ်ပြဂူ"ဆိုတာကို စိတ်ဝင်စားပြီး သွားချင်နေခဲ့တာပါ။ ပြတိုက်ထဲက ဓာတ်ပုံနဲ့ တကွ ပြသထားတဲ့ အညွှန်းစာမှာတော့ . . .

* (နှစ်သန်းပေါင်း (၂၄၈)သန်းခန့် သက်တမ်း နတ်ပြဂူမှ ရရှိသော ကျောက်စက်ပန်းဆွဲ (*Stalictite found from Nat Pya Cave, about 248 million of years of age.*

* သီပေါ ကျောက်နီလွှာ၏ သဲမှုန်ဆန်သော ထုံး ကျောက်လွှာတွင် တွေ့ရှိခဲ့ရသည့် အမျိုးအမည် ခွဲခြားမ သေးသော ကျောက်ဖြစ်ရုပ်ကြွင်း (*Unidentified fossil in Silty Limestone of Hsipaw Redbeds Formation*)လို့ ဖော်ပြထားရဲ့။

နတ်ပြဂူနဲ့ ရှေးဟောင်းဂူတွေကိုလည်း ဒီလိုဖော်ပြ ထားပါတယ်။

***လားရှိုးမြို့နယ်ရှိ ရှေးဟောင်းဂူများ (Ancient caves in Lashio Township)***

*တည်နေရာ*

လားရှိုးမြို့နယ်၊ မယ်ဟာန်ကျေးရွာအုပ်စု၊ ကောင်းခါး ကျေးရွာတွင် "နတ်ပြဂူ"နှင့် "လင်းနို့ဂူ"ခေါ် ရှေးဟောင်းဂူ များ ရှိကြပါသည်။ နတ်ပြဂူသည် ကောင်းခါးကျေးရွာ၏ အရှေ့ဘက်တွင် ရှိပြီး လင်းနို့ဂူမှာ နမ့်ခိုက်ကျေးရွာအနီး တွင် တည်ရှိပါသည်။


*Location*





www.burmeseclassic.com

www.burmeseclassic.com



*Ancient caves; such as 'Nat Pya cave'&'Lin Noe (Bat) cave'are situated near 'Kaung Hkar' village and 'Nam Hkite' village in 'Mae Han' village tract in Lashio Township. Nat Pya cave is situated in the eastern part of Kaung Hkar village & Lin Noe cave is situated near Nam Hkite village.*

**ကျယ်အဝန်း**

လင်းနို့ဂူ၏ အကျယ်အဝန်းမှာ ပေ (၁၂၅၀) ရှိပြီး မြင့်ပေ ၄၀ မှ ၅၀၊ အကျယ် ၈ပေ၊ အချို့နေရာတွင် မှ ပေ ၂၀၊ အကျယ်ဆုံး ပေ ၆၀ ရှိသည်။

နတ်ပြဂူ၏ အကျယ်အဝန်းကို အတိအကျ မသိရပါ။ ဝင်အဝဂူအကျယ် ၁၂ပေ၊ အမြင့် ၈ပေမှ ၁၀ ပေအထိ သည်။ ဂူအတွင်း အရှည်ဆုံး လမ်းကြောင်းမှာ ပေ ၆၀၀ခန့် သည်။

**ဗေဒအမြင်ဖြင့် ဖွဲ့စည်းဖြစ်ပေါ်ပုံ လေ့လာချက်**

နတ်ပြဂူအဝသည် တောင်ဘက်သို့ မျက်နှာမူထား ဂူတွင်း၌ ထောင်လိုက် အက်ပြိုင် (Vertical Joint) လျှောက် တိုက်စားမှုများသောအခါ ဘေးတိုက် ကျဉ်း၍ လိုက် ကျယ်သောပုံစံဖြစ်လာသည်။ ဂူကြမ်းပြင်၌ စက် မိုးမျှော်နှင့် ကျောက်စက်တိုင်များကို တွေ့ရသည်။ နတ်ပြဂူဖြစ်ပေါ်လာပုံမှာ မိုးရွာသောအခါ မိုးရေနှင့် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်($CO_2$)တို့ ပေါင်းစပ်ကာ အားပျော့သော ကာဗွန်နစ်အက်ဆစ် ($H_2CO_3$) ဖြစ်လာကြောင်း၊ $CO_2$ ပျော်ဝင်နေသော မိုးရေနှင့် ကုန်းပြင်မြင့် ထုံးကျောက်(Plateau Limestone)တို့ ထိတွေ့သောအခါ ထုံးကျောက်($CaCO_3$)သည် ကယ်စီယမ်ဘိုင်ကာဘွန်နိတ် $Ca(HCO_3)_2$ သို့ ပြောင်းလဲကာ၊ ရေတွင် ပျော်ဝင်လျက်ရှိကြောင်း သိရပါသည်။ ထိုဖြစ်စဉ်ကြောင့် ကုန်းပြင်မြင့် ထုံးကျောက်ရှိ အက်ကွဲကြောင်းများ (Fractures) နှင့် အက်ပြိုင်များ(Joints). တဖြည်းဖြည်းကျယ်ဝန်းလာခဲ့ရာမှ လိုဏ်ဂူဖြစ်လာခဲ့ခြင်းဖြစ်သည်။ နတ်ပြဂူမှာ(Mesozoic) (သက်လယ်ကာပ်)ကာလတွင် (Jurassic period)ကာလ၌ လွန်ခဲ့သော နှစ်သန်းပေါင်း (၂၄၈)သန်းခန့် သက်တမ်းရှိ ကျောက်များဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

လင်းနို့ဂူမှာ သီပေါကျောက်လွှာစုတွင် ပါဝင်ဖွဲ့စည်းထားသည့် (Limestomes)များ၊ (Dolomite)များဖြစ်ပြီး (Mesozoic)(သက်လယ်ကာပ်)ကာလတွင် (Jurassic period) ကာလ၌ လွန်ခဲ့သော နှစ်ပေါင်း (၁၄၂)သန်းခန့် အတွင်း ဖွဲ့စည်းခဲ့သော ကျောက်လွှာစုတွင် ပါဝင်ကြောင်း သိရှိရပါသည်။

. . . လို့ ဖြစ်ပါတယ်။


◈◈◈






www.burmeseclassic.com


www.burmeseclassic.com





လာရှိုးမြို့မှ ၈မိုင်ခန့်အကွာရှိ၊ လားရှိုးမြို့နယ်
မယ်ဟန်ကျေးရွာအုပ်စုက ဒီပလောင်ရွာလေး-ကောင်းခ
ကျေးရွာဟာ အိမ်ခြေ (၆၇)အိမ်ရှိတဲ့ ရွာလေးပါ။ ပလော
၆၄ အိမ်၊ ကချင် ၂အိမ်နဲ့ မြန်မာ ၁အိမ်ရှိပါတယ်။ လူဦးေ
၃၂၀(ကျား-၁၆၇၊ မ-၁၅၄)ဦး ရှိပြီး၊ အများစုက တောင်
တွေ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာတွေ
ကိုးကွယ်ကြပါတယ်။

ရွာထိပ်၊ နတ်ပြဂ္ဂရိရာ ကျောက်တောင်အရင်းမှာေ
အေးချမ်းသာယာ နတ်ပြဂ္ဂကျောင်းတိုက်ရှိပါတယ်။ အေ
လေး သစ်လွင်ကောင်းမွန်တဲ့ ခေတ်မီ အုတ်တိုက်ကျော
လေးပါ။ သာသနာတော်နှစ် ၂၅၅၅ ခု၊ ခရစ်နှစ် ၂၀၁၁
မဟာသက္ကရာဇ် ၁၃၇၃ခုတွင် ဒီကျောင်းကို စတင် တ



**လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာအုပ်စု၊ ကောင်းခါးကျေးရွာ**


နတ်ပြဂ္ဂရိရာ ကောင်းခါးကျေးရွာနဲ့ နီးလာတော့ ရှမ်းအိုးစည်သံတွေကို ကြားရပြန်ပေါ့။ ရွာအဝင် ဆိုင်းဘုတ်နားမှာ ကားတွေ ရပ်လိုက်တာနဲ့ အသင့်စောင့်ဖဲနေကြတဲ့ ရိုးရာဝတ်စုံတွေနဲ့ တိုင်းရင်းသူတွေက တီးမှုတ် ကြိုဆိုနေကြရဲ့။ သြော် ⋯မနက်က ပြတိုက်ဖွင့်ပွဲမှာ တွေ့ခဲ့ရတဲ့ အပြာရောင်နဲ့ အနီရောင် ရောစပ်ထားတဲ့ တိုင်းရင်းသားဝတ်စုံနဲ့ သူတွေကိုး။ သူတို့ရဲ့ လည်ပင်းမှာတော့ ငွေပြားဆွဲကြိုးအရှည်ကြီးတွေနဲ့ပါ။ ခါးမှာလည်း ငွေခါးပတ်ပြားကြီးတွေကို အပြားလိုက်၊ အခွေလိုက် ဝတ်ထားကြပါတယ်။ သြော် ⋯ ပလောင်လူမျိုးတွေရဲ့ ရွာပေကိုး။





www.burmeseclassic.com


www.burmeseclassic.com



ထောင်ပါတယ်။ ခု ဒီနတ်ရေကန်ကျောင်းတိုက်ခွဲမှာ သာမဏေများကို စာဝါများ ပို့ချခြင်း၊ ကျေးရွာရှိ လူငယ်များကို ဓမ္မစကြာဝတ်အသင်းများ ဖွဲ့စည်း၍ သင်ကြားပေးခြင်း၊ နွေရာသီ ကျောင်းပိတ်ရက်များမှာ ကျေးရွာရှိ ကလေးသူငယ်များကို ယဉ်ကျေးလိမ္မာသင်တန်းများ ပို့ချပေးလျက်ရှိပြီး၊ ရဟန်း-သာမဏေ ၂၅ပါးနဲ့ သာသနာပြုတာဝန် ထမ်းဆောင်လျက် ရှိပါတယ်။ ကျောင်းတိုက်သစ်ရဲ့ ဘေးကဝါးထရုံကာ တဲတန်းမှာတော့ "ဗုဒ္ဓဝံသပါလ"ကူညီစောင့်ရှောက်ရေး၊ ဗုဒ္ဓမေတ္တာ အခမဲ့ ဆေးပေးခန်းဆိုတဲ့ ဆိုင်းဘုတ်ရှိရဲ့။

ကျောင်းဘေးမှာတော့ ရွာသူကြီး ပြောင်းခင်းရှိပြီး ဆောက်လုပ်ပြီး သိမ်တော်၊ ဆွမ်းစားဆောင်၊ ဆရာတော်သီတင်းသုံးလျက်ရှိသော ကျောင်းဆောင်၊ မီးဖိုဆောင်ဆိုတဲ့ အဆောင်ဆောင် အခန်းခန်းတွေနဲ့ပါ။ ကိုယ်တို့ရဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကိုကျော်ဦးလွင်က ဘုန်းတော်ကြီးကျောင်းက ဘုရားခန်းမှာပဲ ဒေသခံ တိုင်းရင်းသားတွေအတွက် ဘုရားဆင်းတုတော်တွေကို ခွဲတမ်းချ ပေးလှူပါတယ်။ ထိုင်းနိုင်ငံက လှူဒါန်းလိုက်တဲ့ ဆင်းတုတော်တွေမို့ အတော်လက်ရာကောင်းပြီး လုပတင့်တယ်လှရဲ့။ တစ်ဆက်တည်းမှာပဲ ကိုကျော်ဦးလွင်က ပလောင်တိုင်းရင်းသားတွေကို ယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်ဖို့ ပညာပေး ဟောပြောပါတယ်။ သူ့ဟောပြောချက်တွေကို ပလောင်တိုင်းရင်းသားတွေ နားမလည်မှာစိုးလို့ ပလောင်တိုင်းရင်းသား၊ ကိုယ်တို့ရဲ့ ဘော်ဒါကြီး ဦးမှိုင်းက ပလောင်လို ဘာသာပြန်ပြီး ရှင်းပြပါတယ်။ ကိုကျော်ဦးလွင် ပြောပြတဲ့ ဆင်းတုတော်တွေ၊ ဂူတွေ၊ တိုင်းရင်းသား အသုံးအဆောင်နဲ့ အိုးစည်၊ ဗုံ၊ ပုလွေနဲ့ မောင်းတွေ၊ ရိုးရာဝတ်စုံတွေလို ထိကိုင် စမ်းသပ်လို့ရတဲ့ ယဉ်ကျေးမှု (ဒြပ်ရှိ ယဉ်ကျေးမှု)နဲ့ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ရိုးရာတွေ၊ တေးသီချင်းတွေ၊ အကတွေလို ကိုင်စမ်း ထိတွေ့လို့ မရတဲ့ ယဉ်ကျေးမှု(ဒြပ်မဲ့ ယဉ်ကျေးမှု)တွေအကြောင်းကိုတော့ ပလောင်တွေ နားလည်တဲ့အထိ ဦးမှိုင်းက ဖြည့်စွက်ချဲ့ထွင်ပြီးလည်း ပြောပြနိုင်လို့ အတော်အဆင်ပြေပါတယ်။


နောက်တော့ နတ်ပြဂူထဲကို ကိုယ်တို့ ဝင်ကြည့်ကြတယ်။ ဂူအဝင်မှာ ရွာသူ ပလောင်မကြီးတစ်ယောက်က သပြေလို ပန်းခက်တွေနဲ့ ဘုရားလှူဖို့ ဝင်သွားတာ တွေ့လိုက်ရပါတယ်။ ရှေးဟောင်း ထုံးကျောက်ဂူကြီးဖြစ်ပြီး အထဲမှာ အေးစိမ့်နေရဲ့။ ဂူကြီးရဲ့ တစ်နေရာမှာ ရှေးဟောင်း ဆင်းတုတော်တစ်ဆူကိုလည်း တွေ့ရှိရပြီး၊ ခုတော့ လားရှိုးမြို့ပေါ်မှာ ထိန်းသိမ်းထားတယ်လို့ ဆရာတော်လေးက ပြောပြပြီး ဓာတ်ပုံကို ပြပါတယ်။ ဂူထဲမှာ လေဝင် လေထွက်ကောင်းပြီး အသက်ရှူလည်း မကျပ်ပါဘူး။ နတ်ပြဂူဆိုတာ နတ်လိုဖြူစင်သော စိတ်ထားနဲ့ သစ္စာသမာဓိရှိတဲ့ သူတော်စင်






www.burmeseclassic.com

www.burmeseclassic.com







ပုဂ္ဂိုလ်တစ်ယောက်ယောက်က လမ်းညွှန်ပြလို့ ဒီဂူကို တွေ့ခဲ့ရတာလို့ ဆရာတော်က ခေတ်မီစွာ ရှင်းပြကြတယ်။ ဂျပန်ခေတ်ကလည်း ဂျပန်တွေ ဒီဂူထဲမှာ ခိုအောင်း နေထိုင်ခဲ့ဖူးတယ်လို့ သိရပေမယ့် ဘာအထောက်အထားမှ မတွေ့ရသေးပါဘူးတဲ့။ ဂူထဲက လမ်းတွေမှာ ဖြည့်စွက်အင်္ဂတေလေ့ကားထစ်တွေနဲ့ လက်ရန်းတွေလည်း တပ်ထားလို့ သွားရလာရ အဆင်ပြေလှပါတယ်။ လျှပ်စစ်မီးလည်း ရနိုင်သလောက် သွယ်တန်းထားရဲ့။

ဒီကောင်းခါးရွာသားအများစုဟာ ဗုဒ္ဓဘာသာဝင်တွေမို့ နတ်ပြဂူကျောက်တောင်နဲ့ လိုဏ်ဂူတွေထဲမှာလည်း ဘုရားစေတီတွေ တည်လာကြပေါ့။ တောင်ပေါ်က စေတီတော်ကိုလည်း သွားဖူးခဲ့ကြပါတယ်။ ညွှန်-ချုပ်ကိုကျော်ဦးလွင် တစ်ဆင့်လှူဒါန်း ခွဲဝေပေးလိုက်တဲ့ ဆင်းတုတော်တွေကို တိုင်းရင်းသားတွေက ရွာအသီးသီးကို ပင့်ဆောင်သွားကြတယ်။ "ပန်းဒကာ"လို့ ခေါ်ကြတဲ့ ဒေသခံ ပုဂ္ဂိုလ်က ဦးဆောင်ပြီး ရွာကျောင်းအသီးသီးက ဆရာတော်တွေဆီ ပင့်သွားကြ၊ ဆရာတော်တွေက အနေကဇာ ချက်ချင်းတင်ကြနဲ့ ရှမ်းတောင်တန်းတွေမှာ အိုးစည်သံ၊ မောင်းသံနဲ့ ဘုရားစာရွတ်သံတွေ ဝေစည်လို့နေပေါ့။

"ပန်းဒကာ"ဆိုတာ ဘုရားတင်လှူဖို့ ပန်းတွေကို ဗျပ်ကလေးနဲ့ ထည့်ပြီး သယ်ဆောင်သွားခွင့်ရှိသူ၊ ဦးဆောင်ရွတ်ဆို ဆုတောင်းပေးခွင့်ရှိသူလို့ တောင်ကြီး ပြတို့
နန်းလောင်ဟိန်းက ရှင်းပြပါတယ်။ ချစ်စရာ နာမည်
မှတ်သားလိုက်ရပေါ့။ တစ်မူးရလို့ တစ်ပဲလှူဆိုတဲ့ ရှမ်း
အခြားသော တိုင်းရင်းသားမျိုးနွယ်စုတွေက ဗုဒ္ဓသာ
တော်ကြီးကို ရိုးသားစွာ၊ စိတ်အားထက်သန်စွာ စော
နေတာကဖြင့် အားရကျေနပ်စရာပါ ■

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ဒေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အမေ့အိမ်ကို သွားရန်အတွက် မခင်မိ ကန်ဘောင်ပေါ်သို့ တက်လိုက်သည်။ အချိန်မှာ မှောင်စပျိုးချိန်ဖြစ်သော်လည်း ကန်ဘောင်ပေါ်တွင် လူရှင်းနေသည်။ သို့သော် သွားနေကျလမ်းဖြစ်သည်မို့ မခင်မိ ကြောက်ရွံ့ခြင်းမရှိပေ။

မခင်မိသည် နွေကမှ ကိုစိုးမြိုင်နှင့် အိမ်ထောင်ကျပြီးနောက် ကိုစိုးမြိုင်မိဘများအိမ်သို့ လိုက်နေရသည်။ ဒီနေ့ အမေ နေမကောင်းကြောင်း မောင်လေးဝင်းကို လာပြောသဖြင့် အမေ့အိမ်ဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ကန်ဘောင်အတိုင်း လျှောက်လာခဲ့ရာ ကန်ဘောင်အလယ်ရှိ ညောင်မုတ်ဆိတ်ပင်ကြီးအောက်အရောက်တွင် သစ်ပင်ထက်မှ "ရှူး"ဟူသော အသံကြောင့် မခင်မိ အပင်ထက်သို့ မော့ကြည့်လိုက်သောအခါ လက်မောင်းလုံးခန့်ရှိသော မြွေကြီးနှစ်ကောင်သည် အမြီးကို ကိုင်းမှာ ချိတ်လျက်၊ ကိုယ်ကို တွဲလောင်းချကာ မခင်မိအား ကြည့်နေသည်ကို လရောင်ဖြင့် ကောင်းစွာမြင်လိုက်ရသောကြောင့် မခင်မိသည် ထိတ်လန့် ကြောက်ရွံ့လွန်း၍ ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်းရန် ပါးစပ်ဟလိုက်သည်တွင်···

"အ···"

ဟ,လိုက်သော မခင်မိ ပါးစပ်အတွင်းသို့ မြွေကြီးနှစ်ကောင်အနက်မှ တစ်ကောင်က တိုးဝင်လိုက်သည်။ မခင်မိကလည်း တိုးဝင်လာသော မြွေကြီးအား အတင်းပင် မျိုချနေရသည်။ ထိုအချိန်တွင် သစ်ကိုင်းတွင် ကျန်နေသော မြွေကြီးက မခင်မိအား စူးစိုက်ကြည့်နေသည်။

မြွေကြီးက ပါးစပ်အတွင်း တိုးဝင်နေသလို၊ မခင်မိကလည်း မျိုချရသည်မှာ မောနေပြီ။ နောက်ဆုံးတော့ မြွေကြီးတစ်ကောင်လုံး မခင်မိ၏ ဝမ်းတွင်းသို့ ရောက်သွားတော့သည်။ ထိုအချိန်တွင် မခင်မိအား ကြည့်နေသော သစ်ကိုင်းထက်မှ မြွေကြီးသည် သစ်ပင်ပေါ်သို့ ပြန်တက်ကာ ပျောက်ကွယ်သွားလေသည်။

မခင်မိမှာ မောလွန်း၍ အသက်ကို မနည်းရှူနေရသည်။ ကြောက်လည်း ကြောက်လွန်းလှသဖြင့် ဝမ်းထဲမှ မြွေကြီး ပြန်ထွက်လာစေရန် ကိုယ်ကို လူးလိမ့်လျက် ပါးစပ်မှလည်း···

"ထွက်···ထွက်···"

ဟု ပြောလိုက်သည်။

"ခင်မိ···ခင်မိ···ဘာဖြစ်လို့လဲ"

နားထဲမှာ မေးသံကြားရသလို၊ ကိုယ်ကိုလည်း လှုပ်လိုက်သဖြင့် မခင်မိ မျက်စိဖွင့်ကြည့်လိုက်ရာ ခင်ပွန်းဖြစ်သူ ကိုစိုးမြိုင်ကို တွေ့လိုက်ရသဖြင့် ဖက်၍ ငိုချလိုက်မိသည်။

"ခင်မိ···ခင်မိ···ဘာဖြစ်တာလဲ၊ ပြောစမ်း"

ကိုစိုးမြိုင်က စိုးရိမ်တကြီးမေးလိုက်ရာ မခင်မိသည် ငိုရှိုက်လျက်မှပင် သူမ မက်ခဲ့သော အိပ်မက်ကို ပြန်ပြောပြလေသည်။

"ဩော်···ခင်မိရယ်၊ အိပ်မက်မက်တာများ ငိုနေရတယ်လို့၊ အရူးမ"

"အိပ်မက်ဆိုပေမယ့် ကြောက်စရာကြီး"

"ကဲပါ၊ ရေသောက်ပြီး ပြန်အိပ်လိုက်နော်"

ကိုစိုးမြိုင်က သောက်ရေတစ်ခွက် ခပ်ပေးလိုက်သည်။ မခင်မိ သည် ကိုစိုးမြိုင် ခပ်ပေးသော သောက်ရေကို သောက်ပြီးနောက် ပြန်အိပ် လိုက်သည်။

မိုးလင်းတော့ ကိုစိုးမြိုင်၏ မိခင် ဖြစ်သူ ဒေါ်သန်းမြက···

"သား··· ညက ခင်မိ ဘာဖြ လို့လဲ၊ မင်းတို့အခန်းက အသံတွေ ကြားမိတယ်"

ဟု မေးရာ ကိုစိုးမြိုင်က ခင် မက်သော အိပ်မက်ကို ပြန်ပြော လိုက်သည်။

"အိုကွယ် · · ·၊ အိပ်မက်က အဆန်းသားပါလားကွဲ့။ အင်း··· ဒီအိ မက်အရဆိုရင်တော့ ခင်မိ မကြာခ ကိုယ်ဝန်ရှိတော့မယ် ထင်တယ်။ ပြ တော့ ဒီကိုယ်ဝန်ဟာလည်း မြွေဝင် စားတဲ့ ကိုယ်ဝန်ဖြစ်မှာပါ"

ဟု ပြောရာ ကိုစိုးမြိုင်သည် မခင်မိ ကိုယ်ဝန်ရှိတော့မည်ဟု သိ လိုက်ရသည့်အတွက် ဝမ်းသာသွာ သည်။

မခင်မိကတော့ ယောက္ခမဖြစ်သူ ဒေါ်သန်းမြ၏ "မြွေဝင်စားလေး ဖြစ်မှာ ပါ"ဟူသော စကားကြောင့် စိုးရိမ်သွား လေသည်။ သို့သော် ထိုစိုးရိမ်စိတ် သည် တစ်ရက် နှစ်ရက်မျှသာဖြစ်ပြီး နောက်တော့လည်း အိမ်မှုကိစ္စများ ကြောင့် အိပ်မက်အကြောင်းကို မခင် မေ့သွားတော့သည်။

◈◈◈

သို့နှင့် တစ်လခန့်ကြာသောအခါ မခင်မိမှာ ဒေါ်သန်းမြ ပြောသလို ကိုယ်ဝန်ရှိလေတော့သည်။ အကြောင်းကို သိခါစက ကိုစိုးမြိုင်နှင့် မခင်မိတို့ လွန်စွာမှပင် ပျော်ရွှင်မိ သည်။ ပျော်ရွှင်ခြင်းနှင့်အတူ ငုပ် ပျောက်ကွယ်နေခဲ့သော စိုးရိမ်စိတ်



www.burmeseclassic.com

www.burmeseclassic.com

သည်လည်း ပြန်လည်နိုးထလာခဲ့ရသည်။

မခင်မိ ကိုယ်ဝန် စတင်ရှိသည့် အချိန်မှစ၍ ခြံဝင်းအတွင်း၌ ညအချိန်တွင် မြွေတွန်သံများကို အဆက်မပြတ်ကြားနေရသည်။ အစပိုင်းတွင် အိမ်သားတို့ ကြောက်ရွံ့မိကြသော်လည်း နောက်တော့ ရိုးသွားသဖြင့် မကြောက်ကြတော့ပေ။

ကိုစိုးမြိုင်တို့ မိသားစုမှာလည်း ဤမြွေတွန်သံများ ကြားရသောအခါ အလွန်ပင် ထူးဆန်းနေပေသည်။ ယခင်က ခြံအတွင်း၌ မြွေဟူ၍ တစ်ကောင်တလေမှ မတွေ့ရသလို၊ မြွေတွန်သံဆိုသည်ကိုလည်း တစ်ခါမှ မကြားဘူးသောကြောင့်ဖြစ်သည်။

ထူးဆန်းသည်မှာ မြွေတွန်သံကို ကြားရသော်လည်း မြွေများကို မတွေ့ရခြင်းပင် ဖြစ်သည်။

ထို့ထက် ထူးဆန်းသည်မှာ မခင်မိ မီးဖွားပြီးသောအခါ မြွေတွန်သံများမှာ လုံးဝ ပျောက်ကွယ်သွားလေသည်။

မခင်မိမှာလည်း မီးမဖွားမီနှင့် မီးဖွားချိန်တွင် မိမိဖွားမြင်ခြင်းသည် လူသားကလေးမဟုတ်ဘဲ၊ မြွေကလေးများ မွေးဖွားလေမလားဟု အမြတ်မ်းစိုးရိမ်နေခဲ့ရသည်။ မွေးဖွားပြီး ဝမ်းဆွဲဆရာမလေးက ပြသောအခါမှ လူသားကလေးဖြစ်မှန်းသိရသဖြင့် စိုးရိမ်စိတ်များ ကွယ်ပျောက်ခဲ့ရသည်။

ကလေးမှာ ကိုယ်အင်္ဂါအစုံအလင်နှင့် ယောက်ျားကလေးဖြစ်သည်။ မီးထွက်တော့ "မောင်ခင်စိုး"ဟူ၍ အမည်ပေးလိုက်သည်။

◈◈◈

မောင်ခင်စိုးလေးသည် လံသားအရွယ်၌ ထူးခြားမှု မရှိသော်လည်း၊ အခါလယ်ကျော်ကျော်လောက်တွင်



စတင်ထူးခြားလာသည်ကို မခင်မိ သတိထားမိသည်။

ထိုနေ့က မခင်မိ ထမင်းချက်နေပြီး မောင်ခင်စိုးလေးကို အိမ်အောက်တွင် ချထားလိုက်သည်။ အိမ်အောက်တွင် ချထားသည် ဆိုသော်လည်း ထမင်းချက်သည့်နေရာမှ လှမ်းမြင်နေရသည်မို့ စိတ်ချလက်ချ လွှတ်ထားလိုက်သည်။

မခင်မိ ထမင်းအိုးမငှဲ့မီ လှမ်းကြည့်လိုက်တော့ မောင်ခင်စိုးမှာ ပေးထားသော ကစားစရာများနှင့် ကစားနေသည်ကို တွေ့ရသည်။ ထမင်းအိုးဆူသောအခါ မခင်မိ ထမင်းအိုးငှဲ့နေလိုက်သည်။

မခင်မိ ထမင်းအိုး ငှဲ့နေစဉ် နားထဲ၌ မြွေတွန်သံလိုလို ကြားလိုက်ရသဖြင့် မခင်မိ သားအတွက် စိုးရိမ်သွားပြီး မောင်ခင်စိုးကို လှမ်းကြည့်လိုက်သောအခါ မောင်ခင်စိုးမှာ ဆော့နေသည့် နေရာတွင် မရှိတော့ပေ။ ထို့ကြောင့် စိတ်ပူသွားကာ···

"သားရေ···လာ···လာ"

ဟု လှမ်းခေါ်လိုက်သည်။ မောင်ခင်စိုးက ရောက်မလာ။ မခင်မိမှာ သားအတွက် စိတ်ပူသော်လည်း ထမင်းရည်မှာလည်း မစစ်သေးသဖြင့် ပါးစပ်မှသာ အဆက်မပြတ်ခေါ်နေရသည်။ သို့နှင့် ထမင်းရည်စစ်သွားသောအခါ ထမင်းအိုးကို မီးဖိုပေါ် တင်ပြီး၊ မခင်မိ အိမ်အောက်သို့ အလျင်အမြန်ခုန်ဆင်းကာ၊ သားဖြစ်သူ မောင်ခင်စိုးအား လိုက်ရှာရာ အိမ်တောင်ဘက် လှည်းလမ်းကြောင်းဘေးရှိ ဖုန်ထူထပ်ရာတွင် လူးလိမ့်နေသည်ကို တွေ့လိုက်ရသည်။ ထို့ပြင် ပါးစပ်မှလည်း မြွေတွန်သကဲ့သို့ "ရှီ···ရှီ···"ဟု အော်နေသည်။

မခင်မိ ကလေးရှိရာသို့ အပြေးသွားပြီး ကောက်ချီလိုက်သည်။ မောင်ခင်စိုးကတော့ ဖုန်ထဲမှာ မဆော့ရသဖြင့် အော်ငိုတော့သည်။

"ဖုန်တွေထဲမှာ မဆော့ရဘူးသားရဲ့ ညစ်ပတ်တယ်။ လာ၊ အမေ ရေချိုးပေးမယ်"

ဟု ချော့ပြောသော်လည်း မောင်ခင်စိုးကတော့ အငိုမတိတ်။ မခင်မိ မနည်းပင် ချော့၍ ရေချိုးပေးရသည်။

ထိုအကြောင်းကို ဘွားအေဖြစ်သူ ဒေါ်သန်းမြအား ပြောပြသောအခါ ဒေါ်သန်းမြက···

"အင်း···ညည်းသားကတော့ ဇာတိပြပြီနဲ့ တူတယ်"

ဟု ပြောသဖြင့် မခင်မိ တစ်ခါက မက်ခဲ့ဖူးသော အိပ်မက်ကို သတိရလိုက်မိသည်။

"ဒုက္ခပါပဲ အမေရယ်"

"ဘယ်တတ်နိုင်ပါ့မလဲကွယ်။ ကလေးက ငယ်သေးတော့ ပြောင့်

www.burmeseclassic.com

လည်း နားလည်တဲ့ အရွယ်မှမဟုတ်တာ။ လူကြီးတွေကပဲ ဂရုစိုက်ရတော့မှာပေါ့"

"ဟုတ်ကဲ့ အမေ"

ဒေါ်သန်းမြ ပြောတာက ဟုတ်တော့လည်း ဟုတ်သည်။ ကလေးက အခါလယ်ကျော်သာ ရှိသေးသည်မို့ ဆုံးမသော်လည်း နားလည်သေးသည် မဟုတ်သဖြင့် ကိုယ်ကပဲ ဂရုစိုက်ရမည်သာဖြစ်သည်။

သို့နှင့်ပင် မောင်ခင်စိုးလေး သုံးနှစ်သားအရွယ်သို့ ရောက်ခဲ့ပေပြီ။

◈◈◈

တစ်နေ့ မခင်မိသည် စဥ့်အိုးတွင်းသို့ ရေထမ်းထည့်နေသည်။ မောင်ခင်စိုးမှာလည်း အဖော်ကလေးများနှင့် ဆော့နေသည်။ စဥ့်အိုးထဲ ရေပြည့်ခါနီးတွင်-

"ဒေါ်ကြီး မခင်မိ၊ ဒေါ်ကြီး မခင်မိ"

ကလေးတစ်ယောက်၏ ခေါ်သံကြောင့် မခင်မိ ရေထမ်းလာရာမှ လှည့်ကြည့်လိုက်သောအခါ မခင်မိတို့၏ ခြံချင်းကပ်လျက်တွင် ရှိသော ကိုခင်ကြည်နှင့် မနုတို့၏သမီး ခင်ညွန့်ရီဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့်···

"ခင်ညွန့်ရီ···သမီး ဘာလဲ"

ဟု မေးလိုက်ရာ ခင်ညွန့်ရီက-

"မောင်လေး ခင်စိုးရယ်၊ မြွေနဲ့ ဆော့နေတယ် ဒေါ်ကြီး"

ဟု ပြောသဖြင့် မခင်မိ ထမ်းထားသော ရေထမ်းပုံးတို့အား ပစ်ချလျက် မောင်ခင်စိုး ကစားနေရာသို့ ပြေးသွားသည်။ မောင်ခင်စိုးအနီးသို့ ရောက်သောအခါ မောင်ခင်စိုးရှေ့တွင် မြွေတစ်ကောင်ရှိနေပြီး မောင်ခင်စိုးက တရှီရှီဖြင့် ပါးစပ်မှ အော်လျက်ရှိသည်။

မြွေသည် ငြိမ်သက်စွာဖြင့် မောင်ခင်စိုးအား ကြည့်နေသည်။ မခင်မိမှာ မောင်ခင်စိုးအနားသို့ မကပ်ရဲဘဲ မလှမ်းမကမ်းမှသာ သားဖြစ်သူကို··

"သား··မလှုပ်နဲ့ အမေ့ဆီလာ"

ဟု လှမ်းအော်ပြောလိုက်သည်။ မခင်မိ အော်ပြောလိုက်သောအခါ မောင်ခင်စိုးသည် "ရှီ"ဟူသော အသံကို ပြုလိုက်ရာ သူ့ရှေ့မှ မြွေသည် ငြိမ်သက်နေရာမှ အနီးရှိ ချုံပုတ်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်။ ထိုအခါမှ မခင်မိသည် သားဖြစ်သူအနား ကပ်သွားပြီး···

"သားရယ်··မြွေဆိုတာ အဆိပ်ရှိပြီး အန္တရာယ်များတဲ့ တိရစ္ဆာန်ကွဲ့။ ဘာဖြစ်လို့များ မြွေနဲ့ ဆော့ရတာလဲကွယ်၊ သား မကြောက်ဘူးလား"

ဟု မေးလိုက်သောအခါ မောင်ခင်စိုးသည် မိခင်ဖြစ်သူ၏ လက်ကို ကိုင်လိုက်ပြီး···

"မေကြီးကလဲ···၊ သူတို့ကို သားက ဘာလို့ ကြောက်ရမှာလဲ၊ မကြောက်ပါဘူး။ ချစ်စရာကောင်းတယ် မေကြီးရဲ့"

ဟု ပြောသည်။

"အို···ဘယ့်နှယ့်၊ မြွေက ချစ်စရာကောင်းရမှာလဲ၊ မြွေကိုက်ရင် သေတတ်တယ် သားရဲ့"

မခင်မိက သားဖြစ်သူ နားလည်အောင် ထပ်ပြောလိုက်သော်လည်း သားဖြစ်သူက···

"သားကို မကိုက်ပါဘူးဆို၊ မေကြီးကလဲ"

ဟု ပြန်ပြောသည်။ ထိုအချိန်တွင် ကိုစိုးမြိုင်မှာ ဘယ်က သတင်းကြားလာသည် မသိ၊ မခင်မိတို့ သားအမိရှိရာသို့ အပြေးအလွှားရောက်လာကာ -

"ခင်မိ··သား ဘာဖြစ်သွားသေးလဲ"

ဟု မေးလိုက်သည်။

"ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမယ့် သားက မြွေကို လုံးဝ ကြောက်ပုံ မရဘူး။ ကျုပ်ပြောတာကို လက်မခံဘူး"

မခင်မိစကားကြောင့် ကိုစိုးမြိုင်သည် သားဖြစ်သူရှေ့၌ ထိုင်ချလိုက်ပြီး···

"မင်း ဒီတစ်ခါ မြွေနဲ့ ဆော့ကြည့်၊ မင်းလက်ကို ဓားနဲ့ ခုတ်ဖြတ်ပစ်မယ်။ ပြီးတော့ မင်းကိုလည်း အိမ်မှာ မထားတော့ဘူး"

ဟု အသံခပ်မာမာဖြင့် ပြောလိုက်သောအခါ မောင်ခင်စိုးလေးမှာ-

"အီး···ဟီး··ဟီး၊ သားလက်ကို မဖြတ်ပါနဲ့၊ သားကို မောင်းမထုတ်ပါနဲ့ ဖေကြီးရဲ့၊ သား နောက် မဆော့တော့ပါဘူး၊ အီး···"

ဟု ငို၍ပြောသည်။ မခင်မိသည် သားဖြစ်သူအား ပွေ့ချီလိုက်ပြီး···

"သား နောက်ကို မြွေနဲ့ မဆော့နဲ့တော့နော်"

ဟု ပြောလိုက်ရာ မောင်ခင်စိုးမှာ မျက်လုံးပြူးကလေးနှင့် ဖခင်ဖြစ်သူအား ကြည့်ရင်း ခေါင်းညိတ်ပြလေသည်။

မောင်ခင်စိုးသည် မြွေနှင့် ဘယ်လို ပတ်သက်မှုရှိခဲ့သည်ကိုတော့ အိပ်မက်အရ ခန့်မှန်းသိရှိနိုင်သော်လည်း ရှေ့လျှောက် ဘယ်လိုပတ်သက်ဦးမည်ဆိုသည်ကိုတော့ စောင့်ကြည့်ရပေဦးတော့မည် ■

* * *

ရော(ကောတ)

www.burmeseclassic.com

# အိုအောင်မင်းအောင် ပေါင်းရမလား

ညွန့်လွင် (စက်မှုတက္ကသိုလ်)

ဇနီးမောင်နှံတို့နှစ်ဦး အိုအောင်မင်းအောင် ပေါင်းရမလား သိလိုကြပေမည်။ ဤတွက်နည်းကို အိမ်ထောင်ပြုရာတွင် သင့်,မသင့်အနေနှင့်လည်း ထည့်သွင်း စဉ်းစားနိုင်ပါသည်။ တွက်နည်းမှာ လွယ်ကူပါသည်။ လောက သဘာဝ နိယာမအရ ချစ်ခင်ပေါင်းသင်း ဆက်ဆံကြသော်လည်း တစ်နေ့နေ့တွင် ကွဲကွာ ခွဲခွာကြရပါသည်။ သေခြင်းတရားကို တော့ မလွန်ဆန်နိုင်ကြပါ။ ဇနီးမောင်နှံနှစ်ဦး မည်မျှပင် ချစ်သည်ဖြစ်စေ၊ တစ်ဦးမဟုတ် တစ်ဦးကတော့ မုဆိုးဖို (သို့မဟုတ်) မုဆိုးမ တစ်ခုခုဖြစ်မြဲ ဓမ္မတာပင်။ သို့သော် ချစ်ခင်ကြသည့် အဘိုးအို၊ အဘွားအို ဇနီးမောင်နှံများကို တွေ့ရသောအခါ ဤတွက်နည်းနှင့် တွက်ချက်ကြည့်သော် မှန်ကန်ကောင်း မှန်ကန်နေကြကြောင်း တွေ့ရပါသည်။

တွက်နည်းလင်္ကာမှာ -

"မိန်းမ ယောကျ်ား၊ နံနှစ်ပါးကို၊ ပေါင်းခြားတည်ထုတ်၊ တစ်ခုနုတ်ပြန်၊ သုံးတန်နှင့်စား၊ တစ်ကားမရဏ၊ နှစ်ယကင်းကွာ၊ သုံးခုညာသေသ၊ ရှက်ယိုကျအောင်၊ ပေါင်းရမလွဲ၊ ဤတနဲသည်၊ မြဲ၏ သေချာမှတ်ဖွယ်တည်း။"

အဓိပ္ပာယ်မှာ မိန်းမနှင့် ယောကျ်ား မွေးနံနှစ်ခုကို ပေါင်းရမည်။ ပေါင်းရကိန်းမှ ၁-ကို နုတ်ပါ။ နုတ်၍ ရလာသော ဂဏန်းကို ၃နှင့် စားပါ။

* ၁-ခုကြွင်းလျှင် မိန်းမ၊ ယောကျ်ား တစ်ဦးဦးပျက်စီးမည်။
* ၂-ခုကြွင်းလျှင် ကွေကွင်း ကွဲကွာရတတ်သည်။
* ၀-ကြွင်းလျှင် (ပြတ်လျှင်) အိုအောင်မင်းအောင် ပေါင်းရတတ်သည်။

**နမူနာ** (၁)

တနင်္ဂနွေသားနှင့် သောကြာသမီးကို တွက်ကြည့်လျှင်...

၁ + ၆ = ၇
၇ - ၁ = ၆
၆ ÷ ၃ = ၀ (ကြွင်း)

ပြတ်သည်။ အိုအောင်မင်းအောင် ပေါင်းရမည်။

**နမူနာ** (၂)

အင်္ဂါသားနှင့် စနေသမီးကို တွက်ကြည့်လျှင်...

၃ + ၇ = ၁၀
၁၀ - ၁ = ၉
၉ ÷ ၃ = ၀ (ကြွင်း)

ပြတ်သည်။ အိုအောင်မင်းအောင် ပေါင်းရမည်။

**နမူနာ** (၃)

ဗုဒ္ဓဟူးသားနှင့် သောကြာသမီးကို တွက်ကြည့်လျှင်...

၄ + ၆ = ၁၀
၁၀ - ၁ = ၉
၆ ÷ ၃ = ၀ (ကြွင်း)

ပြတ်သည်။ အိုအောင်မင်းအောင် ပေါင်းရမည်။

**နမူနာ** (၄)

တနင်္လာသားနှင့် တနင်္လာသမီးကို တွက်ကြည့်လျှင်...

၂ + ၂ = ၄
၄ - ၁ = ၃
၃ ÷ ၃ = ၀ (ကြွင်း)

ပြတ်သည်။ အိုအောင်မင်းအောင် ပေါင်းရမည်။ ■


* * *

ညွန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မောင်ဒုံး လူဖြစ်လာခဲ့သည် ဆိုသော်လည်း ဘဝကုသိုလ်ကံ ·အကျိုးပေးမှုက မကောင်းခဲ့။ ဖခင်ဖြစ်သူ ကိုတောက ချောင်းရိုးမြောင်းရိုးအနှံ့ ငါးဖားရှာပြီး အသက်မွေးဝမ်းကျောင်းရသူ။ မိခင်ဖြစ်သူ မလန်းကလည်း ဘာထူးမည်နည်း။ ကိုတော ရှာဖွေရသမျှ သားငါးများကို ရွာနီးချုပ်စပ် ခြေတိုအောင် လှည့်ရောင်းပြီး ဝမ်းရေးဖြည့်တင်းနေရသူ။

သည်ကြားထဲ ရှားရှားပါးပါး ကိုတောနှင့် မလန်းတို့ဘဝထဲသို့ တိုးဝင်လာသူက မောင်ဒုံး။ ဖခင် ကိုတောနှင့် မိခင် မလန်းတို့နှစ်ဦး အသက်ကြီးမှ ကံပေါ်သည်ဟု ဆိုသော်လည်း ဝမ်းမသာနိုင်ခဲ့၊ မကြည်နူးနိုင်ခဲ့။ ကြည့်လေ။ မောင်ဒုံး လူဖြစ်လာသော်လည်း ကိုတော၊ မလန်းတို့နှင့် ဘာမှမဆိုင်သလိုဖြစ်နေသည်။

မောင်ဒုံးရဲ့ အသားအရေက မည်းမည်း။ ရုပ်ရည်က အကျည်းတန်ပြီး ခြေထောက်တစ်ဖက် သေးသိမ်နေရသည့်အဖြစ်။ မောင်ဒုံးအဖြစ်ကို တွေ့မြင်ရတိုင်း ဖခင် ကိုတော ရင်မချိအောင် ခံစားခဲ့ရသည်။ ဒါကြောင့်လည်း အလုပ်ပိုလုပ်ပြီး မောင်ဒုံးခြေထောက်ကို ဆရာများနှင့် ပြသခဲ့သည်။

မောင်ဒုံး ခြေထောက်က ဘယ်လိုပဲ ကုသသော်လည်း ကုသ၍ မရတော့။ နောက်ဆုံး ဝဋ်နာကံနာဟု စိတ်ထဲမှာ ဒုန်းဒုန်းချပြီး ကိုတော ရင်နာနာဖြင့် လက်ပိုက်ကြည့်နေခဲ့ရသည်။ ခုလည်း ကိုတော ငါးဖားမရှာခင် မောင်ဒုံးကို ပွေ့ချီပြီး ပြောလိုက်သည်။

"လူလေး… အဖေ ငါးသွားရှာဦးမယ်။ တဲအောက်ကို မဆင်းနဲ့နော်"

"ဟုတ်…ဟုတ်"

ဖခင် ကိုတော၏ စကားကို မောင်ဒုံးက မပီကလာ ပီကလာဖြင့် တုံ့ပြန်ပြောရင်း ဖခင်လည်ပင်းကို သိုင်းဖက်ထားသည်။

"ကိုတော… တော် သားကို အမြတ်တနိုး ရင်ခွင်ပိုက်ပြီး ထားချင်တာ ကျွန်မ သိပါတယ်။ ဒါပေမယ့် ထမင်းစားဖို့လည်း ရှာရဦးမယ်မဟုတ်လား"

မလန်းစကားကြောင့် ကိုတော မောင်ဒုံးကို ကြည့်ပြီး မချိတင်ကဲဖြစ်သွားမိသည်။ မောင်ဒုံး လူဖြစ်လာသော်လည်း ဒုက္ခိတဘဝ။ ကိုတောဘဝက ကြွယ်ပိုးကြွယ်ဝဆိုလျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။ ခုတော့ လက်လုပ်မှ ပါးစပ်လှုပ်ရမည့် ဘဝ။ ရှားရှားပါးပါးရလာသည့် သားဖြစ်သော်လည်း ဘဝအကျိုးပေးကံ မကောင်းရှာခဲ့။

"အေး…အေးပါ မလန်းရယ်၊ ငါ အလုပ်သွားပါ့မယ်။ လူလေး ကံအကျိုးပေးနည်းတာကို တွေးပြီး သနားလွန်းလို့ပါ"

ကိုတော ပြောလည်း ပြောစရာ။ ကိုတော လက်ရှိဘဝက ကာယအလုပ်။ သည်ကာယအလုပ်ကို နှစ်ရှည်လများ လုပ်ကိုင်ခဲ့ရသည်။ ခုတော့ အသက်အရွယ်က စကားပြောလာသလို၊ ရာသီဥတုဒဏ်ကိုလည်း ငယ်ရွယ်စဉ်ကလို မခံနိုင်တော့။ မိသားစုဝမ်းဖြည့်ရေးက အဓိက ဖြစ်နေသည်။

"မလန်း…လူလေးကို ဂရုစိုက်နော်။ ငါ ဒီနေ့ ငါးစားကျက်ကောင်း တွေ့ထားတယ်။ ငါးတိုးရင် လူလေး အတွက် ဆေးဝါးဝယ်နိုင်ခြမ်းနိုင်မှာ"

ကိုတောက မောင်ဒုံး ဝေဒနာကို စိတ်မလျှော့။ တတ်စွမ်းသမျှ ကုသနေခြင်းဖြစ်သည်။ ကိုတော ကွန်နှင့် မှိန်းကို ယူပြီး ချောင်းရိုးထဲရှိ လှေဆီသို့ ဆင်းသွားသည်။ မလန်းက ကိုတောကို ကြည့်ရင်း သားဖြစ်သူ မောင်ဒုံးကို ကြည့်လိုက်မိသည်။ တဲ ကဲလားပေါက်မှ ဖခင်ဖြစ်သူကို ငေးကြည့်နေရှာသည့် မောင်ဒုံး။

◈◈◈

မောင်ဒုံး မွေးကတည်းက မိခင် မလန်းနို့ရည်ကို အားရပါးရစို့ခွင့် မရခဲ့။ မလန်းက အသက်ကြီးမှ သားသမီးရ၍ နို့က နည်းပါးခဲ့သည်။ ဒါကြောင့်လည်း နွားနို့ကို ဝယ်တိုက်နေရခြင်းဖြစ်သည်။ ခုတော့ မိခင်နို့တစ်ဝက်၊ နွားနို့တစ်ဝက်ဖြင့် လူဖြစ်လာခဲ့သည့် မောင်ဒုံး။ အသက် ၈နှစ်-၉နှစ်ရှိသော်လည်း ခြေထောက်တစ်ဖက် မသန်စွမ်း၍ ဖင်ရွှေ့ပြီး သွားလာနေရသည်။ မောင်ဒုံးအဖြစ်ကို တွေ့တိုင်း မိခင် ဒေါ်လန်းလည်း ရင်နာမဆုံးဖြစ်ရသည်။

ခုလည်း တဲကဲလားပေါက်မှ ဖခင် အပြန်ကို မျှော်နေရှာသည့် မောင်ဒုံး။ ရုတ်တရက် အော်ကြီးဟစ်ကျယ်ဖြင့် မငိုစဘူး ငိုနေ၍ မလန်း စိုးရိမ်သွားမိသည်။ မောင်ဒုံးကို ရင်ခွင်ထဲသို့ ပွေ့သွင်းပြီး အခါခါချော့နေမိသည်။

"လူလေး… ဘာဖြစ်လို့လဲ၊ အမေ့ကို ပြောစမ်း၊ တိတ်တော့နော် လူလေး။ လူလေးအဖေ ပြန်လာတော့မယ်၊ မငိုနဲ့ လူလေး"

မလန်း အမျိုးမျိုးချော့လည်း မောင်ဒုံးက အငိုမရပ်။ ငိုမြဲ ငိုနေ၍ မလန်းပါ အလိုလို မျက်ရည်ကျလာမိသည်။ မလန်းနှင့် မောင်ဒုံးအဖြစ်ကို ကြားရ၍ တဲနီးချင်းများက မနေသာ၊ အပြေးလာကြည့်ရင်း မောင်ဒုံးအဖြစ်ကို စုးစမ်းကြသည်။ မေးမြန်းကြည့်ကြသည်။

"မလန်း… မောင်ဒုံး မငိုစဘူး ငိုနေပါလား"

www.burmeseclassic.com

"မသိပါဘူး ဒေါ်ရွှေတင်ရယ်။ ကျွန်မ ဘယ်လိုချော့ချော့ မရဘူး"

တဲနီးချင်းများက မောင်ဒုံး အငိုတိတ်အောင် သင့်ရာဆေးများ တိုက်ပြီး လူးလိမ်းပေးကြသော်လည်း ခဏသာ အငိုရပ်ပြီး ဆက်ငိုနေ၍ မကြတိတ်အောင် ဖြစ်သွားကြသည်။

"မလန်း… ညည်း နေဝင်မိုးချုပ် မောင်ဒုံးနဲ့ ချောင်းရိုးဘေးကို သွားသေးလား။ မကောင်းတဲ့ အပမျှား မှီနေသလား"

ကြာတော့ မောင်ဒုံး ငိုကြွေးသံကို ကြားရသူတိုင်း မျက်ရည်စို့လာကြသည်။ နောက်ဆုံး ပယောဂ ဆရာကို အပြေးပင့်ပြီး မောင်ဒုံးကို ပြကြည့်သည်။ မောင်ဒုံး ခဏပဲ အငိုရပ်သည်။ ပယောဂဆရာ ပြန်သွားတော့ ဆက်ငိုပြန်သည်။

မောင်ဒုံးအဖြစ်က နှစ်ရှည်လများ ဖြစ်တည်သည့် ဝေဒနာမဟုတ်။ ရုတ်ခြည်းပေါ်ပေါက်လာသည့် ဝေဒနာ။ နောက်ဆုံး ရွာဘုန်းတော်ကြီးကို ပင့်ပြီး မောင်ဒုံး ခံစားနေရသည့် ဝေဒနာကို ပြသည်။ မောင်ဒုံးက ဘုန်းတော်ကြီးကို တွေ့လိုက်ရ၍ အထူးအဆန်း ဖြစ်သွားဟန်တူသည်။ အငိုရပ်ပြီး ဘုန်းတော်ကြီးထံ သွားနေ၍ ဘုန်းတော်ကြီးက မောင်ဒုံးအား ပွေ့ထားပြီး…

"ဒကာကြီးနဲ့ ဒကာမကြီး… မောင်ဒုံးက ဘုန်းကြီးနဲ့ ဘဝပတ်သက်ဆက်ပါတယ်။ မောင်ဒုံးကို ဘုန်းကြီးဝယ်မယ်။ ဘယ်လောက်ပေးရမလဲ၊ ပြော"

"တပည့်… တပည့်တော် မောင်ဒုံးကို မရောင်းနိုင်ပါဘူး ဘုရား"

"ဟဲ့ – မောင်တော၊ နင် အ, လိုက်တာ၊ လွန်ရောလား။ နင့်သားကို ဘုန်းကြီးက တကယ်ဝယ်မှာ မဟုတ်ဘူး။ နင့်သားရောဂါပျောက်ဖို့ ခဏဝယ်တာ။ နင်ရောင်းမှ နင့်သား ရောဂါကင်းမှာ"

တဲနီးချင်း ဒေါ်ရွှေတင်က တိုးတိုးတိတ်တိတ်ပြောမှ ကိုတော သဘောပေါက်သွားမိသည်။ ကြည့်လေ၊ နေ့စဉ်ရက်ဆက် တစာစာငိုနေသည့် မောင်ဒုံး။ ရွာဘုန်းတော်ကြီးဘေးတွင် ထိုင်ရင်း ပြုံးရွှင်နေသည့် မျက်နှာကို တွေ့ရသည်က မယုံနိုင်စရာ။

"မောင်ဒုံးကို ဘုန်းကြီးဝယ်ပြီးပြီ ဆိုတော့ ဘုန်းကြီးပိုင်သွားပြီ။ ဒကာ၊ ဒကာမကြီးတွေနဲ့ မဆိုင်တော့ဘူး။ ဘုန်းကြီးပဲ မောင်ဒုံးကို စောင့်ရှောက်ပါ့မယ်။ မောင်ဒုံး ဘုန်းကြီးနဲ့ တစ်သက် ✻ လိုက်နေမယ်မဟုတ်လား"

ရွာဘုန်းတော်ကြီး၏ အမေးစကားကို မောင်ဒုံးက ခေါင်းညိတ်ပြရင်း မျက်နှာရွှင်ပျနေသည်။

"ဒကာကြီးတို့လည်း ဆင်းဆင်းရဲရဲရှာဖွေနေရတော့ မောင်ဒုံးကို လူဖြစ်အောင် ပြုစုဖို့ တာဝန်ကြီးပါတယ်။ ဘုန်းကြီးက မောင်ဒုံးကို ဆေးဝါးကုသပြီး လမ်းလျှောက်နိုင်အောင် ပြုစုပါ့မယ်။ ဒကာကြီးတို့လည်း လာကြည့်လို့ ရပါတယ်"

ဘုန်းတော်ကြီးက ကိုတောကို မိန့်ဟပြီး ကပ္ပိယကြီးက မောင်ဒုံးကို ပွေ့ချီကာ ရွာကျောင်းသို့ ပြန်ကြွသွားသည်။ ကိုတောက ဘုန်းတော်ကြီး နောက်သို့ လိုက်ပါသွားသည့် မောင်ဒုံးကို ကြည့်ပြီး မျက်ရည်ဝဲနေသလို၊ မလန်း၏ ငိုရှိုက်သံများကလည်း ထွက်ပေါ်လာသည်။

"စိတ်ကို ဖြေကြစမ်းပါဟယ်။ မောင်ဒုံးကို နင်တို့ တာရှည် ပြုစုဖို့ မလွယ်ဘူးလေ။ ခု ဘုန်းတော်ကြီးက မောင်ဒုံးကို သနားလို့ မွေးစားဖို့ ခေါ်သွားတာပါ။ ဒါမှ မောင်ဒုံး တစ်သက်လုံး အဆင်ပြေသွားမှာ။ ပြီးတော့ မောင်ဒုံး သွားနေတာက အဝေးကြီး မဟုတ်တာ။ နင်တို့ သတိရတိုင်း သွားကြည့်လို့ ရပါတယ်"

ဒေါ်ရွှေတင် ပြောလည်း ပြော… စရာ။ ကိုတောနှင့် မလန်းက လက်ထဲ… မှ ပါးစပ်လှုပ်ရသည့် ဘဝ။ မော… အတွက် ဝမ်းနည်းကြေကွဲမိသော်လည်း မောင်ဒုံး ဘဝရှေ့ရေးအတွက် တွေး… ပြီး စိတ်ထဲတွင် ဖြေသိမ့်လိုက်မိသည်။

◈◈◈

"အခု အဘပြောခဲ့တာက အဘ… ရဲ့ ငယ်ဘဝအကြောင်းပေါ့ကွယ်။ အဘ… ဘုန်းတော်ကြီးကျောင်းရောက်ပြီး သုံး… နှစ်လောက်ကြာတော့ အဘရဲ့ အဖေ… ငါးရှာရင်း မိကျောင်းဆွဲခံခဲ့ရတယ်"

အဘဒုံး၏ ဆို့နင့်စွာ ပေါ်လာသည့် စကားကြောင့် ကျွန်တော် စိတ်… မကောင်းဖြစ်သွားမိသည်။ အဘဒုံးဘဝ… က ဒုက္ခပေါ် ဒုက္ခဆင့်ခဲ့ရသည်။ အဘ… ဒုံးက ဖခင်အဖြစ်ကို ပြန်တွေးရင်း… ကြေကွဲနေရှာသည်။

"အဘရဲ့ ဆုံးပါးပြီး မကြာဘူး… အမေလည်း အဖေ့စိတ်နဲ့ တိမ်းပါး… ပြန်တယ်။ အဘ ဘဝမှာ ခိုကိုးရာမဲ့… ဆိုပြီး ကြိတ်ငိုခဲ့ရတာ။ ဒါပေမယ့် အဘ… ကို မွေးစားခဲ့တဲ့ ဘုန်းတော်ကြီး ရှိနေ… သေးလို့ အဘ စိတ်သက်သာခွင့် ရ… ပါတယ်။ အင်း… နောက်ဆုံးတော့… သတ္တဝါတစ်ခု၊ ကံတစ်ခုလို့ပဲ သတ္တ… ရမှာပေါ့ကွယ်။ အတိတ်ဘဝက ပြု… မှားခဲ့တဲ့ ကံကြောင့် ဒီဘဝမှာ ခံစား… တာ။ ဒါတွေကို အဘ ဘာကြောင့်… သိခဲ့ရသလဲဆိုရင် ဘုန်းတော်ကြီးရဲ့… တရားစာအုပ်တွေကို ဖတ်ပြီး အဘ… အကုသိုလ်အလုပ်တွေကို ကျူးလွန်… မှာ ကြောက်သွားမိတယ် မောင်… လေး"

www.burmeseclassic.com

အဘဒုံးက ဆည်းလည်းသံ တချွင်ချွင်မြည်နေသည့် စေတီအိုလေး ကို ကြည့်ရင်း စကားအဆုံးသတ်လိုက် မှ ကျွန်တော် သတိရသွားမိသည်။ ကျွန်တော်နှင့် အဘဒုံးက ဘယ်ဘဝက ရေစက်ပါခဲ့သည် မသိ။ ထူးထူးဆန်း ဆန်း သည်စေတီအိုလေးတွင် ဆုံတွေ့ ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့သင်္ဘော ကုန် စွည်းတင်ဆောင်ပြီး ခရီးဆန့်ခဲ့ရာ မမျှော်လင့်ဘဲ သင်္ဘောစက်ချို့ယွင်းခဲ့ သည်။ သင်္ဘော စက်ချို့ယွင်းမှုကြောင့် အဘဒုံးတို့ရွာသို့ ဆိုက်ကပ်ပြီး သင်္ဘော စက်ပြင်နေချိန် ရွာနှင့် အတန်လှမ်း သည့် တောင်ကုန်းလေးပေါ်ရှိ စေတီ အိုလေးကို ကျွန်တော် ဖူးမြော်ရင်း အဘဒုံးနှင့် ဆုံတွေ့ခဲ့ခြင်းဖြစ်သည်။

"အဘ လူ့ဘဝကို ရောက်ခဲ့တဲ့ အဖြစ်က ကြေကွဲစရာအဖြစ်ပါလား အဘရယ်"

"ဟုတ်တယ် မောင်ရင်လေး။ အဘ အရွယ်ရောက်မှ ဘုန်းတော်ကြီး က ဟောဒီ ချိုင်းထောက်လုပ်ပေးလို့ အဘ အခုလို သွားနိုင်၊ လာနိုင်တာပဲ။ ဘဝအရတော်သေးတယ်လို့ ပြောရမှာ ပေါ့ကွယ်"

အဘဒုံးက အတိတ်၏ ခါးသီး ချက်များကို ပြန်တွေးရင်း စိတ်ကြေကွဲ နေရှာသည်။ လူ့ဘဝထဲသို့ ထူးထူး ခြားခြား ရောက်လာသည့် အဘဒုံး၏ ဘဝကို ကျွန်တော် စာနာမိသည်။ ကိုယ်ချင်းစာမိသည်။

"မောင်ရင်လေးက ငယ်ရွယ်သူ ဆိုတော့ ရှေ့ဆက်ရမယ့် လူ့ဘဝတွေ က အများကြီးကျန်ပါသေးတယ်ကွယ်။ ဒီတော့ ကုသိုလ်ကောင်းမှုစိတ်ကို အမြဲ တမ်း နှလုံးသွင်းထားရင် ဘဝကံအကျိုး ပေးကောင်းမှာ မလွဲပါဘူးကွယ်။ အဘ ဘဝက အတိတ်ကံ မကောင်းခဲ့တော့ တရားနဲ့ ဖြေပြီး ကံကြွေးကျေအောင် ဆပ်နေရတဲ့ မောင်ဒုံးပေါ့ကွယ်။ အင်း . . . လောဘ၊ ဒေါသ၊ မောဟကြောင့် ကျူးလွန်မိတဲ့ ကာယကံ၊ ဝစီကံ၊ မနော ကံတွေက တယ်လည်း ကြောက်စရာ ကောင်းပါတယ်ကွယ်။ ကဲ . . . ကဲ၊ အဘလည်း ကျောင်းပြန်ပြီး ဝေယျာဝစ္စ ကုသိုလ်လုပ်ပေးရဦးမယ်"

အဘဒုံး၏ အဆုံးသတ် စကား ကြောင့် ကျွန်တော် နှုတ်ဆက်ပြီး စေတီ အိုလေး တည်ရှိရာ တောင်ကုန်းလေး ပေါ်မှ ဆင်းလာခဲ့သည်။

ကျွန်တော် တောင်ခြေသို့ ရောက်ပြီး ပြန်ကြည့်လိုက်မိသည်။ ချိုင်းထောက်ကို အားပြုပြီး တောင် ကုန်းပေါ်မှ တရွေ့ရွေ့ဆင်းနေသည့် ဘဒုံး မြင်ကွင်း။ အဘဒုံး အသက်ရှင်နေသမျှ ဘဝကံကြွေးကို သံသရာမပါအောင် ကုသိုလ်ပြုရင်း ဆပ်နေသည့်အဖြစ်။

ကျွန်တော် အဘဒုံးကို ကြည့်ရင်း စိတ်ထဲ၌ ဆုတောင်းလိုက်မိပါသည်။ အဘဒုံး အတိတ်ဘဝ ကံဝဋ်ကြွေးများ အမြန်ဆုံးကျေပါစေဟုသာ . . . ■

* * *

ရွှေနံကျော်ဦး

ရန်ကုန်မြို့၊
ဖုန်း - ၃၃၀၅၀၄၃၁



www.burmeseclassic.com

www.burmeseclassic.com

# ဘေးဘယာ ဝေးကွာ၍ လူ့နတ် ချစ်ခင်စေသော ပီယအဆောင်ရုပ် ထုလုပ်စီရင်နည်း

အေးရွှေ(ဇီးကုန်း)

ခုနစ်နေ့၊ ခုနစ်နံသားသမီးတို့၏ မိမိတို့ သက်ဆိုင်ရာ ခရားဆောက်တိုင်များ၌ မိမိတို့၏ မွေးနံကို အရင်းထားပြီး၊ တိုင်ထိပ် ပဥ္စပွတ်ကို အဖျားထား၍ နှစ်နံတွဲ နံသင့်အသား တို့အား ဆိုင်ရာ မွေးနေ့အလိုက် အရုပ်လေးများ ထုလုပ်၊ ကိုယ်နှင့် မကွာအောင် ဆောင်ထားပါက သွားလေရာ လာလေရာ၌ သူမတူအောင် မျက်နှာပွင့်လန်းပြီး လူနတ်တို့ ချစ်ခင်လျက် ဘေးရန်အပေါင်း ကင်းဝေးကာ အလုပ်အကိုင် အကြံအစည်တို့ အောင်မြင်ပြီးမြောက် ဩဇာတိက္ကမ တန်ခိုး အာဏာများ ကြီးနိုင်ကြောင်း ဓာတ်ဆရာကြီး ဦးစိန်မောင်က အမိန့်ရှိပါသည်။

၁။ တနင်္ဂနွေသားသမီးတို့သည် မိမိတို့၏ မွေးနံဖြစ်သော တနင်္ဂနွေနံအရင်းထားကာ ဆိုင်ရာ ခရားစောက်တိုင် ထိပ်က ပဥ္စပွတ်-ကြာသပတေးနံအဖျားထားပြီး၊ ထိုနှစ်နံ တွဲဖြစ်သည့် အောင်မဲဖြူသားကို မိမိတို့၏ လက်ခလယ် တစ်ဆစ်ခန့် ကြွက်ရုပ်ထုလုပ်ပြီး ကိုယ်နှင့်မကွာ ဆောင် ထားရမည်။

၂။ တနင်္လာသားသမီးတို့သည် မိမိတို့၏ မွေးနံဖြစ် သော တနင်္လာနံအရင်းထားကာ ဆိုင်ရာ ခရားစောက် တိုင်ထိပ်က ပဥ္စပွတ်-သောကြာနံကို အဖျားထားပြီး ထိုနှစ်နံ တွဲဖြစ်သည့် ကသစ်သားကို မိမိတို့၏ လက်ခလယ်တစ်ဆစ် ဖြတ်၊ ထုလုပ်ပြီး ကိုယ်နှင့်မကွာ ဆောင်ထားရမည်။

၃။ အင်္ဂါသားသမီးတို့သည် မိမိတို့၏ မွေးနံဖြစ်သော အင်္ဂါနံအရင်းထားကာ ဆိုင်ရာ ခရားစောက်တိုင်ထိပ်က ပဥ္စ ပွတ်-စနေနံကို အဖျားထားပြီး၊ ထိုနှစ်နံတွဲဖြစ်သည့် စွယ် တော်သားကို လက်တစ်ဆစ်ဖြတ်၍ နဂါးရုပ်ထုပြီး ကိုယ်နှင့် မကွာ ဆောင်ထားရမည်။

၄။ ဗုဒ္ဓဟူးသားသမီးတို့သည် မိမိတို့၏ မွေးနံဖြစ်သော ဗုဒ္ဓဟူးနံကို အရင်းထားကာ ဆိုင်ရာ ခရားစောက်တိုင်ထိပ် မှ ပဥ္စပွတ်-တနင်္ဂနွေနံကို အရင်းထားပြီး၊ ထိုနှစ်နံတွဲဖြစ် သော ဝင်အူသားကို မိမိတို့၏ လက်ခလယ်တစ်ဆစ်ဖြတ် ဂဠုန်ရုပ်ထုပြီး ကိုယ်နှင့်မကွာ ဆောင်ထားရမည်။

၅။ ကြာသပတေးသားသမီးတို့သည် မိမိတို့၏ မွေးနံ ဖြစ်သော ကြာသပတေးနံအရင်းထား၍ ဆိုင်ရာ ခရားစောက် တိုင်ထိပ်မှ ပဥ္စပွတ်-တနင်္လာနံကို အဖျားထားကာ ထိုနှစ်နံ တွဲဖြစ်သော မန်ကျည်းသားကို လက်ခလယ်တစ်ဆစ်ခန့် ဖြတ်၍ ကျားရုပ်ထုလုပ်ပြီး ကိုယ်နှင့်မကွာ ဆောင်ထားရ[illegible]

၆။ သောကြာသားသမီးတို့သည် မိမိတို့၏ မွေးနံ[illegible] သော သောကြာနံကို အရင်းထားကာ ဆိုင်ရာ ခရားစော[illegible] တိုင်ထိပ်မှ ပဥ္စပွတ်ဖြစ်သည့် အင်္ဂါနံကို အဖျားထား[illegible] ထိုနှစ်နံတွဲဖြစ်သည့် သစ်ဆိမ့်သားကို လက်ခလယ်တစ်ဆ[illegible] ဖြတ်၍ ခြင်္သေ့ရုပ်ထုလုပ်ပြီး ကိုယ်နှင့်မကွာ ဆောင်ထ[illegible] မည်။

၇။ စနေသားသမီးတို့သည် မိမိတို့၏ မွေးနံဖြစ်[illegible] စနေနံအရင်းထားကာ ဆိုင်ရာ ခရားစောက်တိုင်ထိ[illegible] ပဥ္စပွတ်ဖြစ်သည့် ဗုဒ္ဓဟူးနံကို အဖျားထားပြီး၊ ထိုနှစ်နံတွဲ[illegible] သည့် ဒန့်သလွန်သား လက်တစ်ဆစ်ကို ဆင်ရုပ်ထုလု[illegible] ကိုယ်နှင့်မကွာ ဆောင်ထားရမည်။

ထိုကဲ့သို့ သက်ဆိုင်ရာ နှစ်နံတွဲ အသားတို့အား မိ[illegible] ၏ ဆိုင်ရာဆိုင်ရာအရုပ်လေးများ ထုလုပ်၍ ကိုယ်နှင့် မ[illegible] ဆောင်ထားပါမူ အထက်၌ ဆိုခဲ့ပြီးသည့်အတိုင်း သွားလေ[illegible] လာလေရာ၌ မျက်နှာပွင့်လန်းပြီး လူနတ်တို့ ချစ်ခင်လ[illegible] ဘေးရန်အပေါင်း ကင်းဝေးကာ အလုပ်အကိုင် အကြံအ[illegible] တို့ အောင်မြင်ပြီးမြောက်၍ ဩဇာတိက္ကမ တန်ခိုးအာဏာ[illegible] ကြီးမြတ်နိုင်ကြောင်း ဆရာကြီး ဦးစိန်မောင်(ဓာတ်ဆရာ[illegible] အမိန့်ရှိခဲ့သည့်အတိုင်း တင်ပြအပ်ပါသည်။

| မွေးနေ့ | ဆိုင်ရာ ပဥ္စပွတ် | နှစ်နံတွဲ အသား | အဆောင်[illegible] |
|---|---|---|---|
| တနင်္ဂနွေ | ၅-တေး | အောင်မဲဖြူ | ကြွက် |
| တနင်္လာ | ၆-ကြာ | ကသစ် | ပွး |
| အင်္ဂါ | ၀-စနေ | စွယ်တော် | နဂါး |
| ဗုဒ္ဓဟူး | ၁-နွေ | ဝင်အူ | ဂဠုန် |
| ကြာသပတေး | ၂-လာ | မန်ကျည်း | ကျား |
| သောကြာ | ၃-ဂါ | သစ်ဆိမ့် | ခြင်္သေ့ |
| စနေ | ၄-ဟူး | ဒန့်သလွန် | ဆင် |

မွေးနေ့သားသမီးများအလိုက် အဆောင်ရုပ်[illegible] အလွယ်တကူ ထုလုပ်နိုင်ပါရန် နှိုင်းယှဉ်ဖော်ပြအပ်[illegible]

* * *

အေး[illegible]

www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ ဇွန်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ပုံပြင်ထဲမှ သမင်က ဦးချို၏လှပမှုကို ဂုဏ်ယူခဲ့သည်။ သို့သော် ထိုဦးချိုကြောင့် မုဆိုး၏လက်တွင်းသို့ ကျရောက်ခဲ့ရလေသည်။ ယခုကာလမှာ တလွဲမာနထားမှုကို ဆင်ခြင်သင့်သည်။ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ဝေဖန်ပါ။ အောင်မြင်မှု၊ ဆုံးရှုံးမှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတို့ကို ပြန်လည်စိစစ်ဝေဖန်ပါ။ နိုင်ငံရပ်ခြားသွားလာမှုကို လူကြီးမိဘ အကြီးအကဲတို့နှင့် တိုင်ပင်ဆောင်ရွက်လျှင် ရလဒ်ကောင်း ထွက်ပေါ်လိမ့်မည်။ ကျန်းမာရေးအတွက် သဘာဝဆေး၊ သဘာဝအစာကို စားသုံးပါ။ အချစ်ရေးမှာ ဝေခွဲရမည့် လမ်းနှစ်သွယ် ပေါ်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၈)အဆုံး၊ (၂)အစ (၅)အဆုံး။

**ယတြာ** - မိမိ၏မွေးနေ့တွင် ဘုရားတစ်ဆူသို့သွားပြီး မွေးနံထောင့်မှာ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

တည်တည်ကြည်ကြည် ဆောင်ရွက်နေမည့် ကာလ။ အပျံစား ဈေးကွက်နယ်ပယ်သို့ ခြေဆန့်ခွင့်ရမည်။ ကောင်းမွန်သော အိုင်ဒီယာများ ရှိနေမည်။ ရည်မှန်းချက် တိကျသေသပ်နေမည်။ ဆုံးဖြတ်ချက်ကို မြန်မြန်နှင့်မှန်မှန် ချမှတ်နိုင်လိမ့်မည်။ မိမိကံကြမ္မာကို မိမိဘာသာ ဖန်တီးနိုင်လိမ့်မည်။ ဉာဏ်ကွန့်မြူးထားသော တီထွင်ဖန်တီးမှုပြုရလိမ့်မည်။ ကျန်းမာရေးအတွက် ဆေးဖြစ်စေမည့်အစာကို ရွေးချယ် စားသောက်ပါ။ အချစ်ရေး အိုကေ စိုပြည်နေမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၃)အဆုံး၊ (၆)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့၌ မွေးနံထောင့်တွင် ပန်းအဖြူ ပန်းအနီကပ်လှူပြီး သီလခံယူကာ မင်္ဂလာကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ယုံကြည်ချက် မြင့်မားနေမည့် ကာလ။ မိမိအိပ်မက်ကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်နေမည်။ စွမ်းဆောင်ချက် မြင့်မားမည်။ ခေတ်မီ အိုင်တီပညာရပ်များ၊ အဆင့်မြင့် ပညာရပ်များကို သင်ကြားခွင့်ရမည်။ ဖက်ရှင်ပုံစံ ဆန်းသစ်လွန်းနေမည်။ ကြံဆ တွေးတောမှု အားကောင်းနေမည်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်မှု အဆင်ချောမည်။ ကျန်းမာရေးအနေဖြင့် ခံစားနေရသော ရောဂါဝေဒနာဆန်း ပျောက်ကင်းသွားလိမ့်မည်။ အချစ်ရေးမှာ ချစ်ချင်သူက တစ်ယောက်၊ ချစ်သင့်သူက တစ်ယောက်ဖြစ်နေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၂)အစ (၄)အဆုံး။

**ယတြာ** - မွေးနေ့တွင် သီလရှင်တစ်ပါးကို ထီးနှင့် ဖိနပ်လှူဒါန်းကာ ကုသိုလ်ယူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

ရောမအခွင့်အလမ်းကြီးတစ်ခုကို ရရှိမည့်ကာလ။ ခြေထိုးခံမည့် ပြိုင်ဘက်များကို အသာစီးမှ အနိုင် ယူနိုင်မည်။ ကံတရားက သင့်ဘက်မှ ရပ်တည်နေသည်။ ကောင်းမွန်သော အတွေးဒသသနများ ရှိ နေမည်။ ပညာရေးမှာ တိုးတက်အောင်မြင်မှုများ ကြုံမည်။ ဘွဲ့ထူးဂုဏ်ထူးများ တသီတတန်းကြီး ရမည်။ အစားကောင်း၊ အသောက်ကောင်းများကို ကြိုက်နှစ်သက်နေမည်။ ကျန်းမာရေးအတွက် ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို သဘာဝဓာတ်စာအဖြစ် စားသုံးပေးသင့်၏။ အချစ်ရေးမှာ ပတ်ဝန်း ကျင်က မိမိကို မျက်နှာများသူအဖြစ် ထင်ကြေးပေးမှု ခံရလိမ့်မည်။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၅)အစ (၀)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပြီး အဓိဋ္ဌာန် ပုတီးသက်စေ့စိပ်ပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

ကံတရား၏ ဆုပေး ဒဏ်ပေး အကဲစမ်းမှုကို ရရှိမည့်ကာလ။ တိမ်မယောင်နှင့် နက်၊ လွယ်မယောင် နှင့် ခက်သော ကိစ္စရပ်အချို့နှင့် ကြုံရတတ်သည်။ အရာရာကို အပြောလွယ်သလောက် အလုပ်ခက် နေလိမ့်မည်။ ပညာကံသင့်၏။ လုပ်ငန်းသစ် ကမ်းလှမ်းမှုတစ်ခုကြုံမည်။ ချင့်ချိန်ဆုံးဖြတ်ပါ။ ကျန်းမာ ရေးအတွက် အမျှင်ဓာတ်ကြွယ်ဝသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးပေးသင့်သည်။ အချစ်ရေးမှာ စိတ်ကူးဖြင့် ရူးနေရမည်။ လက်တွေ့ အချစ်စစ်ကြုံရန် ခက်၏။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၀)အဆုံး၊ (၅)အစ (၇)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ ဆီထမင်းကပ်လှူ ပူဇော်ပါ။ ထို့အပြင် မိမိပတ်ဝန်းကျင်ရှိ ကလေးများကို လည်း ဆီထမင်းကျွေး၍ ဒါနပြုပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

မြင်းတစ်ကောင်နှင့် ခရီးသွားသော သားအဖနှစ်ယောက်ပုံပြင်ထဲကကဲ့သို့ ဝေဖန်မှုအမျိုးမျိုးကို ခံနေ ရတတ်သည်။ ဝေဖန်မှုများကို ဆန်းစစ်ရန် လို၏။ အပြုသဘောဆောင်ပြီး မိမိအတွက် အကျိုးရှိသော ဝေဖန်ချက်ကို လက်သင့်ခံလိုက်ပါ။ သင်၏ ပျော့ကွက်၊ ဟာကွက်များကို ပြုပြင်လိုက်လျှင် ပို၍ မြင့်မားသော ထိပ်တန်းအခြေအနေကို ရောက်ရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် အချဉ်ဓာတ် ကြွယ်ဝသော ဂရိတ်ဖရုသီး၊ ရှောက်သီး၊ သံပရာသီး၊ လိမ္မော်သီးတို့ကို သင့်တင့်မျှတစွာ စားသုံးပေးပါ။ အချစ်ရေးမှာ အသည်းကြားတွင် စူးမြားစိုက်နေလိမ့်မည်။ မုန်းခက်ခက် ချစ်ရမလွယ်ကူသူကိုမှ တွယ်တာနေမိမည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၁)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - အိမ်သို့ ဆွမ်းခံကြွလာသော သံဃာတော်ထံမှာ သီလခံယူပြီး သင်္ကန်းလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ခေါင်းမဖော်နိုင်အောင် အလုပ်ရှုပ်နေမည့် ကာလ။ စိတ်ကူးထဲမှ ဘဝကို လက်တွေ့ ပိုင်ဆိုင်နိုင်ရန် အစွမ်းကုန် ကြိုးစားနေမည်။ အိမ်၊ ခြံ၊ မြေကိစ္စအတွက် စာချုပ်ချုပ်ဆိုမှုအချို့ ပြုလုပ်ရလိမ့်မည်။ ယာဉ် စက်ပစ္စည်းအတွက် စကားပြောဆိုရတတ်၏။ ဗုဒ္ဓဟူးနံပစ္စည်း အဝင်အထွက်ရှိ၏။ လတ်တလောမှာ မိမိ၏ ကာယအား၊ ဉာဏအားများကို အစွမ်းကုန် အသုံးချနေရတတ်၏။ ကျန်းမာရေးအတွက် နွားနို့တစ်ခွက် နေ့စဉ်သောက်သုံးပေးပါ။ အချစ်ရေးမှာ ပျော်ရွှင်ဖွယ်ရာ အချစ်မြို့တော်ကို တည်ဆောက်ခွင့်ရမည်။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ သောကြာ။

ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၂)အဆုံး၊ (၃)အစ (၆)အဆုံး။

ယတြာ - မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် မင်္ဂလသုတ်တော်ကို ရွတ်ဖတ် ပူဇော်ပြီး ဆင်ခြင်ပွားများ ကျင့်ကြံအားထုတ်ပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ပန်းခင်းလမ်းမဟုတ်သော ဘဝမှာ လောကဓံနှင့် အားစမ်းရမည့်ကာလ။ လတ်တလောမှာ စကားအရှုပ်အရှင်းကင်းရန် အထူးလိုအပ်၏။ ကြာရှိုးကြာစွယ်ကို ကြည့်ပြီး ရေအတိမ်အနက်ကို သိနိုင်၏။ ထို့အတူပင် သင့်နှုတ်ထွက် စကားများက သင့်အဆင့်အတန်းကို ဖော်ပြနေ၏။ မှန်ကန်ပြီး အကျိုးရှိသော စကားများကို ရွေးချယ်သုံးနှုန်းပါ။ ဖျားနာက ချက်ချင်းကုသပါ။ ရောဂါသေးသော်လည်း ဂရုမစိုက်က ကြာရှည် ဝေဒနာခံစားရတတ်သည်။ အချစ်ရေးမှာ မိမိထက် ဂုဏ်မြင့်သူ၊ အဆင့်တန်းမြင့်သူနှင့် ချစ်ကြည်ခွင့်ရလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ကြာသပတေး။

ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၈)အဆုံး၊ (၁)အစ (၄)အဆုံး။

ယတြာ - မွေးနေ့တွင် အိမ်ရှိဘုရားမှာ သီလခံယူပြီး ဒိဝါတပတိဂါထာ သက်စေ့ ရွတ်ဆိုပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

စင်မြင့်ထက်မှာ အောင်ပွဲခံရမည့် ကာလ။ လုပ်ငန်းနယ်ပယ်မှာ နောက်ခံ အင်အားကောင်းသူများ၏ အပြည့်အဝထောက်ခံမှုကို ရရှိမည်။ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသော ပညာရပ်များကို အသုံးချခွင့်ရပေလိမ့်မည်။ လူမှုရေးပွဲလမ်းအခမ်းအနားများတွင် မျက်နှာပွင့်နေလိမ့်မည်။ အကျိုးအမြတ် နှစ်ဆတိုးစေမည့် ရင်းနှီးမြှုပ်နှံမှု ပြုရမည်။ ကျန်းမာ၊ ချမ်းသာ၊ လန်းဖြာဖွယ်ရာများ ကြုံရပါလိမ့်မည်။ အချစ်ရေးမှာ လိုက်ဖက်ညီလွန်းသော ဖူးစာဖက်နှင့် ကြုံကြိုက်ရပေလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။

ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၁)အဆုံး၊ (၆)အစ (၁)အဆုံး။

ယတြာ - မိတ်ဆွေအပေါင်းအသင်းများကို ကြာဆန်ကြော်ကျွေး၍ ဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

**မကာရရာသီ**



**CAPRICORN**

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ကြိုးစားမှုနှင့် အချိုးညီမျှသော အောင်မြင်မှုကို ရရှိမည့်ကာလ။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်သင့်၏။ လုပ်ငန်းခွင်မှာ မှားယွင်းမှုအချို့ ကြုံရနိုင်၏။ အမှားမှ သင်ခန်းစာယူရန် လို၏။ ဘဝအတွက် အားသစ်ဖြည့်ပေးမည့် စာကောင်း ပေမွန်များကို ဖတ်ရန် လို၏။ ရပ်ဝေးဒေသ ပြည်ပခရီးသွားလာမှုမှာ အောင်မြင်လိမ့်မည်။ ကျန်းမာရေးအတွက် မိမိစိတ်ကို သင့်တင့်မျှတအောင် နှလုံးသွင်းပါ။ ဒေါသ၊ လောဘ၊ မောဟများကို လျှော့ပါ။ ချစ်သူထံမှ ခေတ်မီ အိုင်တီပစ္စည်းတစ်ခု လက်ဆောင်ရမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၄)အစ (၁)အဆုံး။

**ယတြာ** - လူကြီးမိဘ ဆရာသမားများကို တရားစာအုပ်၊ တရားခွေများ ပေးလှူကာ ဒါနပြုပါ။

**ကုမ်ရာသီ**



**AQUARIUS**

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ရှိသားခြင်းက အကောင်းဆုံး မူဝါဒဟု လက်ခံနေမည့် ကာလ။ ရှိသေထိုက်သူများကို ရှိသေနေလိမ့်မည်။ ပေါင်းသင်းဆက်ဆံရေး အထူးကောင်းမွန်နေမည်။ အမြင်ကျယ်နေမည်။ ကွက်ကျော်မြင်မည်။ အရောင်းအဝယ်ကိစ္စရပ်များ ဖြောင့်ဖြူးနေမည်။ သင့်ကုန်ပစ္စည်း ဖြန့်ချိအား ကောင်းနေမည်။ အရာရာကို ဥပဒေဘောင်အတွင်းမှ လှုပ်ရှားနေမည်။ ကာယ၊ စိတ်၊ ဉာဏ်၊ အာဟာရ မျှတအောင် နေထိုင်မှုကြောင့် ကျန်းမာနေလိမ့်မည်။ အချစ်ရေးအနေဖြင့် လှပလွန်းသော အချစ်လိပ်ပြာလေးက သင့်အနီးအပါးမှာ ဝေ့ဝဲနေပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၇)အဆုံး၊ (၂)အစ (၅)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ နှင်းဆီပန်း၊ အောင်သပြေ၊ ရေချမ်းနှင့် မုန့်လုံးရေပေါ် (၂၇)လုံး ကပ်လှူပူဇော်ပါ။

**မိန်ရာသီ**



**PISCES**

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

ရည်ရွယ်ချက်သစ်၊ ဆန္ဒသစ်များ အောင်မြင်မည့်ကာလ။ စေတနာအရင်းခံသော ဒါနကောင်းမှုတစ်ခုကို ပြုလုပ်ခွင့် ကြုံမည်။ ယုံကြည်ချက်အပြည့်အဝရှိသော အသွင်အပြင်ရှိနေမည်။ မိတ်ဆွေများ၏ လေးစားမှုကို ရရှိလိမ့်မည်။ အပျံစား အလန်းစား ယာဉ်၊ စက်ပစ္စည်းများ ရရှိပိုင်ဆိုင်ခွင့် ကြုံမည်။ ယုန်နှင့် လိပ်ပုံပြင်ထဲမှ လိပ်ပမာ ဇိရိယရှိရန် လိုအပ်ပေလိမ့်မည်။ ခရီးသွားလာမှုကြောင့် စိတ်ရွှင်လန်း တက်ကြွကာ ကျန်းမာနေပေလိမ့်မည်။ အချစ်ရေးမှာ အသွင်တူသော ချစ်သူလေး၏ အိမ်သူဖြစ်ခွင့်ရပေလိမ့်မည်။ ချစ်ကံကောင်းနေမည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၉)အဆုံး၊ (၆)အစ (၆)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ ထီးဖြူ၊ ထီးနီနှင့် တံခွန်ကုက္ကားများ လှူဒါန်းကာ လိုရာဆုတောင်းပါ။ ဆန္ဒပြည့်ဝ အောင်မြင်ပါလိမ့်မည်။

*****



www.burmeseclassic.com

www.burmeseclassic.com

ရိရိငွေး

# ဂမ္ဘီရနယ်မှ ဆန်းကြယ်သော ဖြစ်ရပ်တစ်ခု




www.burmeseclassic.com

www.burmeseclassic.com



■

ပြောကြစတမ်းဆိုရင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးတတ်သူပါ။ တကယ်တော့ ကျွန်တော်ဟာ ဓာတုဗေဒ ပညာရပ်နဲ့ M.Sc ဘွဲ့ရပြီး တက္ကသိုလ်မှာ ကထိကအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော်သင်ယူထားတဲ့ ဓာတုဗေဒပညာရပ်ဟာ ဘယ်ဓာတ်နဲ့ ဘယ်ဓာတ်ပေါင်းရင် ဘာဓာတ်ရတယ်ဆိုတဲ့ အဖြေဟာ အတိအကျထွက်လာတာ။ ကျွန်တော့်ရဲ့ စိတ်ဓာတ်ကလည်း တိကျမှ ကြိုက်တာ။ ဒါကြောင့် ကျွန်တော့်ကို ရပ်ကွက်ထဲက "ဦးတိကျ"လို့ ခေါ်ကြတယ်။ ကျွန်တော်ကလည်း လက်တွေ့ကျမှ လက်ခံတယ်ဆိုတာ အားလုံးအသိပါပဲ။

နောက်တစ်ခုက ကျွန်တော့်ကို သရဲတွေ၊ တစ္ဆေတွေအကြောင်း လာမပြောနဲ့။ မယုံတာက နည်းနည်းကလေးမှ မယုံဘူး။ ပြောတဲ့ လူတွေကို ကျွန်တော်က ကတ်ကတ်သတ်သတ် ပြောလိုက်သေးတယ်။ "သရဲတွေ၊ တစ္ဆေတွေတွေ့ရင် ပုလင်းထဲ ထည့်ပြီး ယူလာစမ်းပါ။ ငါတွေ့ချင်လို့"ဟု ပြောမိတယ်။ ဒီတော့ သူတို့က "သရဲတွေ၊ တစ္ဆေတွေက ပုလင်းထဲ ထည့်လို့ မရလို့ပေါ့ကွ။ ရသာရရင် စဉ့်အိုးကြီးထဲ ထည့်ပြီးတောင် ပြချင်သေးတယ်"လို့ ပြောကြတယ်။

တကယ်တော့လည်း ကျွန်တော်ဟာ အခု အသက် ၃၅နှစ်ကျော်တဲ့ အထိ သရဲတစ္ဆေဆိုတာကို မမြင်ဘူးလို့ပဲ။ ကျွန်တော်ဟာ သိပ္ပံသမားဆိုတော့ သိပ္ပံနည်းကျကျကိုပဲ လက်ခံတယ်။ တကယ်ဆိုရင် သူတို့ရှိရင် ကျွန်တော်နဲ့ တစ်ကြိမ်တစ်ခါလောက်တော့ တွေ့ရမယ်ပေါ့။ ဒါကြောင့် သူငယ်ချင်းတွေနဲ့ အလောင်းအစားလုပ်ပြီး သင်္ချိုင်းကုန်းမှာလည်း သွားအိပ်ခဲ့ဖူးတယ်။ သရဲခြောက်တယ်ဆိုတဲ့ ညောင်ပင်အောက်မှာလည်း တစ်ညအိပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ သရဲ တစ္ဆေနဲ့ တူတဲ့ အရိပ်အယောင်ကိုတောင် မတွေ့ဘူး။ သူငယ်ချင်းတွေကတော့ ပြောပါတယ်။

"တစ္ဆေ၊ သရဲဆိုတာ ကိုယ်တွေ့ချင်တိုင်း တွေ့လို့ရတာ မဟုတ်ဘူးတဲ့။ ကံနိမ့်မှ တွေ့ရတာ။ အခု မင်း မတွေ့ရဘူးဆိုတာ မင်းက ကံမြင့်နေလို့ ဖြစ်လိမ့်မယ်"

လို့ ပြောကြတယ်။

"ဒါကတော့ ကံမြင့်ကလား၊ ကံနိမ့်လားဆိုတာ ဘယ်ပေတံနဲ့ တိုင်းရမှာလဲ။ မင်းတို့က ငါ့ကို တမင်သက်သက် ကံမြင့်တယ်ဆိုပြီး မြှောက်ပင့်ပြောတာ မဟုတ်လား"

လို့ ပြန်ပြောမိတယ်။ ဒီတော့ သူတို့က...

"ဒီလောက် အပြောကြီးတဲ့ အကောင်၊ သရဲတောင် ရိုးရိုးသရဲနဲ့ မတွေ့ဘဲ၊ သဘက်ကြီးလို သရဲအကြီးစားနဲ့ တွေ့ပါစေ"

လို့ ကျိန်ဆဲခဲ့ကြတယ်။

ဒါပေမယ့် ကျွန်တော်ဆိုတဲ့ လူကလည်း တစ်ယူသန်။ ကိုယ်ထင်တာ၊ ကိုယ်မှန်တယ်လို့ ယူဆတတ်တဲ့ လူတန်းစားမျိုး။ ကျွန်တော့်ရဲ့ ပင်ကိုယ်စိတ်ရင်းကတော့ "လောကရဲ့ အမှန်တရားကို သိချင်၊ မြင်ချင်တဲ့သူ"ပါ။ ကျွန်တော့်ရဲ့ အမှန်တရားရှာဖွေချက်ကို ကျွန်တော်တို့အသိုင်းအဝိုင်းက မိတ်ဆွေတွေကတော့ မဖြည့်ဆည်းနိုင်ခဲ့ပါ။

◈◈◈

နွေဦးရဲ့ နေ့တစ်နေ့ တက္ကသိုလ်ကျောင်းကြီးရဲ့ ကျောင်းပိတ်ချိန်မှာ ကျွန်တော်တို့အိမ်ကို အညာက အမေ့ရဲ့ အစ်ကိုကြီး ရောက်လာခဲ့တယ်။ သူကတော့ ယောဂီဝတ်နဲ့ ဝိဇ္ဇာလိုင်းကို ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါပဲ။ အရင်ကလည်း အိမ်ကို လာဖူးပါတယ်၊ အဲဒီအချိန်တုန်းက ကျွန်တော်ကလည်း မဟာသိပ္ပံတန်းကို တက်နေတဲ့ အချိန်ဖြစ်လို့ ဘကြီးနဲ့ ကောင်းကောင်း စကားမပြောဖြစ်ပါဘူး။ အခုတော့ ကျွန်တော်လည်း ကျောင်းပိတ်လို့ နားနေတဲ့ အချိန်နဲ့ ကြုံလို့ စကားစမြည် ပြောဖြစ်ခဲ့ပါတယ်။

"ဘကြီးက မတွေ့တာ ကြာပေမယ့် ရုပ်ပြောင်းမသွားဘူး။ အရင်ကလိုပဲ အရွယ်တင်တယ်နော်"

"ဩော်...ဒါကတော့ ငါ့တူရယ်၊ ဘကြီးက ဝိဇ္ဇာလိုင်းလိုက်တဲ့ သူဆိုတော့ ကျင့်ကြံတဲ့ စရဏတွေလည်း ရှိတယ်။ နောက် အခြားကိစ္စတွေလည်း ရှိတယ်ကွဲ့"

"အခြားကိစ္စဆိုတာ ဘာလဲ ဘကြီး"

"မင်းတို့က ခေတ်လူငယ်ဆိုတော့ ဘကြီးတို့ ဝိဇ္ဇာပညာရပ်ကို ပြောရင် သိပါ့မလား"

"ဘကြီးရယ် ဝိဇ္ဇာပညာရပ်လည်း ပညာရပ်ပါပဲ၊ ပြောရင် သိမှာပါ"

"ဝိဇ္ဇာပညာရပ်က ငါ့တူပြောသလို မလွယ်ဘူးကွဲ့။ ခက်ခဲနက်နဲတယ်။ သင်တိုင်းလည်း မတတ်ဘူးကွဲ့။ ပါရမီပါမှ သိလွယ်တယ်"

"ပြောပြပါ ဘကြီးရယ်။ အခြားကိစ္စတွေဆိုတာ ဘာလဲ"

"ဝိဇ္ဇာပညာရပ်ဆိုတာ အများကြီး ကျယ်ဝန်းတယ်။ ရှေးက ရသေ့ကြီးတွေ ထားရစ်ခဲ့တဲ့ ပညာရပ်တွေပေါ့။ ဥပမာ - အဂ္ဂိရတ်ပညာရပ်ပါတော့





www.burmeseclassic.com

www.burmeseclassic.com

ဒီ အဂ္ဂိရတ်ပညာရပ်နဲ့လည်း ထွက်ပေါက်နိုင်တယ်။ အဂ္ဂိဆိုတာက မီး ပေါ့ကွယ်။ အဂ္ဂိရတ်ဆိုတာက မီးကို အသုံးပြုပြီး သွပ်တို့၊ ပြဒါးတို့၊ သံတို့ကို သေအောင် သတ်နိုင်တဲ့ ပညာရပ်ပေါ့ကွယ်"

"အဲဒီ သံတွေ၊ ပြဒါးတွေ သေသွားရင် ဘာဖြစ်သလဲ"

"သံသေရင် တစ်ဆွေ့ဝသတဲ့။ ပြဒါးသေရင် တစ်ပြည့်ဝသတဲ့"

"ဘာဖြစ်လို့ တစ်ဆွေ့ဝပြီး တစ်ပြည့်ဝတာလဲ"

"ငါ့တူ… မင်းဟာ တက္ကသိုလ်မှာ ကထိကကြီးဆိုတော့ သိပ္ပံပညာမှာ ပညာတတ်ကြီးပေါ့။ ဒါပေမယ့် ဘကြီးတို့ ဝိဇ္ဇာပညာမှာတော့ မင်းဟာ အခြေခံတောင် မသိသေးပါလား"

"ဟုတ်ပါတယ် ဘကြီး။ ဘကြီးတို့ လေ့လာလိုက်စားတဲ့ ဝိဇ္ဇာပညာရပ်မှာ ကျွန်တော်ဟာ ဘာတစ်ခုမှ မသိသေးဘူး။ ဘကြီး ပြောပြပါ"

"အေး၊ သံသေအောင် အဂ္ဂိရတ်ထိုးနိုင်လို့ သံလုံးရရင်တောင် တစ်မျိုးလုံး တစ်ဆွေလုံး ချမ်းသာနိုင်တယ်။ ပြဒါးကို သေအောင် အဂ္ဂိရတ်ထိုးနိုင်ရင် ပြဒါးရှင်လုံး ရတယ်ကွဲ့။ ပုဂံခေတ်က ရှင်အဠဂေါဏဟာ ပြဒါးကို သေအောင် ထိုးနိုင်ခဲ့လို့ ပြဒါးရှင်လုံး ရခဲ့ဖူးတယ်။ ဒါကြောင့် ကြေးတွေကို အရည်ကျိုပြီး အဲဒီပြဒါးရှင်လုံးနဲ့ တို့လိုက်တာနဲ့ ကြေးတွေဟာ ရွှေဖြစ်သွားတယ်။ ပုဂံပြည်သူပြည်သားတွေကို ရွှေဖြစ်အောင် ပြုလုပ်ပေးနိုင်တဲ့အတွက် ပုဂံတစ်ပြည်လုံး ချမ်းသာသွားခဲ့တယ်။ ဒါကြောင့် ပြည်သူပြည်သားတွေဟာ ဘုရားတည်၊ ကျောင်းဆောက်ခဲ့ကြတာ ယနေ့တိုင်အောင် ပုဂံမှာ ရှေးဟောင်း အမွေအနှစ် ဘုရားတွေ ရှိနေခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ တွေ့ပါတယ်"

"အဲဒီခေတ်တုန်းက ဆိုရင် မုဆိုးမကတောင် ဘုရားတည်နိုင်ခဲ့တယ်"

"ဪ… ဪ"

"နောက် ပြဒါးရှင်လုံးကို ငုံပြီး ခုန်လိုက်ရင် မိုးပေါ်တောင် ပျံနိုင်တဲ့ အစွမ်းသတ္တိရှိတယ်။ နောက် ပြဒါးပြာ ဆိုတာ ရှိသေးတယ်။ အဲဒီ ပြဒါးပြာကို စားလိုက်ရင် လူဟာ နုပျိုလာတယ်။ ကျန်းမာရေးနဲ့လည်း ပြည့်စုံတယ်"

"ဘကြီး… ပြဒါးရှင်လုံးကို ငုံလိုက်ရင် ကောင်းကင်မှာ ပျံနိုင်တဲ့ အစွမ်းရှိတယ်ဆိုတာ သက်သေပြနိုင်လား"

"အိမ်း… သက်သေပြရအောင် ငါ့မှာ ပြဒါးရှင်လုံးတော့ မရှိဘူး။ ဒါပေမယ့် ပုဂံခေတ်မှာတော့ သက်သေပြစရာ ပုံပြင်တစ်ခုတော့ရှိတယ်။ အဲဒါကတော့ ကုလားမင်းသား ပဋိက္ခရားမင်းသားဟာ ပြဒါးရှင်လုံး ငုံပြီး ကောင်းကင်မှာ ပျံသန်းနိုင်တယ်လို့ ရာဇဝင်မှာ အတိအကျရေးထားတယ်"

"ဒါဆိုရင် အဲဒီ ကုလားမင်းသားက ဒီပြဒါးရှင်လုံးကို ဘယ်က ရတာလဲ"

"အင်း… အမေးရှိတော့လည်း ဖြေရတာပေါ့။ ကျန်စစ်သားမင်းကြီး လက်ထက်မှာ စီရင်ရေးသားတဲ့ "နမောတဿရုပ်ရှင်လမ်း" ဖြစ်တဲ့ အဂ္ဂိရတ်ကျမ်းမှာ ဖော်ပြထားတာကတော့ ရှင်အရဟံ မထေရ်ကို ဈာန်ရ ပုဂ္ဂိုလ်လို့ အတိအလင်းရေးသားထားတယ်။ အဲဒီမှာ ရေးသားထားတာကတော့ ရှင်အရဟံ မထေရ်ကို လောကီဝိဇ္ဇာမယာအတတ်ပညာနဲ့ ပြဒါးရှင်လုံးတစ်လုံး စီရင်ပေးပါရန် ကျန်စစ်သားမင်းကြီးက လျှောက်ထားခဲ့တယ်။ ဒါကြောင့် ရှင်အရဟံ မထေရ်ဟာ ပြဒါးရှင်လုံး တစ်လုံးကို ပြုလုပ်ပေးပြီး ကျန်စစ်သားမင်းကြီးထံ ပေးခဲ့တယ်။ နောက်တော့ သမီးတော် ရွှေအိမ်စည်ဟာ အိန္ဒိယက သင်္ဘောနဲ့ ကုန်ရောင်းလာတဲ့ ပဋိက္ခရားမင်းသားနဲ့ ချစ်ကြိုက်ခဲ့တယ်။ ဒါကြောင့် ရွှေအိမ်စည်က အဲဒီ ပြဒါးရှင် ဓာတ်လုံးကို ခမည်းတော်ဆီက ခိုးယူပြီး ပဋိက္ခရားကို ပေးခဲ့တယ်။ အဲဒီ ကုလားမင်းသားဟာ ဓာတ်လုံးကို ငုံပြီး ကောင်းကင်မှာ ပျံသန်းနိုင်တယ်လို့ ရေးသားထားတယ်"

"နောက်တော့ အဲဒီ ပြဒါးရှင်လုံးက ဘယ်လိုဖြစ်သွားသလဲ ဘကြီး"

"နောက်တော့ မင်းကြီးက သဘောမတူလို့ ရွှေအိမ်စည်ကို တူတော် အသင်္ခယာ စောယွန်းနဲ့ လက်ထပ်ပေးခဲ့တယ်။ ပဋိက္ခရားကလည်း ရွှေအိမ်စည်ကို မတွေ့ရလို့ ပြဒါးရှင်လုံး ငုံပြီး ကောင်းကင်ခရီးက နန်းတော်ကို အလာ၊ လမ်းခုလတ် ကောင်းကင်မှာ နန်းတော်က မင်္ဂလာဆွမ်းစားပြီး ရှာန်နဲ့ ကြွလာတဲ့ ရှင်အရဟံနဲ့ တွေ့ကြတယ်။ ဒါနဲ့ ပဋိက္ခရားက ရှင်အရဟံကို ဘယ်က ပြန်ကြွလာတာလဲ ဘုရားလို့ မေးမြန်းလျှောက်ထားခဲ့တယ်။ ရှင်အရဟံကလည်း ရွှေအိမ်စည်နဲ့ အသင်္ခယာစောယွန်းတို့ရဲ့ မင်္ဂလာလက်ထပ်ပွဲက ပြန်လာကြောင်း ပြန်ပြောလိုက်တယ်။ ဒီမှာတင် ပဋိက္ခရားမင်းသားက "ဟိုက်ခနဲ" ဆိုပြီး အံ့ဩရေရွတ်လိုက်တဲ့အခါမှာ ပါးစပ်ထဲက ပြဒါးရှင်လုံး ထွက်ကျသွားပြီး သူလည်း ကောင်းကင်က ဦးစောက်ထိုးကျပြီး သေဆုံးသွားခဲ့တယ်လို့ ရေးသားထားတယ်ကွဲ့"

"ဪ…ဒါဆို ပြဒါးရှင်လုံးက





www.burmeseclassic.com

www.burmeseclassic.com

အလွှန်အစွမ်းထက်တာပေါ့နော်"

"ထက်တာပေါ့ ငါ့တူရယ်"

"ဒါနဲ့ ဘကြီးကို မေးကြည့်ချင်တယ်"

"ဘာမေးချင်လို့လဲ"

"ဘကြီး…တစ္ဆေ သဲရဲဆိုတာ တကယ်ရှိသလား"

"ဩော်…ငါ့တူရယ်၊ မြတ်စွာဘုရားရှင် ဟောကြားထားတဲ့ အပါယ်လေးဘုံထဲမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာ ရှိတယ်။ ပြိတ္တာထဲမှာ တစ္ဆေ၊ သရဲပါတာပေါ့ကွယ်"

"ဒါဆို ဘကြီးရယ်…ကျွန်တော် တစ္ဆေ သရဲဆိုတာ မြင်ဖူးချင်တယ်။ အဲဒါ တွေ့လို့ ရမလား"

"ငါ့တူရယ် • • • ဒါတွေဟာ အသေးအဖွဲတွေပါကွာ။ မင်းတွေ့ချင်တယ်ဆိုရင် ဘကြီးအပြန်မှာ လိုက်ခဲ့။ မင်းတွေ့ရစေ့မယ်"

"ဒါဆို လိုက်မယ် ဘကြီး"

"ငါ့တူ… မင်း ဒီအတိုင်းလိုက်လို့တော့ မရဘူး"

"ဒါဆိုရင် ဘာယူလာရမှာလဲ"

"မင်း…စိပ်ပုတီးယူလာရမယ်။ ပြီးရင် ဘကြီးနဲ့ အတူတူ အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုကို ကျင့်ရမယ်"

"ဘကြီး • • • ကျွန်တော်မှ အဓိဋ္ဌာန်ကျင့်စဉ် မကျင့်တတ်တာ"

"အေးပါကွာ၊ ငါသင်ပေးပါ့မယ်။ သရဲ တစ္ဆေဆိုတာ နာနာဘာဝ၊ ဝိနာဘာဝလို့ ခေါ်တဲ့ မကောင်းဆိုးဝါးပေါ့ကွာ။ ကိုယ်က သီလမရှိရင် သူတို့က ဒုက္ခပေးတတ်တယ်။ ဒါကြောင့် မင်းဟာ ဘကြီးပြောတဲ့အတိုင်း လုပ်ရမယ်"

"ဟုတ်ကဲ့ပါ ဘကြီး၊ ဘကြီးပြောတဲ့အတိုင်း လုပ်ပါ့မယ်"

ကျွန်တော့်ရဲ့ တစ်ယူသန်စိတ်ကို



ချွတ်ဖို့ ဘကြီးရောက်လာသလားလို့တောင် ထင်ရတယ်။ ကျွန်တော်တွေ့ချင်တဲ့ တစ္ဆေ သရဲကို ဘကြီးက ပြနိုင်သတဲ့။ သိပ္ပံကျောင်းဆရာပီပီ လောကရဲ့ အမှန်တရားကို ရှာဖွေဖို့ ဘကြီးရဲ့နောက်ကို ကျွန်တော်လိုက်ခဲ့ပါတယ်။

◈◈◈

ဘကြီးတို့နေတဲ့ နေရာကတော့ ယောမြို့နယ်အတွင်းက "ရွှေမြယာ"ဆိုတဲ့ ရွာကလေးပဲ ဖြစ်ပါတယ်။ အဲဒီရွာက ရွာသူရွာသားအများစုဟာ တောင်သူများ ဖြစ်ကြတယ်။ ဘကြီးကိုတော့ တစ်ရွာလုံးက ဆရာကြီးဆိုပြီး လေးစားကြတယ်။

ကျွန်တော်ရောက်ပြီး တစ်ပတ်လောက်အကြာ၊ ညတစ်ညမှာ…

"ဆရာကြီး…တောင်ညှိုတောင်နံဘေးက တောင်ကလေးကို လိုက်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲကွ၊ တောင်ကလေးမှာ မီးလောင်နေပုံရတယ်။ တစ်တောင်လုံး နီရဲနေတာပဲ"

"ဒါဆို ငါလိုက်ကြည့်မယ်။ ငါ့တူ မောင်နိုင်လည်း လိုက်ခဲ့"

"ကျွန်တော်တို့အုပ်စု အဲဒီတောင်ကလေးတောင်နားကို သွားကြည့်ခဲ့ကြသေးတယ်"

ဘကြီးက သေသေချာချာလှမ်းကြည့်ပြီး…

"မီးလောင်တာနဲ့တော့ မတူဘူး။ အနီရောင်တွေ ဖြာထွက်နေတာကွ"

"အဲဒါ ဘာဖြစ်နိုင်လဲ ဆရာကြီး"

"တစ်ခုခုတော့ တစ်ခုခုပဲ။ အတတ်မပြောနိုင်ဘူး။ မနက်မှ သွားကြည့်ရမယ်"

"ဘကြီးပြောတာ ဖြစ်နိုင်ပါတယ်။ မီးလောင်တယ်ဆိုရင် အပူရှိန်တွေ မြင်နေရမယ်။ အခု ဘာမှမပူဘူး"

ကျွန်တော်တို့လည်း နှစ်နာရီလောက် စောင့်ကြည့်ခဲ့ကြတယ်။ နှစ်နာရီကျော်လောက်မှာ အနီရောင်တွေ မှိန်သွားပြီး အစိမ်းရောင်၊ အပြာရောင်တွေ ဖြစ်လာတယ်။ ဒီတော့ ဘကြီးက…

"ဒါဟာ ဘုရားဓာတ်တို့က ရောင်ခြည်တော် လွှတ်တာ ဖြစ်နိုင်တယ်"

လို့ ကောက်ချက်ချလိုက်တယ်။ မနက်မိုးလင်းလို့ တောင်ကလေးတောင်ပေါ်ကို တက်ကြည့်တော့ မီးလောင်ရာ တစ်ခုမှ မတွေ့ရဘူး။ တောင်ထိပ်မှာ ချုံနွယ်ပိတ်ပေါင်းတွေ ရှုပ်ထွေးနေတာကို တွေ့ရတယ်။

"မောင်အေးတို့အုပ်စု…အဲဒီချုံတွေ ရှင်းပစ်စမ်း"

လို့ ဘကြီးက အမိန့်ပေးလိုက်တယ်။

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးတို့အုပ်စုက ချွန်ယ် ဗိတ်ပေါင်းတွေ ရှင်းလိုက်တော့···

"ဆရာကြီး···အုတ်ချပ်တွေ တွေ့တယ်"

"ဆက်တူးကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဆရာကြီး···ဘုရားတွေ အများကြီးပဲ"

"အေး၊ အဲဒါ ရှေးဟောင်းဘုရားရဲ့ ဌာပနာတိုက်ဖြစ်မယ်။ ဆက်တူးကွာ"

ဒါနဲ့ မောင်အေးတို့အုပ်စုက ဆက်တူးတော့···

"အောင်းမလေး··· မြွေတွေ အများကြီးပဲ"

ဆိုပြီး အော်ဟစ်ပြီး ပြေးခဲ့ကြတယ်။

"အေးအေး၊ ဒါဆို ဆက်မတူးနဲ့တော့။ ဒီဌာပနာတိုက်ထဲမှာ အဖိုးတန် ဌာပနာပစ္စည်းတွေ ရှိပုံရတယ်။ ဒီမြွေတွေက အဲဒီပစ္စည်းတွေကို စောင့်နေရတဲ့ အစောင့်အရှောက်ဖြစ်မယ်"

"ဘကြီး··· အစောင့်အရှောက်ဆိုတာ ဘာလဲ"

"သိုက်နန်းရှင်တွေနဲ့ သူတို့ရဲ့ တပည့်လက်သား သရဲ တစ္ဆေတွေပေါ့"

"ဟာ··ဒါဆို ကျွန်တော့်အတွက်တော့ သူတို့ကို တွေ့ချင်တာနဲ့ အတော်ပဲ"

"အိမ်း···အချိန်ကျရင်တော့ တွေ့ရမှာပေါ့ကွာ"

ထိုနေ့ညက ကျွန်တော်တို့အုပ်စုတွေ အဲဒီတောင်ကလေးတောင်မှာ ညအိပ်ခဲ့ကြပါတယ်။ ည ၁၀နာရီလောက်မှာ အားလုံးက အိပ်ကုန်ကြပြီ။ အဲဒီအချိန်မှာ ဘကြီးက···

"မင်း··· သရဲ တစ္ဆေတွေကို တွေ့ချင်တယ်ဆို"

"ဟုတ်ကဲ့ ဘကြီး"

"ဒါဆိုရင် မင်းမျက်စိမှိတ်ထား။ ငါ ဂါထာရွတ်မယ်။ ငါက မျက်စိဖွင့်ဆိုမှ ဖွင့်"

"ဟုတ်ကဲ့ ဘကြီး"

ကျွန်တော်ကလည်း အရင်တုန်းက သရဲ တစ္ဆေတွေကို တွေ့ချင်မြင်ချင်ပေမယ့် အခုလို လသာသာ ညအခါမှာ တွေ့ရမယ်ဆိုတော့ ရင်တွေ တုန်လာတယ်။ ဘကြီးက ဂါထာရွတ်ရင်း ကျွန်တော့်ရဲ့ မျက်လုံးတွေ မှေးလာတယ်။ အရမ်းအိပ်ချင်လာတယ်။ အဲဒီအချိန်မှာ···

"ဟာ···မီးခိုးလုံးတွေပါလား"

စေတီရဲ့ ဌာပနာတိုက်အနီးမှာ မီးခိုးလုံးတွေနဲ့ ဗိတ်မှုံးနေတယ်။ တဖြည်းဖြည်းနဲ့ မီးခိုးတွေလည်း ပြယ်သွားရော ဂူပေါက်ဝကြီးလိုလို အပေါက်ဝမှာ အသားမည်းမည်း အမွေးအမျှင်တွေနဲ့ အလွန်အရုပ်ဆိုးတဲ့ မျက်နှာကြီးနဲ့ တင်းပုတ်ကိုင်ထားတဲ့ အကောင်ကြီးနှစ်ကောင်ကို တွေ့လိုက်ရတယ်။

"အောင်းမလေး···သရဲလား၊ သဘက်ကြီးလား မသိဘူး၊ နည်းတဲ့ အကောင်ကြီးမဟုတ်ဘူး"

ကျွန်တော်ဟာ အံ့ဩလွန်းလို့ အသံမထွက်ဘဲ စိတ်ထဲက ရေရွတ်လိုက်မိတယ်၊ ကျွန်တော်ဟာ မှင်သက်မိသလို ကြည့်နေတုန်း ဂူပေါက်ထဲကနေပြီး ရှေး နန်းဝတ်နန်းစားဝတ်ထားတဲ့ အင်မတန် ချောမောလှပတဲ့ မင်းသမီးလေးတစ်ပါးထွက်လာခဲ့တယ်။

"ဟယ်···ချောလိုက်တဲ့ မင်းသမီးလေးပါလား"

ကျွန်တော်ဟာ ရပ်ရှင်ကြည့်နေရသလို တွေ့နေရတယ်။ ဒါပေမယ့် ထူးခြားတာက ကျွန်တော်ဟာ အားဆေးထည့်ထားသလို စကားပြောလို့ မရ

လှုပ်လို့လည်း မရ။ အဲဒီ မင်းသမီးလေးက အလွန်ဒေါသထွက်နေတဲ့ မျက်နှာနဲ့···

"ဟဲ့··· ဒေဝတို့၊ ယက္ခတို့ အစောင့်အရှောက်တွေအားလုံး လာကြစမ်း"

လို့ အော်ပြောလိုက်တယ်။ အဲဒီအချိန်မှာ ဂူပေါက်ဝက အစောင့်နှစ်ယောက်အပါအဝင် သရဲတစ္ဆေတွေ အများကြီး ရောက်လာခဲ့တယ်။

"မောင်မင်းတို့··မင်းတို့ တာဝန်ပေါ့လျော့လှချည်လား။ အခု ငါတို့ သိုက်နန်းထဲကို သိုက်တူးဆရာရောက်လာပြီး မဏိဇောတ ပြဒါးရှင်လုံးကို လာခိုးနေပြီ။ လူယုတ်မာရဲ့ လက်ထဲကို ဒီပြဒါးရှင်လုံးပါလို့ မဖြစ်ဘူး။ အဲဒါ မင်းတို့အားလုံး ဝိုင်းပြီး တိုက်ခိုက်ကြ"

ထိုသို့ အမိန့်ပေးလိုက်တယ်။ သိုက်ဆရာနှင့် တပည့်သုံးယောက်ကို ကျွန်တော် လှမ်းတွေ့လိုက်ရတယ်။ အဲဒီ သိုက်ဆရာက တူးလက်စ တွင်းအဝမှာ ကန်တော့ပွဲပေးပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိထားတယ်။

ဒီနောက် သိုက်ဆရာရဲ့ နှုတ်မှ တစ်စုံတစ်ခုကို ရွတ်ဆိုလိုက်သည်။ သိုက်ဆရာကြီးဟာ သူ့ရဲ့ တပည့်တစ်ဦးကို ခေါ်ပြီး အပေါက်ဝဆီကို ညွှန်ပြလိုက်တယ်။

"ငါ့တပည့်···ဒီထဲမှာ မဏိဇောတ ပြဒါးရှင်လုံးရှိတယ်။ အဲဒီ ပြဒါးရှင်လုံးရဲ့ အစွမ်းကြောင့် ညဘက်မှာ တစ်တောင်လုံး အနီရောင်တွေ ပေါ်ထွက်နေတာ။ အဲဒီ ပြဒါးရှင်လုံးဟာ ကလပ်ပေါ်မှာ တင်ထားတယ်။ အဲဒါ မင်း တွင်းထဲဆင်းပြီး သွားယူရမယ်"

"ဆရာကြီး···ကျွန်တော်ဆင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်တယ်ကွာ။ မင်းကို အန္တရာယ်


www.burmeseclassic.com

www.burmeseclassic.com

မပြုနိုင်အောင် ဒီဆေးကြိမ်လုံးနဲ့ ရိုက်ပေးမယ်"

"ဟုတ်ကဲ့၊ ဒါဆို ဆင်းပါ့မယ်"

ဤသို့ပြောပြီး သိုက်ဆရာရဲ့ တပည့်တစ်ယောက်ဟာ အပေါက်ထဲကို ဆင်းသွားပါတယ်။ မကြာမီမှာ…

"သိုက်မြွေကြီး ကျွန်တော့်ကို ပေါက်လိုက်ပြီ"

လို့ ပြောပြီး အဲဒီအပေါက်ထဲက ထွက်လာခဲ့တယ်။ အပေါက်ဝရဲ့ ခပ်လှမ်းလှမ်းအရောက်မှာ အဲဒီလူဟာ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး လဲကျသွားတယ်။ ဒါနဲ့ သိုက်ဆရာကြီးက နောက်ထပ် သူ့တပည့်တစ်ယောက်ကို ‥

"ဟိုကောင် မောင်တူး… ဒီတစ်ခါ မင်းအလှည့်ပဲ။ မင်း အဲဒီထဲဆင်းပြီး ပြဒါးရှင်လုံးကို သွားယူခဲ့"

"ဆရာကြီး… ကျွန်တော်တို့ ကြောက်တယ်။ မောင်လှတောင် သိုက်မြွေကိုက်လို့ သေသလား၊ ရှင်သလား မသိဘူး"

"ဟေ့ကောင်တွေ… ဘာမှ မကြောက်နဲ့၊ ငါ့မှာ ဆေးကြိမ်လုံးရှိတယ်"

"ဒါဆို ဆရာကြီးပဲ သိုက်ထဲဆင်းပါ။ ကျွန်တော်တို့ အပြင်က စောင့်ပါ့မယ်"

"အေး၊ ဒါဆို ဒီတစ်ခါ ငါဆင်းမယ်။ မင်းတို့အပြင်က စောင့်နေ"

အဲဒီလိုပြောပြီး သိုက်ဆရာကြီးက အပေါက်ထဲသို့ ဆင်းသွားကို မြင်လိုက်တယ်။ သိပ်မကြာခင်မှာ…

"အောင်ပြီ‥အောင်ပြီ၊ ပြဒါးရှင်လုံး ရပြီဟေ့"

လို့ အောင်မြင်တဲ့ အသံကြီးနဲ့ အော်ဟစ်ပြီး အပေါ်သို့ ပြန်တက်လာခဲ့တယ်။ သူ့ရဲ့ လက်ထဲမှာ မီးရောင်လို နီရဲတောက်ပတဲ့ ပြဒါးရှင်လုံးကြီးကို ကိုင်ထားခဲ့တယ်။ ကျွန်တော်လည်း ပြဒါးရှင်လုံးဆိုတာကို မမြင်ဘူးလို့ ငေးမောပြီး ကြည့်လိုက်တယ်။ အဲဒီအခါမှာ အဲဒီအပေါက်ထဲက…

"ဟာ… မြွေအကြီးကြီးထွက်လာပြီ"

မြွေကြီးက ကြီးလွန်းလို့ နဂါးကြီးလားလို့တောင် ထင်ရတယ်။ အဲဒီမြွေကြီးဟာ သိုက်ဆရာကြီးဆီကို တစ်ရှိန်ထိုးလိုက်လာပြီး သူ့ရဲ့ ကုပ်ပိုးကို ပေါက်လိုက်တယ်။

"ဟာ… သိုက်ဆရာကြီးတော့ မြွေပေါက်ခံလိုက်ရပြီ"

အဲဒီမြွေကြီးဟာ ဘယ်လောက် အဆိပ်ပြင်းသလဲ မသိဘူး၊ သိုက်ဆရာကြီးဟာ ပြဒါးရှင်လုံးကို ကိုင်ရက်နဲ့ အဲဒီနားမှာ ဘုန်းခနဲ လဲကျသွားတယ်။ အဲဒီမြင်ကွင်းရဲ့ ရှေ့မှာ မီးခိုးလုံးတွေ ပေါ်လာပြီး ကျွန်တော်လည်း အိပ်ပျော်သွားခဲ့တယ်။

◈◈◈

နံနက် ၄နာရီလောက်မှာ ဆူညံသံတွေကြားလို့ ကျွန်တော်လည်း အိပ်ရာမှ လန့်နိုးသွားခဲ့တယ်။

"ဘကြီး…ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်း မသိပါဘူးကွာ။ ဘုရားပျက်ထဲက ဌာပနာတွင်းနားက အသံတွေပဲ၊ သွားကြည့်ရအောင်"

ကျွန်တော်တို့ သွားကြည့်လိုက်တော့ ဌာပနာတွင်းနားမှာ လူနှစ်ယောက် လဲကျသေဆုံးနေတာ တွေ့လိုက်ရတယ်။ တစ်ယောက်ကတော့ ဌာပနာတွင်းနဲ့ နည်းနည်းဝေးတယ်။ တစ်ယောက်ကတော့ ဌာပနာတွင်းနဲ့ အတော်နီးတယ်။ ထူးဆန်းတာက ဌာပနာတွင်းနဲ့ တော်တော်နီးတဲ့ လူရဲ့ လက်ထဲမှာ အနီရောင် တောက်နေတဲ့ အလုံးကြီးတစ်လုံးကိုင်ထားတာကို တွေ့လိုက်ရတယ်။

"ဟင်… ညက ငါမြင်ခဲ့တဲ့ သိုက်ဆရာကြီးပဲ။ ဒါဆို သူ့လက်ထဲက အလုံးကြီးက ပြဒါးရှင်လုံးနဲ့ တူတယ်"

လို့ ကျွန်တော်ဟာ အံ့ဩစွာနဲ့ လွှတ်ခနဲ ပြောလိုက်တော့ ဘကြီးက-

"ငါ့တူပြောတာ ဟုတ်တယ်ကွဲ့။ ညက သိုက်ဆရာနဲ့ တပည့်သုံးယောက် ဟာ ဒီပြဒါးရှင်လုံးကို လိုချင်လို့ သိုက် လာတူးတာ။ သိုက်စောင့်မြွေ ပေါက် သတ်လိုက်လို့ သေပြီ"

"ဒါဆို ဘကြီးက အကုန်သိနေ တာလား"

"သိတာပေါ့ကွယ်။ ညက သိုက်ဆရာနဲ့ တပည့်တွေ လာမှန်းလည်း သိတယ်။ တပည့်နှစ်ယောက်ထွက်ပြေး သွားတာလည်း သိတယ်"

"ဒါဆို ညက ကျွန်တော်မြင်တာ က အိပ်မက်မဟုတ်ဘဲ တကယ်ဖြစ်နေ တာ၊ ဟုတ်လား ဘကြီး"

"ဟုတ်တာပေါ့ကွယ်"

"အဲဒါ ဘယ်လိုဖြစ်ရတာလဲ ဘကြီးရယ်၊ ကျွန်တော် ဘာမှ နား မလည်ပါလား"

"အဲဒါ မင်းသိပ်သိချင်တဲ့ ဝိဇ္ဇာ ပညာရပ်ရဲ့ ဂမ္ဘီရပညာတွေပေါ့ကွယ်"

ကျွန်တော်လည်း အင်မတန် ဆန်းကြယ်တဲ့ ဂမ္ဘီရပညာရပ်များကို ကိုယ်တွေ့ကြုံလို့ မယုံမဖြစ် ယုံလိုက် ရပါတော့သည်တကား ■

* * *

ရီရီဌေး



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဖွန်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွဋ်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ်(၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုကာ မိမိလိုရာ ဆုတောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့ နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်၊ ထီးနီ (၉)လက်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသောက်ခွက်စေတို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့်တစ်ခု၊ ဖြိုက်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရယာန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများသို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၂)လုံးနှင့် ဆူးတံခွန် (၁)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီခွဲမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် - | ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ဖြူဖက်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၈)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် - | တနင်္လာနေ့မနက် ၉နာရီခွဲမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆန်(၉)လုံးလှူဒါန်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## အင်္ဂါသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း မွေးနံထောင့်တွင် ထန်း(၁၀)ညွန့်၊ ဒူးရင်းသီး (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး(၉)တိုင်ကို သွားရောက်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၉)ဘူးကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်ညွန့် (၉)ညွန့်နှင့် ဆီမီး (၉)တိုင်၊ ရေသက်စေ့တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် - | တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။ |
| နိုင်ငံခြားခရီးအတွက် - | သောကြာနေ့မနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အသက်ကြီး ပုဂ္ဂိုလ်တစ်ဦးကို ငွေ (၉၀၀)ကျပ်လှူပါ။ |
| အိမ်/ကားရောင်းလိုလျှင် - | ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း(၉)ပွင့်ကို လှူဒါန်းပါ။ |
| ထီကံကြမ္မာ - | (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွှန့် လှူဒါန်း၍ ဣတိပိသောဂါထာတော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသောက်စေ့လှူဒါန်းပြီး ဂါထာတော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့်လှူဒါန်းပြီး အရဟံဂါထာတော်ကို ပုတီး (၁၈)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဣတိပိသောဂါထာတော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကား(၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂါထာတော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ကား ရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဣတိပိသောဂါထာတော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဂါထာတော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွှန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၉)ညွှန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂါထာတော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၉)ညွှန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဇော်စိမ်း (၈)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ် / ကား ရောင်းလိုသော်** - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၉)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလား တစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့ (၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ် ဖတ်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဝိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့် ၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com